

# စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရားတော်

## (အပါယ်ကင်းလွတ်ရေးတရား)




(ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား)

**ဇေယျာမင်း (ကေတု)**

# ဓမ္မဒါန ကုသိုလ်စာလွှာ

## ဓမ္မဒါနပြုပါရစေ

ဤ "စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေး တရားတော် (အပါယ်ကင်းလွတ်ရေးတရား)" စာအုပ်ကို -------------------

---------------------------------------------

---------------------------------------------

တို့အား ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပါသည်။

အမျှ ...... အမျှ ...... အမျှ

ကောင်းမှုရှင် ----------------------

----------------------

နေ့စွဲ ။ ။ --------------------

# ပုံနှိပ်မှတ်တမ်း

ကွန်ပျူတာစာစီ ● ဉမ္မာမြင့်
အတွင်းဖလင် ● အောင်ဇော် 'ပုံရိပ်ရှင်'
မျက်နှာဖုံးဒီဇိုင်း ● မီးမီး 'စတား'
အုပ်ရေ ● ၁၀၀၀
တန်ဖိုး ● ၃၅၀၀
ထုတ်ဝေသည့်ကာလ ● ပထမအကြိမ်၊ ၂၀၀၈၊ စက်တင်ဘာလ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဦးဇော်နည်ဝင်း (၀၃၈၄၃၊ ၀၂၄၀၅) က ထုတ်ဝေ၍ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက် ဦးဌေးလှိုင် (မြဲ-၀၂၄၅၃) ခရီးဖော်ပုံနှိပ်တိုက် - အမှတ် - ၇၅၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၆၁၄၆၅ က ပုံနှိပ်သည်။



*ဆက်သွယ်ရန်* -
ဒေါ်မူမူလတ်
အမှတ် (၁၃၉)၊ ၂လမ်း(မြောက်)၊ အရှေ့ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၄၁၇၃၃



ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလမဟာထေရ် ရဟန္တာအရှင်မြတ်



မိုးကုတ်ဆရာတော်ဘုရားကြီး

ဒွိပိဋကဓရ၊ ဝိနယဓရ၊ ဝိနယဝိဒူ၊ ဒီဃဘာဏက
ဒီဃနိကာယကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ကြီး၏ မဟာနာယက



**ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ**

ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ

မိုးညှင်းသိင်္ဂီကျောင်းတိုက်



(၁၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း

✆ - ၀၉၅၁-၉၆၁၂၇

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | မီးပူသံပြားပေါ်ကဘဲကလေး | ၅၈ |
| ၂၃။ | မြက်ကလုံ့ဖြစ်ရသောထိုအချိန် | ၆၀ |
| ၂၄။ | ထူးထူးခြားခြားသေရသူ (၅) ဦး | ၆၃ |
| ၂၅။ | လေဟုန်စီး၍သေရခြင်းအကြောင်း | ၆၆ |
| ၂၆။ | အရေးမယူနိုင်သောလူသတ်မှုများ | ၆၈ |
| ၂၇။ | ကိုယ်ဝန်ဖျက်ပြီတ္တာမ | ၇၀ |
| ၂၈။ | လောကငြိမ်းချမ်းစေချင်ရင် | ၇၁ |
| ၂၉။ | ပေးတိုင်းမယူတာသူတော်ကောင်းလက္ခဏာ | ၇၂ |
| ၃၀။ | ခိုးခြင်းမျိုးစုံအဖုံဖုံ | ၇၂ |
| ၃၁။ | ခိုးမှုမြောက်မည့်အင်္ဂါ | ၇၄ |
| ၃၂။ | အမရပူရကတော်ဝင်မိန်းမမြတ် | ၇၇ |
| ၃၃။ | ဈေးသည်ပြိတ္တာမလေးယောက် | ၇၉ |
| ၃၄။ | ဗုဒ္ဓတွေးခေါ်ပြနောက်ဘဝအယူအဆ | ၈၀ |
| ၃၅။ | ကောင်းကင်မှလာသောတရားခံသက်သေ | ၈၄ |
| ၃၆။ | စလင်းမြို့ကတာခံ | ၈၇ |
| ၃၇။ | ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အဖွင့် | ၉၂ |
| ၃၈။ | ကာမေသုမှ ရှောင်ကြဉ်လျှင် | ၉၅ |
| ၃၉။ | ငခုံးမတစ်ကောင်ကြောင့်တလှေလုံးပုပ် | ၉၅ |
| ၄၀။ | တောထဲကရွှေနန်းတော် | ၉၇ |
| ၄၁။ | လေးနှင့်ခွင်းရသော အကုသိုလ် | ၉၉ |
| ၄၂။ | မိန်းမဖြစ်ရခြင်းအကြောင်းနှစ်ခု | ၁၀၂ |
| ၄၃။ | မုသာဝါဒ သိက္ခာပုဒ်အဖွင့် | ၁၀၄ |
| ၄၄။ | ဘုရင့်သားနှင့်နှမ်းတစ်ဆုပ် | ၁၀၇ |
| ၄၅။ | ဘာသာခြားကြားကသစ္စာစကား | ၁၁၀ |
| ၄၆။ | ငမောက်ဈေးကသစ္စာစကား | ၁၁၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | အလှူခံမဝင်ရ | ၁၁၄ |
| ၄၈။ | သစ္စာ ဆီမီးခွက်ခေတ် | ၁၁၈ |
| ၄၉။ | သုရာမေရယ သိက္ခာပုဒ် | ၁၁၉ |
| ၅၀။ | အရှုံးဖြစ်ရခြင်းအကြောင်းရင်း | ၁၁၉ |
| ၅၁။ | ကျိုက်ပိရှာမှမြေမျိုမှု | ၁၂၂ |
| ၅၂။ | အမေသတ်ချင်စိတ်ပေါက်ခြင်းအကြောင်းရင်း | ၁၂၄ |
| ၅၃။ | မတင်းတိမ်နိုင်သောအရာသုံးခု | ၁၂၆ |
| ၅၄။ | ရာထူးကျသောနတ်များ | ၁၂၇ |
| ၅၅။ | သမုတိသစ္စာနှင့်ပရမတ္ထသစ္စာ | ၁၂၈ |
| ၅၆။ | ပုထုဇဉ်လေးမျိုး | ၁၃၇ |
| ၅၈။ | နာမရူပ ပရိစ္ဆေဒဉာဏ် | ၁၃၈ |
| ၅၈။ | ဗုဒ္ဓသိမြင်တော်မူသောပရမတ္ထသစ္စာနှင့်ယနေ့သိပ္ပံပါရဂူတို့အမြင် | ၁၄၀ |
| ၅၉။ | ယနေ့သိပ္ပံပါရဂူတို့တွေ့မြင်ကြသောပရမတ္ထသစ္စာ | ၁၄၇ |
| ၆၀။ | ဗုဒ္ဓဝါဒအပေါ်နိုင်ငံခြားသိပ္ပံပါရဂူများအမြင် | ၁၄၈ |
| ၆၁။ | ဗုဒ္ဓဝါဒနှင့်ကမ္ဘာ့သိပ္ပံပါရဂူတို့၏အမြင်နိဂုံး | ၁၅၀ |
| ၆၂။ | သိပ္ပံပညာရပ်ဆိုသည်မှာ | ၁၅၀ |
| ၆၃။ | ဗုဒ္ဓဝါဒသည်အဘယ်ကြောင့်နာမ်တရားကိုအဓိကထားသနည်း | ၁၅၁ |
| ၆၄။ | ပစ္စယ ပရိဂ္ဂဟဉာဏ် | ၁၅၂ |
| ၆၅။ | ရုပ်ကိုဖြစ်စေသော (ကံ၊စိတ်၊ဥတု၊အဟာရ) | ၁၅၃ |
| ၆၆။ | ရုပ်တရားတို့တွင်အဋ္ဌကလာပ်ရုပ်(၈)ပါးတည်ပုံ၊ | ၁၅၅ |
| ၆၇။ | နာမ်တရားဖြစ်ပေါ်လာပုံ၊ | ၁၅၉ |
| ၆၈။ | ပညတ်(၅)မျိုး | ၁၆၁ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၉။ | စူဠသောတာပန် နှင့် ကလျာဏပုထုဇဉ် | ၁၆၅ |
| ၇၀။ | မိစ္ဆာဒိဋ္ဌိ (၆၂) ပါး | ၁၆၉ |
| ၇၁။ | သစ္စာဉာဏ် ကိစ္စဉာဏ် ကတဉာဏ် | ၁၇၁ |
| ၇၂။ | သစ္စာအနက် (၁၆)ချက် | ၁၇၂ |
| ၇၃။ | ကိလေသာ | ၁၇၄ |
| ၇၄။ | တဏှာ | ၁၇၇ |
| ၇၅။ | ဉာတပရိညာစခန်း ( ပဋိစ္စသမုပ္ပါဒ်တရားတော်) | ၁၈၄ |
| ၇၆။ | အင်္ဂါတစ်ဆယ့်နှစ်ပါးရှင်းတမ်း | ၁၈၉ |
| ၇၇။ | ပဋိစ္စသမုပ္ပါဒ်လည်ပုံ | ၂၀၇ |
| ၇၈။ | ပဋိစ္စသမုပ္ပါဒ်ခန္ဓာနှင့်အဘိဓမ္မာခန္ဓာသဘောချင်းတူပုံ | ၂၀၈ |
| ၇၉။ | အာရုံသိသဘော | ၂၀၉ |
| ၈၀။ | ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ | ၂၁၉ |
| ၈၁။ | ဉာတပရိညာဖြင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဖြုတ်ကြစို့ | ၂၂၇ |
| ၈၂။ | သိသင့်သိထိုက်သောအချက်များ | ၂၅၀ |
| | ၁။ နိဗ္ဗာန် | ၂၅၁ |
| | ၂။ အရှုခံခန္ဓာငါးပါး ( ဧည့်သည်နှင့်အိမ်သည် ) | ၂၅၉ |
| | ၃။ မဂ္ဂင်ရှစ်ပါးနှင့်ရှုဉာဏ်ငါးပါး | ၂၆၄ |
| | ၄။ ပဓာနိယင်္ဂတရား ငါးပါး | ၂၆၆ |
| | ၅။ ရှေ့စိတ်နဲ့နောက်စိတ် | ၂၆၆ |
| | ၆။ အဘိဇ္ဈာဓါတ်ရဲ့သဘောတရား | ၂၆၉ |
| | ၇။ အာရုံသိသဘောနှင့်ခန္ဓာလမ်းစဉ် | ၂၇၁ |
| | ၈။ ဘဝသုံးမျိုး | ၂၇၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ရှုဉာဏ်နှင့်ဗောဓိပက္ခိယတရား | ၂၇၈ |
| ၁၀။ | သက္ကာယဒိဋ္ဌိ (၂၀) | ၂၈၂ |
| ၁၁။ | ဝီထိစဉ် | ၂၈၅ |
| ၁၂။ | ဇော (၇) ကြိမ် | ၂၉၂ |
| ၁၃။ | မဂ်တု (၁၀) ပါး | ၂၉၈ |
| ၁၄။ | ဝိပဿနာ ရှုရမည့်ခန္ဓာဆိုတာ | ၃၀၀ |
| ၁၅။ | ကံလေးမျိုး | ၃၀၁ |
| ၁၆။ | အဓိပတိ (၃) ပါး | ၃၀၂ |
| ၁၇။ | နိဝရဏ တရား ငါးပါး | ၃၀၃ |
| ၁၈။ | ဣရိယာပထလေးပါးနှင့်ဝိပဿနာပညာ | ၃၀၃ |
| ၁၉။ | ဝိပဿနာတရားအားထုတ်ပုံ | ၃၁၀ |
| ၈၃။ | သတိပဋ္ဌာန်အားထုတ်နည်း | ၃၁၈ |
| ၈၄။ | အချိန်တိုင်းအားထုတ်နည်း | ၃၂၀ |
| ၈၅။ | အာဇီဝဋ္ဌမက သီလဆောက်တည်သင့်ပုံ | ၃၂၉ |
| ၈၆။ | အပါယ်မျိုးစေ့ ၊ သက္ကာယဒိဋ္ဌိ | ၃၃၉ |
| ၈၇။ | သက္ကာယဒိဋ္ဌိ နှင့် သတ္တဝါတို့ဖြစ်စဉ် | ၃၄၀ |
| ၈၈။ | နိဗ္ဗာန် မြင်ရန်အကြောင်းရင်း | ၃၄၁ |
| ၈၉။ | ဝဋ်သုံးပါး | ၃၄၂ |
| ၉၀။ | သစ္စာလေးချက် တစ်ပြိုက်နက် | ၃၄၃ |
| ၉၁။ | ကိလေသာ သံယောဇဉ် (၁၀) ပါး | ၃၄၅ |
| ၉၂။ | နိဂုံး | ၃၄၆ |
| ၉၃။ | ကျမ်းကိုးစာရင်း | ၃၄၈ |
| ၉၄။ | အလှူရှင်စာရင်း | ၃၄၉ |



## ဆရာတော်ဦးပဏ္ဍိတ (ဒွိပိဋကဓရ)

ဒွိပိဋကဓရ၊ ဝိနယဓရ၊ ဝိနယဝိဒူ၊ ဒီဃဘာဏက၊
ဒီဃနိကာယကောဝိဒ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏မဟာနာယကဆရာတော်
၏

# အမှာစာ

သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားရှင်သည် လောကသုံးပါးထဲတွင် အထူးခြားဆုံးသောဆရာ တစ်ဆူ ဖြစ်တော်မူသည်။

ပုဂ္ဂိုလ်ထူးခြားသလောက်၊ ဟောကြားညွှန်ပြ ဆိုဆုံးမထားသောတရားတော်များ၊ ကျင့်စဉ်များသည်လည်း ထူးခြားသစ်လွင် ခေတ်အမြင်နှင့် အံဝင်ဂွင်ကျ၊ လေ့လာဆန်းစစ်လို့ရကာ အစဉ်ထာဝရ "စံပြ" ဖြစ်လို့ နေပေသည်။

အလွန်နူးညံ့သိမ်မွေ့နက်နဲသော ပရမတ္ထသဘောတရားများကို (သလဲသီးပမာ) တကန့်စီ တကန့်စီ နာမည် တပ် ဖေါ်ပြထားနိုင်ခြင်းသည် သာမန်လူတို့၊ တွေးဝံ့၊ ကြံဝံ့မည့်အရာမဟုတ်။

မြတ်ဗုဒ္ဓဘုရားရှင်သာ မဖေါ်ထုတ်၊ နာမည်မတပ်ခဲ့ပါက နောင်လူတို့ သိရှိခွင့်ရကြမည်မဟုတ်။

ဗုဒ္ဓ စန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။

တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ န နာယတိ။

ဘုရားလမင်း၊ ဘုရားနေမင်း၊ မပေါ်ဝင်းက ထိုထိုသဘောတရားတို့၏၊ နာမည်လေးမျှကိုတောင် ကြားခွင့်၊ သိခွင့်ရကြမည်မဟုတ်ပေ။

ဘုရားရှင်တို့သည် တရားအလုံးစုံ၊ အကုန်သိ၏။ ရဟန္တာအရှင်မြတ်တို့သည် တရားလုံးစုံ အကုန်အစင် မသိ၊ တရားတစိတ်တဒေသကိုသာ သိတော်မူကြ၏။ သို့သော် ရဟန္တာအရှင်မြတ်တို့သည် ကိုယ်သိသလောက်၊ ကိုယ်တတ် သလောက်၊ လက်လှမ်းမှီရာ၊ ဆိုင်ရာဆိုင်ရာ တကာ၊ တကာမများကို (အပါယ်တံခါးကြီးပိတ်အောင်၊ နိဗ္ဗာန်တံခါးကြီးပွင့် အောင်) ဝိပဿနာတရား၊ သစ္စာတရားများကို ဟောပြကာ သာသနာပြု ကယ်တင်တော်မူကြ၏။

ဘုရားရှင်၏သားတော် သံဃာတော်အရှင်မြတ်တို့သည်လည်း သင်ကြားလေ့လာ မှတ်သားဖူးသည့် အတိုင်း၊ ကျင့်ကြံပွားများ အားထုတ်ဘူးသည့်အားလျော်စွာ စာတွေ့၊ ခန္ဓာတွေ့ပေါင်းစပ်ကာ၊ ဝိပဿနာတရား ပွားများအားထုတ် လိုသူ အတွက် ဟောပြောရေးသား ဖြန့်ချီ သာသနာပြုတော်မူကြ ပေသည်။

လူဝတ်ကြောင်၊ လူပညာရှိ၊ လူသူတော်ကောင်းတို့ကလည်း ဗုဒ္ဓဘာသာဝင်ပီပီ မိမိတို့ ဖတ်ကြားစုဆောင်း ထားသော ဝိပဿနာဆိုင်ရာ အချက်အလက် ကျင့်စဉ်ကောင်းများ၊ လက်တွေ့ နာကြားပွားများအားထုတ်ထားသော ဓမ္မရသ များ၊ ကိုယ်တိုင်ခံစားဘူးသော ဓမ္မပီတိ၊ ဓမ္မသုခများကို လေ့လာဆဲ၊ နည်းယူဆဲ၊ အားထုတ်ကျင့်ကြံဆဲ သူတော်ကောင်း အပေါင်းတို့အတွက် အခက်အခဲမရှိ၊ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း၊ သိရှိသဘောပေါက်အောင် တဆင့်ရေးသား၊ ဖေါက်သည်ချကာ တတ်သရွေ့မှတ်သရွေ့ စာအုပ်ရေးသားဖြန့်ချီ ဓမ္မဒါန(တရားအလှူပေးကာ) သာသနာပြု နေကြသည်ကို တွေ့ရှိရသဖြင့် များစွာဝမ်းမြောက် နှစ်ထောင်းအားရဖြစ်မိပေသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဆိုတာ သဘောတရားဖြစ်သည့်အတွက် သိရှိနားလည်ဖို့ရန် လူသာမန်တို့ မလွယ်ကူချေ။

သစ္စာသိထား၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သော်မှလည်း "ဒီသဘောတရားက ဖဿ၊ ဒီသဘောတရားက ဝေဒနာ" စသည် ဖြင့် အမည်နာမ ဖေါ်ပြကာ မဟောကြားနိုင်ပေ။

"ရုပ်ကလည်းဖြစ်သဘော ပျက်သဘော၊ နာမ်ကလည်းဖြစ်သဘော ပျက်သဘော" ဖြစ်ပျက် မြင်လျှင် သတိပဋ္ဌာန် တရားတို့သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်သို့ အကျုံးဝင်ပေါင်းစည်း၍ "ဧကောဓမ္မော" ဖြစ်သွားပေ သည်။

ဓမ္မဒါနပိုင်ရှင် စာရေးဆရာ ဇေယျာမင်း(ကေတု) ရေးသားဖြန့်ချီ သာသနာပြုထားသော (စူဠ သောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရားတော်)(အပါယ်ကင်းလွတ်ရေးတရား) (ပဋိစ္စသမုပ္ပါဒ် သင်တန်းတရား) တော် စာအုပ်သည် လျှာပါသူတိုင်း အရသာသိနိုင်သလို၊ သူတော်ကောင်းတရား ဓါတ်ခံ ရှိသူတိုင်းလည်း တန်ဘိုးများစွာ ရှိကြောင်း သိရှိနိုင် ပေသည်။

"မိမိအရင်၊ သိအောင်သင်ပြီး၊ နောက်တွင်အများ၊ သိဉာဏ်ထွားဘို့၊ ရေးသားဟောပြ၊ ဆုမ္ဘကြလော့" ဟု ဘုရားရှင် မိန့်မှာဟောကြားချက်အရ စာရေးဆရာဇေယျာမင်း(ကေတု)သည် ကိုယ်တိုင်နာကြား၊ လက်တွေ့ကျင့်သုံး ပွားများအားထုတ်ပြီးမှ မိမိ သိရှိသဘောပေါက်၊ ဓမ္မရသခံစားရသလို အများသူငါ မိတ်ကလျာအပေါင်းတို့လည်း ကိုယ်တိုင်သိရှိ၊ ကျင့်ကြံပွားများကာ၊ အပါယ်ကင်း လွတ်ရေးတရားအရသာများကို စူဠသောတာပန်ဉာဏ် အဆင့်မြင့် လက်တွေ့ခံစား ရရှိကြစေရန် ရည်ရွယ်ကာရေးသားထားသော စာကောင်း စာမွန်ဖြစ်ပေသည်။

ဗုဒ္ဓအမြင်နှင့် သိပ္ပံအမြင်ကို ရှင်းလင်းပြသကာ ပုထုဇဉ်တို့၏ အပါယ်ကျရေးသည် နီးစပ်သော အကြောင်း ဖြစ် နေသဖြင့် လူ့သက်တမ်း အမိုက်ခံအချိန်ဖြုန်းနေမည့်အစား အပါယ်ကင်းလွတ်ရေး ကျင့်စဉ်များကို ယုံယုံကြည်ကြည်၊ လက်တွေ့ကျင့်ကြံ အားထုတ်ကြဖို့ အထူးတိုက်တွန်းရေးသား လမ်းညွှန်ထားသော ကျမ်းတစ်စောင် ဖြစ်ပေသည်။

ဝိပဿနာဆိုင်ရာ သိသင့်သောအချက်အလက်များကို စာတွေ့ လက်တွေ့၊ ပြည့်ပြည့်စုံစုံ၊ ဓမ္မဟိုတယ်ကြီးတက်နေရသလို၊ အခန်းစုံ၊ ရှုထောင့်စုံ၊ တရားအရသာအစုံကို တဝကြီးဖတ်ရှု ကျင့်ကြံ အားထုတ်ခံစားနိုင်ပေသည်။

ဤစာအုပ်သည် အပါယ်တံခါးပိတ်ပေးမည့် သော့တံတစ်ချောင်းနှင့်တူသလို နိဗ္ဗာန်တံခါး ဖွင့်ပေးမည့် သော့တံတစ်ချောင်းနှင့်လည်း တူလှပေသည်။ တရားရရေးအကူအညီပေးမည့် မိတ်ဆွေကောင်း တစ်ယောက်နှင့်တူသလို တရားရရေး သင်ပြပေးမည့် ဆရာသမားကောင်းတယောက်နှင့်လည်း တူညီလှ ပေသည်။

နိဗ္ဗာန်မြို့တော်သွားရန် လမ်းပြမြေပုံကောင်းနှင့်တူသလို၊ နိဗ္ဗာန်ရရန်(တရားရရန်) အနီးကပ် လမ်းညွှန်ပေးသည့် (အကောင်းဆုံးဂိုက်)နှင့် လည်း တူညီလှပေသည်။

''သတိမရင့်၊ ဉာဏ်မပွင့်သဖြင့်၊ မသင့်ချန်လုပ်၊ သင့်တာဖတ်ဘို့'' စိတ်မြတ်ကိုမွေး၊ ကူညီပေး ကာ အမှာစာ ရေးလိုက်ရပါပေ၏။

အရှင်ပဏ္ဍိတ(ဒွိပိဋကတဓရ)
၈.၇.၂၀၀၈

# မိုးညှင်းသိင်္ဂီကျောင်းတိုက် (ပိုင်းလော့) ဆရာတော်၏ အမှာစာ



တန်ဘိုး မဖြတ်နိုင်တဲ့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့

အဆုံးအမများကို သိပ္ပံအမြင် နှင့် ယှဉ်ပြီး

လက်လှမ်းမှီသမျှ ထဲထဲဝင်ဝင် စုဆောင်းတင်ပြ

မှတ်တမ်းတင်ထားတာမို့

ယောဂီ သူတော်စင်တို့အတွက်

အားထားထိုက်တဲ့

စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါတယ် လို့ . . .

ရှုမြင်ခံစားမိပါတယ်။

(signature)

အရှင် ဇေယျပဏ္ဍိတ

# ''နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''

# နိဒါန်း

''အသင်သေရဦးမည်၊ သေပြီးလျှင်အပါယ်လေးဘုံပြန်ရောက်ဦးမည်'' ဤစကားသံ ကျွန်ုပ်၏ နားထဲတွင်ကြားယောင်နေမိပေသည်။ သေရမည်ကိုတော့ပုထုဇဉ်လူသားတိုင်း သိထားသလို ကျွန်ုပ်သည်လည်းပဲ သိနေပါသည်။ သေပြီးရင်ပြီးရောဆိုလျှင်တော့ ကိစ္စမရှိပေ '' သေပြီးလျှင်အပါယ်လေး ဘုံပြန်ရောက်ရဦးမည်'' ဆိုသည့်စကားသံကတော့ ကျွန်ုပ်ကို ခြောက်ခြားတုန်လှုပ်စေခဲ့လေသည်။

သေခြင်းတရားကိုတော့ ကျွန်ုပ်ကိုယ်တိုင် မြင်ဖူး၊ ကြားဖူး၊ တွေ့ဖူးနေ၍ လုံး၀ ယုံကြည်မှု ရှိပါသည်။ သေပြီးလျှင်ကျရောက်မည့် အပါယ်လေးဘုံဆိုတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတာတွေကိုတော့ ယုံရခက်ပါသည်။ တိရစ္ဆာန်ဘုံကလွဲ၍ ကျန်သော ဘုံသုံးဘုံကို ကြားသာကြားဖူး၏၊ မမြင်ဖူးမတွေ့ဖူးသောကြောင့် ယုံရခက်ခဲလှပေသည်။ လက်တွေ့မဟုတ်လျှင် မယုံတတ်သောသဘောတရားမှာ ကျွန်ုပ်တင်မက လူတော်တော်များများ၌ရှိသော ခံယူချက် ပေတည်း။ ယနေ့သိပ္ပံခေတ်လူသားတွေ လကမ္ဘာကို ရောက်နေကြသည်။ ဂြိုလ်တု၊ ဒုံးပျံတွေ တီထွင်ပြီးသွားလာနေကြသည်ကို ကျွန်ုပ်တို့ လူသားတွေ ယုံကြည်နေကြသည်။ ကိုယ်တိုင် ရောက်ဖူးခြင်းမရှိ၊ ကိုယ်တိုင်ဒုံးပျံကြီးပေါ်ထိုင်ဘူးခြင်း မရှိခဲ့ပါဘဲနဲ့ ဘာကြောင့် ယုံကြည်ကြ ပါသလဲ။ အကျိုးအကြောင်း အထောက်အထားကိုကြည့်ပြီး အများကလက်ခံယုံကြည်သလို ကျွန်ုပ်တို့လည်းယုံကြည်နေကြခြင်းဖြစ်ပေသည်။ ဤသို့ယုံကြည်မှုကို သဒ္ဓါဟုခေါ်လေသည်။

ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတရဲ'' ဇာတိမလာရေးနှင့် နိဗ္ဗာန်အမြင် '' ဆိုတဲ့စာအုပ်ထဲက ယုံကြည်မှုသဒ္ဓါရှင်းတမ်းမှာ ''ရေးထားတာကတော့'' ယုံကြည်မှု စကားလေးဟာ အရေးကြီးတယ်နော် သဒ္ဓါတရားခေါ်တယ်။ တိပိဋကက ယောဆရာတော် ဘုရားကြီးရဲ့ ကျေးဇူး အင်မတန်ကျေးဇူးများတယ်။ ဆရာတော်ကြီးဟောတာကိုမှတ်ရတယ်။ သဒ္ဓါတရားဟာ အရေးကြီးဆုံးလို့ပြောတဲ့စကား ဘုရား ဉာဏ်တော်နဲ့ဟောခဲ့တာ တစ်ချို့ကိစ္စ

ကိုယ်မြင်တာမဟုတ်ဘူး။ ယုံကြည်မှုနဲ့သွားရမှာ ဘယ်လိုဥပမာပေးလဲဆိုတော့ " ကမ္ဘာ့မြေပုံကြီးကိုပြမယ်ဆိုပါတော့ကွယ်တဲ့၊ ဒီမြေပုံကြီးကိုယုံလားဆိုတော့ အားလုံးဟာ အကုန်လက်ခံယုံကြည်တယ်တဲ့၊ မြေပုံကိုကြည့်ပြီးသွားကြတာကို လက်ခံတယ်တဲ့။ ဒီလိုယုံကြည်တယ်ပြောရအောင် ကမ္ဘာအနှံ့ကိုရောက်ဖူးလားတဲ့ " ဘာလို့ယုံကြည်လဲစဉ်းစား အဲဒါကိုယုံကြည်မှုသဒ္ဓါလို့ ခေါ်တာဘဲတဲ့။ မှန်တယ်လို့လက်ခံထားပြီးသွားတော့ရောက်လည်းရောက်တယ်။ ဒါဟာသဒ္ဓါတရား အကြောင်းအကျိုးဆက်စပ်ကြည့်တော့ အကုန်မှန်သောကြောင့် လက်ခံယုံကြည်မှုသဒ္ဓါတရား ကိုယ်မရောက်သော်လည်း ယုံကြည်ရမယ်နော် ဒီအတိုင်းပဲ။

ဘုရားဟာ အရဟတ္တဖိုလ်ရောက်တယ်ဆိုတာကို ယုံကြည်ထားရမယ်နော်။ နိဗ္ဗာန် ဆိုတာပထမ မသိသေးဘူး၊ မရောက်သေးဘူးထား၊ သို့သော် ဘုရားဟောထားတာရှိတယ်။ "စိတ်-စေတသိက်" ဆိုတာကိုလက်ခံရမယ်။ ကိုယ်တိုင်မမြင်သော်လည်း ဘုရားသည် တကယ်မြင်တော်မူခဲ့တဲ့ဘုရား။ အာရုံသိပေါ်တဲ့နေရာမှာ ဒါတွေပေါင်းစပ်တယ်ဆိုတာကို ကိုယ်ကစိတ်-စေတသိက် မမြင်ရဘူးထား "သိ" သဘောပေါ်တာကတော့အမှန်ပဲ၊ အသံကြားလည်းသိလိုက်တယ်။

အရိပ်ထင်တာကိုလည်းသိလိုက်ရတာအမှန်ပဲ၊ ပျောက်တာလည်းအမှန်ပဲ၊ အထည်မဟုတ်တာလည်း အမှန်ပဲ ဒါဖြင့်တံလျှပ်ကဲ့သို့ဆိုတဲ့ စကားဟာ မှန်မနေဘူးလား။ ဒီတော့လက်ခံရမယ်၊ ယုံကြည်ရမယ်။ နားလည်ပြီနော်။ တံလျှပ်ကဲ့သို့ပဲလို့ ဆိုတဲ့စကားကို လက်ခံယုံကြည်စွာနဲ့ ကျင့်လို့ရှိရင် အာရုံတွေကိုဆက်စရာ အကြောင်းမရှိတော့ဘူး။ တဏှာ မရှိတော့ဘူး။ သဘောပေါက်ပြီနော် . . . ။

ဆရာတော်ဟောတဲ့အတိုင်းပါပဲ။ ယုံကြည်မှုကိုနည်းနည်းလေးယုံကြည်တာကစရမှာနည်းနည်းယုံကြည်ပြီးလေ့လာ၊ လေ့လာလေပိုပြီးယုံကြည်စရာတွေတွေ့လေ။ ယုံကြည်စရာတွေတွေ့လေ ပိုလေ့လာချင်လေ··· ပိုလေ့လာလေ ထပ်ပြီးယုံကြည်စရာတွေ တွေ့လေပါပဲ။ နောက်တော့ယုံကြည်မှုပြည့်ဝသွားပါလိမ့်မယ်။

ကျွန်ုပ်သည်လည်းပဲ ဤသို့ပင် ယုံကြည်မှုသဒ္ဓါနည်းနည်းဖြင့် စတင်ခဲ့ခြင်း ဖြစ်ပေသည်။ ဒါနအကြောင်း၊ သီလအကြောင်း၊ သမထအကြောင်းစသည့် စာအုပ်စာပေများကို ဖတ်ရှုလေ့လာရင်း ဝိပဿနာလုပ်ငန်းနှင့် ပတ်သက်၍ ပခုက္ကူဝိပဿနာဆရာကြီးဦးကြင်ရွှေ တရားများ၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်တရားတော်များကို စာအုပ်စာပေ ဖတ်ရှုခြင်း၊ တရားခွေနာယူမှတ်သား လေ့လာခဲ့ရင်းဖြင့် ယုံကြည်မှုသဒ္ဓါတိုးပွားလာခဲ့ရပေသည်။

ဤကဲ့သို့လေ့လာရင်း ကျေးဇူးရှင် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ၏ ခင်ပွန်းကြီး (၁၀)ပါး(Mp3) အခွေကိုနာမိရာမှ ကျွန်ုပ်၏ရင်းတွင်း၌ လိပ်ခဲတင်းတင်း ဖြစ်နေသော သိပ္ပံခေတ် အယူအဆနှင့် ပြဿနာမျိုးစုံတို့သည် ရှင်းလင်းပေါ့ပါးခဲ့လေသည်။ ထို့ကြောင့် ဆရာတော် ရေးသားထားသောတရား စာအုပ်များဖြစ်သည့် ဇာတိမလာရေးနှင့် နိဗ္ဗာန်အမြင်၊ သက္ကာယဒိဋ္ဌိ (၂၀)၊ မြတ်ဗုဒ္ဓအဆုံးအမနှင့် အနိုင်းမဲ့သစ္စာ၊ တုနိုင်းမဲ့ကြည်ညိုဖွယ် မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရား စတဲ့ စာအုပ်များ၊ ခန္ဓာဗေဒ(VCD) တရားခွေနှင့် ယောဂီအသစ်များအတွက် ဟောကြားထားသော(VCD)တရားခွေများ၊ ယောဂီဟောင်းများ အတွက်ဟောကြားထားသော (VCD) တရားခွေများအားဝယ်ယူပူဇော်ကာ အကြိမ်ကြိမ်အခါခါ လေ့လာ၍ စမ်းသပ် အားထုတ်ခဲ့ပါသည်။

မြတ်စွာဘုရားရှင်က ကာလာမသုတ္တန်တွင် ဟောကြားခဲ့သော "ငယ်ကနာကြား၊ ဘိုးဘွားစဉ်လာ၊ ပြောတာအများ၊ ကျမ်းစာအားဖြင့်၊ မှန်ထားကြံစည်၊ တော်လှပြီဟု၊ မှန်သည်ယူဆ၊ တူညီကြ၍၊ ငယ်ကပုဂ္ဂိုလ်၊ ဆရာဆိုလည်း၊ မှန်သည်ချည့်ပင်၊ မယူဆရာ ခန္ဓာကပြ ကိုက်ညီမှသာ ယုံကြည်ပါဟု ကာလာမတွင်ဘုရားရှင်က ဟောပေါ်ပြသည် မှတ်ကြသူငါအများတည်း" တရားတော်အရ ခန္ဓာကပြ၊ ကိုက်ညီမှသာ ယုံကြည်ပါ ဆိုသည့်အတိုင်း ခန္ဓာမှတကယ်ပြသည့်တရားကို ကိုယ်တိုင်မြင်၍ ကိုယ်တိုင် ယုံကြည်ကာ ပိုမို၍လေ့လာမှတ်သားခဲ့ပါသည်။ ဆရာတော်ထံတရား စခန်းကိုယ်တိုင်ဝင်၍ အားထုတ်ခဲ့ပါသည်။ ရှုမှတ်ပွါးများရသည်မှာ လွယ်ကူခြင်း၊ ရှုမှတ်စဉ်ပင်ပန်း ဆင်းရဲမှုမရှိခြင်း၊ ရှုမှတ်ပြီး

ကိုယ်စိတ်နှလုံးပေါ့ပါး၍ အေးချမ်းနေခြင်း၊ သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး တို့ကိုပြတ်သားစွာ နားလည်ခြင်း။ မြတ်စွာဘုရားနှင့် တရားတော်၊ သံဃာတော်များအပေါ် ပို၍ကြည်ညိုသဒ္ဓါ ပွားလာခြင်း စသည့် အကျိုးကျေးဇူးများ ရခဲ့ပေသည်။ ဆရာတော်၏ ကျေးဇူးသည် အင်မတန် ကြီးမားကြောင်း သိခဲ့ရလေသည်။ ကျေးဇူးတရားများကို ပေးဆပ်ရန်အတွက် တရားနှင့်သာ ကျေးဇူးဆပ်မည်ဟု သန္နိဋ္ဌာန်ချကာ နီးစပ်ရာ ဓမ္မမိတ်ဆွေများအား သင်ကြား ပြသခဲ့လေသည်။ မိမိသင်ကြားပြသခဲ့သော သင်ခန်းစာများကို ဆရာတော်ထံပြသ၍ တပည့်တော်အား လိုအပ်တာ ဆုံးမပေးပါရန် လျှောက်ထားသည့်အခါ ဆရာတော်က မှန်ကန်ကြောင်း ထောက်ခံပြောဆိုပြီး သာမှုအကြိမ်ကြိမ် ခေါ်ဆိုခဲ့ပါသည်။

သစ္စာတရားများ ပြန့်ပွားရေးအတွက် သင်တန်းပြသသည့်အခါ လွယ်ကူစေရန်နှင့် သင်ခန်းစာ အစဉ်အလိုက် ပြသနိုင်ရန်ရည်ရွယ်၍ ဤစာအုပ်ကိုပြုစုရေးသားရခြင်း ဖြစ်ပါ သည်။ ကျွန်ုပ်အနေနှင့် လောကီအိမ်ယာထူထောင် လူတို့ဘောင်တွင်နေထိုင်ကာ သားကျွေးမှု မယားကျွေးမှု ရှာဖွေစားသောက်၍ ကာမဂုဏ်အာရုံတို့ဖြင့် ပျော်ပျော်ပါးပါး နေထိုင်ခဲ့ကြပြီး သေတဲ့အခါ အပါယ်လေးဘုံ ကျဆင်းရမည့်အရေးကို သနားသော မေတ္တာစေတနာဖြင့် အနည်းဆုံး စူဋသောတာပန်ဉာဏ်ရ၍ တစ်ဘဝ နှစ်ဘဝ အပါယ်တံခါးပိတ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိကာ ဘုံစဉ်စံဖြင့် နိဗ္ဗာန်သို့ စံဝင်စေလိုသောစေတနာဖြင့် ပြုစုရေးသားပြီး သင်တန်းများ ပို့ချပေးခြင်း ဖြစ်ပါသည်။ ဂုဏ်ပကာသနရလိုခြင်း၊ ဆရာလုပ်လိုခြင်းသဘောများ အလျဉ်းမရှိပါ။

ကျွန်ုပ်ကိုယ်တိုင်ပင် များစွာကြိုးစားအားထုတ်ရဦးမည် ဖြစ်ပါသည်။ ပင်လယ် သမုဒ္ဒရာ ရေရဲ့ အတိမ်အနက်ကို ယုန်သူငယ် ခြေဖြင့်မထောက်လှမ်းနိုင်သလို မြတ်စွာဘုရား ဉာဏ်တော် ဖြင့် ဟောကြားသော တရားတော်များကို ကျွန်ုပ်၏ သေးနုပ်သောဉာဏ်ဖြင့် တင်ပြနိုင်စွမ်းမရှိပါ။ သို့သော် ကမ်းစပ်၌ရှိသော သမုဒ္ဒရာရေ၏ အရသာနှင့် အလယ်၌ရှိသော သမုဒ္ဒရာရေ၏ အရသာတို့သည် အတူတူပင် ဖြစ်လေသည်။ ကျွန်ုပ် အနေနှင့် ကမ်းစပ်၌ရှိသော သမုဒ္ဒရာရေ၏ အရသာကိုသာ သိသဖြင့် မိမိသိသလောက် ဉာဏ်ပညာဖြင့် ဘုရား၊ တရား၊ သံဃာနှင့် ကျေးဇူးရှင်ဆရာသမားအပေါင်းတို့အား ပူဇော်ခြင်းသာ ဖြစ်လေသည်။

သဗ္ဗဒါနံ၊ ဓမ္မဒါနံ ဇိနာတိ - အလုံးစုံသော ဒါနတို့တွင် တရား ဓမ္မကိုပူဇော်လှူဒါန်း ရသော ဒါနသည် အမွန်မြတ်ဆုံးဖြစ်သည် ဆိုသည့်အတိုင်း ဓမ္မဖြင့်ပူဇော်လှူဒါန်းခြင်းသာ ဖြစ်ပေသည်။ ရရှိသောအလှူငွေများကို သာသနာတိုးတက်ပြန့်ပွားရေးအတွက်သာ အသုံးပြု သွားမည်ဖြစ်ပြီး ကိုယ်ကျိုးအတွက်သုံးစွဲမည် မဟုတ်ပါကြောင်း တင်ပြလိုပါသည်။ ဤစာအုပ် စုစည်းပြုစုနိုင်ရန် ဆရာပေါင်းစုံတို့ ရေးသားပြုစုထားသော စာပေကျမ်းဂန်များကို မှီငြမ်း၍ ရေးသားရခြင်း ဖြစ်ပေသည်။ အထူးသဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး၏ တရားစာအုပ်များ၊ တရားခွေများနှင့် ကျေးဇူးရှင် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတဆရာတော်၏တရားစာအုပ်များ၊ တရားခွေများထဲမှ မှီငြမ်းကိုးကား၍ ရေးသား ပြုစုခဲ့ခြင်းသာဖြစ်ပေသည်။

ရှည်လျားလှသောသံသရာတွင် အအို အနာ အသေတွေထပ်ကာ နေခဲ့သေခဲ့ခြင်း အပါယ် လေးဘုံ၌ ဆင်းရဲဒုက္ခမျိုးစုံကို၊ ဘဝပေါင်းမျိုးစုံကို ခံစားခဲ့ပြီး အင်မတန်ဘုန်းကံ ကြီးမားခြင်း ကံကောင်းထောက်မခြင်းတို့ကြောင့် ယခုဘဝတွင် ဝိမုတ္တိခေတ်တပတ်လည်ကာလ ဘုရားသာသနာ နှင့် တွေ့ခဲ့ရခြင်းဖြစ်ပေသည်။ ဤကဲ့သို့ ဘုရားသာသနာနှင့်သာ မတွေ့ရပါက နောင် ရှည်လျား လှသော သံသရာတွင် အအို၊ အနာ အသေ ဒုက္ခဆင်းရဲမျိုးစုံကို ခံစားကာ မြုပ်မျော ပေါ်မျော မျောရပေဦးမည် ဖြစ်ပါသည်။ ဘုရား တရား သံဃာ မိဘ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးတော် ကြောင့် ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်ရတော့မည်ကို သိရှိရသဖြင့် အတိုင်းအဆမရှိ ဝမ်းမြောက် ဝမ်းသာဖြစ်မိပါတော့သည်။

ဤစာအုပ်ကိုဖတ်ရှုလေ့လာ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် မရရင်တောင် အနည်းဆုံး စူဠသောတာပန် ဉာဏ်ရရှိနိုင်ပါ၍ ၄င်းစူဠသောတာပန်ဉာဏ်လောက်ရရှိပါက ကျွန်ုပ်အနေဖြင့် ပင်ပန်းခံရကျိုးနပ်ပေတော့သည်။ စူဠသောတာပန်ဉာဏ်သည် အပါယ်တံခါး တစ်ဘဝ နှစ်ဘဝ ပိတ်၍၄င်း တစ်ဘဝ နှစ်ဘဝအတွင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိကာ နိဗ္ဗာန်သို့ ဘုံစဉ်စံဖြင့် စံဝင်နိုင်မည် ဖြစ်ပါ၍ ကြိုးစားပွားများ အားထုတ်ကြစေလိုကြောင်း မေတ္တာဖြင့် တိုက်တွန်း နှိုးဆော်လိုက်ရပါတော့သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အလှူရှာပါတယ် ဝန်ထမ်းများဖြစ်သည့် လက်ထောက်မန်နေဂျာ ဦးအက်ရှလီ၊ ဦးစိုင်းဆမ်ဆု နှင့် ရုံးဝန်ထမ်းများဖြစ်သော ဦးစိုးလင်းရီ၊ ဦးတင်ဝင်းနှင့် ဦးကျော်မိုးညွန့်တို့အားလည်းကောင်း ဤစာအုပ် ထုတ်ဝေဖြန့်ဖြူးနိုင်ရေးအတွက် အလှူငွေပေးအပ်ခဲ့သော အလှူရှင်အပေါင်းတို့အားလည်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ဤကောင်းမှုတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ ရောက်ရာရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း။

" ပဋိဂုဏ် အဟံ ဝန္ဒာမိ သဗ္ဗဒါ "

ဆရာမင်း(ကေတု)

၂၀၀၇-ခုနှစ် နိုဝင်ဘာလ (၁၇)ရက်

# မြတ်စွာဘုရားအလိုကျဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာကိုးကွယ်သူတစ်ယောက်အနေဖြင့် မိမိကိုယ်ကို မည်သည့်ဗုဒ္ဓဘာသာ ဖြစ်နေသည်ကို လေ့လာသိရှိဖို့လိုလေသည်။ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ဆည်းကပ်နေသည်မှာ ၃-မျိုးသာရှိသည်။

(၁) ကုလာစာရဗုဒ္ဓဘာသာ (မိရိုးဖလာ ဗုဒ္ဓဘာသာ)

(၂) လာဘဗုဒ္ဓဘာသာ (လာဘ်မျှော်ကိုး၍ကိုးကွယ်သော ဗုဒ္ဓဘာသာ)

(၃) ဘယဗုဒ္ဓဘာသာ (ဘေးရန်ကြောက်ရွံ့၍ ကိုးကွယ်သော ဗုဒ္ဓဘာသာ)တို့ ဖြစ်လေသည်။

(၁) ကုလာစာရဗုဒ္ဓဘာသာ ဆိုသည်မှာ မိရိုးဖလာဗုဒ္ဓဘာသာဟု ခေါ်သည်။ မိဘ၊ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာခဲ့သဖြင့် ကိုးကွယ်သည့် ဗုဒ္ဓဘာသာဖြစ်သည်။ ဗုဒ္ဓဝါဒ၏ အနှစ်သာရကို သေသေချာချာမသိ။ မိဘဘိုးစဉ်ဘောင်ဆက် ကိုးကွယ်သည့် အစဉ် အလာအရ ကိုးကွယ်ခြင်းကိုဆိုလိုသည်။ နိဗ္ဗာန်မရနိုင်။

(၂) လာဘဗုဒ္ဓဘာသာ ဆိုသည်မှာ စီးပွားလာဘ်လာဘကို မျှော်ကိုး၍ ကိုးကွယ်သော ဗုဒ္ဓဘာသာ ဖြစ်လေသည်။ မိမိရာထူးတက်ဖို့၊ ထီပေါက်ဖို့၊ စီးပွားရေးအဆင်ပြေဖို့ဗေဒင်ဆရာ၊ နတ်ဆရာ၊ ဂိုဏ်းဆရာတွေ ညွှန်ကြားတဲ့အတိုင်း ကျင့်ကြံကိုးကွယ်နေသော ဗုဒ္ဓဘာသာ ဖြစ်သည်။ လာဘဗုဒ္ဓဘာသာ ကိုးကွယ်သူသည်လည်း နိဗ္ဗာန်မရနိုင်ပေ။

(၃) ဘယဗုဒ္ဓဘာသာ ဆိုသည်မှာလည်း ဘေးရန်ကို ကြောက်ရွံ့၍ ကိုးကွယ်သော ဗုဒ္ဓဘာသာ ဖြစ်လေသည်။ မိမိရာထူး၊ နေရာပြုတ်မည်ကို

ကြောက်ရွံ့၍သော်လည်းကောင်း၊ စီးပွားဥစ္စာ ပျက်စီးဆုံးရှုံးမည်ကို ကြောက်ရွံ့၍သော်လည်းကောင်း၊ ဗေဒင်ဆရာ၊ နတ်ဆရာ၊ ဓာတ်ဆရာ၊ ဂိုဏ်းဆရာတို့ စေခိုင်းချက်အတိုင်း ကျင့်ကြံအားထုတ် ကိုးကွယ်နေသော ဗုဒ္ဓဘာသာ ဖြစ်သည်။ ၄င်းဗုဒ္ဓဘာသာသည်လည်း နိဗ္ဗာန်ကိုမရနိုင်ပေ။

အထက်ဗုဒ္ဓဘာသာ ၃-မျိုးတို့သည် မိရိုးဖလာအနေဖြင့်လည်းကောင်း၊ စီးပွားလာဘ်လာဘကြောင့်သော်လည်းကောင်း၊ ဘေးရန်ကြောက်ရွံ့၍သော်လည်းကောင်း ဒါန၊ သီလ၊ သမထတရားများသာ ပွားများကြပေသည်။ ဗုဒ္ဓဝါဒ၏အနှစ်သာရဖြစ်သည့် နိဗ္ဗာန်ရရာရကြောင်း ဝိပဿနာတရားများ ပွားများခြင်းမရှိသဖြင့် နိဗ္ဗာန်မရနိုင်ပေ။ ဒါန၊ သီလ၊ သမထတရားတို့သည် လောက၌ မြတ်စွာဘုရား မပွင့်လည်းရှိနေသော သာသနာပတရားများသာ ဖြစ်လေသည်။ ဝိပဿနာတရားသည်သာလျှင် မြတ်စွာဘုရားပွင့်မှ သိရသော နာကြားရသော တရားများသာ ဖြစ်ပြီး နိဗ္ဗာန်ရောက်နိုင်ပေသည်။

သာသနာပကာလ၌ နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်သည့် ဝိပဿနာတရားမသိ၊ နားမလည်၊ အားထုတ်နိုင်ခွင့် မရှိသောကြောင့် ဒါန၊ သီလ၊ သမထတရားများကိုသာ ပွားများနိုင်ပြီး လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့် အပါယ်လေးဘုံ၌သာ ကျင်လည်၍ ရှည်လျားလှသောသံသရာတွင် မြုပ်မျော၊ ပေါ်မျော မျောကာဒုက္ခ ဆင်းရဲခံခဲ့ရပေသည်။ အို၊နာ၊ သေဆင်းရဲတွင်းမှမထွက်နိုင်ဘဲ (၃၁)ဘုံတွင်း၌စုန်ချည်တစ်လှည့် ဆန်ချည်တစ်လှည့် အသေမျိုးစုံသေခဲ့ရပေသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားပွင့်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပေသည်၊

ဗုဒ္ဓသာသနာစစ်စစ်ဖြစ်နိုင်ရေးအတွက် မြတ်ဗုဒ္ဓ၏ဟောကြားသော တရားတော်များကို သေသေချာချာလေ့လာသင့်ပေသည်။



ပုံ-(၁)

အနန္တစကြဝဠာ ဆိုသည်အတိုင်း စကြဝဠာပေါင်းအနန္တ ရှိလေသည်။ စကြဝဠာတစ်ခုကိုကြည့်မည်ဆိုပါက ''နေ''တစ်လုံးရှိပြီး ၎င်း''နေ''ကို ကမ္ဘာအပါအဝင် ဂြိုလ်ကြီး ၉ လုံးက သူ့လမ်းကြောင်းနှင့်သူလှည့်ပတ်လျှက် ရှိပေသည်။ ၎င်း''နေ''မှ နေရောင်ခြည် အရောက်နိုင်ဆုံးနေရာအထိကို စကြဝဠာတစ်ခုဟုခေါ်ဆိုလေသည်။ (ပုံ-၁) ထို့ကြောင့် စကြဝဠာတစ်ခု၌တွင်''နေ''တစ်လုံး''ကမ္ဘာ''တစ်လုံးရှိသည်။ စကြဝဠာအနန္တဆိုသည့်အတွက် ''နေ''အလုံးပေါင်း မရေတွက်နိုင်သောအနန္တ''ကမ္ဘာ'' အလုံးပေါင်းမရေတွက်နိုင်သော အနန္တရှိလေသည်။

ထိုအနန္တရှိသောကမ္ဘာများထဲတွင် ကျွန်ုပ်တို့ကဲ့သို့ လူသားများ၊ တိရစ္ဆာန်များစသည့်

အပါယ်လေးဘုံသားများ ရှိကြလေသည်။ မြတ်ဗုဒ္ဓ၏ဟောကြားချက်အရ စကြဝဠာ အနန္တ တွင်ရှိ သတ္တဝါများကို ဘုံအနေနဲ့ ခွဲပါက (၃၁)ဘုံရလေသည်။ ၄င်းတို့မှာ-

(၁) အပါယ် (၄)ဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်)

(၂) လူ့ဘုံ (၁)ဘုံ (ကာမသုဂတိ ခုနစ်ဘုံ)

(၃) နတ်ပြည် (၆)ထပ်( 〃 〃 )

(၄)ဗြဟ္မာဘုံ (၂၀)ဘုံတို့ဖြစ်ကြလေသည်။

## ဘုံလေးမျိုး

'ဘူမိ = ဘုံ' ဟူသည်မှာ သတ္တဝါတို့၏ဖြစ်ရာတည်ရာ လှည့်လည်ကျက်စားရာ နေရာဌာနဖြစ်၏။

* ဘူမိစတုက္က၌ ပါဝင်ကြသော ဘုံလေးပါးတို့ကား ...

(၁) အပါယ်ဘုံ = ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူ၍အပါယ်လေးဘုံရှိ၏။ ကာမဒုဂ္ဂတိဘုံဟုလည်းခေါ်၏။

(၂)ကာမသုဂတိဘုံ = လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်တို့ ပါဝင်ကြ၏။

(၃) ရူပဘုံ = ပထမဈာန်သုံးဘုံ၊ ဒုတိယဈာန်သုံးဘုံ၊ တတိယဈာန်သုံးဘုံနှင့် စတုတ္ထဈာန် ခုနစ်ဘုံ ဟူ၍ ရူပဗြဟ္မာဘုံ ၁၆-ဘုံတို့ပါဝင်ကြ၏။

(၄) အရူပဘုံ = အရူပဗြဟ္မာလေးဘုံတို့ ပါဝင်ကြ၏။

သို့အတွက် ဘုံလေးမျိုးတွင် အပါယ်ဘုံ လေးဘုံ၊ ကာမသုဂတိခုနစ်ဘုံ၊ ရူပဗြဟ္မာ ၁၆-ဘုံ၊ အရူပ ဗြဟ္မာ လေးဘုံဟူ၍ စုစုပေါင်း ၃၁-ဘုံပါဝင်ကြ၏။ အပါယ်လေးဘုံနှင့် ကာမသုဂတိဘုံတို့ကို ကာမ ၁၁-ဘုံဟုခေါ်၏။

## အပါယ်လေးဘုံ

အပါယ်= အပါယ = အပ + အယ

= ကင်းသည် + ကုသိုလ်ကောင်းမှု

= ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံ။

* အပါယ်လေးဘုံဟူသည်ကား အဘယ်နည်း။

(၁) ငရဲဘုံ = ငရဲကြီးရှစ်ထပ်နှင့် ငရဲငယ် (၁၂၈) ထပ်၊
(၂) တိရစ္ဆာန်ဘုံ = တိရစ္ဆာန်ဘဝအမျိုးမျိုး၊
(၃) ပြိတ္တာဘုံ = ပြိတ္တာဘဝအမျိုးမျိုး၊
(၄) အသူရကာယ်ဘုံ = အသူရကာယ်ဘဝအမျိုးမျိုး၊

တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံနှင့် အသူရကာယ်ဘုံတို့သည် ငရဲဘုံကဲ့သို့ ဘုံဌာန သီးခြားမရှိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းကိုပင် ဘုံဟုမှတ်ယူရာ၏။ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသူရကာယ်တို့သည် ဤကမ္ဘာမြေပြင်တွင်ပင် ရပ်ရွာ၊ တောတောင်၊ လှိုဏ်မြောင်၊ မြစ်ကမ်းစသည်တို့၌ဖြစ်ပေါ်ကာ ဆင်းရဲစွာ အသက်ရှင်နေကြရ၏။

## ငရဲဘုံ

နိရယ = ချမ်းသာသုခကင်းဝေးခြင်း။

နိရယမှတစ်ဆင့် နိရယ် - နိရဲ - ငရဲဟု အဆင့်ဆင့်ပြောင်းလဲလာသည်။ ထို့ကြောင့် ငရဲဘုံသည် ချမ်းသာမှုလုံးဝကင်းဝေးသော ဘုံဌာနဖြစ်၏။

**ငရဲကြီးရှစ်ထပ်တို့ကား**

(၁) သိဉ္ဇိုဝ်း၊ (၂) ကာလသုတ်၊ (၃) သင်္ဃာတ၊ (၄) ရောရုဝ၊ (၅) မဟာရောရုဝ၊ (၆) တာပန၊ (၇)မဟာတာပန (၈) အဝီစိ တို့ဖြစ်ကြ၏။

ဤငရဲရှစ်ထပ်တို့သည် ဤကမ္ဘာမြေပြင်၏အောက်၌ ယူဇနာပေါင်း (၁၅၀၀၀) ဝေးသော အရပ်မှစ၍ ယူဇနာ (၁၅၀၀၀) စီကွာခြားလျက် အထက်အောက် တည်နေကြ၏။




ငရဲငယ်လေးထပ်
၁။ ဘင်ပုပ်ငရဲ
၂။ ပြာပူငရဲ
၃။ လက်ပံတောငရဲ
၄။ ကြိမ်ပိုက်ချောင်းငရဲ

ငရဲကြီးတစ်ထပ်စီသည် အလျား၊ အနံ၊ ယူဇနာတစ်သောင်းစီ ကျယ်ဝန်း၏။ တစ်မျက်နှာ၊ တစ်မျက်နှာ၌ ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲဟူ၍ ငရဲငယ်လေးထပ်ရှိရာ လေးမျက်နှာအတွက် ငရဲငယ် (၁၆)ထပ်ရှိသည်။ ထို့ကြောင့် ငရဲကြီးရှစ်ထပ်တွင် ငရဲငယ်ပေါင်း (၁၆×၈=၁၂၈)ထပ် ရှိသည်။

## ပဋိသန္ဓေတည်နေပုံလေးမျိုး

အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိပဋိသန္ဓေ၊ ရူပပဋိသန္ဓေ၊ အရူပပဋိသန္ဓေဟူသည့် ပဋိသန္ဓေလေးမျိုးတွင် ပဋိသန္ဓေစိတ် ၁၉ ပါးနှင့်ရုပ်ပဋိသန္ဓေတစ်ပါး၊ ပေါင်း (၂၀)ပါး ရှိကြောင်းကိုဖော်ပြခဲ့ပေပြီ။

တည်နေပုံအခြင်းအရာအားဖြင့် ပဋိသန္ဓေတို့ကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည်-

(၁) အဏ္ဍဇပဋိသန္ဓေ = ဥခွံအတွင်း၌ ပဋိသန္ဓေတည်ခြင်း။

(၂) ဇလာဗုဇပဋိသန္ဓေ = သားအိမ်တွင်း၌ ပဋိသန္ဓေတည်ခြင်း။

(၃) သံသေဒဇပဋိသန္ဓေ = သစ်ခေါင်း၊ သစ်သီး၊ ပန်းပွင့်၊ ရွံ့ညွန် စသည်တို့၌ ပဋိသန္ဓေတည်ခြင်း။

(၄) ဥပပတ်ပဋိသန္ဓေ = အရွယ်ရောက်ပြီးသောကိုယ်ဖြင့် ကောင်းကင်မှခုန်ပျံလာသကဲ့သို့ ဘွားခနဲ အထင်အရှားဖြစ်ခြင်း။

## ဘုံသားနှင့်ပဋိသန္ဓေ

(၁) ငရဲသားတို့သည် ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။

(၂) ပြိတ္တာနှင့် အသူရကာယ်တို့သည် ဇလာဗုဇ၊ ဥပပတ်ပဋိသန္ဓေနှစ်ပါးဖြင့် ဖြစ်ပေါ်ကြ၏။

(၃) တိရစ္ဆာန်တို့သည် အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဥပပတ်ဟူ၍ ပဋိသန္ဓေလေးပါးလုံးဖြင့် ဖြစ်ပေါ်ကြ၏။

(၄) လူတို့သည်ကမ္ဘာဦးအစ၌ ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။ ထို့နောက်ဇလာဗုဇ၊ သံသေဒဇပဋိသန္ဓေနှစ်ပါးဖြင့်ဖြစ်ပေါ်ကြ၏။

(၅) ဘုတ်၊ မှင်စာ၊ တစ္ဆေ၊ အစိမ်း၊ သရဲ၊ ဘီလူး၊ ဘုမ္မစိုဝ်းနတ်တို့သည် ဇလာဗုဇ၊ ဥပပတ်ပဋိသန္ဓေ နှစ်ပါးဖြင့် ဖြစ်ပေါ်ကြ၏။

(၆) အထက်နတ်ပြဟ္မာတို့သည် ဥပပတ်ပဋိသန္ဓေတစ်ပါးတည်းဖြင့် ဖြစ်ပေါ်ကြ၏။

## သတ္တဝါတို့၏သက်တမ်းများ

### (၁) အပါယ်ဘုံသားတို့၏သက်တမ်း

ငရဲသား၊ ပြိတ္တာ၊ အသူရကာယ်တို့တွင် သတ်မှတ်ထားသောသက်တမ်းများ မရှိကြပါ။ မိမိတို့၏ကံသာလျှင် သက်တမ်းအတိုင်း ဖြစ်ပါသည်။ အသက်အတိုင်းအရှည် အရေအတွက် မမြဲကုန်။

တိရစ္ဆာန်များမှာ အမျိုးပေါင်းမရေမတွက်နိုင်အောင် များပြားလှပါသည်။ အမျိုးဇာတ်အလိုက် ပျမ်းမျှသက်တမ်းကွာခြားကြပါသည်။ သက်တမ်းမည်မျှစီရှိသည်ဟူ၍ကား ထင်ရှားခြင်းမရှိပါ။

### (၂) လူတို့၏သက်တမ်း

"ရှေ့ခုနစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာတစ်ထောင်မြဲ" ဟူသောစကားအရ အရှေ့ကျွန်းသားတို့တွင် သက်တမ်း (၇၀၀)နှစ်၊ အနောက်ကျွန်းသားတို့တွင် သက်တမ်း (၅၀၀)နှစ်၊ မြောက်ကျွန်းသားတို့တွင် သက်တမ်း (၁၀၀၀)နှစ်ဟူ၍ အမြဲတည်ရှိကြပါသည်။

တောင်ကျွန်းသားတို့မှာ သက်တမ်းမမြဲကြပါ။ အသင်္ချေယျတမ်းမှသည် ဆယ်နှစ်တမ်း၊ တစ်ဖန်ဆယ်နှစ်တမ်းမှသည် အသင်္ချေယျတမ်းဟူ၍ ဆုတ်ချည်တက်ချည်ရှိပါသည်။

## (၃) စတုမဟာရာဇ်နတ်တို့၏သက်တမ်း

အောက်စတုမဟာရာဇ်နတ်များဖြစ်ကြသော ဘုတ်၊ မှင်ဇာ၊ တစ္ဆေ၊ သရဲ၊ အစိမ်း၊ သဘက်၊ ဘီလူး၊ ဘုမ္မဇိုဝ်းနတ်တို့တွင်တည်မြဲသော သက်တမ်းအတိုင်းအတာမရှိပါ။ အချို့သော ဘုမ္မဇိုဝ်းနတ်တို့သည် အာယုကပ်ပတ်လုံး အသက်ရှည်ကြ၏။

အထက်စတုမဟာရာဇ်နတ်တို့၏သက်တမ်းမှာ တည်မြဲ၏။ ထိုနတ်တို့၏ နှစ်ဖြင့် ရေတွက်လျှင် အနှစ် (၅၀၀)၊ လူတို့၏နှစ်ဖြင့်ရေတွက်လျှင် အနှစ်ကိုးသန်းရှိ၏။

လူတို့၏ အနှစ်(၅၀)သည် စတုမဟာရာဇ်နတ်တို့၏ တစ်ရက်နှင့်ညီမျှ၏။ ထိုရက် ဖြင့် ရက်၃၀လျှင် တစ်လ၊ (၁၂)လလျှင်တစ်နှစ်ဟု ရေတွက်သဖြင့် စတုမဟာရာဇ်နှစ် (၅၀၀)သည် လူတို့၏နှစ်ကိုးသန်းနှင့် ညီမျှ၏။

## (၄) တာဝတိံသာနတ်သက်

လူတို့၏အနှစ်(၁၀၀)သည် တာဝတိံသာနတ်တို့၏ တစ်ရက်နှင့်ညီမျှ၏။ ထိုရက်ဖြင့် ရက်၃၀လျှင် တစ်လ၊ (၁၂)လလျှင်တစ်နှစ်ဟု ရေတွက်၍ အနှစ် (၁၀၀၀)သည် တာဝတိံသာ နတ်တို့၏သက်တမ်း ဖြစ်ပါသည်။ လူတို့နှစ်ဖြင့်ရေတွက်လျှင် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း ရှိပါသည်။ (စတုမဟာရာဇ် နတ်သက်၏လေးဆဖြစ်ပါသည်။)

## (၅) ယာမာနတ်သက်

လူတို့၏အနှစ်၂၀၀သည် ယာမာနတ်တို့၏ တစ်ရက်နှင့်ညီမျှ၏။ ယာမာနတ် တို့၏သက်တမ်းသည် ယာမာနတ်တို့၏နှစ်ဖြင့် နှစ်(၂၀၀၀) ရှိ၏။ လူတို့၏ နှစ်ဖြင့် ရေတွက် လျှင် နှစ်ပေါင်း (၁၄)ကုဋေ လေးသန်း ရှိပါသည်။ (တာဝတိံသာနတ်သက်၏ လေးဆ ဖြစ်ပါသည်။)

## (၆) တုသိတာနတ်သက်

လူတို့၏နှစ် (၄၀၀)သည် တုသိတာနတ်တို့၏ တစ်ရက်နှင့်ညီမျှ၏။ တုသိတာ နတ်တို့၏သက်တမ်းသည် တုသိတာနတ်တို့၏နှစ်ဖြင့်(၄၀၀၀)၊ လူတို့၏နှစ်ဖြင့် ရေတွက်လျှင် (၅၇)ကုဋေနှင့် ခြောက်သန်း ဖြစ်ပါသည်။

## (ရ) နိမ္မာနရတိနတ်သက်

လူတို့၏နှစ် (၈၀၀)သည် နိမ္မာနရတိနတ်တို့၏ တစ်ရက်နှင့်ညီမျှ၏။ နိမ္မာနရတိနတ်တို့၏သက်တမ်းသည်ထိုနတ်တို့၏နှစ်ဖြင့် နှစ်ပေါင်း (၈၀၀၀)၊ လူတို့၏နှစ်ဖြင့် (၂၃၀)ကုဋေလေးသန်းရှိပါသည်။

## (ဂ) ပရနိမ္မိတ္တဝသဝတီနတ်သက်

လူတို့၏နှစ် (၁၆၀၀)သည် ပရနိမ္မိတ္တဝသဝတီနတ်တို့၏ တစ်ရက်နှင့် ညီမျှ၏။ ထိုနတ်တို့၏ သက်တမ်းသည် ထိုနတ်တို့၏နှစ်ဖြင့် နှစ်ပေါင်း (၁၆၀၀၀)၊ လူတို့၏ နှစ်ဖြင့်ရေတွက်သော် နှစ်ပေါင်း (၉၂၁)ကုဋေ ခြောက်သန်းရှိပါသည်။

## (ဃ) ဗြဟ္မာတို့၏သက်တမ်းများ

ဗြဟ္မာတို့၏သက်တမ်းများသည် အလွန်ရှည်လျားကြသည့်အတွက် အသင်္ချေယျ ကပ်၊ မဟာကပ် တို့ဖြင့် တိုင်းတာဖော်ပြလေ့ရှိကြ၏။ ကပ်တို့သည်(၁) အာယုကပ်၊ (၂) အန္တရကပ်၊ (၃)အသင်္ချေယျကပ်၊ (၄)မဟာကပ်ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် သတ္တဝါတို့၏သက်တမ်းအသီးသီးကို အာယုကပ်ဟုခေါ်၏။

လူတို့၏သက်တမ်းဖြင့် အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်း၊ ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ ရှည်ကြာသောကာလကို အန္တရကပ်တစ်ခုဟုခေါ်၏။ အန္တရကပ် (၆၄)ကပ်သည် အသင်္ချေယျကပ်တစ်ကပ်နှင့် ညီမျှ၏။ အသင်္ချေယျကပ် လေးကပ်သည် မဟာကပ်တစ်ကပ် (ဝါ) တစ်ကမ္ဘာနှင့်ညီမျှ၏။ အသင်္ချေယျကပ်ကို တစ်ဖန်လေးမျိုး ခွဲခြားပြန်၏။

(က) သံဝဋ္ဋကပ် = ကမ္ဘာကြီးစပျက်သည်မှ လုံးဝပျက်သုဉ်းသွားသည်အထိ ရှည်ကြာသော အသင်္ချေယျကပ်။

(ခ) သံဝဋ္ဋဋ္ဌာယီကပ် = ကမ္ဘာကြီးပျက်သုဉ်းပြီး၍ ပျက်ပြီးသည့်အတိုင်း တည်နေသော အသင်္ချေယျကပ်။

(ခ) ဝိဝဋ္ဋကပ် = ကမ္ဘာပြုမိုးစရွာသည့် အချိန်မှစ၍ ကမ္ဘာကြီးအပြည့် အစုံဖြစ်ပေါ်လာသည်အထိရှည်ကြာသော အသင်္ချေယျကပ်။

(ဂ) ဝိဝဋ္ဋဋ္ဌာယီကပ် = ကမ္ဘာကြီးအပြည့်အစုံဖြစ်ပြီးသည်မှ ထိုအတိုင်း တည်နေသော အသင်္ချေယျကပ်။

**(၁၀) ပထမဈာန်သုံးဘုံတို့၏သက်တမ်းများ**

ဗြဟ္မပါရိသဇ္ဇာတို့၏သက်တမ်းသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ သုံးပုံတစ်ပုံနှင့် ညီမျှ၏။

ဗြဟ္မပုရောဟိတာတို့၏သက်တမ်းသည်ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၏ ထက်ဝက်နှင့် ညီမျှ၏။

မဟာဗြဟ္မာတို့၏သက်တမ်းသည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် တစ်ကပ်လုံးနှင့် ညီမျှ၏။

**(၁၁) ဒုတိယဈာန်သုံးဘုံတို့၏သက်တမ်းများ**

ပရိတ္တာဘာဗြဟ္မာတို့၏သက်တမ်းသည် နှစ်ကမ္ဘာရှည်ကြာ၏။

အပ္ပမာဏာဘာဗြဟ္မာတို့၏သက်တမ်းသည် လေးကမ္ဘာရှည်ကြာ၏။

အာဘဿရာဗြဟ္မာတို့၏သက်တမ်းသည် ရှစ်ကမ္ဘာရှည်ကြာ၏။

**(၁၂) တတိယဈာန်သုံးဘုံတို့၏သက်တမ်းများ**

ပရိတ္တသုဘာဗြဟ္မာတို့၏သက်တမ်းသည် (၁၆) ကမ္ဘာရှည်ကြာ၏။

အပ္ပမာဏသုဘာဗြဟ္မာတို့၏သက်တမ်းသည် (၃၂) ကမ္ဘာရှည်ကြာ၏။

သုဘကိဏှာဗြဟ္မာတို့၏သက်တမ်းသည် (၆၄) ကမ္ဘာရှည်ကြာ၏။

**၁၃) စတုတ္ထဈာန် ခုနစ်ဘုံတို့၏ သက်တမ်းများ**

ဝေဟပ္ဖိုလ်နှင့်အသညသတ်ဗြဟ္မာတို့၏သက်တမ်းသည် ကမ္ဘာ (၅၀၀)စီရှည်ကြာကြ၏။

သုဒ္ဓါဝါသငါးဘုံအနက် အဝိဟာဗြဟ္မာတို့၏သက်တမ်းသည် ကမ္ဘာ (၁၀၀၀) ရှည်ကြာ၏။ အာတပ္ပါဘုံ-ကမ္ဘာ (၂၀၀၀)၊ သုဒဿာဘုံ-ကမ္ဘာ (၄၀၀၀)၊ သုဒဿီဘုံ-ကမ္ဘာ (၈၀၀၀)၊ အကနိဋ္ဌဘုံ-ကမ္ဘာ (၁၆၀၀၀) ဟူ၍ အသီးသီးသက်တမ်းရှိကြပါသည်။

(၁၄) အရူပလေးဘုံတို့၏ သက်တမ်းများ

| | | |
|---|---|---|
| အာကာသာနဉ္စာယတနဘုံ | - ကမ္ဘာ | (၂၀၀၀၀) |
| ဝိညာဏဉ္စာယတနဘုံ | - ကမ္ဘာ | (၄၀၀၀၀) |
| အာကိဉ္စညာယတနဘုံ | - ကမ္ဘာ | (၆၀၀၀၀) |
| နေဝသညာနာသညာယတနဘုံ | - ကမ္ဘာ | (၈၄၀၀၀) |

## ကမ္ဘာပျက်ပုံ

ကမ္ဘာကြီးသည် မီးဖျက်၍လည်းပျက်၏။ ရေဖျက်၍လည်းပျက်၏၊ လေဖျက်၍လည်း ပျက်၏။ မီးဖျက်၍ ကမ္ဘာခုနစ်ကြိမ်ပျက်ပြီးသည့်နောက် ရှစ်ကြိမ်မြောက်တွင် ရေဖျက်၍ ကမ္ဘာပျက်၏။

ထိုသို့ မီးခုနစ်ကြိမ်၊ ရေတစ်ကြိမ်၊ အစီအစဉ်အတိုင်း အလှည့်ကျ ကမ္ဘာကိုဖျက်ဆီး၍ ကမ္ဘာ (၆၃)ကြိမ် ပျက်ပြီးသည့်နောက် (၆၄)ကြိမ်မြောက်တွင် လေတစ်ကြိမ်ဖျက်၍ ကမ္ဘာ ပျက်၏။

မီးဖျက်၍ ကမ္ဘာပျက်သောအခါ ပထမဈာန်သုံးဘုံအထိ ပျက်စီး၏။

ရေဖျက်၍ကမ္ဘာပျက်သောအခါ ဒုတိယဈာန်သုံးဘုံအထိ ပျက်စီး၏။

လေဖျက်၍ကမ္ဘာပျက်သောအခါ တတိယဈာန်သုံးဘုံအထိ ပျက်စီး၏။

## ကံမျိုးလေးလီ

ကုသိုလ်၊ အကုသိုလ်စေတနာကို 'ကမ္မ=ကံ' ဟုခေါ်၏။ ကံတို့သည် ကိစ္စအစွမ်း အားဖြင့် ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ ဥပပီဠကကံ၊ ဥပဃာတကကံဟူ၍ လေးမျိုးပြား၏။ ဤကံလေးမျိုးကို '**ကိစ္စကမ္မစတုက္က**' ဟုမှတ်အပ်၏။

အကျိုးပေးသော အလှည့်အကြိမ်အားဖြင့် ဂရုကကံ၊ အာသန္နကံ၊အာစိဏ္ဏကံ၊ ကဋတ္တာကံဟူ၍ ကံလေးမျိုးပြားပြန်၏။ ဤကံလေးမျိုးကို 'ပါကဒါနပရိယာယကမ္မ စတုက္က' ဟုမှတ်အပ်၏။

အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယကံ၊ အဟောသိကံဟု လေးမျိုးပြားပြန်၏။ ဤကံလေးမျိုးကို 'ပါကကာလ ကမ္မစတုက္က' ဟုဆိုအပ်၏။

အကျိုးပေးရာဘုံဌာန၏ အစွမ်းအားဖြင့် အကုသိုလ်ကံ၊ ကာမာဝစရကုသိုလ်ကံ၊ ရူပါဝစရကံ၊ အရူပါဝစရကံဟူ၍ လေးမျိုးတစ်ဖန် ပြားပြန်၏။ ဤကံလေးမျိုးကို 'ပါကဋ္ဌာန ကမ္မစတုက္က' ဟုမှတ်ယူအပ်၏။

**ကိစ္စကမ္မစတုက္က**

ကိစ္စအစွမ်းဖြင့် ကံလေးမျိုးကွဲပြားပုံမှာ-

(၁) ဇနကကံ = ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ကိုယ်တိုင်ဖြစ်စေတတ်သောကံ။ ဇနကကံသည် ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့၌ ဝိပါက်စိတ်နှင့် စေတသိက်များ(ဝိပါက်နာမက္ခန္ဓာ)၊ ကမ္မဇရုပ်နှင့် ဥတုဇရုပ် (ကဋတ္တာရုပ်)တို့ကို ဖြစ်စေတတ်သောကုသိုလ်၊ အကုသိုလ်စေတနာ ဖြစ်၏။

(၂) ဥပတ္ထမ္ဘကကံ = ဇနကကံကို အထောက်အပံ့ပြုသောကံ၊ မိမိကိုယ်တိုင်ကား အကျိုးမပေးနိုင်၊ တစ်ပါးသောကံကို အကျိုးပေးခွင့်ရလေအောင်၊ အကျိုးပေးခွင့်ရသည့်အခါ အကျိုးပေးသန်လေအောင်၊ အကျိုးပေးနေသည့်အခါ ထိုအကျိုးများ ကြာရှည်ဖွံ့ဖြိုးလေအောင် လျော်စွာထောက်ပံ့ကူညီတတ်သောကုသိုလ်၊ အကုသိုလ်ကံကို ဆိုလိုသည်။

(၃) ဥပပီဠကကံ = ဇနကကံ၏အကျိုးကို အားနည်းချည့်နဲ့အောင် ဖိနှိပ်တတ်သောကံ၊ တစ်ပါးသောကံ အကျိုးပေးခွင့်မရလေအောင်၊ အခွင့်ရလျှင် အကျိုးပေးမထက်သန်အောင်၊ ရပြီးသည့်အကျိုးကိုလည်း မဖွံ့ဖြိုးလေ အောင် ကပ်၍နှိပ်စက်တတ်သောကံကို ဆိုလို၏။

(၄) ဥပဃာတကကံ= ဇနကကံအကျိုးပေးထားသော ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ် အစဉ်ကို ဖြတ်တတ်သောကံ။

## ပါကဒါနပရိယာယကမ္မစတုက္က

(၁) ဂရုကံ = တစ်ပါးသောကံများက မတားမြစ်နိုင်ဘဲ စုတိပြီးအခြားမဲ့၌ အကျိုးပေးမြဲဖြစ်သော အလွန်အပြစ်ကြီးသည့်အကုသိုလ်ကံ သို့မဟုတ် အလွန်အာနုဘော်ကြီးသောကုသိုလ်ကံ။ (အမိကိုသတ်သော မာတုဃာတကကံ၊ အဘကိုသတ်သောပိတုဃာတကကံ၊ ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ၊ မြတ်စွာဘုရားကိုသွေးစိမ်းတည်အောင်ပြုသော လောဟိတုပ္ပါဒကကံ၊ သံဃာကိုသင်းခွဲသော သံဃဘေဒကကံဟူ၍ ဤအနန္တရိယကံငါးပါး (ပဥ္စာနန္တရိယကံ)တို့ကို အကုသိုလ်အရာ၌ ဂရုကံများဟုမှတ်အပ်၏။ ကံ-ကံ၏အကျိုးမရှိဟု မှတ်ယူသော နိယတမိစ္ဆာဒိဋ္ဌိကိုလည်း အချို့က ဂရုကံ၌ထည့်သွင်းကြ၏။ ကုသိုလ်အရာ၌မူ မဟဂ္ဂုတ်ကုသိုလ်ကံနှင့် လောကုတ္တရာကံတို့ကို ဂရုကံများဟု မှတ်အပ်၏။

(၂) အာသန္နကံ = ရှေးအခါက ပြုခဲ့ပြီး၍ သေခါနီးအခါ၌အောက်မေ့အပ်သော ကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်း၊ သေခါနီးသောအချိန်၌ပြုအပ်သော ကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်းအာသန္နကံမည်၏။

(၃) အာစိဏ္ဏကံ= အမြဲမပြတ် နေ့စဉ်ဝတ်ထား၍ လေ့လာပြုလုပ်အပ်သောကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်း၊ တစ်ကြိမ်ပြုပြီးနောက် အမြဲမပြတ် ဆင်ခြင်အောက်မေ့အပ်သော ကုသိုလ်၊ အကုသိုလ်ကံသည်လည်းကောင်း အာစိဏ္ဏကံ မည်၏။

(၄) ကဋတ္တာကံ= ဂရုက၊ အာသန္န၊ အာစိဏ္ဏကံအခြေအနေသို့ မရောက်တတ်ဘဲ ဤဘဝ၌ပြုလုပ်ခဲ့သော ကံများနှင့်ရှေးရှေးဘဝများ၌ပြုလုပ်ခဲ့သောကံများတည်း။ ဤကံတို့လည်း အခွင့်သာသည့်အခါ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးကို ပေးနိုင်ကြ၏။

အထက်ပါကံလေးပါးတို့၏ အလှည့်စဉ်အတိုင်းအကျိုးပေးပုံမှာ အကြင်ပုဂ္ဂိုလ်တစ်ဦးတွင် ကံလေးမျိုး စလုံးရှိငြားအံ့။ ဂရုကံသည် ရှေးဦးစွာစုတိ၏အခြားမဲ့ဖြစ်သော

ဒုတိယဘဝ၌အကျိုးပေး၏။ ထိုကံမရှိခဲ့သော် အာသန္နကံသည်အကျိုးပေး၏။ အာသန္နကံ မရှိခဲ့သော် အာစိဏ္ဏကံသည် အကျိုးပေး၏။ ယင်းအာစိဏ္ဏကံမရှိခဲ့သော် ကဋတ္တာကံသည် အကျိုးပေး၏။

## ပါကကာလကမ္မစတုက္က

အကျိုးပေးရာကာလအစွမ်းအားဖြင့် ကံလေးမျိုးကွဲပြားပုံ-

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ။ ဇောခုနစ်ချက်တို့တွင် ပထမဇောစေတနာသည် ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခြင်းကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

(၂) ဥပပဇ္ဇဝေဒနီယကံ = အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ။

(၃) အပရာပရိယဝေဒနီယကံ= မျက်မှောက်ဘဝနှင့် ဒုတိယဘဝတို့မှတစ်ပါး တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတတ်သော အလယ်ဇောငါးချက်စေတနာ။

(၄) အဟောသိကံ = အထက်တွင်ဆိုခဲ့ပြီးသော ဒိဋ္ဌဓမ္မဝေဒနီယကံစသည့် ကံသုံးပါးတို့သည် အကျိုးပေးရန် အခွင့်မသာ အခါမသင့် ဖြစ်ခဲ့လျှင် မိမိတို့ဆိုင်ရာကာလအားလျော်စွာ အကျိုးမပေးနိုင်ကြတော့ဘဲ အလိုလိုသုဉ်း၍ သုဉ်း၍သွားကြ၏။ ထိုအခါ ထိုကံတို့သည် အဟောသိကံ ဖြစ်ကုန်ကြ၏။

## ပါကဌာနကမ္မစတုက္က

အကျိုးပေးရာဘုံဌာန၏အစွမ်းအားဖြင့် ကံလေးမျိုးကွဲပြားပုံ-

(၁) အကုသိုလ်ကံ = အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကိုပေးသော ကံဖြစ်၏။

(၂) ကာမကုသိုလ်ကံ = ကာမသုဂတိခုနစ်ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးကို ပေးသောကံဖြစ်၏။

(၃) ရူပါဝစရကုသိုလ်ကံ = ရူပပြဟ္မာ ၁၆ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးသော ကံဖြစ်၏။

(၄) အရူပါဝစရကုသိုလ်ကံ = အရူပပြဟ္မာ၄-ဘုံ၌ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးတို့ကို ပေးသောကံဖြစ်၏။

## အကုသိုလ်ကံသုံးမျိုး

ကံဖြစ်ရာဖြစ်ကြောင်း ဖြစ်သည့်ဌာနကို 'ကမ္မဒွါရ' ဟုခေါ်၏။

ကာယဝိညတ်ရုပ်ဟုဆိုအပ်သော ကိုယ်အမူအရာအထူးသည် ကိုယ်ဖြင့်ပြုလုပ်သော ကာယကံ၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သောကြောင့် ကာယဒွါရမည်၏။

ဝစီဝိညတ်ရုပ် ဟုဆိုအပ်သော နှုတ်အမူအရာအထူးသည် နှုတ်ဖြင့်ပြောဆို၍ အထမြောက်စေသော ဝစီကံဖြစ်ရာဖြစ်ကြောင်း ဖြစ်သောကြောင့် ဝစီဒွါရ မည်၏။

* အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ(လောဘ၊ ဒေါသ၊ ဒိဋ္ဌိ) တို့နှင့် အတူတကွဖြစ်သော လောဘမူ၊ ဒေါသမူ၊ ဇောစိတ်တို့သည် မနောဒွါရ မည်၏။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးဟူ၍ စုစုပေါင်း အကုသိုလ်ကံ(ဝါ)ဒုစရိုက် (၁၀)ပါးရှိသည်။

---

## အကုသိုလ်(၁၀)ပါး (ဒုစရိုက် ၁၀-ပါး)

**၁။ ကာယကံသုံးပါး**

(၁) ပါဏာတိပါတကံ = သတ္တဝါတို့ကိုသေစေလိုသောစေတနာဖြင့်သတ်ဖြတ်မှု။

(၂) အဒိန္နာဒါနကံ = သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားရယူလိုသော စေတနာဖြင့် ခိုးဝှက်၊လုယက်၊ လှည့်ပတ်တိုက်ခိုက်ယူမှု။

(၃) ကာမေသုမိစ္ဆာစာရကံ= အုပ်ထိန်းသူပိုင်ဆိုင်သူတို့ ခွင့်မပြုသဖြင့် မသွားလာအပ်သော ဝတ္ထုကာမတို့၌ ယုတ်မာစွာကျင့်ကြံကျူးလွန်မှု။

**၂။ ဝစီကံလေးပါး**

(၁) မုသာဝါဒကံ = သူတစ်ပါးအားအကျိုးပျက်စီးစေလိုသောစေတနာဖြင့် မဟုတ် မမှန်လိမ်လည်၍ ပြောဆိုမှု။

(၂) ပိသုဏာဝါစာကံ = ချစ်ခင်ညီညွတ်နေသူတို့အား အချစ်ပြယ်၍ကွဲပြားစေလိုသော စေတနာဖြင့် ကြမ်းတမ်းယုတ်မာစွာ ဆဲရေးတိုင်းထွာပြောဆိုမှု။

(၃) ဖရုသဝါစာကံ = သူတစ်ပါးတို့အား နားနှလုံးမချမ်းသာ၍ နာကြည်းစေလိုသော စေတနာဖြင့် ကြမ်းတမ်းယုတ်မာစွာ ဆဲရေးတိုင်းထွာပြောဆိုမှု။

(၄) သမ္ဖပ္ပလာပကံ = ပစ္စုပ္ပန်နှင့်သံသရာ၌ ကောင်းကျိုးချမ်းသာနှင့် မစပ်သော သိမ်ဖျင်းသောစကား၊ အတင်းအဖျင်းစကားများကို ပြောဆိုမှု။

၃။ မနောကံသုံးပါး

(၁) အဘိဇ္ဈာကံ = သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မိမိ၏စည်းစိမ် ဥစ္စာအဖြစ်သို့ ရောက်စေလိုသော စေတနာဖြင့်ကြံစည်မှု။

(၂) ဗျာပါဒကံ = သူတစ်ပါးတို့၏ စည်းစိမ်ဂုဏ်သိမ် ပျက်စီးခြင်းနှင့် သတ္တဝါတို့ သေကျေပျက်စီးခြင်းကို ဖြစ်ပေါ်စေလိုသောစေတနာဖြင့် ကြံစည်မှု။

(၃) မိစ္ဆာဒိဋ္ဌိကံ = ကောင်းမှုမကောင်းမှုကိုပြုသော်လည်း ကောင်းမှုကံ၊ မကောင်းမှုကံမဖြစ်၊ ထိုကောင်းမှုကံ မကောင်းမှုကံ၏အကျိုးလည်းမရှိဟု ကံနှင့်ကံ၏အကျိုးကိုပယ်၍ လွဲမှားစွာရှုမြင်၊ ယုံကြည်ယူဆမှု။

မှတ်ချက်။ ။ ကံဟူသည်မှာ စိတ်နှင့်ယှဉ်ဖက်ဖြစ်သည့်စေတနာကိုခေါ်၏။ အကုသိုလ်ကံသည် မကောင်းမှုကိုဖြစ်စေလိုသော စေတနာဖြစ်၏။ ကာယကံဟူသည်မှာ ကိုယ်လက်လှုပ်ရှားမှု ကာယဝိညတ်ဖြင့် အများအားဖြင့် ပြုလုပ်လေ့ရှိသော အကုသိုလ်ကံနှင့် ကုသိုလ်ကံ တို့ကိုဆို၏။ သို့သော် ကာယကံဟု သတ်မှတ်ထားသော ပါဏာတိပါတကံ၊ အဒိန္နာဒါနကံနှင့် ကာမေသုမိစ္ဆာစာရကံတို့ကို ကာယပယောဂဖြင့်သာမက ဝစီပယောဂဖြင့်လည်း ကျူးလွန်နိုင်၏။ ဥပမာ- ဓါးပြဗိုလ်က မိမိ၏ငယ်သားအား 'သတ်စေ' ဟု အမိန့်ပေး၍ သတ်ခြင်းအမှုကိုစွာပြီးမြောက်စေလျှင် ဝစီပယောဂဖြင့် ပါဏာတိပါတကံကို ကျူးလွန်ခြင်း ဖြစ်၏။

ထို့အတူ ဝစီကံလေးပါးသည် နှုတ်အမှုအရာ ဝစီဝိညတ်ဖြင့် အများအားဖြင့် ကျူးလွန်ကြသော အကုသိုလ်ကံများဖြစ်ကြ၏။ သို့ရာတွင် ဤကံလေးပါးကို ဝစီပယောဂဖြင့်သာမက ကာယပယောဂဟူသည့် လက်ခြေဦးခေါင်းစသည်တို့၏ အမူအရာဖြင့်လည်း ကျူးလွန်နိုင်၏။

ဥပမာ အမှန်ကိုအမှားထင်စေလိုသော စေတနာ၊ အမှားကိုအမှန်ထင်စေလိုသောစေတနာဖြင့် ခေါင်းညိတ်ခြင်း၊ လက်ခါပြခြင်းစသည်တို့သည် ဝစီကံကို ကာယပယောဂဖြင့် ကျူးလွန်ခြင်း ပင် ဖြစ်သည်။

**ငါးပါးသီလနှင့် ဒုစရိုက်ဆယ်ပါး**

အကုသိုလ်ကံ ၁၀ပါးကို အကုသလကမ္မပထတရား၁၀ပါးဟုခေါ်၏။ အကုသလ ကမ္မ= အကုသိုလ်ကံ၊ ပထ = အပါယ်ရောက်ကြောင်းလမ်း။

ထို့ကြောင့် အကုသိုလ်ကံ၁၀ပါးကို ဒုစရိုက် ၁၀-ပါးဟုလည်းခေါ်၏။

ဒု = မကောင်းသော၊ စရိတ = စရိုက်၊ အကျင့်။

ငါးပါးသီလကိုစောင့်ထိန်းရုံဖြင့် ဒုစရိုက် ၁၀ပါးကို လုံခြုံစွာ တားဆီးနိုင်ပါသလား။

တားဆီးနိုင်ပါသည်။ အဘယ်သို့တားဆီးနိုင်ပါသနည်းဟူမူ အကုသိုလ်ကံ ၁၀ပါးကို သဘောတူ ကိစ္စတူ၊ လက္ခဏာဟာရနည်းဖြင့်အကျဉ်းချုံး၍ ပေါင်းရုံးသော် -

(၁) ပါဏာတိပါတကံ၊ (၂) အဒိန္နာဒါနကံ၊ (၃) ကာမေသုမိစ္ဆာစာရကံ၊ (၄) မုသာ ဝါဒကံ၊ (၅) မိစ္ဆာဒိဋ္ဌိကံဟူ၍ ကံငါးပါးကိုသာရပါသည်။

ပေါင်းရုံးသည့်နည်းမှာ ဗျာပါဒကံကို ပါဏာတိပါတကံ၌လည်းကောင်း၊ အဘိဇ္ဈာ ကံကို အဒိန္နဒါနကံ၌လည်းကောင်း၊ ပိသုဏာဝါစာ၊ ဖရုသဝါစာနှင့် သမ္ဖပ္ပလာပတည်းဟူသော ကံသုံးပါးကို မုသာဝါဒကံ၌လည်းကောင်း အသီးသီးထည့်သွင်း၍ ရေတွက်ခြင်းဖြစ်၏။

သူတစ်ပါးတို့၏ အသက်စည်းစိမ် သေကျေပျက်စီးရန် ကြံစည်ခြင်းဟူသော ဗျာပါဒ ကံသည် သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းဟူသည့် ပါဏာတိပါတကံတွင် အကျုံး ဝင်၏။

သူတစ်ပါး၏စည်းစိမ်ဥစ္စာကို မိမိ၏စည်းစိမ်ဥစ္စာအဖြစ်သို့ရောက်ရန် ကြံစည်ခြင်း ဟူသည့် အဘိဇ္ဈာကံသည် သူတစ်ပါး၏ဥစ္စာကို ခိုးဝှက်လုယက်တိုက်ခိုက်ယူခြင်း ဟူသော အဒိန္နာဒါနကံတွင် အကျုံးဝင်၏။

ချစ်ခင်ညီညွတ်နေကြသူတို့အား စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်ပြောဆိုခြင်း ဟူသည့်

ပိသုဏာဝါစာသည်မဟုတ်မမှန်သော မုသားစကားပင်ဖြစ်၏။ ဖရုသဝါစာဟူသည့် ကြမ်းကြုတ်စွာ ဆဲရေးတိုင်းထွာသည့် စကားများကို စိစစ်လျှင် မဟုတ်မှန်သော မုသားစကားများဖြစ်ကြောင်း တွေ့ရမည်ဖြစ်၏။ သူတစ်ပါး၏ ဂုဏ်သိက္ခာကိုထိပါးစေမည့် အတင်းအဖျင်းစကားများနှင့် စိတ်ကူးယဉ်ကြံဆ၍ရေးသားထားကြသည့် ပုံတိုပတ်စ၊ ဝတ္ထုပုံပြင်၊ ရုပ်ရှင်ဇာတ်လမ်းစသည်တို့သည်လည်း သေသေချာချာစိစစ်ကြည့်လျှင် မဟုတ်မမှန်သော အကြောင်းအရာများသာဖြစ်ကြ၏။ သို့အတွက် ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပတို့ကို ပြောဆိုခြင်း ဟူသည့် စေတနာကံတို့သည် မုသာဝါဒကံတွင် အားလုံးအကျုံးဝင်ကြ၏။

ငါးပါးသီလကိုစောင့်ထိန်းသောသူသည် အထက်တွင်ပေါင်းရုံးထားသည့် ကံငါးပါးကို မကျူးလွန်မိအောင် စောင့်ထိန်းရခြင်းဖြစ်၏။ မကောင်းမှုဒုစရိုက်ကံသည် အပါယ်ငရဲသို့ လားရောက်စေခြင်း စသည့်မကောင်းကျိုးပေးမည်ကို ယုံကြည်သောကြောင့်သာ သီလစောင့်ထိန်းသည်ဖြစ်၍ ငါးပါးသီလကို ခံယူဆောက်တည်ကတည်းက မိစ္ဆာဒိဋ္ဌိအယူကို ပယ်ခွန့်ပြီး ဖြစ်ပေသည်။

ထို့အပြင် ငါးပါးသီလ၌ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ = မေ့လျော့မှုးယစ်စေတတ်သော သေရည် အရက်၊ ဘိန်းဘင်းကဇော်၊ လော်ဇာ၊ ဆေးခြောက်စသည်တို့ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ = ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကို။ သမာဒိယာမိ = ကောင်းစွာဆောက်တည်ပါ၏ ဟူသည့် သိက္ခာပုဒ်လည်း ပါဝင်၏။ မေ့လျော့မူးယစ်နေသောသူသည် အကောင်းအဆိုး အမှန်အမှားကို မခွဲခြား မဆုံးဖြတ်နိုင်တော့သည့်အတွက် အကုသိုလ် အမှုများကို ပြုလုပ်ရန်ဝန်မလေးတော့ပေ။ ထို့ကြောင့်ဒုစရိုက်အမှုများကို မပြုလုပ်မိရန် မီးမလောင်ခင်ကြိုတင်ကာကွယ်သည့်အနေနှင့် 'သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိ' ဟူသည့် သိက္ခာပုဒ်ကို စောင့်ထိန်းစေခြင်းဖြစ်၏။ သို့ဖြစ်၍ အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးကို ပိတ်ဆို့ထားနိုင်ပြီဖြစ်သည်။

ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲမြံစွာ လူအပေါင်း ကျင့်ကြံဆောက်တည်ရေးအတွက် ဘုရားရှင်တိုင်း ဟောကြားတော်မူ၏။

စကြဝဠာအနန္တရှိကြောင်းကို အရှင်ဗုဒ္ဓစာရ ရေးသားတော်မူသော ''ဗုဒ္ဓဝါဒီတို့၏

ရည်မှန်းချက်ပန်းတိုင်'' စာအုပ်မှ ''အရှင်ကုမာရာဘိဝံသ၏အမှာစာ'' ကိုရေးသား ဖေါ်ပြအပ်ပါသည်။

## ဗုဒ္ဓသိတော်မူသော အနန္တစကြဝဠာနှင့် ယနေ့သိပ္ပံပါရဂူတို့အမြင်

ယနေ့ - ကမ္ဘာလောကကြီးတွင် သိပ္ပံဘာသာရပ် ထင်ပေါ်ကျော်ကြားထွန်းကားလျက်ရှိသည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ပေသည်။ သိပ္ပံဘာသာရပ် (ဝါ) သိပ္ပံပညာ ထွန်းကားလာမှုကြောင့် သိပ္ပံအတတ်ပညာရှင်တို့၏ တည်ထွင်ကြံဆမှုကို အကြောင်းပြု၍ ရုပ်ဝတ္ထုပစ္စည်းမျိုးစုံတို့သည် တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက် တစ်နှစ် တိုးတက်ဆန်းသစ်လျက်ရှိပေသည်။ လူနေမှု အဆင့်အတန်းတို့သည်လည်း တစ်နှစ်ထက် တစ်နှစ်၊ တစ်ခေတ်ထက်တစ်ခေတ်၊ မြင့်သည်ထက်မြင့်၍ လာပေသည်။ နောက်ပိတ်ဆုံးခြုံကြည့်၍ပြောရလျှင် နှစ်ထောင်းအားရစရာကြီး ဖြစ်ပေသည်။ မကောင်းသည့်ဘက်မှ တွေးကြည့်လျှင်မိနစ်ပိုင်း နာရီပိုင်းအတွင်း၌ ဤကမ္ဘာလောကကြီးနှင့်တကွ ရှိရှိသမျှပုဂ္ဂိုလ်၊ သတ္တဝါမှန်သမျှပျက်ပြုန်းဆိတ်သုဉ်းသွားနိုင်ပေသည်။ ထိတ်လန့်စရာ၊ ကြောက်ရွံ့စရာခေတ်၊ အတိမ်းအစောင်းမခံသော ခေတ်ကြီးဖြစ်ပေသည်။

ယင်းကဲ့သို့ သိပ္ပံပညာရပ် (ဝါ) လောကဓာတ်ပညာရပ် တိုးတက်ဆန်းသစ်လာမှုကို အကြောင်းပြု၍ မိမိတို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာအမည်ကို ခံယူထားကြသော ပုဂ္ဂိုလ် တချို့သည် လေသံပြောင်းလာကြသည်။ ''ကျုပ်တို့က လက်တွေ့မျက်တွေ့ သိပ္ပံနည်းကျမှ လက်ခံယုံကြည်ချင်တယ်''ဟုဆိုကာ ဗုဒ္ဓဘာသာအပေါ် ယုံကြည်အားထားမှု ပေါ့လျော့သွားသူများသည်လည်း ရှိခဲ့ကြလေသည်။ တချို့သော ပုဂ္ဂိုလ်များကျတော့ ဗုဒ္ဓဘာသာကို စွန့်လွှတ်ပြီး ဘာသာမဲ့ဖြစ်သွားသည်ကိုလည်း ကိုယ်တွေ့မြင်ခဲ့ရလေသည်။

ထိုမျှမက ဗုဒ္ဓ၏ဝိနယအမွေကို ဆက်ခံထားလျက်ရှိကြသော စာသင်သား ရဟန်းတော်များပင်လျှင် သို့လော - သို့လောဟူ၍ ယုံမှားသံသယ အဝင်ခံခဲ့ရသည်ဟု ဆိုကြပါသည်။ အဘယ်သို့ ဝင်ကြသနည်းဟူမူ မိမိတို့၏ဆရာသမားဖြစ်တော်မူကြသော ကျေးဇူးတော်ရှင်

တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းဓမ္မနာဒ ဆရာတော်ဘုရားကြီးသည် မကြာသေးခင်လှ သေးသော အချိန်က (မြို့ကြီးတစ်မြို့)တွင် ညဥ့်တရားပွဲ ဟောကြားတော်မူသည်ဆို၏။ ယင်း တရားပွဲပြီးသွားသောအခါ စာသင်သားကိုယ်တော်အချို့သည် ဆရာတော်ဘုရားကြီးထံချဉ်းကပ်၍ အနန္တစကြဝဠာဆိုသည်မှာ ရှိမရှိလျှောက်ထားကြသည် ဆို၏။ ဆရာတော်ဘုရားကြီးလည်း မေတ္တာတော်အပြည့်အဝဖြင့် စာသင်သား ကိုယ်တော်များ ကျေနပ်အောင် ရှင်းပြခဲ့ရဖူးသည်ဟု တဆင့်စကား ကြားလိုက်ရပါသည်။

ဖော်ပြပါအတိုင်း ရတနာသုံးပါးအပေါ်၌ ဝိစိကိစ္ဆာ = ယုံမှားသံသယတွေကို တတ်စွမ်း နိုင်သမျှ ဖယ်ရှားနိုင်ရေးအတွက် ဤကျမ်း၏ မူလပဓာနဖြစ်သော "စတုသစ္စသမ္မာဒိဋ္ဌိ" (ဝါ) ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ မတက်လှမ်းသေးမီ (ဝါ) မူလကျမ်းရင်းကို မရေးသားမီ ကျမ်းဦးဒုတိယပိုင်းကို ရေးသားရခြင်းဖြစ်ပေသည်။ သို့မဟုတ်ပါက ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိသည်ဆိုရာ၌ပင်၊ ယုံမှားသံသယစိတ်တွေ ဝင်နိုင်ပါသည်။ ယင်းယုံမှားသံသယစိတ်တွေ မကင်းပါက သိနိုင်ခဲ၊ မြင်နိုင်ခဲ၊ ရနိုင်ခဲလှစွာသော "စတုသစ္စ သမ္မာဒိဋ္ဌိ" (ဝါ) သစ္စာလေးတန်တရားမှန်ကို သိနိုင်၊ မြင်နိုင်၊ ရနိုင်ရန် ခဲယဉ်းလှပေသည်။ သို့ဖြစ်၍ "ဗုဒ္ဓသိတော်မူသော အနန္တစကြဝဠာနှင့် ယနေ့သိပ္ပံပါရဂူတို့၏အမြင်" ကျမ်းဦး ဒုတိယပိုင်းကို အလေးအနက်ထားကာ ရှေဦးစွာ ကြည့်ရှုလေ့လာကြပါရန် နှိုးဆော်တိုက်တွန်း လိုက်ရပါသည်။

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော လောက ဝိဒူဂုဏ်ရှင် သ ဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားရှင်သည် သက်တော်ထင်ရှား ရှိစဉ်အခါ သတ္တလောက၊ ဩကာသ လောက၊ သင်္ခါရလောက-ဟုဆိုအပ်သော လောကသုံးပါးအကြောင်း အောက်ဖော်ပြပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

## ဗုဒ္ဓ၏စကြဝဠာအနန္တ (ဝါ) အနန္တစကြဝဠာ

၁။ သတ္တလောက = သက်ရှိသတ္တဝါများကိုခေါ်သည်၊ ဥပမာ-လူနှင့်တကွ ကုန်းနေ သတ္တဝါများ၊ ရေနေသတ္တဝါများအပြင်၊ ငရဲ၊ ပြိတ္တာ၊ နတ်၊ ဗြဟ္မာဟူသော တခြားပုဂ္ဂိုလ်၊သတ္တဝါတွေကို ဆိုလိုသည်။

၂။ ဩကာသလောက = ရှိရှိသမျှပုဂ္ဂိုလ်၊ သတ္တဝါများတည်နေရာ လောကကြီးကို ခေါ်သည်၊ ဥပမာ- အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်နှစ်ဆယ်ပါဝင်သော ကမ္ဘာလောကကြီးအပြင်၊ တခြားသော ကမ္ဘာလောကတွေ၊ လောကသားတွေ တည်ရှိရာ၊ အနန္တကမ္ဘာကို ဆိုလိုသည်၊ (ဝါ)အနန္တစကြဝဠာကို ဆိုလိုသည်။

၃။ သင်္ခါရလောက = ကံ၊ စိတ်၊ ဥတု၊ အဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်ပေါ်လာကြကုန်သော ရုပ်၊ နာမ်၊ ဓမ္မ အဝဝတို့ (ဝါ)နာမ်တရား၊ ရုပ်တရားတို့ကို သင်္ခါရဟုခေါ်သည်။

မြတ်စွာဘုရားရှင်များ ပွင့်တော်မူလာသော သာသနာတွင်းအချိန်နှင့် ကြုံတွေ့ရသောကြောင့် အထက်ဖော်ပြပါ " သတ္တလောက၊ သင်္ခါရလောကနှင့် ဩကာသလောက " ကို အပြည့်အစုံ ကြားခွင့်သိခွင့်ရခြင်းဖြစ်သည်။ ထို့အတူပင် မြတ်စွာဘုရားရှင်သာသနာတွင်း၌သာလျှင် ဤသည်ကား ဓါတ်ကြီးလေးပါး၊ ဤသည်ကား ဓာတ်ခြောက်ပါး၊ ဓာတ်တစ်ဆယ့်နှစ်ပါး၊ ဓါတ်တစ်ဆယ့်ရှစ်ပါးတို့ကို သိခွင့်၊ ညာဏ်မြင်ခွင့် ကျင့်သုံးခွင့်ရရှိသည်။ (ထိုဓါတ်တို့သည်လည်း တခဏမစဲ၊ တသဲသဲ၊ တဖွဲဖွဲ၊ တမွမွ၊ တရှုရှု ပျက်ပြိုနေသော အနိစ္စသဘောကို ဝိပဿနာညာဏ်ဖြင့်သိမြင်ခွင့်ရပေသည်)။ ပရမတ္ထသဘောအရ ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ်၊ လူ၊ ဗြဟ္မာ ဟူ၍မရှိ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသောအကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်လာသော ဓာတ်ရုပ်ဓာတ်နာမ်တွေသာရှိကြောင်း သိရပေသည်။

ယခုမိမိတို့ နေထိုင်လျက်ရှိကြသော သမ္မုတိသစ္စာအားဖြင့် ခေါ်ဆိုထားအပ်သည့် ဤကမ္ဘာကြီး၌ ယူဇနာပေါင်း များစွာကျယ်ဝန်းသည့် မြေပြင်မြေထုကြီးရှိပေသည်။ ထိုမြေထုကမ္ဘာကြီးကို ယူဇနာပေါင်းများစွာကျယ်သည့် ရေထုကြီးက အောက်ကခံထားသည်။ ၎င်းရေထုကြီးကို ယူဇနာပေါင်းများစွာကျယ်ဝန်းသည့် လေထုကြီးက ဝန်းရံပင့်တင်ထား (ဝါ) ထမ်းရွက်ထားသည်။ ဖော်ပြပါကမ္ဘာမြေနှင့်တကွ နေလတို့ နေရာဌာနကြီးကို " စကြဝဠာတစ်ခု " ဟုဆိုပါသည်။

## ဗုဒ္ဓမြတ်ဘုရားဟောကြားသည့် စကြဝဠာလေးမျိုး

(၁) သဟဿီ = စူဠနိကာလောကဓာတ်(ဝါ)အသေးစား တစ်ထောင်အုပ်စု စကြဝဠာ။

(၂) ဒွိသဟဿီ = မဇ္ဈိမိကာလောကဓာတ်(ဝါ) အလတ်စားတစ်သန်းအုပ်စု စကြဝဠာ။

(၃) တိသဟဿီ = မဟာသဟဿီလောကဓါတ်(ဝါ) အကြီးစား ကုဋေတစ်သိန်း စကြဝဠာ။

(၄) အနန္တစကြဝဠာ= မရေမတွက်နိုင်သည့် စကြဝဠာများ။

စကြဝဠာတစ်ခု၏ ပမာဏသည် ကျွန်းကြီးလေးကျွန်း၊ သမုဒ္ဒရာ နေ၊လများနှင့် အပါယ်လေးဘုံ၊ လူ့ ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ စသည်တို့ပါဝင်သော အုပ်စုကြီးတစ်ခု ဖြစ်သည်။ ယင်းသို့သောအုပ်စုကြီးမျိုး အများအပြားရှိသည်။ ဖော်ပြပါလောကဓါတ် (ဝါ) စကြဝဠာသုံးခု ကြားတွင် "လောကန္တရိတ်ငရဲ" ရှိသည်။ ထိုနေရာသို့ နေရောင်လရောင်တွေ မရောက် နိုင်သောကြောင့် "အမှောင်ထုကြီး ဖုံးလွှမ်းထားသောနေရာ" ဖြစ်သည်။ သိပ္ပံဘာသာရပ် လာ(BLACK HOLE)ဘလက်ဟိုး(လ်ဒ်)ခေါ်ကြသည့် "ကောင်းကင်ထောင်ချောက်ကြီး" များနှင့် ပူးတွဲလေ့လာနိုင်လျှင် ပို၍ရှင်းပါလိမ့်မည်။

(၁) ဖော်ပြပါ စကြဝဠာ= လောကဓာတ်ပေါင်း "တစ်ထောင်" ပါဝင်သည့် အုပ်စုကို အသေးစား သဟဿီ လောကဓာတ်ဟုခေါ်သည်။ ထိုလောကဓာတ်တစ်ထောင်ကို မြတ်စွာ ဘုရားရှင်၏ တပည့်သာဝကအချို့ သွားရောက်ထိတွေ့နိုင်ကြသည်၊ မသွားဘဲလည်း တန်ခိုး ဖြင့် မြင်နိုင်ကြားနိုင် သိနိုင်ကြသည်။

ဖော်ပြပါစကြဝဠာ= လောကဓါတ်ပေါင်း "တစ်သောင်း" ပါဝင်သည့် အုပ်စုကို "ဇာတိခေတ်"ဟုခေါ်သည်။ (မြတ်စွာဘုရားအလောင်းတော်များနှင့် မြတ်စွာဘုရားရှင်များ အတွက် ထူးခြားသောနိမိတ်ကြီးများဖြစ်ပေါ်လာလျှင် ထိုစကြဝဠာတစ်ခုလုံး သိမ့်သိမ့်ခါအောင် တုန်လှုပ်ပေးတတ်သည်။

(၂) ဖော်ပြပါစကြဝဠာလောကဓါတ်ပေါင်း တစ်သန်းပါဝင်သော အုပ်စုကို ဒွိသဟဿီ ၁၀၀၀×၁၀၀၀ အလယ် အလတ်စား စကြဝဠာအုပ်စုဟုခေါ်သည်။ မည်သူ၏ ဝိသယခေတ်ဟု

ကျမ်းဂန်တို့၌ အဆိုအမိန့် မရှိ၊ အရှင်ပစ္စေကဗုဒ္ဓါတို့၏အာရုံပြုသိရာ ဝိသယခေတ် ဟု ဆိုသင့်သည်။

(၃) ဖော်ပြပါစကြဝဠာ = လောကဓါတ်ပေါင်း(တသန်း×တသန်း) ''ကုဋေတစ်သိန်း'' ပါဝင်သော အုပ်စုကြီးကို အကြီးစားလောကဓာတ်ဟုခေါ်သည်။ ခေတ်သုံးမျိုးတွင် ''အာဏာခေတ်''ဟုခေါ်သည်။ မြတ်စွာဘုရားရှင်များ၏ပရိတ်ဒေသနာတော်၊ အာဏာစက်၊ တန်ခိုးသတ္တိ၊ အရှိန်အဟုန်တို့သည် အဆိုပါလောကဓာတ်ကြီးတခုလုံးသို့ ပျံ့နှံ့တော်မူသည်။ ဘုရားရှင်များ၏ အမိန့်အာဏာစက် သက်ရောက်ရာ ရပ်ဝန်းဒေသဖြစ်သည်။ ယင်းစကြဝဠာကုဋေတသိန်းသည် ဆိုးတူကောင်းဘက် ဖြစ်ဖော်ဖြစ်ဘက်၊ ပျက်ဖော်ပျက်ဘက်ဖြစ်ကြပေသည်။

(၄) ဖော်ပြပါ အကြီးစားလောကဓာတ်(ဝါ) အကြီးစားစကြဝဠာ ကုဋေတစ်သိန်းအုပ်စုမျိုးတို့သည်ပင် အပြောကျယ်လှသော အာကာသခွင်တွင် မရေမတွက်နိုင်အောင်ပင် ရှိကြသည်။ ''အနန္တစကြဝဠာ၊ စကြဝဠာအနန္တ'' ဖြစ်သည်။ ယင်းလောကဓာတ်ကြီး ''ဝိသယခေတ်'' ခေါ်သည်။ မြတ်စွာဘုရားရှင်တို့၏ ဉာဏ်တော်ဖြင့်သာလျှင် ထိတွေ့ကျက်စားနိုင်သော ''ရပ်ဝန်းဒေသ(ဝါ) ဒေသရပ်ဝန်း'' ဖြစ်ပေသည်။ ဘုရားမှတပါး အခြားမည်သူမျှ တပ်အပ်သေချာမသိနိုင်ကြချေ။ ဤသည်တို့ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား သိတော်မူသော ''အနန္တစကြဝဠာ'' ကိုအကျဉ်းချုံး၍ ဖော်ပြခြင်းဖြစ်ပါသည်။

အကျယ်ကိုလိုလားသော သုတေသီပုဂ္ဂိုလ်တို့သည် အောက်ဖော်ပြပါကျမ်းများတွင် လေ့လာကြည့်ရှုနိုင်ပါသည်။

(၁) ဒီဃနိကာယ် ဒုတိယအုပ် သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ ၇၈-တွင်၎င်း

(၂) သုတ်မဟာဝါပါဠိတော် မဟာပဒါနသုတ်နှင့် မဟာပရိနိဗ္ဗာန သုတ်တို့တွင်၎င်း၊

(၃) ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်တွင်၎င်း၊

(၄) လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ပရမတ္ထသံခိပ်ဋီကာတွင်၎င်း၊

(၅) ဓမ္မာစရိယ ဦးငွေးလှိုင်၏ ရတနာသုံးပါးကျေးဇူးရှင်များကျမ်းတွင်၄င်း၊ အသီးသီး လေ့လာကြည့်ရှုနိုင်ကြပါသည်။

## ယနေ့သိပ္ပံပါရဂူများတွေ့ရှိသော စကြဝဠာ

ယနေ့မျက်မှောက်ခေတ်သိပ္ပံပညာရှင်များ (ဝါ) သိပ္ပံပါရဂူများ စမ်းသပ်ရှာဖွေတွေ့ သိချက်အရ ယခု မိမိတို့ နေထိုင်လျှက်ရှိကြသော ကမ္ဘာလောကကြီး (ဝါ) စကြဝဠာလောက ခေတ်ကို "နေစကြဝဠာ" ဟုခေါ်ကြသည်။ နေကိုဗဟိုအချက်အချာထား၍ "ဒီကမ္ဘာမြေဂြိုဟ် တလုံး" နှင့်တကွ အခြား ဗုဒ္ဓဟူး-စသည့် ဂြိုဟ် ရှစ်လုံးအပါအဝင် "ဂြိုဟ်ကြီးကိုးလုံး" တို့က သူ့သွားနှုန်းနှင့် လှည့်ပတ်ကာ သွားနေကြသည်။

ဖော်ပြပါ ဂြိုဟ်ကိုးလုံးဆိုသည်မှာ နီးရာမှ ဝေးရာအလိုက် (၁) ဗုဒ္ဓဟူးဂြိုဟ်၊ (၂) သောကြာဂြိုဟ်၊ (၃) ကမ္ဘာ့ဂြိုဟ်၊ (၄) အင်္ဂါဂြိုဟ်၊ (၅) ကြာသပတေးဂြိုဟ်၊ (၆) စနေဂြိုဟ်၊ (၇) ယူရေးနတ်ဂြိုဟ်၊ (၈)နက်ပကျွန်းဂြိုဟ်၊ (၉) ပလူတိုဂြိုဟ်တို့ ဖြစ်ကြသည်။ ထိုဂြိုဟ် ကိုးလုံးအပြင် "လ" အပါအဝင် အရန်ကြယ် (ဝါ) အရန်ဂြိုဟ် သုံးဆယ့်တစ်လုံးနှင့် အခြား ဂြိုဟ်မွှန် ဂြိုဟ်မွှားများခြံရံကာ "နေစကြဝဠာ"ကိုတည်ဆောက်ထားကြောင်း တွေ့ရှိ ရသည်။

ဥပမာ-ကောင်းကင်ပေါ်သို့ လွှတ်တင်၍ထားသော "သောက်ရေအိုး ပမာဏရှိ" မီးပုံပူဖေါင်း ကြီးတစ်လုံး၊ ထိုပူဖေါင်းရဲ့ပတ်လည်တွင် "လျှပ်စစ်မီးသီး အရွယ်အစား" ပူဖေါင်းငယ်က ကိုးလုံးနှင့်၊ "ဆီးသီးအရွယ်" ပူဖေါင်းငယ်သုံးဆယ့်တစ်လုံးအပြင် အခြားအမွှန်အမွှားများ လည်း "စပျစ်သီးခိုင်" ကဲ့သို့ပြွတ်သိပ်တွဲကာ ဖြန့်ကြဲ၍ လေဟာပြင်ထဲတွင် ပူဖောင်းတွေ လွှတ်တင်ထားသကဲ့သို့ တည်ရှိနေကြသည်။ (မှန်းဆ၍ စိတ်ကူးကြည့်စေလိုပါသည်။)

ယခုမိမိတို့ နေထိုင်လျက်ရှိသော ကမ္ဘာကြီးသည်လည်း ဖေါ်ပြခဲ့သည့်အတိုင်း ကောင်းကင်လေဟာပြင်ထဲတွင် မျောပါနေသော "လေပူဖေါင်းကြီး" တလုံးသာ ဖြစ်ပေသည်။ "အခြားသောစကြဝဠာ" (ဝါ) အခြားသောလောကခေတ်တခုကနေ ကြည့်ရှုလျှင် မှိတ်တုတ် မှိတ်တုတ်နှင့် လှုပ်ရှားနေသော "ကြယ်မွှန် ကြယ်မွှားကလေး" တစ်ခုသာဖြစ်သည်။ (အခိုင် အမာ၊ အတွယ်အတာ၊ အထောက်အပံ့ရှိသော သဘောလက္ခဏာ မရှိဖူးဟု ဆိုပါသည်။)

ဤကမ္ဘာကြီးနှင့် နေလတို့၏ အတိုင်းအတာပမာဏသည် -
(၁) ကမ္ဘာကြီး၏ပမာဏ = ခုနစ်ထောင်ကိုးရာတစ်ဆယ့်ရှစ်မိုင်။
(၂) နေ၏ပမာဏ = ရှစ်သိန်းခြောက်သောင်းလေးထောင် သုံးရာကိုးဆယ့် သုံးမိုင်။
(၃) လ၏ပမာဏ = နှစ်ထောင်မိုင် အသီးသီးရှိကြသည်။

ဆွဲအားကြီးရာအလိုက် ဗဟိုပြု၍ လှည့်ပတ်နေကြသည်။ ''လ''သည် ကမ္ဘာကြီးကို တစ်လလျှင် တစ်ပတ်ကျ လှည့်နေသည်။ ဤကမ္ဘာကြီးကလည်း မိမိဝန်ရိုးမှာ တစ်ရက်လျှင် တစ်ပတ်၊ တစ်ပတ်ပတ်လည်ပြီးတော့ တစ်နှစ်ကြာသောအခါတွင် အပတ်ကြီးတစ်ပတ်ရအောင် နေကိုလှည့်၍သွားနေရသည်။ ''နေ''သည်သူ့ စကြဝဠာတွင် သူသည် အကြီးအမှူး အုပ်စု ဘုရင်ဖြစ်သည်။

ထိုနေမင်းကြီးသည်လည်း လူသားတွေအမြင်အားဖြင့် ကြီးကျယ်လှသည်။ လူသားတွေ အပေါ် ဩဇာညောင်းလှသည်။ ယင်းသို့ ထင်ရပေသည့်သူဟာလည်း အပြောကျယ်လှသော အာကာသလေဟာပြင်ကြီးထဲတွင် ''မထင်မရှားကြယ်မွှားကလေး'' တစ်လုံးသာဖြစ်သည်။ သူ့ထက်အင်အားကြီးမားသည့် ကြယ်ကြီးတွေ ကြယ်အုပ်စုကြီးတို့၏ ဆွဲငင်ဓာတ်အားကို မလွန်ဆန်နိုင်ဘဲ သူ့အခြွေအရံအသင်းအပင်းများကိုပါ ခေါ်ဆောင်၍ သူ့ထက်ကြီးသော ကြယ်အုပ်စုကြီးကို နှစ်ပေါင်း ကုဋေ(၂၂.၅)အကြာတွင် တစ်ပတ်ရအောင် လှည့်ပတ်နေရသည် ဆို၏။

သူ့ထက်ကြီးသော ကြယ်အုပ်စုကြီးဆိုသည်မှာ ပါဠိလို ''အာကာသဂင်္ဂါ'' ကောင်းကင် မြစ်ကြီး အင်္ဂလိပ်လို (Milkyway)မစ်လ်ကီဝေးလို့ခေါ်သည်။ (GALAZY) ဂလက်ဆီ လို့လည်း ခေါ်သည်။ (ဝါ) မြန်မာဝေါဟာရအားဖြင့် ခေါ်ဝေါ်သမုတ်အပ်သော ''နဂါးငွေ့တန်းကြီး'' ဖြစ်သည်။ (ရာသီဥတုသာယာသော ညဦးအခါမှာကြည့်လျှင် မြင်ရပါသည်။)

ထိုနဂါးငွေ့တန်းကြီးသည် ပကတိမျက်စိဖြင့်ကြည့်လျှင် မိုးကုတ်စက်ဝိုင်း၏ နခမ်းတွင် ဆုံးသွားသည်ဟု ထင်ရသည်။ သို့သော် အားကောင်းသော မှန်ဘီလူးဖြင့် ကြည့်ခဲ့လျှင် ''ဝမ်းဘဲဥပုံ ခရုခွေကြီး'' တစ်ခုဖြစ်နေကြောင်းတွေ့ရသည်ဟု အဆိုရှိပေသည်။

ယင်း (GALAZY)ဂလက်ဆီ ဟုခေါ်သော ခရုခွေကြီးသည်လည်း ''စကြဝဠာကြီး''

(ဝါ) လောကဓာတ်အုပ်စုတစ်ခုဖြစ်သည်။ မိမိတို့၏ ''နေစကြဝဠာ''သည် ထိုခရုကောင်ကြီး (ဝါ) ခရုခွေကြီး၏ နောက်ဆုံးအခွေ အစွန်အဖျားဘေးသားပေါ်တွင်ရှိသော မပြောပလောက်သည့် ''ကြေးခွံကလေး'' တစ်ခုသာ ဖြစ်သည်။ ထိုစကြဝဠာအခွံကလေး (ဝါ) ''နေစကြဝဠာ''က သူ့ရဲ့မှီခိုရာ စကြဝဠာအုပ်စုကြီးကို တစ်ပတ် ပတ်မိရန် အထက်ဖော်ပြခဲ့သည့်အတိုင်း ကုဋေ ၂၂.၅နှစ်ကြာအောင် သွားခဲ့ရသည်။

ထိုခရုကောင်စကြဝဠာအုပ်စုကြီးတွင် ဖြစ်ဖော်ဖြစ်ဖက် ကြယ်ပေါင်း ''ကုဋေ တစ်သောင်း''ခန့် ပါဝင်သည်။ ''ယင်းခရုကောင် (ဝါ) နဂါးငွေ့တန်းသဏ္ဌာန်'' စကြဝဠာ အုပ်စုကြီးပေါင်း''နှစ်ထောင်ငါးရာ'' ပါဝင်သော လောကဓာတ်ကြီးတခုကို ''မဟာလောက ဓာတ်ကြီး'' ဟုခေါ်သည်။ မိမိတို့၏ ''နေစကြဝဠာ'' ပါဝင်သောအုပ်စုကြီးက အဆိုပါ ''မဟာလောကဓာတ်ကြီး'' ကိုမိုင်ပေါင်း ''တစ်သန်းသုံးသိန်း''နှုန်းဖြင့် လှည့်ပတ်နေရသည်ဟု ဆိုသည်။

ဖော်ပြပါ မိမိတို့ နေစကြာဝဠာပါဝင်သော (GALAZY) ဂလက်ဆီ ခရုကောင်ကြီး (ဝါ) နဂါးငွေ့တန်းကြီး၏ အကျယ်အဝန်း ပမာဏမှာ ဤမှာဘက်ထိပ်မှ ဟိုမှာဘက်ထိပ်သို့ ''အလင်းနှစ်တစ်သိန်းငါးသောင်း'' ရှိသည်။ ထုအားဖြင့် ''အလင်းနှစ်'' နှစ်သောင်းငါးထောင် မှ လေးသောင်းထိရှိသည်။

အဆိုပါ (Milkyway)မစ်လ်ကီဝေးပေါင်းမြောက်များစွာပါဝင်သော (NABULA) နက်ဗျူလာ ကြီးတစ်ခုနှင့်တခု အကွာအဝေးမှာ ''အလင်းနှစ်ပေါင်း နှစ်သန်းခန့်'' ကွာသည်ဟု ဆိုကြသည်။ (အလင်းနှစ် တစ်သိန်းဆိုသည်မှာ တစက္ကန့်တွင် မိုင်ပေါင်း ''တစ်သိန်း ရှစ်သောင်းခြောက်ထောင်'' အပြေးလျင်သော (ဝါ) အပြေးမြန်သော ယာဉ်တမျိုးနှင့် သွားခဲ့ သော် နှစ်ပေါင်း ''ကုဋေနှစ်ထောင်'' သွားရမည့်ခရီးအကွာ အဝေးကိုဆိုလိုပေသည်။)

ဤသည်တို့ကား ယနေ့မျက်မှောက်ခေတ် သိပ္ပံပညာရှင်များ (ဝါ) သိပ္ပံပါရဂူများက စိတ်ကူးယဉ်မနေဘဲ သိပ္ပံကိရိယာများနှင့် ရှာဖွေစမ်းသပ်ထားကြသော ''လက်တွေ့မျက်တွေ့'' ဖြစ်သော တွေ့သိချက်များ ဖြစ်ပေသည်။ ထိုသိပ္ပံပါရဂူတို့၏ အတည်ပြုချက်ကိုလည်း ကမ္ဘာ့လူသားတွေအားလုံးက စောဒကတက်ခြင်းမရှိဘဲ လက်ခံထားကြပေသည်။

သို့ဖြစ်သောကြောင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ငါးရာကျော်က သိပ္ပံပညာရပ်တွေ မထွန်းကားမီ (ဝါ) ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်၊ အနုမြူခေတ်မတိုင်မီ ရှက်လှေ ခေတ်၊ လှည်းကြမ်းခေတ် အချိန်က ဂေါတမရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော "အနန္တစကြဝဠာ၊ စကြဝဠာအနန္တ" ကိုနိုင်းယှဉ်နိုင်လောက်ပေပြီ။ ဗုဒ္ဓမြတ်ဘုရားသည် "လောကအလုံးစုံကိုသိသော လောကဝိဒူဂုဏ်တော်ရှင်" ဟုတ်မဟုတ်ကိုလည်းကောင်း၊ "သဗ္ဗညုတဉာဏ်တော်ရှင်" အစစ်ဖြစ်မဖြစ် ကိုလည်းကောင်း၊ အမှန်တရားကိုလိုလားကြသော ဖြူစင်ရိုးသားကြသော ပုဂ္ဂိုလ်များအနေဖြင့် ဆုံးဖြတ်နိုင်ကောင်းလောက်ပြီဟု ယူဆပါသည်။

## အသင်ဘယ်ကလာသနည်း

| | | |
|---|---|---|
| ၁။ | ချစ်သမီးဘယ်ကလာသလဲ | မသိပါဘုရား |
| ၂။ | ချစ်သမီးဘယ်သွားမလို့လဲ | မသိပါဘုရား |
| ၃။ | ချစ်သမီးမသိဘူးလား | သိပါတယ်ဘုရား |
| ၄။ | ချစ်သမီးတကယ်သိသလား | မသိပါဘုရား |

မြတ်စွာဘုရားနှင့်ကုမာရီတို့ မေးမြန်းဖြေကြားနေပုံကို နားထဲကြားယောင်နေမိသည်။ နံပါတ်(၁)မေးခွန်းဖြစ်သည့် "**ချစ်သမီးဘယ်ကလာသလဲ**" ဆိုခြင်းမှာ ချစ်သမီးဘယ်ဘဝကလာသလဲဟု မေးခြင်းဖြစ်သည်။ ကုမာရီကမသိ၍ "**မသိပါဘုရား**" ဟုဖြေဆိုခြင်းဖြစ်သည်။

နံပါတ်(၂)မေးခွန်းဖြစ်သည့် " **ချစ်သမီးဘယ်သွားမလို့လဲ** "ဟုမေးခြင်းမှာ ဒီဘဝမှာ သေဆုံးပြီး ဘယ်ဘုံဘဝရောက်မည်ကို မေးခြင်းဖြစ်သည်။ ကုမာရီကမသိ၍ "**မသိပါဘုရား**"ဟု ဖြေဆိုခြင်းဖြစ်သည်။

နံပါတ်(၃)မေးခွန်းဖြစ်သည့် "**ချစ်သမီးမသိဘူးလား**" ဟုမေးခြင်းမှာ ချစ်သမီးသေရအုံးမယ်ဆိုတာ မသိဘူးလားဟု မေးခြင်းဖြစ်ပြီး သေရအုံးမည်ကိုသိသဖြင့် "**သိပါတယ်ဘုရား**" ဟုဖြေဆိုခြင်းဖြစ်သည်။

နံပါတ်(၄)မေးခွန်းမှာ **"ချစ်သမီးတကယ်သိသလား"** ဟုမေးသောမေးခွန်း၏ ဆိုလိုရင်းသည် ချစ်သမီးဘယ်တော့သေရမည်ကို တကယ်သိသလားဟု မေးမြန်းခြင်းဖြစ်ပြီး မသိသဖြင့် **"မသိပါဘုရား"** ဟုဖြေဆိုခြင်းဖြစ်လေသည်။

ကျွန်ုပ်အပါအဝင် ပုထုဇဉ်လူသားအားလုံးတို့သည်လည်းပဲ ဘယ်ဘဝကလာသည်ကို မသိ၊ သေပြီး ဘယ်ဘဝရောက်မည်ကိုမသိ၊ သေရမည်ကိုသိသော်လည်း ဘယ်တော့သေမည်ကို မသိကြချေ။




ဗုဒ္ဓ၏ဟောကြားချက်အရ ကျွန်ုပ်တို့အားလုံး၏ အမြဲနေအိမ်သည် အပါယ်လေးဘုံဖြစ်သည်ဟုဆိုသဖြင့်ကျွန်ုပ်တို့လာရင်းအရပ်ကို သိရပေသည်။ အပါယ်လေးဘုံတွင် ခန္ဓာဖြင့် ခံကြွေးတွေကျေအောင်ဆပ်ပြီး ကုသိုလ်ကံတစ်လှည့် အကျိုးပေးချိန်ရောက်၍ လူ့ဘုံ ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။ အပါယ်လေးဘုံမှာရှိစဉ်က လူ့ပြည်ရောက်လျှင် ကောင်းမှုကုသိုလ်တွေသာ ပြုလုပ်တော့မည်။ အပါယ်လေးဘုံသို့ ပြန်လည်မရောက်အောင် ကြိုးစားတော့မည်ဟု သန္နိဋ္ဌာန်ချခဲ့သော်လည်း အမိဝမ်းအတွင်း ကိုးလကျော်ဆယ်လ နေခဲ့ရခြင်းကြောင့်အဝိဇ္ဇာအမှောင်ဖုံးလွှမ်းကာ အားလုံးကိုမေ့လျော့ပြီး သူများတွေ စာသင်သလို သင်၊ ကျောင်းတက်သလိုတက်၊ စီးပွားရှာသလိုရှာ သူများတိုက်ဆောက်သလိုဆောက်၊ အိမ်ထောင်ပြုသလိုလိုက်ပြုပြီး ခန္ဓာ၏ဒုက္ခကိုမမြင်ဘဲပျော်ပါး၊ မော်ကြွားကာ လောဘ ဒေါသ မောဟ

တို့ဖြင့် နေထိုင်ခဲ့ကြပေသည်။

''လောဘနဲ့သေ ပြိတ္တာပြည် မသွေရောက်တတ်သည်''

''ဒေါသနဲ့သေ ငရဲပြည် မသွေရောက်တတ်သည်''

''မောဟနဲ့သေ တိရစ္ဆာန်ပြည် မသွေရောက်တတ်သည်''

ဆရာတော်ဦးသုနန္ဒဟောကြားထားတဲ့အတိုင်း ကျွန်ုပ်တို့အားလုံးတို့သည် လောဘ၊ ဒေါသ၊ မောဟနဲ့သာ အချိန်ပြည့်နေထိုင်ခဲ့ကြပေသည်၊ သို့ဖြစ်၍ လောဘဖြစ်ချိန် သေဆုံးမည်ဆိုပါက ပြိတ္တာဘုံသို့သာ ရောက်ရှိပေလိမ့်မည်၊ ဒေါသနဲ့သေက ငရဲပြည်ရောက်ပြီး မောဟနှင့်သေပါက တိရစ္ဆာန်ပြည်သို့သာ ရောက်ပေလိမ့်မည်။ သွားရမည့် လားရာဂတိမှာ အပါယ် (၄)ဘုံသာတည်း၊ မိမိတို့ခန္ဓာသွေးချွေးတို့ဖြင့် ပေးဆပ်ရပေဦးမည် မဟုတ်ပါလော။

ဗုဒ္ဓဟောကြားထားသော ၃၁-ဘုံကိုလေ့လာကြည့်မည်ဆိုပါက ပုံ(၁)ပါအတိုင်း-

| | | |
|---|---|---|
| အောက်ဆုံးအဆင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုသည့် | အပါယ် | (၄)ဘုံ |
| ၄င်းအထက် | လူ့ပြည် | (၁)ဘုံ |
| ၄င်းအထက် | နတ်ပြည် | (၆)ဘုံ |
| ၄င်းအထက် | ဗြဟ္မာဘုံ | (၂၀)ဘုံ |
| | စုစုပေါင်း | (၃၁)ဘုံ |

ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်တို့သည် နိဗ္ဗာန်စံဝင်တော်မူခဲ့ကြလေပြီ။ ဘုရားရှင်တစ်ဆူပွင့်တော်မူသောအခါ သတ္တဝါ ၂၄-အသင်္ချေကုဋေ(၈၀) မိုလ်ခြေတစ်သိန်း ခြေချွတ်တော်မူခဲ့လေသည်။ ပွင့်ခဲ့ပြီးသော နိဗ္ဗာန်စံဝင်ပြီးသော ဘုရားရှင်အရေအတွက်မှာ ဂင်္ဂါဝါဠုသဲစုမကဟုဆိုသဖြင့် ရေတွက်၍မရအောင်များပြားပြီး ကျွတ်တမ်းဝင်ခဲ့ကြသော သတ္တဝါများမှာလည်း ရေတွက်၍မရအောင် များပြားခဲ့လေသည်၊ ဘုရားရှင်ဘို့၏အဆိုအရ ဘုရားတစ်ဆူပွင့်၍ခြေချွတ်နိုင်ခဲ့သော သတ္တဝါအရေအတွက် ၂၄အသင်္ချေကုဋေ ၈၀ မိုလ်ခြေတစ်သိန်းဟူသော အရေအတွက်ပမာဏသည် ငါဘုရား၏ လက်သည်းခွံပေါ် တင်ရှိသောမြေကြီးပမာဏသာရှိ၍ ကျန်သတ္တဝါအရေအတွက် ပမာဏသည် ဤကမ္ဘာမြေကြီးထုပမာဏခန့် ရှိလေသည်ဟု ဟောကြားတော်မူခဲ့သည်။ သတ္တဝါမည်၍မည်မျှများပြားကြောင်းမှန်းဆနိုင်ပေသည်။

ဘုရားတစ်ဆူပွင့်ရန်အနည်းဆုံး အချိန်ကာလ ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသည်။

ဘုရားအမျိုးအစား-၃ မျိုးရှိသည်-

ပညာဓိကဘုရား ဖြစ်ရန် ၄ အသင်္ချေနှင့်ကမ္ဘာတစ်သိန်း
သဒ္ဓါဓိကဘုရား ဖြစ်ရန် ၈ အသင်္ချေနှင့်ကမ္ဘာတစ်သိန်း
ဝီရိယာဓိကဘုရား ဖြစ်ရန် ၁၆ အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရပေသည်။

တစ်သင်္ချေဆိုသည်မှာ "၁" နောက်တွင် "ဝ" ပေါင်းအလုံး ၁၄၀ ရှိသော ကမ္ဘာဖြစ်ပြီး "၁" ကမ္ဘာ ဟူသောအချိန်ကာလ မှာ အလျား၊ အနံ၊ အမြင့် ၁ ယူဇနာရှိသော ကန်ကြီးထဲသို့ မုံညင်းစေ့ အပြည့်ထည့်ပြီး နှစ်တစ်ရာတွင် တစ်စေ့ထုတ်ရသည်၊ ၄င်းကန်ထဲမှ မုန်ညင်းစေ့ ကုန်သွားသောအချိန်ကို တစ်ကမ္ဘာဟု ခေါ်သည်။

ဘုရားရှင်တစ်ဆူဖြစ်ရန် ပါရမီ (၁၀)ပါးအပြား (၃၀) စွန့်ခြင်းကြီး (၅)ပါး တို့ဖြင့် ဘဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ရပေသည်၊ ဘဝတိုင်း၌ အေးချမ်းစွာ နေထိုင်ခဲ့ရ သည်မဟုတ်၊ အသွေးအသားတို့ကို၄င်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို၄င်း ပေးလှူ၍ ပါရမီဖြည့်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဒုက္ခဆင်းရဲခံပြီး ပါရမီဖြည့်၍ ဘုရားဖြစ်လိုကြသည် ဆိုသော် ၃၁-ဘုံ၌ကျင်လည်ကုန်ကြသော သတ္တဝါဝေနေယျတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်ခြင်းအကျိုးငှာလည်းကောင်း၊ ဒုက္ခအားလုံးချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို ရရှိစေခြင်း ငှာ ပွင့်ဒေတော်မူခဲ့ခြင်း ဖြစ်လေသည်။

နိဗ္ဗာန်စံဝင်ဘုရားရှင်တို့မှာ ဂင်္ဂါဝါဠုသဲစုမကရှိခဲ့သည်ဆိုသော်လည်း ကျွန်ုပ်တို့ အားလုံး နိဗ္ဗာန်မရောက်နိုင်သေးဘဲ ရှိနေခြင်းသည် ဘုရားနဲ့လွဲ တရားနဲ့လွဲခဲ့၍သာ ဖြစ်ပေတော့သည်။ စကြဝဠာအနန္တရှိသလို စကြဝဠာတစ်ခုလျှင် ကမ္ဘာတစ်ခုရှိသဖြင့် ကမ္ဘာပေါင်း အနန္တရှိပေသည်။

ကမ္ဘာပေါင်းအနန္တထဲမှ ဘဒ္ဒကမ္ဘာဟုခေါ်ဆိုသော ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာတွင် သာ ဘုရားငါးဆူ ပွင့်ပေသည်။ ယခုအချိန်အထိပွင့်ပြီးသောဘုရားတို့မှာ-

၁။ လူ့သက်တမ်းလေးသောင်းတမ်းတွင်ပွင့်ခဲ့သော **ကကုသန်ဘုရား**
၂။ လူ့သက်တမ်းသုံးသောင်းတမ်းတွင်ပွင့်ခဲ့သော **ကောဏာဂုံဘုရား**
၃။ လူ့သက်တမ်းနှစ်သောင်းတမ်းတွင်ပွင့်ခဲ့သော **ကဿပဘုရား**
၄။ လူ့သက်တမ်းတစ်ရာတမ်းတွင်ပွင့်ခဲ့သော **ဂေါတမဘုရား**

ဆိုသည့်လေးဆူသာပွင့်ပြီး နောင်လူ့သက်တမ်း တစ်သိန်းတန်းတွင်ပွင့်မည့် **အရိမေတ္တေယျ ဘုရား** ဖြစ်ကြပေသည်။

ကျွန်ုပ်တို့မှီခဲ့သော နောက်ဆုံးလူ့သက်တမ်းတစ်ရာတွင် ပွင့်ခဲ့သောဘုရားမှာ ဂေါတမ မြတ်စွာဘုရားပင် ဖြစ်လေသည်။ ဂေါတမမြတ်စွာဘုရားရှင်သည် အမှန်တကယ် လူ့သက်တမ်း တစ်သောင်းတမ်းတွင်ပွင့်ရမည် ဖြစ်သော်လည်းပါရမီ မပြည့်သေးသဖြင့် လူ့သက်တမ်းတစ်ရာ တမ်းတွင်သာ ပွင့်ခဲ့ရလေသည်။

ဘုရားရှင်တစ်ဆူပွင့်တော်မူပြီး ခြေချွတ်ရမည့်သတ္တဝါမှာ (၂၄)အသင်္ချေ ကုဋေရှစ်ဆ ဗိုလ်ခြေတစ်သိန်း ဖြစ်သော်လည်း ကျွန်ုပ်တို့မြတ်စွာဘုရားရှင်သည် သက်တမ်းတိုကာလတွ ပွင့်ခဲ့ရသဖြင့် အချိန်ကာလတိုတောင်းသောကြောင့် (၂၀)အသင်္ချေသာ ခြေချွတ်ခဲ့လေသ ထိုအတွက် ကျန်သော(၄)အသင်္ချေ ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း အရေအတွ ချွတ်နိုင်ရန် ယခင်ပွင့်တော်မူခဲ့သော ဘုရားတို့၏ လမ်းစဉ်အတိုင်း သာသနာ (၅၀၀၀)ချမှ ထားခဲ့ပေသည်။ ၎င်းသာသနာ(၅၀၀၀)အတွင်း ကျန်သတ္တဝါအချို့ သူ့ဆရာနှင့်သူ ခြေချွတ် နိဗ္ဗာန်စံဝင်ကြမည်ဖြစ်ပေသည်။

## သာသနာ(၅၀၀၀)နှင့်ခေတ်(၅)ခေတ်

မြတ်စွာဘုရားထားခဲ့တော်မူခဲ့သော သာသနာ(၅၀၀၀)ကိုခေတ်(၅)ခေတ် ပိုင်းခြား ထားလေသည်။ ခေတ်တစ်ခေတ်တွင် နှစ်ပေါင်း(၅၀၀)ရှိသည်။

### ၁။ ဝိမုတ္တိယုဂခေတ် နှစ်ပေါင်း(၅၀၀)

ဘုရားပွင့်ချိန်မှစပြီးနှစ်ပေါင်း(၅၀၀)အတွင်း ဝိမုတ္တိယုဂခေတ်ဖြစ်သောကြောင့် ဈာန် မဂ်ဖိုလ်တရားထူးများ ဖြိုင်ဖြိုင်ရကြသည်။

၂။ သမာဓိယုဂခေတ် နှစ်ပေါင်း(၅၀၀)
သမာဓိတည်ရုံမျှသာဖြစ်သည်။
၃။ သီလယုဂခေတ် နှစ်ပေါင်း(၅၀၀)
သီလဦးစားပေးသောခေတ်ဖြစ်သည်။
၄။ သုတယုဂခေတ် နှစ်ပေါင်း(၅၀၀)
စာပေဗဟုသုတဦးစားပေးသောခေတ်ဖြစ်သည်။
၅။ ဒါနယုဂခေတ် နှစ်ပေါင်း(၅၀၀)
ဒါနပြုမှုသာအားသန်ကြသောခေတ်ဖြစ်သည်။

ထိုမှလွန်သော်ဝိမုတ္တိယုဂခေတ်သို့ပြန်လည်လှည့်ဝင်လာသည်။ သာသနာနှစ်(၂၅၀၀) ကောဇာသက္ကရာဇ်(၁၃၁၈)ခုနှစ်ပြည့်ပြီးသည်မှစ၍ ဝိမုတ္တိယုဂခေတ်သို့ ပြန်လည် ဆိုက်ရောက်လာသည်။ ကောဇာသက္ကရာဇ်(၁၃၁၉)ခုနှစ်မှ(၁၈၁၉)ခုနှစ်အတွင်း သာဝိမုတ္တိယုဂခေတ်ဖြစ်ပေသည်။ ဝိမုတ္တိယုဂခေတ်မှလွဲ၍ ကျန်ခေတ်များတွင်မဂ်ဖိုလ် တရားထူးများရရန်မလွယ်ကူတော့ချေ။

ကျွန်ုပ်တို့သည်ပင် ယခုအချိန်အခါ၌ လူဖြစ်လာရသည်မှာ အင်မတန်ထူးကဲသော ဒုလ္လဘတရားကြီးကို ရရှိခြင်းပေတည်း၊ စကြဝဠာအနန္တထဲမှ ဘဒ္ဒကမ္ဘာတွင် လူလာဖြစ်ရခြင်း၊ မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံတွေ့ရခြင်း၊ သာသနာ(၅၀၀၀)ထဲတွင် ဝိမုတ္တိယုဂခေတ်တစ်ပါတ်လည်သည့် ခေတ်၌ကြုံရခြင်း၊ ဗုဒ္ဓဘာသာထွန်းကားသော တိုင်းပြည်၌ လူဖြစ်ရခြင်း၊ ဗုဒ္ဓဘာသာဝင်မိဘများရဲ့သားသမီးဖြစ်ရခြင်းတို့သည်လည်း အင်မတန် ကြီးမားသော ဘုန်းကံကြောင့် ဖြစ်ခဲ့ရပေသည်။

မိရိုးဖလာဗုဒ္ဓဘာသာပင်ဖြစ်ခဲ့သော်လည်း ဆရာကောင်းသမားကောင်းမတွေ့ပါက တကယ့် ဗုဒ္ဓဘာသာဝင် မဖြစ်နိုင်ပေ၊ တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်မှသာ ဘုရားရှင်၏အလိုကျကျင့်ကြံအားထုတ်နိုင်သော ဗုဒ္ဓ၏သားကောင်း၊ သမီးကောင်းများ ဖြစ်ကြပေမည်။ ဗုဒ္ဓဘုရားပွင့်တော်မူရခြင်း၏ ရည်ရွယ်ချက်မှာ သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ရာအမှန်မြတ်နိဗ္ဗာန်ကိုရစေခြင်းငှာ ပွင့်တော်မူခဲ့သဖြင့် ကျွန်ုပ်တို့အနေဖြင့် နိဗ္ဗာန်ရောက်ကြောင်း

မကျင့်ပါကဗုဒ္ဓ၏သားတော်၊ သမီးတော်ဟုမဆိုနိုင်ပါချေ။ သတ္တဝါတို့၏စရိုက် သဘာဝကို လိုက်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) ပိဋကတ်(၃)ပုံဟုဆိုအပ်သော(သုတ်၊ ဝိနည်း၊ အဘိဓမ္မာ)များ ဟောကြားခဲ့သော်လည်း ဗုဒ္ဓ၏အဓိကရည်ရွယ်ချက်မှာ နိဗ္ဗာန်ရောက်ကြောင်းအကျင့် တရား အားထုတ်နိုင်ရန်သာ ဖြစ်သည်။

နိဗ္ဗာန်ရောက်နိုင်ရန် လူ့ဘုံမှသာ ကျင့်ကြံအားထုတ်ပြီး ရရှိနိုင်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် လူ့ပြည်၌သာ ပွင့်တော်မူခဲ့ပေသည်။ နတ်ပြည်(၆)ထပ်နှင့် လူ့ဘုံသည် သုဂတိဘုံ(၇)ဘုံဖြစ်ပြီး အပါယ်(၄)ဘုံသည် ဒုဂ္ဂတိဘုံဖြစ်ပေသည်။

လူ့ဘုံမှနိဗ္ဗာန်ကိုရရန်ကျင့်ကြံသည့်နည်းသုံးနည်းရှိသည်။

၁။ **ကံလမ်း**

ဒါန၊ သီလဆောက်တည်၍ကျင့်ကြံအားထုတ်သည့်လမ်း-

၂။ **ဈာန်လမ်း**

သမထတရားကျင့်ကြံအားထုတ်သည့်လမ်း-

၃။ **ဉာဏ်လမ်း**

ဝိပဿနာပွား၍အားထုတ်သည့်လမ်း- တို့ဖြစ်ကြသည်။

ဉာဏ်လမ်းသည် အကောင်းဆုံးနှင့်အမြန်ဆုံးလမ်းဖြစ်သည်။ သစ္စာတရားကို ပြသ တတ်သော ဆရာသမားကောင်းနှင့်တွေ့၍ ကိလေသာကြားမခိုစေဘဲ ကျင့်ကြံအားထုတ်နိုင် ပါလျှင် မနက်အားထုတ်က ညရနိုင်၊ ညအားထုတ်က မနက်ရနိုင်သော လမ်းကောင်း ဖြစ်ပေသည်။ ကိလေသာကြားခိုနေ၍ မရနိုင်သည်ထားအုံး ၇-ရက်၊ ၇-လ၊ ၇-နှစ် အတွင်းလည်း ရနိုင်သည်။ ဒီဘဝမရနိုင်တောင် သေခါနီးဝိပဿနာတရား နှလုံးသွင်း၍ သေဆုံးပါက နောက်ဘဝ နတ်မဖြစ်ခင် ပထမ နိဗ္ဗာန်ဖြစ်သည့် သောတာပတ္တိမဂ်ဖိုလ်ကို ရနိုင်ပေသည်။

ကံလမ်းနှင့်ဈာန်လမ်းသည် နိဗ္ဗာန်ကိုတိုက်ရိုက်မရောက်နိုင်ပေ ။ နိဗ္ဗာန်ရောက်ကြောင်း ၏ အထောက်အပံ့ကောင်းသာ ဖြစ်ပေသည်။ နိဗ္ဗာန်ကိုရောက်လိုပါက ဝိပဿနာဘက် ပြောင်း၍ ကျင့်ကြံအားထုတ်မှသာ ရနိုင်ပေသည်။

## ကြောက်စရာ့အပါယ်လေးဘုံ

ယခုအချိန်သည် မြတ်စွာဘုရား၏သာသနာ ၂၅၀၀ ကျော်ခဲ့ပြီးဖြစ်လေသည်။ ဝိမုတ္တိယုဂခေတ် တစ်ပတ် ပြန်လည်သည့်အချိန် ဖြစ်သည့်အလျောက် ဝိပဿနာတရားများလည်းတိုးတက်ပြန့်ပွားလျှက်ရှိပေသည်။ အင်မတန် ကြီးမားသောဘုန်းကံကြောင့် အနန္တစကြဝဠာတွင်ရှိ ကမ္ဘာပေါင်းများစွာထဲမှ ဘဒ္ဒကမ္ဘာတွင် လူဖြစ်ရခြင်း၊ မြတ်စွာဘုရား ပွင့်ပြီးသာသနာ ၅၀၀၀ နှင့်ကြုံတွေ့ရခြင်း၊ ၄င်းသာသနာ ၅၀၀၀ ထဲမှ မဂ်ဖိုလ်တရားများ ရရှိနိုင်သော ဝိပဿနာတရားများတိုးတက်ထွန်းကားလာသော ဝိမုတ္တိယုဂခေတ် တစ်ပါတ်လည်သည့် အချိန်နှင့် ကြုံရခြင်း၊ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် လူဖြစ်လာရခြင်း၊ ဗုဒ္ဓဘာသာ မိခင်ဖခင်တို့မှ မွေးဖွားလာရခြင်း သစ္စာတရား ဟောပြောပြသနိုင်သော ဆရာသမားကောင်းများနှင့် ကြုံတွေ့ရခြင်း တရားတော်အပေါ်၌ ယုံကြည်၍ နာကြားအားထုတ်လိုသော စိတ်ရှိခြင်းတို့သည် ဝိပဿနာတရားအားထုတ်သူများအတွက် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်သို့ ရနိုင်သည့်အခွင့်ထူး၊ အခါကောင်း အချိန်ကာလပင် ဖြစ်ပေတော့သည်။

ဤမျှအခွင့်အခါကောင်းရရှိပြီး ကိုယ်တိုင်လေ့လာနာကြား အားထုတ်ခြင်းမရှိပါဘဲ လောကီအာရုံ ကာမဂုဏ်တို့ဖြင့်သာပျော်မွေ့နေပါက နိဗ္ဗာန်နှင့်ဝေး၍ အပါယ်လေးဘုံနှင့်သာ နီးပေတော့မည်သာ ဖြစ်ပေသည်။ မည်သူတစ်ဦး တစ်ယောက်မျှ အပါယ်လေးဘုံသို့ သွားချင်သူ မရှိပေ။ အပါယ်လေးဘုံသည် ဒုဂ္ဂတိဘုံဖြစ်သည့်အတိုင်း သုခချမ်းသာ အလျင်းမရှိ၊ ဒုက္ခဆင်းရဲ မျိုးစုံကိုသာ ခံစားနေသောဘုံ ဖြစ်လေသည်။ လောကငရဲဟုခေါ်သည့် အကျဉ်းထောင်ကျနေသူများ၊ အစာရေစာငတ်ပြတ်နေသူများ ကြီးနိုင်ငယ်ညှင်း ခံစားရသူများ စသည့်ဒုက္ခဆင်းရဲခြင်းထက် အဆပေါင်းများစွာသာသော ငရဲ၏ဆင်းရဲကို ခံရမည်ဆိုလျှင် မည်သို့မျှခံနိုင်ရည်ရှိမည်မထင်ပေ။ အချိန်ကာလအားဖြင့် ခဏတစ်ဖြုတ် ခံစားရသည် မဟုတ်ပေ၊ ငရဲကြီးရှစ်ထပ်မှ အနိမ့်ဆုံးငရဲဖြစ်သော သိဉ္ဇိုဝ်းငရဲသည်ပင်အနှစ် (၅၀၀) ရှိလေသည်။ ၄င်းငရဲနှစ်မှာ လူ့ပြည်နှစ်အချိန်ကာလနှင့်မတူပေ။ လူတို့၏နှစ်အရေအတွက် ကိုးသန်းသည် သိဉ္ဇိုင်းငရဲ၏ တစ်နေ့နှင့်တစ်ညသာဖြစ်၏။ ငရဲသက်နှစ်(၅၀၀)ကိုတွက် ကြည့်ပါလေ။ ထို့ကြောင့် ငရဲသို့တစ်ခါကျသွားလျှင် လူတို့၏ နှစ်အားဖြင့် မည်မျှကြာမည်ကို စဉ်းစားသော်

လူ့ပြည်သို့လာရောက်နေထိုင်ရခြင်းသည် ငရဲသက်နှင့် နှိုင်းစာပါက အိပ်မက်မက်သည်မျှ လောက်သာ ရှိသည်ကို အထူးသတိပြုသင့်ပေသည်။

ထို့ကြောင့်လူ့ပြည်တွင် အိမ်မက်မက်သလောက်အချိန်မျှလောက်ကိုပင် ဇိမ်ခံပြီးလျှင် ငရဲတွင် မရေမတွက်နိုင်သော နှစ်ပေါင်းအရေအတွက်ဖြင့် သွားရောက်ခံကြမည်လော၊ ကြောက်မက်ဖွယ်ပါတကား။ ထို့ကြောင့် ဘုရားရှင်သည် ဓမ္မပဒ **အတ္တနော ပုဗ္ဗကမ္မ** ဝတ္ထု၌ ကြီးကျယ်လှစွာသော ချမ်းသာကို အလိုရှိသောသူသည် အနည်းငယ်သော ချမ်းသာကို စွန့်ရာ၏ဟု အောက်ပါဂါထာဖြင့် ဆုံးမတော်မူလေသည်။

မတ္တာသုခါ ပရိစ္စာဂါ၊
ပဿေစေ ဝိပုလံ သုခံ။
စဇေမတ္တာ သုခံ ဓီရော၊
သမ္ပဿံ ဝိပုလံ သုခံ။

**မတ္တာသုခါ ပရိစ္စာဂါ**-အနည်းငယ်သော ချမ်းသာသုခကို စွန့်ခြင်းကြောင့်၊ **ဝိပုလံသုခံ**- ကြီးကျယ်ပြန့်ပြောသောချမ်းသာကို၊စေပဿေ-အကယ်၍ရမည်မြင်သည်ဖြစ်အံ့၊ **ဝိပုလံ သုခံ**- ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို၊ **သမ္ပဿံ-သမ္ပဿန္တော**-မြင်သော၊ **ဓီရော**-ပညာရှိသည်၊ **မတ္တာသုခံ**-အနည်းငယ်သောချမ်းသာကို ၊ **စဇေ**-စွန့်ရာ၏ ။ တစ်နည်းဆိုသော်-

ကြီးစွာသော သုခချမ်းသာကိုရမည်ဖြစ်သော် အနည်းငယ်သော ဒုက္ခကိုခံရာ၏။ အထက်ပါဂါထာကို ကျက်မှတ်၍ အခါအားလျော်စွာ မိမိကိုယ်ကို မိမိသတိပေးသော အားဖြင့် ရွတ်ဆိုပါက များစွာအကျိုးခံစားရလေသည်။

ငရဲကြီးရှစ်ထပ်မှ အနိမ့်ဆုံး(တစ်နည်း) လူ့ဘုံနှင့်အနီးဆုံးငရဲသည်ပင်လျှင် ဤမျှလောက် ဆင်းရဲဒုက္ခရောက်ရပါလျှင်ကျန်ငရဲများတွင်ရှိ ငရဲသက်တမ်းနှင့် ဆင်းရဲဒုက္ခတို့က ပိုမိုသည့် အတွက် မည်သို့မျှ မစဉ်းစားရဲတော့ချေ။ ငရဲကျပြီး ကုသိုလ်ကံတစ်လှည့်ကြုံ၍ လူပြန်ဖြစ်သည် ဆိုအံ့၊ ဘုရားသာသနာနှင့် လွဲနေသည့်အတွက် အပါယ်ဘေးမှ ကင်းလွတ်ရေးတရား၊ နိဗ္ဗာန် ရောက်ကြောင်းတရားများ မသိရှိနိုင်တော့သဖြင့် သံသရာထဲတွင် စုန်ချည်တစ်လှည့် ဆန်ချည် တစ်ခါ မြုပ်မျော၊ ပေါ်မျော မျောရပေအံ့းမည်။

ငရဲမကျဘဲ မောဟဖြင့်သေ၍ တိရစ္ဆာန်ဖြစ်သည်ဆိုပါကလည်း ကျွန်ုပ်တို့အနီးအနား တွင်ရှိ တိရစ္ဆာန်များကိုကြည့်ခြင်းဖြင့် ၄င်းတို့ဘဝ၏ ဆင်းရဲဒုက္ခကို သိရှိနိုင်ပေသည်။ ကြီးနိုင် ငယ်ညှင်း တစ်ကောင်ကို တစ်ကောင်က သတ်ဖြတ်စားသောက်၊ အိပ်စားကာမ ဤသုံးဝသာ သိပြီး ကုသိုလ်၊ အကုသိုလ်ကို မသိဘဲ သေပေအံ့မည်။ အဘယ်သို့လူ့ဘုံ၊ နတ်ဘုံ ပြန်ရောက် နိုင်ပါမည်နည်း။ အပါယ်လေးဘုံမှ ပြန်တက်စရာမမြင်တော့ပေ။

ပြိတ္တာနှင့် အသူရကာယ်တို့သည် လူ့ဘုံနှင့် အနီးစပ်ဆုံးဘုံတွင် နေထိုင်ရပြီး ၄င်းတို့ ၏ ကမ္မဇိဒ္ဓိတန်ခိုးတို့ကြောင့် ၄င်းသတ္တဝါတို့ကို မမြင်နိုင်ပေ၊ လူတို့နေထိုင်သည့် အိမ်ကြို အိမ်ကြားတွင်နေထိုင်ပြီး လူတွေစွန့်ပစ်ထားသော အညစ်အကြေး၊ နပ်၊ သလိပ် စသည်တို့ကို အလုအယက်ရှာဖွေစားသောက် နေရပေသည်။ တစ်ချို့ပြိတ္တာများ ဝတ်စရာအဝတ်မရှိ၊ ခြုံထည် မရှိပဲ ဥဒဟိုသွားလာနေသည်လည်း ရှိပေသည်၊ ကုသိုလ်ကံအကုသိုလ်ကံ နှစ်မျိုးရော၍ ပြုလုပ်ခဲ့သဖြင့် နေ့စံ၊ ညခံ ပြိတ္တာများလည်းရှိပေသည်။ နေ့အချိန်၌ ကိုယ့်မိသားစုနှင့်အတူ ပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်စားသောက်ကြရပြီး ညအချိန်၌ ရွာအပြင်ထွက်ကာ ဆင်းရဲဒုက္ခ ခံကြရလေသည်။ ညအချိန်၌ ပြိတ္တာရွာသူကြီးမှ အသံနက်ကြီးဖြင့် "သွားကြစို့ဟေး . . . ဟေး . . . ." ဟုအော်လိုက်သောအခါ ရွာတွင်းမှ ခလေး၊လူကြီးမကျန် ရွာအပြင်သို့ ထွက်ကြရလေသည်။ ရွာအပြင်ရောက်သည်နှင့်ခြေသည်းလက်သည်းများ ရှည်ထွက်လာကြ သည်။ ခန္ဓာကိုယ်တစ်ခုလုံး ပြည်ဘုကြီးများပေါ်ပေါက်လာသည်။ ခန္ဓာကိုယ်တစ်ခုလုံး အမွေး ရှည်ကြီးများ ထွက်လာကြသည်၊ ထို့နောက်ချွန်ထက်သော လက်သည်းကြီးများဖြင့် တစ်ဦးနှင့် တစ်ဦး ကိုယ်ခန္ဓာပေါ်မှ ပြည်ဘုကြီးများအား ကုတ်ဖဲ့၍ စားသောက်ကြရသည်။ တစ်ဦးနှင့် တစ်ဦး တင်းပုတ်နှင့်ထုသူကထု၊ လှံချွန်ဖြင့် ထိုးသူက ထိုးဖြင့် ဒုက္ခဆင်းရဲကို တစ်ညလုံး ခံကြရပေသည်။ နံက်အရုဏ်တက်ချိန်ရောက်၍ ရွာသူကြီးက "ပြန်ကြစို့ဟေး . . . ဟေး . . . ." ဟုအသံနက်ကြီးဖြင့် အော်လိုက်သောအခါ ရွာသားအားလုံး မိမိရွာထဲသို့ ပြန်ဝင်ကြရလေသည်။ ရွာထဲသို့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အမွေးရှည်ကြီးများ ပျောက်သွားခြင်း၊ ခြေသည်းလက်သည်းရှည်ကြီးများတိုဝင်သွားခြင်း၊ ခန္ဓာကိုယ်ပေါ်ရှိ အဖု အပိန့်များပျောက်ကွယ်သွားကာ မူလလူရုပ်အတိုင်း ပြန်ဖြစ်လေတော့သည်။ ထို့နောက်

မိမိအိမ်ယာ အသီးသီးသို့ ပြန်လည်ရောက်ရှိကာ မိသားစုနှင့်အတူ ပျော်ရွှင်စွာဖြင့် လုပ်ကိုင်စားသောက်ရလေသည်။ တစ်နေ့တစ်ရက်တည်းမဟုတ် နေ့စဉ်ရက်ဆက် ပြိတ္တာသက်တမ်း မကုန်မချင်းခံစားရပေသည်။ ဘုရားတစ်ဆူနှင့်တစ်ဆူကြား အချိန်ကာလ ကြာမြင့်စွာခံစားရသော ပြိတ္တာများလည်း ရှိပေသည်။ မိမိပြုလုပ်ခဲ့သော အကုသိုလ်အလိုက် သက်တမ်းရှည်ကြာစွာ ခံကြရလေသည်။ အပါယ်လေးဘုံ၌ ဒုက္ခဆင်းရဲသည် အထက်၌ဖော်ပြထားသည့် ဒုက္ခဆင်းရဲထက် ပိုဆင်းရဲသော ဒုက္ခမျိုးစုံ ရှိလေသည်။ ကြားဖူးသမျှသာ တင်ပြရခြင်းဖြစ်ပေသည်။

ကျွန်ုပ်အပါအဝင် ပုထုဇဉ်လူသားအားလုံး မည်သူမျှ အပါယ်လေးဘုံသို့ မသွားလိုကြပေ။ မည်သူမျှမသွားလိုသော်လည်း ပုထုဇဉ်မှန်သမျှအားလုံး အပါယ်သွားဘူးကြလေသည်။

ကျွန်ုပ်တို့အားလုံးအပါယ်မကျချင်ရင် အပါယ်ကျရခြင်း၏အကြောင်းရင်းကို သိရှိဖို့ လိုပေသည်။ အကြောင်းကြောင့်သာ အကျိုးဖြစ်ရသည့်အတွက် အကြောင်းတရားကို သတ်ပါက အကျိုးတရားမရနိုင်တော့ပေ။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ အကြောင်းရင်းကိုမရှာခဲ့၊ အကြောင်းရင်းမသိတော့ အကြောင်းကို မသတ်ခဲ့သဖြင့် အကျိုးဖြစ်သည့် အပါယ်လေးဘုံကိုသာ သွားနေရပေသည်။ မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်များကို ယုံယုံကြည်ကြည်ဖြင့် လေ့လာအားထုတ်ကျင့်ကြံပါက အကြောင်းသတ်ပြီး အကျိုးဖြစ်သည့် အပါယ်လေးဘုံသို့ မရောက်နိုင်တော့ပေ။ ဗုဒ္ဓဘာသာဝင် ဖြစ်သော်လည်း ဘုရားကိုတော့ ကြည်ညိုပြီး ဘုရားဟောတရားတွေအပေါ် ယုံယုံကြည်ကြည်ဖြင့် ကျင့်ကြံအားထုတ်သည့် ပုဂ္ဂိုလ် အင်မတန်နည်းပေသည်။ ဘုရားကိုကြည်ညိုရုံဖြင့် အပါယ်လေးပါး မလွတ်နိုင်သလို နိဗ္ဗာန်ဆိုတာကိုလည်းမရနိုင်ပါဘူး။ အပါယ်လေးပါး လွတ်ရာလွတ်ကြောင်း နိဗ္ဗာန်ရရာရကြောင်း အကျင့်ကျင့်ပါမှ လွတ်မြောက်ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဘုရားက " မင်းကတော့ ငရဲမကျစေနဲ့၊ နတ်ပြည်သွား၊ ငရဲကျနေတဲ့ မင်းက လူ့ပြည်ပြန်လာ" ဆိုပြီးတန်ခိုးနဲ့ ဖန်ဆင်းပေးလို့မရပါဘူး၊ ဖန်ဆင်းရှင်ဘုရား မဟုတ်ပါဘူး၊ ငရဲကျပြီးသား သတ္တဝါကို လူ့ပြည်ရောက်အောင်မလုပ်ပေးနိုင်ပါဘူး၊ ငရဲမကျ သေးတဲ့သူတွေကိုတော့ ငရဲမကျအောင် ကျင့်ကြံဖို့နည်းလမ်းပေးနိုင်တယ်။ အဲဒီနည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်သူမှ ငရဲမကျမှာ။ ဖူးသီးစားချင်တဲ့သူဟာ ဖူးပင်စိုက်ရမယ်၊ ရေလောင်းရမယ်၊ ဖူးစင်ထိုးရမယ်။ ဒါမှဖူးသီးစားရမှာ။ ဖူးပင်မစိုက်ဘဲနဲ့ ဖူးသီးစားရဖို့ မဖြစ်နိုင်ဘူး။

## အပါယ်သို့ကျရောက်ပုံ

အခြေခံအားဖြင့် ကုသိုလ်နဲ့အကုသိုလ်ကိုတော့ နားလည်ဖို့လိုအပ်ပါတယ်။ ကျွန်ုပ်တို့ လူသားအားလုံး နိစ္စဓုဝ သွားလာလုပ်ကိုင်နေသည်မှာ ကုသိုလ်လုပ်ရင်လုပ်တယ်၊ ကုသိုလ်မလုပ်ရင်အကုသိုလ်လုပ်နေပါတယ်၊ သဘောကတော့ ကုသိုလ်စိတ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်စိတ်ဖြစ်နေပါတယ်။ ဘဝင်စိတ်ဆိုတာကတော့ အိပ်ပျော်နေတဲ့အချိန်မှာဖြစ်တဲ့စိတ်မျိုးပါ။ အပါယ်လေးဘုံရောက်ရတာလည်း နည်းနှစ်နည်းရှိသေးတယ်။

**(၁) ကြမ်းကြမ်းတမ်းတမ်းဖြင့် အပါယ်လေးဘုံရောက်တဲ့နည်း**

**(၂) သိမ်သိမ်မွေ့မွေ့ဖြင့် အပါယ်လေးဘုံရောက်တဲ့နည်း** ဟူ၍ဖြစ်ပါတယ်။

ဘယ်နည်းနဲ့ပဲသွားသွား အပါယ်(၄) ဘုံကတော့သေချာတယ်။

### (၁) ကြမ်းကြမ်းတမ်းတမ်းဖြင့် အပါယ်(၄)ဘုံရောက်တဲ့နည်း

ဒီနည်းကတော့ ဗုဒ္ဓဘာသာဝင်တိုင်းသိပြီးသားနည်းဖြစ်ပါတယ်။ ဒုစရိုက်(၁၀)ပါး ကျူးလွန်လို့ အပါယ်ကျတဲ့ နည်းပါပဲ။ ဒုစရိုက်ဆိုတဲ့ အဓိပ္ပါယ်က -

ဒု = မကောင်းသော အပြစ်နှင့်တကွဖြစ်သော၊ အပါယ်သို့ကျရောက်နိုင်သော

စရိုက် = အကျင့် ဖြစ်ပါတယ်။

ဒုစရိုက်(၁၀)ပါးရှိပါတယ်။ အဲဒီ(၁၀)ပါးကို အုပ်စုဖွဲ့ပြီးပြမယ်ဆိုရင်တော့ အောက်ပါအတိုင်း ရပါမယ်။

ဒုစရိုက်(၁၀)ပါးကတော့-

**(က) ကာယဒုစရိုက်(၃)ပါး**

၁။ ပါဏာတိပါတာ (သူတစ်ပါးအသက်ကိုသတ်ခြင်း)

၂။ အဒိန္နာဒါနာ (သူတစ်ပါး၏ပစ္စည်းဥစ္စာကိုခိုးယူခြင်း)

၃။ ကာမေသုမိစ္ဆာစာရာ(သူတစ်ပါးအိမ်ယာ၌ပြစ်မှားခြင်း)

မှတ်ချက်။ ။ (သူရာမေရယလည်း ကာမေသုမိစ္ဆာစာရာထဲမှာ အကျုံးဝင်နေသည်ဟု မှတ်ပါ။)

**(ခ) ဝစီဒုစရိုက်(၄)ပါး**

၁။ မုသာဝါဒ (လိမ်လည်ပြောဆိုခြင်း)

၂။ ပိသုဏဝါစာ (ကုန်းချောကုန်းတိုက်၊ သွေးထိုး၊ သွေးခွဲစကားပြောဆိုခြင်း)

၃။ ဖရုသဝါစာ (ရုန့်ရင်းကြမ်းတမ်းသော စကားပြောဆိုခြင်း။)

၄။ သမ္ဖပ္ပလာပ (အနှစ်မပါ သိမ်ဖျင်းသောစကားပြောဆိုခြင်း)

**(ဂ) မနောဒုစရိုက်(၃)ပါး**

၁။ အဘိဇ္ဈာ (သူတစ်ပါးစည်းစိမ်ကို မိမိဥစ္စာဖြစ်လိုခြင်း (ဝါ) မတရားလိုချင်ခြင်း၊ ရသင့်တာထက်ပို၍ လိုချင်ခြင်း)

၂။ ဗျာပါဒ (သူတစ်ပါး၌ပြစ်မှားခြင်း (ဝါ) သူတစ်ပါးကိုပျက်စီးစေလိုခြင်း)

၃။ မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)

ငင်းဒုစရိုက်(၁၀)ပါးတို့တွင် အဆိုးဆုံးသည် **မိစ္ဆာဒိဋ္ဌိ** ဖြစ်ပြီး၊ ကျန်(၉)ပါးသော ဒုစရိုက်တို့သည် ၄င်း**မိစ္ဆာဒိဋ္ဌိ** ကြောင့်ကျူးလွန်ကြခြင်းဖြစ်ပေသည်။

ဘုရားရှင်အဆိုအရ ဦးခေါင်းမီးလောင်၊ ရင်ဝလှံစူးရင် ခဏထားပါဦး၊ မိစ္ဆာဒိဋ္ဌိကို အရင်ပြုတ်အောင် ကျင့်ရပါမယ်။ ဦးခေါင်းမီးလောင်၊ ရင်ဝလှံစူးပြီးသေရင် တစ်ဘဝပဲ သေရပါမယ်။ **မိစ္ဆာဒိဋ္ဌိ**ကြောင့်ဆိုရင် တစ်သံသရာ လုံးသေလို့ မဆုံးနိုင်တော့ပါဘူး၊ ဒုစရိုက်(၁၀)ပါးကို အုပ်စုနဲ့မြှောက်ရင် ဒုစရိုက်(၄၀)ပါး ရပါတယ်။

(က) ပထမအုပ်စုက - ဒုစရိုက်(၁၀)ပါးကို ကိုယ်တိုင်ကျူးလွန်ရင် အဆိုးဆုံးဒုစရိုက်(၁၀)ပါး ရပါတယ်။

( ခ ) ဒုတိယအုပ်စုက- တစ်ပါးသူကို စေခိုင်းပြီး ကျူးလွန်စေသော ဒုစရိုက်က (၁၀)ပါး၊

( ဂ ) တတိယအုပ်စုက- တစ်ပါးသောပုဂ္ဂိုလ်ကို သွယ်ဝိုက်သောနည်းဖြင့် အားပေးခြင်း ဒုစရိုက်က(၁၀)ပါး၊

(ဃ) စတုတ္ထအုပ်စုက - တစ်ပါးသူ ဒုစရိုက်ကျူးလွန်တာကို ဝမ်းမြောက်ခြင်း ဒုစရိုက်က (၁၀)ပါး၊

ယနေ့ အပါယ်ဌ်ကျသော သတ္တဝါအားလုံးတို့သည် ဒုစရိုက်(၁၀)ပါးက ပွားလိုက်တဲ့ ဒုစရိုက် အပါး(၄၀)ကို ကျူးလွန်ခဲ့ကြလို့ပဲဖြစ်ပါတယ်။ အဲဒီဒုစရိုက်အပါး(၄၀)ကို ကျူးလွန်ပြီး အပါယ်ကျတဲ့ ပုဂ္ဂိုလ်တွေကတော့ **"ကြမ်းကြမ်းတမ်းတမ်းနဲ့ အပါယ်လေးဘုံရောက်တဲ့နည်း"** ပဲဖြစ်ပါတယ်။ ဒုစရိုက် (၁၀)ပါးကို ရှောင်ကျဉ်ပြီး သုစရိုက်တရားတွေကို ကျင့်ကြံလိုက်ရင်တော့ အပါယ်မကျနိုင်တော့ပါဘူး။

**(၁) သိမ်သိမ်မွေ့မွေ့ဖြင့် အပါယ်(၄)ဘုံရောက်တဲ့နည်း**

တချို့တွေကထင်တတ်ကြပါတယ်။ ငါတို့သီလလဲလုံတယ်။ သူများမကောင်းတာလည်း မပြောဘူး၊ မဆိုဘူး၊ မလုပ်ဘူး၊ စိတ်ကောင်းရှိပြီးရောဆိုပြီး မိမိကိုယ်ကို အပါယ်က စိတ်ချရပြီလို့ထင်တတ်ကြပါတယ်။ ဒုစရိုက်တရားတွေရှောင်ကြဉ်၊ သီလတွေလုံခြုံနေပေမယ့် မိမိတို့ရဲ့စိတ်မှာဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ်တွေကို ဝိပဿနာပညာနဲ့ မဖယ်ရှားနိုင်တဲ့အတွက် အဲဒီလောဘ၊ ဒေါသ၊ မောဟစိတ်တွေကြောင့် အပါယ်လေးဘုံကို ကျရောက်ရပါတယ်။ ဒါကတော့ သိမ်သိမ်မွေ့မွေ့နဲ့ အပါယ်လေးဘုံ ရောက်တဲ့နည်းပါပဲ။

ဤနည်းကိုမသိမီ ကျွန်ုပ်တို့သဏ္ဍာန်ဌ်ဖြစ်ပေါ်နေသော "**စိတ်**" ကို သိဖို့လိုလေသည်။ **စိတ်**ဆိုသည်မှာ အာရုံကိုသိတတ်သောသဘော၊ ခံစားတတ်သောသဘောကိုခေါ်လေသည်၊ နာမ်တရားဖြစ်သည်။ ပရမတ္ထသစ္စာတရားအရ ပရမတ်သဘောအားဖြင့် **စိတ်နှင့်စေတသိက်** ဟုနှစ်မျိုးခွဲထားလေသည်။

**စိတ်**သည် သိတတ်သောသဘောဖြစ်ပြီး၊ **စေတသိက်** က စိတ်ကိုမှီတတ်သော သဘောပင်ဖြစ်သည်၊ ခန္ဓာအနေဖြင့် ပြောမည်ဆိုပါက-

၁။ဝေဒနာက္ခန္ဓာ( ခံစားတတ်သောသဘော) (၁)ပါး

| | | |
|---|---|---|
| ၂။ **သညာက္ခန္ဓာ** | (မှတ်သားတတ်သောသဘော) | (၁)ပါး |
| ၃။ သင်္ခါရက္ခန္ဓာ | (စေ့ဆော်တိုက်တွန်းတတ်သောသဘော) | (၅၀)ပါး |
| ၄။ ဝိညာဏက္ခန္ဓာ | (သိတတ်သောသဘော) | (၁)ပါး (စိတ်) |

**''စိတ်''** ကဝိညာဏက္ခန္ဓာ (၁)ပါး၊ စေတသိက် (၅၂)ပါးတွင် ဝေဒနာက္ခန္ဓာက (၁)ပါး၊ သညာက္ခန္ဓာက (၁)ပါး၊ သင်္ခါရက္ခန္ဓာက (၅၀) ရှိလေသည်။

ထို့အတူ ပုထုဇဉ်သဏ္ဍာန်၌ဖြစ်ပေါ်တတ်သော စိတ်များမှာ -

| **အကုသိုလ်စိတ် (၃)မျိုး** | **ကုသိုလ်စိတ်(၃)မျိုး** |
|---|---|
| ၁။ လောဘစိတ် | ၁။ အလောဘစိတ်(ဒါနကုသိုလ်စိတ်) |
| ၂။ ဒေါသစိတ် | ၂။ အဒေါသစိတ် (သီလနှင့် သမထကုသိုလ်စိတ်) |
| ၃။ မောဟစိတ် | ၃။ အမောဟစိတ် (ဝိပဿနာကုသိုလ်စိတ်) |

အကုသိုလ်စိတ်(၃)မျိုး၊ ကုသိုလ်စိတ်(၃)မျိုးအပြင်၊ အိပ်ပျော်နေစဉ်မှာ ဖြစ်ပေါ်နေတဲ့ ''ဘဝင်စိတ်'' ဆိုတာလည်းရှိပါတယ်။

**၁။ လောဘစိတ်**

စိတ်ဆိုတဲ့နာမ်တရားရဲ့ မူလသဘောကတော့ အင်မတန်ဖြူစင်ပါတယ်။ သိတတ်တဲ့ သဘောကလွဲလို့ တစ်ခြားဘာမှမရှိပါဘူး။ လောဘ၊ ဆန္ဒဆိုတဲ့ ''စေတသိက်'' နာမ်တရား ကြောင့် လောဘစိတ်တွေဖြစ်လာရတာပါ။ လောဘစိတ်ဆိုတာက လိုချင်တာ၊ နှစ်သက်တာ၊ သဘောကျတာ၊ ကျေနပ်တာ၊ ပျော်ရွှင်တာ၊ စိတ်ချမ်းသာတာ၊ ဝမ်းသာတာ၊ ရချင်တာ၊ ဖြစ်ချင်တာလို့ အဓိပ္ပါယ်ရပါတယ်။ သာမန်လူတွေသိနေတာကတော့ ''လောဘ'' ဆိုတာ သူများပစ္စည်းကို မတရားလိုချင်တာ၊ အရမ်းချမ်းသာချင်တာ၊ ရာထူးကြီးကြီးမားမား ဖြစ်ချင် တာကိုသာ ''လောဘ''လို့သိနေပါတယ်။ ထမင်းစားလို့ကောင်းတယ်ဆိုရင်လဲ လောဘပဲ၊ ရေချိုးရတာ သဘောကျနေရင်လဲ လောဘပဲ။ သီချင်းဆိုရတာ ပျော်တယ်၊ တီဗီကြည့်ရတာ စိတ်ချမ်းသာတယ်၊ သူငယ်ချင်းနဲ့တွေ့လို့ဝမ်းသာတယ် စတာတွေအားလုံး ''လောဘ''

တရားတွေချည်းပါပဲ။ တနည်းအားဖြင့် လောဘကိလေသာတွေသာ ဖြစ်ပေသည်။ အဲဒီ ကိလေသာနဲ့ သေလို့ကတော့ အပါယ်လေးဘုံပဲ။

## ၂။ ဒေါသစိတ်

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးတောစိတ်တွေအပေါ်မှာ မကျေမနပ်ဖြစ်ခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ စိတ်ဆင်းရဲ၊ ပူဆွေးခြင်း၊ မပျော်ရွှင်ခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်း၊ မမြင်ချင်၊ မကြားချင်ခြင်း စတဲ့သဘောတွေဟာ ''ဒေါသစိတ်'' တွေပါပဲ။ တစ်နည်းအားဖြင့် ဒေါသကိလေသာပေါ့။ လားရာဂတိကတော့ အပါယ်လေးဘုံ ဖြစ်ပေသည်။

## ၃။ မောဟစိတ်

မသိတဲ့စိတ်ဟာ မောဟစိတ်ပါပဲ၊ ဘာကိုမသိတာလဲဆိုရင် သစ္စာ(၄)ပါးကိုမသိတာ မောဟ၊ အမှန်ကို မသိတာ မောဟ၊ အမှားကိုသိနေတာလဲ မောဟ၊ အမှန်ဆိုတာက မိမိကိုယ်၌ ပရမတ်သဘောအရ ပုဂ္ဂိုလ်သတ္တဝါ၊ အသက်လိပ်ပြာ၊ ငါ၊ သူတစ်ပါးရယ်လို့မရှိဘဲ- ရုပ်တရား၊ နာမ်တရား၊ (၂)ပါးသာ ရှိတယ်လို့မသိတာ၊ အမှားကိုသိနေတာက ငါဆိုတာ ရှိတယ်၊ အသက်လိပ်ပြာဆိုတာရှိတယ်၊ အတ္တကောင် ဝိညာဏ်ကောင်ဆိုတာရှိတယ်၊ စသဖြင့် သိနေခြင်းကိုလဲ ခေါ်ပါတယ်။

ဥပမာ - ထမင်းစားသည်ဆိုပါက စားချင်တာက နာမ်တရား၊ စားနေတာက ရုပ်တရား
လမ်းသွားသည်ဆိုပါက သွားချင်တာက နာမ်တရား၊ သွားနေတာက ရုပ်တရား
ရပ်သည်ဆိုပါက ရပ်ချင်တာက နာမ်တရား၊ ရပ်နေတာက ရုပ်တရား
ထိုင်သည်ဆိုပါက ထိုင်ချင်တာက နာမ်တရား၊ ထိုင်နေတာက ရုပ်တရား
အိပ်သည်ဆိုပါက အိပ်ချင်တာက နာမ်တရား၊ အိပ်နေတာက ရုပ်တရား
စကားပြောသည်ဆိုပါက ပြောချင်တာက နာမ်တရား၊ ပြောနေတာက ရုပ်တရား

စသည်ဖြင့် မိမိတို့နေ့စဉ်ပြုလုပ်နေသော ကာယကံ ဝစီကံ မနောကံတို့အပေါ်၌ ရုပ်တရားဖြင့် ရုပ်တရား၊ နာမ်တရားဖြင့်နာမ်တရား မသိဘဲ ငါလုပ်သည်၊ ငါထိုင်သည်၊

ငါစားသည်၊ ငါအိပ်သည်၊ စသည်ဖြင့် လွဲမှားစွာသိနေခြင်းသည် **''မောဟစိတ်''** ပင်ဖြစ်ပေသည်။ လောဘစိတ်ဖြစ်နေသောအခါ လောဘစိတ် ဖြစ်နေမှန်းမသိ၊ ဒေါသစိတ် ဖြစ်နေသောအခါ ဒေါသစိတ်ဖြစ်နေမှန်းမသိခြင်းသည်လည်း **''မောဟစိတ်''** ပင်ဖြစ်လေသည်။ ထိုမောဟစိတ်ကြောင့်သွားရမှာကလည်း အပါယ်လေးဘုံသာတည်း။

**သစ္စာလေးပါးမှ -**

| | |
|---|---|
| သမုဒယသစ္စာကို ပယ်ရမည့်သစ္စာမှန်းမသိတာ | မောဟ |
| ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းမသိတာကလဲ | မောဟ |
| မဂ္ဂသစ္စာကို ပွားများရမှန်း မသိတာလဲ | မောဟ |
| နိရောဓ သစ္စာဟာ ဒုက္ခချုပ်ငြိမ်းရာလို့မသိတာလဲ | မောဟ ဖြစ်ပေသည်။ |

''မောဟ''ကိုတစ်နည်းအားဖြင့် အဝိဇ္ဇာ ဟုလည်းခေါ်လေသည်။ ဤမျှလောက်ဆိုလျှင် ''မောဟ'' ၏အဓိပ္ပါယ်ကို နားလည်ပေလိမ့်မည်။ အကုသိုလ်စိတ် ၃-မျိုးကြောင့် အပါယ်လေးဘုံသွားရခြင်းသည် **သိမ်သိမ်မွေ့မွေ့ဖြင့်သွားသောနည်း** ဖြစ်ပေသည်။ ကုသိုလ်စိတ် (၃)မျိုးကတော့ -

### ၁။ အလောဘစိတ် (ဒါနကုသိုလ်စိတ်)

လောဘစိတ်၏ဆန့်ကျင်ဘက်တရားဖြစ်လေသည်။ မလိုချင်၊ မနှစ်သက်၊ မစွဲလန်း၊ ပေးချင်၊ ကမ်းချင်၊ လှူချင်၊ တန်းချင်၊ ကျွေးချင်၊ မွေးချင်၊ စသည့်သဘောတို့သည် အလောဘစိတ်ဖြစ်သည်။ ကုသိုလ်စိတ်ပင် ဖြစ်လေသည်။ ၎င်းကုသိုလ်စိတ်ကြောင့် ရောက်နိုင်တာက လူ့ဘုံနှင့် နတ်ဘုံပင်ဖြစ်သည်။

### ၂။ အဒေါသစိတ် (သီလနှင့် သမထကုသိုလ်)

ဒေါသစိတ်နှင့် ဆန့်ကျင်ဘက်တရားဖြစ်သည်။ ဒေါသကင်းပြီး မေတ္တာစိတ်ဖြစ်လေသည့် သီလစောင့်ထိန်းခြင်း၊ မေတ္တာထားခြင်း၊ ညာတာခြင်း၊ သနားခြင်း၊ ဂရုဏာရှိခြင်း၊ သူတစ်ပါးကြီးပွားချမ်းသာမှုကို ဝမ်းသာခြင်း၊ သူတစ်ပါးစိတ်ချမ်းသာစေခြင်း စသည့်စိတ်သဘောတို့သည် အဒေါသစိတ်များပင်ဖြစ်သည်။ ၎င်းကို ကုသိုလ်စိတ်ဟုလည်း ခေါ်သည်။ ဗြဟ္မာဘုံသို့ရောက်နိုင်လေသည်။

## ၃။ အမောဟစိတ် (ဝိပဿနာကုသိုလ်စိတ်)

မောဟစိတ်၏ဆန့်ကျင်ဘက်တရားဖြစ်သည်။ မောဟစိတ်က မသိတာ၊ အမောဟစိတ်ကသိတာ (တစ်နည်း) မောဟက အဝိဇ္ဇာ၊ အမောဟက ဝိဇ္ဇာ ဖြစ်လေသည်။ သစ္စာလေးပါးထဲက -

(က) ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်းသိတာ

( ခ ) သမုဒယသစ္စာကို ပယ်ရမည့်တရားဟုသိတာ

( ဂ ) နိရောဓသစ္စာကို ဆိုက်ရောက်ရမည့်တရားဟုသိတာ

(ဃ) မဂ္ဂသစ္စာကို ပွားများရမည့်သစ္စာလို့သိတာ အမောဟဆိုတဲ့ ဝိဇ္ဇာပါပဲ၊

မိမိရဲ့ခန္ဓာကိုယ်မှာ ပုဂ္ဂိုလ်သတ္တဝါဆိုတာမရှိဘဲ၊ ရုပ်နာမ်(၂)ပါး၊ ခန္ဓာ(၅)ပါးရှိတယ်လို့သိတာ၊ အစစ်အမှန်ရှိတဲ့ ပရမတ္ထသစ္စာ(၄)ပါးကိုသိတာ၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးသည် အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားကြီးပါလားလို့သိတာ၊ စားချင်တာနာမ်တရား၊ စားနေတာကရုပ်တရား၊ အိပ်ချင်တာနာမ်တရား၊ အိပ်တာကရုပ်တရား၊ သွားချင်တာက နာမ်တရား၊ သွားနေတာက ရုပ်တရား စသည်ဖြင့် ခန္ဓာပေါ်မှာ ရုပ်မှန်း နာမ်မှန်းသိတာတွေဟာ အမောဟစိတ်ပါပဲ။ ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပြီးပျက်တတ်တဲ့သဘောကို သိတာဟာလဲ အမောဟစိတ်ပါပဲ။ အမောဟစိတ်ရဲ့ အကျိုးပေးကတော့ နိဗ္ဗာန်ပါ။

အကုသိုလ်စိတ်(၃)မျိုးနဲ့ ကုသိုလ်စိတ် (၃)မျိုးကို ရှင်းပြီးဖြစ်တဲ့အတွက် အကုသိုလ်စိတ်ရဲ့ အကျိုးပေးနဲ့ ကုသိုလ်စိတ်ရဲ့ အကျိုးပေးတွေကို သိရှိဖို့လိုပါတယ်။ အကုသိုလ်စိတ်ရဲ့အကျိုးပေးကတော့ အပါယ်လေးဘုံပါပဲ။ ဒါဆိုရင် အကုသိုလ်စိတ်ဟာ အပါယ်(၄)ဘုံကျရခြင်းရဲ့ အကြောင်းတရားဆိုတာ သိရပါတယ်။ အကြောင်းတရား (၄)ပါးကြောင့် အကျိုးတရား ဖြစ်ပုံကို အောက်ပါအတိုင်းဖော်ပြလို့ရပါတယ်-

| အကြောင်းတရား(၄)ပါး | | အကျိုးတရား(၄)ပါး |
|---|---|---|
| ၁။ လောဘ | ကြောင့် | ပြိတ္တာ |
| ၂။ ဒေါသ | ကြောင့် | ငရဲ |
| ၃။ မောဟ | ကြောင့် | တိရစ္ဆာန် |
| ၄။ မာန | ကြောင့် | အသူရကာယ် |

လောဘဆိုတဲ့ လိုချင်တတ်မက်နှစ်သက်တဲ့ စိတ်တွေနဲ့ စွဲလန်းပြီးသေတော့ စားရမဲ့ သောက်ရမဲ့ဖြစ်တဲ့ ပြိတ္တာဘဝမှာ အမြဲတမ်း ဆာလောင်မွတ်သိပ်နေတဲ့ ပြိတ္တာဘဝ ရောက်ရတယ်။

ဒေါသဆိုတဲ့ မကျေနပ်၊ မနှစ်သက်တဲ့ စိတ်တွေနဲ့ စွဲလန်းပြီးသေတော့ ငရဲမှာ ဒုက္ခဝေဒနာ ခံစားပြီး အမြဲတန်း မကျေမနပ်နဲ့ ဒေါသတရားတွေဖြစ်နေရတယ်။

မောဟဆိုတဲ့ အသိတရားကင်းမဲ့ပြီး စွဲလန်းစိတ်နဲ့သေတော့ အသိဉာဏ်ကင်းမဲ့တဲ့ တိရစ္ဆာန်ဖြစ်ရတယ်။

မာနဆိုတာ ထောင်လွှားတက်ကြွခြင်းတရားကိုစွဲပြီးသေတော့ အသူရကာယ်ဆိုတဲ့ တစ္ဆေ၊ သူရဲဖြစ်ကြရတယ်။

ဒါကြောင့် ၄င်းအကြောင်းတရားလေးပါး လုပ်နေသမျှကာလပတ်လုံး အကျိုး(၄)ပါး ဖြစ်တဲ့ အပါယ်လေးဘုံ ကဘယ်တော့မှ လွတ်မြောက်မှာမဟုတ်ပါဘူး။ အဲဒီလောဘ၊ ဒေါသ၊ မောဟ မာနဆိုတဲ့ အကြောင်းတရားတွေကို ဒါန၊ သီလ၊ သမထလောက်နဲ့ ပယ်သတ်လို့ မရပါဘူး။ "ကေစိတ္တာ သမ္ပယုတ္တာ" ဆိုသည့်အတိုင်း စိတ်ဆိုတာ တစ်ကြိမ်မှာ နှစ်ခုဖြစ်လို့ မရပါဘူး၊ ကုသိုလ်စိတ်ဆိုတဲ့ အလောဘ၊ အဒေါသ၊ အမောဟစိတ်တွေ ပေါ်နေတဲ့ အချိန်မှာ အကုသိုလ်စိတ်ဖြစ်တဲ့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ မဖြစ်နိုင်သလို လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေဖြစ်နေတဲ့အချိန်တွေမှာလည်း အလောဘစိတ်၊ အဒေါသစိတ်၊ အမောဟစိတ်တွေမဖြစ်နိုင်ပါဘူး။ (တစ်နည်း) အကုသိုလ်စိတ်ဖြစ်တဲ့အချိန်မှာ ကုသိုလ်စိတ် မဖြစ်နိုင်သလို ကုသိုလ်စိတ်ဖြစ်နေတဲ့အချိန်တွေမှာလည်း အကုသိုလ်စိတ်ဝင်လို့မရပါဘူး။

ဒါကြောင့် ကုသိုလ်စိတ်ဖြစ်တဲ့အချိန် အကုသိုလ်ဖြစ်တဲ့ စိတ်မဖြစ်ဘဲ၊ အကုသိုလ်စိတ်ဖြစ်တဲ့ အချိန်မှာ ကုသိုလ်စိတ်မဖြစ်ပါဘူး။

ကျွန်ုပ်တို့နေ့စဉ်ပြုလုပ်နေတဲ့ အကုသိုလ်စိတ်နဲ့ ကုသိုလ်စိတ်တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အကုသိုလ်စိတ်က အဆပေါင်းများစွာ များပြားနေတာကိုတွေ့ရပါမယ်။ မနက်အိပ်ယာထချိန်ကစပြီး ညအိပ်ချိန်ထိ အလောဘ ဆိုတဲ့ကုသိုလ်စိတ်ဘယ်လောက်ဖြစ်သလဲ၊ အဒေါသဆိုတဲ့ မေတ္တာစိတ်ကကော ဘယ်လောက်များသလဲ အမောဟဆိုတဲ့ အမှန်တရားသစ္စာကိုသိတဲ့စိတ်ကကော ဘယ်အချိန်ရှိသလဲ သေသေချာချာ စဉ်စားကြည့်ဖို့လိုပေသည်။ အလောဘဆိုတဲ့စိတ်အမြဲတမ်းပေါ်အောင် တစ်နေ့ကုန်အချိန်ပြည့်လှူဒါန်းနေတဲ့ပုဂ္ဂိုလ် ဘယ်သူရှိပါသလဲ၊ တစ်နေ့ကုန်အချိန်ပြည့်မေတ္တာပို့အမျှဝေနေသူကကော ဘယ်နှစ်ယောက် ရှိပါသလဲ။ အမှန်သစ္စာဖြစ်တဲ့ဉာဏ်နဲ့ မိမိခန္ဓာကိုယ်ကို ဒါဟာရုပ်တရား၊ ဒါဟာနာမ်တရား၊ ရုပ်ကလည်း ဖြစ်ပြီးပျက်၊ နာမ်ကလည်းဖြစ်ပြီးပျက်၊ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီးပါလား၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားရယ်လို့ တစ်နေ့ကုန် အချိန်ပြည့် နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ကော ဘယ်နှစ်ယောက်ရှိပါသလဲ၊ ပုထုဇဉ်ဆိုရင် တစ်ယောက်မှ မရှိတာ အသေအချာပါပဲ။

အဲဒီလိုကုသိုလ်စိတ်တွေသာမရှိတာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်စိတ်တွေကတော့ မနက်မိုးလင်းကမိုးချုပ် အချိန်ပြည့်နီးပါး ဖြစ်နေကြတာကို တွေ့ရပါမယ်။ ကုသိုလ်စိတ်ပဲပေါ်ပေါ် အကုသိုလ် စိတ်ပဲပေါ်ပေါ် - ပေါ်လာတဲ့အချိန်မှာ ကုသိုလ်ဇော၊ အကုသိုလ်ဇောတွေ ဖြစ်နေပါတယ်။ အဲဒီဇောတွေရဲ့အရှိန်အဟုန်ကြောင့် အကျိုးပေးတွေရနေတာပါ။ ဇောစိတ်ဆိုတာ နာမ်တရားပါ၊ နာမ်တရားဆိုတော့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ "ဥပါဒ်၊ ဌီ၊ ဘင်" လို့ခေါ်တဲ့ ခဏငယ်ပေါင်းကုဋေတစ်သိန်းကျော် ဖြစ်ပေါ်ပြီး ချုပ်ပျောက်ပျက်စီးကြရပါတယ်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာတောင် အဲဒီလောက်ဇောတွေပေါ်ပြီး အကျိုးပေးမယ်ဆိုရင် ကျွန်ုပ်တို့တစ်နေ့တာဖြစ်နေတဲ့ အကုသိုလ်စိတ်တွေရဲ့ အကျိုးပေးကို တွက်ကြည့်ပါက အပါယ်လေးဘုံက တက်စရာလမ်းကို မမြင်တော့ပါဘူး။ ဒါကြောင့်လည်း မြတ်စွာဘုရားက သတ္တဝါတို့၏အမြဲနေအိမ်ဟာ အပါယ်(၄)ဘုံလို့ ဟောခဲ့တာပေါ့။

အကုသိုလ်စိတ်တွေကြောင့်ဇောတွေဖြစ်ပြီး အကျိုးပေးဖြစ်တဲ့အပါယ်လေးဘုံမှာ အချိန်ကာလ ကြာမြင့်စွာ ခံစားရတယ်၊ အကုသိုလ်ကံကုန်တော့ လူ့ပြည်၊ နတ်ပြည်ကို ရောက်ကြရတယ်ဆိုတာ ကုသိုလ်ဇောတွေအကျိုးပေးတဲ့အချိန်ပါပဲ။ ဒါကြောင့် အပါယ်လေးဘုံမှာ နေရတဲ့ သက်တမ်းက မနှိုင်းယှဉ်နိုင်လောက်အောင် ရှည်ကြာပြီး သုဂတိဘုံဖြစ်တဲ့ လူ့ပြည်၊ နတ်ပြည်မှာ နေရတာက ခဏတစ်ဖြုတ် အိပ်မက်မက်သလောက်ပါပဲ။

ဒီလောက်များပြားလှတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုတဲ့ အကုသိုလ် အကြောင်းတရားတွေကို ဒါန၊ သီလ၊ သမထကုသိုလ်လောက်နဲ့ ပယ်သတ်လို့မရပါဘူး။ ဒါန၊ သီလ၊ သမထတွေက ကံလမ်းဖြစ်ပြီး ဝိပဿနာကသာ ဉာဏ်လမ်းဖြစ်တယ်။

ပုထုဇဉ်မှန်ရင် မြေကြီးကနေ ဘာဝဂ်သာထိအောင် လှူဖွယ်ပစ္စည်းတွေပုံပြီး လှူလှူ သီလတရားကို ကြိုက်သလောက်စောင့်ထိန်းစောင့်ထိန်း၊ သမထတရားတွေကို ကြိုက် သလောက် ကျင့်ကျင့် အပါယ်လေးဘုံက မလွတ်နိုင်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘေးကြီးလေးပါး ကြောင့်ပါပဲ။

ဘေးကြီးလေးပါးဆိုတာက -

| | |
|---|---|
| ၁။ ဝိနိပါတဘေး | ဗရမ်းဗတာကျတဲ့ဘေး |
| ၂။ နာနာသတ္တဉလ္လောကနဘေး | ဘုရားမှားသောဘေး |
| ၃။ ဒုစရိတဘေး | ဒုစရိုက်ဘေး |
| ၄။ အပါယဘေး | အပါယ်လေးပါးကျရောက်နိုင်သော ဘေးတို့ |

ဖြစ်တယ်။

ပုထုဇဉ်မှန်ရင် ဒီဘေးကြီးလေးပါးက လွဲရှောင်လို့မရပါဘူး၊ ဗရမ်းဗတာကျတတ်တဲ့ ဝိနိပါတဘေး ဆိုတာပုထုဇဉ်မှန်က သေသည့်အခါ (၃၁)ဘုံထဲက သုဒ္ဓါဝါသဘုံကလွဲ၍ ကျန်ဘုံတွေထဲကို ဗရမ်းဗတာ ကျရောက်နိုင်တယ် လို့ဆိုလိုခြင်းဖြစ်ပါတယ်။ အုန်းပင်က အုန်းသီး ကြွေကျသလို ဘယ်နေရာကျမယ်၊ ဘယ်အချိန်ကျမယ်ဆိုတာ မသိနိုင်ဘူး၊ သူကျချင်တဲ့နေရာကို ဗရမ်းဗတာကျပါလိမ့်မယ်။

ဒါန၊ သီလ၊ သမထတရားတို့သည် သာသနာတွင်းမှာရှိသလို၊ သာသနာပမှာလည်း ရှိပေသည်။ အခြား ဘာသာတရားတွေမှာလည်း ရှိပေသည်။ အခြားဘာသာတွေမှာ မရှိနိုင်ဘဲ သာသနာတွင်းမှာသာရှိတဲ့ တရားကတော့ ဝိပဿနာတရားပါပဲ။ ဒါန၊ သီလ၊ သမထက မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်သာဖြစ်ပြီး တက္ကသိုလ် မရောက်သေးပါဘူး၊ တက္ကသိုလ်ရောက်မှသာ ဘွဲ့ရမှာဖြစ်ပါတယ်။ ထို့အတူ ဒါန၊ သီလ၊ သမထက မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်သာရှိပြီး ဝိပဿနာမှသာ တက္ကသိုလ်ရောက်တာ ဖြစ်တဲ့ အတွက် နိဗ္ဗာန်တည်းဟူသော ဘွဲ့ရမှာဖြစ်ပါတယ်။ ဒါန၊ သီလ၊ သမထကိုအခြေခံပြီး ဝိပဿနာ လုပ်ရမှာဖြစ်ပါတယ်။ ဒါန၊ သီလ၊ သမထတွေက ကံအကျိုးပေးသလောက် လူ၊ နတ် ချမ်းသာရပါမယ်။ ကံအရှိန်ကုန်တဲ့အခါ အပါယ်ကို ပြန်ကျပါတယ်။

ဝိပဿနာကတော့ ဘယ်တော့မှပြန်မဆင်းတော့ပါဘူး၊ အကျိုးပေးရှိသလောက် အပေါ်ကိုတက်နေပါတော့တယ်၊ ဒါန၊ သီလ၊ သမထက ပိုက်ဆံချမ်းသာတဲ့သူနဲ့တူတယ်၊ ပိုက်ဆံတွေ သုံးလို့ကုန်သွားရင် ဆင်းရဲသား ပြန်ဖြစ်သွားတယ်။ ဝိပဿနာကတော့ဒီလို မဟုတ်ပါဘူး။ ပညာတတ်ထားတဲ့သူနဲ့တူတယ်၊ ဘယ်တော့မှသုံး၍မကုန်နိုင်တော့ဘူး၊ ယ္ခုဘဝမှ စ၍ သံသရာတစ်လျှောက်လုံး သုံး၍မကုန်နိုင်လောက်အောင် အကျိုးပေးသန်လှပါတယ်၊ ဝိပဿနာလုပ်မှသာလျှင် အပါယ်ဘေးစိတ်ချရမယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ဝိပဿနာ အလုပ်ကို မလုပ်လို့မဖြစ်ပါဘူးလို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

## လူ့ဘဝရခဲခြင်းနှင့် သံသရာရှည်လှပုံ

မြတ်စွာဘုရားရှင်က ဒုလ္လဘတရား (၅)ပါးဟောကြားခဲ့ပါတယ်။

၁။ ဘုရားနဲ့မိဘို့၊ ဘုရားရှင်ရဲ့သာသနာထဲမှာ ကျရောက်ဖို့ခက်ခဲခြင်း
၂။ သူတော်ကောင်းတရားကြားနာဖို့၊ ထောင်နိုင်တဲ့နားရှိဖို့ခက်ခဲခြင်း
၃။ လူသားအဖြစ်ကိုရရှိဖို့ခက်ခဲခြင်း
၄။ ယုံကြည်ထိုက်သောတရားများကို ယုံကြည်ဖို့ခဲယဉ်းပြီး၊ မယုံကြည်ထိုက်သော အစမ္မတွေ ကိုတော့ ယုံလွယ်ခြင်း
၅။ ရဟန်းအကျင့်ကိုကျင့်ဖို့ခဲယဉ်းခြင်း

လူ့ဘဝရဖို့အင်မတန်ခက်ခဲပေသည်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တစ်နေ့သော အချိန်တွင် မြေမှုန့်တစ်ဆုပ်ကို ကျုံးပြီးလက်သည်းခွံပေါ်တင်လိုက်ပါတယ်၊ ပြီးတော့ နောက်လိုက် ရဟန်းတို့ကိုမေးပါတယ်၊ ငါ၏လက်သည်းခွံပေါ်တွင်ရှိသောမြေမှုန့်နှင့် ဤမဟာပထဝီ မြေကြီးတွင်ရှိသော မြေမှုန့်တို့တွင် ဘယ်မြေကြီးကများသနည်းဟုမေးသောအခါ နောက်လိုက် ရဟန်းတို့က ဤမဟာပထဝီမြေကြီး၏မြေမှုန့်သည် တုနှိုင်း၍မရလောက်အောင်များပါတယ်လို့ ဖြေကြပါတယ်၊ လက်သည်းခွံပေါ်တွင်ရှိသော မြေမှုန့်သည် အင်မတန့်အင်မတန်ကို ပြောလို့ မရအောင် နည်းပါးလှပါတယ်။

မြတ်စွာဘုရားက ငါ၏လက်သည်းခွံပေါ်တွင်ရှိသောမြေမှုန့်မျှသာ လူနတ်ဗြဟ္မာ အားလုံးစုတေလို့ ကွယ်လွန်သွားရင် လူနတ်ဗြဟ္မာပြန်ဖြစ်တယ်၊ ကျန်တာအားလုံး အပါယ် ကိုပြန်ဆင်းသွားကြတယ်၊ ဒါကြောင့်မို့ ဝိပဿနာမကျင့်သေးတဲ့ပုဂ္ဂိုလ်များအားလုံး ဆင်းမှာသေချာပါတယ်။ အပါယ်ကိုကျသွားပြီးရင်လည်း သုဂတိဘုံ ပြန်ရောက်ဖို့ခက်ခဲကြောင်း ကို မြတ်စွာဘုရားက လိပ်ကန်းဥပမာနဲ့ ဟောကြားခဲ့ပါသေးတယ်။

(ကာဏကစ္ဆပသုတ္တန်)

အင်မတန်အပြောကျယ်လှတဲ့ သမုဒ္ဒရာကြီးရဲ့ကြမ်းခင်းပေါ်မှာ မျက်လုံးစုံကန်းနေတဲ့ လိပ်ကန်းကြီးတစ်ကောင်ဟာ တွားသွားနေပါတယ်၊ သမုဒ္ဒရာရေမျက်နှာပြင်ပေါ်မှာ အပေါက် တစ်ပေါက်သာပါတဲ့ လှည်းထမ်းပိုးတုံးလေးတစ်တုံးဟာလည်း မျောနေပါတယ်၊ ၄င်းအပေါက် ကလဲ လိပ်ဦးခေါင်းနဲ့ စွပ်ရုံလောက်ကလေးသာရှိတယ်။ မျောချင်သလို မျောနေတဲ့ လှည်းထမ်းပိုး တုံးနှင့် သွားချင်ရာသွားနေတဲ့ လိပ်ကန်းကလည်း အနှစ်တစ်ရာမှ တစ်ကြိမ် ရေပြင်မှာ ပေါ်တယ်။ လှည်းထမ်းပိုးနဲ့ လိပ်ကန်းရဲ့ဦးခေါင်းဟာ စွပ်သွားဖို့ လွယ်ပါ့မလားမေးတော့၊ ဘယ်လိုမှကို မဖြစ်နိုင်ပါဘူးဘုရားလို့ဖြေတယ်၊ သမုဒ္ဒရာကကမ္ဘာတည်သရွေ့ ရှိနေမယ်၊ ထမ်းပိုးကလည်း မဆွေးမပုပ်ဘဲရှိနေလို့ ကံကောင်းထောက်မစွာ စွပ်မိရင်စွပ်သွားအုံးမယ်၊ အခုနက အပါယ်ကိုဆင်းသွားကြတဲ့ လူ၊ နတ်၊ ဗြဟ္မာအားလုံးတို့၏ လူနတ်ဗြဟ္မာ ပြန်ဖြစ်ဖို့ အရေးသည် အဆရာထောင်မက ခဲယဉ်းလှပါတယ်တဲ့၊ အပါယ်ကိုအလည်သွားချင်တဲ့ ပုဂ္ဂိုလ်များ သတိပြုဖို့ ကောင်းပေသည်၊ ဘယ်နည်းနဲ့မှသွားဖို့ မစဉ်းစားကြပါနဲ့၊ မတော်တဆ ခြေချော် လက်ချော် ကျသွားခဲ့ရင် မမီတော့ပါဘူး၊ ကုရာနတ္ထိ ဆေးမရှိပါဘူး။

အင်မတန်ရခဲလှတဲ့လူ့ဘဝကြီးရခဲ့ကြပါပြီ၊ ပိုင်စိုးနေရပါပြီ၊ အခွင့်အရေးတွေ အပြည့်အဝ ရှိနေပါတယ်။ ကျွန်ုပ်၏ဆွေတော်မျိုးတော် ညီအစ်ကိုမောင်နှမအားလုံးတို့အား အပါယ်ကို လုံးဝမရောက်စေချင်လို့ ကျေးဇူးဆပ်ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်ဝိပဿနာ လုပ်ကြပါ။

အင်မတန်ရှည်လျားလှတဲ့သံသရာကြီးကို ဗဟုသုတအနေနဲ့ သိထားကြမယ်ဆိုရင် တစ်ကမ္ဘာဆိုတဲ့ အချိန်ကာလနဲ့ စတင်ပြောရမှာဖြစ်ပါတယ်။ ကပ်ကြီး(၄)ကပ်ရှိပါတယ်။

**ကပ်ကြီး(၄)ကပ် (အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်)**

**၁။ အာယုကပ်** (တက်ကပ်နှင့်ဆုတ်ကပ် အနှစ်တရာစီကာလ)

မရေတွက်နိုင်လှအောင် အသက်ရှည်လှတယ် အဆုံးအစမရှိတဲ့ (Infinity) ကာလကနေ အနှစ်တစ်ရာ ကြာတိုင်းကြာတိုင်း တစ်နှစ်လျော့လာတာ ။

ကကုသန်ဘုရား ပွင့်တဲ့အချိန်တုန်းကကျတော့ လူတွေရဲ့သက်တမ်းဟာ **အနှစ် လေးသောင်း**

ကောဏဂုံဘုရား ပွင့်တဲ့အချိန်တုန်းကကျတော့ လူတွေရဲ့သက်တမ်းဟာ **အနှစ် သုံးသောင်း**

ကဿပဘုရား ပွင့်တဲ့အချိန်တုန်းကကျတော့ လူတွေရဲ့သက်တမ်းဟာ **အနှစ် နှစ်သောင်း** ဖြစ်ပြီး

ဂေါတမဘုရား ပွင့်တဲ့အချိန်တုန်းကကျတော့ လူတွေရဲ့သက်တမ်းဟာ **အနှစ် တစ်ရာ** တန်းဖြစ်ခဲ့ပါတယ်။

အခုဆိုရင်ဘုရားပွင့်ပြီးအနှစ် (၂၅၀၀) ကျော်ပြီးဖြစ်တဲ့အတွက် လူ့သက်တမ်းဟာ (၇၄)-နှစ်သာ ရှိပေတော့သည်။ အနိမ့်ဆုံး ၁၀-နှစ်တန်းအထိကျဆင်းသွားပါမယ်။ အဲဒီလို ကျဆင်းလာတာကို **ဆုတ်ကပ်** ဟုခေါ်ပေသည်။ အသက်ကဆုတ်လာခြင်းဖြစ်ပြီး သာသနာ ဆုတ်ယုတ်ခြင်းမဟုတ်ပါ၊ ဝိမုတ္တိခေတ် တစ်ပါတ်လည်သည့်အချိန်ဖြစ်သဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ အမြောက်အများ ဖြစ်ကြမဲ့ခေတ်ကြီးပါ။ အသက်သာ ဆုတ်ယုတ်၍ သာသနာမဆုတ်ယုတ်ပါ။

တဖြည်းဖြည်းသက်တမ်းတွေလျော့၍ ၁၀-နှစ်တမ်းရောက်ပြီးနောက် ၁၀-နှစ်ကနေ အနှစ်(၁၀၀) ကြာတဲ့အခါ နှစ်ဆ နှစ်ဆ ပြန်ပြီးတက်လာပါတယ်။ ဆိုလိုတာက ၁၀နှစ်ကနေ အနှစ်(၁၀၀)ကြာတဲ့အခါ ၂၀-နှစ် ရဲ့နှစ်ဆ (၄၀)နှစ်တန်း စသဖြင့် တဖြည်းဖြည်း တက်လာတာ ရေတွက်လို့မကုန်နိုင်တဲ့ (Infinity) ထိအောင် သက်တမ်းတွေပြန်တက်လာပါတယ်။ အဲဒီလိုတက်လာတာကို တက်ကပ်လို့ခေါ်ပါတယ်။

အဲဒီလို ဆုတ်လာတဲ့ကပ်၊ တက်လာတဲ့ကပ်အတွင်းမှာရှိတဲ့ လူတွေရဲ့ အသက်တမ်းကို "အာယုကပ်" ဟုခေါ်ပါတယ်။

## ၂။ အန္တရကပ်

တက်ကပ်နှင့်ဆုတ်ကပ် နှစ်ကပ်ပေါင်း၏ကာလ၊ ဆိုလိုတာက အာယုကပ်ရဲ့နှစ်ဆ ကာလကို အန္တရကပ် ဟုခေါ်သည်။

## ၃။ အသင်္ချေယျကပ်

အန္တရကပ်(၆၄)ကပ်ပေါင်း၏ကာလဖြစ်သည်၊ (သို့) အာယုကပ်၏ ၆၄×၂ = ၁၂၈ ဆ ကာလကို အသင်္ချေယျ ကပ်ဟုခေါ်သည်။

## ၄။ မဟာကပ်

အသင်္ချေယျကပ် ၄ကပ်ပေါင်း၏ကာလဖြစ်သည်။ ၄င်းကိုတစ်ကမ္ဘာဟုခေါ်သည်။ အာယုကပ် အနေနှင့်တွက်လျှင် ၁၂၈×၄ = ၅၁၂ ဆ ကာလဖြစ်သည်။ အသင်္ချေယျကပ် လေးကပ်မှာ -

| | | |
|---|---|---|
| (က) | သံဝဋ္ဋကပ် | ကမ္ဘာပျက်ဆဲ (ကမ္ဘာကြီးပျက်စီးလာပြီ) |
| (ခ) | သံဝဋ္ဋဋ္ဌာယီကပ် | ပျက်ပြီးတော့ တည်နေဆဲကာလ(VOID) |
| (ဂ) | ဝိဝဋ္ဋကပ် | ကမ္ဘာကြီးဖြစ်နေဆဲကာလ |
| (ဃ) | ဝိဝဋ္ဋဋ္ဌာယီကပ် | ကမ္ဘာဖြစ်ပြီးတည်နေဆဲ |

၄င်းတို့သည် အသင်္ချေယျကပ် (၄)ကပ်ဖြစ်ပြီး တစ်ကမ္ဘာဟုခေါ်သည်။ တစ်မေ့ တစ်မော ကြာမြင့်လှတဲ့ သံသရာကြီးထဲမှာ ဆက်ပြီးတော့မျောနေချင်သေးရင်တော့ ဝိပဿနာကို

မကျင့်ပါနဲ့။ မလည်ချင်တော့ဘူးဆိုတဲ့ ယောဂီတို့သည် နောင်လာမဲ့ဘဝ်စဉ်ပဲ ဖြစ်ဖြစ်၊ တစ်ဘဝထဲပဲဖြစ်ဖြစ် နိဗ္ဗာန်ရချင်သော ပုဂ္ဂိုလ်တို့သည် ဝိပဿနာကို မကျင့်လို့ မဖြစ်ပါဘူး။

ဗုဒ္ဓဘာသာဝင်တို့၏အဓိကပန်းတိုင်ဖြစ်သော နိဗ္ဗာန်ကို စံဝင်လိုသောပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်သို့ စံဝင်နိုင်သော အဆင့်အတန်းကို သိရှိဖို့လိုလေသည်။ နိဗ္ဗာန်စံဝင်ရန် အဆင့် ၄-ဆင့်ရှိလေသည်။

| အဆင့် | မဂ်ဖိုလ် | ပုဂ္ဂိုလ်အမည် |
|---|---|---|
| ၁။ ပထမ နိဗ္ဗာန် | သောတာပတ္တိမဂ်/ဖိုလ် | သောတာပန် |
| ၂။ ဒုတိယ နိဗ္ဗာန် | သကဒါဂါမိမဂ်/ဖိုလ် | သကဒါဂါမ် |
| ၃။ တတိယ နိဗ္ဗာန် | အနာဂါမိမဂ်/ဖိုလ် | အနာဂါမ် |
| ၄။ စတုတ္ထနိဗ္ဗာန် | အရဟတ္တမဂ်/ဖိုလ် | ရဟန္တာ |

တို့ဖြစ်လေသည်။

လေးမဂ်လေးဖိုလ်ရပြီးမှသာ နိဗ္ဗာန်သို့စံဝင်နိုင်လေသည်။ ထို့ကြောင့်နိဗ္ဗာန်သို့ စံဝင်ရန်-

- သောတာပန် အရင်ဖြစ်ဖို့လိုလေသည်။
- ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်ဖို့လိုသည်။
- ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားလည်ရန် စာပဋိစ္စသမုပ္ပါဒ်ကို အရင်လေ့လာသင်ယူရပေမည်။
- ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နားလည်ရန် စာပဋိစ္စသမုပ္ပါဒ်ကို အရင်သင်ယူရပေမည်။

၄င်းကိုသစ္စာနုလောမိကဉာဏ်ဟုခေါ်သည်။ သစ္စာနုလောမိကဉာဏ်ရရန် ကမ္မဿကတဉာဏ်ကို အရင်နားလည်ရပေမည်။ (ကံ ကံ၏အကျိုးကို ယုံကြည်သောဉာဏ် ဖြစ်သည်။) သို့မှသာ အကုသိုလ်ဒုစရိုက်တရားများကို ရှောင်ရှားလျှက် ကုသိုလ် သုစရိုက်တရားများကို ပွားများကာ သစ္စာတရားများကို တွေ့ရှိယုံကြည်နားလည်နိုင်မည် ဖြစ်ပါသည်။ မြတ်စွာဘုရားက-

(က) လူပုဂ္ဂိုလ်များအတွက် ငါးပါးသီလ၊ ရှစ်ပါးသီလစသော ကိုယ်ကျင့်သီလများကို စောင့်ရှောက်ထိန်းသိမ်းရန် ဟောကြားခဲ့ပြီ။

(ခ) ရဟန်းသံဃာတော်များအတွက် သိက္ခာပုဒ်-၂၂၇သွယ် အကျယ်ဖွဲ့ကုဋ္ဌေ ကိုးထောင် ကျော် စောင့်ထိန်းရန် ဟောကြားခဲ့ပေသည်။

**လူပုဂ္ဂိုလ်များစောင့်ထိန်းရန်ငါးပါးသီလမှာ -**

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
(သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏)

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
( သူတစ်ပါး ပစ္စည်း ဥစ္စာကို ခိုးယူခြင်းမှရှောင်ကြဉ်ပါ၏ )

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
(သူတစ်ပါး အိမ်ယာ ကျူးလွန်ခြင်းမှရှောင်ကြဉ်ပါ၏ )

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
( လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ )

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
(သေရည်သေရက်စသည်တို့ကိုသောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ၏) စသည့် ငါးပါးတို့ဖြစ်သည်။

လူပုဂ္ဂိုလ်များအနေဖြင့် မိမိဆောက်တည်သော သီလပျက်ပျယ်ခြင်းရှိမရှိ၊ ကံမြောက် မမြောက် သိရှိနိုင်ရန် ကံထိုက်မထိုက်ဆုံးဖြတ်နိုင်ပုံကို အရှင်ဇဝန(မေတ္တာရှင်) ရွှေပြည်သာ ရေးသားသော'' သီလအစွမ်း'' စာအုပ်မှကောက်နုတ်တင်ပြအပ်ပါသည်။

## သင်လူတစ်ယောက်ဖြစ်ပြီလား

သာသနာတော်သက္ကရာဇ် ၃၈၁ ခုနှစ်ခန့်က ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗုဒ္ဓသာသနာ ကို ဖျက်ဆီးနေကြသောကြေးကုလားမင်းပေါင်း(၃၂)ဦး၊ နောက်လိုက်စစ်သည်ပေါင်း (၂၁၈၇၀၀) ကျော်တို့ကို တိုက်ပွဲကြီး(၂၉)ကြိမ် ဆင်နွှဲပြီးနှစ်နှစ်ကျော်ကြာအောင် ရှင်းလင်းခဲ့ရသည်။ သာသနာ့ရန်သူများ ရှင်းလင်းပြီး ဖြစ်သော်လည်း ဒုဋ္ဌဂါမဏိမင်းကြီးသည် မင်းစည်းစိမ်ကို ချမ်းသာစွာမခံစားနိုင်ဘဲ မအိပ်နိုင် မစားနိုင်ဖြစ်ကာ စိတ်ဆင်းရဲကြီး ဆင်းရဲနေရရှာသည်။

အကြောင်းကား ကြေးကုလားများကို သိန်းနှင့်ချီပြီးသတ်ခဲ့ရသော အကုသိုလ်များကို တွေးမိနေသောကြောင့်ပါတည်း။ ထိုအခါ ပီယင်္ဂုကျွန်းတွင် သီတင်းသုံးနေထိုင်သော ရဟန္တာ (၈)ပါးကြွလာပြီးလျှင် -

**သဂ္ဂမဂ္ဂန္တရာယောစ၊ နတ္ထိတေ တေန ကမ္မုနာ။**
**ဒိယဍ္ဍ မနုဇာ ဝေတ္ထ၊ ဃာတိတာ မနုဇာဓိပ။**

တကာတော်မင်းကြီး ကြေးကုလားတို့ကိုသတ်ခဲ့သောအကုသိုလ်သည် သင်မင်းကြီးအား နတ်ပြည် မရောက်အောင် မဂ်ဖိုလ်မရအောင်မတားနိုင်ပါ။ သေသူလူတစ်သိန်းကျော်တို့တွင် လူတစ်ယောက်နှင့် တစ်ခြမ်းကိုသာ သတ်ဖြတ်မိရာ ရောက်ပေသည်။

**သရဏေသု ဋ္ဌိတော ဧကော၊ ပဉ္စသီလေပိ စာပရော။**
**မိစ္ဆာဒိဋ္ဌိစ ဒုဿီလာ၊ သေသာ ပသုသမာ မတာ။**

အဘယ်ကြောင့်ဆိုသော် သရဏဂုံသုံးပါးတည်သူတစ်ယောက်ပါသွားသောကြောင့် လူတစ်ခြမ်းကိုသာ သတ်ရာရောက်သည်။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလနှစ်မျိုးလုံး ပြည့်စုံသူတစ်ယောက် ပါသွားသောကြောင့် လူတစ်ယောက်ကိုသတ်ရာ ရောက်သည်။

ထိုနှစ်ဦးမှတစ်ပါး ကြွင်းသောလူတို့သည်ကား အယူမှားသည့် မိစ္ဆာဒိဋ္ဌိများ၊ သီလမရှိသော ဒုဿီလများဖြစ်ကြသောကြောင့် နွား၊ ကျွဲ၊ ဆိတ်၊ သိုးစသော တိရစ္ဆာန်အဆင့်သာရှိသောသူများဖြစ်ကြသည်။ ထိုသို့ ဖြေရှင်းပေးလိုက်သောကြောင့် ယုံမှားသံသယနှင့် ကုက္ကုစ္စကင်းသွားကာ ကျန်းမာချမ်းသာစွာနှင့် သာသနာပြုသွားခဲ့ပါသည်။ သက်တမ်းစေ့၍ နတ်ရွာစံသော် အရိမေတ္တေယျဘုရားအလောင်းနတ်သားရှိသည့် တုသိတာ နတ်ဘုံသို့ ရောက်ခဲ့ရသည်။ ထိုနတ်ဘုံသည် လူသက်နှင့်တွက်လျှင် ငါးဆယ့်ခုနစ်ကုဋေနှင့် အနှစ် ခြောက်သန်း အသက်ရှည်ပေသည်။(မဟာဝင်ကျမ်း)

## အနှစ်ချုပ်သင်ခန်းစာ

ဤသာဓကကို ထောက်ဆသောအားဖြင့် သရဏဂုံတည်ရုံ၊ ဗုဒ္ဓသာသနာဖြစ်ရုံနှင့်

လူတစ်ယောက်ဟု မခေါ်နိုင်သေး၊ သရဏဂုံနှင့် ငါးပါးသီလ နှစ်မျိုးလုံးပြည့်စုံမှ လူတစ်ယောက်ဖြစ်ကြောင်း သိရပေသည်။ ထို့ကြောင့် သရဏဂုံတည်ရုံနှင့် အားရတင်းတိမ်မနေဘဲ ငါးပါးသီလကိုပါ စောင့်ထိန်းသင့်ကြောင်း ပထမအချက်အနေနှင့် တိုက်တွန်းချင်ပေသည်။

## ပါဏာတိပါတသိက္ခာပုဒ်

ပါဏ= အသက်ကို၊အတိပါတ=လျင်မြန်စွာချခြင်းဟု ပုဒ်ခွဲရသည်။ ရှင်းအောင်ပြန်သောအခါသူ့ အသက်ကိုသတ်ခြင်းဟုပင်ဖြစ်သွားသည်။အကြောင်းတစ်ခုခုကြောင့် သတ္တဝါတစ်ကောင်ကောင် သေသွားသောအခါ ပါဏာတိပါတကံထိုက်၊ မထိုက် ဆုံးဖြတ်နိုင်ရန် အင်္ဂါငါးချက်ရှိသည်။ယင်းတို့မှာ-

- သတ္တဝါတစ်ကောင်ကောင်ဖြစ်ခြင်း
- သတ္တဝါဟူသော အမှတ်သညာရှိခြင်း
- သေစေလိုသော စိတ်စေတနာရှိခြင်း
- သတ်ခြင်း
- သေသွားခြင်း။(ခုဒ္ဒက။ ၄ ။ ၂၂ )

တို့ဖြစ်ပေသည်။အရေးတကြီးသိသင့်သော အဆုံးအဖြတ်တစ်ခုမှာ ရောဂါဒါဏ်ကို မချိမဆန့်ခံစားနေရသော လူနာတစ်ယောက်ကို မကြည့်ရက်ပါဘူးဆိုကာ မြန်မြန်သေဆေးထိုးပေးသူမှာအပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ပင်ဖြစ်၏။ အပေါ်ယံကြည့်လျှင် ရောဂါခံစားနေရတာကိုမကြည့်ရက်လို့ ကရုဏာစိတ်နှင့် လုပ်ပေးလိုက်တာ ပါဏာတိပါတကံ မမြောက်လောက်ပါဘူးဟု ထင်စရာပင် ဖြစ်နေ၏။

အမှန်ကား သေဆေးထိုးခိုက်တွင်သနားသောစိတ် ခေတ္တပျောက်သွားပြီး မြန်မြန် သေစေလိုသော သိမ်မွေ့လှသည့်ဒေါသစိတ်က ကာယကံရှင် သတိမထားလိုက်မိသောအချိန်မှာပင်ဖြစ်သွား၏။ ထို့ကြောင့် လူနာကိုမြန်မြန်သေအောင်ဆေးထိုးပေးလျှင် ကိုယ်တိုင် ထိုးပေးသော ဆရာဝန်ရော၊ ထိုးခိုင်းသောလူနာရှင်ပါ ပါဏာတိပါတကံ ထိုက်လေသည်။

**ပဉ္စာနန္တရိယကံထိုက်သောအမှား**

သေဆေးအထိုးခံရသူမှာ မိဘဖြစ်နေလျှင် ထိုးခိုင်းသောသားသမီးများမှာ ပဉ္စာနန္တရိယကံ ထိုက်သည်။ အသတ်ခံရသူ၏ သီလ၊သမာဓိ၊ပညာ၊အကြီးအသေးအလိုက် သတ်သူမှာလည်း အကုသိုလ်အကြီးအသေး ကွာခြားသွားသည်။ သီလ၊သမာဓိ၊ပညာ ကြီးမားသူကိုသတ်လျှင် အပြစ်ကြီး၍သီလ၊သမာဓိ၊ပညာ နည်းသူကိုသတ်လျှင် အပြစ်သေးသည်ဟုမှတ်ရမည်။

**ပါဏာတိပါတ၏ဆိုးကျိုးများ**

ပါဏာတိပါတ်၊ သူ့သက်သတ်က
ချို့တဲ့အင်္ဂါ မွဲပြာရုပ်သွင်
အားအင်ချို့ယွင်း လျင်ခြင်းလည်းဝေး
ဘေးကိုကြောက်တတ်၊ အသက်ခံရာ
အနာများးလျက်၊ ခြွေရံပျက်၍
အသက်တိုလျှ၊ ပြစ်များစွသည်။
ရှောင်ကအပြန် အကျိုးတည်း။

ဖော်ပြပါလင်္ကာအရ သူ့အသက်ကိုသတ်သူများသည် ဖြစ်ရာဘဝတွင် မိခင်ဝမ်းတွင်းကတည်းက ကိုယ်လက်အင်္ဂါမပြည့်မစုံ ဖြစ်လာတတ်သည်။ ရုပ်ရည်မှာကြည့်မရလောက်အောင် မွဲပြာနေတတ်သည်။ အားအင်ခြောက်ခန်းပြီး ချိနဲ့နေတတ်သည်။

လျင်မြန်ဖျတ်လတ်မှုမရှိဘဲ လေးလံထိုင်းမှိုင်းနေတတ်သည်။ အမြဲတမ်းကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ခိုက်ခိုက် နေရတတ်သည်။ သူတစ်ပါးအသတ်ကိုခံရသည်။ သူတစ်ပါးက လာမသတ်လျှင် မိမိကိုယ်မိမိ ပြန်သတ်ရသည်။ အဆိပ်သောက်သေသူများ၊ ရေထဲ ခုန်ချသေသူများ၊ ရထားအကြိတ်ခံသေသူများသည် ပါဏာတိပါတကံ ပါလာသူများ ဖြစ်ကြ၏။

သူတစ်ပါးကလာမသတ်၍ မိမိကိုယ်မိမိ ပြန်သတ်ရခြင်းဖြစ်၏။ နောက်ဆိုးကျိုးများမှာ အနာရောဂါများခြင်း၊ အခြွေအရံပျက်ခြင်း၊ အသက်တိုခြင်းတို့တည်း။ အကယ်၍ သူ့အသက်ကို သင့်ခြင်းမှရှောင်ကြဉ်မည်ဆိုလျှင် ယခုဆိုးကျိုးများ၏ဆန့်ကျင်ဘက်-

- ဖြစ်ရာဘဝကိုယ်လက်အင်္ဂါပြည့်စုံစွာဖြစ်ရခြင်း။
- ရုပ်ရည်ချောမောလှပ ကျက်သရေရှိခြင်း။
- ခွန်အားဗလကြီးခြင်း။
- လျင်မြန်ဖျတ်လတ်ခြင်း။
- ရဲရဲရင့်ရင့် တုန်လှုပ်မှုကင်းစွာနေနိုင်ခြင်း။
- မိမိကိုယ်ကို သူတစ်ပါးကမလုပ်ကြံနိုင်ခြင်း။
- မိမိကိုယ်မိမိ သေကြောင်းမကြံခြင်း။
- အနာရောဂါကင်းဝေးခြင်း။
- အခြွေအရံများခြင်း။
- အသက်ရှည်ခြင်း။

ဟူသောကောင်းကျိုးများကိုပြန်လည်ရရှိမည်ဖြစ်သည်။ လူသားတို့တွင် သက်တမ်းဆုတ်သောကပ်၊ တက်သောကပ်ဟူ၍ နှစ်မျိုးရှိသည်။ သီလမရှိမှုကြောင့် ဆုတ်ကပ်ဖြစ်ရပြီး သီလရှိမှုကြောင့် တက်ကပ်ဖြစ်ရသည်။ ယခုအချိန်ကို ဆုတ်ကပ်အချိန်ဟုဆိုရသည်။မရေတွက်နိုင်အောင် အသက်ရှည်သော အသင်္ချေယျတမ်းမှစ၍ ဆုတ်ယုတ်လာခဲ့ရာ (၇၅)နှစ်တမ်းအချိန်သို့ပင် ရောက်လာပေပြီ။

သီလတွေပျက်ပြီး ကရုဏာကင်းလိုက်ကြသည်မှာလည်း ဆိုဖွယ်ရာမရှိ။ နိုင်ငံခြားဟိုတယ်များတွင် မြွေ၊ငါး၊လိပ်၊မျောက် စသောသတ္တဝါများကို အရှင်ပြထားသည်။ စားချင်ရာလက်ညှိုးထိုးပြလိုက်သည်နှင့် ထိုသတ္တဝါကိုချက်ချင်းသတ်ကာ ချက်၊ ပြုတ်၊ ကြော်၊ လှော်ကျွေးကြသည်။

မျောက်ကလေးများအဖြစ်ကား ပို၍ဆိုး၏။ မည်သူကချောက်တွန်းလိုက်သည်မသိ။ မျောက်ဦးနှောက် လတ်လတ်ဆတ်ဆတ်စားလျှင်အသက်ရှည်သည်၊ အင်အားကိုလည်းဖြစ်စေသည် စသောသတင်းထွက်လာသည်နှင့် မျောက်များ မချိမဆန့်ဝေဒနာကို ခံစားပြီးသေကြရသည်။

မျောက်ကို ချိန်သားကျအပေါက်ဖောက်ထားသော စားပွဲအလယ်မှ အပေါက်ထဲသို့

အောက်ဘက်မှ ခေါင်းထိုးသွင်းပြီးမလှုပ်နိုင်အောင် တုပ်ချည်ထားလိုက်သည်။ စားပွဲအပေါ် ပိုင်းမျက်နှာတွင်ကား မျောက်၏နောက်စေ့လေးက အပေါ်ထွက်လျက်ရှိသည်။

စားပွဲပေါ်တွင်ကား ဓါးတစ်ချောင်း၊ ဇွန်းခက်ရင်း၊ အရက်နှင့်ဖန်ခွက်တို့က အသင့် ရှိနေသည်။မျောက်ဦးနှောက်ကို စားတော့မည်ဆိုသည်နှင့် အသင့်ချပေးထားသောဓားဖြင့် ပေါ်နေသောမျောက်ဦးခေါင်း၏ သုံးပုံတစ်ပုံကို လှီးပစ်လိုက်သည်။ လှီးပြီးသောဦးခွံကို ဖယ်လိုက် သည်နှင့် အရှင်လတ်လတ်မျောက်၏ တလှုပ်လှုပ်ဖြစ်နေဆဲ ဖွေးဖွေးဖြူနေသော ဦးနှောက်များက ပေါ်လာသည်။

ထိုဦးနှောက်များကို ဇွန်းခက်ရင်းဖြင့် ယူစားကြသည်။ လူသားသည် လောက၌ အသိဉာဏ်ပညာ အကြီးမားဆုံးဖြစ်၏။ ထိုအသိဉာဏ်ကို ကရုဏာမေတ္တာနေရာတွင် အသုံးမချဘဲ လောဘ၊ဒေါသနေရာတွင် အသုံးချလိုက်သောအခါ အရက်စက်ဆုံး၊ အယုတ်မာဆုံး သရဖူသည် လူသား၏ခေါင်းပေါ်သို့ပင် ပြန်ရောက်သွားရသည်။

## မီးပူသံပြားပေါ်က ဘဲကလေး

အားအပြည့်ပါသော ဘဲခြေထောက်ကင်ဟူသော အစားအစာတစ်ခုကလည်း ရက်စက် သော လူသားများ၏ တီထွင်ချက်တစ်ခုပင်ဖြစ်၏။ အနံတစ်ပေခွဲ၊ အလျားဆယ်ပေခန့်ရှိသော သံပြားထူထူတစ်ခု၏ ဘေးနှစ်ဘက်နှင့် အပေါ်ပိုင်းကိုသံဆန်ကာစိပ်စိပ် အုပ်ပေးထားသည်။ သံပြားပေါ်တင်ပေးလိုက်သောဘဲသည် ဘေးနှစ်ဘက်သို့လည်းကောင်း၊ အပေါ်သို့လည်းကောင်း ပျံမပြေးနိုင်စေရန်ဖြစ်သည်။

အောက်မှအပူပေး၍ သံပြားကြီးရဲလာသောအခါ ဘဲတစ်ကောင်ကို သည်ဘက်အစွန်မှ သံပြားပေါ်တင်လိုက်ပြီး ဟိုဘက်အစွန်သံပြားထိပ်သို့ ထွက်ပြေးအောင် ခြောက်လှန့်ရိုက်နှက် လိုက်သည်။ ဘဲ ရဲရဲဝံ့ဝံ့ ပြေးလာစေရန် ဟိုဘက်အစွန်မှလူက ဘဲမမြင်အောင် တစ်နေရာက ကွယ်စောင့်နေသည်။

အပူဒဏ်မခံနိုင်သဖြင့် ဟိုဘက်အစွန်သို့ အားကုန်ပြေးသောဘဲ၏ ခြေဖဝါးက သံပြားမှာ ကင်သွားသလိုဖြစ်နေသည်။ ဟိုဘက်အစွန်ရောက်သည်နှင့် အသင့်စောင့်နေသူက ဘဲကိုဆွဲယူပြီး

ခြေထောက်ကို ခုတ်ဖြတ်ကာ ဟင်းလျာတစ်ခွက်ဖြစ်အောင် လုပ်လိုက်လေပြီ။

ထိုရက်စက်သော အပြုအမူများသည် မြန်မာပြည်သို့ ဝင်လာကြပြီ။ ပွဲတော်အချို့တွင် ငုံးများကိုခြင်းထဲထည့်ပြထားပြီး စားမည့်သူများ လက်ညှိုးထိုးပြသောအကောင်ကို ချက်ချင်းထုတ်သတ်ကာ ကြော်ချက်ပေးကြသည်။ ထိုမျှအထိ ရက်စက်ကြသော လူသားများကို တိရစ္ဆာန်များက အပြစ်မပေးနိုင်ကြ။ ဒဏ်မခတ်နိုင်ကြ။ ထိုအခါ သဘာဝနိယာမတရားကြီးက လူသားတို့ကို တိရစ္ဆာန်တို့ကိုယ်စား အပြစ်ပေး ဒဏ်ခတ်တော့သည်။ ကင်ဆာ၊ အေအိုင်ဒီအက်စ်၊ ကိုးမား စသောကုသ၍မရနိုင်သည့် ရောဂါမျိုးစုံတို့ဖြင့် ဒုက္ခပြန်ပေးသည်။

ရက်စက်သောလူသားတို့၏ သက်တမ်းကိုလည်း တဖြည်းဖြည်းဆုတ်ပေးနေရာ နောင်ဆိုလျှင် ဆယ်နှစ်တန်းထိဆုတ်မည်။ ထိုဆယ်နှစ်တမ်းအချိန်သည်ကား လူသားတို့သည် တိရစ္ဆာန်တို့အပေါ် တင်ခဲ့သောသွေးကြွေးများကို အကျေအလည် ပေးဆပ်ရသောအခါဟုပင် ဆိုထိုက်၏။

ဂျပန်တို့မိုးကောင်းစဉ်အခါက ဖမ်းမိသောသုံ့ပန်းစစ်သားများကို နည်းမျိုးစုံဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ မြေကြွက်ကြီးများကို ဆာလောင်မွတ်သိပ်ပြီး တွေ့ကရာကို ကိုက်ဖြတ်စားသောက်ပစ်ချင်သောအချိန်ကျမှ အိုးထဲထည့်၍ အဝတ်ဖြင့် ပိတ်ကာယူလာခဲ့သည်။

သူတို့သတ်ချင်သောသုံ့ပန်းကိုပက်လက်လှန်ကာ မလှုပ်နိုင်အောင် ကြိုးတုပ်ထားလိုက်သည်။ ထို့နောက်သုံ့ပန်းကိုယ်မှအင်္ကျီဘောင်းဘီများကိုချွတ်ပစ်ကာ ဗိုက်တွင် သွေးများလိမ်းပေးလိုက်သည်။ ပြီးလျှင် ကြွက်ထည့်ထားသောအိုးကို သုံ့ပန်းဗိုက်ပေါ်မှောက်ပြီး ကြိုးချည်ပေးထားလိုက်သည်။

အိုးထဲမှမြေကြွက်သည် သွေးညှီနံ့ရသည်နှင့် သုံ့ပန်း၏ဝမ်းဗိုက်ကို ကိုက်ဖောက်တော့သည်။ အရေပါးမှအရေထူ၊ အရေထူမှအကြော၊ အကြောမှအသား၊ အသားမှအူကလီစာထိအောင် ကိုက်ဖောက်စားသောက်ခြင်းကိုခံရသော သုံ့ပန်းသည်မျက်လုံးကြီးပြူးပြီး မျက်နှာကြီး ရှုံ့မဲ့ကာ သေသည်အထိ ငယ်သံပါအောင် အော်ဟစ်သည်ကို ဂျပန်စစ်သားတို့က

အရသာခံကာ ကြည့်ကြသည်။

တစ်ခါတစ်ရံ ရေ့တန်းမှသုံ့ပန်းအမိန့်ကြည်း၍ သတ်ဖြတ်သည့်အလုပ် မလုပ်ရလျှင် ဂျပန်စစ်သားများ မနေတတ်မထိုင်တတ်ဖြစ်နေသည်။ ထိုအခါနောက်တန်းမှ ထောင်ချထားသော သုံ့ပန်းများကို သူတို့ အာသာပြေ သတ်ဖြတ်ဖို့အတွက် တောင်းကြသည်။ ထောင်ထဲမှ ထုတ်ပေးလိုက်သောသုံ့ပန်းများကို သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲချည်ကာ မြေကြီးပေါ် လှဲထားသည်။

ပြီးလျှင် သွေးဆာနေကြသော ဂျပန်စစ်သားများက ဘက်နက်နှင့် အဆက်မပြတ် ထိုးလိုက်၊ လိမ့်သွားအောင်ကန်လိုက်နှင့် ရက်စက်ယုတ်မာစွာသတ်ဖြတ်ကြသည်။ ဆိုလိုသည်မှာ ဂျပန်စစ်သားများသည် လူကိုသတ်ဖြတ်နေကျဖြစ်သောကြောင့် မသတ်ဖြတ်ရလျှင် မနေနိုင်ဖြစ်လာသလို ဆယ်နှစ်တမ်းရောက်လျှင်လည်း လူသားများသည် တိရစ္ဆာန်များကိုသာမက လူအချင်းချင်းကိုပင် မသတ်ဖြတ်ရလျှင် မနေနိုင်အောင် ဖြစ်လာသည်။

## မြက်ကလှံဖြစ်ရသောထိုအချိန်

ထို့ကြောင့် လူချင်းတွေ့လျှင် ဒေါသစိတ်ဖြင့် မြက်ပင်ဆွဲနုတ်လိုက်လျှင် လှံဖြစ်သွားသည်။ ငှက်ပျောဖက်လိုအရွက်ကို ဆွဲယူလိုက်လျှင် ဓါးဖြစ်သွားသည်။ ထိုဓားလှံတို့ဖြင့် အချင်းချင်းထိုးခုတ်ရင်း သီလမရှိသော လူသားများ အားလုံးသေဆုံးကြရသည်။ ထိုအချိန်ကျမှလူမိုက်တို့ကို ကြောက်သဖြင့် တောထဲတွင် ပုန်းအောင်းနေသော သူတော်ကောင်းများ အပြင်ထွက်လာကြသည်။

သီလကင်းမဲ့မှုကြောင့် အသေဆိုးဖြင့်သေကြရသော လူသားများကိုကြည့်ကာ တရားပါရလာပြီး သီလကို ပိုစောင့်ကြသည်။ အချင်းချင်း မေတ္တာကရုဏာ ပိုထားလာကြသည်။ ထို့ကြောင့် ဆယ်နှစ်တန်းရှိ မိဘကမွေးသောသားသမီးများသည် အနှစ်နှစ်ဆယ်သက်တမ်းရှည်ကြသည်။

အနှစ်နှစ်ဆယ်တမ်းရှိ မိဘကမွေးသော သားသမီးများသည် အနှစ်လေးဆယ်သက်တမ်းရှည်ကြသည်။ ထိုသို့ သီလတန်ခိုးကြောင့် သက်တမ်းသည် ခေါက်ချိုးတက်လာ

လိုက်ရာ လူသားသည် နတ်ပြဟ္မာတို့ထက် သက်တမ်းရှည်သော အသင်္ချေယျတမ်းသို့ ရောက်သွားသည်။

အသင်္ချေယျတမ်း ဟူသည် မရေတွက်နိုင်အောင် အသက်ရှည်သောအတန်းဟု အဓိပ္ပါယ်ရသည်။ မန္ဓာတုစကြာမင်းကြီးတို့ခေတ်က လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းပင် ဖြစ်၏။ ထို့ကြောင့် တာဝတိံသာနတ်ပြည်သို့တက်ပြီး နတ်စည်းစိမ်ကို ခံစားနေသော မန္ဓာတုစကြာမင်းကြီးသည် နှစ်ပေါင်း သုံးကုဋေနှင့်အနှစ်ခြောက်သန်း အသက်ရှည်သော သိကြားမင်းပေါင်း(၃၅)ယောက် သေသော်လည်း သူက မသေခြင်းကို ထောက်သောအားဖြင့် အသင်္ချေယျတမ်း၏သက်တမ်းကို ခန့်မှန်းကြည့်နိုင်ပေသည်။

(မှတ်ချက်) မန္ဓာတုစကြာမင်းကြီးအကြောင်း အပြည့်အစုံကို စာရေးသူ ရေးသားသော ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၂)စာအုပ်တွင်ဖတ်ရှုနိုင်သည်။

ထိုအသင်္ချေယတန်းတွင်လည်း အရိမေတ္တေယျဘုရား မပွင့်သေးပါ။ သက်တမ်းရှည်လွန်းအားကြီး၍ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှာ မထင်ရှားသဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်တို့ကို မမြင်နိုင်သောကြောင့် ဘုရားမပွင့်ခြင်းဖြစ်သည်။ အိုခြင်း၊နာခြင်း၊သေခြင်းကို မတွေ့ရသဖြင့် လူသားများမှာ ပြဟ္မစိုရ်ကင်းကာ သီလကိုပြန်လည်ချိုးဖောက်လာကြသည်။

ထို့ကြောင့်သက်တမ်းများပြန်ဆုတ်လာပြီး တစ်သိန်းတန်းအရောက်ကျမှ အရိမေတ္တေယျဘုရားရှင် ပွင့်မည်ဖြစ်သည်။ ဤ၌ သင်ခန်းစာထုတ်ယူစေလိုသည်မှာ လူသားများမှာ ကိုယ်ကျင့်သီလရှိနေကြလျှင် တက်ကပ်ဖြစ်သည်။ လူသားများမှာ ကိုယ်ကျင့်သီလ ရှိမနေလျှင် ဆုတ်ကပ်ဖြစ်သည်ဟု သိရမည်။

ထို့ကြောင့်ယခုလို သက်တမ်း(၇၀)ကျော် ဆုတ်ကပ်ခေတ်ကြီးထဲတွင် အသက်တစ်ရာကျော်သောသူအတော်များများကို တွေ့နေရခြင်းဖြစ်သည်။ တစ်ခြားနိုင်ငံ၊ တစ်ခြားမြို့ရွာများကို အသာထား၍ စာရေးသူတို့ ရွှေပြည်သာမြို့၌ပင် အသက်တစ်ရာကျော်သည်အထိ ကျန်းမာသူများ ရှိနေကြသည်။

ပြီးခဲ့သည့်သုံးနှစ်ခန့်က ဒုလ္လဘရဟန်းခံပွဲတစ်ခုပြုလုပ်ရာ အလှူရှင်များပင့်သဖြင့် ရန်ကုန်မြို့ထဲမှ အသက်(၇၀)အရွယ်ခန့်ထင်ရသော ဆရာတော်ကြီးတစ်ပါး ရွှေပြည်သာသို့ ကြွလာသည်။ စာရေးသူတို့က ဦးချမည်ပြုသောအခါ ထိုဆရာတော်က ပြုံးရွှင်စွာဖြင့် -

''သက်တော်ကခြောက်ဆယ်၊
ဝါတော်ကလခွဲ၊
တို့ဘုန်းမော် စာတော်ကိတ်ရယ်၊
မှန်းစိတ်နှင့်လွဲ။

ဆိုတဲ့လင်္ကာအတိုင်း တပည့်တော် တောထွက်ပါဘုရား၊ ကြီးမှဝတ်တာပါ။ ဝါသိပ်မရ သေးပါဘူး၊ မကန်တော့ကြပါနဲ့''ဟု တောင်းပန်တားမြစ်နေရာ စာရေးသူက ''အသက် ဘယ်အရွယ်က ရဟန်းပြုတာလဲဘုရား'' ဟု မေးလိုက်ရာမထေရ်ကြီးက-

''အသက်ကိုးဆယ်ကျော်မှဝတ်ဖြစ်တာပါဘုရား'' ဟုဖြေလိုက်သဖြင့် သံဃာတော် များရော ဧည့်ပရိသတ်များပါအံ့သြသွားကြသည်။ သူ့ထက်သူလူစွမ်းကောင်းဟူသော စကားအတိုင်း နောက်ထပ်အမေးအဖြေစကား၏အဆုံးတွင်ကား အံ့သြလွန်းအားကြီးသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားမိကြသည်။ စာရေးသူက-''ဒါဆိုဦးပဥ္စင်းကြီး အခု ဘယ်နှစ်ဝါ ရပြီလဲဘုရား''

''ဆယ့်လေးဝါ ရပါပြီဘုရား''

ထိုဆရာတော်ကြီးကား ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ် ၅/၄ ရပ်ကွက်၊ အင်ကြင်းပန်းခြံမှ ဦးကျော်ဝင်း + ဒေါ်လှလှဝင်း၊ ရွှေပြည်သာ အထက(၁)တို့၏ ဖခင်ပင် ဖြစ်သည်။ ယခုအခါထေရဝါဒတက္ကသိုလ်အနီးက ကျောင်းတစ်ကျောင်းတွင် သီတင်းသုံး နေထိုင်ကြောင်းသိရသည်။

သူ၏လူ့ဘဝကဇနီးသည်လည်း(၉၈)နှစ်အရွယ်ဖြင့် အင်ကြင်းပန်းခြံတွင် နေထိုင် လျက်ပင် ရှိသည်။

သက်တမ်း(၇၀)ကျော် ဆုတ်ကပ်ကြီးအတွင်းတွင် သီလတန်ခိုးကြောင့် ထူးထူးခြားခြား အသက်တစ်ရာကျော်အထိ နေရသူများရှိသကဲ့သို့ သီလမရှိမှုကြောင့်(၇၀)ပင်မပြည့်ဘဲ ထူးထူးခြားခြား သေကြရသူများလည်းရှိသည်။

## ထူးထူးခြားခြားသေရသူငါးဦး

ပထမတစ်ခုမှာ ၁၉၉၈-ခုနှစ်အတွင်းက အမေရိကန်နိုင်ငံမှ ဖြစ်ရပ်ဆန်းလေးတစ်ခု ဖြစ်၏။ မြို့တော်သတင်းစာတွင် ဖတ်ရခြင်းဖြစ်သည်။ အမေရိကန်ဇနီးမောင်နှံတွင် ပန်းသီးဟု အမည်ပေးထားသော (၁)နှစ်အရွယ် ကလေးမလေးတစ်ယောက်ရှိ၏။ သူတို့သည်(၁၂)နှစ်အရွယ် အိမ်ဖော်မလေးတစ်ယောက်ကို ငှားရမ်းထားကြသည်။

တစ်နေ့ လင်မယားနှစ်ယောက်စလုံး ရုံးသို့အလုပ်သွားကြသည်။ ကလေးမှာ အိမ်ဖော်နှင့်နေခဲ့ရ၏။ ရုံးသို့ရောက်မှဧည့်ခန်းစားပွဲပေါ်တွင် တင်ထားခဲ့မိသော ပန်းသီးများကို ရေခဲသေတ္တာထဲ မထည့်မိခဲ့ကြောင်း သတိရကြ၏။ ထို့ကြောင့် အိမ်ဖော်ထံဖုန်းဆက်ပြီး ပန်းသီးတွေကိုရေခဲသေတ္တာထဲထည့်ရန် အမိန့်ပေးလိုက်သည်။

အိမ်ဖော်မလေး၏ အသိဉာဏ်က တကယ့်ပန်းသီးဆီသို့ ရောက်မသွား၊ ပန်းသီး အမည်နှင့် ကလေးမလေးဆီသို့သာ ရောက်သွားသည်။ ထို့ကြောင့်လည်း ကလေးလေးကို ရေခဲသေတ္တာထဲထည့်လိုက်သဖြင့် ဇနီးမောင်နှံပြန်လာသောအခါတွင် သမီးလေး၏အလောင်းကား အအေးဒဏ်ကြောင့် တောင့်၍ပင်နေလေပြီ။

ပဋ္ဌာန်းကျမ်းကိုသင်ယူစဉ်က နားထောင်ခဲ့ရသော ဖြစ်ရပ်တစ်ခုမှာ မိန်းကလေး တစ်ယောက် ကြိုးဆွဲချသေလိုသဖြင့် ညသန်းခေါင်ယံအချိန်တွင်ကြိုးတစ်ချောင်း၊ ကုလားထိုင်တစ်လုံးကိုယူ၍အိမ်အနောက်ဘက် သစ်ပင်တစ်ပင်ဆီသို့ ထွက်လာခဲ့သည်။ ဆန့်ထွက်နေသော ကိုင်းတစ်ကိုင်းတွင် ကြိုးစတစ်ဖက်ကို ချည်လိုက်သည်။

ကျန်ကြိုးစတစ်ဖက်ကို သူမ၏လည်ပင်းတွင် ချည်ခါနီးတွင် ကျန်ရစ်သူများအတွက် စာရေးပြီး မှာစရာရှိသည့်အတွက် အိမ်အတွင်းသို့ ခဏပြန်ဝင်သွားသည်။ ထိုအချိန်မှာပင်

သူခိုးတစ်ယောက်သည် ထိုအိမ်နောက်ဖက်သို့ရောက်လာပြီးသစ်ပင်တွင် တွဲလောင်းချထားသောကြိုးကို တွေ့လေသည်။

ခိုးရာပါပစ္စည်းများကိုချည်နှောင်ရန် အသုံးကျမည်ဟုတွေးပြီး ကြိုးစကိုဖြုတ်ယူရန် အနားသို့သွား၏။ ထိုသူခိုးအနားသို့ရောက်သည်နှင့် ကြိုးစသည် မြွေသဏ္ဍာန်ဖြစ်သွားပြီး သူခိုးကိုပေါက်သတ်ရန် ပါးပြင်းထောင်သကဲ့သို့ ဖြစ်လာ၏။

ထိုအခါသူခိုးသည်တကယ့်မြွေထင်ကာ ကြိုးကိုမယူရဲတော့ဘဲ ထွက်ပြေးလေသည်။ ကြိုးသည်သူခိုးမျက်စေ့ထဲ၌ အဘယ်ကြောင့်မြွေသဏ္ဍာန်ထင်သွားရသနည်း။ ထိုမိန်းမသည် အတိတ်ကသူတစ်ပါးကို သတ်ဖြတ်ခဲ့သော ပါဏာတိပါတအကုသိုလ်ပါလာ၏။

ထိုကံကြောင့် သူတစ်ပါးသတ်တာခံရမည်။ သူတစ်ပါးက လာမသတ်လျှင် မိမိကိုယ်မိမိ သတ်သေရမည်။ အကယ်၍သူခိုးကကြိုးကိုခိုးသွားလျှင် သတ်သေမှုမအောင်မမြင်ဖြစ်သွားနိုင်သည်။ သို့သော် သူမပြုခဲ့သော ပါဏာတိပါတအကုသိုလ်ကံက ထိုသို့အဖြစ်မခံ ကြိုးစကို မြွေသဏ္ဍာန်ဖြစ်စေပြီး သူခိုးကိုကြောက်လန့်ပြေးစေလိုက်သည်။

ထို့ကြောင့်အိမ်ထဲမှပြန်ထွက်လာသော မိန်းမသည် ကုလားထိုင်ပေါ်တက်ကာ လည်ပင်းကိုကြိုးကွင်းစွပ်ပြီး ကုလားထိုင်ကို ဖယ်ထုတ်လိုက်သည်နှင့် ကြိုးဆွဲချပြီးသား ဖြစ်သွားသည်။

အဋ္ဌသာလိနီ အဋ္ဌကထာ၌လာသော ဗုဒ္ဓလက်ထက်တော်က ဖြစ်ရပ်သုံးခုရှိ၏။ သီတင်းကျွတ်လျှင် ရဟန်းတော်များသည် ဝါဆိုရာအရပ်မှဘုရားရှင်ထံမှောက် အရောက်လာပြီး မိမိတို့ရသောတရားကို လျှောက်ထားကြ၊ ရှိခိုးပူဇော်လေ့ရှိကြသည်။

တစ်ခါသော် ရဟန်းတော်သုံးဦးတို့သည် လမ်းသုံးလမ်းဖြင့်ဗုဒ္ဓထံ အရောက်သွားကြရာ ပထမတစ်သုတ်သည် ရွာတစ်ရွာ၌ထူးခြားသော သေခြင်းတစ်ခုကို တွေ့ကြရ၏။ ရွာကို မီးလောင်ရာ မြက်ခြောက်ကွင်းတစ်ကွင်းသည် မီးလောင်ရင်းတန်းလန်း လေ၏အဟုန်ဖြင့် ကောင်းကင်သို့တက်သွားသည်။

ကောင်းကင်တွင် ပျံသန်းနေသောကျီးများအနက် တစ်ကောင်သောကျီး၏ ဦးခေါင်းကို စွပ်မိသဖြင့် ထိုကျီးမှာကောင်းကင်မှာပင် မီးလောင်ပြီးသေဆုံးခဲ့ရသည်။

နောက်တစ်ခုသည်ကား သင်္ဘောတစ်စီးဖြင့်ရေလမ်းကို ဖြတ်ကြရသည်။ သမုဒ္ဒရာထဲ ရောက်သောအခါ သင်္ဘောသည်စက်ချွတ်ယွင်းမှုမရှိဘဲ မောင်းမရဖြစ်သွားလေသည်။ နည်းမျိုးစုံဖြင့် ရွှေ့လျားအောင် ကြိုးစားကြသော်လည်း သင်္ဘောကား တုတ်တုတ်မျှမလှုပ်၊ အတွေ့အကြုံရှိသောလှေသူကြီးက သင်္ဘောပေါ်ရှိလူအားလုံးကို လူယုတ်မာမဲစာရင်းချသည့်မဲလိပ်တစ်လိပ်တွင် လူယုတ်မာဟုရေးပြီး ကျန်မဲလိပ်များကိုကား ဗလာထားကာ လူအားလုံးနှိုက်ယူကြသည်။ ဗလာကျမှအသက်ဘေးကလွတ်မည်။

လူယုတ်မာမဲ စာရင်းကျသူကား ပင်လယ်ထဲပစ်ချပြီးအသတ်ခံရမည်ဖြစ်သည်။ထို့ကြောင့် ရဟန်းတော်များအပါအဝင် လူအားလုံး ရင်တထိတ်ထိတ်ဖြင့် မဲနှိုက်ကြရသည်။ လှေသူကြီးက ရဟန်းတော်များကို ချန်ခဲ့သေးသည်။ ရဟန်းတော်များက တရားနည်းလမ်းကျအောင် အချန်မခံဘဲ ဝင်နှိုက်ကြခြင်းဖြစ်သည်။

ဤသည်ကားတကယ့်သူတော်ကောင်းစိတ်ဓါတ်ဖြစ်၏။စံနမူနာပြု သူတော်ကောင်း အဖြစ်သမိုင်းတွင် ကျန်ရစ်သူမှန်သမျှသည် အနာခံသောသူများသာ ဖြစ်ကြသည်။ အသာစံသောသူများမဟုတ်ကြပေ။ ထူးခြားသည်ကား ထိုတစ်လိပ်တည်းသော သူယုတ်မာမဲကို ချောချောလှလှနုနုငယ်ငယ် လှေသူကြီးကတော်ချည်း သုံးကြိမ်တိုင်တိုင် နှိုက်မိခြင်းပါတည်း။

အများအတွက် တစ်ယောက်ကို မညှာတော့ပြီ၊ လူကိုစတေးနေကျ သင်္ဘောသားများက အိုးတစ်လုံးတွင် သဲများကိုအပြည့်ထည့်သိပ်လိုက်ကြသည်။ ပြီးလျှင်ကြိုးတစ်ချောင်းကိုယူ၍ တစ်စကိုအိုးလည်ပင်းမှာချည်၊ ကျန်တစ်စကို ကြောက်လန့်တကြား ငိုယိုရှုန်းကန်နေသော လှေသူကြီးကတော်၏လည်ပင်းမှာချည်ကာ ပင်လယ်အတွင်း ချလိုက်တော့သည်။

အံ့ဩစရာကောင်းသည်ကား လှေသူကြီးကတော် ပင်လယ်ထဲကျသွားသည်နှင့် သင်္ဘောကြီးသည် လေးညို့မှပစ်လိုက်သောမြားကဲ့သို့ လျင်မြန်စွာထွက်ခွာသွားခြင်းပါတည်း။

တတိယမြောက် (၇)ပါး ရဟန်းစုသည်ကား တောလမ်းခရီးဖြင့်လာခဲ့ကြသည်။ တောကျောင်း တစ်ကျောင်းသို့ရောက်ချိန်တွင် ညဉ့်နက်သွားသဖြင့်တစ်ညတာ တည်းခိုခွင့်ပြုရန် တောရဘုန်းကြီးကိုခွင့်တောင်းကြသည်။တောရဘုန်းကြီးက အသင့်ကျိန်းစက်၍ရသော အနီးအနားမှ ကျောက်လိုဏ်ဂူကြီးတစ်ဂူကို ညွှန်ပြလိုက်သည်။

လိုဏ်ဂူထဲသို့ဝင်လိုက်သောအခါ ခုနစ်ပါးစာ နေရာထိုင်ခင်းများပြင်ထားသည်ကိုပင် အံ့ဩဘွယ်ရာ တွေ့ကြရသည်။ မောမောနှင့်ကျိန်းစက်လိုက်ကြရာ မိုးမလင်းမီမှာပင် အိမ်တစ်လုံးခန့်ကြီးမားသောကျောက်တုံးကြီးတစ်လုံး တောင်ပေါ်မှလိမ့်ကျလာပြီး လိုဏ်ဂူကို ပိတ်သွားသည်။

လိုဏ်ဂူကိုကျောက်တုံးကြီးပိတ်သွားသောအသံကို ကြားလိုက်ရသဖြင့် တောရ ဘုန်းကြီးသည် အနီးအနားရွာမှလူများကိုခေါ်ကာ တစ်နေကုန်တစ်နေခန်း ကျောက်တုံးကြီးကို ဖယ်ထုတ်ကြလေသည်။ လူများရာနှင့်ချီကာ ဝိုင်းဝန်းဖယ်ထုတ်ကြသော်လည်း ခြောက်ရက်ကြာသည်အထိ ကျောက်တုံးကြီးကားတုတ်တုတ်မျှမလှုပ်။ (၇)ရက်ပြည့်သောနေ့တွင်ကား မည်သူမျှ မဖယ်ရှားရပါဘဲနှင့် ကျောက်တုံးကြီးသည် သူ့အလိုအလျောက် ပွင့်ကျသွားလေသည်။ အထဲသို့ဝင်ကြည့်ကြသောအခါ ရဟန်းတော်ခုနစ်ပါးမှာ အသက်မသေကြသေးသော်လည်း အစာရေစာ ပြတ်မှုဒဏ်ကို အတော်ခံလိုက်ရသဖြင့် အရိုးပေါ်အရေတင် ယှဲ့ယှဲ့သာကျန်တော့သည်။

နာလန်ထူအောင်အတော်ဆေးကုသပြီးမှ ဘုရားရှင်ထံမှောက်သို့ရောက်အောင် လာနိုင်ခဲ့ကြသည်။ ထူးခြားဖြစ်ရပ်ငါးခုတွင် ရှေ့နှစ်ခုကားဗုဒ္ဓလက်ထက်က မဟုတ်သောကြောင့် ကာယကံရှင်တို့၏အတိတ်အကြောင်းကို ဟောပြောနိုင်မည့်သူမရှိ၍ မသိရပေ။ နောက်ဖြစ်ရပ်သုံးခုကား ဗုဒ္ဓ၏ပြန်လည်ဟောကြားချက်ကြောင့် သိကြရသည်မှာ -

## လေဟုန်စီး၍သေရခြင်းအကြောင်း

ကောင်းကင်တွင် မီးကွင်းစွပ်မိကာသေရသော ကျီးမှာအတိတ်ဘဝတစ်ခုက လယ်သမားတစ်ဦး ဖြစ်ခဲ့၏။ တစ်နေ့တွင်နွားတစ်ကောင်သည် လယ်မထွန်ချင်သဖြင့် မြေကြီးပေါ်လှဲအိပ်ပြီး ပေကပ်ဆန္ဒပြနေသည်။ ဘယ်လိုရိုက်ရိုက်မထပေ။ ထိုနွားမျိုးကို နွားကပ်ဟု ခေါ်သည်။

ထိုအခါ လယ်သမားသည်စိတ်ဆိုးပြီး ကောက်ရိုးကွင်းကြီးလုပ်ကာ နွားလည်ပင်းကို စွပ်ပေးလိုက်သည်။ ပြီးလျှင် ထိုကောက်ရိုးကွင်းကြီးကိုမီးရှို့လိုက်ရာ အရှိန်များသဖြင့် နွားကြီးမှာ လည်ပင်းမီးလောင်ပြီး သေသွားသည်။ ထိုအကုသိုလ်ကြောင့် ကောင်းကင်မှာ ပျံနေသော်လည်း မီးကွင်းစွပ်မိကာသေရခြင်းဖြစ်သည်။

လှေသူကြီးကတော်သည် အတိတ်ဘဝတစ်ခုက အမျိုးသမီးတစ်ဦးဖြစ်ခဲ့သည်။ ထိုဘဝက ခွေးထီးတစ်ကောင်သည် သူမအပေါ်ချစ်ခင်နှစ်သက်သော စိတ်အားကြီးသောကြောင့် သူမသွားရာနောက်သို့ တကောက်ကောက်လိုက်နေသည်။ ထိုခွေးသည်ဘဝတစ်ခုက သူမ၏လင်ယောကျ်ားဖြစ်ခဲ့ဖူးသောကြောင့်ဖြစ်သည်။

ထိုအခါလူငယ်များက ခွေးမှဆိုးမကြီးလာပြီ စသည်ဖြင့် စကြ၊ နောက်ကြသည်။ သူမသည် ရှက်သဖြင့် ထိုခွေးကိုရိုက်နှက်မောင်းနှင်၏။ ခွေးသည် ရိုက်တုန်းခဏသာ သွားသည်။ ပြီးလျှင်ပြန်၍သာလိုက်ပြန်သည်။ ဒေါသဖြစ်လာသော အမျိုးသမီးက တစ်နေ့တွင် ခွေးကိုမြစ်ဆိပ်သို့ခေါ်သွားသည်။

အကြောင်းမသိသောခွေးကား သူ့ကိုအရေးတယူခေါ်ငင်သည်ကို ဝမ်းသာအားရဖြစ်လျှက် ပျော်ရွှင်မြူးတူးစွာ လိုက်သွားသည်။ မြစ်ဆိပ်တံတားပေါ်ရောက်သောအခါ အိုးတစ်လုံးထဲ သဲအပြည့်ထည့်လိုက်သည်။ ပြီးလျှင် ကြိုးတစ်ချောင်း၏ အစတစ်ဘက်ကို အိုးလည်ပင်းမှာချည်။ ကျန်အစတစ်ဘက်ကို ခွေးလည်ပင်းမှာ ချည်ကာမြစ်တွင်းသို့ ပစ်ချသတ်ခဲ့လေသည်။

ထိုအကုသိုလ်ကြောင့် ယခုဘဝတွင် ပစ်ချအသတ်ခံရခြင်းဖြစ်သည်။ လိုဏ်ဂူထဲတွင် ကျောက်တုံးကြီး ပိတ်ဆို့ခံကြရသော ရဟန်းတော်ခုနှစ်ပါးသည်လည်း အတိတ်ဘဝတစ်ခုက နွားကျောင်းသားခုနှစ်ယောက်ဖြစ်ခဲ့ဖူးသည်။ တစ်နေ့တွင်ဖွတ်တစ်ကောင်ကိုလိုက်ကြရာ ကျင်းထဲဝင်သွားသဖြင့် မမိကြတော့ပေ။ ထိုကျင်းကိုတူးရန်အတွက် မူလအပေါက်နှင့် ဂယ်ပေါက်များကိုလိုက်ပိတ်ကြသည်။

ထိုအချိန်မှာပင် မိုးချုပ်သွားသဖြင့် နောက်နေ့မှဆက်တူးကြရန် ပြန်ခဲ့ကြသည်။

နွားကျောင်းသား ခုနှစ်ယောက်သည် တစ်ခြားကစားနည်းများဖြင့် ပျော်ပါးနေကြသည်။ ဖွတ်ကျင်းတူးရန် ခုနှစ်ရက်တိတိမေ့နေကြသည်။ ခုနှစ်ရက်ပြည့်သောအခါတွင်မှ ဖွတ်ကျင်းတူးရန်သတိရကြပြီး အားလုံးရောက်လာကြသည်။

ပိတ်ထားခဲ့ကြသောအပေါက်များကို ဖွင့်ပစ်လိုက်ကြစဉ် ခုနှစ်ရက်တိတိ အစာရေစာပြတ်နေသော ဖွတ်ကြီးသည် အရိုးပေါ်အရေတင်ဖြစ်ကာ တုန်ချိချိ ဖြည်းညှင်းစွာ ထွက်လာ

လေသည်။ ညိုးနွမ်းပိန်ချိနေသော ဖွတ်ကြီးကိုကြည့်ကာ နွားကျောင်းသားများ သနားသွား သဖြင့်မသတ်တော့ဘဲ လွှတ်ပေးလိုက်ကြသည်။

ဖွတ်ကြီးကိုကျင်းထဲတွင် (၇)ရက်ပိတ်ခဲ့သော အကုသိုလ်ကြောင့် ယခုဘဝတွင် ကျောက်တုံးကြီးက ဖွတ်ကြီးကိုယ်စား(၇)ရက်တိတိ လာပိတ်ခြင်းဖြစ်သည်။ ထိုထူးခြားသော ဖြစ်ရပ်သုံးခုကို အကြောင်းပြု၍ ဗုဒ္ဓက အောက်ပါဂါထာကို ဟောကြားတော်မူခဲ့သည်-

**ဝဋ်ကြွေးကြမ္မာမလွတ်သာ**

**န အန္တလိက္ခေ၊ န သမုဒ္ဒမဇ္ဈေ**
**န ပဗ္ဗတာနံ၊ ဝိဝရံ ပဝိဿ။**
**န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။**

ကောင်းကင်၌ တည်သောသူ၊
သမုဒ္ဒရာအလယ်၌ တည်သောသူ၊
ကျောက်လိုဏ်ဂူတွင်း၌ တည်သောသူ၊
ဖြစ်သော်လည်း သူပြုခဲ့ဖူးသော
အကုသိုလ်၏ဆိုးကျိုးမှမလွတ်နိုင်။
အကုသိုလ်ဆိုးကျိုးမှလွတ်မြောက်ရာ နေရာဌာနဟူ၍မရှိချေ။

## အရေးမယူနိုင်သော လူသတ်မှုများ

ရဟန်းတော်များစောင့်ထိန်းရသော သိက္ခာပုဒ်များကို အကျဉ်းချုပ်လိုက်လျှင် ၂၂၇ ပုဒ်ရှိသည်။ ထို ၂၂၇ ပုဒ်သည်ကျူးလွန်မိလျှင် ဖြေဖျောက်၍ရသောနည်းရှိသည်။ ကျန် လေးပုဒ်ကားကျူးလွန်မိလျှင် ဖြေဖျောက်သောနည်းမရှိ။ အပြီးအပိုင် လူထွက်မှ ထိုအပြစ်က လွတ်သည်။ တစ်သက်လုံးလည်းရဟန်းပြန်ဝတ်ခွင့်မရတော့။ ထိုလေးခုမှာ-

၁။ မေထုံမှီဝဲခြင်း
၂။ ငွေတစ်မတ်ကိုဖြစ်စေ၊ တစ်မတ်တန်သောပစ္စည်းကိုဖြစ်စေခိုးယူခြင်း။
၃။ လူ့အသက်ကိုသတ်ခြင်း။
၄။ ဈာန်မဂ်ဖိုလ်ကိုမရဘဲ ရပါတယ်ဟုလူများကိုလိမ်ပြောခြင်းတို့ဖြစ်သည်။

ထို့အပြင် လူမသတ်ရဟူသောတတိယသိက္ခာပုဒ်အရ ဗုဒ္ဓက သန္ဓေသားကို ဖျက်ချမှုကိုပင်လူသတ်မှုဟု သတ်မှတ်သည်။ သန္ဓေဖျက်ချလျှင် တရားဥပဒေအရအရေးမယူနိုင်သော်လည်း သဘာဝဥပဒေကား အရေးယူနိုင်သည်။

အမျိုးသမီးများအဖြစ်များသော ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊အူနှင့် သားအိမ်တွင် အကြိတ်အလုံးများတည်ကာ ရောဂါတို့သည် အသတ်ခံရသောသန္ဓေသားတို့ကိုယ်စား သဘာဝဥပဒေကယခုဘဝမှာပင် အရေးယူအပြစ်ပေးနေခြင်းဖြစ်၏။ အနာဂတ်ဘဝတွင် အပါယ်ငရဲကျခြင်း၊ အသက်တိုခြင်း၊ ရောဂါများခြင်းများကို ဖြစ်အောင်လည်း သဘာဝ ဥပဒေက ဆက်လက်အရေးယူဦးမည်။

### အတ္တဆန်သောဤလောက

လူဆိုသည်မှာအတ္တသမား
ကိုယ့်အတွက်တော့တစ်ကွက်ထား
သူများမှားတာမြင်ပါလျှင်
မေးငေါ့မဲ့ရွဲ့အပြစ်တင်
ကိုယ့်မှာပင်မှားပြန်က
ဖုံးလိုက်ဖိလိုက်ကြ
အတ္တဆန်သောဤလောက
အံ့သြဘွယ်ရှိစွ။

(အရှင်တေဇောဘာသ)

# ကိုယ်ခန်ဖျက်ပြိတ္တာမ

ပေတဝတ္ထုတော်တွင် ကိုယ်ဝန်ဖျက်ချသော ပြိတ္တာမအကြောင်းကို ဟောကြားထားသည်။ တစ်ခါတွင် ရဟန်းတော်တစ်စု ဘုရားဖူးရန်လာကြရာ သာဝတ္ထိမြို့နားအရောက်တွင် ရင်နင့်စရာကောင်းသော ပြိတ္တာမတစ်ယောက်ကို တွေ့ကြရသည်။ ထိုပြိတ္တာမသည် အသားမရှိဘဲ အရိုးပေါ်အရေတင်မျှသာရှိသည်၊ ဝမ်းက အူကလီစာများကို အပြင်က မြင်နေကြရသည်။ ပုပ်ညှီဟောင်နေသော အနံ့ဆိုးကြီးများကလည်း သူ့ကိုယ်မှ တထောင်းထောင်းထလျှက်ရှိသည်။

ရင်နင့်စရာကောင်းသော မြင်ကွင်းကားထိုပြိတ္တာမသည် ဘာအစားအစာမှမစားရဘဲ အမြဲတမ်း ဆာလောင်မွတ်သိပ်လျှက်ရှိသည်။ ထူးခြားသည်ကား ပြိတ္တာမသည် တစ်နေ့လျှင် သားငါးယောက်မွေးသည်။ ထို့ထက်ပို၍ထူးခြားသည်ကား သူမွေးသောသားငါးယောက်ကို သူကိုယ်တိုင်ပြန်၍စားပစ်ခြင်းပင်။

ရဟန်းတော်တို့ကမေးသဖြင့် ပြိတ္တာမကပြန်ဖြေသည်မှာ သူသည် အရင်ဘဝက အမျိုးသမီးတစ်ယောက် ဖြစ်ခဲ့သည်။ အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျသောအခါ နှစ်အတန်ကြာအထိသူက ကလေးမရပေ။ အမြုံဖြစ်နေခြင်းပင်။ ထို့ကြောင့်အမျိုးသားက နောက်ထပ်မယားတစ်ယောက်ထပ်ယူသည်။ မယားငယ်ကား မမြုံသောကြောင့် (၁)နှစ်အတွင်းမှာ ကိုယ်ဝန်ရ၏။ မယားငယ်သားရလျှင် ငါ မျက်နှာငယ်တော့မည်ဟူသောအတွေးဖြင့် မယားငယ်၏ကိုယ်ဝန်ကို ပရိယာယ်ဖြင့်အစာထဲဆေးထည့်ကျွေးပြီး ဖျက်ချလိုက်လေသည်။

နှစ်ကြိမ်တိုင်တိုင်အဖျက်ခံရသောအခါ မယားငယ်ကရိပ်မိသွားပြီး တတိယအကြိမ် ကိုယ်ဝန်ရှိသောအခါ မယားကြီးကို အသိမပေးတော့ပေ။ ကိုယ်ဝန်အတော်ကြီးရင့်မှ မယားကြီး ရိပ်မိသွားရာ ရှေးနည်းအတိုင်းပင် အစာထဲဆေးထည့်ပြီး ဖျက်ချပြန်သည်။

ဗိုက်ထဲဆေးရောက်သွားသောအခါ မယားငယ်သည် ကိုယ်ဝန်ပျက်မကျတော့ဘဲ အမေရောသားပါ သေသွားကြလေသည်။ မယားငယ်၏ဆွေမျိုးသားချင်းများက စစ်မေးကြသောအခါ မယားကြီးသည် ပါဏာတိပါတကံအပြင်လိမ်ညာသည့် မုသာဝါဒကံကိုပါ ဆက်ကျူးလွန်သည်။

မယားငယ်၏ သန္ဓေသားကိုငါဖျက်မချပါ။ ဖျက်ချခဲ့လျှင် နောင်ဘဝတွင် နေ့စဉ် ကိုယ်ကမွေးသော သားငါးယောက်ကိုကိုယ်ပြန်စားသောပြိတ္တာမကြီး ဖြစ်ရပါလို၏ဟု ကျိန်ဆိုခဲ့ဘူးလေသည်။ ထိုကဲ့သို့သန္ဓေဖျက်ခဲ့သောအကုသိုလ်ကံ၊ လိမ်ညာခဲ့သော အကုသိုလ်ကံတို့ကြောင့် နေ့စဉ်ကိုယ်မွေးသောသားငါးယောက်ကို ကိုယ်ပြန်စားရသည့် ပြိတ္တာမကြီးဖြစ်နေရသည့်မှာ နှစ်ပေါင်း၂၅၄၆ နှစ်ကျော်ခဲ့လေပြီ။

မှတ်ချက်- တည်လာသော ကိုယ်ဝန်ကိုဖျက်ချမှုသာ ပါဏာတိပါတကံငိုက်သည်။ သားအိမ်မရှိတော့၍ ကိုယ်ဝန်မတည်နိုင်ခြင်းကား ပါဏာတိပါတကံမထိုက်ပေ။

## လောကငြိမ်းချမ်းစေချင်ရင်

အမှန်အားဖြင့် မြတ်စွာဘုရား၏အလိုတော်အရ လူတိုင်းတွင် အနစ်နာခံဖို့တာဝန်လည်းရှိ၏။ သူတစ်ပါးအကျိုးကိုဆောင်ရွက်ဖို့တာဝန်လည်းရှိ၏။

ထိုတာဝန်နှစ်ရပ်ကိုမိမိတို့စွမ်းနိုင်သမျှဆောင်ရွက်မှုသာ လောကဥ္စမွေကြီးစိုး၍ လောကသည် ငြိမ်းချမ်းမည်ဖြစ်၏။

လောကဥ္စမွေကြီးစိုးခြင်းဟူသည်မှာ မိမိတို့ကိုယ်ကျင့်သိက္ခာကို စည်းစိမ်ဥစ္စာတို့နှင့်လည်းကောင်း၊ ရာထူးဌာနန္တရတို့နှင့်လည်းကောင်း၊ ဂုဏ်ပကာသနတို့နှင့်လည်းကောင်း မလဲခြင်းပင် ဖြစ်ပါသည်။

( ဦးရွှေအောင်၏ ဘဝအမြင်သစ်-စာ-၃၄ )

ခါးဝတ်ပုဆိုးကျွတ်သွားရင်လောကတွင် ရှက်ဖွယ်ဖြစ်သကဲ့သို့ ငါးပါးသီလမမြဲရင်လည်း လောကတွင်ရှက်ဖွယ်ဖြစ်၏။ သို့ရာတွင်လူတို့အနေဖြင့် ပုဆိုးကျွတ်ခြင်းကိုသာ လောကတွင် ရှက်ဖွယ်မှတ်ယူတတ်ကြပြီး ငါးပါးသီလမမြဲခြင်းကိုမူ လောကတွင်ရှက်ဖွယ်အဖြစ် မမှတ်ယူထားခြင်းက ပို၍မိုက်မဲရာကျ၏။ တိရစ္ဆာန်တို့နှင့်မထူးခြားရာလည်းကျ၏။ အမှန်အားဖြင့် တိရစ္ဆာန်တို့စသည် ခါးဝတ်ပုဆိုးမရှိခြင်းကို ရှက်စရာဟူ၍ မထင်မှတ်ကြသလို လူမိုက်တို့သည်လည်း ငါးပါးသီလမမြဲခြင်းကို ရှက်စရာဟူ၍ မထင်မှတ်ကြ။

( ဘဝအမြင်သစ်-စာ-၄၅ )

## အဒိန္နာဒါနာ သိက္ခာပုဒ်

## ပေးတိုင်းမယူတဲ့ သူတော်ကောင်းလက္ခဏာ

အဒိန္နာဒါနအရ ပေးသောပစ္စည်းကိုယူရာတွင် ယူဖို့အတွက် ထိုက်တန်သော အရည်အချင်း မိမိတို့၌ ရှိသည်ဆိုစေဦး ရသမျှကိုအကုန်ယူသည်မဟုတ်။ ယူသင့်သမျှကိုသာယူ၏။ ဤသည်ကိုပင် ယထာဗလသန္တောသ ဟုဆို၏။

ယထာဗလသန္တောသဟူသည်မှာ ရသင့်သလောက်ထဲက ယူသင့်သလောက်ဖြင့် ရောင့်ရဲခြင်းဖြစ်၏။ နောက်ထပ်ရောင့်ရဲခြင်းတစ်မျိုးရှိသေး၏။ ယင်းရောင့်ရဲခြင်းကို ယထာသာရုပ္ပသန္တောသဟု ခေါ်၏။

ယထာသာရုပ္ပသန္တောသဟူသည်မှာ ယူသင့်သလောက်ထဲက သင့်လျော်သလောက်ဖြင့် ရောင့်ရဲခြင်း ဖြစ်၏။ အဒိန္နာဒါနသိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် သန္တောသုံးမျိုးဖြင့်သာ စောင့်ထိန်းရမည်ဆိုပါက ထိုနိုင်ငံ ထိုလူမျိုးသည် ဤကမ္ဘာမြေအပြင်တွင် ငြိမ်းချမ်းဆုံးသော နိုင်ငံနှင့်လူမျိုးဖြစ်ပေလိမ့်မည်။

( ဘဝအမြင်သစ်-စာ-၉၄ )

မှတ်ချက်။ ။ ပေးခွင့်ရှိသူက မိမိအပေါ်စေတနာထား၍ ပေးစေကာမူမိမိနှင့် တန်ရာတန်ရာကိုသာ ကြည့်၍ယူခြင်းကို ယထာလာဘသန္တောသဟုခေါ်၏။

အဒိန္န၊ မပေးသောဥစ္စာကို။ အာဒါန၊ ယူခြင်း။ အပြည့်အစုံ အဓိပ္ပါယ်ပြန်လိုက်သော အခါ ပိုင်ရှင်သည် ကိုယ်နှုတ်နှစ်ပါးတစ်ပါးပါးဖြင့် မပေးသော ဥစ္စာကိုယူခြင်းဖြစ်သည်။ အိမ်ရှင်များ အိပ်မောကျနေချိန်တက်ခိုးမှ ခိုးခြင်းမြောက်သည်မဟုတ်။

## ခိုးခြင်းမျိုးစုံ အဖုံဖုံ

အဲယားကွန်းတပ်ဆင်ထားသော အခန်းထဲတွင် စတိုင်နှင့်ထိုင်ပြီး အလုပ်သမားလေးရာရှိသည်ကို ငါးရာရှိသည်။ တစ်လလျှင် စက်မောင်းဆီ ပီပါရှစ်ဆယ် ကုန်သည်ကို ပီပါတစ်ရာ ကုန်သည်ဟု စာရင်းပိုပြပြီး ငွေယူသောနည်းသည်လည်း ခိုးခြင်းတစ်မျိုးပင် ဖြစ်၏။

အရာရှိဟူသမျှ လက်ဆောင်ဖြစ်စေ၊ ငွေဖြစ်စေ တစ်မျိုးမျိုးပေးမှ လက်မှတ်ထိုးပေးခြင်းသည်လည်း ခိုးခြင်းပင်ဖြစ်၏။ ဆေးရုံဝန်ထမ်းများသည် လူနာရှင်များထံမှ မသမာသောနည်းဖြင့် ရယူသောငွေကြေး ပစ္စည်းဟူသမျှသည်လည်းခိုးယူခြင်းဖြစ်၏။

ပြည်သူများ မီတာမတက်ရန် မီတာပေါက်ကိုပြုပြင်ထားခြင်း ပေးသင့်သော အခွန်ကို မပေးဘဲ ရှောင်လွှဲခြင်းများသည်လည်း ခိုးခြင်းပင်ဖြစ်၏။ နိုင်ငံ့ဝန်ထမ်းများသည် လခရိက္ခာ အပြည့်ယူထားပါလျက် ရုံးတက် နောက်ကျလွန်းခြင်း၊ ရုံးဆင်းစောလွန်းခြင်းများသည်လည်း ခိုးခြင်းတစ်မျိုးဖြစ်၏။

အချိန်ခိုးရုံဖြင့် အဘယ်ကြောင့် အဒိန္နာဒါနကံထိုက်သနည်းဆိုငြားအံ့။ ထိုသို့ဝန်ထမ်းများ အချိန်ခိုးလိုက်သည့်အတွက် တစ်လအတွင်းပြီးရမည့်အလုပ်များ မပြီးတော့ဘဲ နှစ်လလုပ်ရသည်။ ထို့ကြောင့် တစ်လစာသာကုန်ရမည့်ငွေသည် ဝန်ထမ်းများအချိန်ခိုးမှုကြောင့် နှစ်လစာကုန်သွားရသည်။ ထို့ကြောင့် ခိုးမှုမြောက်ခြင်းဖြစ်၏။

ကျောင်းဆရာ၊ ဆရာမများသည် ကျောင်းဝင်ကြေး တရားဝင်ငွေအပြင် အပိုပေးမှ ကျောင်းသားလက်ခံခြင်း၊ စားပွဲအတွက်၊ ကုလားထိုင်အတွက်ဟုဆိုကာ ကျောင်းသားများထံမှငွေတောင်းပြီး ကိုယ်ရေးကိုယ်တာ သုံးပစ်ခြင်းတို့သည် ခိုးခြင်းပင်ဖြစ်၏။

မီးသတ်သမားအချို့သည် မီးလောင်သည့်နေရာသို့ ရောက်လာပါလျက် ချက်ချင်းရေမပက်ဘဲ အိမ်ရှင်များမှ ရွှေ၊ ငွေ တစ်ခုခုပေးမှ ရေပက်ပေးခြင်းသည်လည်း ခိုးယူခြင်းတစ်မျိုးဖြစ်၏။

နိုင်ငံပိုင်ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂလိကပိုင်ပစ္စည်းတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်းသည်ခိုးခြင်း တစ်မျိုးပင်ဖြစ်၏။ ထိုခိုးခြင်းမျိုးကို ကင်္ခါအဋ္ဌကထာ၌ ပသယှာဟာရဟု အမည်တပ်ထား၏။

မီးရထားဝန်ထမ်းများသည်အပေါင်ပန်းခံပြီး စီတန်းဝယ်ယူသူများကို မရောင်းဘူးဟု အပြောလွတ်ရုံ ဆယ်ပုံပုံတစ်ပုံ လောက်သာရောင်းပြီး ကျန်ကိုးပုံကို သုံးဆခန့်ဈေးတင်၍ မှောင်ခိုရောင်းခြင်းသည် ခိုးခြင်းပင်ဖြစ်၏။ စပါး၊ ပဲကုန်သည်များသည် မိမိက လာဝယ်

သောအခါ တစ်တင်းကျော်ဆန့်သော တင်းတောင်းဖြင့်ချိန်ယူပြီး မိမိကပြန်ရောင်းသောအခါ တစ်တင်းမပြည့်သောတောင်းဖြင့် ချိန်ရောင်းခြင်းသည်ခိုးယူခြင်းပင်ဖြစ်၏။

တရားသူကြီး ဥပဒေအရာရှိများသည်လာဘ်စားပြီး ငွေများမှတရားနိုင်ပေးခြင်းသည် ခိုးယူခြင်းပင် ဖြစ်၏။ ပေတဝတ္ထုပါဠိတော်တွင် တရားသူကြီးပြိတ္တာဟူ၍ ထူးထူးခြား ပါရှိသည်။ ထိုပြိတ္တာသည် အိုးပမာဏလောက်ကြီးမားသော မိမိ၏ဝှေးစေ့ကြီးကို ထမ်းနေရသည်။

ဌင်းတများ၊ ကျီးငှက်များကသူ၏ ဝှေးစေ့ကြီးကို လိုက်လံကိုက်ဖောက် စားသောက်နေကြသောကြောင့် သက်သက်သာသာနေရသည်မရှိဘဲ ပြေးလွှားအော်ဟစ်၍ သာနေရ သည်။ သူသည်အတိတ်ဘဝ တရားသူကြီးဖြစ်စဉ်အခါက အမှုသည်ထံမှ မတရားလာဘ်စား ခဲ့သော အကုသိုလ်ကြောင့် ယခုလိုဒုက္ခကို ခံစားနေရခြင်းဖြစ်သည်။

ရဲများသည် လွတ်မိန့်ကျပြီးသား အချုပ်သားကို ရိုးရိုးလွှတ်မပေးဘဲ ငွေပေးမှ လွှတ်ပေးခြင်း၊ ထောင်အမှုထမ်းများသည် ထောင်သားများအတွက် ပို့ပေးသောပစ္စည်းနှင့် စားစရာသောက်စရာများကိုဖြတ်တောက်၊ လာဘ်စားလုပ်ခြင်းများသည် ခိုးခြင်းပင်ဖြစ်၏။

ဈေးသည်များသည် ငါးပိညံ့ကို ငါးပိကောင်းနှင့်ရောပြီး ဈေးတင်ရောင်းခြင်း ဆန်ညံ့ကို ဆန်ကောင်းနှင့်ရောပြီး ဈေးတင်ရောင်းခြင်း၊ ကြံသကာကို ကြိုချက်ကာ ငါးပိနံ့ထည့်၍ ငံပြာရည်အတုလုပ်ရောင်းခြင်းတို့သည် ခိုးခြင်းပင်ဖြစ်၏။

ခိုးနည်းများကိုကား တင်ပြ၍ ရေး၍ ကုန်နိုင်ဖွယ်မရှိ။ အချုပ်အားဖြင့် မသမာမှုမျိုးစုံကြောင့် ရသောဥစ္စာငွေကြေးမှန်သမျှကို ခိုးယူခြင်းဟုမှတ်ရမည်။

## ခိုးမှုမြောက်မည့်အင်္ဂါ

ခိုးမှုတည်းဟူသော အဒိန္နာဒါနကံမြောက်ဖို့အတွက် အင်္ဂါငါးချက်ရှိ၏။ ခိုးမှု ကံမြောက်၊ မမြောက် သိနိုင်ရန် ဤအင်္ဂါငါးချက်ဖြင့် စိစစ်ရမည်။

ယင်းကား -

အဒိန္နာဒါ၊ ခိုးမိပါမူ၊
ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊
ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊
ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊
ရောင်ခါအပြန်အကျိုးတည်း။

ဟူသော လင်္ကာအတိုင်းဖြစ်ပေသည်။ သူ့ဥစ္စာခိုးသူများသည် ဘဝအဆက်ဆက်လူဖြစ်လျှင် ဥစ္စာနည်းပါးပြီးမွဲတတ်သည်။ ဆင်းရဲပြီးငတ်နေရတတ်သည်။ မိမိအလိုရှိသောအရာကို ဘယ်သောအခါမှ မရတတ်ပေ။ ဥစ္စာစည်းစိမ်များ ကြံဖန်၍ ပျက်စီးတတ်သည်။

ရှာထားသမျှ ဥစ္စာ ပစ္စည်းများကို မီး၊ မင်း၊ ရေ၊ ခိုးသူ၊ မချစ်မနှစ်သက်သော အမွေခံဆိုးဟူသော ရန်သူမျိုးငါးပါးက ဖျက်ဆီးသည်။ သူ့ဥစ္စာကိုခိုးခြင်းမှ ရှောင်ကြဉ် လိုက်လျှင် ဖြစ်ရာဘဝတွင်-

ဥစ္စာစည်းစိမ်ပေါများခြင်း၊ ငွေကြေးချမ်းသာခြင်း၊ အလိုရှိတာအကုန်ရခြင်း၊ စည်းစိမ် ဥစ္စာ ခိုင်မြဲခြင်း၊ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းဟူသော ကောင်းကျိုးတွေကို ပြန်ရ ပေသည်။ လူ့သိက္ခာဟူသည် ငါးပါးသီလကို ဆိုခြင်းဖြစ်သည်။ မည်မျှပင် ပစ္စည်းဥစ္စာ ချမ်းသာစေ၊ မည်မျှပင်ရာထူးအာဏာကြီးစေ၊ ကိုယ်ကျင့်သီလမရှိလျှင် သိက္ခာမရှိဟုပင် ဆိုရ၏။ ငရဲကျသူတစ်ရာတွင် ၉၉-ယောက်မှာ ဝမ်းရေးကြောင့် ကျရသူများဖြစ်ကြောင်း ဘုရားဟော ရှိသည်။ ငါးပါးသီလတွင်လည်း ဝမ်းရေးနှင့်ပတ်သက်လာလျှင် အဒိန္နာဒါနသိက္ခာပုဒ်ကို အများဆုံးကျူးလွန်မိတတ်ကြသည်။ လောဘ၏အဟုန်ကို တန့်နိုင်သူဆိုသည်မှာလည်း ရှားမှ ရှား၏။

ထို့ကြောင့်သားအတွက် သမီးအတွက် မယားအတွက် ဆွေအတွက် မျိုးအတွက် ပင်စင်နားချိန်အတွက် စသည်ဖြင့် မရပ်မနားခိုးနေမိကြရာ အလုပ်ကထွက်မှပင် အခိုးရပ်

တော့၏။ မိသားစုအားလုံးအတွက် ရှာဖွေနေရသော အိမ်ထောင်ဦးစီးများကို အထူး သတိပေးချင်ပါ၏။

မိမိနည်းမျိုးစုံဖြင့် ခိုးဖွက်ရလာသမျှသော ဥစ္စာများကို သုံးဆောင်ခံစားကြလျှင်တော့ ဆွေမျိုးသာချင်း မိသားစုအားလုံးပါကြမည်ပင်။ သို့သော်ထိုအဒိန္နာဒါနကံ၏ ဆိုးကျိုးကို ငရဲ၌ ခံစားရမည်ဆိုလျှင် ဘယ်သားမယားမှ မပါတော့ဘဲ မိမိတစ်ယောက်တည်းသာဖြစ်ကြောင်း သတိထားရမည်။

တရားသဘော ဘယ်လိုပြောလည်း
လိပ်ကျောကြောင်ကော်၊ပြောင်ချော်ချော်နှင့် -

ဟူသော မဃဒေဝလင်္ကာအတိုင်းစေတနာဖြင့်ဘယ်လိုပင်သတိပေးပေး အရေးမလုပ်သူများ လည်း ရှိမည်သာဖြစ်၏။ ဟိရိဩတ္တပ္ပဟူသော အရှက်အကြောက်ရှိသူများအတွက်ကား ဤစာသည် တန်ဘိုးရှိပေလိမ့်မည်။

အတွေးအခေါ်ပညာရှိများသည်သူတစ်ပါးအမှားကိုမြင်လျှင် ကိုယ့်အမှား မဖြစ်အောင် သင်္ခန်းစာယူ တတ်ကြသည်။ထိုသူများအတွက် ဗုဒ္ဓလက်ထက်တော်က ဝတ်ပန်းသူခိုး အကြောင်း နှင့် ပေတဝတ္ထုလာ ဈေးသည်ပြိတ္တာမလေးယောက်တို့ အကြောင်းတင်ပြချင်ပေသည်။

ဆင်းရဲသော လင်မယားနှစ်ယောက်ရှိကြရာ တစ်နေ့တွင်သူတို့မြို့၌ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ၏။ မိန်းမသည်ထဘီလှလှဝတ်ချင်၏။ ပိတ်စအဖြူကားရှိ၏။ ဆိုးစရာ ဆေးရည် မရှိ။ ယခုခေတ်လိုဆေးဆိုးပန်းရိုက်အထည်များရှိဟန်မတူ။

ထို့ကြောင့် ဘုရင့်ဥယျာဉ်ထဲတွင်ရှိသော ဝတ်ပန်းပွင့်ကို ခိုးယူပေးရန် လင်အား ပူဆာ လေ၏။ မယားမျက်နှာတစ်ခုသာကြည့်တတ်သောယောကျ်ားသည် ဝတ်ပန်းပွင့်ကို ညအခါ သွားခိုးလေသည်။ အစောင့်များမိသွားသောအခါ ဥပဒေအရ တံကျင်လျှိုပြီးသတ်ရန် သေဒဏ် ချခံရ၏။

ဝတ်ပန်းခိုးယောကျ်ားအား သုသာန်ထုတ်၍ ချွန်ထက်နေသော သံတကျင်ဖြင့် စအိုဝမှ ခေါင်းအထိပေါက်အောင် ထိုးသွင်းလေသည်။ သေလောက်သောဒဏ်ရာ ဖြစ်သောကြောင့်

နာကျင်သည့်ဝေဒနာကို ခံစားရင်းမိန်းမကိုသာ တ,လျှက်ရှိသည်။ မိန်းမကား တစ်ချက်မှ ပေါ်မလာ။

နောက်ဆုံး ''ကျုပ်မယားလေး ဝတ်ပန်းထဘီ ဝတ်မသွားရလေခြင်း'' ဟုငြီးငြူကာ အသက်ပျောက်သွား၏။ မိမိအတွက်ယောကျ်ားကိုခိုးခိုင်း၊ ဖွက်ခိုင်းသော မိန်းမမျိုးသည် အရင်ကသာရှိခဲ့သည်မဟုတ်၊ ယခုခေတ်အချိန်၌လည်းရှိသည်သာဖြစ်၏။

ယောကျ်ားဖြစ်သူမတရားသောနည်းဖြင့် ငွေရှာနေသည်ကိုသိလျှက် မိမိဝတ်ရ၊ စားရ ပြီးရော သဘောထားပြီး ယောကျ်ားကိုဘာ...တိမပေးဘဲနေသော မိန်းမများသည် ဝတ်ပန်းခိုးခိုင်းသော မိန်းမနှင့် သိပ်မထူးပေ။

ထို့ကြောင့်လင်ယောကျ်ားများ သူခိုးဘဝကလွတ်ရေးတွင်မိန်းမများသည် အရေးကြီးသော နေရာကပါဝင်နေပေသည်။ ယောကျ်ားက ကိုယ်ကျင့်တရားဖောက်ဖျက်ပြီး မသမာနည်းဖြင့် လုပ်ကျွေးသည်ကို မသိချင်ယောင်ဆောင်မနေဘဲ ပွင့်ပွင့်လင်းလင်း ပြောဆို တားမြစ်သည့် မိန်းမမြတ်တစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။

## အမရပူရက တော်ဝင်မိန်းမမြတ်

သူတို့လင်မယားနှစ်ယောက်သည် အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်တွင် နေထိုင်ကြသည်။ ဦးထီ+ဒေါ်သိန်းရင်ဆိုလျှင် တစ်ရပ်ကွက်လုံးသိကြသည်။ ဦးထီက ပန်းရံလုပ်သည်။

တစ်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုက ခိုးထုတ်လာသော ဘိလပ်မြေအိတ်နှစ်ဆယ်ကို လျှော့ဈေးနှင့်ဝယ်ယူရန် လူတစ်ယောက်ကလာစပ်သည်။ ပြန်ရောင်းလျှင် ခေါက်ချိုးမြတ်မည်ကို တွက်မိထားသော ဦးထီကယူမည်ဟုပြောသဖြင့် လာစပ်သူသည် ဘိလပ်မြေအိတ်များကိုသယ်ရန်ပြန်ထွက်သွားသည်။

ထိုအချိန်မှာပင်ဦးထီကိုဒေါ်သိန်းရင်ကမေးခွန်းထုတ်သည်။

''ကိုထီ - ခိုးလာတဲ့ဘိလပ်မြေအိတ်တွေကို ပြန်ဝယ်မလို့လား''

''အေး - ဟုတ်တယ်။ ဘာဖြစ်လို့လဲ၊ မင်းက ဘာများပြောမလို့လဲ''

ကိုထီ၏စကားသံကနေရာတကာဝင်ပါသော မိန်းမဟုယူဆပြီး ဒေါ်သသံစွက်နေသည်။ ဒေါ်သိန်းရင်က လေအေးအေးနှင့်ဆက်ပြောသည်။

''ကိုထီကျွန်မတို့တစ်တွေကို ဖြူဖြူစင်စင်ပဲရှာကျွေးပါ။ မလောက်ရင် ဆားဖြူးစားရင်လဲစားရပါစေ။ ခိုးဖွက်ပြီးမတရားတဲ့နည်းနဲ့တော့ရှာမကျွေးပါနဲ့''

ဒေါ်သိန်းရင်၏စကားကို ဦးထီ အဓိပ္ပါယ်ကောက်လွဲသွားသည်။ အိမ်ထောင်ဦးစီးအပေါ်ဆရာလုပ်သည်ဟု ယူဆခြင်းပါတည်း။ ထို့ကြောင့်လည်း-

''မင်းက ကြီးကြီးကျယ်ကျယ် စကားတွေ ပြောမနေစမ်းပါနဲ့။ လင်လုပ်ကျွေးတာကို အေးအေး ဆေးဆေးစားမှာစားစမ်းပါ။ ငါ့အလုပ်ကိုငါသိပါတယ်'' ဟုပြောချလိုက်သည်။

သို့အတွက်ကြောင့်ပင် ဒေါ်သိန်းရင်စိတ်မကောင်းဖြစ်သွားမိ၏။ သူမ၏ စေတနာကို လင်ဖြစ်သူ နားမလည်သေး။ သံသရာနှင့်ပါ သက်ဆိုင်သောကိစ္စဖြစ်သောကြောင့် လင်ဖြစ်သူ နားလည်အောင်ရှင်းပြဖို့ သူ့မှာတာဝန်ရှိလာသည်။

''ကိုထီ၊ အခုစကားတွေဟာ ရှင့်အတွက် ပြောနေတာနော်။ မယားနဲ့ သားသမီးတွေအတွက် ရှင်သူခိုး သူဝှက်ဘဝရောက်မှာစိုးလို့ အမုန်းခံပြီးရှင်းပြနေတာပါ။''

ကိုထီစဉ်းစားကြည့်ပါ။ ဒီခိုးလာတဲ့ဘိလပ်မြေအိတ်တွေကို အစိုးရသိသွားရင်ရှင်ပဲထောင်ကျမှာ၊ ကျွန်မတို့တစ်တွေထောင်မကျဘူး။ ဒီအဒိန္နာဒါနကံကြောင့် အပါယ်ငရဲ ကျရင်လဲ ရှင်ပဲကျမှာ ကျွန်မတို့မကျဘူး။

ကျွန်မတို့သားမယားတွေဆိုတာက စားရင်သာအတူတူစားကြမှာ ထောင်တို့၊ ငရဲတို့ကျတော့ ရှင်တစ်ယောက်တည်းခံရမှာ။ ဒါကြောင့်ရှင့်အတွက်စေတနာထားပြီး ပြောနေတာဆိုတာကိုနားလည်စေချင်တယ်။ ဦးထီသည် မည်းသောမျက်နှာကြီးနှင့် ခဏကြာအောင် ငြိမ်နေပြီးမှ မိန်းမမြတ်အလိမ္မာသည် သူ့အတွက်ပြောနေခြင်းဖြစ်ကြောင်းကို ကောင်းစွာသဘောပေါက်သွား၏။ ထို့ကြောင့်တစ်ချက်မျှပြုံးလိုက်ပြီး-

''ကျေးဇူးတင်ပါတယ် သိန်းရင်ရာ၊ ငါလောဘတစ်ဘက်စွန်းရောက်သွားမိတာကြောင့်

အဲဒါတွေကို တစ်ခုမှသတိမထားမိလိုက်ဘူး၊ ဒါကြောင့်ပါ။ ကဲကဲ ငါဘိလပ်မြေအိတ်တွေ မယူတော့ဘူးဆိုတာပြန်ပြော လိုက်ပါမယ်''ဟု ချိုသာသောစကားစုဖြင့်ဆိုကာ မယားမြတ်အလိမ္မာ၏ပုခုံးကိုလက်နှင့်ပုတ်ရင်း ကျေးဇူးတင်စကားပြန်ပြောရလေသည်။ မိမိ၏ လင်ယောကျ်ားအပေါ် တကယ်ချစ်မြတ်နိုးသောမိန်းမမျိုးဆိုလျှင် ဒေါ်သိန်းရင်လိုသာ ဖြစ်သင့်၏။

## ဈေးသည်ပြိတ္တာမလေးယောက်

ဘုရားရှင်လက်ထက်တော်က ဈေးသည်မလေးယောက်ရှိသည်။ အမြတ်ငွေများများရရန်ချိန်စဉ်းလဲ၊ တောင်းစဉ်းလဲဖြင့် ခိုးဖွက်ကာရောင်းချပြီး လင်နှင့် သားသမီးတို့ကို လုပ်ကျွေး၏။ လူလတ်ပိုင်းအရွယ်မှာပင် ရောဂါရကာလေးယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြသည်။

ပြိတ္တာဘဝတွင် အငတ်ငတ်အပြတ်ပြတ် ဖြစ်နေရသော်လည်း အရင်ဘဝက လင်သားများကိုသတိရသဖြင့် ချောင်းမြောင်းကြည့်ရှုကြရာ ကျန်ရစ်ခဲ့ကြသော လင်သားများသည် နောက်အိမ်ထောင်ပြုကာ မယားအသစ်များနှင့် သူတို့ခိုးဝှက်စုဆောင်းထားခဲ့ကြသော ဥစ္စာပစ္စည်းများကို ပျော်ပါးစွာသုံးစွဲလျှက်ရှိသည်ကိုတွေ့ရ၏။

ထိုအခါပြိတ္တာမများသည် ခိုးဝှက်ကျွေးမွေးခဲ့ရသည်ကို နောင်တကြီးစွာရပြီး မြို့ရိုးပေါ်တက်ကာသူ တို့အဖြစ်ကိုလင်သားနှင့်နောက်မိန်းမများ ကြားသိကြရန် အသံနက်ကြီးများနှင့်အော်ဟစ်ကြ၏။

ပြိတ္တာမများအော်ဟစ်ကြသောဂါထာမှာ -

မယံ ဘောဂေ သံဟရိမ၊
သမေန ဝိသမေနစ။
တေ အညေ ပရိဘုဉ္ဇန္တိ၊
မယံ ဒုက္ခဿ ဘာဂိနီ။

ငါတို့သည်၊စီးပွားဥစ္စာကိုတရားသောနည်း၊
မတရားသောနည်းတို့ဖြင့် ရှာဖွေမိခဲ့ကြပြီ။
ငါတို့ရှာဖွေခဲ့သောဥစ္စာတို့ကို
နောက်မယားနှင့်သားသမီးတို့ကသုံးစွဲနေကြပြီ။

ထိုဥစ္စာတို့ကို မတရားနည်းဖြင့် ရှာဖွေမိသော ငါတို့မှာကား ပြိတ္တာဘဝရောက်ပြီး ဆင်းရဲခြင်းသာ အဖတ်တင်၏ဟူ၍ဖြစ်၏။

သားမယားလင်သားတို့အတွက် မတရားသဖြင့်စီးပွားရှာသောသူများ သတိထားဖွယ်ပင်ဖြစ်၏။

ကျောက်ခဲသည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ရေသို့ချလျှင်နစ်မြုပ်သည်သာဖြစ်၏။ ထို့အတူ အကုသိုလ်သည်လည်း သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ပြုလုပ်သူအား အပါယ်လေးပါးသို့ ဆွဲချသည်သာဖြစ်၏။

ထိုသဘောတရားကို သတိမထားမိသောကြောင့် သေးငယ်သော အကုသိုလ်လေးကို အကြောင်းပြုပြီး ပြိတ္တာဘဝရောက်ခဲ့ရသော ဈေးသည်တစ်ယောက်အကြောင်းကို တင်ပြပါဦးမည်။ ထိုအခါနိုက ဝေသာလီပြည်တွင် အမ္ဗသက္ကရလိစ္ဆဝီမင်း အုပ်ချုပ်နေ၏။ ထိုမင်းသည် တစ်လောကလုံးတွင် သူ့မျက်စိဖြင့်မြင်ရသော လူနှင့်တိရစ္ဆာန်သာ ရှိသည်ဟု ယုံကြည်သူဖြစ်၏။

ယခုခေတ် အသုံးအနှုန်းဖြင့်ပြောရလျှင် တမလွန်ဘဝကိုမယုံကြည်သော ရုပ်ဝါဒီကွန်မြူနစ်တစ်ယောက်ပင်ဖြစ်၏။ နောင်ဘဝရှိသည်ဟု ယုံကြည်သူနှင့် မရှိဟုယုံကြည်သူတို့၏ထူးခြားချက်ကို ဗုဒ္ဓက သဘာဝကျကျ ဟောထားသည်မှာ အတွေးအခေါ်အမြော်အမြင် ရှိသူတိုင်းသဘောကျစရာကောင်း၏။ ဗုဒ္ဓဟောထားသည်မှာ -

## ဗုဒ္ဓတွေးခေါ်ပြ နောက်ဘဝအယူအဆ

နောက်ဘဝရှိသည်ဟု ယုံကြည်သူသည် မကောင်းကျိုးခံစားရမည်ကိုကြောက်သဖြင့် မကောင်းမှုမှန်သမျှ မလုပ်ဖြစ်တော့ပေ။ ကောင်းကျိုးခံစားရမည်ကိုသိသဖြင့် ကောင်းမှုမှန်သမျှ ပြုလုပ်ဖြစ်၏။

ကောင်းတာမှန်သမျှလုပ်ဖြစ်ခြင်း၊ မကောင်းတာမှန်သမျှ ရှောင်ကြဉ်နိုင်ခြင်းတို့ကြောင့် ပညာရှိသူတော်ကောင်းတို့၏ အချီးအမွမ်းကိုခံရခြင်းသည် နောက်ဘဝရှိသည်ဟု ယုံကြည်သူများ ယခုဘဝခံစားရသော သေချာပေါက်ကောင်းကျိုးဖြစ်၏။

နောက်ဘဝကို လက်မခံသောသူသည်ကား မကောင်းမှုမှန်သမျှကို ရဲရဲဝံ့ဝံ့လုပ်ရဲ၏။ ကောင်းမှု ကုသိုလ်ကိုကား အားနာပါးနာပင် မလုပ်ချင်။ ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုတ်ချခံရခြင်းသည် နောက်ဘဝလက်မခံသူတို့ ယခုဘဝခံစားရသော သေချာပေါက် ဆိုးကျိုးဖြစ်၏။

သေပြီးနောက်၊ နောက်ဘဝမရှိခဲ့လျှင် တော်ပါသေး၏။ နောက်ဘဝရှိခဲ့လျှင်ကား သူသည်မကောင်းမှုကိုသာ လုပ်ခဲ့သောကြောင့် မကောင်းဘုံကိုရောက်ရမည်ဖြစ်၏။ ထို့ကြောင့် နောက်ဘဝကိုမယုံကြည်သူသည် ပစ္စက္ခ၊သံသရာ နှစ်မျိုးလုံးနစ်နာ၏။

(အပဏ္ဏကသုတ်)

ယခု လက်တွေ့အားဖြင့်လည်း လိစ္ဆဝီမင်းသည် နောက်ဘဝကို မယုံကြည်သူဖြစ်သောကြောင့် တိုင်းခန်းလှည့်လည်ရင်းတွေ့ခဲ့ရသော သူဌေးတစ်ယောက်၏မယားကို မတရား သိမ်းပိုက်ရန်ကြံစည်လျှက်ရှိ၏။

ပထမဆုံး ပေါ်လာသော အကြံအစည်အရ သူဌေးကို သူ့နားတွင် အနီးကပ်ခစားခိုင်းထား၏။ အပြစ်တွေ့လျှင် ချက်ချင်းသတ်ပစ်နိုင်ရန် ဖြစ်သည်။ မင်း၏အကြံကိုရိပ်မိသော သူဌေးကသတိထားကာ အပြစ်မရှိအောင်ခစားသည့်အတွက် ရက်အတန်ကြာသည်အထိ သတ်ခွင့်မရသေး။

စိတ်မရှည်နိုင်သောဘုရင်သည် ဒုတိယအကြံအစည်အရ ဝေသာလီမြို့နှင့် မိုင်လေးဆယ် ကျော်ခန့်ဝေးသော ရေကန်ကြီးတစ်ကန်သို့ မနက်အစောကြီးကတည်းက သူဌေးကြီးကို စေလွှတ်လိုက်သည်။ သူဌေးလုပ်ရမည်က ဘီလူးစောင့်သောထိုရေကန်ကြီး အလယ်တည့်တည့်က ကြာပန်းနှင့်ရေအောက်က မြေနီမြေညက်ကို ယူလာရမည်ဖြစ်၏။

ထိုသို့ယူလာရာ၌လည်း ညနေလေးနာရီ မြို့တံခါးမပိတ်မီ အရောက်လာရမည် ဖြစ်သည်။ ဘုရင်၏ ယုတ်မာသောအကြံအစည်က သူဌေးသည် ကန်စောင့်ဘီလူးသတ်၍ သေမည်။ သို့တည်းမဟုတ် ရေနစ်သေမည်။ ထိုသို့မသေဘဲ စောစောရောက်လာလျှင်လည်း မြို့တွင်းသို့ ဝင်၍မရအောင်လုပ်ထားမည်ဟူ၍ဖြစ်သည်။

သူဌေးသည် ယောက်ျားတို့လုံ့လ သေခါမှလျှော့မည်ဟူသော ဇွဲနှင့် မနက်အစောကြီး ကတည်းကပြေးသွားခဲ့ရာ ဘီလူးစောင့်သောကန်သို့ခပ်စောစောကပင် ရောက်သွားသည်။သူသည် မမြင်ရသောပုဂ္ဂိုလ်များ၏ မေတ္တာကိုအထက်တန်းစား ဗုဒ္ဓဘာသာနည်းဖြင့်ရအောင် လုပ်တတ်၏။

ထို့ကြောင့် ရေကန်အနားရောက်သည်နှင့် ရေကန်စောင့်ဘီလူးနှင့်တကွ တောစောင့် နတ်၊ တောင်စောင့်နတ်များပါမကျန် မေတ္တာပို့၏။ ပြီးလျှင်ပါလာသော ထမင်းထုပ်ကို ဖြေစားပြီး ကြွင်းကျန်သောထမင်းဟင်းများကို ရေကန်အတွင်းရှိငါးလိပ်တို့အား ကျွေးမွေးလိုက်၏။

ထို့နောက်သိတတ်သောအချိန်မှစ၍ ယခုအချိန်တိုင်အောင် သူပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုလိုလ်များကိုမြင်အပ် မမြင်အပ်သတ္တဝါအပေါင်းတို့အား အမျှပေးဝေ၏။

ကန်စောင့်ဘီလူးနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်များသည် သာဓု ခေါ်လိုက် ရသည့်အတွက် သူတို့၏စည်းစိမ်မှာ နှစ်ဆတိုးသွား၏။ သူဌေးအပေါ်လည်း မေတ္တာသက်ဝင် သွားကြ၏။ ထိုကြောင့် ကန်စောင့်ဘီလူးကိုယ်တိုင် သူဌေးလိုချင်သော ကန်လယ်က မြေနီမြေညက်နှင့် ကြာပန်းများကို ယူပေးလိုက်လေသည်။

သူဌေးသည် ဝမ်းသာအားရနှင့် ဝေသာလီမြို့သို့ပြန်ပြေးခဲ့ရာ ညနေလေးနာရီမထိုးမီ ရောက်ပါ၏။ သို့သော် လိစ္ဆဝီမင်းက အကောက်ကြံပြီး မြို့တံခါးကို အစောကြီး ပိတ်ထား လေသည်။ သူဌေးကားမလျှော့၊ ပိတ်ထားသောမြို့တံခါးဝကရပ်၍ သူသည် မင်းပေးလိုက်သော တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြောင်း၊ မြို့တံခါးကိုအစောကြီး ပိတ်ထားခြင်း ဖြစ်၍သာ သူဝင်၍မရခြင်းဖြစ်ကြောင်းတို့ကို သုံးကြိမ်တိုင်တိုင် ဟစ်ကြွေး ပြီးကြာပန်းနှင့် မြေနီမြေညက် တို့ကို တံခါးခုံပေါ်တင်ကာ မိုးလင်းသည်အထိ ထိုင်စောင့်နေခဲ့သည်။

မိုးလင်း၍ သူဌေးကိုရှေ့တော်သွင်းစေပြီးလျှင် အမ္ဗသက္ကရလိစ္ဆဝီမင်းက “ မောင်မင်းကြာပန်းနှင့် မြေနီကိုင်ါထံ အချိန်မီရောက်အောင်မဆက်သနိုင်တဲ့အတွက် သေဒဏ်ချမယ်” ဟုပြောလိုက်ရာ–

သူဌေးက “ ကျွန်တော်မျိုးသည် ဝေသာလီမြို့သို့ အချိန်မီရောက်ပါသည်။ မြို့တံခါးအစောကြီးပိတ်ထား၍သာ ဝင်မရခြင်းဖြစ်ပါသည်” ဟုလျှောက်ထားလိုက်၏။

ထိုအခါမင်းက “မောင်မင်း ဝေသာလီမြို့သို့ အချိန်မလင့်မီရောက်ရှိကြောင်း သက်သေရှိသလား” ဟုဆက်မေး၏။ “ရှိပါတယ်” “ဒါဆိုအခုရှေ့တော်သွင်းစေ” “မှန်လှပါ ကျွန်တော်မျိုး၏သက်သေသည် လူမဟုတ်သည့်အတွက် ရှေ့တော်သို့လာမရပါ” “လူမဟုတ်ရင် တိရစ္ဆာန်လား” “တိရစ္ဆာန်လည်းမဟုတ်ပါ” “မောင်မင်းရူးနေသလား၊ လောကမှာ လူနဲ့တိရစ္ဆာန်အပြင် တစ်ခြားဘာသတ္တဝါများ ရှိသေးလို့လဲ” “မှန်လှပါ ကျွန်တော်မျိုးလည်း နာမည်အတိအကျ မတပ်နိုင်ပါ။ အရှင်မင်းကြီးကိုယ်တိုင် လိုက်တွေ့ပြီး သေချာမေးမြန်းနိုင်ပါသည်”။

“ ကောင်းပြီ၊ လက်တွေ့ဆိုရင်တော့ ယုံရမှာပေါ့။ မောင်မင်းရဲ့ သက်သေကို ဘယ်အချိန်မှာ တွေ့ရမလဲ ” “ညသန်းခေါင်ယံ အချိန်မှာတွေ့နိုင်ကြောင်းပါ” လက္ခယ်ညမို့ ဝေသာလီညမြို့ပြင်တစ်ခွင်တွင် အမိုက်လွှမ်းလျှက်ရှိသည်။ လိစ္ဆဝီမင်းနှင့် သူဌေးတို့ ရပ်စောင့်နေကြရာတစ်ဝိုက်၌သာ ကညင်ဆီမီးရောင်ကြောင့် အလင်းရောင်မှိန်မှိန်မျှရှိသည်။ ညဉ့်နက်လာသည်နှင့် အမျှဆွဲဆွဲငင်ငင်အူလိုက်သော ခွေးသံတို့က ခပ်စိပ်စိပ် ဖြစ်လာသည်။

မိုးအုံ့နေသဖြင့် လျှပ်စီးကလည်း မကြာခဏလက်၏။ လျှပ်စီးတစ်ချက်လက်လျှင် ဝေသာလီမြို့ပြင်ရှိ သုသာန်ကြီးတစ်ခုလုံး လင်းထိန်သွား၏။ ထိုသို့လင်းထိန်သွားသော်လည်း ကြောက်စိတ်ကိုကား မလျှော့ပါးစေ။ အကြောင်းက သုသာန်တစ်ပြင်လုံးတွင် ခြေလက်များကို သံမှိုရိုက်၍ ကားစင်တင်ထားခံနေကြရသော ရာဇဝတ်သားများ အများအပြား ရှိနေသောကြောင့်ပင်။

ထိုရာဇဝတ်သားများကား သေဒဏ်ချခံနေကြရသူများပင် ဖြစ်၏။ သို့သော် ချက်ချင်း

မသေစေရဘဲ အစာငတ်ရေငတ်ဖြစ်ပြီးသေစေရန်နှင့် ခြေနှင့်လက်တို့ကိုသံမှိုရိုက်ပြီး ကားစင်တင်ထားခြင်းဖြစ်၏။

လျှပ်စီးလက်လိုက်သည့်အခါတွင်ကားစင်ပေါ်၌ ဇက်ကျိုးကျလျှက် သေနေကြသော ရာဇဝတ်သားများ၊ မသေသေးသော်လည်းအစာရေစာပြတ်သည့်ဒဏ်နှင့် နာကျင်သည့်ဝေဒနာကို မချိမဆန့်ခံနေကြရသော ရာဇဝတ်သားများ၏မျက်နှာများကို ချောက်ချားဖွယ်ရာ တွေ့နေရသောကြောင့်ပါတည်း။

## ကောင်းကင်မှလာသော တရားခံသက်သေ

ညသန်းခေါင်အချိန်သို့ ရောက်လာသည်နှင့် ကောင်းကင်ကဖြူဝင်းနေသော လမင်းကြီး တစ်စင်း အောက်သို့တဖြည်းဖြည်းနိမ့်ကျလာသည်ကိုမြင်ကြရ၏။ လကွယ်ညကြီးမှာ ဘာလို့ လမင်းကြီးက ပေါ်လာရတာပါလိမ့်ဟု အမွှသက္ကရလိစ္ဆဝီမင်းကြီး မတွေး တတ်အောင်ပင် ဖြစ်နေ၏။ အမွှေးရနံ့များလည်း မြို့တစ်ပြင်လုံး ကြိုင်သင်းလာသည်။

ဖြူဝင်းနေသောလမင်းကြီးသည် အမွှသက္ကရလိစ္ဆဝီမင်းနှင့် သူ့ငွေးတို့စောင့်ကြည့် နေကြရာ သုသာန်ထဲသို့ပင်ဆင်းသက်လာ၏။ အံ့သြလွန်းလှသဖြင့် လိစ္ဆဝီမင်းကြီးသည် ပြုတ်ကျ လာသောလမင်းကြီး၏အနားသို့ ခပ်မြန်မြန်လျှောက်သွားမိ၏။

ခပ်လှမ်းလှမ်းရောက်၍ သေချာမြင်ရသောအခါတွင်ကား လိစ္ဆဝီမင်းကြီးသည် ပါးစပ် အဟောင်းသား ဖြစ်သွားလေတော့၏။ အကြောင်းကား နိမ့်ဆင်းလာသောအရာသည် လမင်းကြီး မဟုတ်ဘဲ ဖြူဝင်းတောက်ပြောင်သည့် နတ်မြင်းပျံကြီးတစ်ကောင်နှင့် ကိုယ်လုံးတီး အမျိုးသား တစ်ယောက်ဖြစ်နေသောကြောင့်ပင်။

ကိုယ်လုံးတီးအမျိုးသားကြီးသည် ခိုးမှုဖြင့် ကားစင်တင်ထားသော ရာဇဝတ်သား တစ်ဦးထံသို့သွားကာ '' ငါ့တူမသေအောင် အားတင်းထားပါ။ မင်းမှာခိုးဝှက်ခဲ့တဲ့ အကုသိုလ် ကံတွေရှိနေတယ်။ ဒီကံတွေက ငရဲသို့ ဆွဲချလိမ့်မယ်။ ငရဲဘုံဟာအဆင်းရဲဆုံးဖြစ်တယ်'' ဟုပြောပြနေ၏။

ထိုအချိန်မှာပင် တရွေ့ရွေ့နှင့် အနားရောက်လာသော လိစ္ဆဝီမင်းက ကိုယ်လုံးတီးကြီးကို သူသိချင်ရာ အမြန်ဆုံးမေးလိုက်၏။

" အို- နတ်မြင်းပျံပိုင်ရှင် ပုဂ္ဂိုလ်ကြီး အသင့်ကို ဘယ်လိုလူမျိုးဟု ခေါ်ပါသနည်း၊ အမြန်သိလိုပါတယ်" "မင်းကြီး၊ ကျွန်ုပ်ကို ဝေမာနိကပြိတ္တာလို့ ခေါ်ပါတယ်" "သင်ဟာ ပြိတ္တာဖြစ်လျှက် အဘယ်ကြောင့် နတ်မြင်းပျံကြီးကို ရရှိပါသနည်း"

အကျွန်ုပ်သည် ဤဝေသာလီမြို့က ဈေးသည်တစ်ယောက်ပင်ဖြစ်ပါသည်။ ကျွန်ုပ်ဆိုင်ရှေ့တွင် ခြေနှစ်လှမ်းစာခန့် ရွံ့ဗွက်အိုင်တစ်အိုင်ရှိသည်။ ရှောင်သွားလို့မရသဖြင့် လူများသည် ခြေထောက်အပေခံပြီး ရွံ့ထဲမှဆင်းသွားကြရသည်။ ထိုအခါ အကျွန်ုပ်သည် လမ်းဘေးချုံဖုတ်ထဲက နွားခေါင်းရိုးတစ်ရိုးကိုယူပြီး ရွံ့ဗွက်အိုင်ထဲသို့ ချပေးခဲ့သည်။ ဤခြေတစ်လှမ်းစာတံတားကုသိုလ်ကြောင့် ဤနတ်မြင်းပျံကြီးကို ရရှိခြင်းဖြစ်သည်။

" အသင်လာသောအခါ မြို့ပြင်တစ်ခုလုံးလင်းထိန်သွားပြီး မွှေးရနံ့များ ကြိုင်လာသည်မှာကား အဘယ်ကုသိုလ်ကြောင့်ပါနည်း"။

" အမျက်ဒေါသမထွက်ခြင်း၊ အမြဲကြည်လင်သောစိတ်ရှိခြင်း၊ နူးညံ့သောစကားနှင့် လူတို့ကို ချဉ်းကပ်ပေါင်းသင်းခြင်းတို့ကြောင့် ကိုယ်ရောင်ကိုယ်ဝါများ လင်းထိန်တောက်ပခြင်း ဖြစ်ပါတယ်။ တရားရှုတဲ့သူများကို ချဉ်းကပ်ပြီး လေးစားကြည်ညိုတဲ့စိတ် ရှိတာကြောင့် ကိုယ်ခန္ဓာက ရနံ့မွှေးကြိုင်ခြင်း ဖြစ်ပါတယ်" "အသင့်ခန္ဓာကိုယ်မှာ အဘယ်အကုသိုလ်ကြောင့် အဝတ်အစားမရှိဘဲ ဖြစ်နေရတာလဲ" "ကျွန်ုပ်လူ့ဘဝရှိစဉ်တုန်းက မိတ်ဆွေများနဲ့ အတူ မြစ်ထဲမှာ ရေကစားကြပါတယ်။ ကျွန်ုပ်က အရင်ပြီးတော့ ကုန်းပေါ်အမြန်တက်ပြီး မိတ်ဆွေတွေရဲ့ အဝတ်အစားတွေကို ကျီစယ်နောက်ပြောင်လိုတဲ့အနေနဲ့ ခိုးဝှက်ပြီး ဖွက်ထားမိပါတယ်။

မိတ်ဆွေများဟာ ရေချိုးပြီးတဲ့အခါ အဝတ်အစားများမရှိတဲ့အတွက် မြို့ထဲမသွားရဲကြဘဲ ကမ်းစပ်မှာ ဟိုပြေးဒီပြေးဖြစ်နေတာကိုကြည့်ပြီး ဟားတိုက်ရယ်မောခဲ့ပါသည်။ ရယ်လို့အားရမှ အဝတ်အစားတွေကို ထုတ်ပေးခဲ့ပါတယ်။ အဲဒီမဖြစ်စလောက် အကုသိုလ်ကံ

လေးကြောင့် အခုဘဝမှာ အဝတ်အစားမရှိ ဖြစ်နေရတာပါ"

သေးငယ်သောအကုသိုလ်ကံပင် ဖြစ်လင့်ကစား မကောင်းကျိုးပေးနိုင်ကြောင်း လက်တွေ့မြင်သွားရသော လိစ္ဆဝီမင်းကြီးသည် အတော်ထိတ်လန့်သွား၏။ ပြိတ္တာကြီးကိုလည်း သနားသွား၏။ ထို့ကြောင့် -

"အသင့်ကိုအဝတ်အစားများပေးလိုပါတယ်"

"ဒီအတိုင်းပေးလို့မရပါ။ဝေသာလီမြို့ထဲက ဆရာတော်တစ်ပါးပါးထံ အဝတ်သင်္ကန်း များလှူပြီး ကျွန်ုပ်ကိုရည်မှန်း၍အမျှပေးပါ။ သာဓုခေါ်ရလျှင် ကျွန်ုပ်အဝတ်အစားများ ရပါမည်"

"မသေရန်အားပေးနေသောရာဇဝတ်ကောင်သည် အသင်နှင့်ဘယ်လိုတော်စပ် ပါသနည်း"

"ကျွန်ုပ်၏တူတော်ပါသည်။ သူသည်အပေါင်းအသင်းမှားပြီး သူခိုးဘဝရောက်သွား ခဲ့သည်။ တစ်နေ့တွင်မင်းကြီး၏ဘဏ္ဍာတိုက်ကိုဖောက်ပြီး ခိုးယူလာခဲ့သည်။ ထိုပစ္စည်းများကို ကျွန်ုပ်အိမ်မှာလာထားသည်။ ကျွန်ုပ်ကားသတိမထားမိ -

သတိထားမိနေကြသောမင်းချင်းများက ကျွန်ုပ်ကိုခိုးရာပါပစ္စည်းလက်ခံမှုနှင့် ဖမ်းခဲ့တဲ့ အတွက် အခုလိုသေဒဏ်ချမှတ်ခြင်းခံရပါတယ်။ တူတော်မောင်ကိုလည်း မိသွားပြီး အခုလို ကားစင်တင်ခံရခြင်းဖြစ်ပါတယ်"

ထိုသို့နောက် ဘဝအကြောင်းကို သေချာသိသွားသောအမ္ဗသက္ကရလိစ္ဆဝီမင်းကြီးသည် အကုသိုလ်ကို မလုပ်ဝံ့တော့ဘဲ သူ့ဌေးကိုလည်း သူ့မယားထံ ပြန်လွှတ်လိုက်သည်။သူခိုးကိုလည်း အပြစ်မှ ချမ်းသာပေးလိုက်ရာ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်သဖြင့် ရဟန်းဝတ်ပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်သွား၏။

ရဟန်းတော်များကို သင်္ကန်းလှူပြီး အမျှပေးလိုက်သည့်အတွက် သာဓုခေါ်ရသော ဝေမာနိကပြိတ္တာကြီးမှာ အဝတ်အစားများရသွား၏။ အမ္ဗသက္ကရလိစ္ဆဝီမင်းကြီးသည်လည်း တစ်သက်လုံး ငါးပါးသီလလုံခြုံသူ ဖြစ်သွား၏။ (ပေတဝတ္ထုပါဠိတော်)

## စလင်းမြို့ကတာဖံ

ဘာသာရေးမဂ္ဂဇင်းတစ်အုပ်တွင် အထက်ပါခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသော ဖြစ်ရပ်လေးမှာ အဒိန္နာဒါနပုဒ်ဖြင့် တိုက်ရိုက်ဆက်စပ်နေသည်။ ထို့ကြောင့်မှတ်မိသမျှ ပြန်လည် ဖော်ပြလိုက်ပါသည်။

စလင်းမြို့သားလေး မောင်လူလှသည် နာမည်နှင့်လိုက်အောင် မွေးကတည်းက ချောမော လှပသူ ဖြစ်၏။ ထူးခြားသည်ကား ကလေးအရွယ်ကတည်းက အင်္ကျီ၊ ဘောင်းဘီ အဝတ်မခံခြင်းပင် ဖြစ်၏။ ဖွတ်ဝတ်ပေးလျှင် ဓားနှင့် အထိုးခံရသည့်အတိုင်း တက်မတတ်၊ ချက်မတတ်ငိုသည်။ ထို့ကြောင့် လက်လျှော့ထားကြရသည်။ ကြီးလာလျှင် ဝတ်လိမ့်မည် ဟုသာ ထင်ထားကြသည်။

သို့သော်မောင်လူလှ ဆယ်နှစ်သားကျော်အထိပင် ရှိလာပြီအဝတ်အစားဝတ်ပေးလို့ မရသေး။ အဝတ်မဝတ်သဖြင့် ကျောင်းလည်းမနေရ။ မိဘတို့မှာလည်းတွေးမရအောင်ဖြစ်ကာ စိတ်ဆင်းရဲနေကြရ၏။ ဆယ့်ငါးနှစ်ကျော်၍ လူပျိုပေါက်အရွယ်ရောက်သောအခါတွင်ကား မောင်လူလှတစ်ယောက် လူသူမရှိသော တောထဲသို့ ထွက်ပြေးသွားတော့သည်။

တောထဲတွင် ကိုယ်လုံးတီးကြီးဖြင့်ဖြစ်သလိုနေ၊ ဖြစ်သလိုစား၏။ စားစရာ လုံးဝမရ သောအခါတွင် သူ့အိမ်သို့ညအခါပြန်လာပြီးထမင်းဟင်းများကို လူများအလစ်တွင် ယူစားပြီး တောထဲသို့ပြန်ပြေးလေသည်။ သူ့သတင်းမှာလည်းစလင်းမြို့နယ် တစ်ခုလုံးပျံ့နှံ့ နေသဖြင့် မိဘများမှာ မျက်ရည်နှင့်မျက်ခွက်သာ ဖြစ်နေကြရသည်။

ကလေးဘဝမှစ၍ အသက်နှစ်ဆယ်ကျော်သည့်တိုင် အဝတ်အစားတစ်ခါမှ မဝတ် သဖြင့် တာဖံ-တာဖံဟုခေါ်ရင်းက စလင်းမြို့က တာဖံဟုဖြစ်သွားရသည်။ သားအတွက် ရင်ထုမနာဖြစ်နေရသော သူ့ဖခင်သည်အကြောင်းစုံကို သေချာသိသဖြင့် တာဖံအလာကို ညစဉ် စိတ်ရှည်ရှည်စောင့်၏။

တစ်ညတွင်ကား တောထဲတွင် စားစရာမရသဖြင့် တာဖံတစ်ယောက်ညသန်းခေါင် အချိန်တွင် သူ့အိမ်သို့ဝင်လာသည်။ သူ့အဖေကားအိပ်ရာထဲတွင် အိပ်ချင်ယောင်ဆောင်နေ၏။

လူတွေ့မခံရဲသဖြင့် တောထဲမှာနေရသော တာဖံမှာဆံပင်ညှပ်ချိန်၊ ဖြတ်ချိန်မရ။ ထို့ကြောင့် ဆံပင်များမှာ ကျောနှင့်ကုပ်ပေါ်တွင် ဖားလျားကျလျှက်ရှိ၏။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများမှာလည်း အဆီးအတားမရှိ ရှည်ချင်တိုင်းရှည်နေရာ တာဖံကိုရုတ်တရက် တွေ့ရသူအဖို့ ဘီလူးသို့မဟုတ် သူရဲတစ်ကောင်ဟုပင် ထင်သွားနိုင်ပေသည်။ ဖခင်သည် ခြေသံမကြားအောင် ထလိုက်သွားပြီး မီးဖိုတံခါး ဘေးနားတွင် ကပ်ရပ်လိုက်၏။ တာဖံမှာ ဆာရာလွန်းသဖြင့် ထမင်းကို ပန်းကန်ထဲသို့ပင် ခူးမထည့်နိုင်ဘဲ အိုးလိုက်အောက်ချပြီး ပလုပ်ပလောင်း စားနေ၏။ ထမင်းနှင့် မတွေ့ရတာကြာပြီဖြစ်သော အကျင့်ပျက်နေသည့်လည်ချောင်းက သေချာမဝါးနိုင်ဘဲ မျိုချလိုက်သဖြင့် ကျလာသောထမင်းစေ့များကို အလျင်မီအောင် မျိုမချနိုင်ဘဲ နင်နေပြန်သည်။ ငတ်မရှက်ဟူသော စကားအတိုင်း ဆာလွန်းအားကြီးနေသောအခါ မရှက်နိုင်တော့ဘဲ လက်တစ်ဘက်က လည်ပင်းကို သပ်ချလိုက်၊ ကျန်လက်တစ်ဘက်က ထမင်းလုတ်ကို အဆက်မပြတ်အောင် ပါးစပ်ထဲထည့်ပေးနေသည်။ သားအဖြစ်ကိုကြည့်ရင်း ဦးမြင့်သူတစ်ယောက် ရင်ထဲတွင် နင့်သွား၏။

ဖြစ်ရလေသားရယ်ဟု စိတ်ထဲကရေရွတ်ရင်း မျက်ရည်များတွေတွေကျရှာ၏။ သားဖြစ်သူ ထမင်းဝ လောက်ပြီဟု ယူဆရသောအခါတွင်မှ ဦးမြင့်သူမှ အသံပေးလိုက်၏။ " သား-လူကလေး မောင်လူလု" ဖအေ့ အသံကိုကြားလိုက်ရသည်နှင့် မောင်လူလုတစ်ယောက်လန့်ပြီးထခုန်၏။ တောထဲနေပြီး လူသားများနှင့် အတွေ့မခံတာ ကြာပြီဖြစ်သောကြောင့် လူဆိုလျှင် အလိုလို လန့်နေသည်မဟုတ်ပါလား။ ပြီးလျှင် ဒရောသောပါး ဦးမြင့်သူဘေးမှ အတင်းတိုးပြီး ထွက်ပြေး၏။

ဦးမြင့်သူကလည်း အလွတ်မခံ။ သားဖြစ်သူ၏ကိုယ်လုံးကို အတင်းဖက်ထား၏။ သားကရုန်း အဖေကဖက်ထားနှင့် ကြမ်းပြင်တွင် တဝုန်းဝုန်းဖြစ်နေကြသည်။ ကြောက်လန့်တကြားရုန်းကန်နေသည့် သားလူရိုင်းကြီးကို ဦးမြင့်သူက မိဘမေတ္တာဖြင့် ချော့မော့ပြောရှာ၏။

" သားရယ် တအားမရုန်းပါနဲ့ အဖေဘာမှမလုပ်ပါဘူး။ သားနဲ့စကားလေး ခဏပြောချင်လို့ လနဲ့ချီပြီး စောင့်နေတာ ကြာပါပြီကွယ်"

ထိုအခါကျမှ တာဇံ ရှန်းကန်မှုရပ်သွားသည်။ ငိုရှိုက်သံများလည်းပေါ်လာသည်။ သူ့အဖေရင်ခွင်မှာ မျက်နှာအပ်ပြီး ချုံးပွဲချငိုရှာ၏။ ထိုအချိန်မှာပင် တစ်ဝုန်းဝုန်းအသံကြောင့် တာဇံအမေနှင့် နှမများပါ နိုးလာကြပြီး " ကိုမြင့်သူဘာဖြစ်တာလဲ " ဟူသောအသံနှင့်အတူ ဖယောင်းတိုင်ထွန်းကာ မီးဖိုနားလာကြ၏။

ထိုအခါ တာဇံက ငိုသံပါကြီးနှင့် " အမေတို့ မီးဖိုထဲ မဝင်လာကြပါနဲ့ဗျာ။ မြင်လို့ မသင့်တော်ပါဘူး " ဟုအော်ပြော၏။ လူ့ဘဝချင်းတူကြပါလျက် အကြောင်းအမျိုးမျိုးကြောင့် ခြားနားနေကြရသော သူတို့မိသားစုဘဝပါတကား။

ဦးမြင့်သူက " မစိန်မေရော၊ သမီးတို့ပါ အပြင်ကပဲနေကြပါ။ ငါတစ်ယောက်တည်းပဲ သားကို သိချင်တာမေးပါ့မယ် " ဟုပြောလိုက်၏။ ထိုနောက် စိတ်ကိုငြိမ်သက်အောင်ထားကာ သားအားမေး၏။

" သားဘာကြောင့် အဝတ်အစားမဝတ်ချင်ဖြစ်နေရတာလဲ။ အဖေ့ကိုပြောနိုင်ရင် ပြောပြပါလားကွယ် " "ဝတ်လို့မရဘူးအဖေ အဝတ်အစားဝတ်လိုက်ရင် ကျွန်တော့် တစ်ကိုယ်လုံး ပူလောင်လာတယ် " "အဲဒါငါ့သား အတိတ်ဘဝက မကောင်းတဲ့ ဝဋ်ကြွေး ကြောင့်ဖြစ်ရမယ်။ ဘာ့ကြောင့်လဲဆိုတာ ငါ့သားမမှတ်မိဘူးလား" "မှတ်မိပါတယ် အဖေ၊ အရင်ဘဝက တရားအားထုတ်နေတဲ့ တောရ ရဟန်းတစ်ပါးရဲ့ သင်္ကန်းကို ကျွန်တော် ခိုးယူခဲ့ ဖူးတယ်။ ဒီဝဋ်ကြွေးကြောင့် ကျွန်တော့်ကိုယ်ပေါ် အဝတ်တင်လို့မရလောက်အောင် ဖြစ်နေရ တာပါ" "သားရယ်ဝဋ်ကြွေးကုန်တဲ့ အခါကျရင်တော့ ဝတ်လို့ရလာမှာပေါ့။ အခုလို တောထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ သွားမနေပါနဲ့ အိမ်မှာပဲ အခန်းတစ်ခန်းနဲ့ သီးသန့်နေပါ"

" ကျွန်တော်ပြုခဲ့တဲ့ အကုသိုလ်ကံက ဒီဘဝလုံးပေးဆပ်တောင် ကျေချင်မှကျေမှာ အဖေ။ ဒါကြောင့် ကျွန်တော်မြန်မြန်သေချင်တယ်။ တကယ်သတ်သေဖို့ကျတော့လည်း ဒီလောက်ဆိုးဝါးတဲ့ဘဝကြီးကို တပ်မက်တဲ့ တဏှာက ရှုပ်နေတယ်အဖေ။ ဒါ့ကြောင့်လည်း ငတ်သေခါနီးရင် ကျွန်တော်အိမ်မှာ လာလာ ခိုးစားနေတာပါ။"

" ကျွန်တော့်ကို အိမ်မှာထားဖို့တော့ စိတ်မကူးပါနဲ့အဖေ။ ကျွန်တော် တောထဲမှာ နေတာတောင် အဖေတို့ သိက္ခာကျလှပါပြီ။ အဖေတို့မိသားစုရော ကျွန်တော်ပါ ဒီစိတ်ဆင်းရဲမှု မျိုးကြီးက လွတ်မြောက်ဖို့ နည်းတစ်ခုတော့ရှိတယ်အဖေ "။

ဦးမြင့်သူက ဝမ်းသာအားတက်သောအမူအရာဖြင့်"ဘယ်နည်းလဲသား ဘယ်လိုနည်းများလဲ အဖေ့ကို မြန်မြန်ပြောစမ်းပါကွယ်"ဟုမေးလိုက်သည်။ အကွယ်ကနားထောင်နေသော မိခင်နှင့် နှမများကလည်း တာဖုံစကားကို မျှော်လင့်ချက်ကြီးစွာနှင့် နားစွင့်လိုက်ကြသည်။ "အဲဒါကတော့ တောထဲမှာ လူမသိ၊ သူမသိ ကျွန်တော်မြန်မြန်သေသွားတာပဲအဖေ" ဟုပြောပြီး မောင်လူလုသည် သူ့အဖေဆီက အတင်းရုန်းထွက်ကာ အမှောင်ထဲသို့ တိုးဝင်သဖြင့် ချက်ချင်းပျောက်ကွယ်သွားလေသည်။

မိဘများမှာ" ဖြစ်ရလေသားရယ် " ဟုပြောသာပြောနိုင်ပြီး မျက်ရည်တွေတွေကျ၍ ကျန်ခဲ့ကြ၏။ ငယ်ရွယ်သော နှမများမှာကား အစ်ကိုဖြစ်သူအတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုရှိုက်ကြလေသည်။

ထိုနေ့မှစ၍တာဖုံသည်လည်း အိမ်သို့မည်သည့်အခါမျှ ပြန်မလာတော့ပေ။ တာဖုံခေါ် မောင်လူလု၏ အဒိန္နာဒါနအကုသိုလ်ကံများအမြန်ကုန်ပါစေသော် . . .။

မှတ်ချက်။ - မောင်လူလုသည်သီလ၊ သမာဓိ၊ပညာကြီးမားသော ရဟန်းသူတော်ကောင်း၏ ပစ္စည်းကို ခိုးမိသောကြောင့်လူစင်စစ်ဖြစ်ပါလျက် ပြိတ္တာဒုက္ခမျိုးကို ခံစားနေရခြင်းဖြစ်သည်။ မောင်လူလုသည်ဇာတိဿရဉာဏ်ရှိသောကြောင့် သူ၏ အတိတ်ဘဝကအကုသိုလ်ကံကို ပြန်ပြောနိုင်ခြင်းဖြစ်သည်။

ထိုဇာတိဿရဉာဏ်သည်ကျင့်ယူရသည် မဟုတ်ဘဲ လူတစ်ထောင်လျှင် သူ့ကုသိုလ်ကံအလျှောက် တစ်ယောက်ခန့်အလိုလိုပင်ရနေ၊ သိနေတတ်ခြင်းဖြစ်သည်။ စာရေးသူလည်း အတိတ်ဘဝတစ်ခုကို ပြန်၍အမှတ်ရပါသည်။ ထိုအမှတ်ရပုံအကြောင်း အပြည့်အစုံကို "ဘဝနှင့်ရင်းရသော အတွေးအမြင်များ"စာအုပ်တွင် အကျယ်ရေးထားသည်။ ထိုစာမူစာအုပ်ဖြစ်လာသောအခါ ဖတ်ရှုရပါမည်။

ကျောက်ခဲနှင့်တူသော အကုသိုလ်

သီဒဏ္ဍေဝ ဇလေခိတ္တာ၊ သီလာ မဟာဝ ခုဒ္ဒကာ။

ပတန္တာ ခုဒ္ဒကေ နေဝ၊ အပါယံ ပါပ ကမ္မုနာ။

ကျောက်ခဲအသေးလေးကို ရေထဲပစ်ချလျှင် ကျောက်ခဲအကြီးကဲ့သို့ နစ်မြုပ်တတ်သည် ဖြစ်၏။ ထို့အတူ အကုသိုလ်ကံအသေးလေးကြောင့်လည်း (အကုသိုလ်ကံအကြီးကြီး ရှိသကဲ့သို့) အပါယ်လေးပါးသို့ကျနိုင်၏။

## တကယ်ရိုးသားသူဆိုတာ

(လူသည်တကယ်တမ်းရိုးသားသူဖြစ်ပါက မိမိ၏အရည်အချင်းကို မိမိကသိပါ၏။ အိုင်စတိုင်းကို အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ဆောင်ရွက်ပါရန် တိုက်တွန်းသောအခါ မိမိ၌ သမ္မတအရည်အချင်းမရှိပါကြောင်း အိုင်းစတိုင်းကငြင်းပယ်သည်ဟု ကြားဖူး၏။

ထို့ကြောင့် မိမိ၏အရည်အချင်းကိုမသိဘူးဆိုပါလျှင် မရိုးသားသူသော်လည်း ဖြစ်နိုင်၏။ မောဟဂတိ လွန်ကဲသူသော်လည်း ဖြစ်နိုင်၏။ သို့မဟုတ်ပါက မည်သူမဆို မိမိ၏အရည်အချင်းကို မိမိကသိရမည်ပင်ဖြစ်၏။

အမှန်အားဖြင့်ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း လူသည်မရိုးမဖြောင့် ဖြစ်သောအခါ၊ သို့မဟုတ် မောဟဂတိလွန်ကဲသောအခါ လောက၌မိမိနှင့် မထိုက်တန်သောအရာဘာမျှမရှိဟု ထင်လေ၏။ ထိုအထင်ကြောင့်ပင် ထိုပုဂ္ဂိုလ်မျိုးကြီးစိုးရာဒေသသည် မငြိမ်းချမ်းဘဲရှိ၏။

(ဘဝအမြင်သစ်-စာ-၉၄)

## အသွင်နှင့်အနှစ်သာရ

ရူပက္ခန္ဓာသဘောအရ စီးပွားရေးနယ်ပယ်၌ အရင်းတစ်ကျပ်တန်ပစ္စည်းကို ငါးကျပ် အမြတ်တင်၍ရောင်း၏။ ဝယ်သူကလည်းဝယ်၏ အဒိန္နာဒါနသိက္ခာပုဒ်အရ ဘာအပြစ်ရှိသနည်း။ သာသနာ့ပနည်းအရ သိက္ခာပုဒ်၏ အဓိပ္ပါယ်ကိုယူလျှင် ဘာမျှအပြစ်မရှိ။

နှစ်ဦးသဘောတူ သူကြိုက်၍ သူဝယ်ခြင်းဖြစ်ရာ အဒိန္နာဒါနသိက္ခာပုဒ်ကို ကျူးလွန်ရာမရောက်။ သို့ရာတွင်သသာနာတွင်းနည်းအရ သိက္ခာပုဒ်၏ အဓိပ္ပါယ်ကိုယူလျှင်မူ ရောင်းသူသည် မတရားအမြတ်စားသူဖြစ်၏။ အမြတ်ကိုယူသင့်သည်ထက်ပိုယူသူဖြစ်၏။

ထိုကြောင့် သူသည်အဒိန္နာဒါနသိက္ခာပုဒ်ကို အသွင်အားဖြင့်လိုက်နာသည်ဟု ဆိုနိုင်သော်လည်း အနှစ်သာရအားဖြင့် လိုက်နာသည်ဟု မဆိုနိုင်ချေ။

( ဘဝအမြင်သစ်-စာ-၆၂ )

## ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အဖွင့်

ကာမေသု၊ ကာမဂုဏ်တရားတို့၌။ မိစ္ဆာစာရ = မှားယွင်းစွာကျင့်ခြင်းဟု အနက်ထွက်သည်။ သိလွယ်အောင် မြန်မာမှုပြုလိုက်သောအခါ သူတစ်ပါးသားမယားကို ပြစ်မှား လွန်ကျူးခြင်းဟု ဖြစ်သွားသည်။ မသွားလာ မကျူးလွန်ထိုက်သောမိန်းမနှစ်ဆယ်ရှိသည်။

### မကျူးလွန်ရသော မိန်းမနှစ်ဆယ်

၁။ မိခင်အုပ်ထိန်းသော မိန်းမ

၂။ ဖခင်အုပ်ထိန်းသော မိန်းမ

၃။ မိဘနှစ်ပါးလုံးအုပ်ထိန်းသော မိန်းမ

၄။ မောင်ကြီး မောင်ငယ်အုပ်ထိန်းသော မိန်းမ

၅။ အစ်မ ညီမအုပ်ထိန်းသော မိန်းမ

၆။ ဆွေမျိုးသားချင်း အုပ်ထိန်းသော မိန်းမ

၇။ အမျိုးအနွယ်အုပ်ထိန်းသော မိန်းမ

၈။ တရားကျင့်ဖော်အုပ်ထိန်းသော မိန်းမ

ဤရှစ်ယောက်သောမိန်းမတို့ကား အပျိုများသာဖြစ်သည်။ သူတို့၏ကာမကို ပိုင်ဆိုင်သူမရှိ၊ စောင့်ရှောက်သူသာရှိသည်။ ထိုကြောင့် ယောကျ်ားတစ်ပါးတို့နှင့် ကျူးလွန်ပျော်ပါးလျှင် ထိုအမျိုးသမီး ရှစ်ယောက်တို့မှာ ကာမေသုမိစ္ဆာစာရ မဖြစ်။ ကျူးလွန်သော ယောကျ်ားမှာသာ ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

သို့သော် ထိုအပျိုမရှစ်ယောက်တို့သည် ငါတို့မှာ ကာမေသုမိစ္ဆာစာရ မဖြစ်ဟုဆိုပြီး အညာလွယ်ကြမည်ဆိုလျှင် လောကအလယ် အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး လင်ကောင်းသားကောင်း ရတော့မည် မဟုတ်ပေ။ အကြောင်းကား ယောကျ်ားတို့သဘာဝသည် အညာလွယ်သော မိန်းမများကို " တစ်ခြားယောကျ်ားလည်းဒီလိုပဲ လိုက်လျောနေတာနေမှာ " ဟု ယူဆပြီး အထင်အမြင်သေးကာ အပျော်သာကြံတတ်ကြသောကြောင့်တည်း။

## သမီးပျိုတို့အတွက် တစ်သက်တာနိတိ

လူတို့သည် သောက်ရေအိုးစင်ကရေကို သောက်ရုံသာ သောက်ကြ၏။ ဘယ်တော့မှ ခြေမဆေး။ ခြေဆေးရေအိုးကရေကိုလည်း ခြေဆေးရုံသာဆေးကြ၏။ ဘယ်တော့မှ မသောက်ကြ။

ထို့အတူယောကျ်ားအများစုတို့သည် ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၍ ဣန္ဒြေရှိသော မိန်းမကလေးကို ရာသက်ပန်အတည်သာကြံ၏။ အပျော်မကြံ။

အညာလွယ်၍ ကိုယ်ကျင့်သီလ မရှိသောမိန်းမကို သာယာမှုရှာရုံအပေါ်သာကြံ၍ ရာသက်ပန် အတည်မကြံကြပေ။

ဆက်လက်ဖော်ပြမည့် မိန်းမ(၁၂)ယောက်တို့သည်ကား ကာမပိုင်ယောကျ်ားရှိသော အအိုများ ဖြစ်သည်။ ယင်းတို့ကား-

၉။ ကိုယ်ဝန်တည်ကတည်းက မှတ်သားသိမ်းဆည်းခံရသောမိန်းမ။

၁၀။ ဤမိန်းမကိုသွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ်ထားသောမိန်းမ။

၁၁။ ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်းနေသောမိန်းမ။ ယောကျ်ားတစ်ယောက်ယောက်က တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ ငွေပေး၍ပျော်ပါးနေသော ပြည့်တန်ဆာမကို ဆိုလိုသည်။ ထိုရက်ထိုရက်အတွင်း တစ်ခြားယောကျ်ား တစ်ပါးသူနှင့်ပျော်ပါးလျှင် ထိုပြည့်တန်ဆာမရော၊ ပျော်ပါးသောယောကျ်ားပါ ကာမေသုမိစ္ဆာစာရဖြစ်သည်။ ဤစာအုပ်၌ ဖော်ပြခဲ့ပြီးသော သီလကိုအလေးထားသူ(၁၁)ဦး ခေါင်းစဉ်အောက်က ပြည့်တန်ဆာအကြောင်းကို ပြန်ကြည့်နိုင်သည်။

၁၂။ အလိုတူ၍ပေါင်းသင်းနေသောမိန်းမ

၁၃။ ဥစ္စာစည်းစိမ်အပ်နှံ၍ ပေါင်းသင်းနေသော မိန်းမ

၁၄။ အဝတ်တန်ဆာပေး၍ ပေါင်းသင်းနေသောမိန်းမ

၁၅။ လူကြီးစုံရာနှင့် လက်ထပ်ပေါင်းသင်းနေသောမိန်းမ

၁၆။ ထင်းခွေ၊ ရေခပ် လုပ်ကိုင်နေသောမိန်းမအား ထိုအလုပ်ကိုမလုပ်စေဘဲ
ပေါင်းသင်းနေသော မိန်းမ။

၁၇။ မယားပြုထားသောမိန်းမ
၁၈။ မယားပြုထားသော အလုပ်သမ
၁၉။ မယားအဖြစ်ပေါင်းသင်းနေသော သုံ့ပန်းမိန်းမ
၂၀။ ခေတ္တငှားရမ်းပေါင်းသင်းနေသောမိန်းမတို့ဖြစ်သည်။

ယင်းမိန်းမ(၁၂)ယောက်တို့သည် ကာမပိုင်ယောကျ်ားများ ရှိကြသောကြောင့် ယောကျ်ားတစ်ပါးနှင့် ပျော်ပါးလျှင် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရ ဖြစ်သည်။ မသွားလာကောင်းသော မိန်းမနှစ်ဆယ်ကိုသာ ဟောကြားပြီး မသွားလာကောင်းသော ယောကျ်ား(၂၀)ကို အဘယ်ကြောင့် မဟောသနည်း။ အဖြေကား ကာမေသုမိစ္ဆာစာရကံကို မိန်းမတို့ ဦးဆောင်ကျူးလွန်၍ မဖြစ်နိုင်ဘဲ ယောကျ်ားတို့က ဦးဆောင်ကျူးလွန်မှ ဖြစ်နိုင်သောကြောင့်ပေတည်း။ ထိုကာမေသုမိစ္ဆာစာရကံ ထိုက်ရန် အင်္ဂါလေးချက်ရှိ၏။ ယင်းတို့ကား-

မသွားလာအပ်သောမိန်းမ နှစ်ဆယ်ဖြစ်ခြင်း၊ ထိုမိန်းမ၌ မှီဝဲလိုသောစိတ်ရှိခြင်း၊ လုံ့လပြုခြင်း၊ သာယာခြင်းတို့ဖြစ်ပါသည်။ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြသူများ ခံစားရမည့်ဆိုးကျိုးနှင့် ရှောင်ကြဉ်လျှင် ခံစားရမည့်ကောင်းကျိုးများမှာ-

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာ ဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်က အပြန်အကျိုးတည်း ဟူသော လင်္ကာအတိုင်း ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သူများသည်-

လူမုန်းများမည်၊ ရန်သူများမည်၊ ပစ္စည်းလာဘ်လာဘ ရှားပါးမည်၊ ဆင်းရဲမွဲတေ မည်၊ မိန်းမ သို့မဟုတ် ပဏ္ဍုတ်သာဖြစ်ရမည်။ ထိုပဏ္ဍုတ်သည်လည်း ငါးမျိုးရှိသည်။ ယင်းတို့မှာ-

သူတစ်ပါးသုတ်ကိုစုပ်ယူပြီး မေထုန်ပြုလိုစိတ်ကို ပြေပျောက်စေသော အာသိတ္တက ပဏ္ဍုတ်။ သူတစ်ပါး မေထုန်ပြုသည်ကိုကြည့်ရှုပြီး မေထုန်ပြုလိုစိတ်ကို ပြေပျောက်စေသော ဥသူယပဏ္ဍုတ်။ ဝှေးစေ့ထုတ်ပစ် ခံထားရသော ဩပက္ကမိကပဏ္ဍုတ်၊ လဆန်းပက္ခ၌ဖြစ်စေ၊

လဆုတ်ပက္ခ၌ဖြစ်စေ၊ ပက္ခတစ်ခုခု၌ မေထုန်ပြုကျင့်ရမှ နေသာထိုင်သာရှိသူကို ပက္ခပဏ္ဍုတ်။ ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ နှစ်မျိုးလုံး ထင်ရှားစွာမပါသော နပုံးပဏ္ဍုတ်တို့တည်း။

**မှတ်ချက်။** ။ လဆန်းတစ်ရက်မှ လပြည့်နေ့အထိကို လဆုတ်ပက္ခဟုခေါ်သည်။

လူဖြစ်လျှင် ယုတ်ညံ့သောအမျိုး၌ဖြစ်ရသည်။ အရုပ်ဆိုး အကျည်းတန်ဖြစ်ရသည်။ အရက်တစ်ကွဲ အကျိုးနည်းဖြစ်ရသည်။ ယောကျ်ားလက္ခဏာ မိန်းမလက္ခဏာနှင့် မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါး ချို့ယွင်းတတ်သည်။ စိုးရိမ်သောက ဖြစ်နေရတတ်သည်။ ချစ်သောသူနှင့် ကွေကွင်းရတတ်သည်။

## ကာမေသုမှ ရှောင်ကြဉ်လျှင်

ကာမေသုမိစ္ဆာစာရရှောင်ကြဉ်မည်ဆိုလျှင်ကား-

ချစ်သူပေါများမည်၊ ပစ္စည်းလေးပါး လာဘ်လာဘပေါများမည်၊ စည်းစိမ်ဥစ္စာချမ်းသာမည်၊ မြင့်မြတ်သော ယောကျ်ားသာဖြစ်ရမည်၊ အမျိုးမြတ်သာဖြစ်ရမည်၊ ရုပ်ရည်ချောမောလှပမည်၊ လက္ခဏာဣန္ဒြေပြည့်စုံမည်၊ စိတ်အေးချမ်းသာစွာနေရမည်၊ ချစ်သောသူနှင့် ပေါင်းသင်းရမည်ဟူသော ဆိုးကျိုးနှင့် ဆန့်ကျင်ဘက်ကောင်းကျိုးများကို ပြန်လည်ခံစားရမည်။

## ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်

ယူဇနာခြောက်ဆယ်ရှိသောတော၊ ယူဇနာသုံးဆယ်ရှိသောတောတို့ကို ဖြတ်သန်းအောင်မြင်ခဲ့ပြီး ယခု(၁၅)ယူဇနာရှည်သော တောကိုဖြတ်ပြီးလျှင် အကြောပေါင်းတစ်ထောင်ချီဆိမ့်သည့် သရက်ပင်ရှိရာသို့ ရောက်မည်။ ထိုသရက်သီးနှစ်စိပ်လောက်စားလိုက်သည်နှင့် အသက်ခြောက်ဆယ်ကျော် ထောင်သားအဘိုးအိုကြီး ဆယ့်ခြောက်နှစ်အရွယ်ခန့် နပျိုလှပသွားသည်ကို ယခုခရီးကြမ်းကြီးတလျှောက်ဖြတ်သန်းလာသူ ဗာရာဏသီမင်းကြီးကိုယ်တိုင်တွေ့လိုက်ရသည် မဟုတ်လော။

ဒါ့အပြင် နတ်သမီးများကိုချောမောလှပသည့် အမျိုးသမီးငါးရာလည်း ထို သရက်တော

အနီးမှာရှိပြန်သတဲ့။သရက်သီးတွေစားလိုက်၊ မိန်းမချောငါးရာတို့နှင့် ပျော်ပါးလိုက်။ ဒီလိုသာ ဆိုရင်ငါ့စည်းစိမ်ကိုသိကြားမင်းတောင်မှီမှာ မဟုတ်ဘူးဟူသောအတွေးနှင့်အတူ ဗာရာဏသီ မင်းကြီး၏ ခြေလှမ်းတို့က ပို၍သွက်လာသည်။

ခြေလှမ်းများကရှေ့သို့ မြန်မြန်လှမ်းနေသလောက် အတွေးများကနောက်သို့ ပြန်ရောက် နေပြန်သည်။ ဗာရာဏသီမင်းကြီးဟု ခေါ်နေကြသော်လည်း တကယ်တော့ သူ့အသက်သည် သိပ်ပြီးကြီးသေးသည်မဟုတ်။ သုံးဆယ်ကျော်ရုံမျှရှိသေးသည်။ တစ်နေ့ သူမြစ်ထဲရေကစားနေစဉ် အွန္တရာယ်ကို ကာကွယ်ရန်တားထားသော ပိုက်ကွန်ထဲသို့ လှပထွားကျိုင်း မွှေးကြိုင်လှသော သရက်သီးတစ်လုံး ကပ်လာသည်။

သရက်သီးမှန်းသိသော်လည်းဤမျှလောက် လှပ၊ထွားကျိုင်း၊ မွှေးကြိုင်လှသော သရက်သီးကိုမမြင်ဖူးသဖြင့်မစားရဲသေးဘဲ သေဒဏ်ကျနေသည့်အသက်ခြောက်ဆယ်ကျော် ထောင်သားကြီး တစ်ယောက်ကို ခေါ်ကာ နှစ်စိပ်ခန့်လှီးကျွေးလိုက်သည်။ပြီးတော့ အတန် ကြာအောင် စောင့်ကြည့်၏။

ထောင်သားကြီးကား ဘာမှမဖြစ်သည့်အပြင် ဆယ့်ခြောက်နှစ်ခန့်လုလင်ပျိုလောက် နီးပါး ချောမောလှပသွားခဲ့သည်။ ထိုအခါကျမှဗာရာဏသီမင်းကြီးကိုယ်တိုင် စားကြည့်သည်။ ကောင်းလိုက်သည့်အရသာ၊ ဘုရင်သာဖြစ်နေသည်၊ ဤမျှကောင်းသော သရက်သီးမျိုး တစ်ကြိမ်တစ်ခါမျှမစားဖူးခဲ့။

ထို့ကြောင့်လည်း မုဆိုးတစ်ယောက်ကိုခေါ်ကာ ထိုသရက်ပင်ရှိရာအရပ်ကို တွေ့ အောင်ရှာခိုင်းခဲ့သည်။ မုဆိုးသည်ဟိမဝန္တာတောနက်ကြီးအတွင်း မိုင်ပေါင်းတစ်ထောင် ကျော်လောက်ပေါက်အောင် တောနင်းရှာဖွေမှ သရက်ပင်ကိုတွေ့ခဲ့သည်။ ထို့ကြောင့် ယခု ထိုမုဆိုးပြသည့် လမ်းအတိုင်းဗာရာဏသီမင်းကြီးလိုက်လာခြင်း ဖြစ်သည်။

နောက်ဆုံး ၁၅-ယူဇနာ၊မိုင်တစ်ရာ့ငါးဆယ်ခရီးကား အကြမ်းတမ်းဆုံးဖြစ်၏။ တောတောင်များ၊ လျှိုမြောင်များ၊ ရေစီးကြမ်းချောင်းများ အတန်တန်ဖြတ်ရ၏။ လူ တစ်ကိုယ်စာသာ သွားလို့ရသည်။ ဘာကောင်မှစီး၍မရ။ ငါးရက်ခန့် ခရီးပြင်းနှင်လိုက် သည်နှင့် မိုင်တစ်ရာ့ငါးဆယ်ခရီးသည် ဆုံးခန်းတိုင်ပြန်ပြီ။

မင်းကြီးသည် လေးနှင့်မြားကို အသင့်ပြင်ဆင်ထား၏။ ကိုယ့်ကိုယ်ကိုသာ အားကိုးရတော့မည်မဟုတ်ပါလော။ မျက်စေ့နှင့်နားကိုသာမက နှာခေါင်းကိုပါအသုံးချကြည့်၏။ ရုတ်တရက် ရလိုက်သော အနံ့တစ်ခုကြောင့်မင်းကြီး၏ ရင်ထဲတွင် ဒိတ်ခနဲနေအောင် ဝမ်းသာသွား၏။

တစ်ခြားဟုတ်ပါရိုးလား။ အကြောပေါင်းတစ်ထောင် ချိုဆိမ့်သောသရက်သီးနံ့ကို မင်းကြီး ရှူရှိုက်မိသွားသည် မဟုတ်ပါလား။ ထပ်ဆင့်အံ့ဩစရာကားသုတိသာယာလှသော မိန်းကလေးအသံတစ်သံ ပေါ်ထွက်လာခြင်းပါတည်း။

" မောင်တော်နှမတော်တို့လာခဲ့ပါပြီ။ မောင်တော်ရဲ့လေးကြီးကို အသာချထားလိုက်စမ်းပါ။ နှမတော်တို့ဟာ မောင်တော်ကို အမြဲတမ်းစောင့်မျှော်နေကြတဲ့မိတ်ဆွေတွေပါ"

ထိုအသံနှင့်အတူ မင်းကြီးတစ်သက်တာတွင်တစ်ခါမှမမြင်ဖူးသည့် အချောဆုံး၊ အလှဆုံး၊ အမျိုးသမီးငါးရာသည်သူ့ထံသို့ မပြေးရုံတမယ် လျှောက်လာကြသည်။ အနားရောက်သည်နှင့် ခေါင်းဆောင်ဖြစ်ဟန်တူသော အလှဆုံးအမျိုးသမီးက လက်အုပ်ချီကာ-

"မောင်ဘုရား၊နောက်တော်က အေးချမ်းစွာဖြင့် လိုက်တော်မူခဲ့ပါ။ နှမတော်တို့စံရာနန်းတော်ဟာ ရှေ့နားမှာပဲရှိပါတယ်" ဟုဆိုပြီးရှေ့မှဦးဆောင်ခေါ်သွား၏။

## တောသဲကန္ဓေနန်းတော်

အံ့ဩစရာကောင်းလှ၏။ ခြေလှမ်းငါးလှမ်းခန့် လှမ်းလိုက်ရုံဖြင့် မိုးထိလုနီးပါး ကြီးမားကျယ်ပြန့်သော ရွှေနန်းတော်ကြီးတစ်ခုအတွင်းသို့ရောက်သွား၏။ အထဲရောက်သည်နှင့် မင်းကြီးကိုရေမိုးချိုးပေးကြ ကာနူးညံ့ပြီးမွှေးပျံ့ကြိုင်သင်းသော အစားအစာတို့ကို ကျွေး၏။

ထိုအစားအစာတို့၏ ကောင်းမွန်မှုကြောင့် မင်းကြီးအကောင်းဆုံးဟုထင်သော သရက်သီးကိုပင် သတိမရတော့စားသောက်ပြီးသည်နှင့် အိစက်ညက်ညောသော အိပ်ရာပေါ်သို့ တင်ပေးလိုက်ရာမင်းကြီးသည် တစ်ခဏအတွင်း အိပ်ပျော်သွားလေတော့၏။

မင်းကြီးအိပ်ရာမှ နိုးလာသောအခါ အားအင်ပြည့်ဖြိုးပြီး လန်းဆန်းကြည်လင်လျက်

ရှိ၏။ ခေါင်းဆောင်ဘုရင်မနှင့်တူသူ အလှဆုံးအမျိုးသမီးကား မင်းကြီးကို လေယပ်ခတ်ပေးလျှက်ရှိသည်။မင်းကြီး နိုးလာသည်ကိုတွေ့သည်နှင့်ဗိမာန်ရှင်မက-

''မင်းကြီးစိတ်ချမ်းသာသလို စံနေတော်မူပါ။ ရံရွေတော်ငါးရာတို့ဟာမြင်နေရတဲ့ အခန်းငါးရာမှာ အသီးသီးရှိနေကြပါတယ်။ မင်းကြီးအလိုရှိရာ အခန်းသို့ကြွဝင်နိုင်ပါတယ်'' ဟု ပြော၏။ မင်းကြီးကသူသိချင်တာကိုသာမေး၏။

''နှမတော်ရဲ့အခန်းကရော''

ဗိမာန်ရှင်မသည် ရှက်သွေးဖြန်းသောအမူအရာနှင့်ပြုံးလိုက်ကာ''ဒီအခန်းပဲလေ''

လှပလွန်းသော သူမ၏အပြုံးဒဏ်ကို မင်းကြီးမခံနိုင်။ ဗိမာန်ရှင်မ၏ လက်ထဲက ယပ်တောင်ကိုဘေး အနားအသာဆွဲချပြီးသူမ၏ ကိုယ်လုံးကိုသိမ်းကျုံးဖက်ကာမျက်နှာအနှံ့နမ်းရှုပ်လေတော့သည်။ တစ်ခါမှ မကြုံဖူးသော အတွေ့အထိကြောင့် မင်းကြီးသည် ခဏအကြာမှာပင် အိပ်ပျော်သကဲ့သို့ဖြစ်သွားလေသည်။

ဤဗိမာန်ကြီးထဲသို့ မင်းကြီးရောက်နေခဲ့သည်မှာ နှစ်ပေါင်း(၁၅၀)ပင်ကျော်လာခဲ့ပြီ။ သူမတို့၏ အစားအစာနှင့်သူမတို့၏ တန်ခိုးကြောင့်ယခုလိုအသက်ရှည်နေခြင်းဖြစ်၏။တစ်ညသန်းခေါင်ယံတွင် မင်းကြီးရုတ်တရက်နိုးလာပြီး သူ့ဘေးကဗိမာန်ရှင်မကို စမ်းကြည့်ရာ မတွေ့သဖြင့် ချက်ချင်းအပြင်ထွက်ကာအပြေးလိုက်ရှာမိသည်။

သူ့ရှေ့အမှောင်တွင်းမှ တရွေ့ရွေ့သွားနေသော ဇနီးသည်ဗိမာန်ရှင်မကို တွေ့လိုက် ရ၏။ လှမ်းခေါ်လိုက်မည်ပြုပြီးမှ စိတ်ကူးတစ်ခုပေါက်ကာ မခေါ်တော့ဘဲ နောက်မှ အသာလိုက်သွား၏။ ဗိမာန်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ရေအိုင်ကြီးနားအရောက်တွင် သူမသည် မြေကြီးပေါ် ထိုင်ချလိုက်သည်။

ထို့နောက် ကြောက်လန့်တကြား ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ရေအိုင်ကြီးထဲသို့စိုက် ကြည့်နေသည်ကိုသာတွေ့ရ၏။ ထိုအချိန်ပင်ရေအိုင်ထဲမှ နွားပေါက်ပမာဏလောက်ရှိသည့်နားရွက်ပြတ်နေသောခွေးနက်ကြီးတစ်ကောင် ပေါ်လာပြီးလျှင် သူမထံသို့ တရွေ့ရွေ့သွားနေ၏။

မင်းကြီးသည်အံ့ဩလွန်းမကအံ့ဩလှသဖြင့် မှင်သက်မိကာ စိုက်ကြည့်နေမိသည်။ တားဖို့၊ ဆီးဖို့ ကယ်ဆယ်ဖို့ လုံးလုံးသတိမရ။ သူမနားရောက်သည်နှင့်ခွေးနက်ကြီးသည် သူမ၏လည်ပင်းကို ဆတ်ကနဲကိုက်ကာ မြေကြီးပေါ်သို့လှဲချလိုက်၏။ နာကျည်းစွာ အော်ဟစ်နေသော သူမ၏အသံနှင့် အစာမာန်ဖီကာ ဟိန်းဟောက်နေသော ခွေးနက်ကြီး၏ အသံက တစ်တောလုံးပျံ့နှံ့နေ၏။

ခွေးနက်ကြီးသည်သူမ၏အသားများကိုတစ်စမကျန်ကိုက်ခဲစားသောက်ပစ်၏။ အရိုးသာကျန်တော့မှ ခွေးနက်ကြီးသည်အရိုးများကိုအိုင်ကြီးအတွင်း ယက်ချလိုက်ပြီး သူပါ အိုင်အတွင်းသက်ဆင်းပျောက် ကွယ်သွားလေ၏။

မင်းကြီးသည် ချုံအတွင်းထိုင်နေရင်းက စိတ်အမျိုးမျိုးပြောင်းနေ၏။ခွေးနက်ကြီးကသူမအား ကိုက်ခဲစားသောက်သည်ကိုမြင်ရလျှင် အံ့ဩစိတ်နှင့်ကြောက်လန့်သောစိတ်တို့ တစ်လှည့်စီဖြစ်နေ၏။

ခွေးနက်ကြီးကစားသောက်ပြီး၍ အိုင်ထဲဆင်းသွားသောအခါတွင်ကား သူမကို ကိုယ်ချင်းစာ၊ သနားသောစိတ်များဖြစ်ပေါ်လာသဖြင့် မျက်ရည်များပင်စို့လာ၏။ ထိုအချိန်မှာပင် အထူးဆန်းဆုံးသောအခြင်း အရာကိုမြင်ရပြန်ပြီ။

ဗိမာန်ရှင်မသည် ဘာမှမဖြစ်သကဲ့သို့ ပြုံးရွှင်ရယ်မောစွာဖြင့် အိုင်ကြီးထဲမှ တက်လာခြင်းပါတည်း။ ငါ မြင်နေတာတွေတကယ်ဟုတ်ရဲ့လား၊ ငါရူးများရူးနေပြီလားဟူသော အတွေးနှင့်အတူ မင်းကြီးသည်ဗိမာန်အတွင်း အရင်ရောက်အောင် ပြန်ပြေးခဲ့၏။ သို့သော် ထိုညသည် မင်းကြီးအတွက် အိပ်မပျော်သောညပင်ဖြစ်ပါ၏။

## လေးနှင့်ခွင်းရသောအကုသိုလ်

နောက်တစ်နေ့ညတွင်ကားမင်းကြီးသည် လေးမြားကိုအသင့်ပြင်ဆင်ပြီး အိပ်ချင်ယောင်ဆောင်နေ၏။ သန်းခေါင်ရောက်သည်နှင့် ဗိမာန်ရှင်မသည် ထ၍သွားပြန်လေသည်။ မင်းကြီးက လေးနှင့်မြားကိုဆွဲကာ နောက်မှလိုက်၏။ အိုင်ကြီးနားရောက်သည်နှင့် ဗိမာန်ရှင်မသည် မြေကြီးပေါ်ထိုင်ချလိုက်ပြန်သည်။

မင်းကြီးကားလေးတွင် မြားတံတပ်ကာခွေးနက်ကြီး ပေါ်လာမည့်နေရာကို သေချာ ချိန်ထား၏။ ဟော -ခွေးနက်ကြီးကား ပေါ်လာပါလေပြီ။ မင်းကြီးအချိန်မဆိုင်းတော့။ ခွေးနက်ကြီးကုန်းပေါ်ရောက်သည်နှင့် ပထမဆုံးမြားတံကိုအားကုန်ဆွဲကာ ချိန်ပစ်လိုက်၏။

မြားသည်အရှိန်ပြင်းလှသဖြင့် ခွေးနက်ကြီး၏လည်ပင်းကို ဖောက်သွား၏။ ခွေးကြီးသည် မြေကြီးတွင်လိမ့်နေကာ တကိန်ကိန်အော်ဟစ်၏။ ခွေးကြီး၏အော်သံသည် ကျားဟိန်းသံတမျှ ကျယ်လှသဖြင့် တောတစ်ခုလုံးပဲ့တင်ထပ်လျှက်ရှိ၏။

နောက်ထပ်မြားလေးစင်းခန့်ချိန်လွှတ်ပြီးသောအခါတွင်ကား ခွေးနက်ကြီး အသက်ပျောက်သွားပေပြီ။ မင်းကြီးသည် အံ့သြငေးမောနေသော ဗိမာန်ရှင်မ၏လက်ကိုဆွဲယူကာ သွေးပျက်ဘွယ်ရေအိုင်ကြီးနားမှ ခပ်မြန်မြန်ထွက်လာခဲ့လေ၏။

နန်းတော်တွင်းရောက်သည်နှင့် မင်းကြီးက အချိန်ဆွဲမနေတော့ဘဲ သိချင်နေသောအရာကို ဗိမာန်ရှင် မအားချက်ချင်းမေး၏။ "နှမ- မင်းတို့ဟာ လူတွေလား နတ်တွေလား" "နှစ်မျိုးစလုံး မဟုတ်ပါဘူး မောင်တော်" "ဒါဆိုရင်ဘာတွေလဲ " "လူ့ဘဝတုန်းက ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးလုပ်ခဲ့လို့ နေ့အခါမှာ နတ်စည်းစိမ် ခံစားရပြီး ညအခါမှာ ငရဲခံနေရတာပါ " " အဲသလောက်ပြောရုံနဲ့ မောင်တော်နား မရှင်းသေးဘူး။ အစအဆုံး လိပ်ပတ်လည်အောင် ရှင်းပြပါ" "နားထောင်ပါမောင်တော် အရင်ဘဝက နှမတော်နဲ့ ဟောဒီ ရုံရွှေတော် ငါးရာတို့ဟာ မိတ်ဆွေပါ။ အိမ်ထောင်အသီးသီးကျကြတဲ့အခါကျတော့လည်း ဒါန၊ သီလ၊ ဘာဝနာတွေကို အတူတူပဲ ကြိုးစားပြီး လုပ်ကြပါတယ်။ ရလာကြတဲ့ ယောက်ျားငါးရာဟာလည်း သူတော်တွေချည်းပါပဲ။

ယောက်ျားငါးရာနဲ့ မိန်းမငါးရာတို့ဟာ ကျောင်းသွားလည်းအတူတူ ဘုရားသွားလည်းအတူတူနဲ့ မြို့ထဲမှာ သူတော်ကောင်းဇနီးမောင်နှံတွေအဖြစ် ထင်ရှားခဲ့ပါတယ်။ နှမတို့ကို မြင်တွေ့နေကျ အရက်သမားတွေဟာ တစ်နေ့မှာအလောင်းအစားတစ်ခု ပြုလုပ်ကြပါတယ်။

အဲဒီအမျိုးသမီးငါးရာဟာ ကိုယ်ကျင့်သီလကောင်းတယ်။ ဒီငါးရာထဲက တစ်ယောက်ယောက်ကို ကာမေသုမိစ္ဆာစာရကံ ပျက်အောင်ဘယ်သူ ဖျက်နိုင်မလဲ ဖျက်နိုင်သူကို ငွေတစ်ထောင်ပေးမယ်လို့ ဆိုပါတယ်။

အဲဒီအခါ စောင်းတီးတတ်တဲ့ အရက်သမားတစ်ယောက်ဟာ စောင်းကိုဗန်းပြပြီး နှမတို့နဲ့ ရင်းနှီးအောင် လုပ်ပါတယ်။ နောက်ဆုံးနှမဟာ အဲဒီအရက်သမားနဲ့ မှောက်မှားမိပါတယ်။ နိုင်သွားတဲ့စောင်းသမားကို ငွေတစ်ထောင်ပေးလိုက်ရတဲ့ အရက်သမားတွေဟာ ဒီအကြောင်းတွေကို နှမရဲ့ခင်ပွန်းထံ လာတိုင်ကြပါတယ်။

နှမဟာ ဒီတစ်ကြိမ်သာ တစ်ဘက်က ဆွဲဆောင်လွန်းလို့ မှားမိတာပါ။ ဒါကြောင့် ခင်းပွန်းက ဟုတ်မဟုတ်မေးတဲ့အခါ မဟုတ်ဘူးလို့ လိမ်ညာခဲ့မိတယ်။ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံအပြင် မုသာဝါဒ အကုသိုလ်ကံပါ တစ်ခုထပ်တိုးသွားခဲ့တာပေါ့။

ကိုယ့်အပြစ်ကို ဝန်မခံရဲသူဟာ အကုသိုလ်တစ်ခုကနေ နှစ်ခုဖြစ်တတ်တာဟာ နှမတော်ရဲ့ ကိုယ်တွေ့ပါပဲမောင်တော်။ အဲဒီလိုလိမ်ပြောတာတောင် ခင်ပွန်းကယုံကြည်တဲ့ အမူအရာ မပြပါဘူး။ ဒါကြောင့် နားရွက်ပြတ်ကြီးနဲ့ အနားမှာထိုင်နေတဲ့ ခွေးနက်ကြီးတစ်ကောင်ကို လက်ညှိုးထိုးပြပြီး ကာမေသုမိစ္ဆာစာရကံကျူးလွန်မိရဲ့သားနဲ့ မကျူးလွန်ဘူးလို့ လိမ်ပြောခဲ့ရင် နောက်ဘဝမှာ ဒီခွေးနက်ကြီးဟာ ငါ့အသားကို ကုန်အောင်ကိုက်စားစေလို့ ကျိန်လိုက်မိပါတယ်။

'' ကျန်တဲ့သီတင်းသည်မများကလည်း နှမကိုသနားကြတာနဲ့ ခင်ပွန်းကို ဝိုင်းလိမ်ပြောကြပြီး မဟုတ်တာပြောမိရင် ဒီညီမနဲ့အတူတူနေရပါစေလို့ ကျိန်ဆိုကြပါတယ်။ ဒါ့ကြောင့် ဒီမှာအတူတူလာဖြစ်နေ ကြရတာပါ'' ''ဒီမှာဖြစ်နေကြတာ ဘယ်လောက်ကြာသွားပြီလဲ နှမတော်'' ''နှစ်ပေါင်း ငါးရာ့ငါးဆယ် ရှိနေပါပြီ'' ''နှမတော် သီလဖောက်ဖျက်ခြင်းကား အပြစ်ကြီးလှ၏။ မောင်တော်လည်း ဒီမှာဆက်မနေလိုတော့ပါ။ လူ့ရပ်၊ လူ့ရွာနေသို့ပြန်ပြီး ငါးပါးသီလ လုံခြုံအောင်စောင့်ထိန်းပါတော့မယ်'' ဟုဆိုကာ ဗာရာဏသီမင်းကြီးသည် ဗိမာန်ရှင်မ မျက်ရည်စက်လက်နှင့် တားနေသည့်ကြားကပင် ဗာရာဏသီပြည်သို့ ပြန်ကာ တိုင်းသူပြည်သားများနှင့်အတူ ငါးပါးသီလကိုလုံခြုံအောင် စောင့်ထိန်းလေတော့၏။

လှေအတွင်း အမျိုးအစားကောင်းသောငါးများ အပြည့်အသိပ်ပါသော်လည်း ခဏနှင့် ပုပ်တတ်သော ငါးခုံးမတစ်ကောင်ပါလာလျှင် ကျန်ငါးများပါသုံးမရအောင် ပုပ်တတ်၏။ ထို့ကြောင့် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဟူသော စကားပုံ ဖြစ်ပေါ်လာရ၏။

ယခု ဗိမာန်ရှင်မသည်လည်း တခြားကုသိုလ်များစွာပြုရင်းဖြင့် ငါးခုံးမနှင့်တူသော

ကာမေသုမိစ္ဆာစာရ ကံတစ်ခုပါလာခဲ့၏။ ထို့ကြောင့် ကျန်ကုသိုလ်များသည် ငါးကောင်းများပုပ်သွားသကဲ့သို့ အကျိုးပေးအား နှုန်နှေးသွားသဖြင့် ပြိတ္တာဘုံသို့ ရောက်ရခြင်းပင် ဖြစ်သည်။ အကုသိုလ်ကံကို သေးသေးလေးဆိုပြီး မထိမဲ့မြင် မပြုမိကြရန် သင်ခန်းစာ တစ်ခုပင် ဖြစ်၏။

မှတ်ချက်။ ။ ပေတဝတ္ထုပါဠိတော် - ကဏ္ဍမုဏ္ဍိပေတဝတ္ထုကိုခံစားရေးဖွဲ့သည်။

## မထိမဲ့မြင်မပြုသင့်သောအရာ

မာဝမညေဝ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကံပိ အာစိနံ။

( ဓမ္မပဒ )

အကုသိုလ် အသေးလေးသာဖြစ်သည်။ မကောင်းကျိုးပေးမည် မဟုတ်ပေဟူ၍ မထိမဲ့မြင်မပြုရာ။ သေးငယ်သောမိုးရေပေါက်သည် တစ်ပေါက်စီကျခြင်းဖြင့် ရေအိုးကြီး ပြည့်သကဲ့သို့ လူမိုက်သည်မကောင်းမှုကို နည်းနည်းစီပြုရင်းဖြင့် အပါယ်လေးပါးကျအောင် အကုသိုလ်ကံဖြင့်ပြည့်၏။

## မိန်းမဖြစ်ရခြင်းအကြောင်းနှစ်ခု

ဘုရားအလောင်းကို ဇနီးမယားအဖြစ်နှင့် ပါရမီဖြည့်ချင်သောကြောင့် ယသော်ဓရာသည် အမျိုးသမီးဘဝကိုသာ ဆုတောင်းခဲ့သည်။ ထိုကဲ့သို့ မိမိဆုတောင်းစိတ်ညွတ်မှုကြောင့်လည်း မိန်းမဘဝရောက်ကြရသည်။ ကာမေသုမိစ္ဆာစာရကံကို ဖောက်ဖျက်မှုကြောင့်လည်း မိန်းမဘဝရောက်ကြရသည်။

ဒုတိယအကြောင်းကြောင့် မိန်းမဘဝသို့ရောက်ကြသူ ပိုများသည်။ ညီတော် အာနန္ဒာအလောင်းသည် ရွှေပန်းထိမ်သည်သားဘဝက ကာမေသုမိစ္ဆာစာရကံ ကိုကျူးလွန်ခဲ့မိ၏။ ထိုအကုသိုလ်ဝဋ်ကြွေးကြောင့် သေသောအခါငရဲသို့ကျသည်။ ထိုငရဲမှလွတ်သောအခါ ဘိန္နာဂတတိုင်းတွင် သင်းကွပ်ခံရသော ဆိတ်ထီးကြီးဖြစ်ရသည်။ ထိုဘဝက သေသောအခါ မျောက်သွား

ဖြစ်ရသည်။ မျောက်ထီးဖြစ်သော်လည်း ဖခင်မျောက်ကြီးက ကိုက်ဖောက်ပစ် လိုက်သော ကြောင့် သင်းကွပ်ပြီးသားဖြစ်သွားရပြန်သည်။ မျောက်ဘဝကသေပြန်သောအခါ သုဒဿန တိုင်း၌ သင်းကွပ်ခံရသောနွားထီးကြီး ဖြစ်ရပြန်သည်။ ထိုဘဝမှသေသောအခါ ဝဇ္ဇီတိုင်း၌ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် နပုံးဖြစ်ရ၏။ ထိုဘဝကသေသောအခါ သိကြားမင်း၏ မိဖုရား လေးဘဝဖြစ်ရသည်။ ထို့နောက် ဇဝနနတ်သား၏မိဖုရားတစ်ကြိမ်၊ ရုစာမင်းသမီး အဖြစ်တစ်ကြိမ် တာဝတိံသာက နတ်သားတစ်ယောက်၏မယားတစ်ကြိမ် ဖြစ်ခဲ့ရသည်။ အမျိုးသားများ မခံစားရဘဲ အမျိုးသမီးများသာ သီးခြားခံစားရသည့် အာဝေဏိက ဒုက္ခများရှိ၏။ ယင်းတို့ကား-

ဥတုပန်းပွင့်ရခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း၊ မီးဖွားရခြင်း၊ ဩျောင်နောက်ဆံထုံးပါ ဟူသောစကားအတိုင်း ခင်ပွန်းနောက်သို့လိုက်နေရခြင်း၊ ယောကျ်ားတို့၏ကာမကို အလို လိုက်ပေးရခြင်းတို့ ဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသမီးများ အမျိုးသားဘဝသို့ ရောက်လို ကြလျှင် ဒါန၊ သီလ၊ ကုသိုလ်ပြုသောအခါ ယောကျ်ားဘဝကို ဆုတောင်းကြရမည်။ မိမိ၏ လင်ယောကျ်ားကို ရိုသေမြတ်နိုးစွာပြုစုပေးရမည်။

(ဓမ္မပဒ အဋ္ဌကထာ၊ ၁။ ၂၁၈၊ သောရေယျဝတ္ထု )

**ယောဏ္ဍေ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။**
**ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓေါတပါဒေါဝ ကဒ္ဒမံ။**

ဟူသော နာရဒဇာတ်တော်ဒေသနာအရ အမျိုးသားများသည် ဘဝဆက်တိုင်း အမျိုးသား ဘဝသို့သာ ရောက်လိုလျှင် သူတစ်ပါး သမီးမယားများကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်ကြောင်း တင်ပြအပ်ပေသည်။

## အနှစ်သာရအရောက် စောင့်ရှောက်ပါ

ကာမေသုမိစ္ဆာစာရအရ သူတစ်ပါး၏သားမယားကိုပြစ်မှားခြင်းမှ ကြဉ်ရှောင်ခြင်းသည် ဤသိက္ခာပုဒ်၏ တိုက်ရိုက်အနက်အဓိပ္ပါယ်ဖြစ်၏။ သွယ်ဝိုက်အနက်အဓိပ္ပါယ်အရဆိုပါလျှင် လူမှုဆက်ဆံရေးနယ်ပယ်၌ မိမိတို့၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းများအတွက် အကျိုးအမြတ်ကို ရယူသောအခါ စည်းလွတ်ဘောင်လွတ်မယူဘဲ စည်းနှင့်ဘောင်နှင့် ယူရန်ဖြစ်၏။

ရာထူးကိုရယူရာ၌လည်းကောင်း၊ ပစ္စည်းကို ရယူရာ၌လည်းကောင်း၊ မိမိတို့၏ အတိုင်းအတာကိုသိပြီးမှ ထိုအတိုင်းအတာနှင့်လျော်စွာယူရန်ဖြစ်၏။

လိုချင်သလောက်ယူခြင်းသည် ကာမေသုအရ ကာမဂုဏ်တို့အပေါ် မှားယွင်းစွာ ကျင့်ခြင်းဖြစ်၏။ ရသင့်သလောက် ယူခြင်းသာလျှင် ကာမေသု၌ ကာမအရ ကာမဂုဏ်တို့ အပေါ် မှန်ကန်စွာကျင့်ခြင်းမည်ပါ၏။ ထို့ကြောင့် ကာမေသု၌ ကာမအရ သူတစ်ပါး သားမယား၌ ပြစ်မှားခြင်းကို အသွင်သဏ္ဍာန်အားဖြင့်ယူ၍ ငါးဖြာအာရုံကာမဂုဏ်တို့၌ သင့်လျော်သော အတိုင်းအတာထက် ပိုလွန်၍ယူခြင်းကို အနှစ်သာရအားဖြင့်ယူသင့်ပါ၏။ ထိုသို့ယူပါမှလည်း ကာမေသုမိစ္ဆာစာရာဝေရာမဏီ၏ အနက်အဓိပ္ပါယ်သည် လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်စေနိုင်လိမ့်မည်။

( ဘ၀အမြင်သစ်-စာ-၁၁၉ )

## မုသာဝါဒသိက္ခာပုဒ်အဖွင့်

ငွေလာချေးသည်ကို မချေးချင်၍ မရှိဟုလိမ်ခြင်း၊ သူငယ်ချင်း တစ်ယောက်ယောက် ကို ဆရာက မခေါ်ဘဲ ခေါ်သည်ဟုလိမ်ခြင်းတို့၌ မုသာဝါဒကံ ပျက်မပျက် မေးလာခဲ့လျှင် ပျက်သည်ဟုဖြေရမည်။

မဟုတ်မမှန် ပြောသောအကြောင်းအရာဖြစ်ခြင်း၊ မဟုတ်မမှန်ပြောလိုစိတ်ရှိခြင်း၊ ပြောလည်းပြောခြင်း၊ လိမ်လည်သည့်အတိုင်း သူတစ်ပါးကယုံကြည်သွားခြင်းသည် အင်္ဂါ လေးချက်နှင့် ညီသောကြောင့် ဖြစ်သည်။ တစ်ချို့ကသူတစ်ပါးအကျိုးစီးပွားပျက်မှ မုသာ ဝါဒကံပျက်သည်ဟု ယူဆမိကြသည် မဟုတ်ပေ။ သူတစ်ပါး အကျိုးစီးပွားပျက်စီးသည် ဖြစ်စေ၊ မပျက်စီးသည်ဖြစ်စေ လိမ်ပြောသည်နှင့် မုသာဝါဒကံ ပျက်၏။

သူတစ်ပါးအကျိုးစီးပွား ပျက်စီးလျှင် အကုသိုလ်ကြီးမည်။ မပျက်စီးလျှင် အကုသိုလ် သေးမည်။ ဤမျှသာကွာခြားချက်ရှိသည်။ထို့ကြောင့် ဗုဒ္ဓက ရာဟုလောဝါဒသုတ်တွင် -

"ချစ်သားရာဟုလာ၊ မုသားကိုရယ်စရာအဖြစ်ပင် မပြောအပ်၊ အဘယ်ကြောင့်နည်း၊

မုသားပြောသောသူ မလုပ်ရဲသည့်အကုသိုလ်မရှိသောကြောင့်ပင်ဖြစ်၏'' ဤသို့ ဟောကြားခဲ့သည်။

ဗုဒ္ဓကိုယ်တော်တိုင်ဘဝပေါင်းများစွာ ကျင်လည်စဉ်အခါကတည်းက တစ်ခြားသီလများကို ဖောက်ဖျက်ခဲ့မိသော်လည်း မုသာဝါဒကံကိုတစ်ရံတစ်ခါမျှ ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရေးသားသည်ကို မှတ်သားကြည်ညိုခဲ့ရဖူးသည်။

မုသားပြောသူများ ခံစားရမည့် ဆိုးကျိုးများမှာ -

မုသားစကားပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖေါက်၏။ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊ ရှောင်ကြဉ်အပြန်အကျိုးတည်း။

ဟူသော လင်္ကာအတိုင်း မုသားပြောသောသူများသည် ဘဝတိုင်းစကားမပီမသ ဖြစ်တတ်သည်။ သွားများမညီမညွတ် ပေါက်တတ်သည်။ ပါးစပ်ကအပုပ်နံ့ ထွက်တတ်သည်။ ခန္ဓာကိုယ်ခြောက်ခန်းတတ်သည် ဣန္ဒြေဖောက်ပြန်တတ်သည်။ သြဇာအာဏာ ကင်းတတ်သည်။ နှုတ်လျှာကြမ်းတတ်သည်။ စိတ်ကစဉ့်ကလျား ဖြစ်တတ်သည်။

မုသားရှောင် ကြဉ်ခဲ့လျှင် စကားပီခြင်း၊ သွားညီခြင်း၊ သြဇာအာဏာရှိခြင်း စသောဆန့်ကျင်ဘက် ကောင်းကျိုးများကို ပြန်ရမည်။ မုသားကို အသေးစားလေးပါ၊ ဥပဒေနှင့်အရေးယူလို့ရတာမဟုတ်ပါဘူးဆိုပြီး အထင်မသေးအပ်။

## ကောင်းဂုဏ်အားလုံး၏ ခေါင်းချုပ်

ကြက်၏ဝမ်းတွင်းကလီစာ၌ပါသော သည်းခြေသည် အသေးကလေးသာဖြစ်၏။ သို့သော် ကြက်သားချက်သောအခါ သည်းခြေပါမလာအောင် အထူးဂရုစိုက်ရ၏။ သူပါသွားသည်နှင့် ကြက်သားဟင်း တစ်အိုးလုံး စား၍မရအောင်ခါးသွားသည်။

ထို့အတူလူတစ်ယောက်တွင်တခြားကောင်းကွက်များ မည်မျှရှိစေကာမူ မုသားပြောတတ်သည်ဆိုသည်နှင့် ဘယ်နေရာမှမသုံးကြတော့ပေ၊ မုသားနှင့်ပတ်သက်၍ အတွေး

အခေါ်ပါသော ကာတွန်းလေးတစ်ပုဒ်ကို ဖတ်ဖူးသည်။ သားမက်လောင်းနှင့် ယောက္ခမလောင်းတို့ အကြိုတွေ့ဆုံပွဲတွင် သားမက်လောင်းက သူ၏ကောင်းကွက်တွေကိုပြောပြ၏။

သူ အရက်မသောက်ကြောင်း၊ ဖဲမရိုက်ကြောင်း၊ အပျော်အပါးမလိုက်စားကြောင်းများကို ဝေဝေဆာဆာပြောပြီးသည့်နောက် ကျွန်တော့်မှာလိမ်တတ်တဲ့အကျင့်တစ်ခုတော့ ရှိပါတယ်ဟု ပြောလိုက်ရာ ယောက္ခမလောင်းကတစ်ခါတည်း အထင်သေးသွားသော ပုံလေးဖြစ်၏။ လိမ်တတ်သည်ဆိုသည်နှင့် ရှေ့က သူကောင်းကြောင်းပြောထားသည့် စကားအားလုံးမှာ အလကားဖြစ်သွားသည်မဟုတ်ပါလော။

မုသားအကုသိုလ်သည် အသေးကလေးဟုထင်ရသော်လည်း မိမိ၌ရှိသမျှ ကောင်းဂုဏ်အားလုံးကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သတိပြုအပ်ပါ၏။ မုသားစကားကို ရှောင်သူသည် သစ္စာစကားကိုဆောင်ရမည် ဖြစ်၏။ လောက၌ ဓမ္မက အဓမ္မကို လွှမ်းမိုးနိုင်ဖို့ သူတစ်ပါး နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ မှန်ကန်ပြီးအကျိုးရှိသောစကားကို ရဲဝံ့စွာ ပြောသင့်၏။

မိမိ၏တပည့်သားမြေးများကိုလည်း မုသားမပြောတတ်ကြစေရန် ငယ်ရွယ်စဉ်ကတည်းက ပြတ်သားစွာဆုံးမထားသင့်သည်။ ငယ်ရွယ်စဉ်ကရလာသည့် ကောင်းသော အလေ့အကျင့်သည် တစ်သက်လုံး စွဲမြဲတတ်ပေသည်။ ရွှေပြည်သာမြို့က ပြန်/ဆက်အရာရှိ ဘာသာပြန်စာရေးဆရာ တင်ထွေးဆက်၏ အတွေ့အကြုံလေးမှာ မိဘဆရာတိုင်း သိထားသင့်သဖြင့် သူပြောပြသည့်အတိုင်းရေးသားလိုက်ပေသည်။

"တပည့်တော်ကိုယ်တိုင် မုသားမပြောတော့ သားမယားမိသားစုအားလုံး မုသားမပြောကြပါဘူးဘုရား။ ဒါ့ကြောင့် အိမ်မှာဘာဖြစ်ဖြစ်ဖြေရှင်းရလွယ်ကူတယ်။ အမှန်ကိုပဲ ပြောနေကြတာကိုး၊ အမှန်ကိုသာ ပြောနေကြရင် လေးငါးလကြာစစ်ဆေးနေရတဲ့ တရားရုံးက အမှုတွေဟာ လေးငါးရက်နဲ့ပြီးသွားမှာပါ။

အမှန်ကိုပြောတဲ့ အကျင့်ရအောင် ငါ့ကိုဘယ်သူသင်ပေးခဲ့သလဲဆိုတာ သေချာပြန်တွေးကြည့်လိုက်တော့ တန်းကျောင်းက ဆရာတစ်ယောက်ဆိုတာ ပေါ်လာတယ်။ မုသားရဲ့ဆိုးကျိုး၊ သစ္စာရဲ့တန်ဘိုးကို အခွင့်သင့်တိုင်းပြောပြတယ်။

လက်တွေ့အားဖြင့်လည်း မုသားပြောသူကိုနှိပ်ကွပ်ပြီး အမှန်ပြောသူကို ချီးမြှောက်တယ်။ တစ်ခါတော့ ဆရာက စိတ်ပါလက်ပါစာသင်ပေးနေတယ်။ ဒီအချိန်မှာ ကျော်ဝင်းနဲ့ တင်အောင်ဆိုတဲ့ ကျောင်းသားနှစ်ယောက် ငိုက်နေကြသည်။

ဆရာက အတော်ကြာစိုက်ကြည့်နေပြီး ငိုက်နေတာကိုသေချာသိသွားမှ စာသင်ကို ခဏရပ်လိုက်ပြီး သူတို့ နှစ်ယောက်ကို ကျော်ဝင်းနဲ့တင်အောင် ငိုက်နေတာမဟုတ်လားလို့ လှမ်းမေးလိုက်သည်။

ကျော်ဝင်းက မငိုက်ဘူးဆရာ၊ မှတ်စုစာအုပ်ကို ငုံ့ကြည့်နေတာပါလို့ပြောပြီး လိမ်လိုက်တယ်။ တင်အောင်ကတော့ ငိုက်မိပါတယ်ဆရာ။ ကျွန်တော်ညက အိပ်ရေးပျက်လို့ပါလို့ အမှန်အတိုင်းပြောတယ်။ ဒီအခါမှာ ဆရာကကျော်ဝင်းနေရာသို့ ခပ်သွက်သွက်သွားပြီး နားရင်းကို ရိုက်ပစ်လိုက်တယ်။ တင်အောင်ကိုတော့ဘာမှမလုပ်ဘူး။ သူ့နေရာရောက်မှ ဆရာက တစ်တန်းလုံးကြားအောင်ပြောတယ်။

မောင်ကျော်ဝင်းမင်းကို ဆရာရိုက်တာ ငိုက်တဲ့အတွက်ကြောင့်မဟုတ်ဘူး။ လိမ်ညာပြောတဲ့ အပြစ်ကြောင့်ရိုက်တာ။ အိပ်ငိုက်တာ ရိုက်လောက်တဲ့ အပြစ်မဟုတ်ဘူး။ အမှန်ကို ပြောရင် စာသင်ချိန်မှာ မငိုက်စေနဲ့လို့ဆုံးမပြီး စာဆက်သင်ဖို့ပဲ။

အခုတော့ မောင်ကျော်ဝင်းဟာ ဘာမှမဟုတ်တဲ့အကြောင်းလေးမှာတောင် လိမ်နေရင် နောင်အချိန်မှာဆိုပိုပြီးတော့လိမ်မှာ။ ဒါကြောင့်ရိုက်ပြီးဆုံးမလိုက်ရတာပဲ။ ကိုယ်လုပ်မိတဲ့ အလုပ်ကိုအမှန်အတိုင်းပြောပြီး ဝန်မခံရဲရင် အပြစ်ဟာ နှစ်ဆတိုးလာတတ်တယ်ဆိုတာ မောင်ကျော်ဝင်းက တစ်တန်းလုံးကို သက်သေပြလိုက်ပြီ။ မောင်ကျော်ဝင်းကို လိမ်ညာမှုကြောင့် ရိုက်ဆုံးမတာနဲ့ ပတ်သက်ပြီး နည်းနည်းရှင်းပြချင်တယ်။ (၅၅၀)မှာ တိလမုဋ္ဌိဆိုတဲ့ ဇာတ်တစ်ခုရှိတယ်။

## ဘုရင့်သားနှင့် နှမ်းတစ်ဆုပ်

အတိုချုပ်ပဲပြောပြမယ်။ ဒိသာပါမောက္ခဆရာကြီးထံမှ အတတ်ပညာ သင်ယူနေကြတဲ့အထဲက ဘုရင့်သားတော်တစ်ပါးဟာ မြစ်ဆိပ်သို့ရေချိုးသွားရင်း နေလှမ်းထားတဲ့ နှမ်းတွေကိုမြင်တယ်။

လူငယ်ဆိုတော့ စိတ်ကစားချင်တယ်ဆိုတာနဲ့ လက်ကရောက်သွားပြီး ပိုင်ရှင်ကို မတောင်းဘဲ နှမ်း လက်တစ်ဆုပ်ကို ကောက်စားမိသွားတယ်။ ဒါကိုမြင်သွားတဲ့ပိုင်ရှင်က ဒိသာပါမောက္ခဆရာကြီးကို သွားတိုင်တာပေါ့။

စစ်ဆေးမေးမြန်းကြည့်လို့ ခိုးစားတယ်ဆိုတာပေါ်တာနဲ့ ဆရာကြီးကမင်းသားကို တုတ်နဲ့ရိုက်ပြီး ဆုံးမတယ်။ နောက်ခိုးမစားအောင်ပေါ့။ ဒါကို မင်းသားက ရန်ငြိုးထားတယ်။ ငါလိုမင်းသားကိုရိုက်တဲ့ ဆရာကြီး ငါဘုရင်ဖြစ်ရင် ငါ့တိုင်းပြည်ခေါ်ပြီးသတ်မယ်ပေါ့။

သူလည်းဘုရင်ဖြစ်ရော ဆရာကြီးကိုကျေးဇူးဆပ်ချင်လို့ပါလို့ပြောပြီး လိမ်ခေါ်တော့ ဆရာကြီး လိုက်လာတာပေါ့။ ဆရာကြီးကိုလည်းတွေ့ရော ငါကိုရိုက်နှက်တဲ့ဆရာကြီး အခု ကလဲ့စားချေရတော့မယ်။ သင်ဘာတတ်နိုင် သေးတုန်းလို့ပြောတဲ့အခါ ဆရာကြီးက ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်တယ်။

တပည့် သင်နှမ်းတစ်ဆုပ်ခိုးစားစဉ်က ငါသာရိုက်ပြီးမဆုံးမခဲ့ရင် အခုအချိန်မှာ သင်ဟာ သူခိုးဘဝ ရောက်ပြီ မင်းပြစ်မင်းဒဏ်သင့်လို့ သေနေလောက်ပါပြီ။ အဲဒီတုန်းက ငါ့ရဲ့ အဆုံးအမကို ရခဲ့ပေလို့သာ သင် အခုလို ဘုရင်ဘဝကို ရောက်နေရခြင်းဖြစ်တယ်လို့ ရှင်းပြ လိုက်တယ်။

အဲဒီတော့မှ သူ့အမှားသူမြင် ဆရာကြီးရဲ့ကျေးဇူးတွေကိုလည်းသိသွားပြီး ထိုက်တန်စွာ ပူဇော်ကန်တော့သတဲ့။ အခုလည်း မောင်ကျော်ဝင်းကြီးပြင်းလာတဲ့အခါမှာ လူလိမ်၊ လူညာ ကြီးဘဝ မရောက်ဖို့အတွက် ဆရာကကြိုတင်ဆုံးမပေးတာပါ။

ကောင်းကျိုးမပြုတဲ့ ချုံနွယ်လိုသစ်ပင်မျိုးတွေကို ငယ်ရွယ်စဉ်ကတည်းက နှုတ်ပစ်ရ တယ်။ ကြီးလာမှ ဆိုရင်ရှင်းပစ်ဖို့မလွယ်တော့ဘူး။ ထို့အတူပဲ မကောင်းတဲ့ အကျင့်ဆိုးတွေကို ငယ်ရွယ်စဉ်ကတည်းက ဖျောက်ပစ်ရတယ်။ ကြီးမှဆိုရင် ဖျောက်ဖို့မလွယ်ဘူးတပည့်တဲ့။

လက်တွေ့ကျတဲ့ ဆရာရဲ့ဩဝါဒလေးဟာ တပည့်တော်တို့စိတ်ထဲမှာ ယခုအရွယ်ထိ စွဲနေတုန်းပဲ။ နောက်တစ်ခုမှတ်မိသေးတယ်ဘုရား။ တစ်ခါတော့ မောင်ကျော်ဝင်းဟာ စာသင်နေရင်းတန်းလန်းက အပြင်ဘက်သို့ခပ်ကြာ့ကြာ့လှမ်းကြည့်နေတယ်။

ဒါကိုမြင်သွားတဲ့ဆရာက မောင်ကျော်ဝင်းအပြင်ဘက်သို့ ဘာလှမ်းကြည့်နေတာလဲလို့ မေးလိုက်တယ် ဒီအခါတော့ မောင်ကျော်ဝင်း မလိမ်တော့ဘူး။ အမှန်အတိုင်း ဖြေလိုက်တယ်။ စာသင်ခန်းဘေးကဖြတ်သွားတဲ့ ကောင်မလေးတစ်ယောက်ကို လှလို့ကြည့်မိတာပါတဲ့။

အမှန်အတိုင်း ပေါ်တင်ကြီးဖြေရဲတဲ့ မောင်ကျော်ဝင်းကို ဆရာက စိတ်မဆိုးတဲ့အပြင် ပြုံးပြီးပြောတယ် အေး အဲဒီလိုအမှန်အတိုင်းပြောတာကိုဆရာကြိုက်တယ်။ မောင်ကျော်ဝင်း ထပ်ကြည့်ချင်သေးတယ်ဆိုရင် တောင်လိုက်ပြီးကြည့်ချေ။ ဆရာဆယ့်ငါးမိနစ် အချိန်ပေးတယ်တဲ့။

လိမ်တာကိုမကြိုက်ဘဲ အမှန်အတိုင်းပြောတာကိုကြိုက်တဲ့ ဆရာဆိုတာ ထင်ရှားပြတာပေါ့။ လိမ်ရင်လဲ အချိန်မဆိုင်းဘဲ ချက်ချင်းဆုံးမတော့တာ။ အဲဒီအဆုံးအမတွေကြောင့်လည်း တပည့်တော်တို့ဟာ အခုအချိန်ထိမုသားပြောတဲ့အလေ့အထ မရှိတော့တာပါဘဲ ဘုရား။

ဦးတင်ထွေး( တင်ထွေး/ဆက်)သည် သူ့အတွေ့အကြုံနှင့်သူ မုသားစကားမပြောခြင်းအကြောင်းကို အဆုံးသတ်လိုက်၏။ မှတ်သားစရာကောင်းသော အကြောင်းအရာဟု ယူဆမိပါသည်။

ထို့ကြောင့် ဤသာဓကကိုထောက်၍ တပည့်သားသမီးများကို ငယ်ရွယ်စဉ် ကတည်းက မုသားမပြောအောင် ဆုံးမထားသင့်၏။ မုသားစကားကို ရှောင်ကြဉ်သော သူသည် ဝစီဒုစရိုက်ချင်းတူသော ပိသုဏဝါစာ= ဂုံးတိုက်စကားပြောခြင်း။ ဖရုသဝါစာ= ရန့်ရင်းကြမ်းတမ်းသောစကားကို ပြောခြင်း။ သမ္ဖပ္ပလာပ= အကျိုးမရှိသော စကားကို ပြောခြင်းမှပါ ရှောင်ကြဉ်ရမည်။

ဝစီဒုစရိုက်လေးပါးတွင် သမ္ဖပ္ပလာပ အကုသိုလ်ကို အများဆုံးကျူးလွန်မိတတ်ကြ၏။ စကားများများ ပြောမိပြီဆိုလျှင် သတိထားကြည့်ရ၏။ ငါပြောသောစကားသည် မှန်ကန်အကျိုးရှိသောစကား မဟုတ်ဟု သိလျှင်ချက်ချင်းရပ်ပစ်သင့်၏။

ဤကဲ့သို့ ကျင့်ပါများလာလျှင် ဝစီဒုစရိုက်လေးပါး တဖြည်းဖြည်းနှင့် ကင်းစင်သွားပေလိမ့်မည်။ ဝစီဒုစရိုက်ကင်းစင်သည်နှင့် ထိုသူသည်တခြားနည်းဖြင့် ဘယ်လိုမှ ဖြေရှင်းမရသော အခက်အခဲ အကျပ်အတည်းများကို သစ္စာပြု၍ ဖြေရှင်းနိုင်သည်။ သာဓကနှစ်ခုပြပါအံ့။

## ဘာသာခြားကြားက သစ္စာစကား

ယခုအချိန်တွင် မြန်မာရဟန်းတော်များ အင်္ဂလိပ်စာပေကို အနှောင့်အယှက်မရှိ သင်ယူနိုင်ကြခြင်းမှာ လွန်ခဲ့သောနှစ်ပေါင်းရှစ်ဆယ်ကျော်က အရှင်အာဒိစ္စဝံသနှင့် တပည့်ဖြစ်သူ အရှင်သေဋ္ဌိလတို့၏ ရှုပ်ရှုပ်ချွန်ချွန် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြမှုကြောင့်ပင် ဖြစ်၏။

ထိုအချိန်က မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်မှာပင်ရှိသေး၏။ ခေတ်မမီ ကြသေး။ အမြင်မကျယ်ကြသေး။ ထို့ကြောင့်လည်း အရှင်သေဋ္ဌိလမထေရ် အင်္ဂလန်သို့ သာသနာပြုကြွရန် အင်္ဂလိပ်စာသင် ယူနေသည်ကို ဒကာ၊ ဒကာမ အများစုက မကျေနပ်သည့် အပြင် နှောက်ယှက်ကြသည်။

ပိဋကတ်မှတစ်ပါး တစ်ခြားစာပေကိုသင်ယူလျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည် ဟူသော အစွဲကြီး ကြောင့်ပင် ဖြစ်၏။ ဘုရားဖြူဆရာတော်နှင့် မြန်မာတစ်ပြည်လုံးနီပါးက ရဟန်းတော်များ အင်္ဂလိပ်စာမသင်ကောင်းသည့်ဘက်ကနေ၍ အရှင်အာဒိစ္စဝံသအား အဖတ်ဆည်မရအောင် ဝေဖန်ရှုတ်ချကြသည်။ စာအုပ်များလည်း ထုတ်ကြသည်။

အရှင်အာဒိစ္စဝံသကလည်း အလျှော့မပေး။ ရဟန်းတော်များ ပါဠိစာပေ တစ်ခုတည်း တတ်ရုံဖြင့် ကမ္ဘာမှာသာသနာပြု၍မရ။ အင်္ဂလိပ်စာပေပါတတ်မှ ဗုဒ္ဓသာသနာ ကမ္ဘာသို့ ပြန့်မည်ဟုဆိုကာ ရဟန်းတော်များ အင်္ဂလိပ်စာပေသင်ယူသင့်ကြောင့် အကိုးအထောက် မျိုးစုံပြကာ ကျမ်းစာအုပ်ထုတ်ဝေပြီး ထုချေရှင်းလင်းသည်။

ထိုအစဉ်အခါကား အများညီလျှင် ဤကိုကျွဲဖတ်ဟူသော စကားပုံအတိုင်း နောက်က တစ်ပြည်လုံးနီးပါးပါနေသော ဘုရားဖြူဆရာတော်ဘက်က မှန်သကဲ့သို့ဖြစ်နေ၏။ ယခုလို နှစ်ပေါင်းများစွာ ကြာလာသောအခါတွင်ကား အရှင်အာဒိစ္စဝံသအဆိုက မှန်ကန်ကြောင်း မည်သူမျှမငြင်းနိုင်တော့ပေ။

ထိုကြောင့် ပြဿနာတစ်ခု၏ အမှားအမှန်ကို အဂတိမလိုက်စားဘဲ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးမည့် တရားသူကြီးကား အချိန်အခါသာဖြစ်၏။ အရှင်သေဋ္ဌိလသည် အမြင်လွဲ နေကြသည့် ဒကာ၊ ဒကာမများ၏ အထောက်အပံ့ကိုလည်းမရ။

ဘာသာခြားဖြစ်နေသည့်အင်္ဂလိပ်အစိုးရ၏ ကူညီလှူဒါန်းမှုကိုလည်းမခံရဘဲ ဆရာတပည့်နှစ်ပါး၏ ရှိစုမဲ့စုငွေလေးဖြင့်ပင် အင်္ဂလန်ပြည်သို့သာသနာပြုကြွခဲ့ရ၏။ လန်ဒန်ရောက်သောအခါ နေရေးစားရေး ဒုက္ခရောက်တော့၏။

ဆွမ်းခံစားဖို့လည်းမလွယ်၊ ဆွမ်းခံလျှင်သူတောင်းစား ဥပဒေနှင့် ဖမ်းချုပ်ခံရမည်။ ဝမ်းစာရအောင်ကလည်း ပေါင်ငွေမရှိ။ ပေါင်ငွေရအောင် ဝိနည်းတရားတော်က ရဟန်းတော်များအား စီးပွားရေးလုပ်ခွင့်မရ အရှင်သေဋ္ဌိလသာ အားငယ်စိတ်ပျက်တတ်သူဆိုလျှင် မြန်မာပြည်သို့ချက်ချင်းပြန်ပြေးလာမှာသေချာ၏။ သို့သော် ဆရာတော်ကား သာသနာတော်အတွက် အသက်စွန့်ထားသော ရဲရဲတောက်၊ အာဇာနည် သာသနာပြုပုဂ္ဂိုလ် တစ်ပါးသာ ဖြစ်၏။ ထို့ကြောင့်လည်း စီးပွားရေးမလုပ်ရဘဲ နေရေးစားရေး စရိတ်ရအောင် သာသနာ ပြုပြီးသားလည်း ဖြစ်အောင် အခန်းကျယ်ကျယ်တစ်ခန်းငှားပြီး ပါဠိသင်တန်းနှင့် အဘိဓမ္မာသင်တန်းဖွင့်ပြီး အင်္ဂလိပ်လိုပို့ချ၏။

သင်တန်းကြေးပေးသည့်ငွေများဖြင့် နေစရိတ် စားစရိတ် အလျှင်မီအောင်ရှင်းရမည်။ ထိုသင်တန်းတက်ရင်းဖြင့် သဘောပေါက်ပြီး ဗုဒ္ဓဘာသာဖြစ်လာသူတွေလည်းရှိလာကြ၏။ သာသနာပြုလုပ်ငန်းလေး အရှိန်ရလာစမှာပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာပြန်၏။

ဂျာမန်လေယာဉ်များက လန်ဒန်မြို့ပေါ်သို့ နေ့ရောညပါ ဗုံးမိုးရွာချလာသည်။ လန်ဒန်တွင်ရှိသော ပြည်ပနိုင်ငံသားများအားလုံး ကိုယ့်နိုင်ငံကို သင်္ဘော၊ လေယာဉ်၊ ရထားဖြင့်ပြန်ကြရသည်။ ပညာတော်သင် မြန်မာကျောင်းသားများက ဦးသေဋ္ဌိလကို မြန်မာပြည်ပြန်လိုက်ရန် တာဝန်ခံပြီးခေါ်ကြသည်။ ဦးသေဋ္ဌိလ မလိုက်။

အသက်သေလိုကသေပါစေ။ အင်္ဂလန်မှာဗုဒ္ဓဘာသာ အမြစ်မတွယ်သေးသမျှ ဘယ်လိုအခက်အခဲရှိရှိ မြန်ပြည်သို့မပြန်ဟု အဓိဋ္ဌာန်ထား၏။ စစ်ပွဲရက်ကြာလာသည်နှင့်အမျှ နေစရိတ်၊ စားစရိတ်ငွေက နည်းနည်းလာပြီး သင်တန်းကိုလည်း ပိတ်ထားလိုက်ရသဖြင့် ဝင်ငွေကမရှိတော့။

ထိုနေ့ကား နေစရိတ်၊ စားစရိတ်ကုန်သောရက်ပင်ဖြစ်၏။ နောက်ရက်မှစ၍ အခန်းလခ၊ ထမင်းလခ၊ ပေးစရာငွေမရှိတော့။ စစ်အတွင်းဖြစ်၍ ဘယ်သူ့ကိုမှ အားကိုး၍ မရနိုင်။ ဘယ်လိုပင်နေရနေရ၊ အင်္ဂလန်မှ မပြန်ရလျှင်တော်ပြီဟု သဘောပိုက်ထား၏။ စဉ်းစားရင်း

ခေါင်းသာခြောက်လာသည်။ အခက်အခဲ ပြေလည်စရာ လမ်းကြောင်းကို တွေးမရ။

ခေါင်းရင်းက ဗုဒ္ဓဆင်းတုတော်ကိုဖူးမြော်ရင်း ပါရမီဆယ်ပါးအကြောင်း စဉ်းစားရာက သစ္စာပါရမီသို့ရောက်သည်နှင့် အသိဉာဏ်တစ်ခု လင်းလက်သွား၏။ ငါ့မှာ သစ္စာမှ တစ်ပါး အားထားစရာ မရှိတော့ပါလားဟူသော အတွေးနှင့်အတူ အောက်ပါအတိုင်း သစ္စာပြု၏။

" ကျွန်ုပ်၏ အခက်အခဲ အကျပ်အတည်းကြားထဲက အင်္ဂလန်သို့ သာသနာပြုကြွလာရခြင်း ဖြစ်သည်။ အသက်သေလိုကသေစေ၊ အင်္ဂလန်တွင် ဗုဒ္ဓသာသနာ အမြစ်မတွယ်က မြန်မာပြည်သို့ ဘယ်တော့မှပြန်မကြွဟု အဓိဋ္ဌာန်ထားပါသည်။

ဤသစ္စာစကား မှန်ကန်ပါက ယခုကြုံတွေ့နေရသော အခက်အခဲမှ လျင်မြန်စွာ လွတ်မြောက်ရပါလို၏။" အံ့သြစရာကောင်း၏။ ဆရာတော်၏ သစ္စာအဆုံး၌ တံခါး ခေါက်သံပေါ်လာသဖြင့် သွားဖွင့်ပေးလိုက်ရာ တစ်ချိန်က လမ်းလျှောက်ရင်း စကားပြောခဲ့ကြဖူးသော ခရစ်ယာန်ဘုန်းကြီးတစ်ပါးဖြစ်နေ၏။ အကြောင်းစုံသိသွားသော ခရစ်ယာန်ဘုန်းကြီးက ဘာသာချင်းမတူသော်လည်း ဦးသေဋ္ဌိလ၏ သာသနာပြုစိတ်ဓာတ်ကို လေးစားသဖြင့် စစ်ပြီးသည့် အထိ သူ့နယ်သို့ခေါ်သွားပြီး ကျွေးမွေးစောင့်ရှောက်ထားလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ဆက်လက်သာသနာပြုသဖြင့် အင်္ဂလန်တွင် ဗုဒ္ဓသာသနာ အထိုက်အလျောက် ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

---

## ငမောက်ဈေးက သစ္စာစကား

၁၉၉၈ ခုနှစ်ခန့်ကဖြစ်၏။ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ်(၉) ရပ်ကွက်ရှိ ငမောက်ဈေးအတွင်း၌ စက်ချုပ်ဆိုင် တစ်ဆိုင်တွင် အမျိုးသမီးနှစ်ယောက်သည် ချုပ်ထည်များများကျလာချိန်ဖြစ်သဖြင့် အလုပ်များနေကြ၏။

အသက်(၅၅)နှစ်ခန့်ရှိ အမျိုးသမီးကြီးမှာအမေဖြစ်ပြီး အသက်နှစ်ဆယ်ခန့်ရှိသူ အမျိုးသမီးလေးမှာ သမီးဖြစ်သည်။ အမျိုးသမီးကြီး၏ အမည်ကိုဒေါ်လှမြင့်ဟုခေါ်၏။ သား နှစ်ယောက်၊ သမီးနှစ်ယောက် ရှိသည့်အနက် သားနှစ်ယောက်မှာ အိမ်ထောင်ကျသွားပြီး သမီးကြီးမှာ သီလရှင်ဝတ်ကာ ဓမ္မာစရိယတန်းပင် ရောက်နေပြီ။

ခင်ပွန်းမှာ အလုပ်ကပင်စင်ယူပြီးဖြစ်သဖြင့် ဝင်ငွေမရှိပေ။ ယခု သမီးအငယ်ဆုံးလေး စက်ချုပ်ခဖြင့် ဝမ်းကျောင်းနေကြရခြင်းဖြစ်သည်။ ထို့ကြောင့်လည်း တစ်လတွင် ရက်(၂၀) ခန့်လောက် သမီးငယ်၏အလုပ်ကို ဒေါ်လှမြင့် ဝင်ကူပေးနေခြင်းဖြစ်သည်။

ကျန်ဆယ်ရက်ကား သားသမီးကိုကူနိုင်ဖို့နေနေသာသာ ဒေါ်လှမြင့်အိမ်မှာပင် မရှိပေ။ အမှတ်(၆) ရပ်ကွက်ရှိ ဟင်္သာတကျောင်းတိုက်တွင် တစ်လတစ်ကြိမ်(၇) ရက်တရားစခန်းဖွင့်ရာ ဒေါ်လှမြင့်တစ်ယောက်တည်းက ချက်ရေးပြုတ်ရေးတာဝန်၊ ယောဂီ ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များကို အပတ်စဉ်ယူထားသည်။

တရားစခန်းမှာ ပင်မဗုဒ္ဓဝါဒီနည်းအတိုင်း ပြသခြင်းဖြစ်သည်။ ဒေါ်လှမြင့်သည် ထိုနည်း အတိုင်း နှစ်များစွာ အားထုတ်ခဲ့ဖူးသူဖြစ်သဖြင့် ဟင်္သာတကျောင်းဆရာတော်ကို အဘက်ဘက်က အကူအညီပေးနိုင်ခြင်းဖြစ်သည်။ ယောဂီ(၅၀)ခန့်အတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို တစ်ယောက် တည်း အဆင်ပြေအောင် ချက်ပြုတ်နိုင်သည်မှာ အံ့ဩဘွယ်ရာတစ်ခုပင်ဖြစ်၏။

တရားစခန်းသည် ခုနစ်ရက်သာဖြစ်သော်လည်း စခန်းမစမီ ကြိုတင်ပြင်ဆင်ရခြင်း၊ တရားစခန်းပြီးသည့်နောက် ပစ္စည်းပစ္စယများကို သိမ်းဆည်းရခြင်းတို့ကြောင့် တစ်လလျှင် ဆယ်ရက်ခန့်ကား ကျောင်းမှာပင် ကုန်သွား၏။ ထို့ကြောင့် သမီးငယ်ကို တစ်လလျှင် ရက်နှစ်ဆယ်သာ ကူညီနိုင်ခြင်းဖြစ်၏။

ဒေါ်လှမြင့်ကား အသပြာမရှိသော်လည်း သဒ္ဓါရှိသူဖြစ်၏။ ထို့ကြောင့် သမီးလေး၏ ဝင်ငွေတစ်ခုတည်းသာရှိသည်ဖြစ်၍ အိမ်မှာ ခနိမိုးထရံကာယိုင်နဲ့နေသော်လည်း အလှူ အတန်းကား ပြတ်သည်ဟူ၍မရှိ။ သူတို့နေရာ(၈) ရပ်ကွက်၊ ဝင်္ကဘာပန်းခြံသည် ဘုန်းကြီး ကျောင်းများနှင့် ဝေးသည်ဖြစ်၍ သက်ကြီးရွယ်အိုများ၊ ဥပုဒ်စောင့်ရန် အခက်အခဲတွေ့ကြရ၏။ ထိုအခက်အခဲကိုဒေါ်လှမြင့်ကဖြေရှင်းပေးသည်။ ဥပုဒ်နေ့တိုင်း သူ့အိမ်မှာ သံဃာတစ်ပါး

ဆွမ်းကပ်ပင့်လိုက်သည်။ သီလယူချင်ကြသော အဘိုးအဘွားများကိုလည်း အိမ်သို့လာကြရန် ဖိတ်ခေါ်လိုက်သည်။ ရောက်လာကြသော ဥပုဒ်သည်အားလုံးအတွက် အကျွေးအမွေးကို ဒေါ်လှမြင့်က တာဝန်ယူသည်။ ထမင်း၊ အချိုပွဲ၊ ပြည့်စုံအောင် လှူဒါန်းသည်။

တရားစခန်းခုနစ်ရက်အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းမပေါ်လျှင်လည်း ဒေါ်လှမြင့်ကသာ လှူဒါန်းသည်။ ယောဂီငါးဆယ်ခန့်ကျွေးမွေးရန် ပန်းကန်ခွက်ယောက်မများကို နည်းနည်းချင်း ဝယ်စုလှူခြင်းဖြင့် ပြည့်စုံသွားသည်။ သာသနာကိုမရှိသည့်ကြားက အငတ်ခံ၍ လှူဒါန်းခြင်းသည် သာသနာတော်၏ကျေးဇူးကို သိထား၍ဖြစ်သည်။

## အလှူခံမဝင်ရ

ငါရှိသည်ဟူသော အစွဲဒိဋ္ဌိနှင့် သို့လော၊ သို့လော တွေးတောခြင်း၊ ဝိစိကိစ္ဆာတို့ မရှိတော့ခြင်း၊ ငါးပါးသီလကို ဖောက်ဖျက်ချင်သောစိတ်စေတနာတို့ ချုပ်ငြိမ်းသွားခြင်း၊ ရတနာ သုံးပါး၏ဂုဏ်ကျေးဇူးကို တစ်ကယ်သိသွား၍ ယခင်ကထက် ပို၍ကြည်ညိုလာခြင်း၊ ပို၍ လှူဒါန်းလာခြင်း၊ ဤအင်္ဂါသုံးချက်သည် သောတာပန်မှာသာရှိသည်။

ဗုဒ္ဓလက်ထက်တော်က အိုးထိန်းသည်လင်မယားသည် သောတာပန်တည်သွားပြီဖြစ်၍ သာသနာကို အရင်ပုထုဇဉ်ဘဝထက် ပို၍ကြည်ညိုလာ၏။ ထို့ကြောင့်လည်း ဘုရားကျောင်း တော်မှ သံဃာငါးရာကျော်ကို သပိတ်လိုက သူတို့ဆီ အလှူခံကြရန် ဖိတ်မန်ကြသည်။ သူကို့သည် သဒ္ဓါတရားရှိလွန်း၍သာ ဖိတ်မန်ကြခြင်းဖြစ်သည်။ ဥစ္စာခနေအနေဖြင့် တစ်နေ့လုပ်မှ တစ်နေ့စား အဆင့်လောက်သာရှိ၏။

ဒကာက ထိုသို့ဖိတ်မန်ထားလျှင် ရဟန်းများအနေဖြင့် လိုသလောက် အလှူခံ ကောင်းသည်ဖြစ်ရာ ရဟန်းငါးရာကျော်တို့သည်ဝိုင်း၍ အလှူခံကြလေတော့သည်။ တစ်ရာနှင့် တစ်ယောက်မဟုတ်ပဲ ငါးရာနှင့် တစ်ယောက်ဖြစ်ရာ အိုးထိန်းသည်လင်မယားမှာ စားဝတ် နေရေးအတွက် အိုးမဖုတ်နိုင်ကြတော့ဘဲ ရဟန်းတော်များအတွက် သပိတ်ချည်း ဖုတ်ပေး နေရတော့သည်။ ရက်ကြာလာသောအခါ အိုးထိန်းသည်လင်မယားမှာ ဝင်ငွေမရှိသဖြင့် ငတ်ပြတ်ဆင်းရဲလာကြ၏။ သူတစ်ပါးထံမှချေးငှားစားပြီး ရဟန်းများလိုအပ်သောသပိတ်များကို

ဝမ်းပန်းတသာ ဖုတ်ပေးနေဆဲပင်။ သောတာပန်တို့၏ သဒ္ဓါတရားကား အံ့ဖွယ်ရှိစွ။ ပုထုဇဉ်များဘယ်လိုမှ လိုက်မမီနိုင်ပါပေ။

ထိုအကြောင်းကို ဗုဒ္ဓသိတော်မူသောအခါ ရဟန်းများကို ခေါ်ယူတားမြစ်ပြီး ထိုအိုးထိန်းသည်လင်မယားကဲ့သို့ ဥစ္စာခနနည်းပြီး သဒ္ဓါတရားများပြားကြသောသူများထံမှ မတရားသဖြင့် အတိုင်းအရှည်မသိ အလှူမခံရ။ အလှူခံက ပါဠိဒေသနီ အာပတ်သင့်စေဟု ပညတ်တော်မူခဲ့ရသည်။ ခေတ်စကားဖြင့်ပြောရလျှင် အလှူခံမဝင်ရဟူသော ဆိုင်းဘုတ် ချိတ်ပေးလိုက်ခြင်းပင်။

ယခုလည်း ဒေါ်လှမြင့်၏သဒ္ဓါတရားမျိုး ဖြစ်နေ၏။ သောတာပန် ဟုတ်မဟုတ်ကား ဘုရားရှင်သာသိနိုင်သောအရာဖြစ်၏။ ဝိပဿနာတရား နာကြားအားထုတ်နေသူတစ်ယောက် ဖြစ်သောကြောင့် သောတာပန် ဖြစ်နိုင်သည်သာ။

ထိုဒေါ်လှမြင့်ပြုနေသော ဒါနစွမ်းအားကြောင့်သမီးငယ်၏ စက်ချုပ်လုပ်ငန်းမှာ သူများထက် အောင်မြင်ခြင်းဖြစ်၏။ သို့သော် အသိဉာဏ်နုနယ်ရှာသေးသောသမီးငယ်မှာ ''ညည်း အမေက အထိန်းအကွပ်မရှိ၊ လှူချင်တိုင်းလှူနေတာ ညည်းတို့အိမ်ကောင်းကောင်းနဲ့ ဘယ်တော့မှ နေရမှာမဟုတ်ဘူး၊တစ်ကယ်ဆိုညည်းရဲ့ တစ်ရက်ဝင်ငွေကနည်းတာမဟုတ်ဘူး'' ထိုသို့သမီးနှင့် အမိကြားမလိုအပ်သော ဂုံးတိုက်စကားများကြောင့် မိခင်အပေါ် မကျေမနပ် ဖြစ်လာခဲ့သည်။ သို့သော်ဘာသာတရားနှင့်ပတ်သက်နေ၍ပြောလည်းမပြောရဲ။ ပြောရမည့် အခွင့်အလမ်း ကိုဘာရှာနေသည်။ ယနေ့ကား ထိုပြောရမည့် အခွင့်အလမ်းကြီးဆိုက်ရောက်လာလေပြီ။ ဒေါ်လှမြင့်သည်လက်ဖက်ရည်ချိုတစ်ခွက်နှင့်အီကြာကွေးတစ်ခုဝယ်လာပြီး ဘေးနားချကာ ချုပ်ထည်တစ်ခုကိုကူညှပ်ပေးနေ၏။

ထိုအချိန်မှာပင်တရားစခန်းဝင်ဖူးသော ယောဂီတစ်ဦးဈေးဝယ်ရင်းဖြင့် ဒေါ်လှမြင့် ဆိုင်ရှေ့ရောက်လာကာ''ဒေါ်လှမြင့် နောက်အပတ်တရားစခန်းကျွန်မဆက်ဝင်မှာနော်။ စာရင်းသွင်းပေးထားပါ''ဟုပြောလိုက်၏။

ဒေါ်လှမြင့်ကလည်း''အေးသွင်းထားမှာပေါ့။ဘယ်လိုလဲ၊ တရားအားထုတ်ပြီးတော့ စိတ်တွေအေးပြီး အားလုံးအဆင်ပြေသွားတယ်မဟုတ်လား''ဟုပြန်မေးလိုက်၏။

''မှန်လိုက်တာဒေါ်လှမြင့်ရယ်။ တရားထိုင်လိုက်တော့စိတ်တွေငြိမ်းချမ်းသွားတယ်။ ဒါနပြုတာ၊ သီလဆောက်တည်တာကိုလည်း စိတ်ပါလက်ပါလုပ်ဖြစ်လာတယ်။ ဒါကြောင့် ထင်ပါရဲ့၊ အခုဆိုကျွန်မတို့စီးပွားရေးတွေလည်းအများကြီး အဆင်ပြေလာတယ်''ဟု ဝမ်းသာ အားရနှင့် ပြောပြနေ၍ ဒေါ်လှမြင့်ကလည်းထောက်ခံလိုက်သည်။

'' အဲဒါ တရားတော်ရဲ့တန်ခိုးတွေပေါ့။ ဒါကြောင့် ဘုရားက ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိ = တရားကျင့်သူကို တရားကပြန်စောင့်ရှောက်တယ်လို့ ဟောတော်မူတာပေါ့။ အခု ကျွန်မတို့မိသားစုလည်းကြည့်ပါလား တစ်ခြားဘာစီးပွားရေးမှ ရှိတာမဟုတ်ဘူး။ ဒီသမီးလေး စက်ချုပ်တာပဲရှိတယ်'' ''ကျွန်မကတရားလည်းထိုင်၊ တရားစခန်းလည်းလုပ်အားပေး၊ တတ်နိုင် သလောက်လည်းလှူဆိုတော့ အခု ကျွန်မတို့ကို တရားတော်က ပြန်စောင့်ရှောက်တာပေါ့'' ယောဂီဟောင်းကပြုံးပြီးခေါင်းညိတ်ကာထွက်သွား၏။

မပြုံးနိုင်ဘဲမျက်နှာမဲ့ကာ ဒေါ်လှမြင့်အားကြည့်နေသူတစ်ယောက်ရှိ၏။ ထိုသူကား စက်ချုပ်နေသော သမီးငယ်ပင်ဖြစ်ပါ၏။ သာသနာကသူတို့ကိုစောင့်ရှောက်သည်ဆိုခြင်းကို သူမလက်မခံနိုင်။ သူ့အမေက သာသနာကို တအားလှူနေ၍သာ သူတို့မှာ အိမ်ကောင်း ကောင်းနှင့် မနေရခြင်းဟုယုံကြည်နေသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း အမေ့ကိုလက်တွေ့ပညာပေးချင်သဖြင့် လက်ဖက်ရည်ချို သောက်ရန် နောက်ဘက်လှည့်လာသော ဒေါ်လှမြင့်နားမှ လက်ဖက်ရည်နှင့် အီကြာကွေးကို သူမဘက်သို့ ယူလိုက်ပြီး ''ကဲ …အမေ၊ တရားကိုကျင့်ရင် တရားကပြန်စောင့်တယ်လို့ အမေကပြောတယ်။ အခု အမေသောက်မဲ့လက်ဖက်ရည်ချိုနဲ့ အီကြာကွေးကို သမီးယူလိုက်ပြီ။ အမေစောင့်ခဲ့တဲ့ တရားကလက်ဖက်ရည်တစ်ခွက်နဲ့ မုန့်တစ်ခုပေးအောင် လုပ်ပြစမ်းပါ။ သမီးလက်တွေ့ ကြည့်ချင် ပါတယ်'' ဟုပြောလိုက်၏။

မည်မျှခက်လိုက်သောပြဿနာပါနည်း။ ဤနေရာ၌ အသိဉာဏ်မရှိသော တရား လည်း မရှိသည့် မိခင်သာဆိုလျှင် သမီးငယ်ကို ရိုက်နှက်ဆဲဆိုပေလိမ့်မည်။ ရိုက်နှက်ဆဲဆိုလျှင် သမီးငယ်နာကျင်၍ အရှက်ရရုံသာရှိမည်။ သာသနာကို ကြည်ညိုလာမည်မဟုတ်။

ထိုအခါကျမှ ဒေါ်လှမြင့်မှာ သမီးငယ်က သူ့ချေးနည်းစာထဲမှ လှူဒါန်းနေသည်ကို

မကြိုက်မှန်း ရိပ်မိလိုက်တော့သည်။ သာသနာကို အထင်သေးပြီး အယုံအကြည်နည်းသွားလျှင် သမီးငယ်၏သံသရာရှေ့ ရေးကားတွေးပူစရာပင်ဖြစ်ပါ၏။ ထို့ကြောင့် ငါ့မှာ သစ္စာမှတစ်ပါး အားထားစရာမရှိတော့ပါလားဟူသော အတွေးနှင့်အတူ ''တပည့်တော်မသည် ယောဂီများ တရားရစေချင်သော စေတနာသက်သက်ဖြင့် ပင်မဗုဒ္ဓဝါဒီ တရားစခန်းကြီးကို ငါးနှစ်ကျော် ကြာအောင် ကိုယ်အားငွေအားဖြင့် စိုက်ထုတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

''အများလှူဒါန်းသော ငွေကြေးကို မိမိအတွက် တစ်ပြားတစ်ချပ်မျှ မသုံးစွဲခဲ့သည့် အပြင် တပည့်တော်မ၏အိမ်ကသာ မရှိသည့်ကြားက စိုက်ထုတ်လှူဒါန်းခဲ့ပါသည်။ ဤစကား သည် မှန်ကန်ပါ၏။ ဤမှန်ကန် သောသစ္စာ၏အာနုဘော်ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် သာသနာတော်မြတ်၏ တန်ခိုးတော်ကိုသမီးလေး မျက်ဝါးထင်ထင် မြင်အောင်ပြပါစေသတည်း''

ဟုလက်အုပ်ချီကာ လှိုက်လှိုက်လှဲလှဲဆို၍ သစ္စာပြုလိုက်၏။ ပြီးလျှင် အေးအေး ဆေးဆေးပင် ကိုယ့်အလုပ်ကိုပြန်လုပ်နေလိုက်၏။ သာသနာကိုယုံကြည်သော ဒေါ်လှမြင့်မှာ တည်ငြိမ်စွာ အလုပ်ကို ဆက်လုပ်နေသော်လည်း ယုံကြည်မှုနည်းသေးသော သမီးငယ်ကား အလုပ်လုပ်တာ မဖြောင့်တော့ မျက်စေ့က ကျီးကန်းတောင်းမှောက်၊ အရပ်လေးမျက်နှာကို လှျောက်ကြည့်နေမိသည်။ အရပ်လေးမျက်နှာကဘာမှမထူးခြားသောအခါ ကောင်းကင်သို့ မော်ကြည့်ပြန်သည်။ မျက်လှည့်ထဲကကဲ့သို့ ကောင်းကင်ကများ လက်ဖက်ရည်နှင့် မုန့်တွေ ကျလာလေမလားဟု ထင်သောကြောင့်ဖြစ်၏။ သူ့အမေသည် သူ့ရှေ့မှာ သစ္စာပြုထားသည် မဟုတ်လား။

ဆယ်မိနစ်ပင် မကြာပါ။လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှ စားပွဲထိုးတစ်ယောက် မုန့်နှင့် ပါဆယ်ထုပ်လေးကိုင်ကာ ဒေါ်လှမြင့်တို့ဆိုင်သို့ ဝင်လာသည်။

''ဒေါ်လှမြင့်၊ ဆိုင်ရှင်အစ်ကိုကြီးက နို့ဆီကောင်းကောင်းလေးရလာလို့ လက်ဖက် ရည်နဲ့မုန့်ပို့ခိုင်းလိုက်ပါတယ်ခင်ဗျာ''ဟုဆိုကာရိုရိုသေသေပေးထားခဲ့ပြီးပြန်ထွက်သွား၏။

သမီးငယ်ကားလက်ဖက်ရည်နှင့် မုန့်ကိုတစ်လှည့်၊ မိခင်ကိုတစ်လှည့်၊ ပါးစပ် အဟောင်းသားနှင့်ကြည့်ကာ ငေးနေ၏။ မကြာပါချေ။ ဈေးဝယ်လာကြသော ယောဂီဟောင်း

နှစ်ယောက်တို့ကလည်း မုန့်နှင့်လက်ဖက်ရည်များလာပို့ကြပြန်သည်။ လက်ဖက်ရည် သုံးခွက်နှင့် မုန့်သုံးမျိုး ဒေါ်လှမြင့်၏ရှေ့သို့ ဆက်ကာ ဆက်ကာ ရောက်လာသောအခါတွင်ကား သမီးငယ်သည် စက်ခုံပေါ်မှ ကပျာကယာဆင်းကာ မိခင်၏ရှေ့တွင် ဒူးတုပ်ထိုင်ရှာ၏။ ပြစ်မှားအထင်သေးမိသော နောင်တမျက်ရည်တို့က သမီးငယ်၏မျက်နှာတွင် အိုင်ထွက်လို့နေသည်။

"အမေ . . . အမေ့အပေါ်မှာရော၊ သာသနာပေါ်မှာပါ အထင်သေးစိတ်ထားမိတာ သမီးမှားပါတယ်။ သမီးကိုခွင့်လွှတ်ပါ။ နောက်နောင် သာသနာတော်နဲ့ ပတ်သက်ရင်အမေ့စိတ်ကြိုက်လှူပါ။ သမီး အမြဲတမ်း ဝမ်းသာအားရရှိနေမယ်ဆိုတာ ကတိပေးပါတယ်အမေ" ဟုဆိုကာဦးသုံးကြိမ်ချ ကန်တော့တောင်းပန်လိုက်၏။

"သမီးလေး သာသနာတော်အပေါ် ယုံကြည်သွားတဲ့အတွက် အမေကလည်း ဝမ်းသာအားရ ခွင့်လွှတ်ပါတယ်" ဟူသောမေတ္တာ၊ ကရုဏာအနံ့သင်းသည့်ဒေါ်လှမြင့် စကားက သမီးငယ်အတွက်ရော၊ သာသနာတော်အတွက်ပါ အားတက်စရာကောင်းလှပါ၏။

## သစ္စာဆီမီးခွက်ခေတ်

ဗြဟ္မဏကျမ်းများ၏အဆိုအရ ခေတ်သည် သစ္စာယုဂခေတ်၊ တြေတာယုဂခေတ်၊ ဒွါပရယုဂခေတ်၊ ကလိယုဂခေတ်ဟူ၍ ခေတ်အားဖြင့် လေးခေတ်ရှိ၏။ ထိုတွင် သစ္စာစကားကို လေးပုံပုံလျှင် လေးပုံလုံးပြော သောခေတ်သည် သစ္စာယုဂခေတ်မည်၏။

သစ္စာစကားကို လေးပုံပုံလျှင် သုံးပုံပြောသောခေတ်သည် တြေတာယုဂခေတ်မည်၏။ သစ္စာစကားကို လေးပုံပုံလျှင် နှစ်ပုံပြောသောခေတ်သည် ဒွါပရယုဂခေတ်မည်၏။ သစ္စာစကားကို လေးပုံပုံလျှင် တစ်ပုံနှင့်တစ်ပုံအောက်ပြောသောခေတ်သည် ကလိယုဂခေတ်မည်၏။

ယနေ့ခေတ်ကို ကလိယုဂခေတ်ဟုဆိုကြလေရာ သစ္စာစကားကို ပြောသောပုဂ္ဂိုလ်များသည် လေးပုံပုံလျှင် တစ်ပုံနှင့်တစ်ပုံအောက်ပင်ရှိကြ၏။ ထို့ကြောင့် သစ္စာစကားပြောမှုနှင့် ပတ်သက်လျှင် ယနေ့ခေတ်သည် ဆီမီးခွက်ခေတ်ပင်ဖြစ်တော့၏။

သို့ရာတွင် ဆီမီးခွက်ကို ငြိမ်းမသွားရလေအောင် အားထုတ်ရမည်ဖြစ်၏။ ဆီမီးခွက်ငြိမ်းမသွားပါမှ ဆီမီးခွက်က အလင်းရောင်ကို ကမ္ဘာသို့ဖြန့်နိုင်အောင် ကြိုးပမ်း၍ ရနိုင်

ပေမည်။ ထိုသို့ ကြိုးပမ်းနိုင်ရန် လူဆိုသော လူတိုင်း၌တာဝန်ရှိသည်။ အထူးအားဖြင့် သစ္စာ၌ ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်တိုင်း၌ တာဝန်ရှိ၏။

( ဆရာကြီး ဦးရွှေအောင်၏ ဘဝအမြင်သစ်-နှာ-၁၄၉/၅၀ မှ )

## သုရာမေရယသိက္ခာပုဒ်

သုရာမေရယကံမြောက်ရန်အတွက် အင်္ဂါလေးချက်ပြသည်။ ယင်းတို့ကား-

သုရာစသည် တစ်ပါးပါးဖြစ်ခြင်း၊ သောက်စားလိုသောစိတ်ရှိခြင်း၊ သောက်ဖြစ်အောင် လုံ့လပြုခြင်း၊ သောက်စားခြင်း (ဋီကာတိဝုတ်။ ၄။ နှင့် သမ္မော။ ၄။)တို့ဖြစ်ပေသည်။ သေရည် သောက်သောသူများ ခံစားရမည့်ဆိုးကျိုးများမှာ-

''သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ခါအပြစ်အကျိုးတည်း''

ဟူသောလင်္ကာအတိုင်း သေရည်သောက်သူများမှာ ရရှိမည့်အခွင့်အလမ်းများ ဆုံးရှုံးတတ်သည်။ ပျင်းရိတတ်သည်။ မေ့တတ်သည်။ ရူးတတ်သည်။ ကျေးဇူးကန်းတတ်သည်။ အရှက်အကြောက် ကင်းတတ်သည်။ မကောင်းမှု အကုသိုလ်ကိုလွယ်ကူစွာ ပြုကျင့်မိတတ်သည်။

သေရည်မသောက်လျှင် အခွင့်အလမ်းများကို လက်မလွှတ်တမ်းရရှိခြင်း၊ မပျင်းရိခြင်း၊ သတိကောင်းခြင်း၊ ဘဝဆက်တိုင်း အရူးဘဝမှလွတ်ပြီး လူကောင်းသာဖြစ်ရခြင်း စသော ဆန့်ကျင်ဘက် ကောင်းကျိုးများကိုပြန်ရပေမည်။

## အရူးဖြစ်ရခြင်းအကြောင်းရင်း

အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်တွင် -

**သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ(ပ)**
**မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကောဟောတိ**

ဟူ၍ သေရည်သောက်ခြင်းအပြစ်များကို တိုက်ရိုက်ဟောကြားထားချက်ရှိသည်။ အဓိပ္ပါယ်မှာ

သေရည်သောက်လေ့ရှိသူများသည် အပါယ်လေးပါးသို့ကျနိုင်သည်။ အပေါ့ဆုံးအကျိုးမှာ လူဖြစ်လျှင် အရူးသာဖြစ်ရသည်ဟူ၍ဖြစ်သည်။

အရက်သောက်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်လျှင် အရူးသာဖြစ်ရသည်ဟူသော လွန်ခဲ့သည့် နှစ်ပေါင်း(၂၅၄၆ )ခုနှစ်က ဟောခဲ့သည့် ဗုဒ္ဓတရားတော်ကို ယခုခေတ် ဆေးသိပ္ပံပညာရှင်များက ထောက်ခံအတည်ပြုနေရပြီ။

အရက်များစွာသောက်ခြင်းကြောင့် နောက်ဘဝကိုမစောင့်ဘဲ ယခုဘဝမှာတင် ရူးသွပ်နိုင်ကြောင်း သိပ္ပံမဂ္ဂဇင်း၌ဆရာဝန်တစ်ဦး၏ရေးသားချက်ကိုဖော်ပြအပ်ပေသည်။

ဦးနှောက်ကလာပ်စည်းများ ပျက်စီးသွားလျှင် အခြားကလာပ်စည်းများကဲ့သို့ အစားထည့်၍ မရပေ။ ဘီယာတစ်ပုလင်းသောက်လျှင် ဦးနှောက်ကလာပ်စည်းများ ထောင်ချီ၍ ပျက်စီးသည်။ ဘီယာထက်ပြင်းသော အရက်ဆိုလျှင်ပြောစရာမရှိပေ။ သို့သော် အရက်စွဲသူများသည် မိမိတို့ဦးနှောက်ပျက်စီးနေသည်ကိုမသိကြပေ။

အဘယ့်ကြောင့်နည်း။ သာမန်လူတစ်ယောက်တွင် ဦးနှောက်ကလာပ်စည်းပေါင်း (၁၇)ကုဋေကျော်ရှိသည်။ ထို့ကြောင့်ပင်။ သို့သော်အရက်ကို နှစ်ရှည်လများသောက်လာသောအခါ ဦးနှောက်ကလာပ်စည်းပေါင်း သိန်းချီ၍ပျက်စီးလာပေသည်။ ထိုအခါကျမှ ရိပ်မိကြသည်။

## ဦးနှောက်ပျက်စီးသည့်လက္ခဏာများ

မှတ်ဉာဏ်ထိခိုက်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း၊အသိဉာဏ်ထိခိုက်ခြင်း၊ စိတ်ဖောက်ပြန်ခြင်းတို့ဖြစ်၏။ ဦးနှောက်သည် သက်ရှိသတ္တဝါတို့အတွက်အခရာ(အဓိက)ဖြစ်၏။ ဦးနှောက်ကောင်းမှ မိမိဖို့ကောင်းနိုင်မည်။ ဦးနှောက်မကောင်းလျှင် ဘဝပျက်စီးပေလိမ့်မည်။

ဤတွေ့ရှိချက်ကိုထောက်၍ အရက်သောက်သူများ အရူးဘဝရောက်ကြောင်းမှာ သေချာနေသည်။ ထို့ ကြောင့်လည်း ဆာဟာရီဆင်ဂိုအမည်ရှိပညာရှင်တစ်ယောက်က -

**သိပ္ပံပညာ၏ချီတက်မှုသည်ဗုဒ္ဓဝါဒ၏အောင်ပွဲရမှုပင်ဖြစ်၏။သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအားအကောင်းဆုံး သက်သေပြချက်များသာဖြစ်သည်။**

ဟူ၍ ကမ္ဘာသိကြေညာခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ဤနေရာ၌ လူငယ်များသိသင့်သော အရက်နှင့် ပတ်သက်သည့်အမေးအဖြေအချို့ကိုထည့်ပေးလိုက်သည်။

**မေး ဒုစရိုက်ဆယ်ပါးတွင် သုရာမေရယ မပါသောကြောင့်အရက်သောက်ရုံဖြင့် ဒုစရိုက် အကုသိုလ်ဖြစ် မဖြစ်သိလိုပါသည်။**

ဖြေ မူလဋီကာ၌တဿ သဘာဂတ္တေန မိစ္ဆာစာရေ ဥပကာရတ္တေန = အရက်သောက်ခြင်း သည်ကာမဂုဏ်၏ အရသာကိုလွန်လွန်ကဲကဲ ခံစားခြင်းပင်ဖြစ်၍ ကာမေသုမိစ္ဆာ စာရကံနှင့်သဘောတူသောကြောင့်လည်းကောင်း၊ အရက်သောက်ခြင်းသည် ဒုစရိုက် ဆယ်ပါးလုံးပြုဖြစ်အောင်၊ ပြုလွယ်အောင် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ ဒုစရိုက်ဆယ်ပါးသို့ အလိုလိုပါပြီးဖြစ်သည်။ ထို့ကြောင့် အရက်သောက်လျှင် ဒုစရိုက်အကုသိုလ်သာဖြစ်မည်။ သုစရိုက်ကုသိုလ်ဖြစ်ခွင့်မရှိပေ။

**မေး ကုမ္ဘဇာတ်ပါဠိတော်၌ ယံဝေပိဝိတွာ ဒုစ္စရိတံ စရန္တိ = သောက်ပြီးနောက်ဒုစရိုက်ကို ကျင့်ကြကုန်၏ဟုဟောထားရာသောက်ပြီးနောက်ဒုစရိုက်ကိုမကျင့်ဘဲအိပ်နေလျှင် အပြစ်ရှိ မရှိ။**

ဖြေ အရက်သောက်ပြီးနောက်ဒုစရိုက်တစ်ခုခုလုပ်မှအပြစ်ရှိသည်မှာမှန်ပါသည်။အပြစ်မှာ နှစ်မျိုးရှိသည်။ မပြုသင့်သည်ကိုပြုလုပ်မိသောအပြစ်နှင့် ပြုလုပ်သင့်သည်ကို မပြု လုပ်သော အပြစ်တို့ဖြစ်သည်။ အရက်သောက်ပြီး အိပ်နေလျှင်ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း စသောမပြုသင့်သည်ကိုပြုသည့် အပြစ်မှကား ကင်းပါသည်။ သို့သော် မိဘဝတ္တရား၊ လင့်ဝတ္တရား၊ သားသမီးဝတ္တရားပျက်သောကြောင့် ပြုလုပ်သင့်သည်ကိုမပြုလုပ်သော အပြစ်ကားဧကန်မုချရှိပါသည်။

**မေး ရာသီဥတုအေးပြီးငှက်ဖျားပေါသောဒေသမျိုးတွင် အရက်ကို ဆေးအဖြစ် သောက်ရ ခြင်းရှိသည်။ ထိုသို့သောက်ခြင်းအတွက်သုရာမေရယပုဒ်ပျက်မပျက်သိလိုပါသည်။**

ဖြေ ယင်းသိက္ခာပုဒ်၌ သောက်စားလိုစိတ်ရှိခြင်းဟူသော ဒုတိယအင်္ဂါသည် အရက်ကို သောက်ပြီးမူးယစ်ပျော်ပါးလိုသော စိတ်ကိုဆိုလိုသည်။ ထိုစိတ်မျိုးမဟုတ်ဘဲ ရောဂါ

ပျောက်ဖို့၊ ကာကွယ်ဖို့စိတ်အရိုးခံ သက်သက်ဖြင့်သောက်ခြင်းကြောင့် အပြစ် မရှိနိုင်ပေ။ ခုဒ္ဒကပါဠိ - အဋ္ဌကထာတွင်ကား ငါးပါးသီလတွင်သေရည်သောက်ခြင်းကို အပြစ်အကြီးဆုံးဟု ဖွင့်ပြထားသည်။

**ကသ္မာမနုဿဘူတဿပိ ဥမ္မတ္တကဘာဝံ ပဝတ္တနေန**

**အရိယဓမ္မ န္တရာယ ကရဏာတော -**

အရက်သမားသည် အပါယ်မှလွတ်၍လူဖြစ်လာသော်လည်း ရူးနေသည့်အတွက် မဂ်ဖိုလ်ကိုမရနိုင်။ မဂ်ဖိုလ်၏အန္တရာယ်ကို မိမိကိုယ်တိုင်ပြုနေသကဲ့သို့ ဖြစ်သောကြောင့်ဟု ဆိုထားသည်။

အရက်မူးပြီးမိဘကိုပြန်သတ်သောဖြစ်ရပ်လေးခုကို တွေ့ကြုံမှတ်သားရဖူးသည်။ သုံးခုကို အနန္တဂိုဏ်းဝင်ကျေးဇူးရှင်စာအုပ်၌ ရေးသားပါမည်။ ဖြစ်ရပ်မှန်တစ်ခုကိုကား ဤစာအုပ်၌ ဖော်ပြလိုက်ပါသည်။

## ကျိုက်ပိရွာက မြေမျိုမှု

ခုနှစ်သက္ကရာဇ်အားဖြင့် ၁၉၅၁ ခု၊မေလ ၂၅ ရက်နေ့၊နေရာကား ဇရာပတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ကျိုက်ပိရွာတွင်ဖြစ်၏။ ပါးရိုက်ပြီးခါးနှင့်လိုက်ခံရသော မိခင်ကြီး အမည်ကို ဒေါ်သာလိဟုခေါ်၏။ ဗုဒ္ဓဘာသာဝင် မြန်မာကရင်ကပြား အမျိုးသမီးကြီး တစ်ယောက်ပင်ဖြစ်၏။

ဥပုသ်စောင့်၊ တရားထိုင်၊ ပုတီးစိပ်ဖြင့် ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်ပင်။ သို့ရာတွင် ချစ်ဖေ အမည်ရှိသားတစ်ယောက်ရှိ၏။ လူပေ၊ လူတေ အရက်သမားဖြစ်၏။ တစ်နေ့တွင် တစ်နေကုန်ငါးဖမ်း၍မရသဖြင့် စိတ်ညစ်ညစ်နှင့် အရက်မူးအောင်သောက်လာသော ချစ်ဖေသည် အိမ်ရှေ့ရောက်သည်နှင့် ဒေါ်သာလိကို မိုးမွှန်အောင်ဆဲ၏။

သူမကြာခဏ ငါးဖမ်းမရဖြစ်ရသည်မှာ ဒေါ်သာလိ ဘာသာရေးလုပ်သောကြောင့်ဟု ယူဆထားသူဖြစ်၏။ ချစ်ဖေ၏ဆဲသံများကိုကြားရသောအခါ ဒေါ်သာလိသည် သားဖြစ်သူ အပြစ်မဖြစ်အောင်လှမ်းဟန့်တား၏။

''ဟဲ့ ချစ်ဖေ နင် ကိုယ့်အမေရင်းကို ဒီလိုပဲဆဲရသလား။ နင်ဒုက္ခတွေတော့မယ်နော်''

ချစ်ဖေကားဒေါ်သာလိစကားကိုဂရုမစိုက်။ ဆဲမြဲဆဲနေ၏။ ထိုအခါဒေါ်သာလိက နောက်တစ်မျိုးဟန့်ပြန်၏။

''ဟဲ့ကောင်လေး၊ပြောနေတာမရဘူးလား။ ငါဆင်းပြီးပါးရိုက်လိုက်ရမလား''

ထိုစကားသည် ဒေါ်သာလိ အပြင်းထန်ဆုံးငေါက်ငန်းခြင်းဖြစ်၏။ ချစ်ဖေသာ အရက်မမူးလျှင် ဤနေရာတွင်အဆဲရပ်ပြီး အေးချမ်းသွားမည်ဖြစ်၏။ ယခုအရင် ချစ်ဖေ၏ စိတ်မဟုတ်တော့။ အရက်ကသူ့တစ်ကိုယ်လုံးလွှမ်းမိုးထားသည်။ ထို့ကြောင့်လည်း-

''အောင်မာ - ခင်ဗျားကများကျုပ်ကိုပါးရိုက်မယ်ဟုတ်လား။ လာခဲ့ ခင်ဗျားမရိုက်ခင် ကျုပ်အရင်ရိုက်လိုက်မယ်''ဟု ဆိုကာဒယီးဒယိုင်နှင့် အိမ်ပေါ်တက်လာပြီး ဒေါ်သာလိပါးကို ရိုက်လိုက်ရာ ဒေါ်သာလိခမျာ ပက်လက်လန်လဲသွားရှာ၏။

အသက်ခုနစ်ဆယ်ကျော်နီးပါးမို့ ရှောင်တိမ်းနိုင်စွမ်းလည်းမရှိပေ။ ရိုက်ချက်မှာ ယောကျ်ားဖြစ်သောကြောင့် ပြင်းထန်လွန်းလှသည်။

ဒေါ်သာလိပါးစောင်မှ သွေးများယိုစီးကျလာသည်။ ဒေါ်သာလိအရိုက်ခံရသော ပါးကို လက်တစ်ဖက်ဖြင့်အုပ်ကာလှမ်းပြောမိ၏။

''ချစ်ဖေ၊ မင်း အမေ့ပါးကိုရိုက်တယ်။ မိုက်လိုက်တာသားရယ်။ မင်းတော့ ကံကြီးထိုက်တော့မယ်''

''ကံကြီးထိုက်တော့ ကံလေးနိုင်တာပေါ့ဗျာ။ ရှုပ်ပါတယ်။ ခင်ဗျားကြီး ဒီအိမ်မှာမရှိမှ အေးမှာ။ ခင်ဗျားကြီး ဘာသာရေးတွေလုပ်နေသမျှ ကျုပ်ငါးဖမ်းလို့ဘယ်တော့မှရမှာ မဟုတ်ဘူး''ဟုဆိုကာအိမ်နံရံတွင်ချိတ်ထားသောဓါးရှည်ကြီးကိုဆွဲလေသည်။

ဒေါ်သာလိကား တရားရှိနေသူဖြစ်၍ သေရမည်ကို အပိုအလွန်ကြောက်သူမဟုတ်။ သူ့ကိုသတ်မိလျှင် သားဖြစ်သူမြေမျိုမည်စိုးသည့်အတွက် ဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ နေရာမှ လူးလဲထကာအိမ်ပေါ်မှဆင်းပြေး၏။

ထိုအချိန်မှာပင်ဓါးရသွားပြီဖြစ်သော ချစ်ဖေကဒေါ်သာလိ နောက်သို့ပြေးလိုက်လာ

သည်။ ဓါးရှည်ကြီးတရမ်းရမ်းနှင့်ချစ်ဖေနားသို့မည်သူမျှ မကပ်ရဲဘဲတစ်ရွာလုံး ဝိုင်းကြည့်ပြီး မှင်သက်မိနေကြသည်။

## အမေကိုသတ်ချင်စိတ်ပေါက်ခြင်းအကြောင်းအရင်း

အမေကရှေ့ကပြေး၊ သားကနောက်ကလိုက်ရင်းဖြင့် ကျိုက်ပိရွာနှင့် မစိုးရိမ် ရွာကြားက ညောင်ပင်ကြီးအောက်သို့အရောက်တွင် ချစ်ဖေတစ်ယောက် ဆက်မလိုက်နိုင်တော့ဘဲ မတ်တပ်ရပ် ကျန်ခဲ့လေ၏။ ဒေါ်သာလိကားမစိုးရိမ်ရွာထဲထိရောက်အောင် ဆက်ပြေးသွား လေသည်။ ပြောပလောက်သောအပြစ် တစ်စုံတစ်ရာမရှိပါဘဲ ချစ်ဖေတစ်ယောက် မိခင်ကို သတ်ချင်စိတ်ပေါက်ခြင်း၏ အဓိကအကြောင်းကား အရက်သောက်ထားခြင်းကြောင့်ပင်ဖြစ်၏။

ချစ်ဖေ မိခင်နောက်ဆက်မလိုက်ခြင်းကား သူ့ခြေထောက်များကို မြေစမျိုနေသော ကြောင့်ဖြစ်၏။ ဒေါ်သာလိတစ်ယောက် မစိုးရိမ်ရွာထဲမှလူကြီးမိဘတို့ကိုခေါ်၍ ရွာထဲသို့ ပြန်လာသောအချိန်တွင်ကားချစ်ဖေ၏ခြေမျက်စေ့များသည်မြေကြီးထဲသို့ဝင်နေပေပြီ။

မိမိပါးကိုရိုက်ခဲ့သောသား၊ မိမိကိုသတ်ရန်ဓါးနှင့် လိုက်ခဲ့သောသားပင် ဖြစ်လင့် ကစား ဒေါ်သာလိ စိတ်မနာနိုင်။ မျက်ရည်တွေတွေကျ အော်ဟစ်ငိုကြွေးပြီး သတိပေးရှာ၏။

''သား မောင်ချစ်ဖေ၊ အဲဒါ အမေ့ကိုပြစ်မှားလို့ငါ့သားမြေမျိုနေတာသားရဲ့၊ ကိုယ်ပြု မိတဲ့အပြစ်ကို ဝန်ချတောင်းပန်ကန်တော့ရင် အပြစ်ကပြေပျောက်သတဲ့။ ဒါ့ကြောင့် သားလေး အမေ့ကိုလှမ်းကန်တော့လိုက်၊မသိလို့လုပ်ခဲ့တဲ့သားရဲ့ အပြစ်တွေကိုအမေ ခွင့်လွှတ်ပါတယ်ကွယ်'' ဟုလှမ်းအော်ပြောလိုက်သဖြင့် ချစ်ဖေတစ်ယောက်မိခင်ဘက်ကို လက်အုပ်ချီရန်ကြိုးစား၏။

သို့သော် သူ၏နှောင်တကား အများကြီးနောက်ကျသွားလေပြီ။ သူ့လက်များသည် ကျောက်တိုင်ကျောက်ခဲများလို မာကျောကာလက်အုပ်ချီ၍ မရတော့ပေ။

ငရဲမီးသည်ပူလွန်းအားကြီးသဖြင့် ချစ်ဖေနှင့်ပေတစ်ရာခန့်ပတ်လည်အတွင်းရှိ သစ်ပင် မြက်ပင်များသည် ငရဲမီးလောင်သဖြင့် မည်းခြောက်သွား၏။ ထိုပေတစ်ရာအတွင်း ဘယ်သူမှ လည်း မဝင်နိုင်ကြ။

''အမေရေ၊ ကျွန်တော်မှားပြီဗျာ၊ လက်အုပ်ချီလို့မရတော့ဘူး''ဟုဆိုကာ ရှိုက်ကြီးတငင်

အော်ငိုသည်။ ငရဲမီးဒဏ်ကြောင့် ချစ်ဖေ၏ ခန္ဓာကိုယ်သည် ရေခာတ်ခန်းခြောက်ကာ သူ့ဘေးက သစ်ပင်ငယ်များကဲ့သို့ တဖြည်းဖြည်း ခန်းခြောက်စပြုလာ၏။ ထိုအတူ ရေလည်းတအားငတ်လာသည်။

"အမေရေ၊ ရေငတ်တယ်ဗျာ၊ ကျွန်တော့်ကိုရေတိုက်ပါဦး" ဟုအော်သဖြင့် ဝိုင်းကြည့်နေကြသောလူများက ပုံးသေးသေးထဲရေထည့်ကာ ဝါးလုံးများဆက်ပြီး ချစ်ဖေထံ လှမ်းပေးကြ၏။ သို့သော် ငရဲမီးအပူရှိန်ကြောင့် ပုံးထဲကရေများသည် ချစ်ဖေအနား မရောက်ခင်မှာပင် ခန်းခြောက်သွား၏။

မင်းလို မိဘကျေးဇူပ်တဲ့သားမျိုးကို အဝီစိငရဲသို့ ချက်ချင်းခေါ်မသွားသေးဘူး။ ပူလောင်ပြင်းပြတဲ့ ဝေဒနာတွေ၊ ဆာလောင် မွတ်သိပ်တဲ့ဝေဒနာတွေကို မချိမဆန့်ခံစားစေပြီးမှ ခေါ်ယူမယ်ဟု မပြောသော်လည်း ပြောသကဲ့သို့ မေလ(၂၅)ရက်မှ ဇွန်လ (၂)ရက် နေ့အထိ (၈)ရက်ကြာမှ မြေကြီးအောက်သို့ စုန်းစုန်းမြုပ် သွားလေသည်။

ဤသာဓကကိုထောက်၍ အရက်သောက်သူများသည် အကုသိုလ်ကိုလွယ်ကူစွာ ပြုတတ်သည်ဟူသော ဟောကြားချက်ကိုလက်ခံလောက်ပေပြီ။ တစ်ချို့ကဆိုကြမည်။ လွန်အောင်မသောက်ပါ။ ဆေးဖြစ်ဝါးဖြစ် သောက်ခြင်းပါဟူ၍။ အရက်အများအပြား သောက်ကြသော အနောက်နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ရာသီဥတုသည်တစ်ခြားစီ ဖြစ်သည်။

အနောက်နိုင်ငံသည် အအေးများသောဒေသဖြစ်၍ အရက်ကိုအတန်အသင့် သောက်ခြင်းဖြင့် ခဲမတတ်အေးသောသွေးများနွေးသွားပြီး ဆေးဖြစ်သည်မှာမှန်၏။ မြန်မာပြည်ကား အပူများသောဒေသဖြစ်၏။ မန္တလေးတိုင်း၊ မကွေးတိုင်းတို့၏ နွေရာသီအပူကား ကြောက်စရာပင် ကောင်း၏။ အပူဒီဂရီ ဖာရင်ဟိုက် (၁၀၄)ထိပင်ရှိတတ်၏။

ထိုသို့ အပူများသောဒေသမှ မြန်မာများအတွက် အရက်သောက်ခြင်းဖြင့် ဆေးဝါး မဖြစ်နိုင်ပါ။ ဦးနှောက်သွေးကြောပြတ်ပြီး မြန်မြန်သေဖြစ်ကြသည်။ လေဖြတ်ပြီး လူစဉ်မမီ ဖြစ်ကြရသည်။ အသည်းဆန်ခါပေါက်ကျကာ သုံးဆယ်ကျော်လေးဆယ်အတွင်းမှာ သေကြသည်။

## မတင်းတိမ်နိုင်သော အရာသုံးခု

တစ်ချို့က ဆိုကြပြန်သည်။ ကျွန်တော်တို့ကကိုယ့်စိတ်ကိုနိုင်ပါတယ်။ ထမင်းစားကောင်းရုံလောက် ညနေပိုင်းလေးသောက်တာပါဟူ၍။ ဤကဲ့သို့သောအဆင့်ကို လူက အရက်ကို သောက်သော အဆင့်ဟု ခေါ်သည်။ ဘဝပျက်ပြီးသေသွားကြသော အရက်သမားများသည် ထိုအဆင့်မှ စခဲ့ကြသည်သာဖြစ်၏။

လူကအရက်ကိုသောက်သောအဆင့်မှ အထက်သို့တက်လိုက်လျှင် အရက်ကလူကို ပြန်သောက်သော အဆင့်သို့ရောက်လာ၏။ ထိုဒုတိယအဆင့်တွင် အရက်ဆိုင်၌သာ အနေများလာ၏။ လမ်းဘေးလဲသည် အထိသောက်လာသည်။ ထိုဒုတိယအဆင့်တွင် တစ်ပတ်လေးရက်ခန့်တော့ စီးပွားရေးအလုပ်ကို လုပ်နိုင်သေးသည်။

ထိုဒုတိယအဆင့်တွင်ကား အရက်ဖြတ်ရန် အလွန်ခဲယဉ်းသွား၏။ စိတ်ကပြတ်၍ ဖြတ်နိုင်သော်လည်း ခန္ဓာကိုယ်က ဖြတ်၍မရနိုင်တော့။ အရက်မသောက်လျှင် ခန္ဓာကိုယ်တွင်းကသွေးများ အလုပ်မလုပ်တော့ ထို့ကြောင့် လက်တုန်၊ ခြေတုန်ဖြစ်လာခြင်းဖြစ်သည်။

အရက်သမား၏ နောက်ဆုံးတတိယအဆင့်သည်ကား အရက်ကလူကို ပြန်သောက်ခြင်းပင် ဖြစ်၏။ ထိုအဆင့်တွင် အရက်ကို တအားသောက်သည်။ တအားမူးသည်။ တအားအိပ်သည်။ အိပ်ရာမှနိုးလာသောအခါ ခေါင်းများအုံခဲနေသည်။ နေလို့မရ ၊ အရက်နာကျသည်ဟု ခေါ်သည်။

ထိုအခါ ခေါင်းအုံပျောက်စေရန် အရက်ကို ထပ်သောက်ရပြန်သည်။ ခေါင်းအုံကားပျောက်ပါ၏။ သို့သော် အရက်ကမူးပြန်လေပြီ။ ဘာအလုပ်မှလည်း မလုပ်တော့။ ဘာအစားမှလည်း ကောင်းကောင်း မစားတော့။ မသေမချင်း သောက်လိုက်၊ မူးလိုက်၊ ခေါင်းအုံလိုက်၊ ပြန်သောက်လိုက်နှင့်သာ လုံးလည်လိုက်နေတော့သည်။ တိကဂုတ္တရ ပါဠိတော်တွင် ဗုဒ္ဓက မတင်းတိမ်နိုင်သော အရာသုံးမျိုးကို ဟောကြားထားတော်မူ၏။ ယင်းတို့ကား-

**အိပ်ခြင်း၊ သေရည်သောက်ခြင်း၊ မေထုန်မှီဝဲခြင်းတို့ဖြစ်၏။** ထို့ကြောင့် ဗုဒ္ဓက တင်းမတိမ်နိုင်သောအရာဟု သတိပေးထားသော သေရည်ကို ထမင်းစားကောင်းရုံဟုဆိုကာ

အစမလုပ်ကြဖို့ သတိပေးချင်တယ်။ အရက်နှင့်ပတ်သက်လာလျှင် စိတ်ညစ်တစ်ခဏတာမျှပင် မထိန်းသိမ်းနိုင်ကြောင်း ထူးထူးခြားခြား သာဓက တစ်ခုကိုထုတ်ပြချင်သည်။

## ရာထူးကျသောနတ်များ

(၃၃) ယောက်သော နတ်သားများစုပေါင်းအုပ်ချုပ်ကြသောကြောင့် တာဝတိံသာ နတ်ဟုခေါ်သည်။ ထိုနတ်ပြည်သည်လူ့သက်နှင့်တွက်လျှင် နှစ်ပေါင်းသုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သည်။ ထိုနတ်ပြည်ကို ဦးမာဃနှင့်တကွသူငယ်ချင်း (၃၃)ယောက် မရောက်ခင်က အရက်သမားနတ်သားများ အုပ်ချုပ်ကြသည်။

ထိုအချိန်တွင် လူအဖြစ်နှင့်သာရှိနေကြသေးသော ဦးမာဃနှင့်တကွ အပေါင်းဖော်များသည် သာသနာတွင်းမဟုတ်သဖြင့် ဘုရား ရဟန္တာတို့၏ အဆုံးအမကိုမရသော်လည်း ကောင်းမည် အကျိုးရှိမည်ထင်ရသော ဝေယျာဝစ္စအလုပ်များကို ကြိုးစားလုပ်ဆောင်ကြသည်။

တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဇရပ်တည်ခြင်း၊ ရေကန်တူးခြင်း၊ မိဘကို လုပ်ကျွေးခြင်း၊ အမျက်ဒေါသမထွက်ခြင်း၊ မေတ္တာထားခြင်း စသည်တို့ကား ဦးမာဃတို့ အဖွဲ့မှ လုပ်ဆောင်ခဲ့ကြသော ကောင်းမှုများပင်ဖြစ်၏။ ထိုကုသိုလ်များကြောင့် (၃၃) ယောက်လုံး တာဝတိံသာနတ်ပြည်သို့ ရောက်လာကြသည်။ ထိုအခါမူးရူးနေကြသော လက်ရှိအရက်သမား နတ်သားများက မကျေနပ်ကြ။ ထို့ကြောင့် တစ်နေ့တွင် အကောက်ဉာဏ်ဖြင့် ဦးမာဃတို့အဖွဲ့ကို မိတ်ဆုံစားသောက်ပွဲတစ်ခု ပြုလုပ်ပြီးလာရောက် စားသောက်ရန် ဖိတ်ကြားလိုက်သည်။

စားသောက်ပွဲတွင် အရက်များကိုပါ တည်ခင်းဧည့်ခံထားသည်။ ဦးမာဃတို့အဖွဲ့ အရက်သောက်မိပြီးမူးသွားလျှင် အားလုံးကိုကြိုးတုပ်ပြီး နတ်ပြည်မှကန်ချရန် ကြံစည်ထားခြင်း ဖြစ်သည်။ သူ၏အကြံအစည်ကား ပိရိကောင်းမွန်ပါ၏။ သူတို့က အရက်ကိုမူးအောင် မသောက်ဘဲ ဦးမာဃတို့အဖွဲ့ သောက်ချင်လာအောင် နည်းနည်းသာသောက်ဟန်လုပ်၍ သောက်မည်ဟု တိုင်ပင်ထားကြ၏။ ဖိတ်ကြားလိုက်သည့်အတိုင်း ဦးမာဃတို့အဖွဲ့ ရောက်လာကြသည့်အခါတွင်ကား သူတို့သည်ဟန်ဆောင် နည်းနည်းလေးသောက်ရာမှ မတင်းတိမ်နိုင်ဘဲ အများကြီးသောက်မိကြပြီး မူးလဲကုန်ကြ၏။

ထိုအခါ အရက်ကိုလုံးလုံးမသောက်ကြသော ဦးမာဃတို့အဖွဲ့က ထိုအရက်မူးသမား နတ်သားများကို ကြိုးတုတ်ပြီး ကန်ချလိုက်ရာ ယခုအခေါ် အသူရာပြည်အထိကျသွားကြလေသည်။ သူတို့သည်အမူးပြေသောအခါတွင်မှ သူတို့အမှားကို သိလိုက်ကြ၏။ ထိုအခါကျမှ အရက်ကိုဘယ်တော့မှမသောက်ကြတော့ပေ။

တာဝတိံသာပြည်တွင် ကသစ်ပန်းပင်ရှိသည်။ အသူရာပြည်တွင် သခွပ်ပင်ရှိသည်။ သခွပ်ပန်းနံ့ကိုရတိုင်း တာဝတိံသာကို ပြန်လည်အမှတ်ရသဖြင့် စစ်တက်တိုက်လေ့ရှိသည်။ တစ်ခါမှအနိုင်မတိုက်နိုင်ပေ။

နတ်များသည် ဝီရိယဖြင့် ဘာတစ်ခုမှရှာစရာမလိုဘဲ ကုသိုလ်အကျိုးကို သက်သာစွာ ခံစားသော ပုညူပဇီဝိပုဂ္ဂိုလ်များဖြစ်သည်။ လူများကား ကုသိုလ်၊ ဝီရိယ နှစ်မျိုးလုံးဖြင့် သက်ဆိုင်သည့် ဥဘယူပဇီဝီ ပုဂ္ဂိုလ်များဖြစ်ကြသည်။ သေရည်သောက်မိသဖြင့် ပုညူပဇီဝီ နတ်များပင် ရာထူးကျပြီး အဆင့်အတန်းနိမ့်သေးရာ ကုသိုလ်၊ ဝီရိယ နှစ်မျိုးလုံးကို အမှီပြုကြရသောလူသားများ သေရည်သောက်မိလျှင် ထိုထက်ပို၍ ဘဝအဆင့်အတန်း နိမ့်ကျမည်ဆိုသည်ကို သံသယမရှိအပ်ပါချေ။

## သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ

မြတ်ဗုဒ္ဓဝါဒ၏ အဓိကပန်းတိုင်မှာ နိဗ္ဗာန်ဖြစ်လေသည်။ မြတ်စွာဘုရား ပွင့်တော်မူရခြင်း၏ အဓိကရည်ရွယ်ချက်မှာလည်း(၃၁)ဘုံ၌ရှိကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့၏ ဆင်းရဲဒုက္ခဖြင့် သံသရာတွင် ကျင်လည်နေရသည်ကို ကင်းလွတ်စေလိုသော မဟာကရုဏာတော်ဖြင့် ပွင့်တော်မူခဲ့ခြင်း ဖြစ်လေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော "နိဗ္ဗာန်" ကို ရလိုရောက်လိုသောသူသည် သစ္စာသိဖို့ လိုပေသည်။ သစ္စာနှစ်မျိုးရှိသည် (၁) သမုတိသစ္စာ (၂) ပရမတ္ထသစ္စာ ဟူ၍ဖြစ်လေသည်။

## သမုတိသစ္စာ

ပညတ်တရားဟုလည်းခေါ်သည်။ ပညတ်ဟူသည်မှာ လူတို့သတ်မှတ်ချက် သမုတ်ခေါ်ဝေါ်ချက်ဖြစ်၏။ လူ၊ ခွေး၊ ကြောင်၊ အိမ်၊ မော်တော်ကား စသည်တို့သည် ပညတ်များ

ဖြစ်ကြ၏။ သာမည ယူဆချက်တွင်ပညတ်သဘောတရားများသည် အမှန်ရှိ၏။ လူရှိ၏၊ ခွေးရှိ၏၊ အိမ်ရှိ၏။ ထို့ကြောင့် ပညတ်သဘောတရားများကို သမုတိသစ္စာ (Convertional Truth)ဟု ခေါ်သည်။ လူတို့နေ့စဉ် သုံးနှုန်းပြောဆိုနေကြသော သဘောတရားများသည် ပညတ်သဘောတရားများသာ ဖြစ်ကြ၏၊ ဤသို့သုံးနှုန်း ပြောဆိုခြင်းကြောင့် မုသာဝါဒ မဖြစ်ချေ။

ဥပမာ " ကျွန်တော် မော်တော်ကားစီးလာ၏" ဟုပြောဆိုသောသူသည် အမှန်ကို ပြောဆိုခြင်းဖြစ်၏။ ကြားနားလိုက်ကြသောလူအပေါင်းတို့ကလည်း သူ့စကားမှန်သည်ဟု လက်ခံယုံကြည်ကြ၏။

ဉာဏ်မျက်စိဖြင့်ခွဲခြမ်းစိတ်ဖြာကြည့်သောအခါ "ကျွန်တော်"ဟူသော "လူ"သည် လည်းမရှိ၊ မော်တော်ကားလည်းမရှိချေ။ ထို့ကြောင့်ပညတ်သည် အထင်အရသာ မှန်ကန်သော သဘော(Apparent Reality)ဖြစ်ပြီး ဉာဏ်မျက်စိဖြင့်ခွဲခြမ်းစိတ်ဖြာ စိစစ်ကြည့်လျှင် ပျောက်ကွယ်သွား၏။

## ပရမတ္ထသစ္စာ

ပရမတ်သည် တကယ်ရှိသောအဆုံးစွန်မှန်ကန်သည့်သဘော(Ultimate Realiy) ဖြစ်ပြီးဉာဏ်မျက်စိဖြင့် ခွဲခြမ်းစိတ်ဖြာစိစစ်ကြည့်လျှင် ပြောင်းလဲခြင်းမရှိချေ။ စိစစ်လေလေ အမှန်ရှိကြောင်းထင်ရှားလေလေ ဖြစ်၏။ ပရမတ္ထသစ္စာ(Absolute Truth or Abstract Truth) သည်၊ အဆုံးစွန်မှန်ကန်သော သဘောတရား ဖြစ်၏။ စကြဝဠာအနန္တ၌ အမှန်တကယ်ရှိသော ခြေခံသဘောတရားမှာလေးပါးသာရှိ၏၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် တို့ဖြစ်၏။

ပရမတ္ထလေးပါး

| စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|
| (၁) | (၅၂) | (၂၈) | (၁) |

စိတ် = အာရုံကိုသိတတ်သောသဘောတရား (Consciousness 0r Awareness of Senses)

စေတသိက် = စိတ်၌မှီတွယ်၍ စိတ်ကိုချယ်လှယ်သော သဘောတရား(Mental Factors or Mental States)

ရုပ် = အပူ၊အအေးစသောဆန့်ကျင့်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘောတရား(Matter and Energy)

နိဗ္ဗာန် = ဒုက္ခခပ်သိမ်းအေးငြိမ်းရာဖြစ်သော သန္တိသုခသဘောတရား(Nirvana or NibbaNa)

ပရမတ္ထတရားလေးပါး

(၁) စိတ်

(၂) စေတသိက်

(၃) ရုပ်

(၄) နိဗ္ဗာန် - အသင်္ခတပရမတ် (မဖောက်ပြန်၊ မပျက်စီး)

(၁) စိတ်

စိတ်သည် လူစိတ်၊ ခွေးစိတ်၊ နွားစိတ် မည်သည့်သတ္တဝါ၏ စိတ်ဖြစ်စေကာမူ အာရုံကို သိတတ်သော သဘောတစ်ခုတည်းသာရှိ၏၊ ဤသဘောမှဖေါက်ပြန်ပြောင်းလဲခြင်း မရှိချေ။ သို့သော်စေတသိက်များက အမျိုးမျိုးချယ်လှယ်ကြသဖြင့် စိတ်အမျိုးမျိုး ကွဲပြားသွားရ၏။ စိတ်(၁)ခု ယုတ်(၈၀) အကျယ်ဖွဲ့-၁၂၁ဟူ၍ ရှိလေသည်။ စိတ်- ၁၂၁ပါးကို တစ်ဖက်ပါ ဇယားအတိုင်း ဖေါ်ပြနိုင်လေသည်။

စိတ်ပိုင်းဆိုင်ရာ အသေးစိတ်သိရှိ လေ့လာလိုပါလျှင် ဒေါက်တာမင်းတင်မွန် ရေးသားသော "အဖိုးတန်ဆုံးဘဝ ပညာ၊ တက္ကသိုလ် အဘိဓမ္မာ အတွဲ ၁၊၂၊၃ ပေါင်းချုပ်" စာအုပ်တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။

| စိတ်အမည် | သောမနဿ | ဒေါမနဿ | ဥပေက္ခာ | သုခ | ဒုက္ခ |
|---|---|---|---|---|---|
| အကုသိုလ်စိတ် ၁၂ | ၄ | ၂ | ၆ | - | - |
| အဟိတ်စိတ် ၁၈ | ၂ | - | ၁၄ | ၁ | ၁ |
| ကာမသောဘဏ ၂၄ | ၁၂ | - | ၁၂ | - | - |
| ကာမစိတ် ၅၄ | ၁၈ | ၂ | ၃၂ | ၁ | ၁ |
| မဟဂ္ဂုတ်စိတ် ၂၇ | ၁၂ | - | ၁၅ | - | - |
| လောကီစိတ် ၈၁ | ၃၀ | ၂ | ၄၇ | ၁ | ၁ |
| လောကုတ္တရာကျယ် ၄၀ | ၃၂ | - | ၈ | - | - |
| စိတ်အကျယ် ၁၂၁ | ၆၂ | ၂ | ၅၅ | ၁ | ၁ |

## (၂) စေတသိက်

လောဘ၊ ဒေါသ၊ မေတ္တာ၊ ကရုဏာ စသည်ဖြင့် ၅၂ မျိုးကွဲပြား၏၊ စေတသိက်တစ်ခုစီ၏ သဘောသည်လည်း ပြောင်းလဲဖေါက်ပြန်ခြင်းမရှိချေ။

ဥပမာ - လောဘသည်လိုချင်တပ်မက်ခြင်းသဘောရှိ၏။ လောဘသည် လူ၊ ကျွဲ၊ နွား၊ ခွေး စသည့်သတ္တဝါတစ်ဦးစီ၏ စိတ်ကိုမှီ၍ ဖြစ်ပေါ်သောအခါ လိုချင်တပ်မက်ခြင်းသဘောကို တသမတ်တည်းဖေါ်ပြ၏။

စေတသိက်(၅၂)ပါးရှိလေသည်၊ ၄င်းတို့မှာ-

(၁) ဝေဒနာစေတသိက် (၁)ပါး

(၂) သညာစေတသိက်　　(၁)ပါး

(၃) သင်္ခါရစေတသိက်　　(၅၀)ပါး စသည်ဖြင့် (၅၂)ပါးရှိ၏။

## (၃) ရုပ် (ရူပံ)

ဖောက်ပြန်တတ်သောသဘောကြောင့် ရုပ် ဟုခေါ်သည်။ ရုပ်(၂၈)ပါးရှိလေသည်၊ (က) သဘာဝရုပ်　(၁၈)ပါး၊ (ခ)အသဘာဝရုပ် (၁၀)ပါး တို့ဖြစ်သည်။

(က) သဘာဝရုပ် (၁၈)ပါး (နိပ္ဖန္နရုပ်ဟုလည်းခေါ်သည်)

(၁) ဘူတရုပ် ၄ ပါး: (ပထဝီ၊အာပေါ၊ တေဇော၊ ဝါယော)

(၂) ပသာဒရုပ် ၅ ပါး: (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ)

(၃) ဂေါစရရုပ် ၄ပါး: (ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဩဇာ)

(၄) ဘာဝရုပ် ၂ ပါး: (မိန်းမရုပ်၊ ယောက်ျားရုပ်)

(၅) ဟဒယရုပ် ၁ပါး: (မနောဝိညာဏဓါတ်၊ စိတ်၊ စေတသိက်တို့မှီရာ)

(၆) ဇီဝိတရုပ် ၁ ပါး: (ကမ္မဇရုပ်တို့၏ရှင်သန်မှုသဘော)

(၇) အာဟာရရုပ် ဩဇာ ၁ပါး: (ပထဝီ၊ အာပေါ၊ အဆီဩဇာ)

(၁) ဘူတရုပ် (၄) ပါးမှာ

(က) ပထဝီ = ခက်မာခြင်း၊ နူးညံ့ခြင်းသဘော။

(ခ) အာပေါ = ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘော။

(ဂ) တေဇော = ပူခြင်း၊ အေးခြင်းသဘော။

(ဃ) ဝါယော = ထောက်ကန်ခြင်း၊ တွန်းကန်လှုပ်ရှားခြင်းသဘော တို့ဖြစ်ကြသည်။

(၂) ပသာဒရုပ် (၅)ပါးမှာ

(က) စက္ခုပသာဒ = မျက်စိအကြည်ရုပ်။

(ခ) သောတပသာဒ = နားအကြည်ရုပ်။

(ဂ) ဃာနပသာဒ = နှာခေါင်းအကြည်ရုပ်။

(ဃ) ဇိဝှာပသာဒ = လျှာအကြည်ရုပ်။

(င) ကာယပသာဒ = ကိုယ်အကြည်ရုပ်တို့ဖြစ်ကြသည်။

(၃) ဂေါစရရုပ် (၄)ပါးမှာ

(က) ရူပါရုံ = အဆင်းအရောင်အမျိုးမျိုး။

(ခ) သဒ္ဒါရုံ = အသံအမျိုးမျိုး။

(ဂ) ဂန္ဓာရုံ = အနံ့အမျိုးမျိုး။

(ဃ) ရသာရုံ = အရသာအမျိုးမျိုး တို့ဖြစ်ကြသည်။

(၄) ဘာဝရုပ် (၂)ပါးမှာ

(က) ဣတ္ထိဘာဝရုပ် = အမသဘာဝရုပ်ကိုဖြစ်စေသောရုပ်။

(ခ) ပုမ္ဘာဝရုပ် = အဖိုသဘာဝရုပ်ကိုဖြစ်စေသောရုပ် တို့ဖြစ်ကြသည်။

(၅) ဟဒယရုပ် (၁)ပါးမှာ

(က) ဟဒယဝတ္ထု = စိတ်၏မှီရာနှလုံးအကြည်ရုပ် တို့ဖြစ်သည်။

(၆) ဇီဝိတရုပ် (၁)ပါးမှာ

(က) ရုပ်ဇီဝိတိန္ဒြေ = ကံကြောင့်ဖြစ်သော ရုပ်တို့ကိုအသက်ရှင်အောင် စောင့်ရှောက်ခြင်း သဘော၊ (ရုပ်သက်)။

(၇) အာဟာရရုပ် (၁)ပါးမှာ

(က) ကဗဠီကာရအာဟာရ = စားသောက်ဖွယ်ဥပါသော အနှစ်၊ အစေး၊ ဩဇာရုပ်။

ဖော်ပြပါရုပ်(၁၈)ပါးတို့ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်ရသောရုပ်များ ဖြစ်၍ နိပ္ဖန္နရုပ် ဟုခေါ်သည်။

(ခ) အသဘာဝရုပ် (၁၀)ပါး (အနိပ္ဖန္နရုပ် ဟုလည်းခေါ်သည်)

(၁) ပရိစ္ဆေဒရုပ် (၁)ပါး

(၂) ဝိညတ်ရုပ် (၂)ပါး

(၃) ဝိကာရရုပ် (၃)ပါး

(၄) လက္ခဏာရုပ် (၄)ပါး

(၁) ပရိစ္ဆေဒရုပ် (၁)ပါးမှာ

(က) ပရိစ္ဆေဒရုပ် = အာကာသဓါတ် = ရုပ်ကလပ် တို့ကိုပိုင်းခြားပေးသောရုပ်။

(၂) ဝိညတ်ရုပ် (၂)ပါးမှာ

(က) ကာယဝိညတ် = မိမိဆန္ဒကိုသူတစ်ပါးတို့အား သိစေတက်သော ကိုယ် အမူအယာ။

(ခ) ဝစီဝိညတ်= မိမိဆန္ဒကိုသူတစ်ပါးတို့အား သိစေတတ်သော နှုတ်အမူအယာတို့ဖြစ်ကြသည်။

(၃) ဝိကာရရုပ် (၃)ပါးမှာ

(က) လဟုတာ = ရုပ်တို့၏ပေါ့ပါးခြင်းသဘော။

(ခ) မုဒုတာ = ရုပ်တို့၏ နူးညံ့ခြင်းသဘော။

(ဂ) ကမ္မညတာ = ရုပ်တို့၏ကျန်းခံခြင်းသဘောတို့ ဖြစ်ကြသည်။

(၄) လက္ခဏာရုပ် (၄)ပါးမှာ

(က) ဉပစယ = ရုပ်တို့၏အစဖြစ်ခြင်းသဘော။

(ခ) သန္တတိ = ရုပ်တို့၏အစဉ်မပြတ်ခြင်းသဘော။

(ဂ) ဇရတာ = ရုပ်တို့၏ရင့်ရော်ခြင်းသဘော။

(ဃ) အနိစ္စတာ = ရုပ်တို့၏ ပျက်စီးခြင်းသဘော တို့ဖြစ်ကြသည်။

ဖော်ပြပါရုပ်(၁၀)ပါးတို့ကို အသဘာဝရုပ်(ဝါ) အနိပ္ဖန္နရုပ် ဟုခေါ်သည်။ နိပ္ဖန္နရုပ် ဟုခေါ်သည်။

နိပ္ဖန္နရုပ် ၁၈ ပါး၊ အနိပ္ဖန္နရုပ် ၁၀ပါး၊ ပေါင်းရုပ် (၂၈)ပါးဖြစ်ကြသည်။

ထိုရုပ် (၂၈)ပါးတွင် မဟာဘုတ် ၄ပါးမှတစ်ပါး ကျန် ၂၄-ပါးသောရုပ်တို့ကို မဟာဘုတ်လေးပါး ကိုမှီ၍သာဖြစ်သောကြောင့် အမှီရုပ် (ဉပါဒါရုပ်)ဟုခေါ်သည်။

(၄) နိဗ္ဗာန်

နိဗ္ဗာန်သည် တဏှာတည်းဟူသော ကွန်ယက်မှ လွတ်မြောက်ခြင်းသဘော (ဝါ) ဝဋ်ဆင်းရဲအပေါင်းမှကင်းရာ၊ ကုန်ရာ၊ ချုပ်ငြိမ်းရာဖြစ်သော သဘောတရားဖြစ်သည်။ (တနည်း) ဒုက္ခခပ်သိမ်းချုပ်ငြိမ်းနေသော ချမ်းသာခြင်းအစစ်အမှန် သဘောဖြစ်၏။ ဤသဘောသည် ရုပ်နာမ်သဘောတို့နှင့် မရောစပ် သီးခြားသဘောတစ်ခုဖြစ်၏။ ပုထုဇဉ်လူသားတို့သည် ရုပ်နာမ်နှင့်ကင်းသည့် အရှိတရားသဘောတစ်ခုကို မစဉ်းစားတတ်သဖြင့် နိဗ္ဗာန်သဘောကို သိနားလည်ရန်ခက်ခဲ၏။

နိဗ္ဗာန်သည် ဗုဒ္ဓအဘိဓမ္မာ၏အထူးခြားဆုံးသော သဘောတစ်ခုဖြစ်သည်။ အခြားမည်သည့် တွေးခေါ်ရှင်ကမျှ နိဗ္ဗာန်၏သဘောကို မကြံဆနိုင်ပါ။ ဗုဒ္ဓသည် ယုတ္တိတန်မတန်ဆင်ခြင်နည်းဖြင့်လည်းကောင်း လက်တွေ့ကျင့်ကြံနည်းဖြင့်လည်းကောင်း နိဗ္ဗာန်ရှိသည်ကို ညွှန်ပြထားတော်မူ၏။ နိဗ္ဗာန်သည် လောကမှ လွန်မြောက်သော လောကုတ္တရာနယ် (Supramundance) ဖြစ်၏။

"နိဗ္ဗာန်ဆိုတာ မြင်စရာ ခံစားစရာမဟုတ်ပါဘူး၊ နိဗ္ဗာန်ကိုမြင်စရာ ခံစားစရာအနေနဲ့ ရှာကြရင် တစ်သက်လုံးတွေ့မှာမဟုတ်ဘူး" လို့ ပိုင်းလော့ဆရာတော်က ဟောကြားထားပေသည်။

ရွှေဟင်္သာဆရာတော်ဘုရားကြီးက နိဗ္ဗာန်ကိုအောက်ပါအတိုင်း ဖေါ်ပြထား ပါတယ်။ နိဗ္ဗာန်ဆိုတာ နိဝါနကလာတာ။ နိ= မရှိခြင်း၊ ဝါနဆိုတာ တဏှာလို့ အဓိပ္ပါယ်ရပါတယ်။

နိ + ဝါန ကနေ 'ဝ' ကို 'ဗ' ပြုပါတယ်။

နိ + ဗ + ါ + န နောက်ပြီး ဗ္ဗ ကိုဒွေးဘော်ပြုပါတယ်။

နိ + ဗ္ဗ + ါ + န

နိဗ္ဗာန ဖြစ်သွားတယ်။ ဗမာတွေက အသတ်ထည့် ခေါ်တော့ နိဗ္ဗာန် ဖြစ်သွားတယ်။




နိ = မရှိခြင်း/ကင်း

ဝါန = တဏှာ

အဲဒီတော့ နိဗ္ဗာန်ဆိုတာ တဏှာမရှိခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဒီလိုဆိုရင် 'တဏှာ' ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း နားလည်ဖို့လိုပါတယ်။ တဏှာကိုအများအားဖြင့် လိုချင်တယ်။ တပ်မက်တယ်။ နှစ်သက်တယ်။ သဘောကျတယ် စသဖြင့် အဓိပ္ပါယ်ဖွဲ့ဆိုကြပါတယ်။ တနည်းအားဖြင့် တဏှာကို အာရုံ၌ ကပ်ငြိခြင်း၊ အာရုံကိုချုပ်စပ်ခြင်းလို့ သဘောရပါတယ်။

တဏှာရှိရင် "မာန"နဲ့ "ဒိဋ္ဌိ"လဲပါနေပြီလို့မှတ်ပါ။ အကောင်အထည်ထင်မှုက

ဒိဋ္ဌိ ၊ ငါလို့ထင်တာက မာန ၊ အာရုံ၌ ကပ်ငြိတာက တဏှာ ။ အဲဒီတော့ ပုံကလေးပြမယ်ဆိုရင် ဘေးပါပုံအတိုင်းရပါတယ်။

နိဗ္ဗာန်ကိုအမှန်တကယ် ရလို၊ရောက်လိုတဲ့ ပုဂ္ဂိုလ်ဟာ အောက်ပါ ဉာဏ်နှစ်ဉာဏ်ကို သိရှိနားလည်ဖို့ လိုအပ်ပါတယ်-

၁။ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် နဲ့

၂။ သစ္စာနုလောမိကဉာဏ် တို့ဖြစ်ပါတယ်။

(၁) ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ်ဆိုတာ ကံ၊ ကံ၏အကျိုးကို ယုံကြည်ရပါမယ်။ ကောင်းတာလုပ်ရင်တော့ ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့အကျိုးခံစားရမယ်ဆိုတဲ့ ကံ၊ ကံ၏အကျိုးကို ယုံကြည်တဲ့ဉာဏ်ကို ပြောတာဖြစ်ပါတယ်။ ဒီဉာဏ်မရရင် သစ္စာနုလောမိက ဉာဏ်မရနိုင်ပါဘူး။ ပုထုဇဉ် ပုဂ္ဂိုလ်တွေပြုလုပ်နေတဲ့ ကံတွေနဲ့ပို့ဆောင်ပေးတဲ့တရားတွေကိုကြည့်မယ်ဆိုရင် -

| | | | |
|---|---|---|---|
| ၁။ အကုသိုလ်ကံ(ဒုစရိုက် ၁၀ ပါး၊ ၄၀ ပါး)အပါယ်လေးဘုံ | | —— | အစုန်လမ်း |
| ၂။ ကုသိုလ်ကံ (ဒါန) | လူ၊ နတ် | ┐ | |
| ၃။ ကုသိုလ်ကံ (သီလ) | လူ၊ နတ် | │ | အဆန်လမ်း |
| ၄။ ကုသိုလ်ကံ (သမထ) | ဗြဟ္မာ | ┘ | |
| ၅။ မဟာကုသိုလ်(ဝိပဿနာ) | နိဗ္ဗာန် | —— | နိဗ္ဗာန်လမ်း |

မိမိဘယ်လမ်းသွားလိုသလဲ၊ သွားလိုတဲ့နေရာ ရောက်တဲ့ကံတွေကို လုပ်ရပါမယ်။ နိဗ္ဗာန်ကို လိုချင်ရင်တော့ ဝိပဿနာလုပ်မှသာရပါမယ်။ ဒါန၊ သီလ၊ သမထလောက်နဲ့ နိဗ္ဗာန်ကို မရောက်နိုင်ပါဘူး။ ပုထုဇဉ် မှန်သမျှကတော့ အစုန်လမ်းနဲ့ အဆန်လမ်းသာသိပြီး ကံတွေပြုလုပ်နေကြတာများပါတယ်။

ပုထုဇဉ်ဆိုတာ ကိလေသာထူပြောသူ(ဝါ) ကိလေသာနဲ့သာနေသူလို့ အဓိပ္ပါယ်ရပါတယ်။ ပုထုဇဉ် ၄မျိုး ခွဲခြားထားပါတယ်။

## (၁) အန္ဓဗာလပုထုဇဉ် (ကန်းလဲကန်း၊ မိုက်လည်းမိုက်တဲ့ပုထုဇဉ်ပါ)

ပညာမျက်စိမရှိ၊ မိုက်လဲမိုက်မဲတဲ့ ပုထုဇဉ်ဖြစ်သည့်အတွက် ကမ္မဿကတာဉာဏ်(ကံ၊ ကံ၏အကျိုးကို ယုံကြည်တဲ့ဉာဏ်) မရှိသောကြောင့် ဒုစရိုက် ၁၀ ပါး၊ ၄၀ ပါးတို့ကိုသာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေပါ။ သူတို့ရဲ့လားရာကတော့ အပါယ်လေးဘုံပါပဲ။

## (၂) အန္ဓပုထုဇဉ် (ကန်းသည့်ပုထုဇဉ်)

ပညာမျက်စိမရှိသော်လည်း ကံ ကံ၏အကျိုးကိုယုံကြည်သဖြင့် မကောင်းမှု ဒုစရိုက်ကို ရှောင်ရှားပြီး ကောင်းမှုသာပြုလုပ်တဲ့ ပုထုဇဉ်ကိုခေါ်ပါတယ်။ လူ၊ နတ်၊ ဗြဟ္မာ ဆိုတဲ့ ဘုံတွေကိုရောက်နိုင်ပေမယ့် နိဗ္ဗာန်တော့မရနိုင်ပါဘူး။ အပါယ်လေးဘုံကိုလည်း မလွတ်နိုင်သေးပါဘူး။

## (၃) ကလျာဏပုထုဇဉ်

ကမ္မဿကတာဉာဏ်ရှိပြီး ရုပ်၊ နာမ်ကိုနားလည်သော်လည်း၊ ရုပ်နာမ်၏ဖြစ်ပျက်ကို မမြင်သောကြောင့် အကုသိုလ်ကိုမပြုလုပ်ဘဲ၊ ဒါန၊ သီလ၊ သမထသာ အားထုတ်တဲ့ ပုထုဇဉ် ဖြစ်ပါတယ်။ လူ၊ နတ်၊ ဗြဟ္မာ ဘုံတွေရောက်နိုင်သော်လည်း နိဗ္ဗာန်ကိုမရနိုင်သလို အပါယ် လွတ်ဘို့လည်း မသေချာသေးပါဘူး။

## (၄) စူဠသောတာပန်

နာမ်ရုပ်ကိုပိုင်းခြားနားလည် ဖြစ်ပျက်မြင်ပြီး နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ဉာဏ်ရသောပုဂ္ဂိုလ်ကိုခေါ်လေသည်။ စူဠသောတာပန်ဉာဏ်ရပါက တစ်ဘဝ၊ နှစ်ဘဝ အပါယ်တံခါးပိတ်၍ ၎င်းတစ်ဘဝနှစ်ဘဝအတွင်းမှာပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကာ ဘုံစဉ်စံဖြင့် နိဗ္ဗာန်သို့ စံဝင်နိုင်သောပုဂ္ဂိုလ် ဖြစ်လေသည်။

အပါယ်လေးဘုံမှလွတ်လိုပြီး နိဗ္ဗာန်ကိုဘုံစဉ်စံဖြင့် ရောက်လိုသောပုဂ္ဂိုလ်တို့သည် စူဠသောတာပန်ဉာဏ် ရထားဖို့လိုပေသည်။ နာမ်ရုပ်ကို ပိုင်းခြားသိသော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် နမ်ရုပ်ဖြစ်ကြောင်းကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ခုကို ယထာဘူတဉာဏ် ဟုလည်းခေါ်ပေသည်။ ၎င်းယထာဘူတဉာဏ်ရသော ပုဂ္ဂိုလ်အား စူဠသောတာပန်

ဉာဏ်ရပုဂ္ဂိုလ်ဟုခေါ်လေသည်။ စူဠသောတာပန်ဉာဏ်ရရန် ''နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်'' ကိုပိုင်နိုင်ပြတ်သားစွာ နားလည်ဖို့လိုပေသည်။

## ၁။ နာမရူပ ပရိစ္ဆေဒဉာဏ်

နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်ကိုခေါ်သည်။ အနန္တစကြဝဠာနှင့် ၄င်းစကြဝဠာတွင်ရှိ သတ္တဝါအားလုံးတို့ကို ''လောက'' အနေဖြင့်ပိုင်းခြားပါက လောက (၃) ပါးသာ ရပေသည်။ ရေ၊ မြေ၊ တောတောင်၊ သမုဒ္ဒရာ၊ အိုးအိမ်၊ တိုက်တာ၊ အဆောက်အဦ၊ အသုံးအဆောင်ပစ္စည်း၊ ဝတ္ထု၊ အဝတ်အစား စသည်တို့သည် ''ဩကာသ'' လောကမည်၏။ ရုပ်တရားများသာ ဖြစ်လေသည်။

အနန္တစကြဝဠာ၌ရှိသော ရေမြေ တောတောင်၊ သမုဒ္ဒရာ၊ အိုးအိမ်၊ တိုက်တာ၊ အဆောက်အဦ၊ အသုံးအဆောင်ပစ္စည်းဝတ္ထု အဝတ်အစားစသည့် ဩကာသလောကနှင့် သက်ရှိသတ္တဝါများဖြစ်သော သတ္တလောကတွင်ရှိ ရုပ်တရားနှင့် နာမ်တရားတို့သည် မတည်မြဲဘဲ ပြုပြင်ပြောင်းလဲမှုသဘောတရားကို သင်္ခါရလောကဟုခေါ်လေသည်။

ထို့ကြောင့် လောကအနေဖြင့် ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဟု မျိုးစုံခေါ်ကြသော်လည်းအနှစ်ချုပ်ပါက ရုပ်နာမ်ဓမ္မသင်္ခါရတရားများသာဖြစ်လေသည်။ ''နာမ်''တရားအကြောင်း ပိုင်းခြားသိသောဉာဏ်ကို နာမပရိစ္ဆေဒဉာဏ်ဟုခေါ်၍ ''ရုပ်'' အကြောင်း ပိုင်းခြားသိသောဉာဏ်ကို ရူပပရိစ္ဆေဒဉာဏ်ဟုခေါ်လေသည်။ ''နာမ်''တရား သည် သိတတ်သောသဘောရှိပြီး နာမ်သည် စိတ်နှင့် စေတသိက်တို့ဖြစ်လေသည်။

''စိတ်''သည် အာရုံကိုသိသော၊ ကိုင်းညွတ်တတ်သောသဘောရှိပြီး ''စေတသိက်'' သည် စေ့ဆော်တိုက်တွန်းတတ်သော သဘောရှိလေသည်။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ အကျယ်ဖွဲ့တစ်ရာ့နှစ်ဆယ်တစ်ရှိပြီး၊ စေတသိက်တွင် ဝေဒနာ -၁၊ သညာ -၁၊ နှင့် သင်္ခါရ- ၅၀ တို့ဖြစ်လေသည်။ စေတသိက် ၅၂ ပါးရှိသည်။ နာမ်တရားကို ခန္ဓာအနေဖြင့် ဖွဲ့ပါက-

| | |
|---|---|
| (၁) ဝေဒနာက္ခန္ဓာ -၁ (ခံစားတတ်သောသဘော)<br>(၂) သညာက္ခန္ဓာ -၁ (မှတ်သားတတ်သောသဘော)<br>(၃) သင်္ခါရက္ခန္ဓာ -၅၀(ပြုပြင်ပြောင်းလဲတတ်သောသဘော) | စေတသိက် |
| (၄) ဝိညာဏက္ခန္ဓာ (သိတတ်သောသဘော ) | စိတ် |

ဟူ၍ နာမ်ခန္ဓာ -၄ပါးရလေသည်။ နာမ်ခန္ဓာ ၄-ပါးတွင် စိတ်က ၁-ပါး၊ စေတသိက်က ၃-ပါး ရသည်။

၃၁-ဘုံ၌ရှိသော သက်ရှိသတ္တဝါအားလုံးတို့တွင် နာမ်ခန္ဓာအနေဖြင့် ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ နာမ်ခန္ဓာလေးပါးထက် ပို၍မရှိကြချေ။ ပုဂ္ဂိုလ်သတ္တဝါ၊ အကောင်အထည် အနေဖြင့်မရှိဘဲ၊ နာမ်ခန္ဓာလေးပါးသာရှိသည်။ နာမ်ခန္ဓာလေးပါးတို့သည် ခံစားတတ်သောသဘောဖြစ်သည့် ဝေဒနက္ခန္ဓာ၊ မှတ်သားတတ်သောသဘောဖြစ်သည့် သညက္ခန္ဓာ၊ ပြုပြင်ပြောင်းလဲတတ်သောသဘော ဖြစ်သည့် သင်္ခါရက္ခန္ဓာ၊ သိတတ်သောသဘောဖြစ်သည့် ဝိညာဏက္ခန္ဓာဟု ပိုင်းခြားသိသောဉာဏ်ကို "နာမပရိစ္ဆေဒ" ဉာဏ်ဟုခေါ်လေသည်။

"ရုပ်" တရားသည် ဖောက်ပြန်ပျက်စီးတတ်သောသဘောရှိပြီး ရုပ် ၂၈-ပါးရှိလေသည်။ ဝိပဿနာ အားထုတ်လိုသူသည် ၄င်းရုပ် ၂၈-ပါးထဲမှ အခြေခံဖြစ်သော ဘူတရုပ် ၄-ပါး။ ၄င်းဘူတရုပ် ၄-ပါးပေါင်းဆုံ၍ ဖြစ်ပေါ်လာသော အမှီရုပ် ၄-ပါးဖြစ်သည့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ စသည့်ရုပ်လေးပါးကို ပိုင်နိုင်စွာ သိထားဖို့လိုအပ်ပေသည်။

ဘူတရုပ်လေးပါးမှာ-

(၁) ပထဝီ (မြေဓာတ်) မာမှု၊ ပျော့မှု၊ နူးညံ့မှု၊ ချောမွေ့မှုသဘော။
(၂) အာပေါ (ရေဓာတ်) ဖွဲ့စည်းမှု၊ ယိုစီးမှုသဘော။
(၃) တေဇော (မီးဓာတ်) ပူမှု၊ အေးမှု၊ နွေးမှုသဘော။
(၄) ဝါယော (လေဓာတ်) ထောက်ကန်ခြင်း၊ ရန်းကန်လှုပ်ရှားခြင်း သဘော



ပရမာအနုမြူတစ်လုံး

ဥပါဒါနရုပ် လေးပါးမှာ-

(၁) ဝဏ္ဏ အရောင်အဆင်း
(၂) ဂန္ဓ အနံ့
(၃) ရသ အရသာ
(၄) ဩဇာ အဆီဓာတ် တို့ဖြစ်ကြလေသည်။

ဘူတရုပ် ၄-ပါးနှင့် ဥပါဒါနရုပ် ၄-ပါးတို့ကို အဋ္ဌကလာပ်ရုပ် ၈-ပါးဟု ခေါ်လေသည်။ စကြဝဠာ အနန္တ၊ (ဝါ) ၃၁-ဘုံ (ဝါ) လောက ၃-ပါး၌ရှိသော ရုပ်ဝတ္ထု ပစ္စည်းမှန်သမျှတို့သည် သေးငယ်သော ရုပ်မှုန်ကလေးများဖြင့် ဖွဲ့စည်းထားခြင်းသာ ဖြစ်ပေသည်။

## ဗုဒ္ဓသိမြင်တော်မူသော ပရမတ္ထသစ္စာနှင့် ယနေ့သိပ္ပံပါရဂူတို့အမြင်

ဗုဒ္ဓရှင်တော်ဘုရားက ဤကမ္ဘာလောကတွင် " သစ္စာတရား "နှစ်ပါးရှိသည်။ သစ္စာဆိုသည်မှာ အဟုတ်အမှန် (ဝါ) အစစ်အမှန်တရားကို ဆိုပေသည်။ ထိုသစ္စာနှစ်ပါး (ဝါ) အမှန်တရားနှစ်မျိုးမှာ
(၁) သမ္မုတိသစ္စာ နှင့် (၂) ပရမတ္ထသစ္စာတို့ဖြစ်ပေသည်။

### (၁) သမ္မုတိသစ္စာ ဆိုသည်မှာ

ဥပမာအားဖြင့် = တော၊ တောင်၊ ရေ၊ မြေ၊ စိန်၊ ရွှေရတနာများ၊ ပစ္စည်းဥစ္စာ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောကျ်ား၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆန်ရေ စပါးဟု လောကလူသားတွေတင်စားကာ ခေါ်ဆိုအပ် အသိအမှတ်ပြုထားကြသော " ပညတ်အာရုံ " ဟူသမျှကို " သမ္မုတိသစ္စာ" ဟုခေါ်သည်။ လောကတွင် တကယ်ရှိ အဟုတ်ရှိသော တရားမျိုးတော့မဟုတ်ပါ။ သို့သော် လောကလူသားတွေက တညီတညွတ်တည်း အသိအမှတ်ပြုထားကြသော အမှန်တရားမျိုးဖြစ်သည်။ (ဝါ) အရှိအမှန်တရား ဖြစ်လေသည်။

### (၂) ပရမတ္ထသစ္စာ ဆိုသည်မှာ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူ၍(၄)မျိုးရှိသည်။

(က) စိတ် = အာရုံ အသီးသီးကို ကြံစည်တတ် သိတတ်သော သဘောတရား ဖြစ်သည်။

( ခ) စေတသိက် = စိတ်နှင့်ယှဉ်ဖေါ်ယှဉ်ဖက်· ဆိုးတူကောင်းဘက် ဖြစ်ဖေါ်ဖြစ်ဘက် ပျက်ဖေါ်ပျက်ဖက်သဘောတရားဖြစ်သည်။

( ဂ) ရုပ် = ဖောက်ပြန် ပျက်စီးတတ်သော သဘောတရားမျိုးဖြစ်သည်။

(ဃ) နိဗ္ဗာန် = တဏှာတည်းဟူသော ကွန်ယက်မှ လွတ်မြောက်ခြင်းသဘော (ဝါ) ဝဋ်ဆင်းရဲအပေါင်းမှ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော သဘော တရားဖြစ်သည်။

ပရမတ္ထသစ္စာတွင် တရားကိုယ်အားဖြင့် ထိုလေးမျိုးလေးစားမှလွဲ၍ ပုဂ္ဂိုလ်၊သတ္တဝါ၊ မိန်းမ၊ ယောကျာ်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စိန်၊ ရွှေရတနာ၊ ပစ္စည်းဥစ္စာ ဟူ၍လုံးဝမရှိပေ။ ထိုလေးမျိုးလေးစား သာလျှင် အဟုတ်ရှိ အမှန်ရှိသော ''အရှိအမှန်တရားဖြစ်ပေသည်။''

(ထိုထက် အကျယ်ကို သင်္ဂြိုလ်ကျမ်းတွင် လည်းကောင်း။ မကျဉ်းမကျယ်ကို ဗောဓိပက္ခိယဝိပဿနာ အမြုတေကျမ်းတွင်လည်းကောင်း ယူနိုင်ကြပါသည်)။

ယင်းပရမတ္ထသစ္စာတွင်လည်း ''လောကီပရမတ္ထသစ္စာ'' နှင့် ''လောကုတ္တရာ ပရမတ္ထသစ္စာ'' ဟူ၍ နှစ်မျိုးရှိပြန်သည်။

(၁) လောကီပရမတ္ထသစ္စာ = စိတ်၊ စေတသိက်၊ ရုပ် ဤတရားသုံးပါးဖြစ်သည်(ဝါ) ၄င်းတို့သုံးမျိုးသည် သင်္ခါရနယ်သား ''သင်္ခတတရား''တွေဖြစ်သည်။ သင်္ခါရဆိုသည်မှာ ဖြစ်ခြင်းပျက်ခြင်း သဘောရှိသည်။ သင်္ခါရနယ်သို့ရောက်လျှင် (ဝါ) သင်္ခတတရားကို နည်းမှန် လမ်းမှန် ဝိပဿနာဉာဏ်နှင့် တွေ့မြင်လျှင် ''ဒုက္ခအစစ်'' ကိုတွေ့ရမည်။(ဝါ) '' ဒုက္ခသစ္စာ'' ကို တွေ့ရပါမည်။

(၂) နိဗ္ဗာန် = ဝဋ်ဒုက္ခအပေါင်းတို့ချုပ်ငြိမ်းရာ ''အသင်္ခတ'' သဘောဖြစ်သည်၊ (ဝါ) ဖြစ်မှု ပျက်မှု ချုပ်ငြိမ်းရာ ''မဖြစ်သဘော အငြိမ်းသဘော '' ဖြစ်သည်။ ထိုနိဗ္ဗာန်သည် ''အသင်္ခတတရား'' ဖြစ်သည်။

သင်္ခတအစစ်ကိုတွေ့မြင်နိုင်လျှင် ''ချမ်းသာအစစ်'' ကိုတွေ့ရမည်။ (ဝါ) တွေ့နိုင်သည်၊ (နံပါတ်- ၁၊ သင်္ခတတရားဆင်းရဲအစစ်ကို မိမိကိုယ်တိုင်''ဝိပဿနာဉာဏ်'' ဖြင့်တွေ့မြင်မှ နံပါတ်-၂ အသင်္ခတတရား ချမ်းသာအစစ်ကို ''မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ်'' နှစ်တန်သော ဉာဏ်ထူးဖြင့် မျက်မှောက်ပြုနိုင်ပေသည်။

ဖော်ပြပါ ပရမတ္ထသစ္စာနှစ်မျိုးအနက် လောကီပရမတ္ထသစ္စာသည် ''အကြောင်းတရား'' ဖြစ်သည်။ လောကုတ္တရာပရမတ္ထသစ္စာသည်''အကျိုးတရား'' ဖြစ်ပေသည်။ သို့ပါ၍ အကျိုးတရားကိုချန်ထားပြီး အကြောင်းတရားကိုသာ ဆက်လက်ဖော်ပြသွားရန်ဖြစ်ပါသည်။ ထိုလောကီပရမတ္ထသစ္စာတွင်လည်း ရုပ်သဘာဝ(ဝါ) ရုပ်ပရမတ္ထသစ္စာ နှင့် နာမ်သဘာဝ(ဝါ) နာမ်ပရမတ္ထသစ္စာ ဟုနှစ်မျိုးရှိနေပြန်ပါသည်။ ယင်းလောကီပရမတ္ထသစ္စာ နှစ်မျိုးအနက် ''မျက်မှောက်ခေတ် သိပ္ပံပညာရှင်များ'' ရှာဖွေတွေ့သိထားသည်မှာ ''ရုပ်ဝတ္ထုပစ္စည်း'' အပေါ်တွင်သာ စမ်းသပ်တွေ့သိထားခြင်းဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် ဤကျမ်းဦး တတိယ အပိုင်းအနေဖြင့်လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောညွှန်တော်မူသော ''ရုပ်သဘာဝ လက္ခဏာ'' (ဝါ) ''ရုပ်တရား ရုပ်ဝတ္ထုတို့၏အရှိအမှန်တရား'' ကို အလေးထား၍ ဖော်ပြသွား ရန်ဖြစ်ပေသည်။

ရုပ်ဝတ္ထုပစ္စည်း၌ အမှန်တကယ်ရှိသောပရမတ္ထတရား-

ဣမသ္မိံ ကာယေ သဗ္ဗံ ထဒ္ဓ ကြိယာ မတ္တံ ပထဝီနာမ၊ အာပေါနာမ အာဗန္ဓန ကြိယာ မတ္တံ၊ တေဇောနာမ သီတ ကြိယာ မတ္တံ၊ ဥဏှကြိယာ မတ္တံ ဝါယောနာမ ဝိတ္ထမ္ဘန ကြိယာ မတ္တံ၊ နတေသု ဒဗ္ဗံ ဝါ၊ သဏ္ဌာနံ ဝါ၊ ဝိဂ္ဂဟောဝါ၊ ဥပ္ပလဗ္ဘတိ၊ ပစ္စယာ ယတ္ထ ဝုတ္တိနော စ ဟောန္တိ။

အဓိပ္ပါယ် -

ဤတစ်လံမျှရှိသော ခန္ဓာကိုယ်၌(ဝါ) (ရုပ်ဝတ္ထုပစ္စည်းဟူသမျှ၌) စေ့စေ့ငုံငုံ ဉာဏ်စက္ခုဖြင့် ကြည့်ရှုခဲ့သည်ရှိသော်(၁)လေး၊ မာ၊ ကြမ်းတမ်းသော ''ပထဝီဓါတ်၏ သဘာဝလက္ခဏာ'' သည်လည်းကောင်း၊ (၂)ဖွဲ့မှု၊ ဖြန့်မှု ကိစ္စစုကို ဆောင်ပြတတ်သော

"အာပေါဓါတ်၏ သဘောသဘာဝလက္ခဏာ"သည်လည်းကောင်း၊ (၃) ပူမှု၊ အေးမှု ဤနှစ်စုကို ဆောင်ပြလျှက်ရှိသော "တေဇော ဓါတ်၏သဘောသဘာဝလက္ခဏာ" သည် လည်းကောင်း၊(၄) တွန်းမှု၊ ကန်မှု၊ ထောက်မှု မှုသာရှိသော"ဝါယောဓါတ်၏သဘောသဘာဝ လက္ခဏာသည်လည်းကောင်း အသီးသီးသာလျှင် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိသော ပရမတ္ထ သဘောတရားတို့ဖြစ်ပေသည်။

ဤလေးမျိုး လေးစား လေးပါးမှလွဲ၍ အကောင်အထည် သဏ္ဍာန် ဒြပ် ပုဂ္ဂိုလ် သတ္တဝါ သူ ငါ ကျား မ ခေါင်း လက် မျက်လုံး မျက်ခုံး ဟူ၍ လောကပညတ် ခေါ်ဆို အပ်သော သဘောတရားတို့သည် လုံးဝမရှိပါပေ။

အထက်ပါ တလောကလုံးတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓါတ်ကြီး လေးပါးရှိကြောင်း ညွှန်ထားပေသည်။ ထိုဓါတ်ကြီးလေးပါးကို" မဟာဘုတ်ကြီးလေးပါး "ဟုလည်းခေါ်သည်။ ရုပ်ဝတ္ထုပစ္စည်းဟူသမျှတို့ကို အခြေခံပေးသော မူတည်ပေးသောကြောင့် (မူတည်ရုပ်)ဟုလည်းခေါ်သည်။(ဘူတရုပ်)ဟုလည်းခေါ်သည်။ ဓါတ်ကြီးလေးပါးကို နောက်ပိုင်းမှ ကူညီထောက်ပံ့လျှက်ရှိသော (ဝဏ္ဏ၊ဂန္ဓ၊ ရသ၊ ဩဇာ) = ဆင်း၊ နံ့ ၊ရသာ၊ ဆီဩဇာ ဟူသော (ဥပါဒါရုပ်)ဆိုတာရှိသည်၊(ဝါ) ဓါတ်ကလေး လေးပါးရှိသည်။

မာ ပူ အေး ကန်၊ တွန်းဖွဲ့မှန်၊ လေးတန်ဘူတရုပ်။

ဆင်း နံ့ ရသာ၊ ဆီဩဇာ၊ လေးဖြာ ဥပါဒါရုပ်။

ဟူ၍ ဆရာ့ဆရာများက လင်္ကာဆောင်ပုဒ် ဖွဲ့ဆိုထားပေသည်။ ထိုဓါတ်ကြီးလေးပါးနှင့် ဓါတ်ကလေးလေးပါးကို(အဋ္ဌကလာပ် တစည်း)ဟုခေါ်သည်။ ထိုအဋ္ဌကလာပ်၏ ပမာဏမှာ (ပရမာ အဏုမြူ) တမျှရှိသည် ၄င်းပရမာအဏုမြူကို ပကတိမျက်စိဖြင့် မမြင်ရ၊ မမြင်နိုင်ပေ။



ပရမာအနုမြူတစ်လုံး

ပကတိမျက်စိဖြင့် မမြင်နိုင်သော မြူမှုန်မှာ "တဇ္ဇာရီဏုမြူ" ဖြစ်သည်။ တဇ္ဇာရီဏုမြူ ဆိုသည်မှာ နေလုံးကြီးထွက်လာသောအခါ နံနက်(၈)နာရီ (၉)နာရီ အချိန်ခန့်တွင် အိမ်ထရံပေါက်မှ ထိုးဝင်လာသော နေရောင်ပြောက်များကို တွေ့ကြပေလိမ့်မည်။ ထိုနေရောင်ပြောက်တန်း

ထဲတွင် တလျပ်လျပ်၊ တဖျပ်ဖျပ်လှုပ်ရှားလျှက်ရှိသော မြူမှုန်ကလေးများကို မြင်ကြပေသည်။ ထိုမြူမှုန်ကလေးများကို "တဇ္ဇာရီဏုမြူ"ဟုခေါ်သည်။ ထိုတဇ္ဇာရီဏုမြူကို(၃၆) စိတ်၍ရသော တစိတ်ကို "အဏုမြူ" ဟုခေါ်သည်။ ထိုအဏုမြူကို(၃၆) စိတ်၍ရသော တစိတ်ကို "ပရမာဏုမြူ" ဖြစ်ပေသည်။(ဝါ) ပရမာဏုမြူဟုခေါ်သည်။

ပရမာဏုမြူမှ အထက်သို့ဆန်တက်ကြည့်သည်ရှိသော်

| | | | | |
|---|---|---|---|---|
| (၁) ပရမာဏုမြူ | = ၃၆ ခုပေါင်း | အဏုမြူ | = ၁-ခုရသည်။ | |
| (၂) အဏုမြူ | = ၃၆ ခုပေါင်း | တဇ္ဇာရီဏုမြူ | = ၁-ခုရသည်။ | |
| (၃) တဇ္ဇာရီဏုမြူ | = ၃၆ ခုပေါင်း | ရထရေဏုမြူ | = ၁-ခုရသည်။ | |
| (၄) ရထရေဏုမြူ | = ၃၆ ခုပေါင်း | လိက္ခမြူ | = ၁-ခု၇သည်။ | |
| (၅) လိက္ခမြူ | = ၃၆ ခုပေါင်း | ဦကာသန်းတစ်ကောင်ရသည်။ | | |
| (၆) ဦကာ | = ၇ ကောင် စပါးလုံး ၁-လုံးရသည်။ | | | |

(စပါးတစ်လုံးတွင် ပရမာဏုမြူပေါင်း = ၈၂၃၀၁ ၁၈၄-ခုရှိသည်)။ စပါးတစ်ပေါင်လျှင် စပါးလုံးပေါင်း = ၂၄၀၀၀ ရှိသည်။ ထိုစပါးတစ်ပေါင်လျှင် ပရမာဏုမြူ ကလာပ်ပေါင်း ၁,၉၇၅,၂၂၈,၄၁၆,၀၀၀ ပျမ်းမျှကြေးရှိပါသည်။ (ဝါ) ခန့်မှန်းခြေရှိပေသည်။

အထူးသိသာရန်

မြတ်စွာဘုရားရှင်သည် ခန္ဓာနှင့်ပတ်သက်၍ (ဝါ) ရုပ်တရားနာမ်တရားနှင့် ပတ်သက်၍ ရုပ်တရားသည် (ဝါ) ရုပ်ဝတ္ထုသည်လည်းကောင်း၊ နာမ်တရားသည်လည်းကောင်း မျက်စိတမိုတ်၊ လျှပ်တပြက် လက်တတို့အတွင်း (ဝါ) စက္ကန့်အတွင်း၌ ကုဋေပေါင်း မြောက်မြားစွာ ဖြစ်ပျက်နေသည်ဟု ဟောညွှန်ထားပေသည်။ ထိုဟောညွှန်ချက်ကို အဋ္ဌကထာ ဆရာ ဋီကာဆရာများက ရုပ်တရား(ဝါ) ရုပ်ဝတ္ထုပစ္စည်းတို့သည် မျက်စိတစ်မိုတ် လျှပ်တစ်ပြက် အတွင်း၌ " ကုဋေပေါင်းငါးထောင် " ဖြစ်ပျက်နေသည်။ နာမ်တရားသည် မျက်စိတစ်မိုတ် လျှပ်တစ်ပြက်အတွင်း "ကုဋေတစ်သိန်း" ဖြစ်ပျက်နေသည်ဟု ခန့်မှန်းထားကြပေသည်။

( သံယုတ် ၄၊ ၂၊ ၁၉၅၊ သမ္မော၊ ၄၊ ၃၁၊ မူလဋီကာ၊ ၂၊ ၂၆/၇-နှာ)။

## ဆိုလိုရင်းအကျဉ်းချုပ်

တစ်လောကလုံးတွင် ရှိရှိသမျှ ခြပုံး၊ ပိုးရွအစ လူခန္ဓာအလယ်၊ အသူရိန်နတ်မင်းကြီး အဆုံး အသက်ရှိ ပုဂ္ဂိုလ်သတ္တဝါတို့၏ ကိုယ်ထည်ကိုလည်းကောင်း၊ မုန်ညင်းစေ့ငယ်အစ ဟိမဝန္တာတောင်အလယ် မြင်းမိုရ်တောင်ကြီးအဆုံးရှိသော အသက်မဲ့ ရုပ်ဝတ္ထုအထည်ဒြပ် တို့ကိုလည်းကောင်း၊ မဟာဗြဟ္မာ ထာဝရဟု ဘုရားတသင်း ဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။

အစစ်အမှန်က " ကံ၊ စိတ်၊ ဥတု၊ အာဟာရ " ဟု အကြောင်းလေးခုကျေးဇူးပြု၍ ဖြစ်ပေါ်လာခြင်းဖြစ် ပေသည်။ ထိုလေးခု၏ကျေးဇူးပြုမှုကြောင့် အထက်ကဖော်ပြခဲ့သည့်-

မာ၊ ပူ၊ အေး၊ ကန်၊ တွန်းဖွဲ့မှန်၊ လေးတန် ဘူတရုပ်။

ဆင်း၊ နံ့၊ ရသာ၊ ဆီဩဇာ၊ လေးဖြာဥပါဒါရုပ်။

ဟူသော အဋ္ဌကလာပ်တွေဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထိုအဋ္ဌကလာပ်အပေါင်းစု ကိုပင်လျှင်လူ၊ နတ်၊ဗြဟ္မာ၊နေ၊လ၊နက္ခတ်တာရာ၊မြင့်မိုရ်၊စကြဝဠာ ဟူ၍ခေါ်ဆိုသမုတ် ထားခြင်းဖြစ်ပေသည်။ ယင်းရုပ်ဝတ္ထုအပေါင်းအစု(ဝါ)ကလာပ်အပေါင်းအစု သဏ္ဌာန်၊ ဒြပ်၊အငယ်၊အလတ်၊အကြီး ဟူသမျှတို့သည်လည်း ဥပါဒ်၊ဌီ၊ဘင် ခဏငယ်သုံးချက်သာ သက်တမ်းရှိသည်။ (ဝါ)ဖြစ်ပြီးလျှင်ပျက်သွားသည်ဟု ရှင်တော်မြတ်ဘုရားသည် အဘိဓမ္မာ ဒေသနာတော်နှင့် သုတ္တန်ဒေသနာတော်များတွင် အကြိမ်ကြိမ် ဟောညွှန်ထားပေသည်။

ထိုဟောညွှန်ချက်ကို အကြောင်းပြု၍ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက အောက်ပါလင်္ကာဆောင်ပုဒ် ဖြင့်ပညာပေးထားခဲ့ပေသည်။

### ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏လင်္ကာဆောင်ပုဒ်

ကံ စိတ် ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊
ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ လျင်စွာခဏ၊
ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေလျဉ်ပမာ၊
ငါးခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း။

(နာမ်ခန္ဓာသည်=မီးလျှံကဲ့သို့ တလျှပ်လျှပ်ချုပ်ပျောက်လျှက်ရှိသည်ကိုလည်းကောင်း၊ ရုပ်ခန္ဓာသည်= မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင်ချုပ်ပျောက်လျှက်ရှိသည်ကိုလည်းကောင်း၊ လက်ာဖြင့်သရုပ်ဖော်ထားခြင်း ဖြစ်ပေသည်။ ''ဝိပဿနာတရားကို တကယ်အားထုတ်ဖူးသော ယောဂီသူတော်စင်တို့သည် ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်''သို့ ရောက်သောအခါ ဖော်ပြပါ အတိုင်းတွေ့မြင်ရပေသည်)။ ''လက်တွေ့ - မျက်တွေ့ဆရာတို့ တကယ်အားထုတ်ကြည့်ကြစမ်းပါ''။

အထက်ဖော်ပြပါအတိုင်းရုပ်တရား(ဝါ)ရုပ်ဝတ္ထုပစ္စည်းဟူသမျှကို '' ပရမာဏုမြူ'' ပမာဏရှိသော ကလာပ်တို့ဖြင့်ဖွဲ့စည်းထားသည်၊ ထိုသို့ဖွဲ့စည်းထားသောရုပ်တရား(ဝါ) ရုပ်ဝတ္ထုပစ္စည်းတို့သည်လည်း ''ရူပံ ဘိက္ခဝေ အနိစ္စံ'' ဟူသော ဒေသနာတော်အရ အမြဲမရှိသည့်သဘော၊ ဖြစ်ပြီးပျက်သွားသည့်သဘောတို့ကိုရှင်တော်မြတ်ဘုရားသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောညွှန်ထားခဲ့ပေသည်။

ယင်းဟောညွှန်ချက်ကိုယနေ့''သိပ္ပံပညာရှင် (ဝါ) သိပ္ပံပါရဂူ'' တို့၏သိပ္ပံနည်း သိပ္ပံကရိယာဖြင့် စမ်းသပ်တွေ့သိချက်တို့ကို အောက်ပါအတိုင်း ဆက်လက်လေ့လာကြပါရန် နှိုးဆော်အပ်ပါသည်။

---

## ယနေ့သိပ္ပံပါရဂူတို့တွေ့မြင်ကြသောပရမတ္ထသစ္စာ

### နံပါတ်(၁)ကောက်နုတ်ချက်

ယနေ့…အနောက်နိုင်ငံ သိပ္ပံပညာရှင်များ(ဝါ)သိပ္ပံပါရဂူများသည် ရုပ်ဝတ္ထု ပစ္စည်းတို့၏ ''သဘာဝ လက္ခဏာအရှိအမှန်တရား'' ကိုစမ်းသပ်ရှာဖွေလျှက်ရှိကြပေသည်။ထိုသို့ရှာဖွေစမ်းသပ်၍ တွေ့သိကြသည့်အနက်မှ (၁) ရုပ်ရှင်ပြရန်ရိုက်ကူးထားသော ''ဖလင်လိပ် ကော်ပြား'' (ဝါ) ရုပ်ပုံရှိသော ကော်ပြားကလေး တွေရှိပါသည်။ ထိုဖလင်လိပ်ကို ရုပ်ရှင်ပြစက်ထဲထည့်၍ လှည့်ပတ်လိုက်သောအခါ တစ်စက္ကန့်တွင်ရုပ်ပုံ အကွက်ကလေးပေါင်း (၃၀)ပြောင်းလဲသွားသည်။( တစ်မိနစ်=တစ်ထောင့်ရှစ်ရာ၊ တနာရီ=တစ်သိန်း ရှစ်သောင်းပြောင်းလဲသွားသည်)။ဝါ= အသစ်အသစ်တွေပေါ်လာ၍ အဟောင်းအဟောင်းတွေ ချုပ်ပျောက်သွားသည်။

(၂) မြို့ကြီးပြကြီးများ၌ အိမ်(သို့မဟုတ်) လမ်းတွင်ထွန်းညှိထားသော ''လျှပ်စစ်မီးလုံး လျှပ်စစ်မီးချောင်း'' တို့၏ အလင်းရောင်သည် တစက္ကန့်တွင် အကြိမ်ပေါင်း(၅၀) ပြောင်းလဲသွားသည်။ (တစ်မိနစ်တွင် = သုံးထောင်၊ တစ်နာရီတွင် = တစ်သိန်းရှစ်သောင်း၊ အကြိမ်ပေါင်းပြောင်းလဲသွားသည်)။ (ဝါ) အသစ်အသစ်တွေပေါ်လာပြီး အဟောင်းအဟောင်းတွေ ချုပ်ပျောက်ပြတ်စဲသွားသည်။

ဤကား ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ကမ္ဘာ့သာသနာပြုဒေသနာတော်မှ ကောက်နုတ်ချက်ဖြစ်ပါသည်။

### နံပါတ်(၂) ကောက်နုတ်ချက်

ဒုတိယသက်သေပြချက်ကတော့ အမေရိကန်နိုင်ငံ ''ကိုလံဘီယာတက္ကသိုလ်'' ပါမောက္ခဟောင်း ယခု''ဘော့တန်ဆေးတက္ကသိုလ်'' ဇီဝိတဓာတုဗေဒဘာသာရပ်ပါမောက္ခ P.H.Dဘွဲ့ရ'' မစ္စတာ အိုင်စင်အက်စီ မော့(ဗ်)'' သိပ္ပံဘာသာဆိုင်ရာကျမ်းစာအုပ်မှဖြစ်သည်။

အဆိုပါဒေါက်တာက ၄င်းကျမ်း၌ဖော်ပြထားသည်မှာ သစ်သား၊ဖလ်၊မှန်၊သတ္တု၊ အသွေး၊ အသား အစရှိသောအရာဝတ္ထုတို့သည်အသီးသီး နာမပညတ်အားဖြင့် ကွဲလွဲကြသော်လည်း

အားလုံးတူညီသောအချက် တရပ်ရှိပေသည်။ ၎င်းတို့ကို ''သေးငယ်သော ကလာပ်၊ (ဝါ) ဒြပ်ကလေးများကပေါင်းစု၍ထားခြင်း၌အားလုံး တူညီကြပေသည်။

ဤကမ္ဘာ့လောကကြီးနှင့်တကွ နေ၊ လ၊ နက္ခတ်၊ တာရာ(ပုဂ္ဂိုလ်၊ သတ္တဝါ) အစရှိသည်တို့ကို ထိုဒြပ် (ကလာပ်)ကလေးများဖြင့် ပေါင်းစည်း၍ထားပေသည်။ ( ပကတိမျက်စိဖြင့် မမြင်နိုင်)သည်မှာမှန်ပေသည်။

ဖော်ပြပါ အရာဝတ္ထု ပစ္စည်း တပေါင်သာလျှင်(ဝါ) အစိုင်အခဲတခု၏ အလေးချိန်တပေါင်တွင် ပရိတ္တန်ပေါင်း(ဝါ) ကလာပ်ပေါင်း( ၂၄၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ) ရှိသည်ဟု ဖော်ပြထားပေသည်။

ဤသည်ကား အငြိမ်းစား မန္တလေးတက္ကသိုလ် ဒုအဓိပတိ ဦးကိုလေး ကလောင်အမည် ''ဓေယျာမောင်'' ပြုစုသော'' မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီး ဦးဘခင် အတ္ထုပ္ပတ္တိ'' မှကောက်နှုတ်ချက်ဖြစ်သည်။

ဆက်လက်၍ ယင်းအတ္ထုပ္ပတ္တိ ၌ ဖော်ပြပါရှိသော ''ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်'' အပေါ်(ဝါ) ဗုဒ္ဓဘာသာအပေါ် နိုင်ငံခြားသားသိပ္ပံပညာရှင်များ(ဝါ) သိပ္ပံပါရဂူကြီးများ၏ အမြင်ကိုဆက်၍ လေ့လာစေလိုပါသေးသည်။

---

## ဗုဒ္ဓဝါဒအပေါ် နိုင်ငံခြားသား သိပ္ပံပါရဂူများအမြင်

(၁) ဗုဒ္ဓ၏လက်တွေ့ကျင့်သုံးနည်းအရ (စိတ်၊ စေတသိက်)တို့အလုပ်လုပ်နေပုံအကြောင်းကို တကယ်သဘောပေါက်နားလည်မှ ချမ်းသာအစစ်ကို လူသားတွေ ရရှိကြလိမ့်မည်။

လူသားတွေနေ့စဉ် တွေ့ကြုံနေကြတဲ့ ဒုက္ခပြဿနာများကို ဖြေရှင်းပေးနိုင် ပယ်ဖျောက်ပေးနိုင်သော အစွမ်းသတ္တိရှိကြောင်း စမ်းသပ်တွေ့ရှိရပေရာ လူသားအချင်းချင်း မနာလိုမှု၊ မုန်းတီးမှု၊ အထင်မှားမှု စသည်တို့ကို ဝိပဿနာပညာအသိနဲ့ ထိရောက်စွာ ပယ်ဖျောက်နိုင်ပါတယ်။

အဲဒီလိုဖြေရှင်းပယ်ဖျောက်နည်းကို စက်ကိရိယာနှင့် ပြုပြင်ဖန်တီးလို့ မရနိုင်ပါ ဗုဒ္ဓရဲ့ ဝိပဿနာနည်းနဲ့သာ ကျော်လွှန်အောင် ပြုလုပ်နိုင်ပါတယ်။

မစ္စတာ-ရောဘတ်ပိုးဗား
ဒုံးပျံပါရဂူ၊ အမေရိကား။

(၂) ဗုဒ္ဓဝါဒရဲ့လိုရင်းဖြစ်တဲ့ ကိုယ်တွေ့လုပ်ငန်း ကမ္မဋ္ဌာန်းတရားတို့ကို ဘယ်လောက် လေးနက်စွာ လက်ခံပြီး စိတ်ထက်သန်စွာနဲ့ ဘယ်လိုကျေနပ်နှစ်သိမ့်မှုမျိုး ရရှိသွားပုံ အကြောင်းကို ဖော်ပြဘို့ ကျွန်ုပ်အနေနဲ့ စာလုံးများကိုရှာမတွေ့တော့ပါဘူး။

ဗုဒ္ဓဘာသာဟာအားလုံးသော ဘာသာတွေထဲမှာ အကောင်းဆုံးသော ဘာသာရပ် ဖြစ်တဲ့အကြောင်း လေ့လာအားထုတ်ဖူးသူတိုင်း အလွယ်နဲ့သိနိုင်ပါတော့တယ်။

ဒေါက်တာ-လီယွန်းအီးရိုက်
ခရစ်ယာန်ဘာသာ ပါမောက္ခဟောင်း
ဝါရှင်တန်မြို့။

(၃) ဒီနေ့ကမ္ဘာကြီးမှာ ဆိုးဝါးလှတဲ့ ပြဿနာများနဲ့ တွေ့ကြုံရင်ဆိုင်နေရပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ တရားကျင့်သုံးနည်းအရ အအေးဓါတ်ကိုပေးဘို့ အထူးလိုအပ်နေ ပါတယ်။

အနုမြူစစ်ပွဲကြီးဟာ တနေ့တခြား နီးကပ်နေပါတယ်၊ လူသားတွေအားလုံး ပျက်ပြုန်း သေဆုံးမှုမှ ကာကွယ်လိုကြတယ်ဆိုရင် ''သစ္စာလေးပါး''ကို တကမ္ဘာလုံးသိအောင် အလင်းရောင်လမ်းညွှန်ပေးမှုမှတပါး တခြားနည်းလမ်းမရှိတော့ပါဘူး။

မစ္စတာ-ဂျွန်ကိုလ်မင်း
အင်္ဂလန်။

ဤသည်တို့ကား တိုင်းတပါးနိုင်ငံခြား သိပ္ပံပညာရှင်ပါရဂူများက ရှင်တော်မြတ် ဘုရား၏ ''ဗုဒ္ဓဝါဒ''အပေါ်၌ သူတို့၏ ထင်မြင်ယူဆချက်တို့ကို တိုင်းသိပြည်သိ ကမ္ဘာ သိအောင် တိတိလင်းလင်း ဖော်ပြထားခြင်းဖြစ်ပေသည်။

## ဗုဒ္ဓဝါဒနှင့် ကမ္ဘာ့သိပ္ပံ ပါရဂူတို့၏အမြင်နိဂုံး

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က လောကသုံးပါးတွင် အထင်အရှား ပွင့်တော်မူခဲ့သော သ ဗ္ဗညုတဉာဏ်တော်သခင် လောကဝိဒူဂုဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူသော သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက တည်းဟူသော လောကသုံးပါးအကြောင်းကို အကျဉ်းအားဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အမြင်နှင့်ယနေ့မျက်မှောက်ခေတ် သိပ္ပံပညာရှင်များ(ဝါ) သိပ္ပံပါရဂူများ၏"လက်တွေ့-မျက်တွေ့" စမ်းသပ်တွေ့ရှိချက်ကိုလည်း နှိုင်းယှဉ်ကြည့်ရှု နိုင်ကြရန် အကျဉ်းအားဖြင့် ဖော်ပြခဲ့ပါသည်။ အဆိုပါဖော်ပြချက်များကို မိမိတို့ ကိုယ်ပိုင် ဉာဏ်ဖြင့် လေ့လာသုံးသပ်ပြီး လက်ခံကြရန်အတွက်မှုကား ဗုဒ္ဓဘာသာကို လေ့လာနေသူများနှင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့၏အလုပ်သာ ဖြစ်ပေသည်။

## သိပ္ပံပညာရပ်ဆိုသည်မှာ

ယနေ့ ကမ္ဘာလောကကြီးတခုလုံး ရေပန်းစားလျှက်ရှိသော သိပ္ပံနည်းသိပ္ပံဘာသာရပ် သိပ္ပံပညာ ဆိုသည်မှာ မျက်မှောက်လောကတွင် မျက်မြင်ကိုယ်တွေ့အားဖြင့် အမှန်ရှိ တကယ်ရှိ အဟုတ်ရှိနေသော "သက်ရှိ၊ သက်မဲ့၊ ရုပ်ဝတ္ထုပစ္စည်း" အပေါ်၌သာ အလေးထားကာ ဦးစားပေးသောဘာသာရပ်ဖြစ်ပေသည်။ ထိုရုပ်ဝတ္ထုပစ္စည်းများ၏ သဘာဝလက္ခဏာ(ဝါ) သဘောတရားများကို အကြောင်းအကျိုး ဆက်စပ်ကာ ဆင်ခြင်သုံးသပ်၍ (ဝါ) သိပ္ပံစက် ကရိယာများဖြင့် "လက်တွေ့၊ မျက်တွေ့" စမ်းသပ်ကာတွေ့သိမှုကို အတည်ပြု လက်ခံထား ကြသော ဘာသာရပ်ဖြစ်ပေသည်။

မိမိတို့ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ "ဗုဒ္ဓဝါဒ"သည်ကား ရုပ်ဝတ္ထုပစ္စည်းတွင်မကပဲ ရုပ်ဝတ္ထုပစ္စည်းနှင့် ဒွန်တွဲလျှက်ရှိသော(ဝါ) ရုပ်တရားများနှင့် အညမည အပြန်အလှန် ကျေးဇူးပြုလျှက်ရှိသော" စိတ် စေတသိက် ခေါ် နာမ်တရား"ကိုပါ ဆန်းစစ်လေ့လာပြီး လက်ခံထားသောဝါဒဖြစ်ပေသည်။ သိပ္ပံပညာရှင်တို့သည် ရုပ်ဝတ္ထု(ဝါ) ရုပ်တရားကို ဦးစား ပေးကာ တီထွင်ကြံဆပြုလုပ်နေကြသကဲ့သို့ ဗုဒ္ဓဝါဒသည် နာမ်တရားကို အဓိကထားကာ ပြုပြင်ပေးသောဝါဒဖြစ်သည်။

## ဗုဒ္ဓဝါဒသည် အဘယ်ကြောင့်နာမ်တရားကိုအဓိကထားသနည်း

ယနေ့လူသားတွေ၏ သန္တာန်၌ ကျရောက်ကပ်ငြိလျှက်ရှိသော(၁) လိုချင်တပ်မက်မှု၊ (၂) မနာလို ဝန်တိုမှု၊ (၃) ခက်ထန်ကြမ်းကြုတ် ရိုက်ပုတ်သတ်ဖြတ်လိုမှု၊ (၄) ထိတ်လန့်ကြောက်ရွံ့မှု၊ (၅) စိုးရိမ်ပူဆွေး ငိုကြွေး ပူပင်ဆင်းရဲမှု၊ (၆) စိတ်ကြီးဝင်မော်ကြွားထောင်လွှားလိုမှု အစရှိသော ပြဿနာတို့သည် လူသားတွေ၏ရုပ်ခန္ဓာ(ဝါ)ရုပ်ဝတ္ထုအပေါ်၌ စွဲကပ်ကျနေသည်မဟုတ်ပါ။ နာမ်ခန္ဓာဝါ နာမ်တရားအပေါ်၌ ကျရောက်လျှက်ရှိသော ပြဿနာများ(ဝါ) စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်ရိုင်းများဖြစ်ပေသည်။ ယင်းပြဿနာများကို သိပ္ပံနည်း သိပ္ပံပညာရပ် သိပ္ပံစက်ကိရိယာတို့ဖြင့် ပြုပြင်၍(ဝါ) ကုစား၍ရကောင်းသော ပြဿနာရပ်မဟုတ်ပါပေ။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ''ဗောဓိပက္ခိယဆေးနည်း (ဝါ) လေးပါးသစ္စာဆေးမြတ်မဟာ'' ဖြင့်သာ ပြုပြင်ပေးနိုင် ကုစားပေးနိုင်ပေသည်။

သို့ဖြစ်၍ဗုဒ္ဓဝါဒသည် နက်နဲသိမ်မွေ့လှသော ''စိတ် စေတသိက်တရားများ'' ''နာမ်တရား''ကို ပဓာနထား၍ ပြုပြင်သောဝါဒဖြစ်ပေသည်။ ယင်းနာမ်တရားကို ပြုပြင်ပေးသော သတ္တိထူးများ(ဝါ) အစွမ်းထက်မြက်လှသော ဉာဏ်စွမ်းသတ္တိများကို ယနေ့ ကမ္ဘာနှင့်အဝန်း တိုးတက်လျှက်ရှိသော ''သိပ္ပံနည်း၊ သိပ္ပံဟန် သိပ္ပံပေတံ''တို့ဖြင့် (ဝါ) သိပ္ပံစက်ကိရိယာတို့ဖြင့် ဆန်းစစ်ရှာဖွေတိုင်းတာ၍ ရကောင်းသော ဘာသာရပ် မဟုတ်ကြောင်းကို ဤတွင် နိဂုံးချုပ်လိုက်ပါသည်။

အနှစ်ချုပ်သော် စကြဝဠာအနန္တ (ဝါ) လောက ၃-ပါး (ဝါ) ၃၁-ဘုံတို့၌ ပရမတ္ထအနေအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ၊ အသက်လိပ်ပြာ၊ လူ၊ နတ်၊ ဗြဟ္မာ အိုးအိမ်တိုက်တာ ရေမြေသမုဒ္ဒရာ-ဟူ၍မရှိဘဲ အစစ်အမှန်ရှိသောတရားမှာ ဖောက်ပြန်ပျက်စီးတတ်သော ''ရုပ်တရား''နှင့် သိတတ်သော ''နာမ်''တရားသာရှိလေသည်။ ရုပ်တရားသည် မျက်စိတမှိတ်၊ လျှပ်တစ်ပြက်၌ ကုဋေငါးထောင်ကျော် ချုပ်ပျောက်ပျက်စီး၍ နာမ်တရားသည် ကုဋေတစ်သိန်းခန့် ချုပ်ပျောက်ပျက်စီးနေပေသည်။ မမြဲသောသဘောတရားများသာ ဖြစ်ကြသည်။ ဤသို့ သိရှိသောဉာဏ်ကို ''နာမရူပပရိစ္ဆေဒဉာဏ်'' ဟုခေါ်သည်။

## ၂။ ပစ္စယပရိဂ္ဂဟဉာဏ်

နာမ်ရုပ်ကိုပိုင်းခြားသိသော နာမရူပပရိစ္ဆေဒဉာဏ် ရရှိပြီး နာမ်ရုပ်ဖြစ်ကြောင်း သိသော ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟု ခေါ်လေသည်။ နာမ်ရုပ်ဖြစ်ကြောင်းသိသော ဉာဏ်ဆိုသည်မှာ ''နာမ်တရား''ဖြစ်ရခြင်း၏အကြောင်းရင်း ''ရုပ်တရား''ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းပေးပါမည်။

### ရုပ်ဖြစ်ရခြင်းအကြောင်းရင်း

တစ်လောကလုံးတွင်ရှိသမျှ ရုပ်ဝတ္ထုပစ္စည်း၊ အထည်၊ ဒြပ် မှန်သမျှတို့သည် မဟာဗြဟ္မာ ထာဝရဟု ဘုရားတသင်းဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ အစစ်အမှန်က ''ကံ၊ စိတ်၊ ဥတု၊ အာဟာရ'' ဟုအကြောင်းလေးခု ကျေးဇူးပြု၍ ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ ထိုလေးခု၏ကျေးဇူးပြုမှုကြောင့် အဇ္ဈတ္တကလရုပ်တွေ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ထိုအဇ္ဈတ္တကလရုပ်အပေါင်းအစုကိုပင်လျှင် လူ၊ နတ်၊ ဗြဟ္မာ၊ နေ၊ လ၊ နက္ခတ်တာရာ၊ မြင့်မိုရ်၊ စကြဝဠာဟူ၍ ခေါ်ဆိုသမုတ်ကြခြင်းဖြစ်သည်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက အောက်ပါလင်္ကာဆောင်ပုဒ်ဖြင့် ပညာပေးထားခဲ့သည်။

> ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု အကြောင်းလေးခု
> ကျေးဇူးပြု၍ လူ၏ကိုယ်မှာ၊ လျှင်စွာခဏ
> ဖြစ်က ပျက်ပြန်၊ မီးလျှံအသွင်၊ ရေလျဉ်ပမာ
> ငါးခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း။

(နာမ်ခန္ဓာသည်=မီးလျှံကဲ့သို့ တလျှပ်လျှပ်ချုပ်ပျောက်လျက်ရှိသည်ကိုလည်းကောင်း၊ ရုပ်ခန္ဓာသည် = မြစ်ရေအလျဉ်ကဲ့သို့ တသွင်သွင်ချုပ်ပျောက်လျက်ရှိသည်ကိုလည်းကောင်း လင်္ကာဖြင့် သရုပ်ဖော်ထားခြင်းဖြစ်ပေသည်။ ''ဝိပဿနာတရား တကယ်အားထုတ်ဖူးသော ယောဂီသူတော်စင်တို့သည် ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်ရောက်သောအခါ ဖော်ပြပါအတိုင်း တွေ့မြင်ရပေသည်။)

## ရုပ်ကိုဖြစ်စေသောကံ

ရုပ်ကိုဖြစ်စေသောကံဟူသည်မှာ အကုသိုလ်ကံ ၁၂-ပါး၊ မဟာကုသိုလ်ကံ ၈-ပါး၊ ရူပါဝစရကံ ငါးပါးဟူသော ကံ ၂၅-ပါးတို့ဖြစ်ကြ၏။ ကံဟူသည်မှာ ထိုသို့စိတ်နှင့်ယှဉ်သော စေတနာစေတသိက်ဖြစ်၏။

ထိုကံ ၂၅-ပါးတို့သည် ပဋိသန္ဓေစိတ်၏ဥပါဒ် ခဏမှစ၍ ခဏတိုင်း ခဏတိုင်း မပြတ်မလပ် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ် တိုင်အောင် ကမ္မဇရုပ်ကိုဖြစ်စေ၏။

( ကမ္မ = ကံကြောင့် + ဇ = ဖြစ်သည်။ ) အရူပါဝစရကံသည်ကား ရုပ်မဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ရုပ်ကို မဖြစ်စေပါ။

အတိတ်ဘဝက-အကုသိုလ်ကံများပြုလုပ်ခဲ့၍ ယခုဘဝ၌ အပါယ် ၄-ဘုံသား ရုပ်နာမ်ခန္ဓာတွေရနေပေသည်။

ဒါန၊ သီလကုသိုလ်ကံများပြုလုပ်ခဲ့၍ ယခုဘဝ၌ လူ၊ နတ် ရုပ်နာမ် ခန္ဓာတွေရနေပေသည်။

သမထကုသိုလ်ကံများပြုလုပ်ခဲ့၍ ယခုဘဝ၌ ဗြဟ္မာ ရုပ်နာမ် ခန္ဓာတွေရနေပေသည်။

ထို့ကြောင့် "ရုပ်တရား"သည် ဘုရားသခင်၊ ဗြဟ္မာ ဖန်ဆင်းရှင်များ ဖန်ဆင်း၍ ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ၊ အတိတ်ဘဝက ကံကြောင့် ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ ကံကြောင့် ရုပ်ဖြစ်ရခြင်းဖြစ်ပေသည်။

## ရုပ်ကိုဖြစ်စေသောစိတ်

သတ္တဝါတို့သည် ပဋိသန္ဓေစိတ်ဖြင့် စတင်အသက်ရှင်၍ ပဝတ္တိစိတ်ဖြင့် ဆက်လက် အသက်ရှင်ကာ နေထိုင်ကြလေသည်။ ၄င်းစိတ်နှစ်ခုကြောင့် ရုပ်ခန္ဓာသည် တည်မြဲနေပေသည်။ စိတ်ဆင်းရဲလျှင် ရုပ်သည် ညှိုးနွမ်းလာပြီး စိတ်ချမ်းသာပါက၊ ကြည်လင်ရွှင်ပြနေပေသည်။ စိတ်ဆင်းရဲလွန်း၍ အသက်ပါဆုံးရှုံးရသူတွေ ရှိနေသည်မဟုတ်ပါလော။ ထို့ကြောင့် စိတ်ဟူသော နာမ်တရားသည် ရုပ်တရားကို ထောက်ပံ့ပေးထားသဖြင့် ရုပ်ဖြစ်ရခြင်း အကြောင်းရင်း ဖြစ်ပေသည်။

## ရုပ်ကိုဖြစ်စေသောဥတု

ဥတုဟုခေါ်သော အပူ၊ အအေးမျှတနေသဖြင့် ရုပ်ခန္ဓာသည်တည်မြဲနေပေသည်။ အပူအအေး လွန်ကဲပါက ရုပ်သည် တည်မြဲနိုင်ခြင်းမရှိဘဲ ပျက်စီးနိုင်သည်။ ကျွန်ုပ်တို့ ရုပ်ခန္ဓာကိုပင် ပူသောရာသီဥတု၌ ပါးလွှာသော အဝတ်ဖြင့် ဆင်ယင်ခြင်း၊ အေးသော ရာသီဥတု၌ ထူထဲသော အနွေးထည်များဖြင့်ဆင်ကာ မျှတအောင်ပြုပြင်ပေးရလေသည်။ အပူလွန်ကဲ၊ အအေးလွန်ကဲပါက ရုပ်ခန္ဓာပျက်စီးနိုင်ပေသည်။ ထို့ကြောင့် ဥတုသည်လည်း ရုပ်ဖြစ်ရခြင်း အကြောင်းရင်းသာ ဖြစ်လေသည်။

## ရုပ်ကိုဖြစ်စေသောအာဟာရ

သတ္တဝါတို့အသက်ရှင်သန်၍ ရုပ်ခန္ဓာတည်မြဲစေရန်အတွက် အာဟာရသည်လည်း အဓိက အထောက် အပံ့တစ်ခုသာဖြစ်လေသည်၊ အာဟာရကောင်းလျှင် ဝဖြိုးစိုပြေနေပြီး အာဟာရချို့တဲ့ ပါကပိန်ချုံးချိနဲ့ကာညှိုးနွမ်းနေရပေသည်။ အာဟာရမမှီဝဲပါက ၇-ရက်သာ အသက်ရှင်နိုင်ပြီး ရုပ်ခန္ဓာပျက်စီးနိုင်ပေသည်။ ထို့ကြောင့် အာဟာရသည် ရုပ်ဖြစ်ခြင်း ၏အကြောင်းရင်းသာ ဖြစ်လေသည်။ အာဟာရ (၄)မျိုးရှိလေသည်၊ ကဗဠီကာ အာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာအာဟာရ နှင့် ဝိညာဏအာဟာရ တို့ဖြစ်သည်။

### (က) ကဗဠီကာရ အာဟာရ

ကျွန်ုပ်တို့နေ့စဉ်စားသုံးနေသော အာဟာရဖြစ်လေသည်။

### (ခ) ဖဿအာဟာရ

အထိအတွေ့ဖြင့်အာဟာရဖြစ်ပုံ ခေါ်လေသည်။ ဥပမာ- ကြက်မသည်ကြက်ဥ ဥပြီးသောအခါ မိခင်ကြက်မကြီး၏ ကိုယ်ငွေ့ဖြင့်နေ့စဉ်ဝပ်ပေးလေသည်။ ကြက်ဥအတွင်းမှ ကြက်သန္ဓေကလေးသည် မည်သည့် အာဟာရမှမသုံးဆောင်ရဘဲ မိခင်၏ကိုယ်ငွေ့ဖြင့် ဖဿ ထိတွေ့မှုကြောင့် ကြက်ကလေးများပေါက်လာကြလေသည်။ ၄င်းကို ဖဿအာဟာရ ဟုခေါ်သည်။

## (ဂ) မနောသဥ္စေတနာအာဟာရ

မေတ္တာစေတ်ဖြင့်မေတ္တာချာန်ဝင်စား၍ အသက်ရှင်သန်ခြင်းသည် မနောသဥ္စေတနာ အာဟာရဖြစ်သည်၊ ဥပမာ- လိပ်မကြီးသည်သဲသောင်၌ ကျင်းတူး၍ဥများဥပြီးလျှင် သဲမြေများဖြင့်ပြန်ဖုံးကာ ရေထဲသို့ဆင်းသွားလေသည်၊ အဝေးမှနေ၍ ၎င်းဥထားခဲ့သောနေရာသို့ မှန်းကာ လိပ်ဥကလေးများအား မေတ္တာပို့ပေးလေသည်။ ၎င်းမေတ္တာစေတ်ကြောင့် လိပ်ဥကလေးများ ရှင်သန်ပေါက်ဖွားကြလေသည်။ အကယ်၍ မိခင်လိပ်မကြီးသေဆုံးသွားပါက မေတ္တာမပို့သနိုင်သဖြင့် လိပ်ဥကလေးများ အကောင်မပေါက်နိုင်တော့ပေ။ ၎င်းကို မနောသစေတနာ အာဟာရဟု ခေါ်လေသည်။

## (ဃ) ဝိညာဏအာဟာရ

စိတ်အာဟာရဖြစ်လေသည်၊ ငှင်းတဌက်များသည် ၎င်းတို့၏သားပေါက်ငယ်ကလေးများကို အစာရှာကျွေးခြင်းမရှိပေ၊ ငှင်းတဌက်ပေါက်ကလေးများက မိခင်ကြီးပြန်လာနိုး ပြန်လာနိုး၊ ပြန်လာလျှင်စားစရာ စားရနိုးနိုးဖြင့်မျှော်ကိုးသောစိတ်ကြောင့် အာဟာရဖြစ်ကာ ကြီးထွားလာကြလေသည်၊ ၎င်းကိုဝိညာဏ အာဟာရ ဟုခေါ်သည်။

### ရုပ်တရားတို့တွင်အဋ္ဌကလာပ်ရုပ် (၈)ပါးတည်ပုံ

ရုပ်တရားတို့တွင် အဋ္ဌကလာပ်ရုပ်(၈)ပါးတည်ပုံကို သေချာစွာ ခွဲခြားစိပ်ဖြာကြည့်မည်ဆိုပါက "ကိတ်မုန့်" တစ်လုံးအား ဦးစွာ သရုပ်ခွဲသည်ရှိသော် ပကတိ မျက်စိဖြင့်မကြည့်ဘဲ ဉာဏ်မျက်စိဖြင့် ကြည့်ရပေမည်။ ကံကပေးသော မျက်စိကိုပိတ်ထားရမည်။ ကိတ်မုန့်တစ်လုံးကို လက်ညှိုးဖြင့်ဖိနှိပ်ကြည့်ပါက ကိတ်မုန့်ဆိုသည့် ပညတ်တရားကိုမတွေ့ရပဲ ပရမတ်ဖြစ်သည့် မာမှု၊ ပျော့မှု၊ နူးညံ့မှု တို့ကိုသာတွေ့ရပေသည်။ ၎င်းတို့သည် ပထဝီဓါတ်၏ သဘောတရားများဖြစ်ပေသည်။ ထိုကြောင့် ကိတ်မုန့်က မရှိတဲ့ ပညတ်တရား မာမှု၊ ပျော့မှု၊ နူးညံ့မှုတို့ကအမှန်တကယ်ရှိတဲ့ ပရမတ်သဘော ပထဝီဓါတ်ပင်ဖြစ်လေသည်။ ၎င်းပထဝီဓါတ်ကို အကောင်အထည်အနေဖြင့်ဆုပ်ကိုင်ပြသ၍မရဘဲ မာမှု၊ ပျော့မှု၊ နူးညံ့မှု သဘောတရား သက်သက်ဖြစ်သည်။



ပရမာအနုမြူတစ်လုံး

တစ်ဖန်ကိတ်မုန့်ကိုလက်ညှိုးဖြင့်ထိတွေ့ကြည့်ပါက **ပူနွေးတဲ့သဘော** တွေ့ရပါလိမ့်မည်။ ၎င်းသည် **တေဇောဓါတ်**ပင်ဖြစ်သည်။ ပကတိမျက်စိဖြင့်မြင်ရတဲ့ ကိတ်မုန့်သည် တာကယ်မရှိတဲ့ပညတ်တရားဖြစ်ပြီး **ပူနွေးတဲ့သဘော** လေးကတကယ်ရှိတဲ့ **တေဇောဓါတ်** ပရမတ်ပင်ဖြစ်ပေသည်။

နောက်ထပ်တစ်ကြိမ် ကိတ်မုန့်ကိုလက်ညှိုးဖြင့် ဖိကြည့်ပါက **တွန်းကန်မှု** သဘောလေးတွေ့ရပေမည်။

၎င်းတွန်းကန်မှုသဘောလေးသည် **ဝါယောဓါတ်** သဘောပင်ဖြစ်သည်။ ပကတိမျက်စိဖြင့် မြင်ရသော ကိတ်မုန့်သည်မရှိတဲ့ပညတ်တရားသာဖြစ်ပြီး **တွန်းကန်မှု** သဘောလေးသည် **ဝါယောဓါတ်** ပရမတ်ပင်ဖြစ်သည်။

ပထဝီ၊ တေဇော၊ ဝါယော ပေါင်းစု၍ ကိတ်မုန့်သဏ္ဌာန်ဖြစ်ပေါ်နေမှုသည် ဖွဲ့စည်းမှု **အာပေါဓါတ်** ပင်ဖြစ်သည်။ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဓါတ်များပေါင်းစုမိပါက **ဝဏ္ဏ** ဟုခေါ်သည့်ကိတ်မုန့် အရောင်အဆင်းပေါ်ထွက်လာပေသည်။ ကိတ်မုန့်သည် ကိတ်မုန့်အရောင်အဆင်းရှိသည်။ ၎င်းကို **ဝဏ္ဏ** ဟုခေါ်သည်။

ကိတ်မုန့်ကိုနမ်းကြည့်ပါက မွှေးကြိုင်သောအနံ့ ရှိပေသည် ၎င်းကို ဂန္ဓ ဟုခေါ်သည်။

ကိတ်မုန့်ကိုလျှာဖြင့်တို့ကြည့်ပါကကိတ်မုန့်၏အရသာပေါ်လာပေမည်။ ၎င်းကို ရသ ဟုခေါ်သည်။

ကိတ်မုန့်တွင်ဩဇာဓါတ်(အဆီဓါတ်)ရှိပေသည်။၎င်းကိုစားသုံးခြင်းဖြင့်ဩဇာဓါတ်၏ အထောက် အပံ့ကြောင့် သတ္တဝါတွေအသက်ရှင်သန်နိုင်ပေသည်။ ထို့ကြောင့်ကိတ်မုန့် တစ်ခုလုံးတွင် ပညာမျက်စိဖြင့် ကြည့်ပါက ကိတ်မုန့်ဟုခေါ်သည့်မရှိသော ပညတ်တရားကိုမတွေ့ရပဲ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဓါတ်ဟုခေါ်သည့် အဋ္ဌကလာပ်ရုပ်ရှစ်ပါးသာတွေ့ရပါသည်။ ထိုကိတ်မုန့်တွင် ရုပ်တရားသက်သက်သာ ရှိပေသည်။

အလားတူပင်သက်ရှိ သတ္တဝါဖြစ်သည့်လူတစ်ယောက်ကိုပညာဖြင့် သရုပ်ခွဲကြည့်မည်ဆိုပါက ပကတိကကပေးသော မျက်စိကိုပိတ်၍ ပညာမျက်စိဖြင့်ကြည့်ရှုရပေမည်။ယောက်ျားဟုပညတ်သဘောအရ ခေါ်ဆိုသောလူတစ်ယောက်ကိုလက်ညှိုးထိပ်ဖြင့် ထိတွေ့ကြည့်ပါက အသားကိုထိမိတော့ ပျော့တဲ့သဘော၊ အရိုးကလေးကိုထိမိတော့ မာတဲ့သဘောသာ တွေ့ရပြီး လူ၊ ယောက်ျားဟူ၍မတွေ့ရဘဲ မာမှု၊ ပျော့မှု သဘောဖြစ်သည့် ပထဝီဓါတ်ကိုသာ တွေ့ရပေမည်။

ခြေဖျားလက်ဖျားလေး ထိမိတော့ အေးတဲ့သဘော၊ ဝမ်းဗိုက်ကလေးစမ်းကြည့်တော့ နွေးတဲ့သဘောသာ တွေ့ရပေမည်။ လူ၊ ယောက်ျားဟူ၍မတွေ့ရဘဲ အေးမှု၊ နွေးမှုဆိုသည့် တေဇောဓါတ်သာတွေ့ရပေမည်။

အသက်ရှူသောအခါ ဗိုက်ကလေးပိန်လိုက်ဖောင်းလိုက်ဖြစ်နေခြင်း၊ အသားကိုဖိမိသောအခါ ပျော့ဝင်သွားခြင်း၊ အရိုးနေရာ၌ထောက်ကန်ထားခြင်းသဘောတို့သည် ဝါယောဓါတ်၏ သဘောတရားသာ ဖြစ်သည်။

လူပုံသဏ္ဌာန်ဖြစ်ရန် ပထဝီ၊ တေဇော၊ ဝါယောဓါတ်များပေါင်းစည်းမှုသဘောသည် အာပေါဓါတ်၏ သဘာဝပင်ဖြစ်သည်။

ဓါတ်ကြီး ၄ ပါးပေါင်းဆုံမိသည်နှင့် ဝဏ္ဏ အဆင်းဟုခေါ်သော အရောင်များ ထွက်ပေါ်လာပေသည်။

၄င်းလူကိုနမ်းကြည့်ပါကအနံ့ရှိလေသည်။ ဂန္ဓ ပင်ဖြစ်သည်။

လျှာဖြင့်တို့ကြည့်ပါက ငန်ပျပျအရသာပေါ်လာမည်၊ ၄င်းသည် ရသ ပင်ဖြစ်၏

လူ့ခန္ဓာကိုယ်ထဲတွင်ပိုးမျိုး (၈၀) တို့ရှင်သန်ပေါက်ဖွားနေခြင်းမှာ ဩဇာဓါတ်ကြောင့်ဖြစ်သည်။လူသေသွားသောအခါ အသားများကို လောက်များ၊ ငါးရှဉ့်များကစားသုံးကြခြင်းမှာလည်း ဩဇာဓါတ်ကြောင့်ဖြစ်လေသည်။

သက်ရှိလူသားတစ်ဦးအနေဖြင့် ထမင်းစားရမည်၊ အိပ်ရမည်၊ အလုပ်သွားရမည်၊ ရေချိုးရမည်ကို သိသောစိတ်ရှိပေသည်။ ၄င်းကိုဓါတ်သဘောအရ ဝိညာဏဓါတ်ဟုခေါ်၍ သိတတ်သည့်သဘောနာမ်တရားဟုလည်း ခေါ်ပေသည်။

လူတစ်ကိုယ်လုံး၌ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ ကျင်ကြီးပေါက်၊ ကျင်ငယ်ပေါက်၊ ချွေးပေါက် စသည့်အပေါက်အကြားမှာ အာကာသဓါတ် သဘောဖြစ်ပေသည်။

ထို့ကြောင့် ရုပ်တရားချည်းသက်သက်ဖြစ်သည့် ကိတ်မုန့်တွင်ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသည့်အဋ္ဌကလာပ်ရုပ်(၈)ပါးရှိ၍ သက်ရှိသတ္တဝါ ဖြစ်သည့် လူတစ်ယောက်တွင်မူ ပထဝီ၊အာပေါ၊ တေဇော၊ဝါယော၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာဓါတ်အပြင် ဝိညာဏ်စိတ်ဖြစ်သည့်နာမ်တရားပါရှိသည်၊ အားလုံးကိုခြုံ၍ ကြည့်မည်ဆိုပါက ကိတ်မုန့်၌ ရုပ်တရားသက်သက်သာရှိ၍ လူတွင် ရုပ်နှင့်နာမ် (၂)မျိုးရှိလေသည်။

ထို့ကြောင့်(၃၁)ဘုံတစ်ခုလုံးကိုခြုံ၍ကြည့်လိုက်လျှင် ရုပ်နှင့်နာမ်မှလွဲ၍ တခြား ဘာမှမရှိတော့ပေ။ ၎င်းရုပ်သဘော နာမ်သဘောတို့သည် ဖောက်ပြန်ပျက်စီးခြင်း သဘောသာ ရှိသည်ဖြစ်၍ **သင်္ခတဓါတ်** ဖေါက်ပြန်ပျက်စီးတတ်သည့်သဘော ဟုခေါ်လေသည်၊ သင်္ခတ ပရမတ် ဟုလည်း ခေါ်သည်။

နိဗ္ဗာန်ဟူသည်ကား အမှန်တကယ်ရှိပြီး မဖောက်မပြန်မပျက်စီးတတ်သည့် သဘော ကြောင့် **အသင်္ခတဓါတ်** (သို့)အသင်္ခတပရမတ်ဟုခေါ်လေသည်၊ နိဗ္ဗာန်သည် ပရမတ်ဓါတ် ဖြစ်သဖြင့်ပညတ်တရားဖြင့် အားထုတ်၍ နိဗ္ဗာန်ကို မရနိုင်ပေ၊ ပရမတ်တရား ဖြစ်သည့် ရုပ်နာမ်တို့ဖြင့် ကျင့်ကြံအားထုတ်မှသာ နိဗ္ဗာန်ကိုရနိုင်ပေသည်၊ ထို့ကြောင့်ပရမတ် သဘော ရုပ်ကိုနားလည်ပြီး၊ နာမ်ကိုလည်းနားလည်ဖို့လိုအပ်ပေမည်။

**နာမ်** နမတီတိနာမံ-မြန်မာလိုကတော့ သိတတ်သော သဘောကြောင့် နာမ်ဟု ခေါ်လေ သည်၊ အာရုံကို ညွတ်တတ်သောသဘောဟုလည်းခေါ်သည်။ နာမ်ဆိုသည်မှာ **သိတတ်တဲ့ စိတ်နှင့် စေ့ဆော်တိုက်တွန်းတတ်သည့်** စေတသိက်(၂)ခုကိုဆိုလိုသည်၊ ရေချိုးရမည်၊ ထမင်းစားရမည်၊ အလုပ်သွားရမည်၊ ကျောင်းသွားရမည်ဟုသိသော သဘောမှာစိတ်ဖြစ်၍ လုပ်ချင်၊ကိုင်ချင်၊ချစ်ချင်၊မုန်းချင်၊ပေးချင်၊ကမ်းချင်၊ လှူချင်၊ တန်းချင်၊ ဝယ်ချင်၊ ရောင်းချင်၊ လှချင်ပချင်အောင် စေ့ဆော်တိုက်တွန်းတတ်သောသဘောမှာ လောဘ သို့မဟုတ် ဆန္ဒ စေတသိက်ပင် ဖြစ်သည်။

ရုပ်ဖြစ်ရခြင်း အကြောင်းရင်းကိုသိသလို နာမ်ဖြစ်ရခြင်းအကြောင်းရင်းကိုလည်း သိဖို့ လိုပေလိမ့်မည်။ နာမ်တရားဖြစ်ပေါ်လာရခြင်းသည် အာရုံနှင့်ဒွါရ တိုက်၍သာ ပေါ်လာခြင်း ဖြစ်သည်၊ အကြောင်းတရား(၂)ခု တိုက်ဆိုင်၍သာပေါ်လာသော အကျိုးတရား နာမ်သာ ဖြစ်လေသည်၊ ဤသို့ဆိုလျှင် အာရုံနှင့်ဒွါရဆိုတာ ဘာတွေလဲဟု သိဖို့လိုပါသည်၊

**အာရုံက(၆)ပါးရှိသည်၊ ၎င်းတို့မှာ-**

(က) ရူပါရုံ (အဆင်း)

(ခ) သဒ္ဒါရုံ (အသံ)

(ဂ) ဂန္ဓာရုံ (အနံ့)

(ဃ) ရသာရုံ (အရသာ)

(င) ဖောဋ္ဌဗ္ဗါရုံ (ထိတွေ့စရာ)

(စ) ဓမ္မာရုံ (ကြံတွေးစရာ)တို့ဖြစ်ပြီး အပြင်အာယတန(၆)ပါးဟုလည်း ခေါ်သည်။

**ဒွါရဆိုသည်မှာ-** သတ္တဝါတို့ခန္ဓာကိုယ်ရှိသော ပသာဒရုပ်များကိုခေါ်သည်။ ၎င်းတို့မှာ

(က) စက္ခုပသာဒ (မျက်စိအကြည်)

(ခ) သောတပသာဒ (နားအကြည်

(ဂ) ဃာနပသာဒ (နှာခေါင်းအကြည်)

(ဃ) ဇိဝှာပသာဒ (လျှာအကြည်)

(င) ကာယပသာဒ (ကိုယ်အကြည်)

(စ) မနော (နှလုံးအကြည်)တို့ဖြစ်ပြီး၎င်းတို့ကို အတွင်းသဠာယတန (သို့) အာယတန ဟုလည်းခေါ်သည်။

**နာမ်တရားဖြစ်ပေါ်လာပုံ**

၁။ မျက်စိအကြည် နှင့် အဆင်းတိုက်တော့ မြင်သိစိတ် ဆိုတဲ့နာမ်တရား ပေါ်သည်။

၂။ နားအကြည် နှင့် အသံတိုက်တော့ ကြားသိစိတ် ။

၃။ နှာခေါင်းအကြည် နှင့် အနံ့တိုက်တော့ နံသိစိတ် ။

၄။ လျှာအကြည် နှင့် အရသာတိုက်တော့ စားသိစိတ် ဆိုတဲ့နာမ်တရား ပေါ်သည်။
၅။ ကိုယ်အကြည် နှင့် ထိတွေ့စရာတိုက်တော့ ထိသိစိတ် ။
၆။ မနောအကြည် နှင့် ကြံတွေးစရာတိုက်တော့ တွေးတောစိတ်။

| စဉ် | ဥပါဒ်(ရုပ်) အတွင်းအာယတန(၆)ပါး အခံဓာတ်(၆)ပါး | အာရုံ(ရုပ်) အပြင်အာယတန(၆)ပါး အတိုက်ဓာတ် (၆)ပါး | နာမ်တရား အပွင့်ဓာတ်(၆)ပါး | မှတ်ချက် |
|---|---|---|---|---|
| ၁ | မျက်စိအကြည် (စက္ခုပသာဒ) | အဆင်း (ရူပါရုံ) | မြင်သိစိတ် (စက္ခုဝိညာဏ်) | အလင်းရောင်(အာလောက)+ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) |
| ၂ | နားအကြည် (သောတပသာဒ) | အသံ (သဒ္ဒါရုံ) | ကြားသိစိတ် (သောတဝိညာဏ်) | အပေါက်အကြား(အာကာသဓာတ်)+ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) |
| ၃ | နှာခေါင်းအကြည် (ဃာနပသာဒ) | အနံ့ (ဂန္ဓာရုံ) | နံ့သိစိတ် (ဃာနဝိညာဏ်) | လေဓာတ်(ဝါယောဓာတ်)+ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) |
| ၄ | လျှာအကြည် (ဇိဝှာပသာဒ) | အရသာ (ရသာရုံ) | ရသာသိစိတ် (ဇိဝှာဝိညာဏ်) | ရေဓာတ်(အာပေါဓာတ်)+ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) |
| ၅ | ကိုယ် (ကာယပသာဒ) | တွေ့ထိစရာ (ဖောဋ္ဌဗ္ဗါရုံ) | ထိသိစိတ် (ကာယဝိညာဏ်) | မြေဓာတ်(ပထဝီဓာတ်)+ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) |
| ၆ | မနောအကြည် (မနော) | ကြံတွေးစရာ (ဓမ္မာရုံ) | ကြံသိစိတ် (မနောဝိညာဏ်) | ပုံသဏ္ဍာန်အမှုအရာသိ |

အတွင်းအာယတန(၆)ပါးနှင့်အပြင်အာယတန(၆)ပါးတိုက်တော့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးတောစိတ် စသည့်နာမ်တရား(၆)ပါး ပေါ်လာရလေသည်။ အခံဓါတ်(၆)ပါး၊ အတိုက်ဓါတ်(၆)ပါးနှင့် အပွင့်ဓါတ်(၆)ပါးဟုလည်း ခေါ်သည်။ ၄င်းတရား(၃)ခုပေါင်းက ဓါတ်(၁၈)ပါးရသည်။ စုစုပေါင်းဓါတ် (၁၈)ပါး ဖြစ်သည်။

ဤသို့ဆိုလျှင် နာမ်ဖြစ်ပေါ်လာရခြင်းမှာ အာရုံနှင့်ဒွါရတိုက်၍ ပေါ်လာရခြင်း အားရှင်းပေလိမ့်မည်။ အာရုံနှင့်ဒွါရတရား(၂)ပါးတိုက်၍ ပေါ်လာသောဝိညာဏဓါတ်ဟု ခေါ်သည့် နာမ်တရားဖြစ်ရခြင်းကြောင့် အာရုံနှင့်ဒွါရဟူသောအကြောင်းတရားကြောင့် ဝိညာဏဓါတ်ဟု ခေါ်သည့် နာမ်တရားတည်း ဟူသော အကျိုးတရား ပေါ်လာရပေသည်၊ အကြောင်းကြောင့် အကျိုးဖြစ်ရခြင်းသာဖြစ်လေသည်၊ ရုပ်တရား နာမ်တရားတို့သည် ငါပိုင် ငါဆိုင်မဟုတ်ဘဲ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တဲ့ အကြောင်းအကျိုး တရားမျှသာဖြစ်လေသည်။

ရုပ်တရားကိုဖြစ်စေသည့်ကံ၊စိတ်၊ဥတု၊အာဟာရသည်လည်း ငါပိုင်ငါဆိုင်မဟုတ် နာမ်တရား ဖြစ်ပေါ်စေသည့် အာရုံဒွါရသည်ပင် ငါပိုင်ငါဆိုင်မဟုတ်သဖြင့် ၎င်းအထောက် အပံ့တို့ကြောင့်ဖြစ်ပေါ်လာရသော ရုပ်နာမ်တို့ကို ငါပိုင်ငါဆိုင်လုပ်၍မရနိုင်ပေ၊ သူ့သဘောသူ ဆောင်နေသည့် ဓမ္မတရားသက်သက်မျှသာ ဖြစ်ပေသည်၊ ပညတ်နှင့် ပရမတ်ကို ကွဲပြားမြင် မှသာ မပိုင်ဆိုင်သည့် အနတ္တသဘောကို မြင်ပါလိမ့်မည်၊ ထို့ကြောင့် ပရမတ်ကို သိရှိပြီးဖြစ်၍ ပညတ်ကိုနားလည်အောင်လုပ်ရပေလိမ့်မည်။

ပညတ်ဟူသည် လူတို့ခေါ်ဝေါ်သမုတ်ထားသည့် မရှိတရားသာဖြစ်ပြီး၊ ပညတ်ဖုံးကွယ် ထားပါက ပရမတ်ကို မမြင်နိုင်၍ မဂ်တရားဖိုလ်တရားမရနိုင်ပေ။

ပညတ်(၅)မျိုးရှိသည်၊၎င်းတို့မှာ-

၁။ **သန္တတိပညတ်**တဖြစ်တည်းဖြစ်၍ တပျက်တည်းပျက်နေသော ပရမာဏုမြူနေရာတွင် အသစ်အသစ်အစားထိုးပုံမှာအဆင်ပြေကာ သဘာဝကြလှသဖြင့် ပြကတေ့ အရင်းအတိုင်းပင် ထင်နေရခြင်းကို **သန္တတိပညတ်** ဟုခေါ်သည်။

၂။ **သမူဟပညတ်** အဝိနိဗ္ဘောဂဖြစ်သော ပရမာအဏုမြူကလေးများမှာ တစ်လုံးနှင့်တစ်လုံး အာကာသ အကြားပင်ရှိလင့်ကစား အကြားမရှိသကဲ့သို့ ပရမာဏုမြူတစ်ခုနှင့်တစ်ခု ပူးကပ် နေခြင်းကို **သမူဟပညတ်** ဟုခေါ်သည်။

၃။ **ဃနပညတ်** အပျက်နေရာတွင်အစားအသစ်ဖြစ်မှုသန္တတိပညတ် နေသားတကျရှိမှု အကြားမရှိဟု ထင်ရလောက်အောင် ပရမာဏုမြူလေးများတစ်ခုနှင့်တစ်ခုပူးကပ်နေမှုကို

သမူဟပညတ်နေသားတကျရှိမှုကြောင့် တစ်လုံးတည်းတစ်ပြင်တည်း ထင်ရအောင်နေသားကျ နေမှုကို **ဃနပညတ်** ဟုခေါ်သည်။

၄။ **သဏ္ဍာနပညတ်** ယင်းသို့သန္တတိကိစ္စ၊ သမူဟကိစ္စ၊ ဃနကိစ္စအဖြစ်အပျက်တို့မှ ကျန်သေးသပ်မှုကို တစ်ဆင့်တက်ကာ ဤကားအတို၊အရှည်၊ ဤကားအပြား၊ အလုံးစသည်ဖြင့် ပုံပန်းသဏ္ဍာန်တို့ဟုဆိုရသော သဏ္ဍာနပညတ်ကို ဖုံးလွှမ်းထားသဖြင့် ပရမာဏုမြူကလေးများ ကို မမြင်နိုင်တော့ချေ။

ထိုပုံပန်းသဏ္ဍာန်ကိုပင် ဤကားယောက်ျား၊ ဤကားမိန်းမ၊ ပညတ်ကထပ်ဆင့် ဖုံးအုပ်လိုက်သောအခါ ပထမဆုံး မူရင်းဖြစ်သော ပရမာဏုမြူဖြစ်ပျက်မှုမှာ တစ်ခါတည်း ပျောက်ကွယ်သွားသဖြင့် လူသည်မမြဲဟုဆိုခြင်းကို အလွယ်တကူလက်မခံနိုင်ခြင်း ဖြစ်လေ သည်။ အမှန်စင်စစ်မှာ ပရမာဏုမြူလေးတွေ မမြဲခြင်းကိုကား မည်သူမှ မငြင်းဆိုနိုင်ချေ။ ထို့ကြောင့် လူ၏ပုံသဏ္ဍာန်ဒြပ်ကြီးမှာ သဲတစ်လုံးစီ တစ်လုံးစီ စုပုံထားအပ်သော သဲပုံစေတီ သဘောပင်၊ ဓါတ်အဝိနိဗ္ဘောဂ အဏုမြူလေးများစုပုံနေခြင်းမျှသာ ဖြစ်လေသည်။

၅။ **နာမပညတ်** အမည်နာမအားဖြင့်ခေါ်ဝေါ်သမုတ်ထားသော ပညတ်ကိုနာမပညတ်ဟု ခေါ်သည်၊ ဥပမာ-မောင်ဖြူ၊ မောင်နီ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ခွေး၊ ဝက်၊ ကြက် စသည်တို့ဖြစ်သည်။ ပညတ်သဘောကိုသိလျှင် ပညတ်သဘောများကိုဖယ်၍ ပရမတ်အမြင်ဖြင့် ကြည့်ရှုရပေမည်၊ ပညတ်ကိုပယ်ဖို့မလိုပါ ပရမတ်သဘောကိုဉာဏ်ဖြင့် သိဖို့သာလိုပေသည်။

ပညတ်မပယ်သင့်ကြောင်း(၈)ချက်ရှိသည်၊

| | |
|---|---|
| ၁။ ဟိရိဩတ္တပ္ပ | ယောက်ျား၊ မိန်းမ ရှက်စရာအလို့ငှာမပယ်ရဘူး၊ |
| ၂။ ကမ္မဿကတဉာဏ် | ကံနှင့်ကံတို့၏အကျိုးပေးမှုကို မပယ်ရဘူး၊ |
| ၃။ သာဟတ္ထိကဒါန | မိမိပြုခြင်း၊ သူတစ်ပါးပြုခြင်းအတွက်လည်း မပယ်ရဘူး၊ |
| ၄။ ပဋ္ဌာနန္တရိယ | ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ မပယ်ရဘူး၊ |
| ၅။ မေတ္တာဘာဝနာအကျိုးငှာ | မိမိ သူတစ်ပါး အကျိုးငှာမပယ်ရဘူး။ |
| ၆။ ပုဗ္ဗေနိဝါသအကျိုး | အတိတ်ဘဝ၊ပစ္စုပ္ပန်ဘဝ အကျိုးငှာမပယ်ရဘူး၊ |

၇။ အယုတ်အမြတ်အကျိုး အလှူခံ အယုတ်၊အလတ်၊အမြတ် အကျိုးငှာမပယ်ရဘူး၊
၈။ လောကဝေါဟာရ အကျိုးငှာမပယ်ရဘူး၊

ပညတ်တရားကိုပယ်၍မရပါ၊ မြတ်စွာဘုရားသည်ပင် ချစ်သားရဟန်းတို့ ချစ်သမီး၊ ငါ့သပိတ် စသည့် ပညတ်အသုံးအနှုန်းဖြင့်သာ သုံးစွဲခေါ်ဝေါ်ခဲ့ပါသည်၊ ဉာဏ်ဖြင့် ပရမတ်သဘောကို သိဖို့လိုပါသည်။ ကျွန်ုပ်တို့ လူသားပုထုဇဉ် အားလုံးတို့သည် ပညတ်ကိုသာမြင်၍ ပရမတ်ကို မမြင်နိုင်သဖြင့်ငါပိုင်ငါဆိုင်လုပ်ကာ ငါ့အိမ်ငါ့ယာ၊ငါ့သား၊ငါ့သမီး စသည်ဖြင့် ဒိဋ္ဌိဝင်လျှက် ဘဝကို ခင်တွယ်သည့် ဘဝတဏှာဖြစ်နေကြပေသည်၊ ဒါကြောင့်မြတ်စွာဘုရားက ပုထုဇ္ဇနော ဥမ္မတကောဟု ပုထုဇဉ်လူသားအားလုံး အရူးတွေဟု ဟောခဲ့လေသည်။

ပုထုဇဉ်ဆိုသည်မှာ ကိလေသာထူပြောသူ ဟုအဓိပ္ပာယ်ရလေသည်။

ပုထုဇဉ်(၄)မျိုးရှိသည်-

၁။ အန္ဓဗာလ ပုထုဇဉ် ကန်းလည်းကန်း မိုက်မဲသည့်ပုထုဇဉ်
၂။ အန္ဓ ပုထုဇဉ် ကန်းသည့်ပုထုဇဉ်
၃။ ကလျာဏ ပုထုဇဉ် ဒါန၊ သီလ၊ သမထတရားကျင့်ကြံပွားများသော ပုဂ္ဂိုလ်
၄။ စူဠသောတာပန်ပုထုဇဉ် နာမရူပပရိစ္ဆေဒဉာဏ် နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရသူ (နာမ်နှင့်ရုပ်ကို ပိုင်းခြားသိမြင်သောပုဂ္ဂိုလ်) ဟူ၍ပုထုဇဉ်(၄)မျိုးရှိသည်။

အန္ဓဗာလပုထုဇဉ်နှင့်အန္ဓပုထုဇဉ်မှာ အမှန်တရားကို မသိမြင်နိုင်သည့် အကန်းများသာဖြစ်သည့်အတွက် ဒီဘဝမှသေလျှင် အပါယ်(၄)ဘုံသာ ကျရောက်နိုင်ပေသည်။

ကလျာဏပုထုဇဉ်မှာ ဒါန၊သီလ၊သမထ တရားများသာအားထုတ်နေသော်လည်း ဝိပဿနာတရား နာယူအားထုတ်ခြင်း မရှိသည့်အတွက် ဒါန၊သီလ၊သမထ ကုသိုလ်ကြောင့် လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာပြည်သို့ ရောက်နိုင်သော်လည်း ကျောက်ခဲနှင့်တူသော အလေးဓါတ်ဟူသည့် သက္ကာယဒိဋ္ဌိပါသွားသည့်အတွက် ကုသိုလ်ကံများအရှိန်ကုန်သောအခါ အောက် (၄)ဘုံဖြစ်သည့်အပါယ်လေးဘုံသို့ပြန်လည်ကျရောက်နိုင်ပေသည်၊ ယခုဘဝသေဆုံးပြီး အကုသိုလ်ကံက ကြားဝင်အကျိုးပေးမှုကြောင့် အပါယ်လေးဘုံသို့လည်း ကျရောက်သွားနိုင်ပေသည်။

ရူငွသောတာပန် ပုဂ္ဂိုလ်ဆိုသည်မှာ နာမ်နှင့်ရုပ်ကိုပိုင်းခြားနားလည်သော နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရရှိသူကို ဆိုလိုပါသည်။ ဒီဘဝသေပြီးနောက်တစ်ဘဝ အပါယ်မလားပေ၊ ဒုတိယဘဝ(သို့) တတိယဘဝ၌ သောတာပန်စစ်စစ် ဖြစ်နိုင်ပေသည်။

## ယထာဘူတဉာဏ်(သို့)စူဠသောတာပန်ဉာဏ်

ယထာဘူတဉာဏ်ဆိုသည်မှာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် (၂) ခုကိုခေါ်လေသည်။ သင်သည် ဤဉာဏ်နှစ်ဉာဏ် ရမရ ဆန်းစစ်ဖို့လိုလေသည်။ ဤယထာဘူတဉာဏ်ကိုရပြီး သိရှိနားလည်ပြီဆိုပါက ရူငွသောတာပန်ပုဂ္ဂိုလ် ဖြစ်ပေလိမ့်မည်။ ရူငွသောတာပန်ဉာဏ်ရ ပုဂ္ဂိုလ်ဖြစ်ပါက ဒီဘဝမှသေပြီး နောက်တစ်ဘဝ၊ နှစ်ဘဝအတွင်း အပါယ်မကျနိုင်ပေ။ ၄င်းတစ်ဘဝ၊နှစ်ဘဝအတွင်းမှာပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိကာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်၍ ဘုံစဉ်စံစားခံစားပြီး နိဗ္ဗာန်သို့စံဝင်နိုင်သဖြင့် အနည်းဆုံး ရူငွသောတာပန်ဉာဏ်ရအောင် လေ့လာအားထုတ်ဖို့ လိုအပ်ပေသည်။

မူလသပိတ်အိုင်ဆရာတော်ဘုရားကြီး ဦးကိတ္တိက ရူငွသောတာပန်ဖြစ်ခန်း၊ ဓါတ်ကမ္မဌာန်းစာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားလေသည်-

စတ္တာရိ၊ သောတပတ္တိ ယင်္ဂါနိ၊ သပ္ပုရိသသံသေဝေါ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနု ဓမ္မပဋိပတ္တိ၊( ပါထေယျ ပါဠိတော်)

၁။ သပ္ပုရိသသံသေဝေါ မဂ်နှင့်စပ်၊ ဖိုလ်နှင့်စပ်သောတရားတို့ကို ဟောပြောလေ့ရှိသော သူတော်ကောင်းနှင့်ပေါင်းဖော်ရခြင်း၊

၂။ သဒ္ဓမ္မဿဝနံ မဂ်နှင့်စပ်၊ ဖိုလ်နှင့်စပ်သောတရားတို့ကို နာကြားရခြင်း၊

၃။ ယောနိသော မနသိကာရော ကြားနာရသည့်အတိုင်းနှလုံးသွင်းအားရခြင်း၊

၄။ ဓမ္မာနုဓမ္မပဋိပတ္တိမဂ်တရား ဖိုလ်တရားအားလျော်သောအကျင့်ကို ကျင့်ရခြင်း၊

မဂ်တရား ဖိုလ်တရားကိုရသောပုဂ္ဂိုလ်တို့မှာလည်း ၄ မျိုးရှိသည်။

၁။ ဥဃဋိတညူပုဂ္ဂိုလ် မြတ်စွာဘုရားသည် တရားကို အကျဉ်းမျှဟောပြရုံနှင့် မဂ်ဖိုလ်တရားကို ရကြသောပုဂ္ဂိုလ်၊

၂။ ဝိပဋ္ဓိတညူပုဂ္ဂိုလ် အကျယ်ဝေဖန်၍ ဟောပြမှ မဂ်ဖိုလ်တရားကိုရသူ၊
၃။ နေယျပုဂ္ဂိုလ် အကျယ်ဝေဖန်၍ဟောပြပြီးနောက် နည်းနာနိဿယနှင့်တကွ လက်ကိုင်ပြမှ မဂ်ဖိုလ်တရားကိုရသူ၊
၄။ ပဒပရမပုဂ္ဂိုလ် အကျဉ်းအကျယ်နည်းနာနိဿယနှင့်တကွ လက်ကိုင်ပြသော်လည်း ယခုဘဝ၌ မဂ်ဖိုလ်တရားကိုမရ၊ ဒုတိယဘဝ စသည်ကျမှ ရနိုင်၏။

## စူဠသောတာပန်နှင့် ကလျာဏပုထုဇဉ်

စူဠသောတာပန်နှင့် ကလျာဏပုထုဇဉ်ဖြစ်လျှင် အပါယ်သို့မကျရတော့ပဲ ဒုတိယဘဝ စသည်တို့၌ မဟာသောတာပန်ကြီးအစစ် ဖြစ်ကြပေလိမ့်မည်။ စူဠသောတာပန်ဆိုတာသည် သောတာပန်ကလေး၊ သောတာပန်လောင်းဟုဆိုလိုသည်။

သောတံ အာဒိတော ပန္နာ သုပါပုဏ္ဏာသူတိ သောတာပန္နာ။ စူဠသောတ ပန္နာ စူဠသောတာပန္နာ။ (မဂ္ဂသံယုတ် အဋ္ဌကထာ)

ယေ အကြောင်နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည်၊ သောတံ မဂ္ဂင်ရှစ်ပါးတည်း ဟူသောရေအယဉ်သို့၊ အာဒိတော အစစွာ၊ အာပန္နာသုပါပုဏ္ဏာသု ရောက်ကုန်ပြီ။ ဣတိတသမာ-ထို့ကြောင့်၊ တေ-ထိုဉာဏ်နှစ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့သည် သောတာပန္နာ- သောတာပန်မည်ကုန်၏၊ စူဠာ-ငယ်ကုန်သော၊ သောတာပန္နာ-သောတာပန် ပုဂ္ဂိုလ်တို့သည်၊ စူဠသောတာပန္နာ-သောတာပန်ငယ်မည်၏။

သင်္ခါရဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ဝိပဿနာပွားများလျှင် ကောင်းစွာ တည်နေသောပုဂ္ဂိုလ်တို့သည် ယခုမြတ်စွာဘုရား၏ သာသနာတော်၌ အမြစ်ရင်းစိုက်မိသည် ဖြစ်သောကြောင့် လားရာဂတိမှာလည်း ကောင်းသော သုဂတိသို့သာလားရ၍ ဒုတိယဘဝ စသည်တို့၌ ကေန်မဂ်ဖိုလ်တရားတို့ကို ရတော့မည့်ပုဂ္ဂိုလ် ဖြစ်သောကြောင့် ၄င်းပုဂ္ဂိုလ်ကို စူဠသောတာပန်ဟုခေါ်သည်။

"တစ်နည်းအားဖြင့် ယထာဘူတဉာဏ်နှင့်ပြည့်စုံ၍ ဝိပဿနာတရားပွားများ အားထုတ် လျက်နေသော ပုဂ္ဂိုလ်ကို စူဠသောတာပန်ဟုခေါ်ဆို၏"။

## ယထာဘူတဉာဏ်ဆိုသည်မှာ

ရုပ်နာမ်တရားတို့၏သဘောလက္ခဏာကို ပိုင်းခြား၍သိသောဉာဏ်ကို **နာမရူပပရိစ္ဆေဒဉာဏ်** ဟုခေါ်သည်၊ ရုပ်သည်အကြောင်းတရား(၄)ပါးတို့ကြောင့်ဖြစ်၏။ နာမ်သည်ရုပ်ဝတ္ထု(၆)ပါးနှင့်အာရုံ(၆)ပါးတို့ကြောင့်ဖြစ်၏။

ထိုကဲ့သို့ရုပ်၏ဖြစ်ကြောင်း နာမ်၏ဖြစ်ကြောင်းကိုသိသောဉာဏ်ကို **ပစ္စယပရိဂ္ဂဟဉာဏ်** ဟုခေါ်ဆိုသည်။ ထိုဉာဏ်နှစ်ပါးကို **ယထာဘူတဉာဏ်** ဟုခေါ်ဆိုသည်။

ဣမိနာ ဉာဏေန သမ္ပန္နာဂတော ဝိပဿကော

ဗုဒ္ဓသာသန လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော

နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဗြဟ္မဇာလသုတ် အဋ္ဌကထာ)

**ဣမိနာ ဉာဏေန**- နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့် ပြည့်စုံသဖြင့် ဟုတ်မှန်တိုင်း ကိုသိမြင်သော ယထာဘူတဉာဏ်နှင့်။ **သမ္ပန္နာဂတော**-ပြည့်စုံသော။ **ဝိပဿကော**-ဝိပဿနာတရားကို ပွားများအားထုတ်လျှက်နေသော ယောဂီပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနေ**-မြတ်စွာဘုရားသာသနာတော်၌။ **လဒ္ဓဿာသော**-ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ **လဒ္ဓပတိဋ္ဌော**-ရအပ်သောတည်ရာမှီရာရှိသည်ဖြစ်၍။ **နိယတဂတိကော**- မြဲသောလားရာ ကောင်းသောသုဂတိရှိသည်ဖြစ်၍။ **စူဠသောတာပန္နောနာမ**- စူဠသောတာပန်မည်သည်(ဝါ) သောတာပန်ငယ်၊ သောတာပန်လောင်းမည်သည် ဟောတိဖြစ်လေတော့၏။

ဤဘဝကဝိပဿနာတရားတို့ကိုပွားများအားထုတ်၍ သွားခဲ့ဘူးသော ပုဂ္ဂိုလ်တို့သည် နောင်ဥပပါတ် ပဋိသန္ဓေနေ၍ နတ်ဘဝစသည်တို့၌ဖြစ်မှု ဤဘဝကအားထုတ်ခဲ့ဘူးသော တရားတို့သည် လျင်မြန်စွာ ပေါ်ပေါက်၍ မဂ်တရားဖိုလ်တရားတို့ကိုရနိုင်လေ၏။

### ဒုက္ခမှာသုံးမျိုးရှိသည်။

၁။ ဒုက္ခဒုက္ခတာ ခန္ဓာငါးပါးဒုက္ခအပေါ်ထပ်ဆင့်ဖြစ်တဲ့ ခေါင်းကိုက်၊ ဗိုက်နာ၊ ဖျားနာ စတဲ့ဒုက္ခ (၄င်းကိုရှု၍ နိဗ္ဗာန်မရပေ၊ သံဝေဂဉာဏ်သာရသည်၊)

၂။ သခ်ါရဒုက္ခ ခန္ဓာငါးပါး၊အနိစ္စ၊ဒုက္ခ၊အနတ္တ ဒုက္ခသစ္စာအမှန် (ဤတရားကိုရှုမှသာ နိဗ္ဗာန်ရမည်)

၃။ ဝိပရိနာမဒုက္ခ ခေါင်းဖြူ၊ စွယ်ကျိုး အိုမင်းဒုက္ခ(၄င်းကိုရှု၍ နိဗ္ဗာန်မရပေ၊ သံဝေဂ ဉာဏ်သာရသည်)

ထို့အပြင်သေခြင်းတရား မရဏ(၃)မျိုးရှိသည်။

၁။ သမုတိမရဏ- လောကတွင်မျက်မြင်အားဖြင့် ပန်းကန်ကွဲခြင်း၊သစ်ပင်လဲခြင်း၊ ဥစ္စာ စည်းစိမ် ပျက်စီးခြင်း (သမုတိအနိစ္စ) လူသေခြင်းတို့ဖြစ်သည်။ ၄င်းကိုရှု၍နိဗ္ဗာန်မရပေ သံဝေဂဉာဏ်သာ ရသည်။

၂။ သန္တတိမရဏ- သမုတိကဲ့သို့လည်းမကြာ၊ ခဏိကကဲ့သို့လည်းမမြန်လွန်း ဥပမာ- ထိုင်သည့်နေရာ (သန္တတိအနိစ္စ)တွင် တစ်နေရာမှတစ်နေရာသို့ ပြုပြင် ပြောင်းလဲထိုင်ဘိသကဲ့သို့ မကြာခဏရွှေ့ပြောင်းခြင်းသဘောဖြစ်၏။ ·ပထမဒေါသစိတ်ဖြစ်ပေါ်နေ၏၊ မကြာမီမေတ္တာစိတ်ဖြစ်ပေါ်လာ၏၊ ပြောင်းသွား၏၊ ယွန်းစာဖတ်နေ၏ မကြာမီ စာအုပ်ကိုချ၍ တစ်ခုခု ပြုလုပ်၏၊ ဤကဲ့သို့ တစ်မျိုးမှတစ်မျိုးသို့မကြာမီအတွင်း ပြောင်းလဲမှု များမှာ သန္တတိ အနိစ္စ၊ သန္တတိမရဏဖြစ်၏။

၃။ ခဏိကမရဏ-ရုပ်ခန္ဓာ၊နာမ်ခန္ဓာနှစ်ပါးသည် လက်ဖျစ်တတွက်တွင် ရုပ်ခန္ဓာက ကုဋေငါးထောင်(ခဏိကအနိစ္စ)ကျော်၊ နာမ်ခန္ဓာက ကုဋေတစ်သိန်းကျော် ဖြစ်ပျက်ရကား အကြိမ်ပေါင်းလူတို့၏မျက်စိဖြင့် ရေတွက်ခြင်းငှာ မတတ်နိုင်လောက်အောင် ဖြစ်ပျက်မှုမြန်ဆန်သောမရဏသည် ခဏိက အနိစ္စ၊ ခဏိကမရဏမည်၏။

ခန္ဓာငါးပါးရှိသည်။ ၄င်းတို့မှာ-

၁။ ရူပက္ခန္ဓာ (ဖောက်ပြန်ပျက်စီးတတ်သောသဘော)ဆိုသည်မှာ-

မာခြင်း၊ ပျော့ခြင်းကြောင့်ဖောက်ပြန်ခြင်း (ပထဝီဓါတ်)
အပူ အအေးကြောင့်ဖောက်ပြန်ခြင်း (တေဇောဓါတ်)
ဖွဲ့စည်းယိုစီးမှုကြောင့်ဖောက်ပြန်ခြင်း (အာပေါဓါတ်)
ရုန်းကန်လှုပ်ရှားမှုကြောင့်ဖောက်ပြန်ခြင်း (ဝါယောဓါတ်) တို့ဖြစ်ကြသည်။

၄င်းရုပ်သဘောတရားတို့သည် လက်ဖျစ်တတွက်တွင် ကုဋေငါးထောင်ကျော် ချုပ်ပျောက်ပျက်စီးကြလေသည်။ ဘုရားဉာဏ်တော်ဖြင့်သာ မြင်နိုင်လေသည်။

၂။ ဝေဒနက္ခန္ဓာ (ခံစားတတ်သောသဘော)

ကောင်းတယ်၊ မကောင်းဘူး၊ နှစ်သက်တယ်၊ မနှစ်သက်ဘူး၊ ကြိုက်တယ်၊ မကြိုက်ဘူး စသည်ဖြင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊စားစိတ်၊ ထိသိစိတ်၊ တွေးတောစိတ်များ အပေါ်၌ ခံစားသည့်သဘောမှာ ဝေဒနက္ခန္ဓာဖြစ်သည်။

၃။ သညာက္ခန္ဓာ (မှတ်သားတတ်သောသဘော)

ဒါကိုစာအုပ်ခေါ်တယ်၊ ခဲတံခေါ်တယ်၊ ဒါကမောင်ဖြူ ဒါကမောင်နီ စသဖြင့် မြင်တွေ့ခဲ့ဘူးသောအရာများကို မှတ်မိနေခြင်း၊တစ်စုံတစ်ယောက် ရှင်းလင်းပြောကြားချက်များကို သေချာစွာ မှတ်သားသိရှိနေသည့်သဘောသည် သညာက္ခန္ဓာ မည်၏။

၄။ သင်္ခါရက္ခန္ဓာ (ပြုပြင်ပြောင်းလဲတတ်သောသဘော)

ကျောင်းသွားရန် အလုပ်သွားရန် ထမင်းစားရန် ရေချိုးရန် တီဗွီကြည့်ရန်စသဖြင့် စေ့ဆော်ပြုပြင်တတ်သော သဘောကို သင်္ခါရက္ခန္ဓာ ဟုခေါ်သည်။

၅။ ဝိညာဏက္ခန္ဓာ (သိတတ်သောသဘော)

မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ တွေးတောစိတ် စသည့် သိနေသောစိတ်တို့သည် ဝိညာဏက္ခန္ဓာ၏သဘောပင်ဖြစ်သည်။

၄င်းနာမ်ခန္ဓာ(၄)ပါးတို့သည် လက်ဖျစ်တတွက်တွင် ကုဋေတစ်သိန်းကျော် ချုပ်ပျောက်ပျက်စီးကြလေသည်။ ဘုရား၏ဉာဏ်တော်ဖြင့်သာ မြင်နိုင်ပေသည်။

နိဗ္ဗာန်ကိုလိုချင်၍ ဝိပဿနာတရားကျင့်ကြံပွားများအားထုတ်လိုသူတို့သည် အောက်ပါအချက်များကို ကြိုတင်လေ့လာထားသင့်ပေသည်။

၁။ ခန္ဓာငါးပါး
၂။ ဓါတ် (၁၈) ပါး
၃။ အာယတန (၁၂) ပါး
၄။ သစ္စာ (၄) ပါး
၅။ ခန္ဓာပဋိစ္စသမုပ္ပါဒ်တရား
၆။ ဝိပဿနာ အရှုဉာဏ်တရားနှင့် ဒိဋ္ဌိ (၃)မျိုး တို့ဖြစ်ကြလေသည်။

ဝိပဿနာအားထုတ်ရာတွင် အားထုတ်နည်း(၂)နည်းရှိလေသည်။

**(၁) ဒုဗ္ဗလဝိပဿနာ (အားနည်းသောဝိပဿနာ)**

**(၂) ဝိဗ္ဗလဝိပဿနာ (အားကြီးသောဝိပဿနာ) ဟူ၍ဖြစ်သည်။**

ဒိဋ္ဌိတန်းလန်းဖြင့်အားထုတ်သော ဝိပဿနာရှုနည်းကို ဒုဗ္ဗလဝိပဿနာဟုခေါ်၍ ကုသိုလ်သာရပြီး နိဗ္ဗာန်မရရှိနိုင်ပေ။

ဒိဋ္ဌိကို ဉာတပရိညာဖြင့်ပယ်ရှားပြီး အားထုတ်သော ဝိပဿနာရှုနည်းကို ဝိဗ္ဗလဝိပဿနာဟုခေါ်သည်။ ၎င်းရှုနည်းသည် ကုသိုလ်လည်းရ၊ နိဗ္ဗာန်လည်းရနိုင်ပေသည်။ ဒိဋ္ဌိဆိုသည်မှာ အယူအဆမှားယွင်းခြင်းဖြစ်ပြီး မရှိတာကိုအရှိထင်၊ ရှိတာကိုမရှိ ထင်နေခြင်းပင်ဖြစ်သည်။

## မိစ္ဆာဒိဋ္ဌိ (၆၂)ပါး

သက္ကာယဒိဋ္ဌိ

ဥစ္ဆေဒဒိဋ္ဌိ(၇)ပါး | သဿတဒိဋ္ဌိ(၅၅)ပါး

ဒိဋ္ဌိဖြစ်ကြောင်းတရား(၈)ပါး နှင့် လက္ခဏာ

| | |
|---|---|
| ၁။ ခန္ဓာ | ၃။ ဖဿ |
| ၂။ အဝိဇ္ဇာ | ၄။ သညာ |
| ၅။ တဏှာ | ၆။ အယောနိသော မနသိကာရ |
| ၇။ ပါပမိတ္တ | ၈။ ပရတောဃောသ |

လက်ာ - ခန္ဓာ၊ အဝိဇ္ဇာ၊ ဖဿော၊ သညာ၊ တဏှော၊ အာယောနိသော၊ ဒုမ္မိတ္တော ပရတောဃောသော၊ ဒိဋ္ဌိဋ္ဌာနာနိ၊ အဋ္ဌဓာ။

ထိုမိစ္ဆာဒိဋ္ဌိ (၆၂)ပါးတွင်

(က) သဿတဒိဋ္ဌိ (ဂ) ဧကစ္စသဿတ

(ခ) ဥစ္ဆေဒဒိဋ္ဌိ (ဃ) အမရာဝိက္ခေပ - တို့သာရှိကြလေသည်။

ထိုလေးပါးကိုထပ်၍ချုံ့လျှင် (က)သဿတနှင့် (ခ) ဥစ္ဆေဒ တို့သာဖြစ်ကြသည်။ ထပ်၍ချုံ့ပါလျှင် ''သက္ကာယဒိဋ္ဌိ'' တစ်မျိုးသာကျန်တော့သည်။ ထို (၆၂)ပါးသော ဒိဋ္ဌိတို့သည် ''သက္ကာယဒိဋ္ဌိ'' မှအရင်းခံ၍ ပေါက်ဖွားကြခြင်းဖြစ်၏။

### သဿတဒိဋ္ဌိရှိသောသူသဘော

၁။ ဟိုဘဝ ဒီဘဝရှိသည်ဟုယုံကြည်

၂။ ကောင်းတာလုပ်ကောင်းကျိုးပေး၊ မကောင်းတာလုပ်မကောင်းကျိုးပေး၏ဟုယုံကြည်

၃။ ကုသိုလ်ကောင်းမှုပြု

၄။ အကုသိုလ်လုပ်ရမှာဝန်လေး

၅။ ဘုရားနှင့်တွေ့တွေ့၊ ဘုရားတပည့်များနှင့်တွေ့တွေ့ နိဗ္ဗာန်ကိုချက်ချင်းမယူချင်သေး ဘုံဘဝထဲမှာ ပျော်ချင်သေးသည်။

### ဥစ္ဆေဒဒိဋ္ဌိရှိသောသူသဘော

၁။ ဟိုဘဝဒီဘဝရှိသည်မယုံကြည်

၂။ ကောင်းတာလုပ်ကောင်းကျိုးပေး၊ မကောင်းတာလုပ်မကောင်းကျိုးပေး၏ဟုမယုံကြည်

၃။ ကုသိုလ်ကောင်းမှုမပြု

၄။ အကုသိုလ်ကိုရဲရဲကြီးလုပ်နေ

၅။ ဘုရားနဲ့တွေ့တွေ့၊ ဘုရားတပည့်များနဲ့တွေ့တွေ့ သစ္စာတရားကိုနာလိုက်ရလျှင် သူ့အယူကိုစွန့်၍ ချက်ချင်းနိဗ္ဗာန်ရောက်အောင်အားထုတ်သည်။ (သူကအပြစ်ကြီးသည်၊

ကျွတ်တမ်းဝင်မြန်သည်။) ဃာဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိမှပေါက်ဖွား လာခြင်းဖြစ်သည့်အတွက် သက္ကာယဒိဋ္ဌိ ပြုတ်လျှင် ၄င်းဒိဋ္ဌိ (၂)ခုပြုတ်လေသည်။

သစ္စာလေးပါး

| | | |
|---|---|---|
| ၁။ ဒုက္ခသစ္စာ | ဆင်းရဲခြင်းအမှန် | (ပိုင်းခြားသိရမည့်တရား) |
| ၂။ သမုဒယသစ္စာ | ဆင်းရဲကြောင်းအမှန် | (ပယ်ရမည့်တရား) |
| ၃။ နိရောဓသစ္စာ | ဆင်းရဲချုပ်ရာအမှန် | (မျက်မှောက်ပြုရမည့်တရား) |

၄။ မဂ္ဂသစ္စာ ဆင်းရဲချုပ်ရာချုပ်ကြောင်းအကျင့်ကောင်းအမှန်(ပွားများအားထုတ်ရမည့်တရား)

## သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်

သစ္စာဉာဏ်သည် - သစ္စာလေးပါးကိုပိုင်းခြား၍သိသောဉာဏ်

သစ္စာဉာဏ်၌
- ဒုက္ခသစ္စာ၌ ဒုက္ခဟုသိသောဉာဏ်
- သမုဒယသစ္စာကို သမုဒယဟုသိသောဉာဏ်
- နိရောဓသစ္စာ၌ နိရောဓဟုသိသောဉာဏ်
- မဂ္ဂသစ္စာကို မဂ္ဂသစ္စာဟုသိသောဉာဏ်

ကိစ္စဉာဏ်သည် - သစ္စာလေးပါး၏ကိစ္စကိုသိသောဉာဏ်

ကိစ္စဉာဏ်၌
- ဒုက္ခသစ္စာ၏ကိစ္စကိုသိသောဉာဏ်
- သမုဒယသစ္စာ၏ကိစ္စကိုသိသောဉာဏ်
- နိရောဓသစ္စာ၏ မျက်မှောက်ပြုအပ်သောကိစ္စကိုသိသောဉာဏ်
- မဂ္ဂသစ္စာ၏ ပွားများကျင့်ကြံအပ်သောကိစ္စကိုသိသောဉာဏ်

ကတဉာဏ်သည် - ကိစ္စပြီးစီးသည်ကို ပြီးပြီဟုသိသောဉာဏ်

ကတဉာဏ်၌
- ဒုက္ခသစ္စာဟုသိအပ်သော ကိစ္စရှိသည့်အတိုင်း ကောင်းစွာမြင်သိသည့်ဉာဏ်
- ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတဏှာကိုပယ်စွန့်ရန် ကိစ္စရှိသည့်အတိုင်း ပယ်စွန့်ပြီးပြီဟုသိသောဉာဏ်

- နိရောဓသစ္စာနိဗ္ဗာန်ကိုမျက်မှောက်ပြုပြီးပြီဟုသိသောဉာဏ်
- မဂ္ဂသစ္စာပွါးရန် ကိစ္စရှိသည့်အတိုင်းပွါးပြီးပြီဟုသိသောဉာဏ်

သစ္စာ ၄ ပါး × သစ္စ၊ ကိစ္စ၊ ကတ တည်းဟူသောဉာဏ်က(၃)ပါး

(၄ × ၃ = ၁၂ )သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူ၍ဉာဏ်(၁၂)ပါးကို အထက်ပါအတိုင်း ပြဆိုအပ်၏။

**သစ္စာအနက် (၁၆) ချက်ပုံပြဇယား**

သစ္စာအနက်(၁၆)ချက်

- ဒုက္ခသစ္စာ(၄)ချက်
- သမုဒယသစ္စာ(၄)ချက်
- နိရောဓသစ္စာ(၄)ချက်
- မဂ္ဂသစ္စာ(၄)ချက်

၁။ **ဒုက္ခသစ္စာလေးချက်** (ဒုက္ခဿပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌောတိ)

၁။ **ဒုက္ခဿ** ဒုက္ခသစ္စာ၏ **ပီဠနဋ္ဌော** ကိန်းရာပုဂ္ဂိုလ်အား ညှာတာမဖက် အမြဲနှိပ်စက်တပ်သော သဘောလည်းတစ်ပါး (ဝါ) ပီဠနဋ္ဌေါ ပဋိသန္ဓေအိုနာသေနှင့် ပူပင်ခြင်းတို့ဖြင့် အဖန်ဖန်နှိပ်စက်တတ်သော သဘောလည်းတစ်ပါး။

၂။ **သင်္ခတဋ္ဌော** ကံ စိတ် ဥတု အဟာရတို့ဖြင့်နေ့ညမပြတ် ပြုပြင်တတ်ပြုပြင်အပ်သော သဘောလည်းတစ်ပါး (ဝါ) တဏှာယောက်ျားလက်သမား၏ ဆိုးရွားယုတ်မာ ပြုပြင်ရာကို ရုံခါမသွေအမြဲခံနေရသောသဘောလည်းတစ်ပါး။

၃။ **သန္တာပဋ္ဌော** ကိလေသာမီး၊ လောဘမီးတည်းဟူသော ၁၅၀၀ ကိလေသာ အပူဓါတ်၊ အလောင်ဓါတ်တို့၏ တငြီးငြီးတပြောင်ပြောင် အမြဲတောက်လောင်နေတတ်သော သဘောလည်း တစ်ပါး၊

၄။ **ဝိပရိဏာမဋ္ဌော** အဖန်ဖန်အိုမှု နာမှု သေမှုတို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော သဘောလည်းတစ်ပါး (ဝါ) နဂိုခံ့ခိုင်မတည်နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲပျက်စီးခြင်း မြဲသော သဘောလည်းတစ်ပါး။

၂။ **သမုဒယသစ္စာ (၄)ချက်** (သမုဒယဿအာယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌော)

**တဏှာ သမုဒယသစ္စာသည်-**

၁။ **အာယူဟနဋ္ဌော** - ဒုက္ခဝဋ္ဋဒုက္ခမှုတို့ကိုမပြတ်စုဆောင်းဆည်းပူးတတ်သော သဘောလည်းတစ်ပါး၊

၂။ **နိဒါနဋ္ဌော** -ဒုက္ခဝဋ္ဋဒုက္ခမှုတို့ကို မပြတ်ပေးအပ်ဆောင်နှင်းတတ်သော သဘောလည်းတစ်ပါး၊

၃။ **သံယောဂဋ္ဌော** - ဒုက္ခဝဋ္ဋဒုက္ခမှုတို့၌သာ စိတ်ကိုမပြတ် ယှဉ်စေခြင်း သဘောလည်းတစ်ပါး၊

၄။ **ပလိဗောဓဋ္ဌော** - ဝဋ်မှဆန်ထွက်နိဗ္ဗာန်ဘက်သို့ မရောက်အောင်တားမြစ်နှောင့်ယှက်ကန့်ကွက်တတ်သော သဘောလည်းတစ်ပါး၊

၃။ **နိရောဓသစ္စာ(၄)ချက်** (နိရောဓဿနိဿရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော အမတဋ္ဌော)

**နိရောဓသစ္စာသည်-**

၁။ **နိရောဓဋ္ဌော** - ဇာတိအစ၊ ဇရာမရဏအဆုံး ဒုက္ခချုပ်ငြိမ်းသော နိရောဓသစ္စာ၏ နိဿရဋ္ဌောကိလေသာဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ်တို့မှ လွတ်မြောက်ကျွတ်လွတ်ခြင်း သဘောလည်းတစ်ပါး၊

၂။ **ဝိဝေကဋ္ဌော** - ကိလေသာဝဋ်၊ ကာမဝဋ်၊ ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ဆိတ်ငြိမ်ခြင်းသဘောလည်းတစ်ပါး၊

၃။ **အသင်္ခတဋ္ဌော** - အဖန်ဖန်ပြုပြင်ခြင်းမရှိသော သဘောလည်းတစ်ပါး (ဝါ) အကြောင်းတရားတို့မပြုပြင်အပ်သောသဘောလည်းတစ်ပါး၊

၄။ **အမတဋ္ဌော** - မအို၊ မသေ၊ အမြဲနေရသောသဘောလည်းတစ်ပါး၊ အိုနာသေဒုက္ခအပေါင်းမှကင်းလွတ်သောသဘောလည်းတစ်ပါး။

၄။ မဂ္ဂသစ္စာ (၄)ချက် (မဂ္ဂဿနိယာနဋ္ဌော ဟေတွဋ္ဌောဒဿနဋ္ဌော အဓိပတေယျ ဋ္ဌေါတိ)

၁။ **နိယာနဋ္ဌော** - အရိယာမဂ်၏ နိဿရဏဋ္ဌော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တည်းဟူ၍ ဝဋ်သုံးပါးမှဆန်တက်၍ နိဗ္ဗာန်သို့ လွတ်မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန်ဖြစ်သော သဘောလည်း တစ်ပါး၊

၂။ **ဟေတွဋ္ဌော** - ဒုက္ခသမုဒယတို့ကို ချုပ်ငြိမ်းစေတတ်ကြောင်းလည်းတစ်ပါး (ဝါ) မကွေးမထောက် ဖြောင့်ဖြောင့်သာယာ နိဗ္ဗာန်သို့ ဆိုက်ကပ်ရန် အကြောင်းဖြစ်သော အနက်သဘောလည်း တစ်ပါး၊

၃။ **ဒဿနဋ္ဌော** - နိဗ္ဗာန်မြင်သောသဘောလည်းတစ်ပါး၊

၄။ **အဓိပတေယျဋ္ဌော**- လောကီသီလ၊ သမာဓိ၊ ပညာတို့ထက် ကြီးကဲလွန်မြတ် သော အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော သိက္ခာသုံးရပ် ကြီးကဲလွန်မြတ်သော အဓိပတေယျဋ္ဌ သဘောလည်းတစ်ပါး (တစ်နည်း) လေးတန်သစ္စာ မြင်ဖို့ရာနှင့် ကိလေသာမီး အပူကြီးကိုအပြီးငြိမ်းမှု ကိစ္စစုဝယ် ချယ်လှယ်လွှမ်းမိုး အုပ်စိုးနိုင်သော အနက်သဘောလည်း တစ်ပါး။

သစ္စာအနက် (၁၆) ချက်ဤတွင်ပြီး၏။

## ကိလေသာ

ကိလေသာ (၃)မျိုးထဲမှ အကြမ်းစားဖြစ်သော ပရိယုဋ္ဌာန ကိလေသာကိုသီလနဲ့သတ်နိုင်၊ အလတ်စား ကိလေသာကို သမာဓိနဲ့သတ်နိုင်သော်လည်း၊ အနုစားကိလေသာကို ဝိပဿနာနဲ့သာ သတ်နိုင်လေသည်။ ကိလေသာကုန်မှသာ နိဗ္ဗာန်စံဝင်နိုင်မည်ဖြစ်ပါသည်။ ကိလေသာ(၁၀)ပါး ရှိပြီးအကျယ်ဖွဲ့ပါက ကိလေသာ(၁၅၀၀)ရှိလေသည်။

ကိလေသာ(၁၀)ပါးမှာ-

(၁) လောဘ (တပ်မက်ခြင်း)
(၂) ဒေါသ (အမျက်ထွက်ခြင်း)
(၃) မောဟ (တွေဝေမိုက်မဲခြင်း၊ မသိတတ်ခြင်း)
(၄) မာန (ထောင်လွှားခြင်း၊ မော်ကြွားတက်ကြွခြင်း)
(၅) ဒိဋ္ဌိ (အယူမှားခြင်း)
(၆) ဝိစိကိစ္ဆာ (ယုံမှားခြင်း၊ ဟုတ်မှဟုတ်ပါ့မလားဟုယုံမှားခြင်း)
(၇) ထိနမိဒ္ဓ (စိတ်ရောကိုယ်ပါထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း)
(၈) ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်ခြင်း၊ စိတ်များထားရာမနေခြင်း)
(၉) အဟိရိက (မကောင်းမှုအကုသိုလ်ပြုလုပ်ရန်မရှက်ခြင်း)
(၁၀) အနောတ္တပ္ပ (မကောင်းမှုအကုသိုလ်ပြုရန်မကြောက်ခြင်း)

အထက်ပါကိလေသာ(၁၀)ပါးကိုအကျဉ်းချုံးမည်ဆိုပါက လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် ကိလေသာ (၃)မျိုးသာရလေသည်။ အနု၊ အလတ်၊ အကြမ်း အနေဖြင့်ခွဲခြားပါက (၃)မျိုးခွဲခြားနိုင်လေသည်။

(၁) ပရိယုဋ္ဌာန ကိလေသာ ထကြွသောင်းကျန်းသောကိလေသာ (သီလနဲ့ သတ်)
(၂) ဝီတိက္ကမ ကိလေသာ လွန်ကျူးသောကိလေသာ (သမာဓိနဲ့ သတ်)
(၃) အနုသယ ကိလေသာ ငုတ်လျှိုးသောကိလေသာ (ဝိပဿနာနဲ့ သတ်)

ဒါန၊ သီလ၊ သမထ တရားတွေ ပြုလုပ်နေပေမဲ့လည်း။ ရင်ထဲမှာကိန်းအောင်းနေတဲ့ အကြောင်းရှိမှ ပေါ်လာတတ်တဲ့ အနုသယ ကိလေသာကိုမပယ်သတ်နိုင်တော့ ဒီကိလေသာ နဲ့သာသေရင် အပါယ်လေးဘုံက လွတ်စရာလမ်းမမြင်ပါဘူး။

ဘေးကြီးလေးပါးဆိုတာက-

၁။ ဝိနိပါတဘေး ဗရမ်းဗတာကျရောက်နိုင်တဲ့ဘေး
၂။ နာနာသတ္တဥလ္လောကနဘေး ကိုးကွယ်ရာမှားသောဘေး
၃။ ဒုစရိတဘေး ဒုစရိုက်မှုကျူးလွန်သောဘေး
၄။ အပါယဘေး အပါယ်လေးဘုံရောက်နိုင်သောဘေး၊

ဘေးကြီးလေးပါးအပြင် ဘေး(၅) ဘေးကလည်း ကြုံတွေ့ရအုံးမှာပါ။ ဘေး(၅)ဘေးတွေက -

(၁) အိုဘေး

(၂) နာဘေး

(၃) သေဘေး

(၄) ကွဲဘေး

(၅) မွဲဘေး တို့ဖြစ်တယ်။ ခန္ဓာရနေသရွေ့ ဒီဘေးတွေကပြေးမလွတ်နိုင်ဘူး။ ခန္ဓာရသူတိုင်း ဆင်နွှဲရမည့်ပွဲကြီး ၄-ပွဲကလည်းရှိပါသေးတယ်။

(၁) ဇာတိပွဲ

(၂) ဇရာပွဲ

(၃) ဗျာဓိပွဲ

(၄) မရဏပွဲ တို့ဖြစ်ပါတယ်။

ဒီကြားထဲ ပျက်စီးခြင်းတရား(ဗျသနတရား -၅ပါး)နဲ့ကြုံတွေ့တဲ့အခါမှာလည်း သောက (စိုးရိမ်ခြင်း)၊ ပရိဒေဝ (ပူဆွေးခြင်း)၊ ဒုက္ခ(ကိုယ်ဆင်းရဲခြင်း)၊ ဒေါမနဿ (စိတ်ဆင်းရဲခြင်း)၊ ဥပါယာသ (ပြင်းစွာပူလောင်ခြင်း) တရားတွေကလည်း ကြုံတွေ့ရအုံးမှာပါ။ ခန္ဓာရခြင်းဟာ ဒုက္ခတရားတွေသာ ကြုံတွေ့ဖို့ ဖြစ်ပါတယ်။ သုခချမ်းသာဆိုတာ အနည်းငယ်မျှသာရှိပါတယ်။ အဲဒီသုချမ်းသာဆိုတာဘာလဲ မမြဲခြင်း သဘောအနိစ္စမို့ ချမ်းသာအစစ်မဟုတ်ပါဘူး။ နိဗ္ဗာန် ချမ်းသာမှသာ ချမ်းသာအစစ်ဖြစ်ပါတယ်။

ပျက်စီးခြင်းတရား (ဗျသနတရား) ၅-ပါးရှိပါတယ်။

| | |
|---|---|
| (၁) ဉာတိဗျသန | ဆွေမျိုးဉာတိတို့၏ ပျက်စီးခြင်း |
| (၂) ဘောဂဗျသန | စီးပွားဥစ္စာတို့ ပျက်စီးခြင်း |
| (၃) ရောဂဗျသန | အနာရောဂါကြောင့်ပျက်စီးခြင်း |
| (၄) သီလဗျသန | ကိုယ်ကျင့်သီလပျက်စီးခြင်း |
| (၅) ဒိဋ္ဌိဗျသန | အယူ၏ဖောက်ပြန်ပျက်စီးခြင်း တို့ ဖြစ်လေသည်။ |

ကျွန်ုပ်တို့ ဘုရားရှိခိုးသောအခါ "ဤကဲ့သို့ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ကန်တော့ကြရသော ကောင်းမှုကံစေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိ တရား ၄-ပါး၊ ဗျသနတရား ၅-ပါးတို့မှ ကင်းလွတ်ရပါလို၏" လို့ ဆုတောင်းခဲ့ကြပါတယ်။

ဘာကြောင့်ဆုတောင်း ကြရသလဲစဉ်းစားကြည့်ပါ။ ဒီတရားတွေက သတ္တဝါတွေကို ပျက်စီးဒုက္ခ ရောက်စေတဲ့တရားတွေမို့ လွတ်ချင်လို့ ဆုတောင်းကြတာပါပဲ။ ဆိုလိုတာက သတ္တဝါ(သို့) ခန္ဓာရလာရင် ဒီဘေးဆိုး၊ဒုက္ခဆိုး၊ ဆင်းရဲဆိုးတွေနဲ့ကြုံနေရမယ်ဆိုတာ သေသေချာချာသိလို့ ဆုတောင်းကြခြင်း ဖြစ်ပါတယ်။ ခန္ဓာရှိနေရင်တော့ မကြုံလို့မရပါဘူး၊ ဒီဒုက္ခဆိုးမျိုးစုံ မကြုံချင်ရင်တော့ ခန္ဓာမရှိအောင်လုပ်မှရပါမယ်။ ခန္ဓာမရှိရာနိဗ္ဗာန်ချမ်းသာကို ရအောင်ဝိပဿနာတရားသာ ကျင့်ကြံအားထုတ်နေကြရပါမယ်။ သစ္စာသိဖို့လိုပါတယ်။

အခုလိုခန္ဓာကို ဒုက္ခတရား ဒုက္ခသစ္စာမှန်းမသိခဲ့လို့ ခန္ဓာအပေါ် ခင်တွယ်တဲ့ သမုဒယကြောင့် ခန္ဓာတွေထပ်ခါထပ်ခါရရှိနေပြီး၊ ထပ်ခါထပ်ခါ ဒုက္ခတွေနဲ့ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ခန္ဓာရရင် ဘယ်ခန္ဓာမှ မကောင်းပါဘူး၊ အို၊ နာ၊ သေတရားတွေရနေတာပါပဲ။ ခန္ဓာကို ရနေတာဟာလည်း မသိတဲ့ (အဝိဇ္ဇာ)၊ လိုချင်တဲ့ (တဏှာ)တွေကြောင့်ပါ။ ဒါကြောင့် မသိတာကိုသိအောင် (တနည်း) ဝိဇ္ဇာဖြစ်အောင် လုပ်လိုက်ရင်လိုချင်တဲ့တဏှာမရှိတော့ပါဘူး၊ တဏှာမရှိရင် ခန္ဓာရစရာမရှိတော့ပါဘူး။

တဏှာကိုမြန်မာလိုအဓိပ္ပါယ်ဖွင့်ရင် လိုချင်တယ်၊ တပ်မက်တယ်၊ နှစ်သက်တယ်၊ သဘောကျတယ်လို့ပြောပေမယ့် အဓိက ဖွဲ့ဆိုတဲ့အဓိပ္ပါယ်ကတော့ အာရုံ၌ကပ်ငြိခြင်းလို့ အဓိပ္ပါယ်ရပါတယ်။

တဏှာ = အာရုံ၌ကပ်ငြိခြင်း

တဏှာဘာကြောင့်ဖြစ်ရတာလဲဆိုတော့ မာနကြောင့်ပါ၊ မာနဆိုတာထောင်လွှား ခြင်း၊ ငါထင်နေခြင်းပါ။ အဲဒီမာနကလည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို အကောင်အထည်၊ အတုံးအခဲ၊ အသက်လိပ်ပြာ ပုဂ္ဂိုလ် သတ္တဝါလို့ ထင်နေတဲ့ ဒိဋ္ဌိကြောင့်ပါ။ ဒိဋ္ဌိကြောင့်မာန၊ မာနကြောင့်

တဏှာဖြစ်ပြီး တဏှာဖြစ်ရင် ဥပါဒါန်၊ ကံပြောက်သွားတဲ့အတွက် ဇာတိဖြစ်ရတာပါ။ ဇာတိရရင် ခန္ဓာငါးပါးရနေပါပြီ။ ခန္ဓာရရင် အိုနာသေက မလွတ်တော့ပါဘူး။

ဒါကြောင့် ဇာတိမဖြစ်ရင် ခန္ဓာမရ၊ ခန္ဓာမရရင် အိုနာသေလွတ်ပါပြီ။ အိုနာသေမရှိရာ နိဗ္ဗာန်ပါ။ ဇာတိအပြီးအပိုင်မလာအောင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို အကောင်အထည်ထင်တဲ့ ဒိဋ္ဌိမရှိရင် မာန၊ တဏှာမလာတော့ပါဘူး၊ ဒါဆိုခန္ဓာထပ်မရတော့တဲ့အတွက် နိရောဓသစ္စာ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါပြီ။ အဓိကပယ်သတ်ရမှာ ဒိဋ္ဌိပါပဲ။ ဒိဋ္ဌိဆိုတာ မြန်မာလိုပြောရင် အယူအဆ၊ အမြင်လို့ အဓိပ္ပါယ်ရပါတယ်။ မိစ္ဆာဒိဋ္ဌိဆိုရင် မိစ္ဆာ = မှားယွင်းသော၊ ဒိဋ္ဌိ = အယူအဆအမြင်၊ ဒီတော့ မှားယွင်းသော အယူအဆကို မိစ္ဆာဒိဋ္ဌိပေါ့။

သမ္မာဒိဋ္ဌိက သမ္မာ = မှန်ကန်သော၊ ဒိဋ္ဌိ = အယူအဆအမြင် ဆိုသည့်အတွက် မှန်ကန်သောအယူ အဆအမြင်ကို သမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်။ ဝိပဿနာလုပ်ငန်းမှာတော့ မိစ္ဆာဒိဋ္ဌိကို အတိုကောက် ဒိဋ္ဌိလို့ သုံးစွဲကြပါတယ်။ ဒိဋ္ဌိက ၆၂-ပါးတောင်ရှိတယ်။ ဒီ ၆၂-ပါးသော ဒိဋ္ဌိတွေရဲ့ အဓိကခေါင်းဆောင်ကတော့ သက္ကာယဒိဋ္ဌိပါဘဲ။ သက္ကာယဒိဋ္ဌိကြောင့် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိရယ်လို့ ဖြစ်လာရတာပါ။ ဝိပဿနာ အားထုတ်လိုတဲ့ ပုဂ္ဂိုလ်က အဓိကဖြစ်တဲ့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ၃-ခုကိုနားလည်ရင် ဝိပဿနာအားထုတ်ဖို့ လုံလောက်ပါပြီ။

## သက္ကာယဒိဋ္ဌိဆိုတာ

သက္ကာယ = အစစ်အမှန်ရှိတဲ့တရား (ခန္ဓာ ၅-ပါး/ ရုပ်နာမ်နှစ်ပါး)
ဒိဋ္ဌိ = မှားသောအယူ (ငါလို့ထင်)
ဒီတော့ သက္ကာယဒိဋ္ဌိ = အစစ်အမှန်ရှိတဲ့ ခန္ဓာငါးပါး/ ရုပ်နာမ်နှစ်ပါးကို ငါလို့ထင်သော အယူသည် သက္ကာယဒိဋ္ဌိဖြစ်သည်။

## သဿတဒိဋ္ဌိဆိုတာ

ခန္ဓာငါးပါး/ ရုပ်နာမ်နှစ်ပါးကို ခိုင်တယ်၊ မြဲတယ်၊ ဖြစ်ပြီးရင်မပျက်တော့ဘူးလို့ ယူဆတဲ့အယူသာ ဖြစ်တယ်။

ဥစ္ဆေဒဒိဋ္ဌိဆိုတာ

ခန္ဓာငါးပါး/ရုပ်နာမ်နှစ်ပါးကို ပျက်ပြီးရင်ပြန်မဖြစ်တော့ဘူး၊ သေပြီးရင် ဘာမှမဖြစ်တော့ဘူး၊ အကြောင်းနဲ့ အကျိုးဆက်စပ်မှုမရှိဘူးဟု ယူဆတဲ့ အယူအဆသာဖြစ်တယ်။

နိဗ္ဗာန်ရဲ့ပထမခြေလှမ်းဖြစ်တဲ့သောတာပတ္တိ မဂ်/ဖိုလ်ရတဲ့ပုဂ္ဂိုလ်ဟာ ဒီဒိဋ္ဌိ ၃-ခုကြီး အပြီးအပိုင် ပယ်သတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်သောတာပန် ဖြစ်ချင်ရင် ဒိဋ္ဌိကို အရင်သေအောင်သတ်ရပါတယ်။

ဒိဋ္ဌိဖြုတ်နည်းသုံးနည်းရှိပါတယ်-

(၁) ဉာတပရိညာ (အသိနဲ့ဖြုတ်နည်း)

(၂) တီရဏပရိညာ (အပွားနဲ့ဖြုတ်နည်း)

(၃) ပဟာနပရိညာ (အပ ယ်ဖြုတ်နည်း) တို့ဖြစ်ပါတယ်။

အသိတရားရအောင်နာယူသင်ကြားပြီး စာပဋိစ္စသမုပ္ပါဒ်ကို လေ့လာသင်ယူ မှတ်သားခြင်းကို အသိဖြုတ်(ဉာတပရိညာ)လို့ခေါ်တယ်။ ဉာတပရိညာနဲ့သင်ယူပြီး ကိုယ်တိုင်မြင်အောင် ကျင့်ကြံအားထုတ် ပွားများအားထုတ်ခြင်းကိုတော့ အပွားဖြုတ် (တီရဏပရိညာ)လို့ခေါ်ပြီး အပွားဖြုတ်(တီရဏပရိညာ)နဲ့အားထုတ်၍ ဒိဋ္ဌိအပြီး အပိုင်ဖြုတ်သော သောတပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားတာကိုတော့ အပါယ်ဖြုတ်(ပဟာန ပရိညာ)လို့ခေါ်ပါတယ်။ ပဟာနပရိညာဆိုတာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့သဘောပါပဲ၊ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးရင် ဒိဋ္ဌိအပြီးအပိုင်ပြုတ်သွားတဲ့အတွက် အပါယ်လေးဘုံကို မကျရောက်နိုင်တော့ပါဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လို့ခေါ်တဲ့ တရားထူးတရားမြတ်ရဖို့ကလဲ ဆရာကောင်းသမားကောင်းနဲ့တွေ့ရင် အင်မတန် လွယ်ကူပါတယ်၊ ဒါပေမဲ့ ဒီဘဝမှာ မဂ်ဖိုလ်မရနိုင်တဲ့ပုဂ္ဂိုလ်ကတော့ ၆ ယောက်ရှိပါတယ်။ အဲဒါတွေက-

(၁) ဘုရားရှင်ကိုသွေးစိမ်းတည်အောင် လုပ်တဲ့ပုဂ္ဂိုလ်။

(၂) ရဟန္တာကိုသတ်သောပုဂ္ဂိုလ်

(၃) အမိကိုသတ်သောပုဂ္ဂိုလ်

(၄) အဖကိုသတ်သောပုဂ္ဂိုလ်
(၅) သံဃာသင်းခွဲသောပုဂ္ဂိုလ်
(၆) မိစ္ဆာအယူရှိသောပုဂ္ဂိုလ် တို့ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ် ၆ ယောက်ကလွဲရင် ကျန်တဲ့ပုဂ္ဂိုလ်တွေဟာ တရားထူး တရားမြတ်ရနိုင်ပါတယ်။

လေးမဂ်လေးဖိုလ်ရပြီးရင်တော့ ရဟန္တာပါ။ ရဟန္တာဆိုရင်တော့ နောက်ဆုံးဘဝပါဘဲ ဒီဘဝပြီးရင် နိဗ္ဗာန်ကိုစံဝင်ပါတော့မယ်။ ရဟန္တာဖြစ်သွားရင် အသွေးအသား သတ္တိတွေ အကုန်ပြောင်းကုန်တယ်။

(က) သာမန်လူတွေ ပုထုဇဉ်တွေရဲ့ အရိုးတွေကတစ်ခုနှင့်တစ်ခု တော့ဆက် ဆက်ထားတယ်။
(ခ) ရဟန္တာဖြစ်တာနဲ့ အရိုးတွေက ချိတ်ဆက်ဖြစ်သွားပြီ။
(ဂ) ဘုရားကျတော့ အရိုးတွေက ကွင်းဆက်ဖြစ်ကုန်တယ်။ တရားထူး၊ တရားမြတ်တွေကြောင့် အသွေးအသားအရိုးတွေ ပြောင်းလဲကုန်တဲ့သဘောပါပဲ။

လူဝတ်ကြောင်နဲ့အားထုတ်ပြီး ရဟန္တာဖြစ်သွားရင်၊ အဲဒီနေ့ချင်းပဲ ရဟန်းအသွင်ပြောင်းလဲရပါတယ်။ လူဝတ်ကြောင်နဲ့ဆိုရင် လူ့သက်တမ်းပြည့်မနေရပဲ ပရိနိဗ္ဗာန်ပြုရပါတယ်။ ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ အတွက်တော်ရုံတန်ရုံ ဖွဲလုံ့လ ဝီရိယနဲ့ အားထုတ်လို့မရပါဘူး။ မိုးကုတ်ဆရာတော်ဘုရားကြီးက "ဒုက္ခအားလုံးက လွတ်မြောက်တဲ့ နိဗ္ဗာန်ဆိုတာကို ပျော့ပျော့နဲ့နဲ့ လျော့လျော့ရဲရဲ လုံ့လဝီရိယမျိုးဖြင့် ဘယ်ရနိုင်လိမ့်မလဲ" မပြောပလောက်တဲ့ အနည်းငယ်စွမ်းအား သာမာန် လုံ့လဝီရိယကလေးများဖြင့်လည်း ဘယ်ရနိုင်လိမ့်မလဲ၊ မရနိုင် " လို့ဟောထားခဲ့ပါတယ်။ အဲဒီလိုအားထုတ်ဖို့ဆိုတာလည်း ပဓာနိယင်္ဂတရား ငါးပါးနဲ့လည်းပြည့်စုံရပါမယ်။ အသိမှန်မှအကျင့်မှန်မယ်လို့ဆိုတဲ့အတိုင်း အသိပညာအလင်းအားကောင်းဖို့လည်းလိုအပ်ပါတယ်။

### ပဓာနိယင်္ဂတရား ၅-ပါးဆိုတာက-

(၁) ဘုရားအပေါ်ယုံကြည်သော သဒ္ဓါရှိရမည်။
(၂) ကျန်းမာသူလည်းဖြစ်ရမည်။
(၃) စိတ်ထားဖြောင့်မတ်သူလည်းဖြစ်ရမည်။

(၄) ခွဲသန်ကြိုးစားအားထုတ်သူလည်းဖြစ်ရမည်။

(၅) ဉာဏ်စွမ်းဉာဏ်စလည်းရှိရမည်။ ဤအင်္ဂါ(၅)ပါးနှင့် ပြည့်စုံခဲ့သော်မကြာမီပင် တရားထူးရနိုင်၏။

ဆောင်ပုဒ်။ ။ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင်မဂ်ရကြောင်း။

အသိမှန်မှအကျင့်မှန်မယ် ဆိုပေမယ့်လည်း အသိမှန်ဖို့အတွက် တရားနာတရား စာသင် စတဲ့အချက် ၅-ချက်ပြည့်စုံမှ မိမိသန္တာန်မှာသာသနာမကွယ်နိုင်တော့ပေ။

သာသနာကွယ်ကြောင်း ၅-ချက်ဆောင်ပုဒ်က- တရားမနာ၊ စာပေမသင်၊ နူတ်တွင် မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာ၊ သာသနာကွယ်ကြောင်းတည်း။

မှားယွင်းတဲ့အယူအဆတွေကို မှန်တယ်ထင်ပြီးတဲ့အခါ အမှန်တရားလာပြတဲ့အချိန် ကျတော့ အမှားထင်တတ်ပါတယ်။ အဲဒီအခါကျရင် အမှားကိုမှန်တယ်ထင်ပြီး စွဲလန်းယူဆ နေတဲ့အတွက် ဘုရားရှင်ပင်ချွတ်လို့မရနိုင်တော့ပါဘူး။ ဒါကြောင့် "အမှားကြာတော့ အမှန်ဖြစ်၊ အမှန်စင်စစ်တော့အမှားထင်၊ ဘုရားရှင်ပင်ချွတ်၍မရ" တဲ့။ တရားအားထုတ်ရာမှာလည်း အမှားတရားကိုမှန်တယ်ထင်ပြီး အားထုတ်လာလို့ကြာလာရင် အဲဒီတရားပေါ်မှာ စွဲလန်း သွားတော့တယ်။ တကယ့်စစ်မှန်တဲ့တရားကိုလာပြရင် သိပ်မယုံကြည် လက်မခံချင်တော့ဘူး။ ဒါပုထုဇဉ်တို့ရဲ့သဘောပါပဲ။ ကာလာမသုတ်မှာ မြတ်စွာဘုရားရှင်က ကာလာမတိုင်းသားတွေကို အမှန်တရားသိရှိဖို့အတွက် တိုင်းတာနည်းကိုပေးထားခဲ့ပါတယ်။ အဲဒါကတော့-

ငယ်ကကြားနာ၊ ဘိုးဘွားစဉ်လာ၊ ပြောတာအများ၊ ကျမ်းစာအားဖြင့်၊ မှန်းထားကြံစည်၊ တော်လှုပြီဟု၊ မှန်သည်ယူဆ၊ တူညီကြ၍၊ ယုံရပုဂ္ဂိုလ်၊ ဆရာဆိုလည်း မှန်သည်ချည်းပင် မယူဆရာ၊ ခန္ဓာကပြ၊ ကိုက်ညီမှသာ၊ ယုံကြည်ပါဟု၊ ကာလာမတွင်၊ ဘုရားရှင်က ဟောဖော် ပြသည် မှတ်ကြသူငါအများတည်း။ ဆိုသည့်အတိုင်း -

(၁) ငယ်ကနာကြားဖူးတယ်ဆိုပြီးလို့ မှန်တယ်မယူလိုက်ပါနဲ့ ။
(၂) ဘိုးဘွားစဉ်လာ ရှိခဲ့လို့လည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၃) အများသူငါပြောတာပဲလို့လည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၄) ကျမ်းစာမှာပါတယ်ဆိုလို့လည်း မှန်တယ်မယူလိုက်ပါနဲ့ ။

(သတိပြုရန် * ဘုရားကိုယ်စားထားခဲ့သော ပိဋကတ်ကျမ်းစာကို မှန်တယ်မယူလိုက်ပါနဲ့လို့ ဆိုခြင်း မဟုတ်ပါ။ ပိဋကတ်ကျမ်းနှင့်အညီ အသိမှန်အောင် ဆရာထံနည်းခံပြီး ကျင့်ရန် ဖြစ်ပါတယ်။)

(၅) မိမိရည်မှန်းကြံစည်တာနဲ့ကိုက်တယ်ဆိုလို့လည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၆) ဒီငှုကလူတော်ဘဲ၊ သူဟောတာမှန်မှာဘဲလို့လည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၇) မိမိအနေနှင့်မှန်သည်ယူဆပြီးလည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၈) သူပြောတာနဲ့ ငါ့သဘောနဲ့ တူညီတယ်ဆိုပြီးလည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၉) ယုံကြည်ရတဲ့ပုဂ္ဂိုလ်ကဟောတယ်ဆိုပြီးလည်း မှန်တယ်မယူလိုက်ပါနဲ့ ။
(၁၀) သူဟာငါတို့ရဲ့ဆရာပဲဆိုပြီးလည်း မှန်တယ်မယူလိုက်ပါနဲ့ ။

မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီး၊ မိမိခန္ဓာကပြတာနဲ့ ကိုက်ညီမှသာ တနည်းအားဖြင့် အရှိနဲ့ အသိကိုက်ညီမှသာ ယုံကြည်ပါဟု ကာလာမတိုင်းသားတို့အား ဘုရားရှင်က ဟောကြားလေသည်။ အရှိနဲ့ အသိကိုက်ညီမှုရှိမရှိ၊ ခန္ဓာကပြတာနဲ့ကိုက်ညီမှုရှိမရှိ စစ်ဆေးပြီး ကိုက်ညီမှသာ ယုံကြည်၍ အားထုတ်သင့်ပေသည်။

နိဗ္ဗာန်ကိုစံဝင်ရန် ဝိပဿနာအားထုတ်လိုသူအတွက် သိရှိနားလည်သင့်သော အချက်များမှာ -

(က) သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ
(ခ) အရှုခံခန္ဓာငါးပါး (ဝါ) ရုပ်နာမ်နှစ်ပါး
(ဂ) အာယတန (၁၂) ပါး
(ဃ) ဓာတ် (၁၈) ပါး
(င) ရှုဉာဏ်မဂ္ဂင် ၅-ပါး
(စ) ဒိဋ္ဌိ သုံးမျိုး (သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ)

(ဆ) သစ္စာလေးပါး
(ဇ) ပဋိစ္စသမုပ္ပါဒ်တရား - တို့ဖြစ်လေသည်။

အထက်ပါရှစ်မျိုးထဲမှ ရှင်းလင်းရန်ကျန်သည့် ပဋိစ္စသမုပ္ပါဒ်တရားကို စတင် ရှင်းလင်းကြပါစို့။

ပဋိစ္စသမုပ္ပါဒ်တရားကို စတင်မရှင်းလင်းမီ ပဋိစ္စသမုပ္ပါဒ်တရားတော်သည် မည်မျှတန်ဘိုးရှိသည်၊ မည်မျှ အရေးပါအရာရောက်သည်ကို သိရှိဖို့လိုအပ်ပေသည်။

နိဗ္ဗာန်သို့စံဝင်ပြီးသော မြတ်စွာဘုရားရှင် ပစ္စေကဗုဒ္ဓါ၊ ရဟန္တာရှင်မြတ် အပေါင်းတို့သည် ပဋိစ္စသမုပ္ပါဒ် တရားကိုမသိနားမလည်ဘဲ စံဝင်သည်ဟူ၍ မရှိပါ။ ပဋိစ္စသမုပ္ပါဒ်ကင်း၍လည်း နိဗ္ဗာန်ရသည်ဟုမရှိပါ။ နိဗ္ဗာန်ကိုစံဝင်လိုပါက ပဋိစ္စသမုပ္ပါဒ်ကို သိရှိနားလည်ရပေမည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်တရားကို ဟောကြားပြီးသည့်နောက် အာနန္ဒာမထေရ်က " မြတ်စွာဘုရား ပဋိစ္စသမုပ္ပါဒ်တရားကလွယ်လွယ်လေးပါလား" လို့လျှောက်လိုက်တဲ့အခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက" ချစ်သား အာနန္ဒာဒီလိုမဆိုနဲ့..... ဒီလိုမဆိုနဲ့.....အသင်ကအခုလို နားလည်ဖို့အတွက် ကမ္ဘာတစ်သိန်းတောင်ပါရမီဖြည့်ခဲ့ရတာ.....ဒီလောက်လွယ်တယ်ထင်ရင်....အခု ရဟန္တာဖြစ်ပါတော့လား" လို့မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့် ဒီတရားကိုနားလည်တယ်ဆိုရင် သင်နှင့် ကျွန်ုပ်တို့သည်လည်း မည်၍မည်မျှ ပါရမီဖြည့်ခဲ့၍သာ နားလည်ခြင်းဖြစ်ကြောင်း မိမိကိုယ်ကို ဝမ်းသာကျေနပ်ဖြစ်သင့်ပေသည်။ လွယ်ကူသည်ဟု မထင်စကောင်းပေ။ တစ်ခါ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အနာထပိဏ်သူဌေးက လျှောက်ထားလို့ ပြန်ဟောတဲ့နေရာမှာ " အနာထပိဏ်သူဌေး..... ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တရားကြီးများ အစကနေအဆုံးတိုင်ဆိုသလိုပဲ အဓိပ္ပါယတ္တတရားကိုယ်တရားသားနဲ့ ပြတ်ပြတ်သားသားနားလည်ရင်ဖြင့် ဒီပုဂ္ဂိုလ်က ဘာမဂ်မှမရဘူးထားငါသောတာပန်ပဲလို့ဝန်ခံနိုင်တယ်တဲ့" ဘယ်လောက်များ တန်းထွာတဲ့ တရားလဲဆိုတာသေသေချာချာကြည့်။

အဲဒါ သောတာပန်အကျင့်ကိုမကျင့်ပဲနဲ့ သောတာပန်ဖြစ်ချင်တဲ့ပုဂ္ဂိုလ်များ ပဋိစ္စသမုပ္ပါဒ် တရားကို ကြိုးစားသင်ကြလို့ ပခုက္ကူ ဝိပဿနာဆရာကြီး ဦးကြင်ရွှေရဲ့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပထမတွဲ) စာမျက်နှာ(၁၈၉) မှာအတိအလင်းရေးသားထားပါတယ်။ ဒါကြောင့် အသင်ယောဂီအပေါင်းတို့လည်း ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ပြတ်သားနားလည်အောင်ကြိုးစားအားထုတ်လေ့လာသင့်ပေသည်။

## ဉာတပရိညာစခန်း(ပဋိစ္စသမုပ္ပါဒ်တရားတော်)

ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးတပည့်ဖြစ်သော စစ်ကိုင်းတောင်ရိုး သီရိသုမနချောင်မဂ္ဂင်ရိပ်သာ ဆရာတော် အရှင်သုမန ရေးသားပြုစုအပ်သော ဉာတပရိညာစခန်း အခြေခံပဋိစ္စသမုပ္ပါဒ် သင်တန်းတရားစာအုပ်မှ ကိုးကား၍ ရေးသားဖော်ပြအပ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းအကျိုးတရားတော်ဖြစ်ပါတယ်-

ပဋိစ္စသမုပ္ပါဒ် = အကြောင်း ပဋိစ္စသမုပ္ပန္န = အကျိုးဖြစ်ပြီး အတိုကောက် ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်လိုက်တာဖြစ်ပါတယ်။ ဒီတော့ ပဋိစ္စက အကြောင်း သမုပ္ပါဒ်က အကျိုး။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာဖြစ်စဉ်လို့မှတ်ထားပါ ပဋိစ္စသမုပ္ပါဒ်ရယ်၊ ခန္ဓာရယ်၊ သံသရာရယ် အတူတူပါပဲ။ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာကြီးကို စတင်သင်ကြားတော့မယ်ဆိုရင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး ရေးစပ်သီကုံးတော်မူခဲ့သော လင်္ကာဆောင်ပုဒ်ကို အလွတ်ရအောင် ကျက်မှတ်၍ လင်္ကာဆောင်ပုဒ်အစဉ်အတိုင်းရှင်းလင်းပါက ပိုမိုလွယ်ကူရှင်းလင်းမည် ဖြစ်ပါသောကြောင့် အလွတ်ကျက်မှတ်ထားသင့်ပေသည်။

"လင်္ကာဆောင်ပုဒ်"

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း။

ကျေးဇူးတော်ရှင်

## မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ပြတ်ပုံ




(လင်္ကာဆောင်ပုဒ်)။ မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဗြဟ္မာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

**ခန္ဓာ (၅) ပါး**

- ရူပက္ခန္ဓာ - ဖောက်ပြန်မှု သဘောတရားအစု (ရုပ် - ၂၈ ပါး)
- ဝေဒနာက္ခန္ဓာ - ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ - မှတ်သားမှု သဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ - ပြုပြင်မှု သဘောတရားအစု (စေတသိက် - ၅၀)
- ဝိညာဏက္ခန္ဓာ - သိမှု သဘောတရားအစု (စိတ်)

## အာယတန (၁၂) ပါး

**ဓာတ် (၁၈) ပါး**

| အစဲဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆) ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယား နာ ကောင်းစိတ် |
| ၆။ စိတ် (ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄) ပါး**

- **ဒုက္ခသစ္စာ** - ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ - ပျက်ဒုက္ခ ပိုင်းခြားသိရမည့် တရား။
- **သမုဒယသစ္စာ** - ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ - လောဘ) ပယ်ရမည့်တရား။
- **နိရောဓသစ္စာ** - ဒုက္ခချုပ်သိမ်းငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- **မဂ္ဂသစ္စာ** - ဒုက္ခသစ္စာ၏ ချုပ်ကြောင်း၊ သမုဒယသစ္စာကို ပယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့် တရား။

### လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | - - - - | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး။ |

### လောကုတ္တရာမဂ္ဂင် (၈) ပါး

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | - - - - | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး။ |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး။ |

### စိတ္တာနုပဿနာ ရှုပွားနည်း

**အပြင်ညေ့သည်စိတ် (၅) ခု**

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယား၊ နာ၊ ကောင်းစိတ်

**အတွင်းညေ့သည်စိတ် (၆) ခု**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

**၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် ၃။ အိမ်သည်စိတ် ၂-ခု**

ရှုပွားနည်းစနစ်မှာ အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ် ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

## ဝေဒနာ နုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများဖြစ်သည်။

### အပြင်စည့်သည် ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် - မျက်လုံးမှာ ပေါ်သည်။

၂။ ဥပေက္ခာ ဝေဒနာသည် - နားမှာ ပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် - နှာခေါင်းမှာ ပေါ်သည်။

၄။ ဥပေက္ခာ ဝေဒနာသည် - လျှာမှာ ပေါ်သည်။

၅။ သုခ ဝေဒနာသည် - ကိုယ်ပေါ်မှာ ပေါ်သည်။

၆။ ဒုက္ခ ဝေဒနာသည် - ကိုယ်ပေါ်မှာ ပေါ်သည်။

အထက်ပါ ဝေဒနာများကို အပြင်စည့်သည် (၆) ခု ဟု ခေါ်သည်။

### အတွင်းစည့်သည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။

၂။ ဒေါမနဿ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် - စိတ်မှာ ပေါ်သည်။

အထက်ပါ ဝေဒနာများကို အတွင်းစည့်သည် (၃) ခု ဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှ စ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ - ထွက်လေကို) သောမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ - ထွက်လေကို) ဒေါမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ - ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်း မဟုတ်၊ ဥပေက္ခာ ဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါ ဝေဒနာများကို အိမ်သည် ဟု ခေါ်သည်။

ဝေဒနာ နုပဿနာ ရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆) ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါ မရှိ၊ ဖဿ ဖြစ်တိုင်း ဝေဒနာ ဖြစ်သည်။ ဝေဒနာကို ရှုရာ၌ နာမှ ကျင်မှ ဝေဒနာ မဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့် ဝေဒနာလည်း ရှိသည်။ ခံသာသည်လည်းမဟုတ်၊ မခံသာသည်လည်း မဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှု ဝေဒနာမျိုးလည်း ရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။

ဝေဒနာ ပေါ်လည်း ပေါ်သည်၊ ပျက်လည်း ပျက်သည်၊ ဝေဒနာနှင့်ငါ - မရောစေနှင့်၊ ဝေဒနာစွာ၍ အနိစ္စ မြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

(ဤကား အကျဉ်းချုပ်သိရုံမျှသာ ဖြစ်သည်။)

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာ ပစ္စယာ၊ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊
သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊
တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊
ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ
မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေ့ဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊
သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊
နာမရူပ နိရောဓာ၊ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊
ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊
ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ၊
ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၁ မူလနှစ်ပြာ ... ... အဝိဇ္ဇာ၊ တဏှာ။

၂ သစ္စာနှစ်ခု ... ... သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

၃ လေးခုအလွှာ ... ... အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

၄ အင်္ဂါတစ်ဆယ့်နှစ်ပါး ... အဝိဇ္ဇာ . သင်္ခါရ . ဝိညာဏ် . နာမ်ရုပ် . သဠာယတန . ဖဿ .
ဝေဒနာ . တဏှာ . ဥပါဒါန် . ဘဝ . ဇာတိ . ဇရာမရဏ။

၅ သုံးပါးအစပ် ... ... သင်္ခါရနှင့် ဝိညာဏ် တစ်စပ်၊ ဝေဒနာ နှင့် တဏှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိ တစ်စပ်။ ။ တစ်နည်း အတိတ်အကြောင်းနှင့်
ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ်
အနာဂတ်ဖြစ်ကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်
ဖြစ်ကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

၆ ဝဋ်သုံးဝနှင့် ... ... ကိလေသဝဋ်သုံးပါး ... အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး ... သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ
ဝေဒနာ ဇာတိ ဇရာမရဏ
ဥပပတ္တိဘဝ

မှတ်ချက် (ဖြစ်စဉ် - ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ၊ မရဏ၊ ဟောစဉ် - ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)

၇ ကာလသုံးပြာ ... လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

၈ ခြင်းရာနှစ်ဆယ် ...

အတိတ်အကြောင်းအခြင်းအရာ ငါးပါး ... (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ)
ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး ... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)
ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး ... (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ)
အနာဂတ်အကျိုး အခြင်းအရာ ငါးပါး ... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)

အဝိဇ္ဇာ နှင့် တဏှာအရင်းခံ၊ ဥပဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်း အလျော်၊ ဗြဟ္မာသိကြား စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူ နတ် များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော်။ .... သာဓု .... သာဓု.... သာဓု။

၁။ **မူလနှစ်ဖြာ** မူလနှစ်ဖြာဆိုသည်မှာ စက်ဝိုင်း၏အလယ်ဗဟိုတည့်တည့်တွင် ရှိသော အဝိဇ္ဇာ နှင့် တဏှာ ကိုခေါ်လေသည်။ ၄င်းအဝိဇ္ဇာနှင့် တဏှာသည် ပဋိစ္စသမုပ္ပါဒ် အစနှစ်ခု(ဝါ) သံသရာ၏ ရေသောက်မြစ်နှစ်ခု(ဝါ) ခန္ဓာကို ဖြစ်စေတဲ့လက်သည် အကြောင်းရင်းနှစ်ခုဖြစ်သောကြောင့် မူလဟုခေါ်၍ အဝိဇ္ဇာ နှင့် တဏှာ နှစ်ခုရှိသောကြောင့် နှစ်ဖြာ ဟုခေါ်လေသည်။

၂။ **သစ္စာနှစ်ခု** စက်ဝိုင်းဒေသနာကြီးကိုကြည့်လိုက်ရင် (၁) အကွက်မှာ သမုဒယ သစ္စာ(၂) အကွက်မှာ ဒုက္ခသစ္စာ၊ (၃) အကွက် သမုဒယသစ္စာနဲ့ (၄)အကွက်မှာဒုက္ခသစ္စာရယ်လို့ လေးခုနေရာခွဲပြီး ရေးထားသော်ငြားလည်း၊ သစ္စာခြင်း တူရာပေါင်းလိုက်လျှင် သမုဒယသစ္စာ နှင့် ဒုက္ခသစ္စာသာရပေမည်။ မြတ်စွာဘုရား ဟောကြား တော်မူခဲ့သော သစ္စာတရားမှာ လေးပါးရှိသော်ငြားလည်း ပုထုဇဉ်သတ္တဝါတို့ လည်ပတ်နေသော သစ္စာမှာ အထက်ပါသစ္စာ နှစ်ခုသာ ဖြစ်လေသည်။ သံသရာကိုလည်စေသော သစ္စာဖြစ်သဖြင့် အယုတ်သစ္စာနှစ်ခုဟုခေါ်ပြီး၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာမှာ သံသရာမှ ထွက်ရာလမ်း သစ္စာဖြစ်သဖြင့် အမြတ်သစ္စာနှစ်ပါး ဟုခေါ်လေသည်။

၃။ **လေးခုအလွှာ** လေးခုအလွှာဆိုရာမှာလည်း (၁) အကွက်တွင်အတိတ်အကြောင်း တလွှာ (၂) အကွက်တွင် ပစ္စုပ္ပန်အကျိုးတလွှာ၊ (၃) အကွက်တွင် ပစ္စုပ္ပန် အကြောင်းတလွှာ၊ (၄) အကွက်တွင် အနာဂတ်အကျိုးတလွှာရယ်လို့ အလွှာလေးခု ရှိတာကို တွေ့ရပါမယ်။ သို့သော် ခြုံလိုက်ရင် ကာလအားဖြင့်သာခြားနားကြသော်လည်း

အကြောင်းလွှာနှစ်ခုနှင့် အကျိုးလွှာနှစ်ခုပဲရှိတာကိုတွေ့ရပါတယ်။ ထိုကြောင့် လေးခု အလွှာသည်-

(က) အတိတ်အကြောင်းတစ်လွှာ

( ခ) ပစ္စုပ္ပန်အကျိုးတစ်လွှာ

( ဂ) ပစ္စုပ္ပန်အကြောင်းတစ်လွှာ

(ဃ) အနာဂတ်အကျိုးတစ်လွှာ တို့ဖြစ်လေသည်။

**(၄) အင်္ဂါတစ်ဆယ့်နှစ်ပါး**

အင်္ဂါတစ်ဆယ့်နှစ်ပါးကိုရှင်းပါက-

(၁) အကွက်တွင်ကြည့်လိုက်တော့ အဝိဇ္ဇာ နှင့် သင်္ခါရဆိုတဲ့ အင်္ဂါ(၂)ပါး။

(၂) အကွက်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အင်္ဂါ(၅)ပါး။

(၃) အကွက်မှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ အင်္ဂါ(၃)ပါး။

(၄) အကွက်မှာ ဇာတိ၊ ဇရာ မရဏ ဆိုတဲ့ အင်္ဂါ(၂)ပါး။

ပေါင်းလိုက်ရင် အင်္ဂါ(၁၂)ပါး။

(၁) အကွက်တွင်ရှိသော အဝိဇ္ဇာ၊ သင်္ခါရ နှင့် (၃) အကွက်တွင်ရှိသော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တို့သည် အကြောင်းအင်္ဂါများဖြစ်ကြပြီး သမုဒယသစ္စာများဖြစ်သည်။

(၂) အကွက်တွင်ရှိသော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ နှင့် (၄) အကွက်တွင် ရှိသော ဇာတိ၊ ဇရာ မရဏ တို့သည် အကျိုးအင်္ဂါများဖြစ်ကြပြီး ဒုက္ခသစ္စာများဖြစ်ကြလေသည်။

တရားကိုယ်များနှင့် ဆိုတာကတော့ ပဋိစ္စသမုပ္ပါဒ်တွင်ပါဝင်သော တရားကိုယ်များကိုဆိုလိုပါသည်။

**(၅) သုံးပါးအစပ်** ဟူသောစကား၌ အင်္ဂါနှင့် စပ်ရုံမျှကက သစ္စာ၊ အလွှာ၊ ဝဋ်၊ အခြင်းအရာ၊ အကြောင်းအကျိုး၊ စုတိ၊ ပဋိသန္ဓေကံ နှင့် အကျိုးပေးခန္ဓာလတို့ဖြင့်လည်း စပ်နိုင်ပါသေးသည်။

(၁) အကွက်မှ သင်္ခါရနှင့် (၂) အကွက်မှ ဝိညာဏ် . . . . . . . (၁)စပ်

(၂) အကွက်မှ ဝေဒနာနှင့် (၃) အကွက်မှ တဏှာ . . . . . . . (၁)စပ်

(၃) အကွက်မှ ကမ္မဘဝနှင့်(၄) အကွက်မှ ဇာတိ . . . . . . . (၁)စပ် တို့ဖြစ်ပြီး သင်္ခါရနှင့် ဝိညာဏ်အစပ်နှင့် ကမ္မဘဝနှင့်ဇာတိအစပ်တို့သည် သေပြီးမှစပ်ရသည့် အတွက် ၄င်းအစပ်နှစ်ခုကို အသေစပ်ဟုခေါ်၍ ဝေဒနာနှင့် တဏှာအစပ်မှာ ယ္ခုဘဝ ရှင်ဆဲတွင် စပ်သောကြောင့် အရှင်စပ် ဟုခေါ်သည်။

နှစ်ရပ်မူလဆိုတာက အဝိဇ္ဇာနှင့် တဏှာဖြစ်သည်။

(၆) ဝဋ်သုံးဝ　　(၁)အကွက်မှာ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ကိုတွေ့ရပြီး (၄) အကွက်မှာ ဝိပါကဝဋ်ကို တွေ့ရပါမည်။ ကိလေသာဆိုတာ လိုရင်းကို ပြောရမယ်ဆိုရင် သတ္တဝါတွေကို-

(၁) ပင်ပန်းစေတဲ့တရား

(၂) ညစ်နွမ်းစေတဲ့တရား

(၃) ဆင်းရဲစေတဲ့တရား

(၄) လောင်ကျွမ်းစေတဲ့တရား

(၅) သူတော်ကောင်းဂုဏ်သိရ်ကို ညှိုးမှိန်ပျက်စီးအောင် ဖျက်ဆီးတတ်တဲ့တရား လို့ပဲမှတ်ပါ။

''ဝဋ်'' ဆိုတာ လုံးခြင်း၊ လည်ခြင်း၊ ဝိုင်းခြင်းလို့ အဓိပ္ပါယ်ရတယ်။ ဒါကြောင့် သတ္တ၀ါတွေကို ပင်ပန်းဆင်းရဲမှုတွေနဲ့လုံးလည်လိုက်နေအောင် နှိပ်စက်နေတဲ့တရားကို '' **ကိလေသာဝဋ်** '' လို့ခေါ်ပါတယ်။

ကိလေသာဝဋ်သုံးပါးလို့ပြထားရာမှာ မြားနီကြိုးလေးနဲ့ တွဲစပ်ထားတာတွေကို ကြည့်လိုက်တော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုတဲ့ သုံးပါးကိုတွေ့ရပါမယ်။ တစ်ခါ အကွက် တစ်ကွက်တည်းကိုပဲပြောပါဆိုရင်လည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့ကိုတွေ့ရတာပါပဲ။

ကမ္မဝဋ်ဆိုရာမှ ကမ္မ = အမှုကိစ္စ၊ ဝဋ်ဆိုတာ = လုံးလည်လိုက်နေတဲ့သဘော၊ ဒါကြောင့်အမှုကိစ္စတွေနဲ့ လုံးလည်လိုက်နေတဲ့သဘောကို ကမ္မဝဋ်လို့ ခေါ်ပါတယ်။ ကမ္မဝဋ်နှစ်ပါးလို့ပြထားရာမှာ (၁) အကွက်က သင်္ခါရနဲ့၊ (၃) အကွက်က ကမ္မဘဝကို မြားနီကြိုးလေးနဲ့ တွဲပြထားတာကိုတွေ့ရပါမယ်။ (၁) အကွက်တစ်ကွက်တည်းမှာကြည့်ရင်

လည်း သင်္ခါရနဲ့ ဘဝကိုပဲတွေ့ရပါတယ်။

ဝိပါကဝဋ္ဋဆိုတာ ဝိပါက = အကျိုးပေး၊ ဝဋ္ဋ = လုံးလည်လိုက်နေတဲ့သဘော။

ဒီတော့ အကျိုးပေးတွေလုံးလည်လိုက်နေတဲ့သဘောကို ဝိပါကဝဋ္ဋလို့ခေါ်ပါတယ်။ ဝိပါကဝဋ္ဋ (၈)ပါးပြထားရာမှာ မြားနီကြိုးလေးအတိုင်းကြည့်လိုက်ပါ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ တို့ကိုတွေ့ရပါမယ်။

ဒီတော့စက်ဝိုင်းဒေသနာတော်ကြီးမှာ အကွက်အားဖြင့်(၄)ကွက် ပြထားသော်လည်း ဝဋ္ဋသုံးပါးသာလည်ပတ်နေတာကိုတွေ့ရလေတော့-

ကိလေသာဝဋ္ဋနဲ့ ကမ္မဝဋ္ဋကို အကြောင်းဝဋ္ဋ

ဝိပါကဝဋ္ဋကို အကျိုးဝဋ္ဋလို့မှတ်ပါ။

၇။ ကာလသုံးဖြာ (၁) အကွက်က လွန်လေပြီးသော အတိတ်ကာလ၊ (၂) အကွက်နှင့် (၃)အကွက်နှစ်ကွက်ပေါင်းက ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ (၄) အကွက်မှာနောင်ဖြစ်လတ္တံ့ အနာဂတ်ကာလတို့ပါပဲ။ အကွက်အားဖြင့်(၄)ကွက် ပြထားသော်လည်း ကာလအားဖြင့် သုံးပါးသာပြထားရာမှာ (၂) အကွက်ကပစ္စုပ္ပန်အကျိုးကာလ၊ (၃) အကွက်က ပစ္စုပ္ပန်အကြောင်းကာလရယ်လို့ပစ္စုပ္ပန်တစ်ကာလတည်းမှာပဲ အကြောင်းနဲ့ အကျိုး ခွဲခြားထားတာ တွေ့ရပါမယ်။

၈။ ခြင်းရာနှစ်ဆယ် (၁) အကွက်မှာ အတိတ်အကြောင်း ခြင်းရာငါးပါး၊ တရားကိုယ်တွေက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဖြစ်ပါတယ်။

(၂) အကွက်မှာ ပစ္စုပ္ပန်အကျိုးခြင်းရာ ငါးပါးဖြစ်ပြီး တရားကိုယ်တွေကဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တို့ဖြစ်ပါသည်။

(၃) အကွက် ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးဖြစ်ပြီး တရားကိုယ်တွေကတော့ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဆိုတာ တွေပဲ။

(၄) အကွက်မှာ အနာဂတ် အကျိုးခြင်းရာငါးပါးဖြစ်ပြီး ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ တို့ဖြစ်ပါသည်။

ဒီတော့ အကွက် (၁)ကွက်မှာ ခြင်းရာငါးပါးနှုန်း နှင့် အကွက်(၄)ကွက်မှာ အခြင်းအရာ(၂၀) ရှိတာကိုတွက်ယူလို့ရပါတယ်။

ဤရှစ်သွယ်ကိုဆိုတာက -

(၁) မူလနှစ်ဖြာက (၁) သွယ်

(၂) သစ္စာနှစ်ခုက (၁) သွယ်

(၃) လေးခုအလွှာက (၁) သွယ်

(၄) အင်္ဂါတစ်ဆယ့်နှစ်ပါးက (၁) သွယ်

(၅) သုံးပါးအစပ်က (၁) သွယ်

(၆) ဝဋ်သုံးဝက (၁) သွယ်

(၇) ကာလသုံးဖြာက (၁) သွယ်

(၈) ခြင်းရာနှစ်ဆယ်က (၁) သွယ် တို့ဖြစ်ပါတယ်။

" အလွယ်ကျက်မှတ်" ဆိုတာက ပရိယတ္တိ သင်ယူတဲ့သဘော (ဝါ)ဉာတပရိညာ ...ဆရာ့တာဝန်

" သိစေအပ်သည်" ဆိုတာက ပဋိပတ္တိ အားထုတ်ရမယ့်သဘော(ဝါ)တိရဏပရိညာ ... ယောဂီတာဝန်။

" သံသရာမှလွတ်ကြောင်းတည်း " ဆိုတာက ပဋိဝေဓ ဆိုက်ရောက်တဲ့သဘော (ဝါ)ပဟာန ပရိညာ ... ဓမ္မတာဝန်။

**အင်္ဂါတစ်ဆယ့်နှစ်ပါးရှင်းတမ်း**

၁။ **အဝိဇ္ဇာ** = မသိတာ

အလင်္ကာဆောင်ပုဒ်ကို ရှင်းပြပြီးပြီဖြစ်တဲ့အတွက် အင်္ဂါတစ်ဆယ့်နှစ်ပါးရဲ့ အဓိပ္ပါယ်တွေကို ဆက်လက်ပြီးရှင်းပြပါမယ်။ အင်္ဂါတစ်ဆယ့်နှစ်ပါးရဲ့အစဖြစ်တဲ့ "အဝိဇ္ဇာ"ကို စရှင်းပါမယ်။ လောကမှာ အလင်းလေးမျိုးရှိပါတယ်-

(၁) နေရဲ့အလင်း

(၂) လရဲ့အလင်း

(၃) မီးရဲ့အလင်း

(၄) ပညာအလင်း

ကျွန်ုပ်တို့ယောဂီတို့တတွေဟာ အလင်းရဲ့တန်ဘိုးကို သတိမထားမိကြဘူး အခုနေ မီးမှောင်သွားမယ်ဆိုရင် မိမိပတ်ဝန်းကျင်ကို မမြင်နိုင်တော့တဲ့အတွက် ခလုတ်တိုက်သွား နိုင်ပါတယ်။ အလင်းရဲ့တန်ဖိုးသည် အာရုံတွေကို အမှန်အတိုင်း ဆုံးဖြတ်နိုင်မယ် ရှေ့မှာဖြစ်မဲ့ လမ်းကောင်း လမ်းဆိုးတွေကိုလည်း သိလိမ့်မယ်။ အဲဒီပမာလိုပဲ ဒီအလင်း(၄)မျိုးထဲမှာ ရှေ့မှာ ဖေါ်ပြတဲ့ နေရဲ့အလင်း၊ လရဲ့အလင်း၊ မီးရဲ့အလင်း ဆိုတဲ့ အလင်းသုံးမျိုးကိုတော့ အားလုံး သဘောပေါက်ကြပါတယ်။

ပညာအလင်းကိုတော့ ရှိတယ်လို့ဘယ်သူမှမထင်ကြဘူး။ ပညာအလင်းမှာနှစ် မျိုးရှိတယ်။

(၁) လောကီပညာအလင်းနဲ့၊(၂) လောကုတ္တရာပညာအလင်းတို့ဖြစ်တယ်။

## လောကီပညာအလင်းဆိုတာ

အမေမွေးကတည်းက မိဘဆွေမျိုး ညီအစ်ကို မောင်နှမ အသိုင်းအဝိုင်းတွေက ဒါက အမေခေါ်တယ်၊ ဒါကအမေ၊ ဒါကရေနွေးအိုး သွားမကိုင်နဲ့ပူတယ်၊ ဒါကအိမ်၊ ဒါကကျောင်း စသည်ဖြင့် သင်ကြားပေးခဲ့လို့ တတ်မြောက်ခဲ့ကြတယ်။ အရွယ်ရောက်လို့ကျောင်းတက်တော့ ကျောင်းစာတွေသင်ကြရတယ်။ ဘုန်းကြီးကျောင်းတွေရောက်တော့ ဘုရားရှိခိုးနည်းတွေ ဒါန၊ သီလဆောက်တည်မှုတွေ ပုတီးစိပ်၊ တရားထိုင် စတာတွေကလည်းလောကီပညာ အလင်းတွေပါ။ လေ့လာအားထုတ်သင်ယူမှုများလေ လောကီပညာ အလင်းအားကောင်းလေပါပဲ။ အလင်း အားနည်းတဲ့သူကျတော့ အမှားအမှန် မခွဲခြားနိုင်တော့ဘဲ မှားယွင်းစွာ ဆုံးဖြတ်ချက် ချတတ် ပါတယ်။

## လောကုတ္တရာပညာအလင်းဆိုတာက

ဘုရားတစ်ဆူပွင့်တော်မူမှသာ သိခွင့်ရတဲ့ ပညာအလင်းဖြစ်တယ် လောကီပညာ အလင်းက လောက အတွက်သာအသုံးချနိုင်ပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုတော့ မရနိုင်ပါဘူး။ ဒါပေမဲ့ လောကီပညာ အလင်းမှမရှိတဲ့သူဟာ လောကုတ္တရာပညာအလင်းကို မရနိုင်ပါဘူး လောကုတ္တရာ ပညာအလင်းကတော့ လောကီအတွက်ကော လောကုတ္တရာ အတွက်ပါ အကျိုးပေးနိုင်ပြီး နောက်ဆုံး ဒုက္ခအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုတောင် စံဝင်နိုင်တဲ့

ပညာအလင်းဖြစ်ပါတယ်။ နောက်ပိုင်း ဝိပဿနာ အားထုတ်နည်းကျရင် သေသေချာချာ ရှင်းလင်းပြပါမယ်။

လောကီပညာအလင်းဆိုတာ စိတ်မှာယှဉ်တဲ့ ပညာအလင်းပါပဲ။ တစ်နည်း ဉာဏ်ခါတ်မီးလို့လည်း သုံးလို့ရပါတယ်။ အခုပဋိစ္စသမုပ္ပါဒ်မှာပါတဲ့ ''အဝိဇ္ဇာ'' ဆိုတာဟာ စကားလုံးပညတ်တစ်ခုသာဖြစ်ပါတယ်။ သူ့ရဲ့တရားသား အဓိပ္ပါယ်ကတော့ ''စိတ်မှာယှဉ်တဲ့ အမှောင်ခါတ်'' လို့ခေါ်ပါတယ်။ လောကမှာ အလင်းရောင်မရှိရင် အမှောင်ထဲမှာ စမ်းတစ် ဝါးဝါးနဲ့ လျှောက်ရပြီး ''ချောက်'' ထဲကျနိုင်သလို စိတ်မှာယှဉ်တဲ့ အမှောင်ခါတ်လို့ခေါ်တဲ့ ''အဝိဇ္ဇာ'' ကြောင့် မမြင်မကန်းနဲ့ထင်ရာလုပ် ထင်ရာသွားနေတဲ့အတွက် အပါယ် လေးပါးလို့ခေါ်တဲ့ ''ချောက်''ထဲကိုကျရောက်နေရပါတယ် ဒါကြောင့် စိတ်မှာယှဉ်တဲ့အမှောင်ခါတ်ကို ''အဝိဇ္ဇာ''လို့ ခေါ်တာပါ။

အဝိဇ္ဇာဆိုတာ-

စိတ်မှာယှဉ်တဲ့အမှောင်ခါတ်(တစ်နည်း)မသိတာ အဝိဇ္ဇာလို့ခေါ်ပါတယ် အဝိဇ္ဇာရဲ့ မသိတဲ့အချက် (၈)ချက်ရှိပါတယ်။

သစ္စာလေးပါးထဲက-

(၁) ဒုက္ခသစ္စာဆိုတာ ဒုက္ခသစ္စာလို့သိရမယ့်တရားကိုမသိတာ တစ်ချက်
(၂) သမုဒယသစ္စာဆိုတာ ပယ်ရမယ့်တရားလို့မသိတာ တစ်ချက်
(၃) နိရောဓသစ္စာဆိုတာ ဆိုက်ရောက်ရမယ့်တရားလို့မသိတာ တစ်ချက်
(၄) မဂ္ဂသစ္စာဆိုတာ ကျင့်ကြံပွားများရမယ့်တရားလို့မသိတာ တစ်ချက်
(၅) သိကောင်းတာမသိ၊ မသိကောင်းတာသိတာ တစ်ချက်
(၆) မသိခြင်း တွေဝေခြင်း သဘောရှိတာ တစ်ချက်
(၇) ဖုံးအုပ်တဲ့သဘောရှိတာ တစ်ချက်
(၈) မိစ္ဆာဉာဏ်ရှိတာ တစ်ချက်

ဒီလောက်ဆို အဝိဇ္ဇာကိုသဘောပေါက်လောက်ပါပြီ။

၂။ သင်္ခါရ = ပြုပြင်တာ

ဘာဖြစ်အောင်ပြုပြင်သလဲဆိုရင် ခန္ဓာဖြစ်အောင်ပြုပြင်တယ်လို့မှတ်ပါ။

(က) ရုပ်နာမ် အစုခန္ဓာငါးပါး ဖြစ်အောင်လည်းပြုပြင်တယ်

( ခ) နာမ်ခန္ဓာလေးပါးချည်းဖြစ်အောင်လည်းပြုပြင်တယ်

(ဂ) ရုပ်ခန္ဓာ တစ်ပါးချည်းဖြစ်အောင်လည်းပြုပြင်တယ်။ ခန္ဓာဖြစ်အောင်ပြုပြင်တဲ့ သင်္ခါရ (၃)မျိုးရှိတယ်။

(၁) ပုညာဘိသင်္ခါရ ကုသိုလ်နှင့်ပြုပြင်ခြင်း( ဒါန၊ သီလ )

(၂) အပုညာဘိသင်္ခါရ အကုသိုလ်နှင့်ပြုပြင်ခြင်း( ဒုစရိုက် -၁၀ပါး/ အပါး ၄၀)

(၃) အာနေဉ္ဇာဘိသင်္ခါရ သမထကုသိုလ်နှင့်ပြုပြင်ခြင်း

မှတ်ချက်။ ။ ပုညာဘိသင်္ခါရဆိုသည်မှာ · · · · · · · ·

(က) ကာမာဝစရ ပုညာဘိ သင်္ခါရ

(ခ) ရူပါဝစရ ပုညာဘိ သင်္ခါရ ရယ်လို့(၂)မျိုးကွဲပြားသေးတယ်။ သင်္ခါရပြုပြင်လို့ ခန္ဓာတွေ ဖြစ်လာပုံမှာ-

၁။ (က) ကာမဝစရ ပုညာဘိသင်္ခါရကပြုပြင်လိုက်တော့ လူခန္ဓာ၊ နတ်ခန္ဓာ။

(ခ) ရူပါဝစရ ပုညာဘိသင်္ခါရကပြုပြင်လိုက်တော့ ရူပဗြဟ္မာခန္ဓာ။

၂။ အပုညာဘိသင်္ခါရကပြုပြင်လိုက်တော့ အပါယ်လေးဘုံသားတို့ခန္ဓာ။

၃။ အာနေဉ္ဇာဘိ သင်္ခါရဆိုတဲ့ အရူပဈာန် သမထကုသိုလ်က ပြုပြင်တော့ အရူပဗြဟ္မာခန္ဓာ။

| | | |
|---|---|---|
| ဒီတော့ လူက (၁)ဘုံ + နတ်က(၆)ဘုံ = | ကာမသုဂတိ | ( ၇) ဘုံ |
| | ရူပဗြဟ္မာတို့က | (၁၆) ဘုံ |
| | အပါယ် | ( ၄) ဘုံ |
| | အရူပဗြဟ္မာတို့က | ( ၄) ဘုံ |
| | အားလုံးပေါင်းလိုက်တော့ | (၃၁) ဘုံ |

ဒါဖြင့်(၃၁)ဘုံသားတို့၏ ခန္ဓာအစုကို ဖြစ်စေတဲ့လက်သည် သင်္ခါရသုံးမျိုးရဲ့ ပြုပြင်မှုလို့မှတ်ပါ။

၃။ ဝိညာဏ် = သိမှု(ဝါ)စိတ်

ဝိညာဏ်(၃)မျိုးရှိပါတယ်။

(က) စုတိဝိညာဏ် (စုတိစိတ်)

( ခ) ပဋိသန္ဓေဝိညာဏ် (ပဋိသန္ဓေစိတ်)

( ဂ) ပဝတ္တိဝိညာဏ် (ပဝတ္တိစိတ်) တို့ဖြစ်ပါတယ်။

**(က) စုတိဝိညာဏ်** = သေခါနီးဖြစ်သောစိတ်ကို စုတိစိတ်ဟုခေါ်သည်။

**(ခ) ပဋိသန္ဓေဝိညာဏ်** = အမိဝမ်းခေါင်းတွင်းအောင်းနေရစဉ် ကာလကို ပဋိသန္ဓေ စိတ် ဟုခေါ်ပါတယ်။

**(ဂ) ပဝတ္တိဝိညာဏ်** = ပစ္စုပ္ပန်ကာလ အသက်ရှင်ဆဲအခိုက်အတန့်မှာ ပေါ်တဲ့ ဝိညာဏ် (ဝါ)အာရုံနဲ့ ဒွါရတိုက်၍ပေါ်လာသောစိတ် (နာမ် တရား)ကို ပဝတ္တိဝိညာဏ်ဟု ခေါ်လေသည်။

ပဋိသန္ဓေအခိုက်ကလွန်မြောက်ခဲ့ကြပြီးပါပြီ။ ယ္ခုပစ္စုပ္ပန်အခိုက်မှာ ပဝတ္တိဝိညာဏ်နဲ့ အသက်ရှင်ကြတယ်လို့မှတ်ပါ။ ပဝတ္တိဝိညာဏ်(၆)မျိုးရှိပါတယ်-

(၁) မျက်လုံးမှာပေါ်တော့ မြင်စိတ်(စက္ခုဝိညာဏ်)

(၂) နားမှာပေါ်တော့ ကြားစိတ်(သောတဝိညာဏ်)

(၃) နှာခေါင်းမှာပေါ်တော့ နံစိတ်(ဃာနဝိညာဏ်)

(၄) လျှာမှာပေါ်တော့ စားစိတ်(ဇိဝှာဝိညာဏ်)

(၅) ကိုယ်မှာပေါ်တော့ ထိသိစိတ်(ကာယဝိညာဏ်)

(၆) မနောမှာပေါ်တော့ ကြံတွေးစိတ်(မနောဝိညာဏ်)

သက်ရှိသတ္တဝါမှန်သမျှ ဤ(၆)မျိုး၌အလှည့်ကျနဲ့အသက်ရှင်နေကြတယ်လို့မှတ်ပါ။ ဒါဖြင့် သတ္တဝါသန္တန်မှာ ပေါ်နိုင်တဲ့ဝိညာဏ်က (၆)မျိုးရှိပြီး ပေါ်ဆဲအခိုက်ကိုပြောပါဆိုရင် တော့ ဝိညာဏ် တစ်မျိုးသာပေါ်တယ်လို့မှတ်ပါ။ ဘာကြောင့်လည်းဆိုရင် သတ္တဝါသန္တန်မှာ တစ်ကာလ တစ်ချိန်တည်းမှာ ဝိညာဏ်နှစ်မျိုး တစ်ပြိုင်နက် မပေါ်ကောင်းလို့ပါဘဲ (ဇက

စိတ္တာသမ္ဗယုတ္တာ)။ ဒါကြောင့် ပဝတ္တိဝိညာဏ် (၆)မျိုးတို့အလှည့်ကျနှင့် အသက်ရှင်နေကြတဲ့ သတ္တဝါတို့၏ ခန္ဓာကို ဝိညာဏက္ခန္ဓာလို့ခေါ်ပါတယ်။

၄။နာမ်ရုပ် (မသိတာ ရုပ်၊ သိတာ နာမ်)

နာမ်ရုပ်ဖြစ်ပေါ်လာပုံကိုပထမဦးစွာရှင်းပြပါမယ်၊ မိခင်ရဲ့သွေးနဲ့ ဖခင်ရဲ့သွေး ပေါင်းစပ်ပြီး ကာလာလရည်ကြည်ဖြစ်ပေါ်လာပါတယ်၊ အဲဒီကာလာလရည်ကြည်ရဲ့ အရွယ်ပမာဏကတော့ မြောက်ကျွန်းသူရဲ့ ဆံပင်တစ်ချောင်းကို မုန်ညှင်းဆီထဲနှစ်လိုက်ပါ၊ ပြီးလျှင် အကြိမ်တစ်ရာခါ၍ ဆံပင်ထိပ်တွင်ရှိသောမုန်ညှင်းဆီ ပမာဏသည်ကာလာလရည်ကြည် ပမာဏပင်ဖြစ်သည်။ မြောက်ကျွန်းသူ၏ ဆံပင်တစ်ချောင်း၏ပမာဏသည် ဇမ္ဗူဒိပ်ကျွန်းတွင်ရှိသော အမျိုးသမီးများကို တောင်ကျွန်းသူဟုခေါ်၍ ၎င်းတောင်ကျွန်းသူဆံပင် တစ်ချောင်း၏ ၁/၃၆ သည်မြောက်ကျွန်းသူ၏ ဆံပင်အရွယ်ပမာဏဖြစ်လေသည်။ ၎င်းကာလာလရည်ကြည်သည် မိခင်ဝမ်းထဲတွင်(၇)ရက်အထိ တည်မြဲနေ၍(၇)ရက်အတွင်းပဋိသန္ဓေမတည်ပါက ပုပ်ဆွေးပျက်စီးသွားလေသည်။ သတ္တဝါတစ်ဦးသည် သေခါနီးစုတိစိတ် ဖြစ်ပေါ်ပြီးပဋိသန္ဓေစိတ်ဖြစ်ပေါ်ကာ မိမိဖြစ်မည့် မိခင်၏ဝမ်းတွင်းက ကာလာလရည်ကြည်နှင့် ပေါင်းစပ်ကာ ပဋိသန္ဓေ တည်လာလေသည်။ ပဋိသန္ဓေတည်ပြီးသောကာလာလ ရည်ကြည်သည် (၇)ရက်တွင် အမြှုပ်၊ နောက်(၇)ရက်တွင် သားတစ်၊ နောက်(၇)ရက်၌ ခက်မငါးဖြာ(ခေါင်း၊ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက်နေရာတွင် ဘုကလေး ငါးဘုပေါ်လာသည်ကို ခေါ်သည်) စသဖြင့်ပေါ်လာပြီး လူရယ်လို့ဖြစ်လာရလေသည်။

မိခင်ဝမ်းတွင်း၌ရှိစဉ်ဖြစ်နေသောစိတ်ကို ပဋိသန္ဓေစိတ်ဟုခေါ်၍ အမိဝမ်းမှ လွတ်မြောက်ပြီး ဖြစ်သောစိတ်ကိုပဝတ္တိဝိညာဏ်ဟုခေါ်လေသည်။ ကာလာလရည်ကြည်မှစ၍ မျက်စိ၊ နား၊နှာခေါင်း၊လျှာ၊ ကိုယ်စသည့်အင်္ဂါမျိုးစုံပြည့်စုံသည့်ရုပ်တရားဟုခေါ်သည်။ နာမ်နှင့်ရုပ်ဖြစ်လာရလေသည်။

| | |
|---|---|
| နာမ် ဆိုတာ | အာရုံကိုညွှတ်စေတတ်တဲ့သဘော ဖြစ်ပြီး |
| ရုပ် ဆိုတာက | ဖောက်ပြန်တတ်တဲ့သဘောပါပဲ။ |

နာမ်တရားက(၄)ပါးရှိပြီး၊ ရုပ်ဟာဖောက်ပြန်တတ်တဲ့သဘောအားဖြင့် (၁)ပါးသာ ရှိပါတယ်၊ ဒါကို ခန္ဓာအနေနဲ့ပြောရရင်ခန္ဓာ(၅)ပါးရပါတယ်၊

| | | |
|---|---|---|
| (၁) ရူပက္ခန္ဓာ | ဖောက်ပြန်ပျက်စီးတတ်သောသဘော၊ | (ရုပ်) |
| (၂) ဝေဒနာက္ခန္ဓာ | ခံစားတတ်တဲ့သဘော၊ | (ဝေဒနာ) |
| (၃) သညာက္ခန္ဓာ | မှတ်သားတတ်တဲ့သဘော၊ | (သညာ) |
| (၄) သင်္ခါရက္ခန္ဓာ | စေ့ဆော်ပြုပြင်တတ်တဲ့သဘော၊ | (သင်္ခါရ) |
| (၅) ဝိညာဏက္ခန္ဓာ | သိတတ်တဲ့သဘော | (ဝိညာဏ်) |

နာမ်ခန္ဓာ(၄)ပါး၊ရုပ်ခန္ဓာ(၁)ပါးဆိုတဲ့ ငါးပါးအပေါင်းအစုကိုခန္ဓာ(၅)ပါးလို့ ခေါ်တာပဲ၊ ခန္ဓာဆိုတာကတော့ အပေါင်းအစုကိုခန္ဓာလို့ခေါ်ပါတယ်။

## ၅။သဠာယတန (သံသရာချဲ့တတ်တဲ့တရား ၆ ပါး)

သဠာယတနဆိုတာ ဆအာယတနကလာတာပါ။ ဆ = ခြောက်၊ အာယတန = သံသရာချဲ့တတ်တဲ့တရား။ ပေါင်းလိုက်တော့ သံသရာကိုချဲ့တတ်တဲ့တရား (၆)ပါးလို့ ခေါ်ပါတယ်။ သဠာယတနမှာ (၂) မျိုးရှိပါတယ်။ အတွင်းသဠာယတန (၆)ပါးနှင့် အပြင်သဠာယတန (၆)ပါးဖြစ်ပါတယ်။

| အတွင်းသဠာယတန(၆)ပါး(ဒွါရ) | | အပြင်သဠာယတန(၆)ပါး(အာရုံ) | |
|---|---|---|---|
| ၁။ မျက်စိအကြည် | (စက္ခုပသာဒ) | ၁။ အဆင်း | (ရူပါရုံ) |
| ၂။ နားအကြည် | (သောတပသာဒ) | ၂။ အသံ | (သဒ္ဒါရုံ) |
| ၃။ နှာခေါင်းအကြည် | (ဃာနပသာဒ) | ၃။ အနံ့ | (ဂန္ဓာရုံ) |
| ၄။ လျှာအကြည် | (ဇိဝှာပသာဒ) | ၄။ အရသာ | (ရသာရုံ) |
| ၅။ ကိုယ်အကြည် | (ကာယပသာဒ) | ၅။ အတွေ့အထိ | (ဖောဋ္ဌဗ္ဗာရုံ) |
| ၆။ မနောအကြည် | (မနောပသာဒ) | ၆။ ကြံတွေးစရာ | (ဓမ္မာရုံ) |

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနော (ဝါ) စိတ်ဆိုတဲ့ (၆)ပါးကမိမိကိုယ်မှာ ရှိတဲ့အတွက် အတွင်း သဠာယတနလို့ခေါ်ပြီး။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊

ကြံ့တွေးစရာဆိုတဲ့ (၆)ပါးကတော့ အပြင်မှာရှိတဲ့အတွက် အပြင်သဠာယတနလို့ ခေါ်ခြင်း ဖြစ်ပါတယ်။ သတ္တဝါမှန်ရင် အတွင်း သဠာယတနထက်ပိုတာမရှိပါဘူး။ အတွင်းသဠာ ယတန(၆)ပါးကို ဒွါရလို့ခေါ်ပြီး၊ အပြင် သဠာယတန (၆)ပါးကိုတော့ အာရုံလို့ခေါ်ပါတယ်။

မျက်စိအကြည်ဆိုတာ မျက်လုံးအိမ်ထဲမှာရှိတဲ့ သန်းဦးခေါင်းပမာဏရှိတဲ့ အကြည် ရုပ်ပါပဲ။

နားအကြည်က နားအိမ်အတွင်းမှာ ကြေးနီလက်စွပ်ကွင်းသဏ္ဍာန် အမွေးကလေးပါပဲ။

နှာခေါင်းအကြည်က နှာခေါင်းအတွင်းမှာ ဆိတ်ခွာသဏ္ဍာန်ရှိပါတယ်။

လျှာအကြည်က လျှာပေါ်မှာကြာရွက်သဏ္ဍာန် ရသာဖုကလေးတွေရှိတယ်၊ ရသာဖု တစ်ဖုဟာ အရသာ တစ်မျိုးသာသိတယ် ချို၊ ချဉ်၊ ဖန်၊ ခါး၊ ငန်၊ ဆိမ့် ဆိုတဲ့အရသာ (၆)မျိုးကိုသိတဲ့ ဘုကလေးတွေရှိပါတယ်။ လူတွေမှာတော့ ငန်တာကိုသိတဲ့ ဘုကလေးတွေက များတဲ့အတွက် အစာစားတဲ့အခါ ဆားပါမှစားလို့ ကြိုက်ကြပါတယ်။

ကိုယ်အကြည်ကတော့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အမာရွတ် စတဲ့နေရာ တွေကလွဲပြီး ကျန်တဲ့တစ်ကိုယ်လုံးမှာ အကြည်ရုပ်တွေရှိနေပါတယ်။

မနောအကြည်ကတော့ နှလုံးအိမ်မှာလက်သီးဆုပ် သဏ္ဍာန်ရှိပြီး ချိုင့်ခွက်နေရာမှာ သွေးရည်ကြည် အပြည့်ရှိတဲ့နေရာကိုခေါ်ပါတယ်။

၆။ ဖဿ (တွေ့ထိခြင်း)

ဖဿဆိုတာတွေ့ထိတဲ့သဘောပါပဲ။ တစ်နည်းအားဖြင့် တရား(၃)ခုပေါင်းခြင်းကို ဖဿလို့ခေါ် ပါတယ်။ ပါဠိလိုကတော့- ``တိဏ္ဏံ သင်္ဂတိ ဖဿော`` တဲ့ဘယ်လိုတရား(၃)ခု ပေါင်းတာလည်းဆိုရင် ပုံကလေးနဲ့ပြပါမယ်။ နာမ်တရားဆိုတဲ့ဝိညာဏ် (စိတ်)ဖြစ်ပေါ်ရတဲ့ အကြောင်းရင်းဟာ အာရုံနဲ့ဒွါရတိုက်ပြီးမှပေါ်လာတာ မဟုတ်လား။ ဒါကြောင့် အာရုံရယ်၊ ဒွါရရယ်၊ ဝိညာဏ်ရယ်၊ တရား (၃)ခုပေါင်းခြင်းကိုဖဿလို့ခေါ်ပါတယ်။

သတ္တဝါတွေမှာ ဒွါရခြောက်ပေါက်ဆိုတော့ ဖဿဖြစ်နိုင်တဲ့နေရာ (၆)နေရာရှိပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့နေရာတွေပါ။

ပေါင်းလောင်

ဒွါရ (အတွင်းသဠာယတန) — ဖဿ — အာရုံ (အပြင်သဠာယတန)

နာမ် (ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်)

| ဒွါရ | နာမ် | အာရုံ | လိုအပ်ချက် |
|---|---|---|---|
| ၁။ မျက်စိ | ၁။ မြင်သိစိတ် | ၁။ အဆင်း | အလင်းရောင်၊ နှလုံးသွင်းမှု |
| ၂။ နား | ၂။ ကြားသိစိတ် | ၂။ အသံ | အာကာသဓာတ်၊ နှလုံးသွင်းမှု |
| ၃။ နှာခေါင်း | ၃။ နံသိစိတ် | ၃။ အနံ့ | လေဓာတ်၊ နှလုံးသွင်းမှု |
| ၄။ လျှာ | ၄။ စားသိစိတ် | ၄။ အရသာ | ရေဓာတ်၊ နှလုံးသွင်းမှု |
| ၅။ ကိုယ် | ၅။ ထိသိစိတ် | ၅။ ထိတွေ့စရာ | ပထဝီ၊ နှလုံးသွင်းမှု |
| ၆။ စိတ်(မနော) | ၆။ ကြံတွေးစိတ် | ၆။ ကြံတွေးစရာ | နှလုံးသွင်းမှု |

ပါဠိလိုပြောမယ်ဆိုရင်တော့-

| | | | |
|---|---|---|---|
| ၁။ စက္ခုဉ္စ | ပဋိစ္စ ရူပေစ | ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |
| ၂။ သောတဉ္စ | ပဋိစ္စ သဒ္ဒေစ | ဥပ္ပဇ္ဇတိသောတဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |
| ၃။ ဃာနဉ္စ | ပဋိစ္စ ဂန္ဓေစ | ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |
| ၄။ ဇိဝှာစ | ပဋိစ္စ ရသေစ | ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |
| ၅။ ကာယဉ္စ | ပဋိစ္စ ဖောဋ္ဌဗ္ဗေစ | ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |
| ၆။ မနဉ္စ | ပဋိစ္စ ဓမ္မေစ | ဥပ္ပဇ္ဇတိ မနော ဝိညာဏံ | တိဏ္ဏံသင်္ဂတိဖဿော။ |

၇။ ဝေဒနာ (ခံစားတတ်သောသဘော)

အများအားဖြင့် ဝေဒနာလို့ပြောလိုက်ရင် နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ အောင့်တယ် စတဲ့သဘောတရားတွေကိုသာ ဝေဒနာလို့ထင်နေကြပါတယ်။ လူတစ်ယောက် နေမကောင်းရင် ဝေဒနာအတော်ခံစားနေရတယ်လို့ ပြောကြတယ်။ ပန်ကာလေးဖွင့် ဆိုဖါ ထိုင်ခုံပေါ်ထိုင်ပြီး ဇိမ်ကျနေရင် ဝေဒနာလို့ မထင်ကြပါဘူး။ ဝေဒနာဆိုတာ ခံစားတတ်တဲ့ သဘောဖြစ်တဲ့ ကောင်းတာကိုခံစားလည်း ဝေဒနာ မကောင်းတာကိုခံစားလည်းဝေဒနာ၊

ကောင်းမကောင်းခံစားလည်းဝေဒနာပါပဲ။ ဒီခံစားချက်ဆိုတဲ့ ဝေဒနာကို ဒွါရအလိုက် ပြောပါဆိုရင်(၆)မျိုးရှိပါတယ်။

၁။ မျက်လုံးမှာ မြင်တယ် တွေ့တယ် ခံစားတယ် = မြင်တွေ့ခံစား(စက္ခုသမ္ဖဿဇာ ဝေဒနာ)

၂။ နားမှာ ကြားတယ် တွေ့တယ် ခံစားတယ်=ကြားတွေ့ခံစား(သောတ သမ္ဖဿဇာ ဝေဒနာ)

၃။ နှာခေါင်းမှာ နံတယ် တွေ့တယ် ခံစားတယ် = နံတွေ့ခံစား(ဃာန သမ္ဖဿဇာ ဝေဒနာ)

၄။ လျှာမှာ စားတယ် တွေ့တယ် ခံစားတယ် = စားတွေ့ခံစား(ဇိဝှာ သမ္ဖဿဇာ ဝေဒနာ)

၅။ ကိုယ်မှာ ထိတယ် တွေ့တယ် ခံစားတယ် = ထိတွေ့ခံစား(ကာယ သမ္ဖဿဇာ ဝေဒနာ)

၆။ စိတ်မှာ ကြံတယ် တွေ့တယ် ခံစားတယ် = ကြံတွေ့ခံစား(မနော သမ္ဖဿဇာ ဝေဒနာ)

| | | |
|---|---|---|
| ၁။ ဒုက္ခဝေဒနာ → | ဒုက္ခဝေဒနာ | (ကိုယ်၌ဆင်းရဲသောဝေဒနာ) |
| ↘ | ဒေါမနဿဝေဒနာ | (စိတ်၌ဆင်းရဲသောဝေဒနာ) |
| ၂။ သုခဝေဒနာ → | သုခဝေဒနာ | (ကိုယ်၌ချမ်းသာသောဝေဒနာ) |
| ↘ | သောမနဿဝေဒနာ | (စိတ်၌ချမ်းသာသောဝေဒနာ) |
| ၃။ ဥပေက္ခာဝေဒနာ → | ဥပေက္ခာဝေဒနာ | (အပြင်ဒွါရနှင့် စိတ်၌ ချမ်းသာသည်လည်းမဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်သောဝေဒနာ) |

တစ်ခါဒီဝေဒနာကို ထပ်ဆင့်ပြီး သရုပ်ခွဲကြည့်မယ်ဆိုရင်

| | |
|---|---|
| မျက်လုံးမှာ မြင်ကာမျှ မတွေ့သည် | ဥပေက္ခာဝေဒနာ |
| နား၌ ကြားကာမျှ မတွေ့သည် | ဥပေက္ခာဝေဒနာ |
| နှာခေါင်း၌ နံကာမျှ မတွေ့သည် | ဥပေက္ခာဝေဒနာ |
| လျှာ၌ စားကာမျှ မတွေ့သည် | ဥပေက္ခာဝေဒနာ |
| ကိုယ်၌ ထိကာမျှ မတွေ့သည် | ဒုက္ခဝေဒနာ နှင့် သုခဝေဒနာ ပေါ်ပါတယ်။ |
| မနော(ဝါ) စိတ်မှာကျတော့ | ဒေါမနဿဝေဒနာ၊ သောမနဿဝေဒနာ နဲ့ ဥပေက္ခာဝေဒနာရယ်လို့ သုံးမျိုးပေါ်ပါတယ်။ |

ဒီတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ရုပ်ပေါ်မှာ ဒုက္ခဝေဒနာ၊ သုခဝေဒနာ နဲ့ ဥပေက္ခာဝေဒနာ လို့သုံးမျိုးပေါ်ပြီး၊ စိတ်(ဝါ) မနောမှာကျတော့ကာ ဒေါမနဿဝေဒနာ၊ သောမနဿ ဝေဒနာ နဲ့ ဥပေက္ခာဝေဒနာရယ်လို့ သုံးမျိုးပေါ်ပါတယ်။

တူရာတူရာ ပေါင်းလိုက်ရင်-

ကိုယ်ပေါ်မှာပေါ်တဲ့ ဒုက္ခဝေဒနာ နဲ့ စိတ်မှာပေါ်တဲ့ ဒေါမနဿဝေဒနာကို ပေါင်း လိုက်ရင် (ဒုက္ခဝေဒနာ)။

ကိုယ်မှာပေါ်တဲ့ သုခဝေဒနာ နဲ့ စိတ်မှာပေါ်တဲ့ သောမနဿဝေဒနာကို ပေါင်း လိုက်ရင် (သုခဝေဒနာ)။

ကိုယ်မှာပေါ်တဲ့ ဥပေက္ခာဝေဒနာ နဲ့ စိတ်မှာပေါ်တဲ့ ဥပေက္ခာဝေဒနာ ကိုပေါင်း လိုက်ရင် (ဥပေက္ခာဝေဒနာ )။

ဒုက္ခဝေဒနာရယ်၊ သုခဝေဒနာရယ်၊ ဥပေက္ခာဝေဒနာရယ်လို့ သုံးမျိုးရတယ်။

ဒါဖြင့် သတ္တဝါသန္တာန်မှာ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာ(၃)မျိုးသာလျှင် အလှည့်ကျပေါ်တယ်လို့မှတ်ထားပါ။ ဒါကြောင့် ဝေဒနာ(၃)မျိုး အလှည့်ကျနဲ့ အသက်ရှင်ကြရတဲ့အတွက် သတ္တဝါဟူသမျှတို့၏ခန္ဓာကို ဝေဒနက္ခန္ဓာလို့ ခေါ်ပါတယ်။

၈။ တဏှာ ( အာရုံ၌ကပ်ငြိခြင်း )

တဏှာဆိုတာက စကားလုံးတစ်ခုပါ သဘောအဓိပ္ပါယ်က အများအားဖြင့် လိုချင်တာ၊ တပ်မက်တာ၊ နှစ်သက်တာ၊ သဘောကျတာလို့ပြောကြပေမယ့် အဓိကအကြောင်း ကတော့(အာရုံ၌ကပ်ငြိခြင်း)လို့ သဘောရပါတယ်။ မျက်စိနဲ့ပါတ်သက်လို့ကောင်းတာလေး မြင်ရင် လိုချင်တဲ့တဏှာပေါ်လာပါတယ်။ အဲဒီ ပစ္စည်းလေးကို အာရုံမှာကပ်ငြိခြင်းဖြစ်ပြီး လိုချင်တဲ့စိတ်ပေါ်လာခြင်းဖြစ်ပါတယ်။

တဏှာ (၃)မျိုးရှိပါတယ်။ (၁) ကာမတဏှာ၊ (၂) ဘဝတဏှာ၊ (၃) ဝိဘဝတဏှာ တို့ပဲ ဖြစ်ပါတယ်။

(၁) ကာမတဏှာ ငါးဖြာအာရုံကာမဂုဏ်လို့ခေါ်တဲ့ ( အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ) စတဲ့အာရုံတွေပေါ်မှာ ခုံမင်နှစ်သက်တာကို ကာမတဏှာလို့ ခေါ်ပါတယ်။

(၂) ဘဝတဏှာ အဲဒီကာမတဏှာလို့ခေါ်တဲ့ ငါးဖြာအာရုံကာမဂုဏ်တွေပေါ်မှာခုံမင်

နှစ်သက်ပြီး မိမိရဲ့ဘဝလေးကိုခုံမင်နှစ်သက်နေတာကို ဘဝတဏှာ လို့ခေါ်ပါတယ်။

(၃) ဝိဘဝတဏှာ ဉာဏ်မပါပဲနဲ့ ဘယ်ဘဝမှ အလိုမရှိတာကိုဝိဘဝတဏှာလို့ခေါ်ပါတယ်။ သစ္စာဉာဏ်ရပြီးခန္ဓာရဲ့ ဒုက္ခသစ္စာကိုနားလည်လို့ ဘဝထပ်မလိုချင် တော့ပဲ နိဗ္ဗာန်ကိုသာရချင်တာကိုတော့ဝိဘဝတဏှာလို့မပြောနိုင်ဘူး။

မှတ်ချက်။ ကာမတဏှာနှင့်ဘဝတဏှာတို့ရဲ့ထူးခြားမှုကတော့
-ဗဟိဒ္ဓအာရုံတို့၌ နှစ်သက်မှုကို ကာမတဏှာ။
-အဇ္ဈတ္တခန္ဓာ၌ နှစ်သက်မှုကို ဘဝတဏှာ။

တဏှာသုံးပါး ကွဲပြားခြားသော်လည်းတရားကိုယ်ကတော့လောဘ တစ်လုံးတည်း ပါပဲ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက တဏှာဖြစ်ရင်သူတစ်ဦးတည်း မဖြစ်ဘူး၊ သူ့ရဲ့အပေါင်းအပါတွေဖြစ်တဲ့မာနရယ်ဒိဋ္ဌိရယ်ပါပေါင်းဖြစ်ကြတယ်တဲ့။တဏှာ ဖြစ်ရခြင်း အကြောင်းရင်းက အာရုံနဲ့ဒွါရတိုက်လို့ပေါ်လာတဲ့ ခန္ဓာငါးပါးပေါ်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊အကောင်အထည်၊ အသက်လိပ်ပြာ ဆိုတဲ့မှားယွင်းတဲ့ဒိဋ္ဌိဝင်လာပြီး၊ ငါဆိုတဲ့ မာန ဖြစ်လာပါတယ်။ ဒီတော့မှငါ့ခေါင်း၊ငါ့ ခြေ၊ငါ့လက်၊ ငါ့ပစ္စည်း၊ငါ့ဥစ္စာ၊ငါ့အိမ်၊ ငါ့ ပတ်ဝန်းကျင် စသည့်အာရုံတွေပေါ် ကပ်ငြိတဲ့တဏှာဖြစ်လာရပါတယ်။ ဒါကြောင့် တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်လို့သုံးမျိုးပေါ်လာရခြင်းဖြစ်ပါတယ်၊တဏှာမဖြစ် စေချင်ရင် အာရုံဒွါရတိုက်လို့ ပေါ်လာတဲ့ခန္ဓာငါးပါး(မြင်ခန္ဓာငါးပါး၊ကြားခန္ဓာငါးပါး၊နံခန္ဓာငါးပါး၊ စားခန္ဓာငါးပါး၊ ထိသိ ခန္ဓာငါးပါး၊ ကြံတွေးခန္ဓာငါးပါး)တို့ကို အကောင်အထည်မဟုတ်ကြောင်း၊ ငါမဟုတ်ကြောင်း၊ ငါ့ဟာမဟုတ်ကြောင်း၊ အမြင်မှန်နဲ့သိပေးနေရင်တဏှာ၊ မာန၊ဒိဋ္ဌိ မလာတော့ဘူး၊ပါဠိလိုကတော့-

| | | |
|---|---|---|
| နဇတံမမ | ...... | ငါ့ဟာလို့မပြောကြောင်း |
| နဇသောဟမသ္မိ | ..... | ငါလို့မပြောကြောင်း |
| နဇသောမေအတ္တာ | ..... | အကောင်အထည်၊ အတုံးအခဲမဟုတ် ကြောင်း သမ္မာဒိဋ္ဌိ အမြင်မှန်နဲ့ ဆုံးဖြတ်ပေးနေဖို့သာ လိုပါတယ်။ |

၉။ဥပါဒါန် ( စွဲလန်းခြင်း )

စွဲလန်းခြင်းဥပါဒါန်လေးမျိုးရှိပါတယ်-

(၁) ကာမုပါဒါန်

(၂) ဒိဋ္ဌုပါဒါန်

(၃) သီလဗ္ဗတ္တုပါဒါန်

(၄) အတ္တဝါဒုပါဒါန် တို့ဖြစ်ပါတယ်၊

၁။ ကာမတဏှာကိုစွဲလန်းတာကို ကာမုပါဒါန်။

၂။ (၆၂)ပါးသောဒိဋ္ဌိတို့အပေါ်၌စွဲလန်းတာကိုဒိဋ္ဌုပါဒါန်။

၃။ ယုတ်ညံ့သောခွေးအကျင့်၊နွားအကျင့်ဆိုတဲ့လွဲမှားတဲ့ အကျင့်သီလ၌ စွဲလန်းနေတာကို သီလဗ္ဗတုပါဒါန်။

၄။ သက္ကာယဒိဋ္ဌိ(၂၀)တို့အပေါ်၌စွဲလန်းတာကိုအတ္တဝါဒုပါဒါန်။

ဥပါဒါန်လေးမျိုးဆိုပြားသော်လည်း

| | |
|---|---|
| ကာမုပါဒါန်က | တဏှာစွဲ |
| ဒိဋ္ဌုပါဒါန်က | ဒိဋ္ဌိစွဲ |
| သီလဗ္ဗတုပါဒါန်က | ဒိဋ္ဌိစွဲ |

အတ္တာဝါဒုပါဒါန်က ဒိဋ္ဌိစွဲ ဒီတော့တဏှာစွဲက(၁)မျိုး၊ဒိဋ္ဌိစွဲက (၃)မျိုးဖြစ်ပါတယ်။ လိုရင်းကတော့ တဏှာအကြီးစားကို(ဝါ)တဏှာအားကောင်းလာတာကို ဥပါဒါန်လို့ခေါ်ပါတယ်။ ဒီတော့ဥပါဒါန်ဆိုပေမယ့်လည်း တရားကိုယ်ကတော့လောဘပါပဲ။ဒါဖြင့် တဏှာနဲ့ ဥပါဒါန်သည် နုတာနဲ့ရင့်တာ၊ သေးတာနဲ့ကြီးတာပဲ ကွာကြသည်၊ တရားကိုယ်ကတော့ လောဘ တစ်လုံးတည်းဖြစ်လို့အတူတူပါပဲ။

၁၀။ ကမ္မဘဝ ( အားထုတ်တာ )

ကမ္မဘဝဆိုတာ ကမ္မ=အမှုကိစ္စ၊ဘဝ=ပြုလုပ်တာ၊ အားထုတ်တာ၊ဒါကိုမိမိတို့ နားလည်တဲ့နည်းနဲ့ပြောရင်တော့ အားထုတ်တာကို ကမ္မဘဝလို့ခေါ်တာပါပဲ။ ကမ္မဘဝက ဘယ်ကနေဆင်းသက်လာသလဲဆိုရင် ဘဝဆိုတဲ့စကားလုံးကနေ ဆင်းသက်လာတာဖြစ်တယ်၊

ဘဝဆိုတဲ့အားထုတ်ခြင်းမှာ (၁)ကမ္မဘဝ နဲ့ (၂) ဥပပတ္တိဘဝရယ်လို့နှစ်မျိုးရှိပါတယ်။ ပုံစံနဲ့ ပြမယ်ဆိုရင် -

ဘဝ(အားထုတ်ခြင်း)

ကမ္မဘဝ
(အမှုကိစ္စအားထုတ်ခြင်း)

ဥပပတ္တိဘဝ
(ဘွားကနဲအထင်အရှားဖြစ်ပေါ်ခြင်း)

ကမ္မဘဝက ဇာတိ ဖြစ်စေတဲ့အကြောင်းဘဝဖြစ်တဲ့အတွက်နံပါတ် (၃) အကွက် အကြောင်း သမုဒယသစ္စာအကွက်မှာဖော်ပြပြီး၊ဥပပတ္တိ ဘဝက တိုက်ရိုက်ဘွားကနဲခန္ဓာအထင် အရှားဖြစ်တဲ့အတွက် နံပါတ်(၄) အကွက်အကျိုးဒုက္ခသစ္စာအကွက်ထဲမှာဖော်ပြခြင်း ဖြစ်ပါ တယ်၊ ဥပပတ္တိဘဝသည်ကမ္မဘဝထဲမှ ခွဲထွက်သွားတာကို သိစေချင်၍ကမ္မဘဝမှာ ကမ္မဘဝ လခြမ်းပုံစံပြထားခြင်းဖြစ်ပါတယ်။

ကမ္မဘဝ ဆိုတဲ့အားထုတ်ခြင်း ကံ(၃)မျိုးရှိပါတယ်၊

(၁) ကာယကံ ကိုယ်ဖြင့်ပြုလုပ်အားထုတ်ခြင်း

(၂) ဝစီကံ နှုတ်ဖြင့်ပြုလုပ်အားထုတ်ခြင်း

(၃) မနောကံ စိတ်ဖြင့်ကြံစည်အားထုတ်ခြင်း တို့ဖြစ်ပါတယ်။

မကောင်းတဲ့ဒုစရိုက်ကံ(၁၀)ပါးပဲဖြစ်ဖြစ်၊ကောင်းတဲ့သုစရိုက်ကံ(၁၀)ပါးပဲဖြစ်ဖြစ် ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ကံ(၃)ပါးထဲအကျုံးဝင်ပါတယ်၊ ဒုစရိုက်(၁၀)ပါးကိုခွဲမယ် ဆိုရင် -

က။ ကာယဒုစရိုက်(၃)ပါး

(၁) ပါဏာတိပါတာ = သူ့အသက်သတ်ခြင်း၊

(၂) အဒိန္နာဒါနာ = သူ့ဥစ္စာခိုးယူခြင်း၊

(၃) ကာမေသုမိစ္ဆာစာရာ = သူ့တစ်ပါးအိမ်ယာ၌ပြစ်မှားခြင်းတို့ဖြစ်ပါတယ်။

မှတ်ချက် - (သူရာမေရယကဲလည်းကာမေသုမိစ္ဆာစာရာထဲမှာ အကျုံးဝင်သည် ဟုမှတ်ပါ)

ခ။ ဝစီဒုစရိုက်(၄)ပါး

(၄) မုသာဝါဒ = လိမ်လည်ပြောဆိုခြင်း၊

(၅) ပိသုဏာဝါစာ = ဂုံးချောဂုံးတိုက်၊သွေးထိုး၊ သွေးခွဲစကားပြော ဆိုခြင်း၊

(၆) ဖရုသဝါစာ = ရှန့်ရင်းကြမ်းတမ်းသောစကားပြောဆိုခြင်း။

(၇) သမ္ဖပ္ပလာပ = အနှစ်မပါသိမ်ဖျင်းသောစကားပြောဆိုခြင်း။

ဂ။ မနောကံ(၃)ပါး

(၈) အဘိဇ္ဈာ = သူတစ်ပါးစည်းစိမ်ကိုမိမိဥစ္စာဖြစ်လိုခြင်း(ဝါ) မတရားလိုချင်ခြင်း၊ရသင့်တာထက်ပို၍လိုချင်ခြင်း။

(၉) ဗျာပါဒ = သူတစ်ပါး၌ပြစ်မှားခြင်း(ဝါ) သူတစ်ပါးကို ပျက်စီးစေလိုခြင်း။

(၁၀)မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း။

အဲဒီ ဒုစရိုက်(၁၀)ပါးကိုအုပ်စုဖွဲ့ရင် -

(၁) ကိုယ်တိုင်ကျူးလွန်တဲ့ဒုစရိုက်က ၁၀ ပါး

(၂) သူတစ်ပါးကိုစေခိုင်းတဲ့ဒုစရိုက်က ၁၀ ပါး

(၃) သူတစ်ပါးကိုအားပေးတဲ့ ဒုစရိုက်က ၁၀ ပါး

(၄) သူတစ်ပါးကျူးလွန်တာကိုဝမ်းသာတဲ့ဒုစရိုက်က ၁၀ ပါးရယ်လို့ အပါး ၄၀ ရပါတယ်။

ဒီတရားတွေကို အကုသိုလ်တရား(ဝါ)အကုသလကမ္မပထတရား။ သင်္ခါရလိုပြောတော့ အပုညာဘိသင်္ခါရ၊ ကံ(၄)မျိုးနဲ့ပြောတော့ အမည်းကံလို့ခေါ်ပြီးဒါတွေ ကျူးလွန်ရင်တော့ အပါယ်လေးပါးကျတတ်ပါတယ်။

ဒီဒုစရိုက်တရားတွေကို ရှောင်ကြဉ်ပြန်တော့လည်း သုစရိုက်တရား(ဝါ) ကုသိုလ်တရား(ဝါ) ကုသလကမ္မပထတရား။ သင်္ခါရလိုပြောတော့ ပုညာဘိသင်္ခါရ၊ကံ(၄)မျိုးနဲ့

ဝေဖန်တော့အဖြူကံလို့ခေါ် ပြီးအဲဒါတွေပြုလျှင်သုဂတိချမ်းသာရပါမယ်။လူနတ်ချမ်းသာရပါမယ်။

**၁၁။ ဇာတိ (ခန္ဓာအသစ်ဖြစ်တာ)**

ဇာတိပဋိသန္ဓေနေခြင်း(၄)မျိုးရှိပါတယ်။

(၁) ဇလာဗုဇ = အမိဝမ်းခေါင်းသားအိမ်အတွင်းအောင်း၍ပဋိသန္ဓေနေခြင်း။

(၂) အဏ္ဍဇ = ဥခွံအတွင်း၌ပဋိသန္ဓေနေခြင်း။

(၃) သံသေဒဇ = အတွင်း၊ဝါးအတွင်း၊ရေညှိ၊ရေမှော်၊သားပုပ်၊ငါးပုပ်တို့၌မှီတွယ်၍ ပဋိသန္ဓေနေခြင်း။

(၄) ဩပပါတိက(ဝါ) =နံရံ၏ဒီဘက်မှဟိုဘက်သို့ခုန်ချလိုက်သကဲ့သို့ဖြစ်လေရာ ဘုံဌာနမှာဥပပါတ်ပဋိသန္ဓေ အရွယ်ရောက်ပြီးသားခန္ဓာကိုယ်ကြီး ဖြုန်းကနဲ ဘွားကနဲ အထင်အရှားဖြစ်ပေါ်ခြင်း။

မှတ်ချက်။ ။(သံသေဒဇ နှင့် ဩပပါတိက တို့အထူးကား သံသေဒဇ ပဋိသန္ဓေနေသောသူတို့မှာနည်းကုန်ငယ်ကုန်သည်ဖြစ်၍ အစဉ်အတိုင်းသာ ငယ်ရာမှကြီးပွားလျှက်ဖြစ်ကုန်၏။ ဥပပါတ်ပဋိသန္ဓေနေသူတို့မှာ(၁၆)နှစ်အရွယ်၊ (၂၀)နှစ်အရွယ်ရှိသည်ဖြစ်၍ဖြစ်ကုန်၏။ ဤပဋိသန္ဓေနေခြင်း (၄)မျိုးအပေါင်းကို ဇာတိဟုခေါ်ပါတယ်။ လိုရင်းအချုပ်ကတော့ ခန္ဓာငါးပါးထင်ရှားဖြစ်စကိုလည်း ဇာတိ၊ နာမ်ခန္ဓာလေးပါးချည်းသက်သက် ထင်ရှားဖြစ်စကိုလည်း ဇာတိ၊ ရုပ်ခန္ဓာချည်း သက်သက်ထင်ရှား ဖြစ်စကိုလည်း ဇာတိလို့မှတ်ပါ။

**၁၂။ ဇရာ မရဏ ( အိုခြင်း၊ သေခြင်း )**

ဇာရာနဲ့ မရဏဟာ အဓိပ္ပါယ်အနေနဲ့ (၂)မျိုးရှိပေမယ့် အင်္ဂါအနေနဲ့တစ်ခုတည်းပေါင်းပြထားပါတယ်။ ဇရာဆိုတာ အိုခြင်း၊ ရင့်ရော်ခြင်း ဆိုပေမယ့် တကယ်ကျတော့ သေခြင်းနဲ့အတူတူပါပဲ။ ဥပမာ မနေ့ကနှင့် ဒီနေ့ဆိုရင် တစ်ရက်ပိုပြီးအိုလာတဲ့သဘောပါ။ မနေ့ကဖြစ်ပျက်ခဲ့တဲ့ရုပ်နာမ်တွေ မရှိတော့ပါဘူး ချုပ်ပျောက်ကုန်ပါပြီ။ သဘောကတော့ မနေ့က ရုပ်နာမ်တွေသေသွားတာပါ။ သေခြင်းအတူတူမို့ အင်္ဂါအနေနဲ့တစ်ခုတည်းဖော်ပြခြင်းသာ ဖြစ်ပါတယ်။ သေခြင်းတရား(၄)မျိုးရှိပါတယ်။

၁။ ကမ္မက္ခယမရဏ = ကံကုန်၍သေခြင်း
၂။ အာယုက္ခယ မရဏ = သက်တမ်းကုန်၍သေခြင်း
၃။ ဥဘယက္ခယ မရဏ= အသက်တမ်းနှင့် ကံနှစ်ပါးစုံကုန်၍သေခြင်း
၄။ ဥပစ္ဆေဒက မရဏ = ရုပ်စဉ်ပြတ်သဖြင့်သေခြင်း။

အင်္ဂါတစ်ဆယ့်နှစ်ပါးရှင်းတမ်းပြီးပါပြီ။

မူလနှစ်ဖြာလင်္ကာဆောင်ပုဒ်ကို ရှင်းလင်းပြီးသည်အတွက် ယခုအခါ အဝိဇ္ဇာနှင့် တဏှာ အရင်းခံ လင်္ကာဆောင်ပုဒ်ရဲ့အဓိပ္ပါယ်ကို ရှင်းလင်းဖေါ်ပြပါ့မယ်။

လင်္ကာဆောင်ပုဒ်က-

အဝိဇ္ဇာနှင့်တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင် အမျှင်မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန် နည်းအလျော်၊ ဗြဟ္မာသိကြား စသည်များကထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်း ကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍ မျှော်။

အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်

လွန်လေပြီးသောအတိတ်ကာလ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟုဆိုအပ်သော ကိလေသဝဋ်ကြောင့် သင်္ခါရ ကမ္မဘဝ ဟုဆိုအပ်သော ကမ္မဝဋ်တို့ကိုပြုလုပ်ခဲ့ကြပါတယ်။

ထိုသို့ပြုလုပ်ခဲ့ကြသော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရတို့ကြောင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟုဆိုအပ်သော ဝိပါကဝဋ် ခန္ဓာငါးပါး( ရုပ်နာမ်နှစ်ပါးတို့ ဖြစ်ပေါ်လာကြပါတယ်)။

ဥပမာစကားဖြင့်ထင်ရှားစွာပြအံ့

လောက၌ထင်ရှားရှိကြကုန်သော အပင်ဟူသမျှတို့သည် မျိုးစေ့ကိုဖြစ်စေရစေ၏။ ထိုမျိုးစေ့ဟူသမျှတို့သည်လည်း အကြောင်းအကျိုးအားဖြင့် အမျှင်မပြတ် ဆက်စပ်လျက် ရှိနေကြကုန်၏။

ထို့အတူ ခန္ဓာဟူသောရုပ်နာမ် ဓမ္မသင်္ခါရ တရားစုတို့သည်လည်း ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာကြရကုန်၏။ ထိုကံဟူသောတရားတို့သည်လည်း ရုပ်နာမ်ခန္ဓာတည်းဟူသော အကြောင်းရှိ၍ အကျိုးဓမ္မအနေဖြင့် တစ်ဖန်ဖြစ်ပေါ်ခွင့် ရရှိကြလေကုန်၏။

ထိုဖြစ်ပေါ်ခွင့်ရရှိကြကုန်သော ကံတရားတို့သည်လည်း အကြောင်းဓမ္မ တစ်ဖန်ပြန်၍ ရုပ်နာမ်ခန္ဓာဟူသော အကျိုးဓမ္မတို့ကို တစ်ဖန်ပြန်၍ဖြစ်စေပြန်၏။

ဤသို့ ကံနှင့်ရုပ်ဓမ္မတို့သည် အပင်မှမျိုး မျိုးမှအပင် ဖြစ်စေသည့် ဥပမာအတိုင်း ကံသည်အကြောင်းဖြစ်၍ ရုပ်နာမ် ဓမ္မတို့သည်အကျိုး၊ ထိုရုပ်နာမ်ဓမ္မတို့သည် အကြောင်းဖြစ်၍ ကံသည် အကျိုးတဖန်ဖြစ်ရပြန်သည်။

ဤနည်းအတိုင်း အကြောင်းအကျိုးအားဖြင့် အဆက်မပြတ်ဘဲ ရုပ်နာမ်ခန္ဓာတွေ အစဉ်တန်းလျက် ဖြစ်ပြီးပျက်လိုက်၊ ပျက်ပြီးဖြစ်လိုက်၊ ဖြစ်ပြီးပျက်လိုက်နဲ့ အဆက်မပြတ် သံသရာ ခန္ဓာ နာမ်ရုပ်တွေ အစဉ်တန်းနေသည်ကို ဉာဏ်ဖြင့်ရှုမျှော်တွေးခေါ်၍ ဆင်ခြင်သိနိုင်ရာ၏။

ဤသို့ဉာဏ်ဖြင့် ဆင်ခြင်၍သိမြင်လာသောအခါ အကြောင်းအကျိုးမျှသာရှိနေသည် ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ ဟူ၍ရှာမရ ရုပ်နာမ်ခန္ဓာမျှသာ ရှိသည်ဟူသော "အသိအမြင်" သဘောဉာဏ်အထင်တို့သည် အမှန်ရောက်လျက် ပုဂ္ဂိုလ် သတ္တဝါ ပျောက်ပြီး ဒိဋ္ဌိ ဝိစိကိစ္ဆာဟူသော အမှားတရားများကို အမှန်ပင်ဖယ်ရှားပျောက်ဆုံးနိုင်ကြလေကုန်သတည်း။

---

## ပဋိစ္စသမုပ္ပါဒ်လည်ပုံ

ပဋိစ္စသမုပ္ပါဒ်ကိုလေ့လာမယ်ဆိုရင် ပထမဦးစွာလည်ပုံကို အရင်လေ့လာရပါမယ် ပြီးမှ ပဋိစ္စသမုပ္ပါဒ် ပြတ်ပုံကိုလေ့လာပြီး ဖြတ်မယ့်နည်းလမ်းကိုပါလေ့လာ၍ ၄င်းနည်းလမ်းအတိုင်း ကျင့်ကြံအားထုတ်ရပါမည်။ အခုလို ပဋိစ္စသမုပ္ပါဒ်ကိုလေ့လာတာဟာ ဉာတပရိညာ (ဝါ) အသိဖြတ် (ဝါ) ပရိယတ္တိ(ဝါ) အလွယ်ကျက်မှတ်သည့်သဘောပင် ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာစာရွက်ကိုကြည့်ပါ။

နံပါတ်(၁)အကွက် လွန်လေပြီးသောအတိတ်ကာလမှာ အဝိဇ္ဇာနှင့်သင်္ခါရတွေ ပြုလုပ်ခဲ့ ပါတယ်။ သစ္စာ အနေနဲ့ပြောရင်တော့ သမုဒယသစ္စာဖြစ်ပါတယ် အဝိဇ္ဇာမသိဘဲနဲ့ သင်္ခါရ (ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဥ္စာဘိသင်္ခါရ)တွေပြုလုပ်ခဲ့ပါတယ်။ အဲဒီလို ပြုလုပ်ခဲ့တာကြောင့် -

နံပါတ်(၂)အကွက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ ခန္ဓာ(၅)ပါးရပါတယ်။ ပဋိသန္ဓေဝိညာဏ်ကစပြီး မိခင်ဝမ်းထဲက ထွက်လာတဲ့အချိန်မှာတော့ ပဝတ္တိဝိညာဏ်နဲ့ အသက်ရှင်ကြပါတယ်။ ပဋိသန္ဓေဝိညာဏ်ကတော့ လွန်မြောက်ခဲ့ပြီးပါပြီ ပဝတ္တိဝိညာဏ်နဲ့သာ ဆက်လက်ရှင်သန်နေကြပါတယ်။

ခန္ဓာ(၅)ပါးကိုနှစ်မျိုးပြလို့ရပါတယ်

၁။ ပဋိစ္စသမုပ္ပါဒ်(ဝါ) သုတ္တန်နည်းအရပြတဲ့ ခန္ဓာ(၅)ပါးနှင့်
၂။ အဘိဓမ္မာနည်းအရ ပြတဲ့ ခန္ဓာ(၅)ပါးရယ်လို့ (၂)မျိုးပြထားပါတယ်။

ပဋိစ္စသမုပ္ပါဒ်နည်းအရခန္ဓာငါးပါးက-

(၁) ဝိညာဏ်၊
(၂) နာမ်ရုပ်၊
(၃) သဠာယတန၊
(၄) ဖဿ၊

(၅) ဝေဒနာ တို့ဖြစ်ပြီး

အဘိဓမ္မာနည်းအရပြတဲ့ ခန္ဓာ(၅)ပါးကတော့-

(၁) ရုပ်ကို ခန္ဓာအနေဖြင့် ရူပက္ခန္ဓာ

(၂) ဝေဒနာကို ခန္ဓာအနေဖြင့် ဝေဒနာက္ခန္ဓာ

(၃) သညာကို ခန္ဓာအနေဖြင့် သညာက္ခန္ဓာ

(၄) သင်္ခါရကို ခန္ဓာအနေဖြင့် သင်္ခါရက္ခန္ဓာ

(၅) ဝိညာဏ်ကို ခန္ဓာအနေဖြင့် ဝိညာဏက္ခန္ဓာ တို့ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ် ခန္ဓာ(၅)ပါးနှင့် အဘိဓမ္မာခန္ဓာ(၅)ပါးတို့သည် ကွဲပြားနေသော်လည်း သဘောအားဖြင့် အတူတူပင်ဖြစ်ပါသည်။ ခန္ဓာဆိုသည်မှာ အပေါင်းအစုကိုခေါ်သည်။ ပညတ်ခန္ဓာနှင့် ပရမတ်ခန္ဓာဟူ၍ နှစ်မျိုး ရှိသည်။

ပညတ်ခန္ဓာ = အချိန်(၁၅-၂၀) ပိဿလေးသောခန္ဓာ၊ အဖေအမေကမွေးတဲ့ခန္ဓာ၊ ကိုင်တွယ်ပြသလို့ရတဲ့ခန္ဓာ၊ ခွေးကမြင်လို့ခွေးဟောင်တဲ့ခန္ဓာ အပြောခန္ဓာစသည်တို့က ပညတ်ခန္ဓာလို့ခေါ်ကြောင်း မိုးကုတ်ဆရာ တော်ဘုရားကြီးကဟောကြားခဲ့လေသည်။

ပရမတ်ခန္ဓာ = ချိန်တွယ်လို့မရတဲ့ခန္ဓာ၊ အာရုံနဲ့ဒွါရကမွေးတဲ့ခန္ဓာ၊ ကိုင်တွယ်ပြသလို့မရတဲ့ ခန္ဓာ၊ ခွေးမမြင်နိုင်လို့ခွေးမဟောင်တဲ့ခန္ဓာ၊ သဘောခန္ဓာစသည်တို့ကို ပရမတ်ခန္ဓာဟု ခေါ်သည်။

နိဗ္ဗာန်ကိုလိုချင်၍ ဝိပဿနာအားထုတ်လိုသူသည် ပရမတ်ခန္ဓာကိုနားလည်၍ ရှုမှတ်ပွါးများမှသာ ရနိုင်ပေသည်။ ပညတ်ခန္ဓာကိုရှု၍မရပေ။ ထို့ကြောင့် ပရမတ်ခန္ဓာ သဘောကို ပိုင်နိုင်ပြတ်သားစွာနားလည် ဖို့လိုပေသည်။

## ပဋိစ္စသမုပ္ပါဒ် ခန္ဓာနှင့် အဘိဓမ္မာခန္ဓာသဘောခြင်းတူပုံ

ခန္ဓာငါးပါးမှာ နာမ်ခန္ဓာလေးပါး၊ ရုပ်ခန္ဓာတစ်ပါးဖြစ်ပြီး နာမ်ခန္ဓာလေးပါးသည် အာရုံနှင့်ဒွါရတိုက်၍ ပေါ်လာခြင်းဖြစ်ပြီး ရုပ်ခန္ဓာသည် ကံစိတ်ဥတုအဟာရကြောင့် ဖြစ်သည်ကို ရှင်းပြပြီးဖြစ်ပါသည်။ အာရုံဒွါရတိုက်၍ ခန္ဓာငါးပါး ဖြစ်ပေါ်ပုံကို ပုံနှင့်ပြသပါမည်။

**အဘိဓမ္မာခန္ဓာအနေဖြင့် (ပုံအရ)**

| | | |
|---|---|---|
| ၁။ ဒွါရနှင့်အာရုံသည် | ရုပ် | (ရူပက္ခန္ဓာ) |
| ၂။ ဝေဒနာသည် | ဝေဒနာ | (ဝေဒနာက္ခန္ဓာ) |
| ၃။ သညာသည် | သညာ | (သညာက္ခန္ဓာ) |
| ၄။ သင်္ခါရသည် | သင်္ခါရ | (သင်္ခါရက္ခန္ဓာ) |
| ၅။ ဝိညာဏ်သည် | ဝိညာဏ် | (ဝိညာဏက္ခန္ဓာ) ဖြစ်သည်။ |

**ပဋိစ္စသမုပ္ပါဒ်အနေဖြင့် (ပုံအရ)**

| | |
|---|---|
| ၁။ စိတ်နှင့် စေတသိက်သည် နာမ်တရား | (ဝိညာဏ်) |
| ၂။ ဒွါရ+အာရုံ = ရုပ်၊ စိတ်နှင့်စေတသိက် = နာမ် | (နာမ်ရုပ်) |
| ၃။ ဒွါရနှင့်အာရုံသည် | (သဠာယတန) |
| ၄။ ဒွါရ၊ အာရုံနှင့် နာမ်တရားပေါင်းဆုံခြင်းသည် | (ဖဿ) |
| ၅။ ဝေဒနာသည် | (ဝေဒနာ) တို့ဖြစ်သည်။ |

သဘောခြင်းအတူတူပင်ဖြစ်သည်။ ၄င်းခန္ဓာငါးပါးတို့သည် ကျောက်ခဲနှစ်လုံးအားနဲ့ ခတ်လိုက်သလို ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သည်။ ကောင်းကင်၌ လျှပ်စီး လက်သလိုဖြစ်ပြီးပျက်သွားသည်။

**အာရုံသိသဘော**




ဖေယျာမင်း(ကေတု)

မိလိန္ဒ ပဉှာခန်းမှာ မိလိန္ဒမင်းကြီးက ရဟန္တာမထေရ် အရှင်နာဂသိန်ကို မေးလျှောက်ခဲ့တဲ့မေးခွန်းလေး ရှိပါတယ်။

''ဘန္တေ နာဂသေန- ဗုဒ္ဓအနေဖြင့် ခက်ခဲသောအလုပ်ရှိပါသလော''

''မဟာရာဇ-ရှိပါသည်။ ဗုဒ္ဓသည်လွန်စွာ ခက်ခဲသောအလုပ်ကို လုပ်ခဲ့ပါသည်။''

''အဘယ်အလုပ်ပါနည်း ဘန္တေ''

''မဟာရာဇ- တစ်ခုတည်းသော အာရုံမှာဖြစ်သော နာမ်တရားတို့ကို ဤကားဖဿ၊ ဤကားဝေဒနာ၊ ဤကားသညာ၊ ဤကားစေတနာ၊ ဤကားစိတ်ဟူ၍ ပိုင်းခြားဝေဖန်၍ ဟောပြောရခြင်းမှာ လွန်စွာခက်ခဲ၏''

''ဥပမာပြပါ ဘန္တေ''

''မဟာရာဇ - တစ်စုံတစ်ယောက်သည် လှေဖြင့် ပင်လယ်ရှိရာသို့ တက်ဝင်၍ လက်ခုပ်ဖြင့်ရေကို ယူပြီးလျှင် လျှာဖြင့်လျက်၍ ''ဤကားဂင်္ဂါရေ၊ ဤကားယမုံနာရေ၊ ဤကားအစိရဝတီရေ၊ ဤကားသရဖူရေ၊ ဤကားမဟီရေဟု သိနိုင်မည်လော''

''ဘန္တေ - သိနိုင်ရန်ခက်ခဲလှပါသည်''

''မဟာရာဇ - တစ်ခုသောအာရုံ၌ဖြစ်သော နာမ်တရားတို့ကို ပိုင်းခြားဝေဖန်လျက် ပြရခြင်းသည် ထို့ထက်ခက်ခဲလှပေရကား၊ ဗုဒ္ဓသည် လွန်စွာခဲယဉ်းသောအမှုကိုပြုပါသည်''

''ဘန္တေ - သင့်တင့်လျှောက်ပတ်ပါသည်'' (မိလိန္ဒပဉှာ စာ- ၁၃၇)

အာရုံသိသဘော၊ ခန္ဓာငါးပါးကို ပိုင်းခြားဝေဖန်ပြောရခြင်းမှာ ဗုဒ္ဓ၏ လွန်စွာခက်ခဲသော အလုပ်ဟုဆိုသဖြင့် ကျေးဇူးရှင်ပိုင်းလော့ဆရာတော်အရှင်ဇေယျပဏ္ဍိတက ''ခန္ဓာငါးပါးကို သိခွင့်ရတာ၊ တရားနာရတာ၊ အဆင်သင့်စားရတာ၊ သစ္စာတရားနာကြားရတာ အင်မတန်ဘုန်းကံကြီးလို့ပါ'' လို့ဟောကြားထားပေသည်။

ခန္ဓာငါးပါးထဲက -

(၁) ရုပ်ကိုကြည့်ရင် ရုပ်ကိုတွေ့ရမှာမဟုတ်ပါဘူး ရေမြှုပ်လို ပေါ်ပြီးပျောက်သွားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။

(၂) ဝေဒနာကိုကြည့်ရင် ဝေဒနာကိုတွေ့ရမှာမဟုတ်ဘူး ရေပွက်လိုတွေ့ရမှာပါ။

(၃) သညာကတော့ တံလျှပ်ကဲ့သို့ တွေ့ရမှာဖြစ်ပါတယ်။
(၄) သင်္ခါရကတော့ ငှက်ပျောတုံးလို တွေ့ရပါမယ်။
(၅) ဝိညာဏ်ကတော့ မျက်လှည့်ကဲ့သို့ တွေ့ရမှာဖြစ်ပါတယ်။

* ရုပ်ကို ရေမြှုပ်လိုတွေ့ရမယ် ဆိုတာက Gas အချိုရည်ပုလင်းကို ဖွင့်လိုက်တဲ့အခါ ရေမြှုပ်တွေပေါ်လာပြီးချက် ချင်းပဲပျောက်သွားတဲ့သဘောလို တွေ့ရမှာဖြစ်ပါတယ်။

* ဝေဒနာကတော့ ထမင်းအိုးချက်လို့ ဆူပွက်လာတဲ့အခါ ရေပွက်ကလေးတွေလိုပေါ်ပြီး ပျောက်ပျောက်သွားသလို တွေ့ရမှာဖြစ်ပါတယ်။

* သညာကိုတော့ တံလျှပ်လိုတွေ့ရမှာပါ။ တံလျှပ်ဆိုတာ နေပူရှိန်ကြောင့် အရိပ်သဘော မျိုးပေါ်နေတာဖြစ်ပြီး တကယ့်ရေမဟုတ်ဘဲ၊ အနားရောက်တဲ့အခါ မရှိတော့တဲ့ သဘောကိုသာတွေ့ရမှာဖြစ်ပါတယ်။

* သင်္ခါရကိုတော့ ငှက်ပျောတုံးကဲ့သို့ တွေ့ရမှာပါ။ ငှက်ပျောတုံးကို တစ်ချပ်ချင်း ခွာကြည့်ရင် အနှစ်သာရတွေ့ရမှာ မဟုတ်ပါဘူး။

* ဝိညာဏ်ကိုတော့ မျက်လှည့်ကဲ့သို့ မြင်ရမယ်ဆိုတာက မျက်လှည့်ဆိုတာ တကယ် မဟုတ်ဘဲ လှည့်စားထားတဲ့သဘောဖြစ်တဲ့အတွက် မျက်လှည့်လို့ အစစ်အမှန်ကို မတွေ့ ရပါဘူး။

ခန္ဓာငါးပါးဖြစ်တဲ့နေရာ (၆)နေရာရှိပါတယ်။

| | | | |
|---|---|---|---|
| (၁) | မျက်စိ | မှာ | မြင်ခန္ဓာငါးပါး |
| (၂) | နား | မှာ | ကြားခန္ဓာငါးပါး |
| (၃) | နှာခေါင်း | မှာ | နံခန္ဓာငါးပါး |
| (၄) | လျှာ | မှာ | စားသိခန္ဓာငါးပါး |
| (၅) | ကိုယ် | မှာ | ထိသိခန္ဓာငါးပါး |
| (၆) | စိတ်(ဘဝင်) | မှာ | ကြံသိခန္ဓာငါးပါး-စတဲ့ (၆)နေရာမှာ ပေါ်မှာဖြစ်ပါတယ်။ |

(၁) မျက်စိမှာ မြင်ခန္ဓာငါးပါးပေါ်ပြီး ကာလမခြားဘဲ စိတ်(ဘဝင်)မှာ ခန္ဓာငါးပါးထပ်ပေါ် ပါတယ်။
(၂) နားမှာ ကြားခန္ဓာငါးပါးပေါ်ပြီး ။ ။ ။
(၃) နှာခေါင်းမှာ နံခန္ဓာငါးပါးပေါ်ပြီး ။ ။ ။

(၄) လျှာမှာ စားသိခန္ဓာငါးပါးပေါ်ပြီးကာလမခြားဘဲစိတ်(ဘဝင်)မှာ ခန္ဓာငါးပါးထပ်ပေါ်ပါတယ်။
(၅) ကိုယ်မှာ ထိသိခန္ဓာငါးပါးပေါ်ပြီး ။ ။ ။

ဆုံးဖြတ်ချက်ချလို့ကဲမြောက်တာ စိတ်(ဘဝင်) မှာပါ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေမှာ မဟုတ်ပါဘူး။ အပြင်ဒွါရငါးပါးမှာ ပေါ်ပြီး ချုပ်ပျောက်သွားပါတယ်။ ကာလ မခြားဘဲ စိတ်(ဘဝင်)မှာ ဓမ္မာရုံနဲ့တိုက်ပြီး ခန္ဓာငါးပါး ထပ်ပေါ်ပါတယ်။

## အာရုံသိသောသဘော

| | | | | | |
|---|---|---|---|---|---|
| ၁ | မျက်စိ | + | အဆင်း | မြင်သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၂ | နား | + | အသံ | ကြားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၃ | နှာခေါင်း | + | အနံ့ | နံ့သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၄ | လျှာ | + | အရသာ | စားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၅ | ကိုယ် | + | တွေ့ထိစရာ | ထိသိစိတ် | ခန္ဓာ(၅)ပါး (ဒုက္ခနှင့်သုခဝေဒနာ) (ဥပေက္ခာဝေဒနာ) |

ကာလမခြား → စိတ် + ဓမ္မာရုံ = ကြံသိစိတ် (ခန္ဓာ(၅)ပါး)

(ကျောက်ခဲနှစ်လုံးကိုအားနဲ့ခတ်လိုက်သလို ခန္ဓာ(၅)ပါး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သည်)






(ငါးမျက်နှာအံစာတုံး)

ကြံ့သိခန္ဓာငါးပါးပါ။ အဲဒီ ကြံ့သိခန္ဓာငါးပါးမှာ ဝေဒနာအနေနဲ့ အပြင်အာရုံကိုကြိုက်ရင် သောမနဿဝေဒနာ၊ မကြိုက်ရင် ဒေါမနဿဝေဒနာ၊ ကြိုက် မကြိုက်ဆိုရင် ဥပေက္ခာ ဝေဒနာ ဆိုတဲ့ ဝေဒနာ ၃-မျိုးပေါ်ပြီး အဲဒီဝေဒနာကနေ အာရုံကပ်ငြိခြင်းဆိုတဲ့ တဏှာကူးသွားပါတယ်။ ဒါဆို အကွက် (၂)ကနေ အကွက်(၃)ကိုကူးသွားပါပြီ။ တဏှာဖြစ်ရင် ဥပါဒါန်၊ ကမ္မဘဝသည် လျှပ်စစ်ဓာတ် လိုက်သလို အင်မတန်လျင်မြန်စွာကူးသွားပါတယ်။ ကမ္မဘဝကြောင့် အကျိုးဇာတိ ဖြစ်ပေါ်လာရပါတယ်။ ဇာတိရပြီးဆိုရင် ဇရာမရဏဆိုတဲ့ (အိုခြင်း၊ နာခြင်း၊ သေခြင်း) တရားတွေက မလွတ်နိုင်တော့ပါဘူး။

ဇာတိဖြစ်တယ်ဆိုတာ အနာဂတ်မှာ ခန္ဓာငါးပါးထပ်ရခြင်းသာဖြစ်ပါတယ်။ ဒါဆိုပဋိစ္စ သမုပ္ပါဒ်လည်သွားပါပြီ၊ ဒီလိုနည်းနဲ့ပဲ သံသရာအစကနေပြီးယနေ့အထိ ခန္ဓာတွေထပ်ရပြီ၊ သံသရာကမထွက်နိုင်သဖြင့် အအို၊ အနာ၊ အသေတွေထပ်ခါထပ်ခါဖြစ်ခဲ့ရတာပါ။

ပြန်ချုပ်ပြီးပြောမယ်ဆိုရင် နံပါတ်(၁)အကွက်က သမုဒယသစ္စာဖြစ်တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရ ကြောင့် နံပါတ် (၂)အကွက်က ဒုက္ခသစ္စာဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာငါးပါးရခဲ့ပါတယ်။ အဲဒီခန္ဓာငါးပါးထဲက ပေါက်ဖွားလာတဲ့နံပါတ်(၃) အကွက်က တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဆိုတဲ့သမုဒယသစ္စာကြောင့် နံပါတ်(၄)အကွက် နောင်ဖြစ်လတ္တံ့အနာဂတ်ကာလမှာ ဇာတိ၊ ဇရာမရဏ ဒုက္ခသစ္စာတွေထပ်ရနေတာပါ။ ဇာတိ ဖြစ်ပြီဆို ခန္ဓာငါးပါးရပြီးသားဖြစ်နေပါပြီ။

ကာလအနေနဲ့ပြောမယ်ဆိုရင် နံပါတ်(၁)အကွက် လွန်လေပြီးသောအတိတ်ကာလက အဝိဇ္ဇာ၊ သင်္ခါရ ဆိုတဲ့ သမုဒယသစ္စာကြောင့် ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာရပါတယ်။ နံပါတ်(၃)ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလမှာပဲ သမုဒယစ္စာတွေဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ကမ္မဘဝ တွေထပ်လုပ်ပြန်တော့ နံပါတ် (၄)အကွက် နောင်ဖြစ်လတ္တံ့အနာဂတ်ကာလမှာ ဇာတိ၊ ဇရာမရဏဆိုတဲ့ဒုက္ခ သစ္စာတွေ ထပ်ရနေတာပါ။

အလွှာအနေနဲ့ ပြောမယ်ဆိုရင် နံပါတ်(၁)အကွက် အတိတ်အကြောင်းတလွှာက အဝိဇ္ဇာ၊ သင်္ခါရတွေကြောင့် (၂)အကွက်ပစ္စုပ္ပန်အကျိုးအလွှာမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊

ဖဿ၊ ဝေဒနာ ဆိုတဲ့ခန္ဓာငါးပါး ဒုက္ခသစ္စာ ရပါတယ်။ နံပါတ်(၃)အကွက် ပစ္စုပ္ပန်အကြောင်း တလှာမှာ တဏှာ၊ ဥပါဒါန် ၊ ကမ္မဘဝ ဆိုတဲ့ သမုဒယသစ္စာတွေထပ်လုပ်ပြီး (၄)အကွက် အနာဂတ်အကျိုးတလှာမှာ ဇာတိ၊ ဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာ ထပ်ရပြန်တယ်။

သစ္စာအနေချည့်ပြမယ်ဆိုရင် နံပါတ်(၁)အကွက် သမုဒယသစ္စာကြောင့် နံပါတ်(၂) အကွက် ဒုက္ခသစ္စာရတယ်၊ နံပါတ်(၃)အကွက် သမုဒယသစ္စာတွေထပ်လုပ်တော့ နံပါတ်(၄) ဒုက္ခသစ္စာ ထပ်ရပြန်တယ်။

အခြင်းအရာအနေနဲ့ပြောမယ်ဆိုရင်နံပါတ်(၁)အကွက်ထဲက အတိတ်အကြောင်း အခြင်းရာ (၅)ပါးဖြစ်တဲ့ အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတွေကြောင့် နံပါတ်(၂) အကွက်မှာရှိတဲ့ ပစ္စုပ္ပန်အကျိုးခြင်းရာဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာငါးပါး ဒုက္ခသစ္စာ ရပါတယ်။ နံပါတ်(၃)အကွက် ပစ္စုပ္ပန်အကြောင်း အခြင်းအရာတွေဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတွေကြောင့် နံပါတ်(၄)အကွက် အကျိုးအခြင်းအရာဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ခန္ဓာငါးပါး ဒုက္ခသစ္စာ ထပ်ရပါတာ ဖြစ်ကယ်။

ဝဋ်အနေနဲ့ပြောရမယ်ဆိုရင် နံပါတ်(၁)အကွက်မှာရှိတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဆိုတဲ့ ကိလေသဝဋ် သုံးပါးနဲ့ သင်္ခါရ၊ ကမ္မဘဝ ဆိုတဲ့ကမ္မဝဋ်နှစ်ပါးကြောင့် နံပါတ်(၂) အကွက်မှာရှိတဲ့ ဝိပါကဝဋ်ရှစ်ပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ) တွေရနေတာပါ၊ နံပါတ်(၂)အကွက်ထဲမှ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ တွေရေးမထားပေမဲ့ ခန္ဓာရရင်၄င်းတရားသုံးပါးပါလာပြီးသာမှတ်ပါ။ တစ်ခါ နံပါတ်(၃)အကွက်ကိလေသဝဋ်သုံးပါးနှင့် ကမ္မဝဋ်နှစ်ပါးကြောင့် နံပါတ်(၄)အကွက်မှာ ဝိပါက ဝဋ်ရှစ်ပါး ထပ်ရပြန်ပါတယ်။

နံပါတ်(၄)အကွက်ထဲမှာရှိတဲ့ အင်္ဂါတစ်ဆယ့်နှစ်ပါး ထဲကအင်္ဂါနှစ်ပါးဖြစ်တဲ့ ဇာတိ၊ ဇာရာ မရဏ လို့ဖော်ပြပြီး ဝိပကဝဋ်ရှစ်ပါးဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏတို့သာ ဖော်ပြထားပါတယ်။


ဖဿ
မျက်စိ
အဆင်း
ဝ
သ
ခ
ဝိ
(ဥပေက္ခာဝေဒနာ)
ကာလမခြား
ဖဿ
စိတ်
(ဘဝင်)
ဓမ္မာရုံ
ဝ
သ
ခ
ဝိ
၁။ ဒေါမနဿဝေဒနာ
၂။ သောမနဿဝေဒနာ
၃။ ဥပေက္ခာဝေဒနာ


ဖဿ
နား
အသံ
ဝ
သ
ခ
ဝိ
(ဥပေက္ခာဝေဒနာ)
ကာလမခြား
ဖဿ
စိတ်
(ဘဝင်)
ဓမ္မာရုံ
ဝ
သ
ခ
ဝိ
၁။ ဒေါမနဿဝေဒနာ
၂။ သောမနဿဝေဒနာ
၃။ ဥပေက္ခာဝေဒနာ


ဖဿ
နှာခေါင်း
အနံ့
ဝ
သ
ခ
ဝိ
(ဥပေက္ခာဝေဒနာ)
ကာလမခြား
ဖဿ
စိတ်
(ဘဝင်)
ဓမ္မာရုံ
ဝ
သ
ခ
ဝိ
၁။ ဒေါမနဿဝေဒနာ
၂။ သောမနဿဝေဒနာ
၃။ ဥပေက္ခာဝေဒနာ


ဖဿ
လျှာ
အရသာ
ဝ
သ
ခ
ဝိ
(ဥပေက္ခာဝေဒနာ)
ကာလမခြား
ဖဿ
စိတ်
(ဘဝင်)
ဓမ္မာရုံ
ဝ
သ
ခ
ဝိ
၁။ ဒေါမနဿဝေဒနာ
၂။ သောမနဿဝေဒနာ
၃။ ဥပေက္ခာဝေဒနာ


ဖဿ
ကိုယ်
တွေ့ထိစရာ
ဝ
သ
ခ
ဝိ
(ဒုက္ခ/သုခဝေဒနာ)
ကာလမခြား
ဖဿ
စိတ်
(ဘဝင်)
ဓမ္မာရုံ
ဝ
သ
ခ
ဝိ
၁။ ဒေါမနဿဝေဒနာ
၂။ သောမနဿဝေဒနာ
၃။ ဥပေက္ခာဝေဒနာ

တကယ်တမ်းကျတော့ ဇာတိ၊ ဇာရမရဏရဲ့နောက်မှာ -

| | | |
|---|---|---|
| (၁) | သောက | (စိုးရိမ်ခြင်း) |
| (၂) | ပရိဒေဝ | (ပူဆွေးခြင်း) |
| (၃) | ဒုက္ခ | (ကိုယ်ဆင်းရဲခြင်း) |
| (၄) | ဒေါမနဿ | (စိတ်ဆင်းရဲခြင်း) |
| (၅) | ဥပါယာသ | (ပြင်းစွာပူခြင်း) စသည့်တရား(၅)ခုလဲရှိပါတယ်။ |

ဒါပေမဲ့ ဘုရားရဟန္တာစသည့်ပုဂ္ဂိုလ်တွေမှာ ဒီတရားငါးပါးမဖြစ်ပါဘူး။ ဒီတရားငါးပါး မဖြစ်သော်လည်း ဇာတိဖြစ်ရင် ဇရာ မရဏကတော့ရှောင်လွဲလို့မရပါဘူး၊ ဘုရားရဟန္တာကအစ အပါယ်လေးဘုံသားသတ္တဝါတွေအဆုံး ဇာတိဖြစ်ရင်ပြေးမလွတ်တဲ့ အဓိကတရားဖြစ်တဲ့ ဇရာ မရဏကိုသာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

သဘောကတော့ အာသဝဆိုတဲ့တရားရှိတဲ့ သတ္တဝါတိုင်းမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ တရားငါးပါးဖြစ်ပေါ်လေ့ရှိပြီး ဘုရားရဟန္တာတွေမှာကျတော့ အာသဝတရား မရှိလို့ပါ။ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောတဲ့ အဲဒီအာသဝတရား တွေကြောင့် အဝိဇ္ဇာပြန်ဖြစ်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်ကို နံပါတ်(၄)အကွက်ကနေ နံပါတ်(၁) အကွက်ကူးပြီးလည်သွားပါတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပြီး ဆက်တိုက်လည်နေတော့တာပါပဲ၊ ဒါကြောင့်ပဋိစ္စသမုပ္ပါဒ်ကိုအင်္ဂါအနေနဲ့လည်မယ်ဆိုရင် -

| | | | |
|---|---|---|---|
| အဝိဇ္ဇာ | ပစ္စယာ | သင်္ခါရာ | (ပစ္စယာ = ကြောင့်) |
| သင်္ခါရ | ။ | ဝိညာဏံ | |
| ဝိညာဏ | ။ | နာမရူပံ | |
| နာမရူပ | ။ | သဠာယတနံ | |
| သဠာယတန | ။ | ဖဿော | |
| ဖဿ | ။ | ဝေဒနာ | |
| ဝေဒနာ | ။ | တဏှာ | |

တဏှာ ။ ဥပါဒါန်
ဥပါဒါန ။ ဘဝေါ
ဘဝ ။ ဇာတိ
ဇာတိ ။ ဇရာ မရဏ (သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသ)
ဇရာ မရဏ (သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသ)ပစ္စယာ အာသဝ
အာသဝ ပစ္စယာ အဝိဇ္ဇာ။

အဲဒီတော့ အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ် သင်္ခါရဖြစ်ရင် ဝိညာဏ်ဖြစ်ပြီးဆက်တိုက် နံပါတ်(၁) ကွက်ကနေ နံပါတ်(၂၊ ၃၊ ၄)ဆက်တိုက်ပြန်လည်နေပါတယ်။ ကရွတ်ခွေပေါ် ကင်းလျှောက်နေသလိုပါပဲ မဆုံးနိုင်တော့ပါဘူး၊ ယောဂီတို့ကျွန်ုပ်တို့လည်း ဤအတိုင်း လည်ခဲ့တာ သံသရာအစထဲကဒီဘဝအထိပါပဲ။ ဒီသစ္စာတရားတွေမသိလို့ အဆက်မဖြတ်နိုင်ရင် နောက်လဲမဆုံးနိုင်အောင် ဆက်ခါဆက်ခါလည်နေရအုံးပါမယ်၊ အအိုတွေထပ် အနာတွေထပ်ပြီး အသေတွေထပ်ခါထပ်ခါကြုံတွေ့ရပါမယ်၊ တော်လောက်ပါပြီ၊ ပင်ပန်းလှပါပြီ မလည်ချင်ပါနဲ့တော့။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်ဆက်စပ်သည့်ဟန်ဆိုတဲ့ဆောင်ပုဒ်လို မသိဘဲနဲ့ ကံတွေပြုလုပ်လို့ခန္ဓာတွေရ ခန္ဓာရတော့ကံတွေပြန်လုပ်၊ ကံတွေပြန်လုပ်တော့ခန္ဓာတွေ ထပ်ရနဲ့မဆုံးနိုင်အောင်ပဲ ပဋိစ္စသမုပ္ပါဒ်လည်နေရပါတယ်။

သုတ္တန်နည်းအရလည်ပုံပြောမယ်ဆိုရင် လွန်လေပြီးသောအတိတ်ကာလကမသိတဲ့ (အဝိဇ္ဇာ)နှင့်ပုညာဘိ သင်္ခါရဆိုတဲ့ကောင်းမှုကုသိုလ်တွေလုပ်ခဲ့တဲ့အတွက် ယခုဖြစ်ဆဲပစ္စုပ္ပန် ကာလမှာ လူခန္ဓာ၊ နတ်ခန္ဓာတွေ ရကြပါတယ်။ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ တဏှာ၊ ဥပါဒါန် ကံတွေထဲက ကုသိုလ်ကံတွေလုပ်ရင်နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလမှာ လူ၊ နတ်ခန္ဓာတွေ ထပ်ရပါမယ်။ အကယ်၍အပုညာဘိသင်္ခါရခေါ်တဲ့ မကောင်းတဲ့အကုသိုလ် ကံတွေလုပ်ရင်တော့ အပါယ်လေးဘုံခန္ဓာတွေထပ်ရပါမယ်။ အာနေဉ္ဇာဘိသင်္ခါရလို့ခေါ်တဲ့ သမထတရားတွေ ကျင့်ကြံပွားများအားထုတ်ရင် ဗြဟ္မာခန္ဓာတွေရမှာဖြစ်ပါတယ်။

အောက်ပါပုံစံနှင့်ပြမယ်ဆိုရင် -

| စဉ် | လွန်လေပြီးသော အတိတ်ကာလ | ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ | | နောင်ဖြစ်လတ္တံ့အနာဂတ်ကာလ ရမည့်ခန္ဓာငါးပါး |
|---|---|---|---|---|
| | | ရရှိခန္ဓာငါးပါး | ထပ်မံပြုလုပ်သင်္ခါရ | |
| ၁။ | အဝိဇ္ဇာဦးစီးပြီး ပုညာဘိသင်္ခါရ | လူ၊ နတ် | ပုညာဘိသင်္ခါရ<br>အပုညာဘိသင်္ခါရ<br>အနာဉ္စာဘိသင်္ခါရ | လူ၊ နတ်<br>အပါယ်လေးဘုံသား<br>ဗြဟ္မာ |
| ၂။ | အပုညာဘိသင်္ခါရ | အပါယ် လေးဘုံသား | ပုညာဘိသင်္ခါရ<br>အပုညာဘိသင်္ခါရ<br>အာနဉ္စာဘိသင်္ခါရ | လူ၊ နတ်<br>အပါယ်လေးဘုံ<br>ဗြဟ္မာ (တိုက်ရိုက်မရောက်) |
| ၃။ | အ နဉ္စာဘိသင်္ခါရ | ဗြဟ္မာ | ပုညာဘိသင်္ခါရ<br>အပုညာဘိသင်္ခါရ<br>အာနဉ္စာဘိသင်္ခါရ | လူ၊ နတ်<br>အပါယ်လေးဘုံ (တိုက်ရိုက်မကျပါ)<br>ဗြဟ္မာ |

သစ္စာဉာဏ်နဲ့ကြည့်မယ်ဆိုရင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ အသက်၊ လိပ်ပြာ၊ ဆိုတာမရှိပါဘူး။ သုတ္တန်နည်းအရသံသရာလည်ပတ်ပုံနှင့် အို၊ နာ၊ သေ၊ ဒုက္ခ၊ ဆင်းရဲ ဒုက္ခသစ္စာသိစေလို၍ တင်ပြခြင်းသာဖြစ်ပေသည်။ တချို့ကထင်တတ်ကြပါတယ် "ဒို့က မကောင်းတာဘာမှမလုပ်ဘူး စိတ်ကောင်းရှိရင်ပြီးရော" ဆိုပြီးအပါယ်လေးဘုံ မကျနိုင်ဘူး လို့ ထင်တတ်ကြပါတယ်။ ရှေ့မှာဖေါ်ပြပြီးတဲ့အတိုင်း အပါယ်လေးဘုံကို ကြမ်းကြမ်းတမ်းတမ်းနဲ့ ရောက်တဲ့နည်းနဲ့သိမ်သိမ်မွေ့မွေ့နည်းနဲ့ရောက်တဲ့နည်းဆိုပြီး နှစ်နည်းရှိပါတယ်။

ဒုစရိုက်(၁၀)ပါး အပါး(၄၀)ပါးကိုပြုလုပ်လို့အပါယ်လေးဘုံကျတဲ့နည်းက **ကြမ်းကြမ်းတမ်းတမ်းနဲ့ ရောက်တဲ့နည်း** ဖြစ်ပါတယ်။ ဒုစရိုက်မပြုလုပ်ပေမဲ့ မနောကံမှာ ဖြစ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်စိတ်တွေကြောင့် အပါယ်လေးဘုံကို ရောက်နိုင်တဲ့ အတွက်အဲဒီနည်းကို **သိမ်သိမ်မွေ့မွေ့နဲ့ရောက်တဲ့နည်း** လို့ပြောလို့ရပါတယ်။

စိတ်ကောင်းရှိ၊ မကောင်းမှုမလုပ်၊ ဒါန သီလ၊ သမထ တရားတွေ ကျင့်ကြံအားထုတ်နေပေမဲ့ အပါယ်လေးဘုံကိုမကျနိုင်ဘူးလို့ မပြောနိုင်သလို နိဗ္ဗာန်လဲမရနိုင်သေးပါဘူး။ ဒါနနဲ့ပတ်သက်လို့ အဿဒိကဒါန တေဒဂ်ဘွဲ့ကိုရတဲ့ မလ္လိကာမိဖုရားကြီးဟာ သေခါနီးမှာ ကုက္ကုစ္စဆိုတဲ့ နောင်တတတဖန်ပူပန်တဲ့ ဒေါသကြောင့် အဝီစိကျသွားရတယ်။

သီလစောင့်ထိန်းတဲ့ တိဿရဟန်းဟာလဲ သေခါနီးသင်္ကန်းကိုစွဲတဲ့ လောဘတဏှာနဲ့ သန်းကြီးမပြိတ္တာ ဖြစ်ရရှာတယ်။

ဈာန်အဘိညာဏ်ဆိုတဲ့ သမထအားထုတ်ခဲ့လို့ ဖြဟ္မာဖြစ်ခဲ့ပြီး မြတ်စွာဘုရားရှင် လက်ထက်မှာ ''ဝက်မ'' ဖြစ်တာလဲရှိပါတယ်။ ဒါကြောင့် ဒါန၊ သီလ၊ သမထ တရားနဲ့ အပါယ်ကိုမတားနိုင်သလို နိဗ္ဗာန်လဲမရောက်နိုင်ပါဘူး၊ ဝိပဿနာအားထုတ်မှသာ ရနိုင် ပါတယ်။ ဒါကြောင့်ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းအပ်ပါတယ်။

ဤမျှလောက်ဆိုလျှင်ပဋိစ္စသမုပ္ပါဒ်လည်ပုံကို နားလည်လောက်ပါပြီ။

(ဝေဒနာ ပစ္စယာ တဏှာ ပဋိစ္စသမုပ္ပါဒ်လည်သည့်လမ်းဖြစ်လေသည်)

## ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ

ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံကိုရှင်းမယ်ဆိုရင် စက်ဝိုင်းဒေသနာထဲက အစပ်သုံးပါးကို အရင်လေ့လာရပါမယ်။သုံးပါးအစပ်၊

(၁) သင်္ခါရနှင့်ဝိညာဏ် တစ်စပ်

(၂) ဝေဒနာနှင့်တဏှာ တစ်စပ်

(၃) ကမ္မဘဝနှင့်ဇာတိ တစ်စပ် ရယ်လို့ဖြစ်ပြီးသင်္ခါရနှင့်ဝိညာဏ်တစ်စပ်ရယ်၊ ကမ္မဘဝနှင့်ဇာတိတစ်စပ်ဆိုတဲ့ နှစ်စပ်က အသေစပ်ဖြစ်ပြီး ဝေဒနာနှင့်တဏှာအစပ်က အရှင်စပ်ဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့အတွက် အရှင်စပ်မှာသာဖြတ်လို့ရပါတယ်။ သေပြီးမှစပ်တဲ့အစပ်တွေမှာ ဖြတ်လို့မရပါဘူး။

အရှင်စပ်ဖြစ်သည့် ဝေဒနာနဲ့တဏှာအစပ်ဟုခေါ်ကြောသော်လည်း အဓိကဖြစ်သော နံပါတ်(၂)အကွက်တွင်ရှိ အာရုံနှင့်ဒွါရတိုက်၍ပေါ်လာသော ခန္ဓာ(၅)ပါးဖြစ်သည့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ (တစ်နည်း) ၊ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့အပေါ်၌ အဝိဇ္ဇာဟုခေါ်သည့် စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်ကြောင့် အမှန်အမြင် (သမ္မာဒိဋ္ဌိ) မမြင်တော့ဘဲ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိကြောင့် မာနရယ် တဏှာရယ် ပေါ်လာရခြင်း ဖြစ်မပေသည်။

ကြားခန္ဓာနဲ့ပါတ်သက်လို့အရှင်းရှင်းပြပါမယ်။ ကြားခန္ဓာတစ်ခုဖြစ်တယ်ဆိုတာ နား အကြည်ရုပ်(ဒွါရ)နဲ့ အသံရုပ်(အာရုံ) နှစ်ခုတိုက်ပြီးကြားစိတ်ပေါ်လာပါတယ်။ ကျောက်ခဲ နှစ်လုံးအားနဲ့ခတ်လိုက်သလို၊ ကောင်းကင်မှာလျှပ်စီးလက်သလို နား မှာခန္ဓာငါးပါး(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်) တစ်ပြိုင်နက်ဖြစ်ပြီး တစ်ပြိုင်နက်ပျက်သွားပါတယ်။ ကာလမခြားဘဲ စိတ်(ဘဝင်)မှာ ဓမ္မာရုံဆိုတဲ့ (ပုံသဏ္ဌာန်အမူအယာ)ပေါ်လာပြီး ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်ပြီး တစ်ပြိုင်နက်ပျက်ပါတယ်။

ဓမ္မာရုံဆိုတာ(ဓမ္မ + အာရုံ) = သဘောမျှဖြစ်သောအာရုံပါ၊ ကြားစိတ်ဟာ နားမှာ ပျက်ပြီး ကာလမခြား စိတ်(ဘဝင်)ကိုရောက်ပါတယ်၊ စိတ်ကြောင့်ဖြစ်သောဖွဲ့စည်းမှု အာပေါ ဓာတ်က ဖွဲ့စည်းလိုက်တဲ့အတွက် မနောမှာ မိမိမြင်တဲ့အဆင်းရဲ့ ပုံရိပ်ခပ်ပါးပါးလေး ပေါ်လာ ပါတယ်၊ စိတ်(ဘဝင်)နဲ့ဓမ္မာရုံဆိုတဲ့ (ပုံသဏ္ဌာန်အမူ အယာသိ)တို့တိုက်ပြီး တွေးတောကြံစည်စိတ် (ဝိညာဏ်)ပေါ်လာပါတယ်၊ တွေးတောကြံစည်စိတ်ဆိုတဲ့(ဝိညာဏ်)နဲ့အတူ စေတသိက်တွေဖြစ်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတွေပါ တစ်ပြိုင်နက်ဖြစ်ပြီးတစ်ပြိုင်နက် ချုပ်ပျောက်သွားပါတယ်။ မနောမှာပေါ်တဲ့ ပုံရိပ်ဆိုတာ အလွန်သေးငယ်သော ပရမာဏုမြူ ရုပ်မှုန်လေးတွေဖွဲ့ပြီး ပုံစံ အမူအယာတွေ ပေါ်လာတာပါ။ အဲဒီရုပ်မှုန်လေးတွေထဲက တစ်မှုန်စီမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ အဋ္ဌကလာပ်ရုပ် (၈)ပါး အပြည့်ပါတယ်။ (ပုံကိုကြည့်ပါ)

ဥပမာ - ကျီးကန်းလို့ပြောလိုက်တဲ့အသံကို ကြားလိုက်တယ်ဆိုရင် နားမှာကြား နားမှာ




သန်းဦးခေါင်း / ၇ = လိက္ခာ

လိက္ခာ / ၃၆ = ရထရေမြူ

ရထရေမြူ / ၃၆ = တဇ္ဇာရီမြူ

တဇ္ဇာရီမြူ / ၃၆ = အဏုမြူ

အဏုမြူ / ၃၆ = ပရမာအဏုမြူ

သန်းဦးခေါင်း / ၇×၃၆×၃၆×၃၆×၃၆ = ၁၁၇၅၇၃၁၂

ပျက်သွားတယ်၊ နားမှာ ကြားခန္ဓာတစ်ခုဖြစ်ပြီး ပျက်သွားတယ်၊ အဲဒီကြားခန္ဓာထဲမှာ ဝေဒနာ အနေနဲ့ဥပေက္ခာဝေဒနာ ဖြစ်သွားတယ်။ ပြီးရင်ကာလမခြားဘဲ စိတ်(ဘဝင်)နဲ့တိုက်ပြီး စိတ်ကြောင့်ဖြစ်သော အာပေါဓါတ်က ဖွဲ့စည်းလိုက်လို့ မနောမှာ ကျီးကန်းပုံသဏ္ဍာန် ခပ်ပါးပါးလေး ပေါ်လာတယ်၊ (သတိထားကြည့်ပါ) ကျီးကန်းဆိုတဲ့အတွက် အမည်းရောင် ပါပေါ်လာတယ်။ ဂန္ဓ ဆိုတဲ့အနံ့၊ ရသဆိုတဲ့အရသာနဲ့ ဩဇာဓါတ်ဆိုတဲ့ အဆီဓါတ်တွေပါ ပါလာတယ်။

သဒ္ဒဆိုတဲ့ အသံတွေလည်းငုတ်လျှိုးပြီးပါလာတယ်၊ အဲဒီလို မနောမှာပေါ်တဲ့ပုံရိပ်နဲ့ ကြံတွေးစိတ်ကို နောက်စိတ်က (အဝိဇ္ဇာ)စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ်ရှိတဲ့သူက ကျီးကန်း

ဆိုတဲ့မနောမှာခပ်ပါးပါးပေါ်တဲ့ပုံရိပ်ကို အကောင်အထည်၊ အတုံးအခဲ ထင်လိုက်ပါတယ်၊ ဒါဆို(ဒိဋ္ဌိ) ဖြစ်သွားပါပြီ၊ ဒိဋ္ဌိဖြစ်လာတော့ မြင်တာငါပဲလို့ထင်တဲ့ မာနပါဝင်လာပါတယ်၊ ''ငါ''ထင်တဲ့မာနပေါ်လာရင် ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့ပတ်ဝန်းကျင်စသည့် အာရုံ၌ကပ်ငြိခြင်းသဘော (တဏှာ)ဝင်လာပါတယ်။ တဏှာဖြစ်ရင်၊ ဥပါဒါန်ဖြစ်မယ် ကမ္မဘဝဖြစ်ပြီ၊ ကမ္မဘဝဆိုတာ ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ခုခုနဲ့ဆုံးဖြတ်ချက် ချလိုက်တာကိုခေါ်တာပါ။ ကမ္မဘဝဖြစ်ရင် ဇာတိဖြစ်ပြီ၊ ဇာတိဖြစ်တာနဲ့ခန္ဓာငါးပါးရပြီး ဇရာ မရဏ ပြေးမလွတ်တော့ပါဘူး၊ နိဗ္ဗာန်ဆိုတာ အို၊ နာ၊ သေမရှိပါဘူး၊

| | | |
|---|---|---|
| အိုနာသေ | ဘာကြောင့်ဖြစ် | ဇာတိကြောင့်ဖြစ် |
| ဇာတိ | ။ | ကမ္မဘဝကြောင့်ဖြစ် |
| ကမ္မဘဝ | ။ | ဥပါဒါန်ကြောင့်ဖြစ် |
| ဥပါဒါန် | ။ | တဏှာကြောင့်ဖြစ် |
| တဏှာ | ။ | ကာလမခြားမနောမှာဖြစ်တဲ့ပုံရိပ်ကို အကောင်အထည်၊ အတုံးအခဲလိုထင်တဲ့ဒိဋ္ဌိနဲ့ ငါလိုထင်တဲ့ မာနကြောင့်ဖြစ်ပါတယ်။ |

ဒါကြောင့် - အို၊ နာ၊ သေ မဖြစ်အောင် ဇာတိ မဖြစ်ဖို့လို

| | | | |
|---|---|---|---|
| ဇာတိ | မဖြစ်ဖို့ | ကမ္မဘဝ | ။ |
| ကမ္မဘဝ | မဖြစ်ဖို့ | ဥပါဒါန် | ။ |
| ဥပါဒါန် | ။ | တဏှာ | ။ |
| တဏှာ | ။ | ကာလမခြား မနောမှာပေါ်တဲ့ ပုံရိပ်ကို | |

အကောင်အထည်၊ အတုံးအခဲထင်တဲ့ ဒိဋ္ဌိနဲ့ ငါလို့ထင်တဲ့ မာန မပေါ်ဖို့လိုပါတယ်။ ဒါဆိုတဏှာမဖြစ်ရင် အို၊ နာ၊ သေ လွတ်ပြီ။ အို၊ နာ၊ သေ လွတ်ရင်နိဗ္ဗာန်ပေါ့။ တဏှာမလာအောင်ကာလမခြား မနောမှာပေါ်တဲ့ပုံရိပ်ကို အကောင်အထည်မဟုတ်ကြောင်း၊ ငါလို့မပြောကြောင်း၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း ငါ့ပတ်ဝန်းကျင်လို့မပြောကြောင်း မှန်ကန်စွာသမ္မာဒိဋ္ဌိအမြင်မှန်နှင့် သိပေးနေဖို့လိုပါတယ်။ ဒီရှုမှတ်ပွားများနည်းက မြတ်စွာဘုရားတိုက်ရိုက် ဟောထားတဲ့ အလုပ်ပေး

တရားကြီးပဲ၊ ဘယ်လိုမှမှားစရာမရှိဘူး၊ မနောမှာပေါ်တဲ့ ခန္ဓာငါးပါးကို -

န ဧတံ မမ (ငါ့ဟာလို့မပြောကြောင်း)

န ဧသောဟမသ္မိ (ငါလို့မပြောကြောင်း)

န ဧသော မေ အတ္တာ (အကောင်အထည်၊ အတုံးအခဲမဟုတ်ကြောင်း)

သမ္မာဒိဋ္ဌိ အမြင်မှန်နှင့်သိပေးနေရမယ်တဲ့၊ အနတ္တလက္ခဏာသုတ္တန်မှာ ဖော်ပြထားပါတယ်။ အဲဒီတော့ ဝိပဿနာရှုမှတ်မယ်ဆိုရင် မနောမှာပေါ်လာတဲ့ပုံရိပ်ကို -

နေတံ မမ (ငါ့ဟာမဟုတ်)

နေသောဟမသ္မိ (ငါမဟုတ်)

န မေသော အတ္တာ (အကောင်အထည် ၊ အတုံးအခဲမဟုတ်) လို့ သိပေးလိုက်တဲ့ အခါအကောင်အထည်အတုံးအခဲထင်တဲ့ ဒိဋ္ဌိ မလာတော့တဲ့အတွက် ငါလို့ထင်တဲ့ မာန လည်းမလာတော့ပါဘူး၊ ငါမလာရင်အာရုံကပ်ငြိတဲ့ တဏှာ လည်းမကူးတော့ပါဘူး။ တဏှာ မရှိရာနိဗ္ဗာန်ပါ နိဝါနဆိုတာတဏှာ မရှိရာတဲ့ နိဗ္ဗာန်ကို နိဝါနလို့ခေါ်တယ်။ တဒင်္ဂမရှိ တဒင်္ဂ နိဗ္ဗာန်ရနေတာပါပဲ၊ အဲဒီလို ကြိမ်ဖန်များစွာ ရှုမှတ်ပွားများပေးနေရင် တဒင်္ဂနိဗ္ဗာန်ကနေ တကယ့် နိဗ္ဗာန်ကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ဘာမှထွေထွေထူးထူးလုပ်မနေဘဲ ပေါ်လာသမျှ ပုံရိပ်တွေက ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်လို့ သမ္မာဒိဋ္ဌိအမြင်မှန်နဲ့မှန်ကန်စွာ ဆုံးဖြတ်ပေးနေပါ။ အဲဒီအတိုင်းပါပဲ-

မျက်လုံးမှာအဆင်းနဲ့တိုက်ပြီး မြင်ခန္ဓာငါးပါးပေါ်တယ်၊ ကာလမခြားမနောမှာ ပုံသဏ္ဍာန် အမူအရာသိပေါ်ပြီး နောက်စိတ်က အဝိဇ္ဇာ(မောဟ)နဲ့ဆုံးဖြတ်တဲ့အခါ ဒိဋ္ဌိ၊ မာန၊ တဏှာတွေ ဖြစ်လာရပါတယ်။

နှာခေါင်းမှာ အနံ့နဲ့တိုက်ပြီး နံခန္ဓာငါးပါးပေါ်ပါတယ် ကာလမခြားမနောမှ ပုံသဏ္ဍာန် အမူအရာသိပေါ်ပြီး နောက်စိတ်က အဝိဇ္ဇာ(မောဟ)နဲ့ဆုံးဖြတ်တဲ့အခါ ဒိဋ္ဌိ၊ တဏှာ၊ မာန တွေဖြစ်တယ်။

လျှာမှာအရသာနဲ့တိုက်ပြီးစား ခန္ဓာပေါ်တယ်၊ ကာလမခြားမနောမှာ ပုံသဏ္ဍာန် အမူအရာသိပေါ်ပြီး နောက်စိတ်က အဝိဇ္ဇာ(မောဟ)နဲ့ဆုံးဖြတ်တဲ့အခါ ဒိဋ္ဌိ၊ မာန၊ တဏှာ ဖြစ်တယ်။

ပညာရကြောင်း ၁။ မိတ်ဆွေကောင်းရှာ
၂။ နှလုံးသွင်းတည့်ခြင်း




၁ - နေတံမမ (ငါ့ဟာမဟုတ်)
၂ - နေသောဟမသ္မိ (ငါမဟုတ်)
၃ - နမေသောအတ္တာ (အကောင်အထည် အတုံးအခဲမဟုတ်)

ကိုယ်မှာတွေ့ထိစရာနဲ့တိုက်ပြီး ထိသိခန္ဒာငါးပါးပေါ်တယ်၊ ကာလမခြားမနောမှာ ပုံသဏ္ဌာန်အမှုအယာသိပေါ်ပြီး နောက်စိတ်က အဝိဇ္ဇာ(မောဟ)နဲ့ဆုံးဖြတ်တဲ့အခါ ဒိဋ္ဌိ၊ မာန၊ တဏှာ တွေဖြစ်တယ်။

အပြင်ဒွါရ(၅)ပါးဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့နေရာတွေမှာ အာရုံငါးပါးဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာတွေနဲ့တိုက်ပြီး ခန္ဒာငါးပါး ပေါ်ပြီး ကာလမခြားမနောမှာ ပုံသဏ္ဌာန်အမှုအရာတွေ ပေါ်လာပါတယ်။ မြင်ဘူး၊ ကြားဘူး၊ နံ့ဘူး၊ စားဘူး၊ ထိတွေ့ဘူးဆိုတဲ့အာရုံတွေကြောင့် ပေါ်လာရခြင်းဖြစ်ပါတယ်၊ အဲဒီပေါ်လာတဲ့ ပုံရိပ်ကို စိတ်မှာယှဉ်တဲ့ အမှောင်ဓါတ် အဝိဇ္ဇာ(မောဟ)ရှိသူတွေက အကောင်အထည်၊ အတုံး

အခဲထင်တဲ့ဒိဋ္ဌိကြောင့် မာန၊ တဏှာတွေကူးသွားရပါတယ်။ အဲဒီလို တဏှာ၊ မာန ဒိဋ္ဌိ မကူးအောင် ခန္ဓာငါးပါးဖြစ်တိုင်းဖြစ်တိုင်း လေးသချေ်နဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ပွင့်တော်မူခဲ့သော သဗ္ဗညုမြတ်စွာဘုရားရှင် ပေးသနားတော်မူတဲ့ ဉာဏ်တော်အလင်းဓါတ် (ဝိဇ္ဇာဉာဏ်)နဲ့ နေတာ် မမ၊ နေသောဟာမသို့၊ န မေသော အတ္တာလို့ ရှုမှတ်လိုက်တဲ့အခါ တဏှာ၊ မာန၊ ဒိဋ္ဌိတွေမကူးတော့ပါဘူး။ တဏှာ အစပ်ပြတ် ဝိပဿနာရှုပွားနည်းဖြစ်ပါတယ်။ အထက်ပါပုံကိုကြည့်ပါ…။

## တဏှာအဆက်ပြတ်ဝိပဿနာရှုပွားပုံ

ခန္ဓာငါးပါး ပေါ်တိုင်းပေါ်တိုင်း ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်လို့ဆိုရင် ဟုတ်တဲ့သဘောက ဘယ်လိုလဲဆိုတော့ ပေါ်လာတဲ့ပုံရိပ်ဟာ တံလျှပ်ကဲ့သို့ တရိပ်ရိပ်နဲ့ ပျောက်သွားတာတွေ့ရပါလိမ့်မယ်။ ဒီတော့ ဟုတ်မှန်တဲ့သဘောကိုလည်း နှလုံးသွင်းဆုံးဖြတ်ပေးနေပါ။

ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ် တံလျှပ်ကဲ့သို့ပျောက်သွားတယ်လို့ ရှုမှတ်ပွားများ ဆုံးဖြတ်ပေးနေရပါမယ်။ ရှုမှတ်ပွားများတာများလာရင် တဏှာ၊ မာန၊ ဒိဋ္ဌိ မကူးတဲ့အတွက် ဥပါဒါန်မဖြစ် ကံမမြောက်တော့ပေ။ ကံမမြောက်ရင်ဇာတိ ဆိုတာမလာတော့ပါဘူး၊ ဇာတိမလာရင် အို၊ နာ၊ သေကလွတ်ပါပြီ။အို၊ နာ၊ သေလွတ်ရာနိဗ္ဗာန်ပဲ။ ကြိမ်ဖန်များစွာ အားထုတ်ပေးရပါမည်။

ဒါဆို ဝေဒနာ ပစ္စယာ တဏှာ မကူးတော့တဲ့အတွက် ပဋိစ္စသမုပ္ပါဒ်ပြတ်လမ်း (ဝါ) ဝေဒနာနိရောဓာ တဏှာနိရောဓော ပဋိစ္စသမုပ္ပါဒ်ထွက်လမ်းဖြစ်ပါတယ်။

နံပါတ်(၁)အကွက် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက စပြီးလည်လိုက်တာ နံပါတ်(၄)အကွက် ဇာတိ ပစ္စယာ ဇရာ မရဏ ရောက်သွားပါတယ်။ အဝိဇ္ဇာ(မသိတာ) ကစပြီး မရဏ (သေတာ) မှာ ဆုံးသွားပါတယ်။ သေတယ်ဆိုတာ(မသာ)ပါ။ ဒီတော့ မသိရင်(မသာ)ဖြစ်မယ်ဆိုတဲ့ သဘောပါပဲ။

မသိရင် မသာဖြစ်မယ်ဆိုရင်၊ သိရင် မသာမဖြစ်တော့ဘူး။ မသိတဲ့အဝိဇ္ဇာကို သိတဲ့ဝိဇ္ဇာ

ဖြစ်အောင်လုပ်နိုင်ဖို့ လိုပါတယ်။ ဝိဇ္ဇာ(ပညာ)ဖြစ်ရင် စိတ်မှာယှဉ်တဲ့ အလင်းခါတ်ရသွားပါတယ်၊ ဒီအလင်းခါတ်ရဖို့အတွက် ဉာတပရိညာဆိုတဲ့ အသိတရားတွေရအောင် လေ့လာသင်ယူရပါမယ်။ မိမိသန္တန်မှာ သာသနာမကွယ်အောင် အောက်ပါဆောင်ပုဒ်နှင့်အညီ ကျင့်ကြံအားထုတ်ရပါမယ်။

ဆောင်ပုဒ်က-

"တရားမနှာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကွာ ဤငါးဖြာ သာသနာကွယ်ကြောင်းတည်း"

သာသနာဆိုတာအဆုံးအမပါ ဗုဒ္ဓသာသနာဆိုတော့ ဘုရားရှင်ရဲ့အဆုံးအမ ဖြစ်ပါတယ်။ သာသနာမှာ အပြင်သာသနာနဲ့ အတွင်းသာသနာရယ်လို့(၂)မျိုးရှိပါတယ်။ ဘုရားတည်၊ ကျောင်းဆောက်၊ ဒါနပြု၊ သီလဆောက်တည်တာတွေက အပြင်သာသနာတွေ ဖြစ်ပါတယ်၊ မြတ်စွာဘုရားအကြိုက် သာသနာတော့မဟုတ်ပါဘူး၊ သစ္စာတရား နာကြားကျင့်ကြံ အားထုတ်ခြင်းသာ အတွင်းသာသနာဖြစ်ပြီး မြတ်စွာဘုရားအကြိုက် သာသနာ ဖြစ်ပါတယ်။မိမိတို့ရဲ့ သန္တာန်မှာ ဘုရားအကြိုက် သာသနာကိန်းအောင်းဖို့လိုပါတယ်။

အဝိဇ္ဇာကဝိဇ္ဇာဖြစ်သွားတယ်ဆိုတာ သစ္စာဉာဏ်ရသွားတာပါ၊ ဝိဇ္ဇာဖြစ်သွား၍ အဝိဇ္ဇာချုပ်သွားပါတယ် ဒါကြောင့်··

| | | | |
|---|---|---|---|
| အဝိဇ္ဇာ | နိရောဓာ | သင်္ခါရ | နိရောဓော (နိရောဓ = ချုပ်တာ) |
| သင်္ခါရ | ။ | ဝိညာဏ | ။ |
| ဝိညာဏ | ။ | နာမရူပ | ။ |
| နာမရူပ | ။ | သဠာယတန | ။ |
| သဠာယတန | ။ | ဖဿ | ။ |
| ဖဿ | ။ | ဝေဒနာ | ။ |
| ဝေဒနာ | ။ | တဏှာ | ။ |

တဏှာ နိရောဓော တိ မဂ္ဂေါဆိုတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ပါပဲ။ ဓာတ်လည်း

မလာတော့ပါဘူး။ ဇာတိမလာတော့တဲ့အတွက် ဇရာမရဏ မရတော့ပါဘူး၊ အို၊ နာ၊ သေ လွတ်ပါပြီ။ ဒါကြောင့် မသိရင် မသာ၊ သိရင် မသာမဖြစ်တော့ဘူး။

အာသဝ တရားရှိသောသတ္တဝါတွေဟာ ဇာတိဖြစ်ရင် ဇရာ မရဏ တင်မကပါဘူး၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရား(၅)ပါးပါဖြစ်တယ် ဆိုတာရှေ့မှာ ရှင်းထားပြီးပါပြီ။ အာသဝတရားကိုရှင်းဖို့ ကျန်ပါတယ်။ အာသဝ = ယိုစီးခြင်း၊ မျောပါခြင်း လို့အဓိပ္ပါယ်ရပါတယ်၊ အာသဝတရား(၄)ပါးရှိပါတယ်။

(၁) ကာမာသဝ = ငါးဖြာအာရုံကာမဂုဏ်ဘက်သို့မျောပါခြင်း။
(၂) ဘဝါသဝ = ဘဝတဏှာ ဘက်သို့မျောပါခြင်း။
(၃) ဒိဋ္ဌာသဝ = မှားသောအယူဘက်သို့မျောပါခြင်း။
(၄) အဝိဇ္ဇာသဝ = မသိခြင်း(မောဟ)ဘက်သို့မျောပါခြင်း တို့ဖြစ်ပါတယ်။

(က) သောတာပန်နှင့် သကဒါဂါမ်က ဒိဋ္ဌာသဝ တရားသာပယ်ပါတယ်။
(ခ) အနာဂါမ်က ဒိဋ္ဌာသဝ နဲ့ ကာမာသဝ ကိုပယ်ပါတယ်။
(ဂ) ရဟန္တာကျမှသာ အာသဝတရား(၄)ပါးစလုံးပယ်ပါတယ်၊ ဒါကြောင့် အာသဝတရား ကုန်ခမ်းတယ်လို့ဆိုကြတာပါ။

(ဝေဒနာနိရောဓါ တဏှာနိရောဓော ပဋိစ္စသမုပ္ပါဒ်ထွက်လမ်းဖြစ်ပါသည်)။

## ဉာတပရိညာဖြင့်ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ဖြုတ်ကြစို့

ဒိဋ္ဌိ(၆၂)ပါးရှိပါတယ်၊ အဓိကခေါင်းဆောင်ဒိဋ္ဌိတွေကတော့ ...

(၁) သက္ကာယဒိဋ္ဌိ (၂) သဿတဒိဋ္ဌိ (၃) ဥစ္ဆေဒဒိဋ္ဌိ တို့ဖြစ်ပါတယ်။ ဒိဋ္ဌိအပိုင်းမှာရှင်းပြပြီး ပါပြီ၊ အမေးသဘောအားဖြင့်ပြန်ရှင်းပြပါမယ်။

(၁) သက္ကာယဒိဋ္ဌိ - ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို အကောင်အထည်၊ အတုံးအခဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်လိပ်ပြာ၊ ငါလို့ယူတဲ့ အယူမှား။

(၂) သဿတဒိဋ္ဌိ - ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကို ခိုင်တယ်၊ မြဲတယ်၊ ဖြစ်ပြီးရင် ဘယ်တော့မှ မပျက်တော့ဘူးလို့ ယူတဲ့အယူမှားပါ။

(၃) ဥစ္ဆေဒဒိဋ္ဌိ - ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ပျက်ပြီးရင်ပြန်မဖြစ်တော့ဘူး။ ပြတ်တယ်၊ မဆက်ဘူးဆိုတဲ့ မှားယွင်းတဲ့အယူဖြစ်ပါတယ်။

ဒိဋ္ဌိဖြစ်ရတဲ့အကြောင်းရင်းကရှစ်ချက်ရှိပါတယ် -

၁။ ခန္ဓာသဘောကိုမသိသောကြောင့် ဒိဋ္ဌိဝင်သည်။ ခန္ဓာဖြစ်တာပျက်တာမမြင်ရင်၊ ခန္ဓာ့အကြောင်းမသိရင်၊ ပုဂ္ဂိုလ်သတ္တဝါထင်နေမယ်။ ပုဂ္ဂိုလ်သတ္တဝါထင်နေရင် ဒိဋ္ဌိဝင်တာပေါ့။

၂။ အဝိဇ္ဇာကြောင့်လည်းဒိဋ္ဌိဝင်တယ်။ ရုပ်ပေါ်တာပျက်တာကိုမသိ၊ ဝေဒနာ၊ သညာ၊ သင်္ခါရစိတ်တွေ ပေါ်တာပျက်တာမသိရင် ဒိဋ္ဌိဝင်တယ်။

၃။ ဖဿကြောင့်လည်းဒိဋ္ဌိဖြစ်တယ်။ အခံဓာတ်+အတိုက်ဓာတ်+အပွင့်ဓာတ်တွေဆုံတော့ ဖဿပေါ့၊ အဲဒီ ဖဿဖြစ်တာ တွေ့ထိတာကိုပဲ ငါတွေ့ထိတယ်၊ သူတွေ့ထိတယ် လုပ်နေတော့ ဒိဋ္ဌိ ဝင်တာပေါ့။

၄။ သညာများအမှတ်မှားလို့လဲ ဒိဋ္ဌိဖြစ်၊ ခန္ဓာတွေရုပ်တွေနာမ်တွေကို သူပဲ၊ ငါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲလို့ အမှတ်မှားသောကြောင့် ဒိဋ္ဌိဖြစ်တယ်။

၅။ ဝိတက်ကြောင့်လည်းဒိဋ္ဌိဖြစ်တယ်။ မျက်စိ၊ နား၊ နှာခေါင်းစတဲ့ခန္ဓာကိုယ်တစ်ခုလုံးကို ငါပိုင်၊ ငါစိုးဟု ကြံစည်မှားသောကြောင့် ဒိဋ္ဌိဖြစ်ရတယ်။

၆။ (အယောနိသော) နှလုံးသွင်းမှားလို့လည်းဒိဋ္ဌိဖြစ်ရတယ်။ ဖြစ်လိုက်ပျက်လိုက်နဲ့ ရုပ်နာမ်ခန္ဓာတွေကိုပဲ ယောကျ်ား၊ မိန်းမ၊ သား၊ သမီးလို့ နှလုံးသွင်းမှားသောကြောင့်လည်း ဒိဋ္ဌိဖြစ်တယ်။

၇။ (ဒုမိတ္တ) မကောင်းတဲ့မိတ်ဆွေများနဲ့ပေါင်းသင်းမိလို့လဲ ဒိဋ္ဌိ ဖြစ်ရတယ်။ ခရစ်ယာန်နဲ့ပေါင်းလို့ ခရစ်ယာန်ဖြစ်၊ မူစလင်နဲ့ပေါင်းလို့ မူစလင်ဖြစ်ရတယ်။

၈။ (ပရတောဃောသော) မှားတဲ့တရားကိုနာမိလို့လည်း ဒိဋ္ဌိ ဖြစ်ရတယ်။ သူတစ်ပါးထံမှ ဒိဋ္ဌိမခွါတဲ့ တရားကို နာမိလို့လည်း ဒိဋ္ဌိဖြစ်ရတယ်။

ပါဠိလို-ခန္ဓာ အဝိဇ္ဇာ ဖဿောစ၊ သညာ တက္ကောစ အယောနိသော၊ ဒုမ္မိတော ပရတောဃောသော ဒိဋ္ဌိဋ္ဌာနာနိ အဋ္ဌဓာ။

ဆောင်ပုဒ်- ၁။ ခန္ဓာမသိ - အဝိဇ္ဇာရှိ၊ တွေ့ထိအမှတ်မှား၊
၂။ ကြံစည်- နှလုံးသွင်း၊ မိတ်ပေါင်းသင်း၊ ပျက်ယွင်းနာတရား၊
၃။ ဤရှစ်ပါးတွင် တစ်အင်အင်ကြောင့်၊ အမြင်ယွင်းဖေါက်၊ ဒိဋ္ဌိရောက်၊
တောက်လျှောက် အပါယ်သွား။

အဲဒီလို ဒိဋ္ဌိဖြစ်ရင် ဝိစိကိစ္ဆာလည်းဖြစ်ပါတယ်။ ဝိစိကိစ္ဆာဆိုတာ ယုံမှားသံသယရှိတာ၊ ယုံမှားခြင်း ၈-ချက်ရှိပါတယ်။

၁။ မြတ်စွာဘုရား၏ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ဖြင့် တန်ဆာဆင်အပ်သော ကိုယ်၌၄င်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါးကို သိခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်၌လည်းကောင်း ယုံမှားခြင်း (ဘုရားအပေါ်၌ယုံမှားခြင်း)။

၂။ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တရားတို့သည် ဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်မှု ရှိ မရှိ ယုံမှာခြင်း (တရားတော်အပေါ်၌ယုံမှားခြင်း)

၃။ မဂ်၌တည်သောပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သောပုဂ္ဂိုလ်လေးယောက် (၈)ယောက်တည်းဟူသော သံဃာရတနာသည် ရှိမရှိယုံမှားခြင်း (သံဃာရတနာအပေါ်၌ယုံမှားခြင်း)

၄။ သုံးပါးသော (သီလ၊ သမာဓိ၊ ပညာ)ဟူသော သိက္ခာအပေါ်၌ ယုံမှားခြင်း။

၅။ အတိတ်ဖြစ်ကုန်သော ခန္ဓာ၊ ဓါတ်၊ အာယတနတို့သည် ဖြစ်ခဲ့လေသလောဟု သံသရာရှေးအစွန်းကို ယုံမှားခြင်း။

၆။ အနာဂတ်၌ ခန္ဓာ၊ ဓာတ်၊ အာယတနတို့ ဖြစ်လိမ့်မည်၊ မဖြစ်မည်ဟု သံသရာနောက်စွန်း၌ ယုံမှားခြင်း။

၇။ ခန္ဓာ၊ ဓာတ်၊ အာယတနတို့သည် သံသရာရှေးအစွန်း၊ နောက်အစွန်း(၂)ပါး၌ ဖြစ်/မဖြစ် ယုံမှားခြင်း။

၈။ အင်္ဂါ ၁၂-ပါးရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးတွင် သင်္ခါရ၏အကြောင်းသည် အဝိဇ္ဇာ၊ ဇရာ မရဏ၏ အကြောင်းသည် ဇာတိ၊ စသောအကြောင်းကို စွဲဖြစ်သည့် အကျိုးတို့၌ ယုံမှားခြင်း(ပဋိစ္စသမုပ္ပါဒ်တရားတော်၌ယုံမှားခြင်း)တို့ဖြစ်သည်။

## (က) ဝိစိကိစ္ဆာနှင့် သက္ကာယဒိဋ္ဌိကို ဉာတပရိညာနဲ့ ဖြုတ်ကြရအောင်

နံပါတ်(၁) အကွက်ထဲမှာရှိတဲ့ လွန်လေပြီးသောအတိတ်ကာလတုန်းက အဝိဇ္ဇာ၊ ပုညာဘိသင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဆိုတဲ့ အတိတ်အကြောင်းအခြင်းအရာ ၅-ပါးပြည့်စုံအောင် ကြိုးစားခဲ့ကြလို့ နံပါတ်(၂)အကွက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ လူ့နတ်ခန္ဓာ ၅-ပါး၊ ပစ္စုပ္ပန်အကျိုးတရားကြီး ရထားကြတယ်ဆိုတာ ရှင်းသွားကြပါပြီ။ ဒါဖြင့် မေးခွန်းလေးတွေဖြေကြည့်ပါ။ မေးခွန်းဖြေတဲ့နေရာမှာ အခြင်းအရာအားဖြင့် မဖြေဘဲ လိုရင်းအင်္ဂါအားဖြင့်သာ ဖြေကြပါ။

မေး။ ။ လူ၊ နတ်ခန္ဓာ(၅)ပါးသည် သိကြားဗြဟ္မာက ဖန်ဆင်းတာလား၊ အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ လူ၊ နတ် ခန္ဓာ(၅)ပါးသည် တန်ခိုးရှင်တွေကဖန်ဆင်းတာလား၊ အဝိဇ္ဇာ ပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ လူ၊ နတ်ခန္ဓာ(၅)ပါးသည် အလိုလို ပေါ်လာတာလား၊ အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရာကဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ ဒါဖြင့် လူ၊ နတ်ခန္ဓာ(၅)ပါးကို ဖြစ်စေတဲ့ လက်သည်အကြောင်းမှန်သည် ဘယ်သူတွေပါလိမ့်။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာပါဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာသည် ဘယ်ခန္ဓာတွေကို ဖြစ်စေတဲ့ လက်သည် အကြောင်းမှန်တွေပါလိမ့်။

ဖြေ။ ။ လူ၊ နတ်ခန္ဓာ(၅)ပါးကိုဖြစ်စေတဲ့ လက်သည်အကြောင်းမှန်ပါဘုရား။

မေး။ ။ ဒါဖြင့် ကိုယ့်ခန္ဓာဖြစ်ကြောင်းကို ကိုယ်အမှန်သိရတယ်ဆိုရင်ပဲ သြော်- တို့ခန္ဓာကြီးကိုဘယ်သူများ ဖန်ဆင်းတည်ထောင်ထားပါလိမ့်မလဲဆိုတဲ့ သို့လော

သို့လော တွေးတောပြီး ယုံမှားခြင်းသံသယတွေ ကျန်စရာလိုပါဦးမလား။

ဖြေ။ ။ မလိုတော့ပါဘုရား။

ဆရာ။ ။ ဒီတော့ ကိုယ့်ခန္ဓာဖြစ်ကြောင်းကို ကိုယ်အမှန်သိရင် သံသယမကျန်ဘူးလို့ အောက်မေ့ပါ။ သံသယက ဝိစိကိစ္ဆာ၊ မကျန်တာက စင်ကြယ်သွားတာ။ ဒါကြောင့် ကိုယ့်ခန္ဓာဖြစ်ကြောင်းကို ကိုယ်အမှန်သိရင် ဝိစိကိစ္ဆာ စင်ကြယ်တယ်လို့မှတ်ပါ။

မေး။ ။ ကိုယ့်အကြောင်းကို သိရင်ဘာစင်ကြယ်ပါလိမ့်။

ဖြေ။ ။ ဝိစိကိစ္ဆာ စင်ပါတယ်ဘုရား။

ဆရာ။ ။ တစ်ခါ အကြောင်းသေချာသွားတော့ အကြောင်းကိုသိတဲ့ ဉာဏ်နဲ့အကျိုးဘက်ကို ငဲ့စောင်းကြည့်ကြရအောင်။

မေး။ ။ ခန္ဓာကိုဖြစ်စေတဲ့ လက်သည်အဝိဇ္ဇာသည် ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ပါရဲ့လား။

ဖြေ။ ။ မဟုတ်ပါဘုရား။

မေး။ ။ အဝိဇ္ဇာကိုယ်တိုင်က ပုဂ္ဂိုလ်သတ္တဝါမဟုတ်ခဲ့ရင် သူ့အုပ်ချုပ်မှုခံပြီးမှ အားထုတ်ရတဲ့ ပြုပြင်ရတဲ့ သင်္ခါရထဲမှာကော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ငါ၊ သူတစ်ပါး ပါနိုင်ပါ့မလား။

ဖြေ။ ။ မပါနိုင်ပါဘုရား။

မေး။ ။ ဒီတော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်း၊၊ ပုဂ္ဂိုလ်၊ သတ္တဝါလုံးလုံးမပါတဲ့ အဝိဇ္ဇာဓမ္မ၊ သင်္ခါရဓမ္မ တို့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ အကျိုးတရားခန္ဓာ (၅)ပါးထဲကျမှ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါပါချင်လို့ ဖြစ်နိုင်ပါ့မလား။

ဖြေ။ ။ မဖြစ်နိုင်ပါဘုရား။

ဆရာ။ ။ ဒါဖြင့်မေးခွန်းလေးတွေ ဖြေကြည့်ကြစမ်းပါ။

မေး။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာသည် လူ၊ နတ်ဆိုတဲ့ ငါ၊ သူတစ်ပါးတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာသည် လူ၊ နတ်ဆိုတဲ့ ယောကျ်ား၊ မိန်းမတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတာသည် လူ၊ နတ်ဆိုတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ ဒီတော့ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရက ဖြစ်စေတဲ့ ခန္ဓာ(၅)ပါး အကျိုးတရားထဲမှာ လူ၊ နတ်၊ ဆိုတဲ့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ပါပါရဲ့လား။

ဖြေ။ ။ မပါပါ ဘုရား။

မေး။ ။ ဒါဖြင့် ဒီလူ၊ နတ်ဆိုတဲ့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါသည် တကယ်ရှိတဲ့ တရားတွေလား၊ အခေါ်မျှသာရှိတဲ့ တရားတွေလား။

ဖြေ။ ။ အခေါ်မျှသာရှိတဲ့ တရားတွေပါဘုရား။

မေး။ ။ ဒီတော့ ခန္ဓာ(၅)ပါးဆိုတာက ထင်ရှားရှိတဲ့သက္ကာယ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ လူ၊ နတ်တွေ တကယ်မရှိပါလားလို့ သိလိုက်တဲ့ ဉာဏ်က အသိမှန် သမ္မာဒိဋ္ဌိ။

ဒါဖြင့် အရှိမှန် သက္ကာယနှင့် အသိမှန် သမ္မာဒိဋ္ဌိ တွဲစပ်မိကြပြီဖြစ်လေတော့ အရှိခန္ဓာ သက္ကာယ အပေါ်မှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါပဲရယ်လို့ သံသရာနှင့်အမျှ စွဲလန်းစွာနဲ့ အသိမှားခဲ့ကြတဲ့ မိစ္ဆာဒိဋ္ဌိ ပြုတ်တယ်လို့မှတ်ပါ။ သက္ကာယအပေါ်က မိစ္ဆာဒိဋ္ဌိပြုတ်လို့ သက္ကာယဒိဋ္ဌိ ပြုတ်တယ်လို့ဆိုနိုင်ပါတယ်။

ဒီတော့ ခန္ဓာဖြစ်ကြောင်း အမှန်သိခဲ့တုန်းက ဝိစိကိစ္ဆာစင်ခဲ့ပါတယ်။ အခုတစ်ခါ ခန္ဓာဖြစ်ကျိုးထဲမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါတာ

ကို အမှန်သိတဲ့ အသိမှန်ဉာဏ်ရပြန်တော့သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။ ဒါဖြင့် ခန္ဓာ ဖြစ်ကြောင်းနှင့် ခန္ဓာဖြစ်ကျိုးအမှန်သိရတာသည် ဝိစိကိစ္ဆာစင်၍ သက္ကာယ ဒိဋ္ဌိပြုတ်ခြင်းကြောင့် ကျေးဇူးများတယ်လို့မှတ်ပါ။

ခန္ဓာဖြစ်ကြောင်းက ပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာဖြစ်ကျိုးက ပဋိစ္စသမုပ္ပန္န၊ အတို ကောက် ပြောတော့ဖြစ်ကြောင်းက ပဋိစ္စ၊ ဖြစ်ကျိုးက သမုပ္ပါဒ်။ ဒီတော့ ခန္ဓာ ဖြစ်ကြောင်းနှင့် ဖြစ်ကျိုးဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်နားလည်ရတဲ့ ကျေးဇူးသည် ဝိစိကိစ္ဆာ စင်၍ သက္ကာယဒိဋ္ဌိပြုတ်တယ်လို့မှတ်ပါ။ ယခုကဲ့သို့သက္ကာယဒိဋ္ဌိပြုတ်၍ ဝိစိ ကိစ္ဆာစင်တယ်ဆိုတာသည် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်တရား နာကြားရ၍ ပြုတ်ခြင်းကြောင့် ဉာတပရိညာဖြင့် သိပြုတ်မှုသာလို့ မှတ်ယူထားကြပါ။

ဆရာ။ ။ ယနေ့သင်ခန်းစာမှာလည်း ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးထဲက(၁)နံပါတ် အကွက် ကိုပဲ ကြည့်ကြပါဦး၊ အဝိဇ္ဇာအုပ်ချုပ်တဲ့ ကုသိုလ်သင်္ခါရတွေပြုပြီး လူခန္ဓာ၊ နတ်ခန္ဓာ ဆိုတဲ့ သုဂတိခန္ဓာတွေကိုလိုချင်၊ ရချင်တဲ့ တဏှာနဲ့ ဆုတောင်း၍ မရမနေနိုင်တဲ့ ဥပါဒါန်နဲ့ကံ(၃)ပါးမြောက်အောင် ကြိုးစားခဲ့ကြလို့ လူခန္ဓာ၊ နတ်ခန္ဓာတွေ အကျိုး ပေးပုံကိုတော့ ရှင်းပြခဲ့ပြီးပါပြီ။ ဗြဟ္မာခန္ဓာတွေ ရနေကြတာလည်း လိုချင်လို့ ရနေကြတာပါပဲ။

ရူပဗြဟ္မာခန္ဓာကို ဒုက္ခသစ္စာလို့ အမှန်မသိတဲ့ အဝိဇ္ဇာရဲ့ လက်အောက်မှာ ရူပါဝစရရျာန်၊ သမထ ကုသိုလ် သင်္ခါရတွေ ကြိုးစားပြီး တဏှာနှင့်လိုချင်၊ ဥပါဒါန်နဲ့ မရမနေနိုင်လို့ ကံ(၃)ပါးအထမြောက်အောင် အားထုတ်ခဲ့ကြတာ ဖြစ်လေတော့ ရူပဗြဟ္မာခန္ဓာ အကျိုးတွေပေးနေကြတာပါပဲ။

တစ်ခါ အရူပဗြဟ္မာခန္ဓာကို ဒုက္ခသစ္စာလို့ အမှန်မသိတဲ့ အဝိဇ္ဇာရဲ့ လက်အောက် မှာ အရူပါဝစရရျာန် သမထကုသိုလ်သင်္ခါရတွေ ကြိုးစားပြီး အရူပ ဗြဟ္မာခန္ဓာကို တဏှာနဲ့လိုချင် ဥပါဒါန်နဲ့ မရမနေနိုင်လို့ ကံ(၃)ပါး အထမြောက်အောင် အားထုတ် ခဲ့ကြလေတော့ အရူပဗြဟ္မာ ခန္ဓာအကျိုးတွေ ရနေကြတာပါပဲ။ ဒီတော့ လူခန္ဓာ၊

နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာဆိုတဲ့ သုဂတိခန္ဓာဟူသမျှသည် လိုချင်လို့ ရထားကြတဲ့ ခန္ဓာတွေချည်းပါပဲလို့ ကောက်ချက်ချနိုင်ပါတယ်။

ဒါဖြင့် အပါယ်လေးပါးဆိုတဲ့ ဒုဂ္ဂတိခန္ဓာတွေကျတော့ လိုချင်လို့ရထားကြတဲ့ ခန္ဓာတွေပဲလား၊ မလိုချင်ဘဲနဲ့ ရထားကြတဲ့ခန္ဓာတွေပဲလားဆိုတာ မေးစရာ အခွင့် အပေါ်လာပါတယ်။

မေး။ ။ ဘယ်လိုဖြေကြမလဲ။

ဖြေ။ ။ မလိုချင်ဘဲနဲ့ရထားကြတဲ့ ခန္ဓာတွေပါဘုရား။

ဆရာ။ ။ အပါယ်(၄)ပါးဆိုတဲ့ ဒုဂ္ဂတိခန္ဓာရကြောင်းမှာတော့ တဏှာကိုတစ်မျိုး အဓိပ္ပါယ်နှင့် ပြောရပါတယ်။

ခန္ဓာကို ဒုက္ခသစ္စာလို့ ဝိဇ္ဇာဉာဏ်နဲ့ အမှန်အကန်မသိရင်ဖြင့် ဒီခန္ဓာကြီးကိုပဲ တဏှာကလည်း ခင်မင်တယ်၊ ဥပါဒါန်ကလည်း စွဲစွဲလန်းလန်းကြီးကို ခင်မင်တယ်။ ဒီလောက် ခင်မင်နေတဲ့ ခန္ဓာကြီးကို ကာယကံနှင့်လည်း ခိုးဆိုးတိုက်ခိုက် လုယက်ပြီးကျွေးမှာပဲ၊ ဝစီကံနှင့်လည်း လိမ်လည်ကောက်ကျစ်ပြီးကျွေးမှာပဲ၊ မနောကံနှင့်လည်း ကုသိုလ်၊ အကုသိုလ်မရှောင်တမ်းပြုဖို့ ကြံစည်မှာပဲ။

ဒီတော့ ဒုစရိုက်(၁၀)ပါး ပြုရဲကြတာသည်လည်း ခန္ဓာကိုခင်လွန်းလို့ပါပဲ။ ဒုရာစီဝအမှုတွေနဲ့ မတရားပြုပြီး အသက်မွေးရဲကြတာသည်လည်း ကိုယ့်ခန္ဓာကိုယ် ခင်လွန်းလို့ပါပဲ။ သားသတ်လိုင်စင်တွေ ဆွဲကြ၊ အင်း- လေလံတွေဆွဲကြ၊ မှဆိုးတံငါတွေ လုပ်ကြ၊ ဓါးပြ သူခိုးတွေလုပ်ကြ၊ ပဉ္စာနန္တရိယကံကြီးတွေ ကျူးလွန်ရဲကြ စသည်ဖြင့် အကုသိုလ်အမှုဟူသမျှ မရှောင်တမ်း ပြုစွမ်းနိုင်ကြတာသည်လည်း ကိုယ့်ခန္ဓာနှင့်ကိုယ်ခင်လွန်းလို့ပါပဲ။

ကြမ်းပိုးကိုက်တာ၊ ခြင်ကိုက်တာလောက်မျှ သည်းမခံနိုင်တဲ့အဖြစ်ဟာလည်း ကိုယ့်ခန္ဓာကို ခင်လွန်းလို့ပါပဲ။ လောကမှာ "ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဆိုတဲ့ စကားဟာလည်း ခန္ဓာခင်မှုက လာတာပါပဲ။ ဥစ္စာရမယ်ဆိုရင်

''ဘနဖူး သိုက်တူးရ၊ တူးရ'' ဆိုတဲ့အဖြစ်ဟာလည်း ခန္ဓာခင်မှုက လာတာပါပဲ။ ''လူချင်းတူတူ၊ သူချင်းမျှမျှ၊ နေနိုင်ပါမှ လူ့အောက် သူ့အောက်မကျပါမှ'' ဆိုတဲ့ စကားတွေလည်း ခန္ဓာခင်မှုကလာတာပါပဲ။ ဒါနလည်းမပြုနိုင်၊ သီလလည်း မဆောက်တည်နိုင်၊ ဘာဝနာအလုပ်ကိုလည်း အားမထုတ်နိုင်ကြတဲ့အဖြစ်ဟာလည်း ခန္ဓာခင်မှုကြောင့်ပါပဲ။ ဒီတော့ ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာ၊ ခန္ဓာကိုခင်နေတာက တဏှာ၊ စွဲစွဲလန်းလန်းခင်တာက ဥပါဒါန်။ ဒီအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တွေနဲ့ အကုသိုလ်အမှုဟူသမျှကို ရက်ရက်ရောရော၊ ခုံခုံမင်မင် ပြုချင်တိုင်း ပြုနေကြတာက အကုသိုလ်ကံ သင်္ခါရ။ ဒီတော့ မကောင်းတဲ့ အကြောင်းတရားတွေကို ကံ(၃)ပါးအထမြောက်သည့်တိုင်အောင် အားထုတ်ပြီးသား ဖြစ်နေကြလေတော့ အကျိုးပေးဖြစ်တဲ့ အပါယ်(၄)ပါး ခန္ဓာတွေကိုမရချင်၊ မလိုချင်ပါဘူး ဆိုပေမယ့်လည်း မလွဲတမ်း ရနေကြရမှာချည်းပါပဲ။ ဒါကြောင့် မလိုချင်၊ မရချင်ပါဘူးဆိုတဲ့ အပါယ်(၄)ပါး ခန္ဓာဟူသမျှကို ရနေကြတဲ့ အဖြစ်သည် ခန္ဓာခင်မှု သမုဒယသစ္စာ၏ လက်ချက်ပါပဲလို့သာ တစ်ထစ်ချ မှတ်ယူကြပါ။

''အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ''လို့ဆိုလိုက်လျှင် ခန္ဓာကိုခင်တဲ့ တဏှာ၊ ဥပါဒါန်တွေ အကျုံးဝင်ပြီးသားလို့ပဲမှတ်ပါ။

ဒီတော့ ကြောင်းကျိုး ဆက်ကြည့်ကြပါစို့။ ''အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာ၊ အပုညာဘိသင်္ခါရ ပစ္စယာ အပါယ်လေးဘုံသားတို့ခန္ဓာ'' ကဲ . . . မေးခွန်းလေးတွေ ဖြေကြည့်ကြစမ်းပါ။

မေး။ ။ အပါယ်(၄)ဘုံသားတို့၏ ခန္ဓာ(၅)ပါးရုပ်နာမ်တရားသည် သိကြားဖြဟ္မာက ဖန်ဆင်းတာလား၊ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာက ဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာကဖြစ်စေတာပါဘုရား။

မေး။ ။ အပါယ်(၄)ဘုံသားတို့၏ခန္ဓာ(၅)ပါး ရုပ်နာမ်တရားသည် တန်ခိုးရှင်တွေက ဖန်ဆင်းတာလား၊ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာက ဖြစ်စေတာလား။

ဖြေ॥ ॥ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာက ဖြစ်စေတာပါဘုရား။

မေး॥ ॥ အပါယ်(၄)ဘုံသားတို့၏ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားသည် အလိုလိုပေါ်လာတာလား၊ အဝိဇ္ဇာ ပစ္စယာ အပုညာဘိသင်္ခါရာက ဖြစ်စေတာလား။

ဖြေ॥ ॥ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာက ဖြစ်စေတာပါဘုရား။

မေး॥ ॥ ဒါဖြင့် အပါယ်(၄)ဘုံသားတို့၏ခန္ဓာ(၅)ပါး ရုပ်နာမ်တရားကိုဖြစ်စေတဲ့ လက်သည် အကြောင်းမှန်သည် ဘယ်သူတွေပါလိမ့်။

ဖြေ॥ ॥ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာပါဘုရား။

မေး॥ ॥ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရာသည် ဘယ်ခန္ဓာတွေကိုဖြစ်စေတဲ့ လက်သည် အကြောင်းတရားတွေပါလိမ့်။

ဖြေ॥ ॥ အပါယ်(၄)ဘုံသားတို့၏ ခန္ဓာတွေကို ဖြစ်စေတဲ့ လက်သည်အကြောင်းတရား ဖြစ်ပါတယ်ဘုရား။

မေး॥ ॥ ဒီတော့ အပါယ်(၄)ဘုံသားတို့၏ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားကို ဘယ်သူတွေကများ ဖန်ဆင်းထားပါလိမ့်မလဲလို့ သို့လော သို့လော တွေးတောယုံမှားမှု သံသယတွေ ရှိစရာလိုပါဦးတော့မလား။

ဖြေ॥ ॥ ရှိစရာ မလိုတော့ပါဘုရား။

မေး॥ ॥ တွေးတောယုံမှားသံသယတွေ ရှိစရာမလိုတော့ရင် ဝိစိကိစ္ဆာစင်ပြီးလို့ ဆိုနိုင်ကြပြီလား။

ဖြေ॥ ॥ ဆိုနိုင်ပါပြီဘုရား။

ဆရာ॥ ॥ ဒါကြောင့် ဝိစိကိစ္ဆာ စင်ခြင်းသည် အပါယ်(၄)ဘုံသားတို့၏ ခန္ဓာ(၅)ပါး ရုပ်နာမ်တရားကိုဖြစ်စေတဲ့ လက်သည်အကြောင်းမှန်ကိုသိရခြင်းကြောင့်လို့မှတ်ပါ၊ တစ်ခါ အပါယ်(၄)ဘုံသားတွေသည် အမျိုးအစား၊ အရေအတွက်အားဖြင့် ပညတ်နယ်ပယ်က မှန်းဆ၍မရအောင် အသင်္ချေ အနန္တ များပြားလွန်းလှသော်လည်း၊ ပရမတ်သဘောအားဖြင့် ချုံးယူလိုက်လျှင် ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရား တစ်မျိုးတည်းကိုပဲရှိတယ်လို့ ကိန်းသေမှတ်ကြပါ။ ကဲ . . . မေးခွန်းလေးတွေ ဖြေကြည့်ကြပါဦး။

မေး။ ။ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရက ဖြစ်စေတာသည် ကျွဲ၊ နွား၊ တိရိစ္ဆာန်တွေလား၊ ခန္ဓာ(၅) ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါ ဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာအပုညာဘိသင်္ခါရက ဖြစ်စေတာသည် ပြိတ္တာ၊ အသူရကာယ်တွေလား၊ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါ ဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရက ဖြစ်စေတာသည် ငရဲသူ၊ ငရဲသားတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရက ဖြစ်စေတာသည် ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါ ဘုရား။

မေး။ ။ ဒီတော့ အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရက ဖြစ်စေတဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားထဲမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ပုဂ္ဂိုလ်၊ သတ္တဝါ မပါကာကို အမှန်သိရတော့ ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ။ ။ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား။

မေး။ ။ ဒါဖြင့် ခန္ဓာဖြစ်ကြောင်းနှင့် ခန္ဓာဖြစ်ကျိုးအမှန် သိလိုက်ရတာသည် ဘာစင်၍ ဘာပြုတ်ပါလိမ့်။

ဖြေ။ ။ ဝိစိကိစ္ဆာစင်၍ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား။

မေး။ ။ ခန္ဓာဖြစ်ကြောင်း အမှန်သိခဲ့တုန်းက ဘာစင်ခဲ့ပါလိမ့်။

ဖြေ။ ။ ဝိစိကိစ္ဆာစင်ခဲ့ပါတယ်ဘုရား။

မေး။ ။ ခန္ဓာဖြစ်ကျိုးထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ မပါတာသိတော့ ဘာဒိဋ္ဌိပြုတ်ပါလိမ့်။

ဖြေ။ ။ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား။

မေး။ ။ ဒါဖြင့် ခန္ဓာဖြစ်ကြောင်းနှင့် ခန္ဓာဖြစ်ကျိုးအမှန် သိလိုက်ရတာသည် ဘာစင်၍ ဘာပြုတ်ပါလိမ့်။

ဖြေ။ ။ ဝိစိကိစ္ဆာစင်၍ သင်္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား။

မေး။ ။ ဒီတော့ ခန္ဓာဖြစ်ကြောင်းနှင့် ခန္ဓာဖြစ်ကျိုးဆိုတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်တရားကို နားလည်ရခြင်းသည် ဝိစိကိစ္ဆာစင်၍ သင်္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတော့ တစ်ဘဝမှာတော့ အပါယ်မလားတဲ့ စူဠသောတာပန်လို့ ဆိုင်းဘုတ်ဆွဲနိုင်ကြပါပြီလား။

ဖြေ။ ။ စူဠသောတာပန်လို့ ဆိုင်းဘုတ်ဆွဲနိုင်ကြပါပြီဘုရား။

ဆရာ။ ။ ဒါကြောင့် အင်မတန် ကျေးဇူးများတဲ့ တရားကိုနာကြားရတဲ့ နေ့လို့ပဲမှတ်ကြပါ။

ဆရာ။ ။ နောက်ထပ်သင်ခန်းစာတစ်ခု လေ့လာကြရအောင်၊ စက်ဝိုင်းဒေသနာတော်ကြီးကိုပဲ ကြည့်ကြပါ။

(၁)အကွက်နှင့် (၂)အကွက်မှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတွေကိုကြည့်ပြီး အစဉ်အတိုင်း အမေးအဖြေ လုပ်ကြရအောင်။

မေး။ ။ အဝိဇ္ဇာဆိုတာ ဘာမသိတဲ့ တရားပါလိမ့်။

ဖြေ။ ။ သစ္စာ(၄)ပါးမသိတဲ့ တရားပါဘုရား။

မေး။ ။ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိရင် ဘာတွေအားထုတ်ပါလိမ့်။

ဖြေ။ ။ ပြုပြင်မှု သင်္ခါရတွေ အားထုတ်ပါတယ်ဘုရား။

မေး။ ။ ပြုပြင်မှု သင်္ခါရ ဘာ့ကြောင့် အားထုတ်ပါလိမ့်။

ဖြေ။ ။ သစ္စာ(၄)ပါး မသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။

ဆရာ။ ။ ဒါကြောင့် သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိရင် ပြုပြင်မှုသင်္ခါရအားထုတ်ပါတယ်။ ဒါကိုကြောင်းကျိုး ဆက်ကြည့်ပါ။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရပါဘုရား။

မေး။ ။ တစ်ခါပြုပြင်မှု သင်္ခါရ အားထုတ်တော့ ဘာတွေအကျိုးပေးပါလိမ့်။

ဖြေ။ ။ ခန္ဓာတွေ အကျိုးပေးပါတယ်ဘုရား။

မေး။ ။ ခန္ဓာအကျိုးပေးတယ်ဆိုရာမှာလည်း ပဋိစ္စသမုပ္ပါဒ်အလို ဘယ်ကစပါလိမ့်။

ဖြေ။ ။ ပဋိသန္ဓေ ဝိညာဏ်ကစပါတယ်ဘုရား။

ဆရာ။ ။ ဒါကြောင့် ပြုပြင်မှုသင်္ခါရအားထုတ်ရင် ပဋိသန္ဓေဝိညာဏ်ပေါ်တယ်လို့မှတ်ပါ။

မေး॥ ॥ ပဋိသန္ဓေဝိညာဏ် ဘာကြောင့်ပေါ်ပါလိမ့်။

ဖြေ॥ ॥ ပြုပြင်မှုသင်္ခါရ အားထုတ်လို့ဘုရား။

မေး॥ ॥ ပြုပြင်မှုသင်္ခါရ ဘာကြောင့်အားထုတ်ပါလိမ့်။

ဖြေ॥ ॥ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။

ဆရာ॥ ॥ ဒါဖြင့်သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိရင် ပြုပြင်မှုသင်္ခါရအားထုတ်တယ်၊ ပြုပြင်မှုသင်္ခါရအားထုတ်တော့ ပဋိသန္ဓေဝိညာဏ်ပေါ်တယ်။ ကဲ · · · · ကြောင်းကျိုးဆက်ကြည့်ပါ။

ဖြေ॥ ॥ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။

မေး॥ ॥ ပဋိသန္ဓေဝိညာဏ်ကြောင့် ဘာရပါလိမ့်။

ဖြေ॥ ॥ နာမ်ရုပ်ရပါတယ်ဘုရား။

မေး॥ ॥ နာမ်ရုပ် ဘာကြောင့်ရပါလိမ့်။

ဖြေ॥ ॥ ပဋိသန္ဓေဝိညာဏ်ကြောင့် ရပါတယ်ဘုရား။

မေး॥ ॥ ပဋိသန္ဓေဝိညာဏ်ဘာကြောင့် ပေါ်ပါလိမ့်။

ဖြေ॥ ॥ ပြုပြင်မှုသင်္ခါရ အားထုတ်လို့ပါဘုရား။

မေး॥ ॥ ပြုပြင်မှုသင်္ခါရ ဘာကြောင့်အားထုတ်ပါလိမ့်။

ဖြေ॥ ॥ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။

ဆရာ॥ ॥ ဒါကြောင့် သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာရှိရင် ပြုပြင်မှုသင်္ခါရအားထုတ်တယ်၊ ပြုပြင်မှုသင်္ခါရ အားထုတ်တော့ ပဋိသန္ဓေဝိညာဏ်ပေါ်တယ်။ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ရတယ်။

ကဲ · · · ကြောင်းကျိုးဆက်ကြည့်ပါ။

ဖြေ॥ ॥ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ။

မေး॥ ॥ တစ်ခါနာမ်ရုပ်မှာ ဘယ်သူတွေရှိပါလိမ့်။

ဖြေ॥ ॥ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာယတန ရှိပါတယ်ဘုရား။

မေး॥ ॥ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာယတန ဘယ်မှာရှိပါလိမ့်။

ဖြေ။ ။ နာမ်ရုပ်မှာရှိပါတယ်ဘုရား။
မေး။ ။ နာမ်ရုပ်ဘာကြောင့် ရပါလိမ့်။
ဖြေ။ ။ ပဋိသန္ဓေဝိညာဏ်ကြောင့် ရပါတယ်ဘုရား။
မေး။ ။ ပဋိသန္ဓေဝိညာဏ်ဘာကြောင့် ပေါ်ပါလိမ့်။
ဖြေ။ ။ ပြုပြင်မှုသင်္ခါရ အားထုတ်လို့ပါဘုရား။
မေး။ ။ ပြုပြင်မှုသင်္ခါရ ဘာကြောင့်အားထုတ်ပါလိမ့်။
ဖြေ။ ။ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။
မေး။ ။ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိတော့ ပြုပြင်မှုသင်္ခါရအားထုတ်တယ်၊ ပြုပြင်မှု သင်္ခါရ အားထုတ်တော့ ပဋိသန္ဓေဝိညာဏ်ပေါ်တယ်၊ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ရတယ်၊ နာမ်ရုပ်မှာမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာယတနရှိတယ်၊ ကဲ · · · · ကြောင်းကျိုးဆက်ကြည့်ပါ။
ဖြေ။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ။
မေး။ ။ တစ်ခါ သဠာယတနကြောင့် ဘာပေါ်ပါလိမ့်။
ဖြေ။ ။ တွေ့ထိမှုဖဿ ပေါ်ပါတယ်ဘုရား။
မေး။ ။ တွေ့ထိမှုဖဿ ဘာကြောင့်ပေါ်ပါလိမ့်။
ဖြေ။ ။ သဠာယတနကြောင့်ပါဘုရား။
မေး။ ။ သဠာယတန ဘယ်မှာရှိပါလိမ့်။
ဖြေ။ ။ နာမ်ရုပ်မှာ ရှိပါတယ်ဘုရား။
မေး။ ။ နာမ်ရုပ် ဘာကြောင့်ရပါလိမ့်။
ဖြေ။ ။ ပဋိသန္ဓေဝိညာဏ်ကြောင့်ပါဘုရား။
မေး။ ။ ပဋိသန္ဓေဝိညာဏ် ဘာကြောင့်ပေါ်ပါလိမ့်။
ဖြေ။ ။ ပြုပြင်မှုသင်္ခါရ အားထုတ်လို့ပါဘုရား။
ဆရာ။ ။ ပြုပြင်မှုသင်္ခါရ ဘာကြောင့်အားထုတ်ပါလိမ့်။

ဖြေ။ ။ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။

ဆရာ။ ။ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိတော့ ပြုပြင်မှုသင်္ခါရ အားထုတ်တယ်၊ ပြုပြင်မှု သင်္ခါရအားထုတ်တော့ ပဋိသန္ဓေဝိညာဏ် ပေါ်တယ်၊ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ရတယ်။ နာမ်ရုပ်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာယတနရှိတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ သဠာ ယတနကြောင့် တွေ့ထိမှုဖဿပေါ်တယ်၊ ကဲ · ·ကြောင်းကျိုးဆက်ကြည့်ရအောင်။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။

မေး။ ။ တစ်ခါတွေ့ထိမှု ဖဿကြောင့် ဘာတွေလာပါလိမ့်။

ဖြေ။ ။ ခံစားခြင်းဝေဒနာ(၃)မျိုး တစ်မျိုးမျိုးလာပါတယ်ဘုရား။

မေး။ ။ ခံစားခြင်းဝေဒနာ(၃)မျိုး တစ်မျိုးမျိုး ဘာကြောင့်လာပါလိမ့်။

ဖြေ။ ။ တွေ့ထိမှုဖဿကြောင့်ပါဘုရား။

မေး။ ။ တွေ့ထိမှုဖဿ ဘာကြောင့်ပေါ်ပါလိမ့်။

ဖြေ။ ။ သဠာယတနကြောင့်ပါဘုရား။

မေး။ ။ သဠာယတန ဘယ်မှာရှိပါလိမ့်။

ဖြေ။ ။ နာမ်ရုပ်မှာ ရှိပါတယ်ဘုရား။

မေး။ ။ နာမ်ရုပ် ဘာကြောင့်ရပါလိမ့်။

ဖြေ။ ။ ပဋိသန္ဓေဝိညာဏ်ကြောင့် ရပါတယ်ဘုရား။

မေး။ ။ ပဋိသန္ဓေဝိညာဏ် ဘာကြောင့်ပေါ်လာပါလိမ့်။

ဖြေ။ ။ ပြုပြင်မှုသင်္ခါရ အားထုတ်လို့ပါဘုရား။

မေး။ ။ ပြုပြင်မှုသင်္ခါရ ဘာကြောင့်အားထုတ်ပါလိမ့်။

ဖြေ။ ။ သစ္စာ(၄)ပါးမသိတဲ့ အဝိဇ္ဇာရှိလို့ပါဘုရား။

ဆရာ။ ။ ဒါဖြင့်သစ္စာ(၄)ပါး မသိတဲ့အဝိဇ္ဇာရှိတော့ ပြုပြင်မှုသင်္ခါရအားထုတ်တယ်။ ပြုပြင်မှု သင်္ခါရအားထုတ်တော့ ပဋိသန္ဓေဝိညာဏ်ပေါ်တယ်၊ ပဋိသန္ဓေဝိညာဏ်ကြောင့်

နာမ်ရုပ်ရတယ်၊ နာမ်ရုပ်မှာ သဠာယတနရှိတယ်။ သဠာယတနကြောင့် တွေ့ထိမှု ဖဿ ပေါ်တယ်၊ တွေ့ထိမှုဖဿကြောင့် ခံစားခြင်းဝေဒနာ (၃)မျိုး တစ်မျိုးမျိုး လာတယ်။ ကဲ · · · · ကြောင်းကျိုးဆက်ကြည့်ကြရအောင်။

ဖြေ။ ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ဆရာ။ ။ (၁)အကွက်နှင့် (၂)အကွက်မှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတွေကိုယခုကဲ့သို့ ကြောင်းကျိုးဆက်ကြည့်လိုက်တော့ အဝိဇ္ဇာ၊ သင်္ခါရက ခန္ဓာဖြစ်ကြောင်း(၂)ပါး၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့က ခန္ဓာဖြစ်ကျိုး(၅)ပါး အနေနဲ့ ကြောင်းကျိုးလုံလောက်စွာ ပေါ်လာပါတယ်။

ဒီတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးတရား (၅)ပါးကို ခန္ဓာဖွဲ့ကြည့်ကြရအောင် ဝိညာဏ်ကိုခန္ဓာဖွဲ့ရင် ဝိညာဏက္ခန္ဓာရတယ် လို့မှတ်ပါ။ နာမ်ရုပ်ကို ခန္ဓာဖွဲ့ကြည့်ကြပါစို့ဆိုတော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာ(၅)ပါးထဲမှာ ရုပ်က(၁)ပါး၊ နာမ်က(၄)ပါး ဖြစ်ပါတယ်။ ရုပ်ကိုခန္ဓာဖွဲ့ရင် ရူပက္ခန္ဓာ၊ ဝေဒနာကိုခန္ဓာဖွဲ့တော့ ဝေဒနာက္ခန္ဓာ၊ သညာကို ခန္ဓာဖွဲ့တော့ သညာက္ခန္ဓာ၊ သင်္ခါရကို ခန္ဓာဖွဲ့တော့ သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်ကို ခန္ဓာဖွဲ့တော့ ဝိညာဏက္ခန္ဓာအားဖြင့် ခန္ဓာ(၅)ပါးစုံ သွားပါတယ်။

မှတ်ချက်။ ။ (စာအလိုကတော့ နာမ်ရုပ်ဆိုတာ ရုပ်(၁)ပါးနှင့် ဝေဒနာ၊ သညာ၊ သင်္ခါရ ဆိုတဲ့ စေတသိက် နာမ်(၃)ပါးကိုသာပြထားပါတယ်။ သို့သော် ခန္ဓာ ဖြစ်စဉ်မှာတော့ စိတ်၊ စေတသိက်ဆိုတဲ့ နာမ်ခန္ဓာတို့မည်သည် သီးခြားစီ ခွဲမဖြစ်ကောင်းတဲ့အတွက် တစ်ပြိုင်နက် ဖြစ်ပေါ်ကြရတဲ့ သဟဇာတ ပစ္စည်းတွေလို့ မှတ်ထားပါ။)

သဠာယတနကို ခန္ဓာဖွဲ့ကြည့်မယ်ဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ (၅)ပါးက ရုပ်တရားတွေဖြစ်လို့ ရူပက္ခန္ဓာ၊ စိတ်ဆိုတဲ့ ဝိညာဏ်က ဝိညာဏက္ခန္ဓာ။

ဖဿကိုခန္ဓာဖွဲ့ကြည့်ကြပါစို့ဆိုတော့ ဖဿဆိုတာသည် အကြောင်းတရား(၂)ပါးကို ထိတွေ့အောင် ဆက်သွယ်ပြုပြင်ပေးနေတဲ့ သင်္ခါရတရားတစ်မျိုးဖြစ်လာတော့ သင်္ခါရက္ခန္ဓာလို့ ဖွဲ့ရပါမယ်။

ဝေဒနာကိုခန္ဓာဖွဲ့ကြည့်လိုက်တော့ ဝေဒနာက္ခန္ဓာ။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာတွေကို ခန္ဓာဖွဲ့ကြည့်လိုက်တော့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ(၅)ပါးပဲရတယ်။

ကဲ . . . ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၅)ပါးကို ခန္ဓာ(၅)ပါးဖြစ်အောင် ဖွဲ့ပြလို့တော့ ပြီးပါပြီ၊ မေးခွန်းလေးတွေ ဖြေကြည့်ကြပါဦး။

မေး။ ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၅) ပါးနှင့် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ(၅)ပါးတို့သည် တခြားစီပဲလား၊ အတူတူပဲလား။

ဖြေ။ ။ တခြားစီမဟုတ်ပါ၊ အတူတူပါပဲဘုရား။

မေး။ ။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၅)ပါး (ဝါ) ခန္ဓာ(၅)ပါးတို့ကို ဖြစ်စေတဲ့ အကြောင်းတရား လက်သည်က ဘယ်သူတွေပါလိမ့်။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရပါဘုရား။

မေး။ ။ ဒီတော့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားသည် သိကြား၊ ဗြဟ္မာက ဖန်ဆင်းတာလား၊ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ ခန္ဓာ(၅)ပါး ရုပ်နာမ်တရားသည် တန်ခိုးရှင်တွေက ဖန်ဆင်းတာလား၊ အဝိဇ္ဇာ သင်္ခါရကဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ ခန္ဓာ(၅)ပါး ရုပ်နာမ်တရားသည် အလိုလိုပေါ်လာတာလား အဝိဇ္ဇာသင်္ခါရက ဖြစ်စေတာလား။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာပါဘုရား။

မေး။ ။ ဒါဖြင့် ခန္ဓာ(၅)ပါး ရုပ်နာမ် တရားကိုဖြစ်စေတဲ့ လက်သည် အကြောင်းမှန်တွေသည် ဘယ်သူတွေ ပါလိမ့်။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရတို့ပါဘုရား။

မေး။ ။ အဝိဇ္ဇာ၊ သင်္ခါရသည် ဘာကိုဖြစ်စေတတ်တဲ့ လက်သည် အကြောင်းမှန်ပါလိမ့်။

ဖြေ။ ။ ခန္ဓာ(၅)ပါးကိုဖြစ်စေတဲ့ လက်သည်အကြောင်းမှန်ပါဘုရား။

မေး။ ။ ဒါဖြင့် ခန္ဓာဖြစ်ကြောင်း အမှန်သိတော့ ဘာစင်ပါလိမ့်။

ဖြေ။ ။ ဝိစိကိစ္ဆာစင်ပါတယ်ဘုရား။

ဆရာ။ ။ အကြောင်းကိုသဘောကျပြီးလျှင် အကျိုးဘက်ကို လှည့်ကြပါဦးစို့။

မေး။ ။ အဝိဇ္ဇာ၊ သင်္ခါရကဖြစ်စေတာသည် ငါ၊ သူတစ်ပါးတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာသည် ယောကျ်ား၊ မိန်းမတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာသည် လူပုဂ္ဂိုလ်၊ သတ္တဝါတွေလား၊ ခန္ဓာ(၅)ပါးလား။

ဖြေ။ ။ ခန္ဓာ(၅)ပါးပါဘုရား။

မေး။ ။ ဒီတော့ အဝိဇ္ဇာ သင်္ခါရကဖြစ်စေတဲ့ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားထဲမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ပါပါရဲ့လား။

ဖြေ။ ။ မပါပါဘုရား။

မေး။ ။ ဒါဖြင့် ခန္ဓာ့ဖြစ်ကျိုးထဲမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မပါတာကို ရှင်းရှင်းလင်းလင်းသိလိုက်ရတော့ ဘယ်ဒိဋ္ဌိပြုတ်ကျသွားပါလိမ့်။

ဖြေ။ ။ သက္ကာယဒိဋ္ဌိ ပြုတ်ကျသွားပါတယ်ဘုရား။

ဆရာ။ ။ ခန္ဓာဖြစ်ကြောင်း၌ ဉာဏ်ရှင်းခဲ့တုန်းက ဝိစိကိစ္ဆာစင်ခဲ့ပါတယ်။ အခုတစ်ခါ ခန္ဓာ့ဖြစ်ကျိုးထဲမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မပါတာကို ပိုင်ပိုင်နိုင်နိုင်သိရပြန်တော့ သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်။ ဒီတော့ ခန္ဓာဖြစ်ကြောင်းနှင့် ခန္ဓာ့ဖြစ်ကျိုးကို အမှန်သိတဲ့ဉာဏ်ရလိုက်တာသည် ဝိစိကိစ္ဆာ

စင်၍ သက္ကာယဒိဋ္ဌိပြုတ်ခြင်း ကျေးဇူးများတယ်လို့မှတ်ပါ။ ဒီသင်ခန်းစာ မှာလည်း စူဠသောတာပန်ဉာဏ် အမှန်ရ၍ အပါယ်လေးပါး တစ်ဘဝ မလားမှာ ကေန်ပါပဲလို့ အောက်မေ့ကြပါ။

သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်နည်းတော့ အတော်နားလည်လောက်ပါပြီ၊ အခု ဆက်ပြီး သဿတဒိဋ္ဌိ နဲ့ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်ကြရအောင်။

## (ခ)သဿတဒိဋ္ဌိကိုဉာတပရိညာနဲ့ပြုတ်ခြင်း

စက်ဝိုင်းဒေသနာအကွက်(၁)မှာပါတဲ့ လွန်လေပြီးသော အတိတ်ကာလက အတိတ်အကြောင်း အခြင်းအရာ ငါးပါးဖြစ်တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတွေကြောင့် အကွက်(၂)ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးဖြစ်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာငါးပါး ရတာကိုတော့ နားလည်ပြီးသားဖြစ်ပါလိမ့်မယ်။ ဒီတော့ မေးခွန်းလေးတွေဖြေကြည့်ရအောင်...

မေး။ ။ ယခုဘဝဖြစ်ဆဲပစ္စုပ္ပန်ကာလမှာဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာငါးပါး ဖြစ်စေတဲ့ အတိတ်အကြောင်းအခြင်းအရာ ငါးပါးသည် ဘာတွေပါလိမ့် ။

ဖြေ။ ။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဖြစ်ပါတယ်။

မေး။ ။ လွန်လေပြီးသောအတိတ်ကာလ အတိတ်အကြောင်းအခြင်းအရာငါးပါးဖြစ်တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတွေပြုလုပ်ခဲ့လို့ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ ဘာတွေရနေပါလိမ့်။

ဖြေ။ ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ခန္ဓာငါးပါးတွေရနေပါတယ်။

မေး။ ။ အတိတ်အကြောင်းအခြင်းအရာငါးပါးဖြစ်တဲ့ အဝိဇ္ဇာ၊ သင်္ခါ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတွေဟာ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ ခန္ဓာငါးပါးတွေဖြစ်တဲ့ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေနောက်ကို လိုက်ပြီးပါလာသလား။ (၁)အကွက်မှာပင် ချုပ်ပျောက်ခဲ့သလား။

ဖြေ။ ။ လိုက်မပါလာပါဘူး။ (၁)အကွက်ထဲမှာပင်ချုပ်ပျောက်ခဲ့ပါတယ်။

မေး။ ။ (၁)အကွက်ထဲမှာပင်ချုပ်ပျောက်ခဲ့တယ်ဆိုရင် ဆက်တယ်ဆိုတဲ့ အယူရှိနိုင်ပါအုံးလား။

ဖြေ။ ။ ဆက်တယ်လို့မယူနိုင်တော့ပါ။

မေး။ ။ ဆက်တယ်လို့မယူနိုင်တော့ရင် ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးသည် ခိုင်တယ်၊ မြဲတယ်၊ ဖြစ်ပြီးရင်မပျက်တော့ဘူးလို့ယူဆတဲ့ သဿတဒိဋ္ဌိရှိပါအုံးမလား။

ဖြေ။ ။ မရှိတော့ပါ။

မေး။ ။ ဒါဆိုခိုင်တယ်၊ မြဲတယ်၊ ဖြစ်ပြီးရင်မပျက် တော့ဘူးလို့ယူဆတဲ့ သဿတဒိဋ္ဌိစင်ကြယ်/မစင်ကြယ်။

ဖြေ။ ။ သဿတဒိဋ္ဌိစင်ကြယ်သွားပါပြီ။

ဆရာ။ ။ ဒါဆိုအင်္ဂါ(၁၂)ပါးနဲ့ သဿတဒိဋ္ဌိ ဖြုတ်ကြည့်ရအောင် အင်္ဂါ(၁၂)ပါးကို ဆက်စပ်ကြည့်တဲ့အခါ ဒါဆို အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတော့ အဝိဇ္ဇာကြောင့်သင်္ခါရ ဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရပါတယ်၊ ဒီလိုနဲ့ ဆက်သွားလိုက်တာ ဇာတိ ပစ္စယာ ဇရာမရဏ အထိရောက်သွားပါတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုရာမှာ သင်္ခါရဖြစ်တဲ့အချိန်မှာ အဝိဇ္ဇာမဖြစ်တော့ဘဲ ချုပ်ပျောက်ခဲ့ပါတယ်။ အဝိဇ္ဇာသည်သင်္ခါရနောက် လိုက်မလာသောကြောင့် ဆက်တယ်၊ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိစင်ကြယ်သွားပါတယ်။ သင်္ခါရဖြစ်ပြီး ဝိညာဏ်ဖြစ်သွားလဲသင်္ခါရသည် ဝိညာဏ်နောက်သို့ လိုက်ပါလာခြင်းမရှိ၊ ထို့အတူ ဝိညာဏ်သည်နာမ်ရုပ်နောက်မလိုက်၊ နာမ်ရုပ်သည် သဠာယတနနောက်မလိုက်၊ သဠာယတနသည် ဖဿ နောက်မလိုက်၊ ဖဿသည် ဝေဒနာနောက်မလိုက်၊ ဝေဒနာသည် တဏှာနောက်မလိုက်၊ တဏှာသည် ဥပါဒါန်နောက်မလိုက်၊ ဥပါဒါန်သည်ကမ္မဘဝနောက်မလိုက်၊ ကမ္မဘဝသည် ဇာတိနောက်မလိုက်၊ ဇာတိသည် ဇရာ မရဏ နောက်သို့ မလိုက်သဖြင့် ခိုင်တယ်၊ မြဲတယ်၊ ဆက်တယ် မပြတ်တော့ဘူးဟု ယူဆသည် သဿတဒိဋ္ဌိစင်ကြယ်ပေတော့သည်။

## (ဂ) ဥစ္ဆေဒဒိဋ္ဌိကို ဉာတပရိညာနဲ့ဖြုတ်ခြင်း

ဥစ္ဆေဒဒိဋ္ဌိဆိုတာက ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးသည် ပျက်ပြီးရင်ပြန်မဖြစ်တော့ဘူး၊ ပြတ်တယ် မဆက်တော့ဘူးဆိုတဲ့အယူပါ၊ ဒါကိုအင်္ဂါ(၁၂)ပါးအနေနဲ့ပြောကြည့်မယ်ဆိုရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာမှာ အဝိဇ္ဇာချုပ်ပျောက်ပြီး သင်္ခါရတရား ဖြစ်လာပါတယ်၊ အဲဒီလိုပဲ သင်္ခါရချုပ်ပျောက်ပြီး ဝိညာဏ်ထပ်ဖြစ်လာပါတယ်၊ ဝိညာဏ်ချုပ်ပျောက်ပြီး နာမ်ရုပ် ထပ်ဖြစ်လာပါတယ်။ နာမ်ရုပ်ချုပ်ပျောက်ပြီး သဠာယတန၊ သဠာယတနချုပ်ပျောက်ပြီး ဖဿ၊ ဖဿချုပ်ပျောက်ပြီး ဝေဒနာ၊ ဝေဒနာချုပ်ပျောက်ပြီးတဏှာ၊ တဏှာချုပ်ပျောက်ပြီး ဥပါဒါန်၊ ဥပါဒါန်ချုပ်ပျောက်ပြီး ကမ္မဘဝ၊ ကမ္မဘဝချုပ်ပျောက်ပြီး ဇာတိ၊ ဇာတိ ချုပ်ပျောက်ပြီး ဇရာမရဏတွေပြန်ဖြစ်လာပါတယ်။ ချုပ်ပျောက်ပြီးအသစ်အသစ်တွေ ထပ်ပေါ်နေတဲ့အတွက် ပျက်ပြီးရင်ပြန် မဖြစ်တော့ဘူး ပြတ်တယ်မဆက်ဘူးလို့ယူဆတဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်သွားပါတယ်။

တစ်နည်းအားဖြင့်ပြောမယ်ဆိုရင်ယခုဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဆိုတဲ့ခန္ဓာငါးပါးဟာ အတိတ်ကာလက အဝိဇ္ဇာ သင်္ခါရကြောင့်ဖြစ်ရတာပါ။ သူ့အလိုလိုဖြစ်လာတာမဟုတ်ပါဘူး၊ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါးရတယ်ဆိုတာ သိရတော့ ပြတ်တယ်၊ မဆက်ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်သွားပါတယ်။

သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိ နှစ်ပုံကို ဆရာတော်အရှင်ဉာဏောဘာသ(သဇင်ရေကျော်)ကအောက်ပါ နည်းနှစ်နည်းနဲ့ရှင်းထားပါတယ်။ ဥပမာ-(၁)

ရန်ကုန်မှာနေတဲ့ ဦးလှဆိုတဲ့သူက မန္တလေးမြို့ဦးမြထံကို ဘဏ်မှတစ်ဆင့်ငွေ (၁၀၀၀၀)ကျပ်လွှဲပို့ပေးလိုက်ပါတယ် ဦးလှကရန်ကုန်ဘဏ်မှာ(၁၀၀၀)တန် (၁၀)ရွက်ပေးလိုက်တယ်၊ မန္တလေးမြို့ကဦးမြက (၅၀၀)တန် (၂၀)ရွက်လက်ခံရရှိခဲ့ပါတယ်။ ဒါဆိုမေးခွန်းလေးတွေဖြေကြည့်ပါ။

မေး။ ။ မန္တလေးကဦးမြ လက်ခံရရှိတဲ့ ငွေတွေကရန်ကုန်ကပို့တဲ့ ဦးလှရဲ့ငွေတွေဟုတ်ရဲ့လား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ ရန်ကုန်ကဦးလှပို့လိုက်တဲ့ငွေတွေက (၁၀၀၀)တန်(၁၀)ရွက်ဖြစ်ပြီး မန္တလေးမှာ လက်ခံရရှိတဲ့ငွေက (၅၀၀)တန်(၂၀)ရွက်ဖြစ်တယ်၊ ဒါကြောင့်ဦးလှရဲ့ငွေတွေ မဟုတ်ဘူးဆိုတာလက်ခံသလား။

ဖြေ။ ။ လက်ခံပါတယ်။

မေး။ ။ မန္တလေးကဦးမြလက်ခံရရှိတဲ့ ငွေ(၁၀၀၀၀)ကျပ်ဟာ သူ့ဟာသူရတာလား၊ ရန်ကုန်က ဦးလှပို့လို့ ရတာလား၊ ဦးလှမပို့ရင်ရနိုင်ပါ့မလား။

ဖြေ။ ။ ရန်ကုန်ကဦးလှပို့လို့ရတာပါ၊ ဦးလှမပို့ရင်မရနိုင်ပါ။

မေး။ ။ ဒီဥပမာအတိုင်းပါပဲ - ဒီဘဝကမောင်ဖြူသေလို့ နတ်ပြည်မှာ နတ်သား သွားဖြစ်တယ်ဆိုပါတော့၊ မောင်ဖြူရဲ့ရုပ်နာမ်က ဒီမှာတင်ချုပ်ပျောက်ခဲ့ပါတယ်၊ ဒါပေမဲ့ပြုခဲ့တဲ့ ကုသိုလ်ကံသတ္တိအရှိန်ကြောင့် နတ်ပြည်မှာ နတ်ရုပ်နတ်နာမ် အသစ်ဖြစ်ရပါတယ်။ ဒါကြောင့်လူ့ဘဝက မောင်ဖြူနဲ့နတ်သားတို့ဟာ တစ်ခြားစီ မဟုတ်သလိုအတူတူလည်းမဟုတ်ပါဘူး၊ ဒါဆိုရင် သဿတနဲ့ဥစ္ဆေဒဆိုတဲ့ အစွန်း နှစ်ပါး လွတ်တဲ့အယူဖြစ်သွားပါပြီ။ နားလည်တယ်မဟုတ်လား။

ဖြေ။ ။ နားလည်ပါတယ်။

ဥပမာ - (၂) အသံသွင်းတဲ့ဆိုင်မှာ သီချင်းတွေအသံသွင်း (Recording) လုပ်တဲ့အခါ (Master)ခွေ ထဲကနေ အခွေလွတ်တစ်ခုထဲသွင်းရင် Masterခွေထဲက အသံ တွေက အခွေသစ်ထဲကိုလိုက်ပါပြီးဝင်သွားတာမဟုတ်ပါဘူး Master ခွေထဲ မှာပဲ ကျန်ခဲ့ပါတယ်၊ အခွေသစ်ထဲမှာ ရောက်နေတဲ့ အသံတွေဟာလည်း သူ့ဟာသူရောက်လာတာမဟုတ်ပါဘူး၊ Master ခွေထဲကအသံတွေရှိနေတဲ့ အတွက်သတ္တိအရှိန်ကြောင့် ရောက်လာတာဖြစ်ပါတယ်။ အခွေသစ်ထဲက သီချင်းတွေဟာ Master ခွေထဲကအသံတွေရောက်လာတာ မဟုတ်သလို သူ့ဟာသူဖြစ်လာတဲ့ အသံတွေလည်းမဟုတ်ပါဘူး၊ ဒီသဘောတရားအတိုင်း ပါပဲ၊ နတ်သားဟာ လူ့ပြည်ကမောင်ဖြူရဲ့ ရုပ်နာမ်တွေကလိုက်ပါလာခြင်း

မဟုတ်သလို၊ သူ့ဟာသူလဲဖြစ်လာတာမဟုတ်ပါဘူး၊ သဿတ နဲ့ ဥစ္ဆေဒ အစွန်းနှစ်ဖက် လွတ်အောင်ယူတဲ့ အယူဖြစ်ပါတယ်။ အချုပ်အနေနဲ့ ပြောရလျှင်တော့ -

၁။ အကြောင်းကြောင့်အကျိုးဖြစ်တာကိုသိတော့ ဝိစိကိစ္ဆာ စင်ကြယ်တယ်။

၂။ ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပဲ ဓမ္မတွေသာဖြစ်တယ်ဆိုတာ သိရတော့ သက္ကာယဒိဋ္ဌိ စင်ကြယ်ပါတယ်။

၃။ အတိတ်ကခန္ဓာငါးပါးသည် ပစ္စုပ္ပန်ကို မလိုက်ဘူးဆိုတာသိရတော့ သဿတဒိဋ္ဌိ စင်ကြယ်ပါတယ်။

၄။ ယခုဖြစ်ဆဲခန္ဓာငါးပါးသည် အတိတ်အကြောင်းအဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တယ် သူ့အလိုလို ပေါ်လာတာမဟုတ်ဘူးဆိုတာသိရတော့ ဥစ္ဆေဒဒိဋ္ဌိ စင်ကြယ်ပါတယ်။ ဒါဆိုဒိဋ္ဌိ နဲ့ ဝိစိကိစ္ဆာ စင်ကြယ်သွားပါပြီ၊ ဒီဉာဏ်တွေရရင်စူဠသောတာပန်ဉာဏ် ရတာပါပဲ။ စူဠသောတာပန်ဉာဏ်ရတဲ့ပုဂ္ဂိုလ်ဟာ တစ်ဘဝ၊နှစ်ဘဝ အပါယ်မလား တော့ပဲ၊ အဲဒီတစ်ဘဝ၊ နှစ်ဘဝအတွင်းမှာပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေရလို့ သောတာပန် အစစ်ကြီးဖြစ်ကာ ဘုံစဉ်စံနဲ့နိဗ္ဗာန်ကို စံဝင်ရပါမယ်။ အင်မတန် အားရှိစရာ ကောင်းလှ သဖြင့် အနည်းဆုံး ဒီဉာဏ်ရအောင် ကြိုးစားအားထုတ် သင်ယူကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့ကတော့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ အပြီးအပိုင် ပြုတ်မှသာဖြစ်ပါမယ်၊ ဉာတပရိညာနဲ့စူဠသောတာပန်ဉာဏ်ရအောင် လေ့လာအားထုတ် ပြီး ဒိဋ္ဌိအပြီးအပိုင်ပြုတ်လိုပါက တိရဏပရိညာလို့ခေါ်တဲ့ အပွားဖြုတ်နည်းနဲ့ ကျင့်ကြံ အားထုတ်ပွားများရပါမယ်။ အဲဒီလိုဝိပဿနာတရား ကျင့်ကြံအားထုတ်ဖို့အတွက် ကြိုတင်သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို လေ့လာပြီးမှ အားထုတ်ရပါမယ်၊ အသိမှန်မှ အကျင့်မှန်မယ်ဆိုတဲ့ဆောင်ပုဒ်လိုပါပဲ။ အဲဒီလို အကျင့်မှန်မှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်မှာပါ။ (ဝိဇ္ဇာစရဏ)တဲ့ ဝိဇ္ဇာက သိတာ၊ စရဏကကျင့်တာ။ ဒီတော့ သိသင့်တဲ့အချက်တွေကိုလေ့လာကြပါစို့။

သိသင့်သိထိုက်သောအချက်အလက်များ -

(၁) နိဗ္ဗာန်
(၂) ဝိပဿနာ
(၃) အရှုခံခန္ဓာငါးပါး ( ဧည့်သည်နှင့်အိမ်သည်)
(၄) မဂ္ဂင်ရှစ်ပါး နှင့် ရှုဉာဏ်ငါးပါး
(၅) ပဓာနိယင် တရားငါးပါး
(၆) ရှေ့စိတ် နဲ့ နောက်စိတ်
(၇) အဘိဇ္ဈာ ဓါတ်ရဲ့သဘောတရား
(၈) အာရုံသိသဘောနှင့်ခန္ဓာလမ်းစဉ်
(၉) ဘဝ သုံးမျိုး
(၁၀) ရှုဉာဏ်နှင့်ဗောဓိပက္ခိယတရား
(၁၁) သက္ကာယဒိဋ္ဌိ(၂၀)
(၁၂) ဝီထိစဉ်
(၁၃) ဇော(၇)ကြိမ်
(၁၄) မဂ်တု(၁၀)ပါး
(၁၅) ဝိပဿနာရှုရမည့်ခန္ဓာဆိုတာ
(၁၆) ကံလေးမျိုး
(၁၇) အဓိပတိ သုံးပါး
(၁၈) နိဝရဏ တရား ငါးပါး
(၁၉) ဣရိယာပထ လေးပါးနှင့်ဝိပဿနာပညာ
(၂၀) ဝိပဿနာတရား အားထုတ်ပုံ
(၂၁) သတိပဋ္ဌာန် အားထုတ်နည်း
(၂၂) အချိန်တိုင်း အားထုတ်နည်း တို့ဖြစ်လေသည်။

## (၁) နိဗ္ဗာန်

ဗုဒ္ဓမြတ်စွာဘုရားရဲ့တပည့်သား သာဝကများဖြစ်ကြတဲ့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ရဲ့ အဓိက ရည်ရွယ်ချက်ပန်းတိုင်ဟာနိဗ္ဗာန်ပါ။ နိဗ္ဗာန်ဆိုတာ အသခ်တခါတ် မဖောက်မပြန် ပျက်စီးမှုမရှိဘဲ သန္တိသုခနဲ့ ပြည့်စုံတဲ့နိဗ္ဗာန်ပါ။ ပရမတ္ထသစ္စာတကယ့်အရှိတရားဖြစ်ပေမယ့် သတ္တဝါတိုင်း သိခွင့်၊ ကြားခွင့်၊ ကျင့်ကြံအားထုတ်ခွင့် မရခဲ့ပါဘူး။

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက တစ်သံသရာနဲ့ တစ်နားကြားနာခွင့် ရခဲ့တာလို့ ဟောကြားခဲ့ပါတယ်။ ဒီလိုနိဗ္ဗာန်ဆိုတဲ့တရားတွေနာခွင့်၊ ကြားခွင့်၊ ကျင့်ကြံ အားထုတ်ခွင့်ရခဲ့တာဟာ အင်မတန်ဘုန်းကံကြီးမားလို့ပါ။ ဘုန်းကံမရှိတဲ့သူတွေလုံးဝနာခွင့် မရဘူး၊ ဘုရားပွင့်တော်မူပြီး သာသနာ ၂၅၀၀ကျော်နဲ့ ကြုံကြိုက်ခဲ့ပေမယ့်လည်းဘုရားမတွေ့၊ တရားတော်တွေနဲ့မတွေ့ဘဲ လွဲနေခဲ့တဲ့ပုဂ္ဂိုလ်သတ္တဝါတွေအများကြီးပါပဲ၊ ကြုံကြိုက်တုန်း ရအောင် ယူကြဖို့လိုပါတယ်။ ဒီဘုရားသာသနာနဲ့လွဲခဲ့ရင် နောက်တစ်ခါ ပြန်ကြုံဖို့ဆိုတာ လုံးဝမလွယ်ကူ တော့ပါဘူး၊ ဘုရားသာသနာနဲ့ကြုံတုန်း သစ္စာတရားနာကြား၊ ဝိပဿနာတရားတွေအားထုတ်လို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိကာ နိဗ္ဗာန်ကိုစံဝင်နိုင်မည်ဖြစ်ပါတယ်။ နိဗ္ဗာန်နဲ့ပါတ်သက်လို့ နိဝါနကနေ ဆင်းသက်လာပုံကိုရှေ့ပိုင်းပရမတ္ထသစ္စာအပိုင်းမှာ ရှင်းပြထားပြီးဖြစ်ပါတယ်။ နိဗ္ဗာန်ဆိုတာ နိဝါန(တဏှာမရှိရာ)လို့ အဓိပ္ပါယ်ရပါတယ်။

တဏှာမရှိရာ နိဗ္ဗာန်ဆိုတော့ နိဗ္ဗာန်ရချင်ရင် တဏှာမရှိဖို့လိုအပ်ပါတယ်။ ဒီနေရာမှာ တဏှာဆိုတာက အာရုံ၌ကပ်ငြိခြင်းဆိုတဲ့ သဘောအဓိပ္ပါယ်ကိုလည်း နားလည်တတ်ကျွမ်း ထားဖို့လိုအပ်ပါတယ်။

ဒါကြောင့်ဗုဒ္ဓသားကောင်းသမီးကောင်းပီပီ ဘုရားအလိုကျ ကျင့်ကြံအားထုတ်ပြီး နိဗ္ဗာန်ကို စံဝင်ချင်တယ်ဆိုရင်တဏှာဆိုတဲ့အာရုံကပ်ငြိခြင်းသဘော မရှိအောင် ကြိမ်ဖန်များစွာ ကျင့်ကြံ အားထုတ်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

## (၂) ဝိပဿနာ

ဝိပဿနာရဲ့သဘောအဓိပ္ပါယ်ဖွင့်ဆိုချက်ကိုတော့ ကျေးဇူးတော်ရှင် ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ ဖွင့်ဆိုထားတဲ့အတိုင်း ပြန်လည်တင်ပြပါရစေ။ ဆရာတော်က ဝိပဿနာကို အောက်ပါအတိုင်း ရှေးဆရာတော်ကြီးတွေက ဖွင့်ဆိုခဲ့ကြောင်း ဟောကြားခဲ့ပါတယ်။

" ပညတ္တိံ ထပေတွာ ဝိသေသေန ပဿတီတိ ဝိပဿနာ "

မြန်မာလိုကတော့ "ပညတ်ကိုပယ်ခွာ၍ အထူးအားဖြင့်ပရမတ္ထသဘော ဖြစ်သော ခန္ဓာငါးပါး ကိုပညာဖြင့်ရှုမှတ်ခြင်းသည် ဝိပဿနာ"တဲ့။

ပညတ်ကိုပယ်ခွာ၍ ဆိုတော့ ပယ်ခွာရမည့် ပညတ်(၃)မျိုးရှိပါတယ်။

(က) ဝစီပညတ် စကားလုံးပညတ်(အပြော"ငါ"မပယ်ရ၊ သတိပြုစဉ်းစားစရာ)

(ခ) အထည်ပညတ် အကောင်အထည်ပညတ်

(ဂ) ကာလပညတ် အချိန်ကာလပညတ် ဟူ၍ဖြစ်ပါတယ်။

### (က) ဝစီပညတ် (စကားလုံး ပညတ်)

ဒွါရ ၆ ပါးနဲ့လာတိုက်တဲ့အာရုံ ၆ ပါးတွေဟာ ကျွန်တော်ဟာဘယ်သူပါ။ ကျွန်တော် ဟာ ဘာဖြစ်ပါတယ်။ ရှုနေတဲ့ဉာဏ်ကလဲ ရှုနေတာ ငါပဲ၊ငါရှုနေတယ် စသဖြင့် စကားလုံး ပညတ်မရှိကြောင်း အမှန်သိပေးနေရင် ဝစီပညတ်လွတ်နေပါတယ်။

ဥပမာ။ ။ မျက်စိနဲ့အပြာရောင်ဘောပင်ဆိုတဲ့ အဆင်းနဲ့တိုက်တဲ့ အချိန်မှာ အဆင်းဆိုတဲ့ အပြာရောင်ဘောပင်က "ကျွန်တော်သည်ဘောပင်ဖြစ်ပါတယ်၊ ကျွန်တော်ရဲ့ အရောင်က အပြာရောင်ဖြစ်ပါတယ်၊ ကျွန်တော်ကိုကိုင်ပြီး စာရွက်စက္ကူပေါ်မှာ စာရေးရင်ရပါတယ်"လို့စကားပြောတဲ့အသံ မပါပါဘူး၊ စကားလဲ မပြောပါဘူး တိတ်ဆိတ်နေပါတယ်။ နောက်ပြီးမျက်စိနဲ့ အဆင်းတိုက်လို့ ဖြစ်ပေါ်လာတဲ့ ရှုဉာဏ်ကလဲ"ငါ"ရှုနေတာ၊ရှုနေတာ "ငါ" လို့စကားပြောတဲ့အသံမပါပါဘူး၊ တိတ်ဆိတ်နေပါတယ်။ အဲဒီလို စကားပြောတဲ့ အသံမပါကြောင်း"ငါ"

| ၃၁-ဘုံ | လောက (၃)ပါး | ပရမတ္ထသစ္စာ | ရုပ်နာမ် | ခန္ဓာ (အရှုခံခန္ဓာ(၅)ပါး) | မြင်မှာလို | သဘောလက္ခဏာ | ရှုညာဏ်(၅)ပါး |
|---|---|---|---|---|---|---|---|
| ၅/၁၅ | ဩကာသ | ရုပ် | ရုပ် (၁)ပါး | ရူပက္ခန္ဓာ | ဖောက်ပြန်ပျက်စီးတတ်သောသဘော | ရေမြှုပ်ကဲ့သို့ | ၁။ သမ္မာဒိဋ္ဌိ ⎤ |
| ၆ | သတ္တ | စေတသိတ် ⎤ | နာမ် (၄)ပါး ⎤ | ဝေဒနက္ခန္ဓာ | ခံစားတတ်သောသဘော | ရေပွက်ကဲ့သို့ | ၂။ သမ္မာသင်္ကပ္ပ ⎦ ပညာမဂ္ဂင် |
| ၁ | သင်္ခါရ | စိတ် ⎦ | | သညက္ခန္ဓာ | မှတ်သားတတ်သောသဘော | တံလျှပ်ကဲ့သို့ | ၃။ သမ္မာဝါယာမ ⎤ |
| ၄ | | | | သင်္ခါရက္ခန္ဓာ | ပြုပြင်ပြောင်းလဲတတ်သောသဘော | ငှက်ပျောတုံးကဲ့သို့ | ၄။ သမ္မာသတိ ⎥ သမာဓိမဂ္ဂင် |
| | | | | ဝိညာဏက္ခန္ဓာ ⎦ | သိတတ်သောသဘော | မျက်လှည့်ကဲ့သို့ | ၅။ သမ္မာသမာဓိ ⎦ |

**အပြီးသတ်မြင်သသောတရား**

၁။ ရဟန္တာ (အရဟတ္တမဂ် / ဖိုလ်) - ဒုက္ခ ကိုအပြီးသတ်မြင်သည်၊
၂။ အနာဂါမ် (အနာဂါမိမဂ် / ဖိုလ်) - အနိစ္စ ကိုအပြီးသတ်မြင်သည်၊
၃။ သကဒါဂါမ် (သကဒါဂါမိမဂ် / ဖိုလ်) ⎤
၄။ သောတာပန်(သောတာပတ္တိမဂ် / ဖိုလ်) ⎦ - အနတ္တ ကိုအပြီးသတ်မြင်သည်၊

**တဏှာ၊ မာန၊ ဒိဋ္ဌိ ပြုတ်ပုံ**

၁။ ရဟန္တာ ကျမှ - မာန ပြုတ်တယ် " တဏှာမသတ် ဒိဋ္ဌိသတ် ---- အပြုတ်သံသရာ"
၂။ အနာဂါမ်ကျမှ - ကာမတဏှာ ပြုတ်တယ် " ဒိဋ္ဌိမသတ် တဏှာသတ် ---- မပြုတ်သံသရာ"
၃။ သကဒါဂါမ် နှင့် ⎤
၄။ သောတာပန် ကျမှ ⎦ ဒိဋ္ဌိ ပြုတ်တယ်

**အနတ္တ • အနှစ်ကင်းပ၊ အစိုးမရ (အတုံးအခဲထင်)**

တံလျှပ်ကဲ့သို့ ရှုတာအကောင်းဆုံးပဲ။ ဘုရားဟောတဲ့ တရားတော်တွေထဲမှာ သညာကိုရှုပြီးမှ ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေများတယ်။ သညာကိုရှုတော့ တံလျှပ်ကဲ့သို့လို့ ရှုရမယ်။ အဲဒီလိုရှုရင် အတုံးအခဲ၊ ငါ့ကိုယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါမထင်တော့ဘူး။ ဒါ အနတ္တကိုမြင်တာပါပဲ။ ဒါဆို ငါ့ကိုယ်၊ အတုံးအခဲထင်နေတဲ့ သက္ကာယဒိဋ္ဌိပြုတ်ပြီ (တဒင်္ဂပြုတ်တာ)။ အဲဒီ ဒိဋ္ဌိပြုတ်ရင် ငါ လို့ထင်နေတဲ့ မာနလည်းမလာဘူး။ အဲဒီ မာနမလာရင် ငါ့ဥစ္စာ၊ ငါ့ကိုယ်၊ ငါ့ခေါင်း၊ ငါ့ပတ်ဝန်းကျင်စတဲ့ တဏှာလာပါဦးမလား၊ တဏှာမလာရင် နိဗ္ဗာန်ကိုအာရုံပြုမိပြီလို့မှတ်၊ ဒါပေမယ့် တဒင်္ဂနိဗ္ဗာန်ကို ရတာပါပဲ။ ကြိမ်ဖန်များစွာ ပွားများအားထုတ်နေရင် ကြိမ်ဖန်များစွာ နိဗ္ဗာန်မြင်နေရတာပါပဲ။ အဲဒီလိုနိဗ္ဗာန်ကို မြင်ပါများလာရင် ဒိဋ္ဌိလို့ထင်နေတဲ့ အယူပြုတ်လာမယ်။ အပြီးအပိုင် ပြုတ်သွားမယ်။ ဒိဋ္ဌိ အပြီးအပိုင်ပြုတ်ရင် သောတာပတ္တိမဂ်ရပြီလို့သာမှတ်ပါ။

# အာရုံသိစေသောသဘော

| | | | |
|---|---|---|---|
| ၁ | မျက်စိ + အဆင်း | မြင်သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၂ | နား + အသံ | ကြားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၃ | နှာခေါင်း + အနံ့ | နံ့သိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၄ | လျှာ + အရသာ | စားသိစိတ် | ခန္ဓာ(၅)ပါး (ဥပေက္ခာဝေဒနာ) |
| ၅ | ကိုယ် + တွေ့ထိစရာ | ထိသိစိတ် | ခန္ဓာ(၅)ပါး (ဒုက္ခ/သုခဝေဒနာ) |

ကာလမခြား

စိတ် + ဓမ္မာရုံ = ကြံသိစိတ် (ခန္ဓာ(၅)ပါး)

(ကျောက်ခဲနှစ်လုံးကိုအားနဲ့ခတ်လိုက်သလို ခန္ဓာ(၅)ပါး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သည်)







(ငါးမျက်နှာအံစာတုံး)



လို့မပြောကြောင်းသိပေးနေရင် ဝစီပညတ် လွတ်နေပါတယ်။ အဲဒီလိုပဲ နားနဲ့အသံ တိုက်တဲ့အခါ၊နှာခေါင်းနဲ့အနံ့ တိုက်တဲ့အခါ၊ လျှာနဲ့အရသာ တိုက်တဲ့အခါ၊ ကိုယ်နဲ့တွေ့ထိစရာ တိုက်တဲ့ အခါ၊စိတ်(ဘဝင်)နဲ့ကြံတွေးစရာ တိုက်တဲ့အခါ စကားပြောတဲ့ အသံတွေ မပါလာပါဘူး၊"ငါ" လို့လဲမပြော ပါဘူး၊ ဒါတွေကိုအမှန်အတိုင်းသိပြီး ဆုံးဖြတ်နေရင် ဝစီပညတ် လွတ်နေပါပြီ။

## (ခ) အထည်ပညတ် (အကောင်အထည်ပညတ်)

အာရုံနဲ့ဒွါရတိုက်လို့ပေါ်လာတဲ့ ခန္ဓာငါးပါးကိုအကောင်အထည်၊ အတုံးအခဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါရယ်လို့ မြင်ခြင်းဟာအထည် ပညတ်ပါပဲ၊တကယ်တော့ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ဆိုတာအကောင်အထည်အတုံးအခဲ အနေနဲ့မရှိပါဘူး။

* ရုပ် ဆိုတာ ဖောက်ပြန်မှုသဘော ရေမြှုပ်ကဲ့သို့ ပေါ်ပြီးပျောက်သွားတဲ့အတွက် သုံ့ညတဆိုက်ပြီးအကောင်အထည်အတုံးအခဲမရှိပါဘူး။

* ဝေဒနာ ဆိုတာခံစားတတ်တဲ့သဘောဖြစ်ပြီး ရေပွက်ပမာပွက်ပွက်ပြီး ပျောက်ပျောက် နေတာ ဖြစ်တဲ့အတွက်သုံ့ညတဆိုက်ပြီးအကောင်အထည်အတုံးအခဲ မဟုတ်ပါဘူး။

* သညာ ဆိုတာမှတ်သားတတ်တဲ့ သဘောသာဖြစ်ပြီး တံလျှပ်ကဲ့သို့ပါပဲ၊ အဝေးက ကြည့်ရင် ရေလို့ထင်ရပေမယ့် ရေမဟုတ်တဲ့အတွက် သုံ့ညတဆိုက်နေတဲ့အတွက် အကောင် အထည် အတုံးအခဲအနေနဲ့ယူဆလို့မရပါဘူး။

* သင်္ခါရ ဆိုတာ ပြုပြင်ပြောင်းလဲတတ်တဲ့ သဘောတရားသာဖြစ်ပြီး ငှက်ပျောတုံး ကဲ့သို့ပါပဲ၊ ငှက်ပျောတုံးတစ်တုံးကို ခွာကြည့်ရင်အနှစ်သာရ မတွေ့ရပါဘူး၊ ဒါကြောင့် သုံ့ညတ ဆိုက်နေတဲ့အတွက်အကောင်အထည်အတုံးအခဲမဟုတ်ပါဘူး။

* ဝိညာဏ် ဆိုတာသိတတ်တဲ့ သဘောသက်သက်သာဖြစ်ပါတယ်၊ မျက်လှည့်ကဲ့သို့ ဖြစ်ပြီး၊ မျက်လှည့်ဆိုတာ လိမ်ညာပြနေခြင်းသာဖြစ်ပါတယ်။ တကယ်မဟုတ်တဲ့အတွက် သုံ့ညတ သဘောသာရှိပြီး အကောင်အထည်အတုံးအခဲမဟုတ်ပါဘူး။

အထက်ပါအတိုင်း ခန္ဓာငါးပါးဟာ အကောင်အထည်အတုံးအခဲ မဟုတ်ပါဘူး၊

ဒါကိုစိတ်မှာယူဉ်တဲ့ အမှောင်ဓါတ် (အဝိဇ္ဇာ/မောဟ)ကြောင့် အကောင်အထည်အပုံးအခဲလို့ ထင်တဲ့ အထည်ပညတ်ဖြင့်ရတာပါ။ ဒါကြောင့်အာရုံနဲ့ဒွါရတိုက်ပြီး ခန္ဓာငါးပါးဖြစ်ပြီးရင် ကာလမခြားမနောမှာ ပုံသဏ္ဍာန်အမူအရာတွေ ပေါ်လာပါတယ်၊ အဲဒီပေါ်လာတဲ့ ပုံရိပ်ကို အဝိဇ္ဇာဓါတ်ကြောင့် တကယ့်အကောင်အထည် အတုံးအခဲအနေနဲ့ ထင်မြင်လိုက်တဲ့အတွက် အထည်ပညတ်ဖြစ်သွားပါတယ်။

အကောင်အထည် အတုံးအခဲမဟုတ်ကြောင်း စိတ်မှာယှဉ်တဲ့ လောကုတ္တရာပညာ အလင်းဓါတ်(ဝိဇ္ဇာဉာဏ်)နဲ့မှန်ကန်စွာရှုမှတ်ပြီး ဆုံးဖြတ်ပေးနေရင် အထည်ပညတ် ခွာပြီး သား ဖြစ်သွားပါပြီ။

ဥပမာ။ ။``ဆင်``လို့အသံကြားလိုက်တယ်ဆိုပါက နားအကြည်ရုပ်နဲ့ ``ဆင်``ဆိုတဲ့ အသံရုပ်နှစ်ခုတိုက်ပြီး နားမှာကြားစိတ်ပေါ်လာပါတယ်။ နားအကြည်ထဲမှာလည်း``ဆင်`` ဆိုတဲ့ အကောင်အထည်ကြီးမပါသလို``ဆင်``လို့အော်လိုက်တဲ့အသံရုပ်ထဲမှာလည်း အကောင် အထည်ကြီးမပါလာပါဘူး။ အသံလှိုင်းကလေးသာဖြစ်ပါတယ်။ နားမှာ ကြားခန္ဓာငါးပါး ပေါ်လာပြီးပျက်ပြီးတဲ့နောက် ကာလမခြားဘဲ မနောမှာပေါ်လာတဲ့``ဆင်`` ပုံရိပ်ကိုစိတ်မှာ အမှောင်ဓါတ်(အဝိဇ္ဇာဓါတ်)ရှိနေရင် တကယ့်``ဆင်``လို့ထင်လိုက်ပါတယ်၊ ဒါဆို အထည် ပညတ်ဖြစ်သွားပါတယ်။ အဲဒီလိုအထည်ပညတ်ဖြစ်နေရင် အမှန်ကိုမသိတဲ့အတွက် စိတ်အမြင်မှား မိစ္ဆာပဿတိ ဖြစ်ပြီးတဲ့နောက် ဒိဋ္ဌိ၊မာန၊တဏှာတွေပေါ်လာရပါတယ်။

တဏှာ၊မာန၊ဒိဋ္ဌိ ဝင်ရင်ဥပါဒါန် ကမ္မဘဝကြောင့် ဇာတိရနေပါတယ်။ ဇာတိရရင် ဇရာ၊ မရဏမလွတ်တော့ပါဘူး၊ နိဗ္ဗာန်ဆိုတာ ဇာတိမရှိပါဘူး၊ဇာတိမလာစေချင်ရင် ဇာတိမလာရေးအတွက် မနောမှာပေါ်လာတဲ့ ပုံရိပ်ကို အကောင်အထည်၊ အတုံးအခဲ မဟုတ်ကြောင်း ပညာအလင်းနဲ့ရှုမှတ်ပွါးများလိုက်တဲ့အခါ အထည်ပညတ် ပယ်ခွာပြီး ဖြစ်ပါတယ်။

## (ဂ) ကာလပညတ် ( အချိန်ကာလ ပညတ် )

အချိန်ကာလနဲ့ပါတ်သက်လို့ ကျေးဇူးရှင်ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတရဲ့

ရှင်းလင်း ဟောပြထားတာကိုတင်ပြပါ့မယ်။ ဆရာတော်ကတရားအားထုတ်တဲ့အခါ အချိန်နဲ့ကြည့်ရမှာ၊ နေရာနဲ့မလိုက်ပါနဲ့၊ သဘောသာဖြစ်သောကြောင့် အချိန်နဲ့ရှုမှတ်ဖို့ပဲ ဘုရားဟောထားပါတယ်၊ နေရာနဲ့လိုက်ဖို့ ဆရာမဟောပါဘူး၊ အချိန်ဆိုတာကာလပညတ် တကယ်တော့မရှိဘူး၊ သို့သော် ဘုရားတည်တဲ့အခါစိန်ဖူးတင်တဲ့အထိ ငြမ်းက ဆင်ထားရတာ၊ ဒီလိုအချိန်ကာလကို ပညတ်အားဖြင့်သုံးသွားရတာ၊ ဒါပေမယ့် အားလုံးသတိထားပြီး နားထောင်စေချင်တာကတကယ်မရှိဘူး ဆိုတာသိထားရတာ၊ ဟိုတုန်းက နာရီမပေါ်ခင်တုံးက နေထွက်တဲ့အခါမှာနေနာရီလို့ သတ်မှတ်ကြတယ်။ နေမထွက်တဲ့အခါ ရေနာရီသုံးကြတယ်၊ စက်ပေါ်တော့ စက်နာရီသုံးကြတယ်၊ သို့သော်အဲဒီဂဏန်းလေးတွေက ''ကျွန်တော်ဘယ်နှစ်နာရီပါလို့ စကားပြောသံပါလား''-------ဒါဖြင့် အချိန်ဆိုတာသည် ကြိုက်တဲ့အပေါ်မှာ သတ်မှတ်ခွင့်ရှိပါတယ်၊ တချို့ဆိုရင် ကွမ်းတရာညက် စသည်ဖြင့် သတ်မှတ်တယ်။

ဒီနေရာမှာ ခန္ဓာငါးပါးကိုပဲအချိန်လို့ သတ်မှတ်လို့ရတယ်······ သတ်မှတ်ခဲ့တာနော်၊ အတိတ်ခန္ဓာဆိုတာ ဘုရားက အချိန်သတ်မှတ်လိုက်တာ····အတိတ်ခန္ဓာ ပြန်မတွေးနဲ့ မလိုက်နဲ့၊ မရှိတော့ဘူး၊ ပြန်မလာတော့ဘူးလို့ဘုရားကပြောတာ····ဟုတ်မဟုတ် စဉ်းစား··· ကဲမေးမယ်ပြီးခဲ့တဲ့ အကြောင်းအရာတွေးလို့မရဘူးလို့ ဘုရားကဟောထားတာနော်၊ မရှိဘူးတဲ့၊ ဘုန်းကြီးတို့တရားမရတဲ့ အကြောင်းကအဲဒါဘဲ၊ ဘုရားကတွေးလို့မရဘူးတဲ့၊ ကျုပ်တို့က ရနေတယ်၊ သစ္စာဉာဏ်မလာလို့အဲဒီမှာကွာတာ၊ ကဲ···မေးကြည့်မယ် ···မနက်စောစောတုံးက အာရုံမှာဘာနဲ့စားခဲ့သလဲလို့မေးလိုက်တော့··· ခေါက်ဆွဲနဲ့ပဲ··· အဲဒါပေါ်မလာဘူးလား၊ ပေါ်လာတာကို···အများထင်တာက ပြီးခဲ့တဲ့အကြောင်းအရာထင်တယ်မဟုတ်လား၊ တကယ်တော့မဟုတ်ဘူးတဲ့ အခုကြားလို့အခုပေါ်တာ မနက်အချိန်တုံးက ရုပ်နာမ်ကမရှိတော့ဘူး၊ မနက်တုံးကရုပ်နာမ်ကလာပေါ်တာမဟုတ်ဘူး၊ အခုအသစ်··· မနက်တုံးက ဘာနဲ့စားခဲ့သလဲလို့အသံကြားလိုက်ရလို့ညွှတ်လိုက်ကာမှပေါ်လာတာ၊ အခု တွေးလို့ အခုပေါ်တဲ့ရုပ်နာမ်အသစ်····အဲဒါအသစ်ကလည်းပျောက်ဖို့ပေါ်လာတာ···

အမှားကြာလို့ အမှန်ဖြစ်နေတာ····

အခုလည်းပဲ···အတိတ်အကြောင်းအရာက အခေါ်နယ်မှာသုံးပါများတော့ တကယ် ထင်နေတာ၊ အဲဒါကိုခွဲတော့မှာနော်···အလုပ်ခွင်မှာနော်···သုံးတော့သုံး ··· အမြင် မမှားရဘူး၊ စိတ်အမြင်ရှင်းနေရမယ်···ပြန်ပြောမယ်···မနက်တုံးက အရုဏ်မှာဘာနဲ့စားခဲ့လဲ မေးလိုက် တော့···အတွေးပုံပေါ်မလာဘူးလား···အခုကြားတယ်··· ရုပ်နာမ်ပေါင်းလောင်တယ်··· မနောမှာအခုပေါ်တယ်···မနက်တုံးက ရုပ်နာမ်ခန္ဓာမရှိတော့ဘူး···အဲဒါ အသစ်ပေါ်တာ၊ အတိတ်မဟုတ်ဘူး၊ အတိတ်ဟာတွေးလို့မရဘူး··· အခုတွေ့လို့ရတဲ့ပုံရိပ်ကို အတိတ်လို့စိတ် အမြင်မှားသွားတာ၊ ကိလေသာခေါ်တယ်··· စိတ်အမြင်မှားသွားတာ··· အတိတ်မဟုတ်ဘူး၊ နားလည်ပြီလား၊ ခန္ဓာငါးပါးဖြစ်ပျက်ရှုတာမလွယ်ဘူးနော်··· ကာလကိုနားလည်မှရှုလို့ရမှာ··· လွယ်လွယ်မထင်နဲ့၊ နေရာနဲ့လိုက်တာတော့···ခလေးတောင်လိုက်တတ်သေးတယ်··· ဒါလွယ်လွယ်လေး···ပြီးတော့အလုပ်မဖြစ်ဘူး၊ ခန္ဓာငါးပါးရဲ့ ဖြစ်ပျက်တာကာလနဲ့ ဖြတ်မှ ရမှာ··· အခုပြောတာတွေသဘောပေါက်မှဖြစ်ပျက်ရှုတတ်မှာ···

အတိတ်ခန္ဓာကိုလည်း အစဉ်မလိုက်ပါနဲ့··· အနာဂတ်ခန္ဓာကိုလည်း မတောင့်တရဘူး၊ အတိတ်ခန္ဓာ မရှိတော့ဘူး··· ဘယ်တော့မှပြန်မလာတော့ဘူး··· အနာဂတ်ခန္ဓာလည်း ရောက်မလာသေးဘူး··· ပစ္စုပ္ပန်ခန္ဓာကို ကြည့်ပြန်တော့လည်း အချိန်နဲ့အတူ ချုပ်ပျောက်ပြီး အသစ်အသစ်အစားထိုးနေတာပဲတွေ့ရတယ်··· ထိရင်းပျောက် လောင်ရင်းကုန်နေတာပါပဲ··· အထည်အနေနဲ့ ကျန်နေတာမရှိဘူး···ဒါဆိုကာလသုံးပါး လွတ်ပါပြီ၊ ကာလဆိုတာ အသေးဆုံး အချိန်နဲ့ကြည့်ရမှာ··· အသေးငယ်ဆုံးအချိန်မှာ ခန္ဓာငါးပါးသည်တစ်ပြိုင်တည်း ဖြစ်ပေါ်ခြင်း ဖြစ်ပါတယ်၊ အဲဒါဆိုရင်ရုပ်ရာခန္ဓာငါးပါး"တစ်ခု" တည်းပဲရှိတယ်ဆိုတဲ့ အဖြေကို ရရှိကြပြီလို့ မှတ်သားကြပါ···မျက်စိလည်တတ်လို့သေချာမှတ်ဖို့လိုပါတယ်။ ဉာဏ်ထဲမှာ အချိန်ပြည့်ကြီး ရှင်းမသွားရင်လည်း လေးငါးစက္ကန့်လောက်ရှင်းသွားရင်ပဲ ခေတ္တခဏ တရား မြင်နိုင်သွားပြီလို့ သတ်မှတ်နိုင်ပါတယ်။

## ယောဂီအတွက် ၃၁ ဘုံ၌တကယ့်အရှိတရားသည်ကား တစ်ခုတည်းသာရှိရခြင်း

ဥပမာ- မျဉ်း(၂)ကြောင်းဆွဲပြီး ပုံသေနည်းတစ်ခုတွက်ထွက်တဲ့ ပုံစံနဲ့ထပ်ရှင်းပြပါမယ်။




အချိန်ကာလကို ကိုယ်စားပြုတဲ့ လိုင်းတစ်လိုင်းဆွဲလိုက်ပါ။ နောက်ထပ် ခန္ဓာငါးပါး ဖြစ်ပေါ်ပြီး ပျောက်ခြင်းကို ကိုယ်စားပြုတဲ့ လိုင်းတစ်လိုင်း မျဉ်းပြိုင်ဆွဲလိုက်ပါ၊ ခံစားမှု ဝေဒနာကို ကိုယ်စားပြုတဲ့ လိုင်းလို့လဲ သတ်မှတ်နိုင်ပါတယ်။ အဲဒီနောက် အလျားလိုက်မျဉ်းနှစ်ကြောင်းကို ဒေါင်လိုက်ဖြတ်တဲ့ အသေးဆုံး အချိန်ကို ကိုယ်စားပြုတဲ့လိုင်းတစ်ကြောင်း ဆွဲလိုက်ပါ၊ တည့်တည့်ဆွဲချရမယ်။ ဒေါင်လိုက် မျဉ်းနှင့်ကန့်လန့်ဖြတ် အလျားလိုက်မျဉ်း (၂)ကြောင်း ဖြစ်တဲ့နေရာ(၂)ခုကို စက်ဝိုင်းသင်္ကေတ ထည့်လိုက်ရမယ်၊ မျဉ်းဖြတ်ဆုံမှတ်သည် အသေးငယ်ဆုံး အချိန်နှင့် ခံစားမှုခန္ဓာငါးပါးကို ကိုယ်စားပြုတဲ့ အဖြေကိုရမှာဖြစ်ပါတယ်။ ဒေါင်လိုက် တည့်တည့်ဆွဲချသည့်မျဉ်းမှာ အဖြေကို ရမှာဖြစ်ပါတယ်။ ဒေါင်လိုက်တည့်တည့် ဆွဲချသည့် မျဉ်းမှာ တကယ်အရှိခန္ဓာငါးပါးတစ်ခုကို ကိုယ်စားပြုနေခြင်းသဘော ဖြစ်ပါတယ်။

အသေးငယ်ဆုံးအချိန်ပေါ်မှာ မူတည်နေ၍ ဘယ်/ညာ ရှိတာတွေနဲ့မပတ်သက်ဘူး၊ နောက်မှာရှိခဲ့တဲ့ အချိန်တွေက ကုန်ဆုံးခဲ့ပြီးဖြစ်တယ်။ရှေ့မှာရှိမယ့်အချိန်သည် မရောက်သေးဘူး၊ အသေးငယ်ဆုံး အချိန်ရဲ့ ခံစားမှုသဘောတရား အပါအဝင် (ခန္ဓာငါးပါး သဘောတရား)သည်လည်းနောက်မှာလည်းမရှိဘူး၊ ရှေ့မှာလည်းမရောက်သေးလို့ မရှိဘူး၊ အသေးငယ်ဆုံးအချိန်နဲ့သာ သက်ဆိုင်တာဖြစ်ပါတယ်။

တရားယောဂီရဲ့စာဖတ်နေဆဲအချိန်မှာ စဉ်းစားလိုက်ရင် မြင်စိတ်နဲ့စိတ်မှာဖြစ်တဲ့ ကြံသိစိတ် ဒါပဲ ရှိမယ်။ နောက်မှာသိခဲ့တာတွေ မရှိတော့ဘူး၊ လုံးဝပြန်လည်းမလာတော့ဘူး၊ ရှေ့မှာလည်းကြိုပြီးရှိမနေဘူးလို့ မှတ်ကြပါ။

**ကာလသုံးပါးမှလွတ်ခြင်း**

အချိန်ကာလလို့ သတ်မှတ်ထားကြတဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃)ပါးသည် ပညတ်အားဖြင့်သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ခန္ဓာငါးပါးတစ်ခု ``သိ`` သဘောတရား ဖြစ်ပေါ်လာတဲ့အချိန်မှာပစ္စုပ္ပန် ကာလမှာပဲချုပ်သွားတယ်။ ချုပ်ပျောက်သွားတာနဲ့တစ်ပြိုင်နက် ကပ်လျှက်နောက်စိတ်ကပေါ်လာပြီး ရှေ့စိတ်ဖြစ်တဲ့ သဘောတရားသည် ပျောက်သွားပါလားလို့ ကြံစည်လိုက်တာဖြစ်တယ်၊ ပျောက်ပြီးမှနောက်စိတ်က ကြည့်တာဖြစ်လို့ ပစ္စုပ္ပန်မတင်ဘူးလို့မှတ်ပါ။ ကြံစည်ဆဲ ပစ္စုပ္ပန်အချိန်မှာ သူ၊ ငါ၊ ပညတ် ပျောက်သွားတယ်လို့ဆိုလိုပါတယ်။

ပစ္စုပ္ပန်ကာလမှာပေါ်တဲ့ ``သိ``သဘောတရားခန္ဓာငါးပါးသည် ပေါ်ပြီးပျောက်သွားချိန်မှာ ကပ်လျှက်ဖြစ်ပေါ်လာမယ့် နောက်စိတ်သည် ပျောက်သွားပြီး၊ မရှိတော့ဘူးလို့ ကြည့်တာဖြစ်တဲ့အတွက် ပစ္စုပ္ပန်ကာလ လဲလွတ်တယ်၊ မတင်ဘူးလို့မှတ်သားကြပါ။ ရှေ့စိတ်မှာ ပျောက်တာမကြည့်ဘဲ အထည်၊ သတ္တဝါထင်လိုက်ရင်တော့ ပစ္စုပ္ပန်တင်သွားမယ်၊ ကာလမလွတ်နိုင်တော့တာသေချာတယ်။ ဥပမာအားဖြင့် အသံတစ်ခုကိုလေ့ လာကြည့်ကြမယ် ``ဖား`` လို့ပြောလိုက်တဲ့အသံကို ကြားလိုက်ရတယ် ဆိုပါစို့ ``ဖား`` ဆိုတဲ့အသံက ``နား`` ကိုတိုက်မယ် ပုံရိပ်သဏ္ဍာန် ``ဖား`` က ``စိတ်`` မှာပေါ်မယ်၊ နှစ်ဆင့်ပေါ်ခြင်းသည် တစ်ထပ်တည်းလို များစွာလျင်မြန်ခြင်းနှင့် ဖြစ်ပေါ်ခြင်းဖြစ်ပါတယ်။ ဖြစ်ပြီးချုပ်သွားပြီး၊ အခုနက အသိရော၊ ပုံသဏ္ဍာန်ရောမရှိတော့ဘူး၊ သူတို့နှစ်ခုချုပ်ငြိမ်းသွားမှ နောက်စိတ်က ပေါ်လာတဲ့အချိန်မှာ ရှေ့စိတ်သည်အထည်မဟုတ်တော့ဘူး၊ မရှိတော့ဘူး၊ ချုပ်ပျောက်သွားပြီးလို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်။ အဲဒီလိုရှုမှတ်နည်းပညာကိုမသိခဲ့ရင် ပျောက်တာကို မဆုံးဖြတ်တတ်ပဲ အဝိဇ္ဇာဖုံးလို့ ``ဖား`` ကြီးပဲလို့ထင်နေပြီး မပျောက်တော့ဘဲ စားဖားလား၊ ဖားဂုံညင်းလား စသည့်အတွေးများစွာဆက်သွားတယ်ဆိုရင် ခန္ဓာတွေဆက်ပေါ်ကုန်ပြီး၊ သဘောပေါက်ကြရဲ့လား။

ရုပ်-နာမ် ခန္ဓာပေါင်းပြီးဖြစ်ပေါ်ခြင်း(လောင်ခြင်း)သည်ချုပ်ပျောက်ရန်သာဖြစ်တယ်လို့ အမှန်သိလို့ နောက်စိတ်ကကြည့်ပြီးဆုံးဖြတ်ချက်ချ ရှုမှတ်ရမှာဖြစ်ပါတယ်။ ``ဖား`` ဆိုတဲ့ အသံကြားလိုက်တာနဲ့ ``နား`` နဲ့ ``စိတ်`` မှာ နှစ်ဆင့်လောင်တာ စည်တီးတဲ့ဥပမာလိုပဲကို

သင်ခဲ့ပြီးသားဖြစ်ပါတယ်၊ နားမှာကြားသည် စိတ်ခန္ဓာငါးပါးပေါ်ပြီး ချုပ်တာနဲ့ တစ်ပြိုင်နက် "စိတ်"မှာလည်း"ဖား" ဆိုတဲ့သဏ္ဍာန်ကြဲသိစိတ်ကပေါ်တယ်၊ စိတ်(မနော)မှာ ဖြစ်ပေါ်ချုပ်သွားတဲ့ခန္ဓာကို မိရမှာဖြစ်ပါတယ်၊ ခန္ဓာငါးပါးမှာဖြစ်ပေါ်တဲ့"သိ" သဘောတရားသည် အတိတ်ကာလမှာလည်း ဖြစ်ခဲ့တာမဟုတ်၊ အနာဂတ်ကာလမှာလည်း ဖြစ်တာမဟုတ်၊ ပစ္စုပ္ပန်မှာလည်း မတင်ဘူးဆိုတော့ကား ကာလသုံးပါးကလွတ်နေပြီးလို့မှတ်သားကြပါ။ ကာလသုံးပါးက မလွတ်ခဲ့ပါက တဏှာပါလာမယ် တဏှာရဲ့သဘောက ဖွဲ့စပ်ခြင်း၊ ဆွဲထားခြင်း၊ တွဲထားတာဖြစ်တယ်။

ပေါ်လာတဲ့ခန္ဓာငါးပါးသဘောတရားကြီးပျောက်မသွားပဲ ဆက်...ဆက်ထားတဲ့ သဘောသည် တဏှာ ဖြစ်ပါတယ်၊ ချုပ်စပ်ခြင်း/ဖွဲ့စပ်ခြင်း သဘောလို့ခေါ်တယ်၊ အဲဒီ တဏှာမရှိခြင်းကို ပါဠိလို"နိဝါန"လို့ခေါ်ပါတယ်၊ "နိဝါန"မှာ"ဝ"ကို "ဗ" ပြုလို့ "နိဗ္ဗာန" ဖြစ်တာလို့ဆိုပါတယ်။ နိဗ္ဗာနကို အသတ်ထည့်သုံးတော့ "နိဗ္ဗာန်" လို့ဖြစ်လာပါတယ်၊ တဏှာမပေါ်လာရင် နိဗ္ဗာန်မြင်ခြင်း ဖြစ်ပါတယ်လို့ မှတ်ကြပါ။

တတိယမေးခွန်းပုစ္ဆာကို ပြန်ဖတ်ကြည့်ပါ၊ နိဗ္ဗာန်မြင်သောပုဂ္ဂိုလ်သည် သုံးပါးမှလွတ်ရမယ်လို့ဆိုပါတယ်၊ ယခုထိရှင်းပြခဲ့တာ ကာလသုံးပါးလွတ်ပြီလို့ ဆုံးဖြတ်ချက် ခိုင်မာကြရဲ့လား၊ ကာလသုံးပါးမှလွတ်ခြင်းကို သဘောပေါက်ကြပြီးမဟုတ်လား၊ ဖြစ်ပျက်ကို မြင်ရင် နိဗ္ဗာန်ပေါ်ပြီ၊ ရှေ့ကဖြစ်ပျက်နောက်ကမဂ်လို့ သင်ပြီးကတည်းက "ဝိပဿနာမဂ်ကတည်းကိုက နိဗ္ဗာန်ပေါ်နေပြီ" ဖြစ်ပါတယ်။ လောကီမဂ်အဆင့်ဖြစ်လို့ လောကုတ္တရာမဂ် အဆင့်နဲ့ပေါ်ဖို့ ဆက်ပြီးအားထုတ်ဖို့လည်း အဓိကကျတယ်လို့မှတ်ခဲ့ကြပါ။

သမုတိသစ္စာလည်း အစွဲမနာပါစေနဲ့၊ ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့။

## ၃။ အရှုခံခန္ဓာငါးပါး (ညှော်သည်နှင့်အိမ်သည်)

ခန္ဓာငါးပါးနဲ့ပတ်သက်ပြီး ရှေ့ပိုင်းမှာရှင်းပြပြီးဖြစ်ပါတယ်။ ကျွန်ုပ်တို့ယောဂီတို့ ခန္ဓာမှာခန္ဓာငါးပါး အာရုံသိသဘောဖြစ်ခွင့်ရတဲ့နေရာ ၆-နေရာရှိပါတယ်။ အဲဒီ ၆-နေရာဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ၆-နေရာထဲက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာက ဧည့်သည်တွေပါ။

*  မျက်စိမှာ မြင်ခန္ဓာပေါ်မယ်။ မျက်စိမှိတ်ထားရင် မပေါ်ဘူး။ အိပ်ပျော်နေရင်လည်း မပေါ်ဘူး။

* နားမှာကြားခန္ဓာပေါ်မယ်။ နားပိတ် ထားရင်မပေါ်ဘူး။ အိပ်ပျော်နေရင်လည်း မပေါ်ဘူး။

* နှာခေါင်းမှာ နံခန္ဓာပေါ်မယ်။ နှာပိတ် နေရင်မပေါ်ဘူး။ အိပ်ပျော်နေရင်လည်းမပေါ်ဘူး။

* လျှာမှာ စားသိခန္ဓာပေါ်တယ်။ မစားတဲ့အချိန်မပေါ်ဘူး။ အိပ်ပျော်နေရင်လည်းမပေါ်ဘူး။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာဆိုတဲ့ ၄-နေရာမှာပေါ်တဲ့ ခန္ဓာတွေက အမြဲမရှိဘူး။ ဒါကြောင့်လည်း **ဧည့်သည်** လို့ခေါ်တယ်။

ကိုယ်မှာကျတော့ အမြဲတမ်း ပေါ်နေတယ်။ အိပ်ပျော်နေရင်လည်း ပေါ်နေတယ်။ အမြဲတမ်းရှိသော သဘောမို့ သူ့ကို **အိမ်သည်**လို့ ခေါ်ပါတယ်။ အပြင်ဒွါရ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နေရာတွေမှာ ခန္ဓာငါးပါး ဘယ်လိုပဲပေါ်ပေါ် ကာလ မခြား မနောမှာ ခန္ဓာငါးပါးထပ်ဖြစ်တယ်။ မနောမှာ ပုံသဏ္ဌာန် အမူအယာတွေပေါ်တယ်။ ဒါကြောင့် ဒွါရ-၆ ပေါက်ထဲက အပြင်ဒွါရ (၅)ပေါက်ကိုပိတ်ပြီး မနောပေါက်ကို ဖွင့်ပြီး ရှုရပါမယ်။ (ပင့်ကူနေနည်းနဲ့ ဖွတ်ဖမ်းနည်းဥပမာအတိုင်းပါ။ အဲဒီဥပမာတွေကို နောက်ပိုင်းမှာ ရှင်းပြပါ့မယ်။)

ဧည့်သည်နှင့်အိမ်သည်




အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာဆိုတဲ့ အာရုံတွေ ဖဿပေါင်းဆုံပြီး မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်ဆိုတဲ့ (စိတ်) နာမ်တရားတွေ ပေါ်လာပါတယ်။ ပေါ်လာတဲ့နေရာတင်ပျက်ပြီး ကာလမခြား (စိတ်) ဘဝင်မှာ ပုံသဏ္ဌာန် အမူအရာတွေပေါ်ပြီး ဝိညာဏ်(ကြံတွေးစိတ်)တွေဖြစ်ပေါ်လာပါတယ်။

မနောမှာပေါ်တဲ့ခန္ဓာငါးပါးကို ရှုရမှာဖြစ်ပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးက မုန်ထောင်တရားလို့ ဟောခဲ့ပါတယ်။ သားသမီးအကြောင်းတွေးရင် သားသမီးပုံတွေပေါ်မယ်။

## အာရုံသိသဘောခန္ဓာငါးပါး




(ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်သလို ခန္ဓာငါးပါး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သည်)

အိမ်အကြောင်းတွေးရင် အိမ်ပုံတွေ ပေါ်ပါမယ်။ အဲဒီပေါ်လာတဲ့ပုံရိပ်တွေကို အဝိဇ္ဇာ အမှောင်ဓာတ်ရှိသူတွေက အကောင်အထည်အတုံးအခဲ ထင်လိုက်တဲ့အတွက် ဒိဋ္ဌိဖြစ်ပြီး မာနနဲ့တဏှာ ကူးသွားပါတယ်။ အရှုခံခန္ဓာငါးပါးဖြစ်မဖြစ် ဆန်းစစ်ကြည့်ပါစို့။ မနောပေါက်ကိုဖွင့်ပြီး ရှုရမယ်ဆိုတာ မနောမှာပေါ်တဲ့ခန္ဓာငါးပါးကို ရှုရမယ်လို့ပြောတာပါ။

(ပင့်ကူနေနည်းနဲ့ ဖွတ်ဖမ်းနည်းနဲ့ နှိုင်းယှဉ်ကြည့်ပါမယ်။)

ပင့်ကူတွေဟာ ပင့်ကူမျှင်ကြိုးကလေးတွေကို တန်းလိုက်ပြီး ပိုက်ကွန်သဏ္ဌာန် အပြင်ဘက်က ခပ်ကျဲကျဲနဲ့ တဖြည်းဖြည်း စိပ်စိပ်လာအောင် ယက်ကြပါတယ်။ အလယ်မှာ ပိုပြီး ခပ်စိပ်စိပ် ယက်ပြီးတဲ့အခါ ပင့်ကူဟာ ပင့်ကူအိမ်ရဲ့ အလယ်မှာနေပါတယ်။ ပိုးကောင် သားကောင် တစ်ကောင်ဟာ ပင့်ကူအိမ်မှာ လာငြိပြီဆိုရင် လှုပ်သွားတာနဲ့ ပင့်ကူဟာ သိလိုက်ပါတယ်။ ပိုးကောင်မိတဲ့နေရာကို အပြေးသွားပြီး အဲဒီပိုးကောင်ကို မူလထိုင်နေတဲ့ နေရာထိသယ်လာပြီး သတ်ဖြတ်စားသောက်လိုက်ပါတယ်။



အဲဒီဥပမာလိုပဲ အပြင်ဒွါရ ၅-ခုဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် နေရာတွေမှာ အာရုံတွေဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့စရာတွေနဲ့ တိုက်လိုက်ပြီး ကာလမခြားပဲ မနောမှာ ခန္ဓာငါးပါးထပ် ဖြစ်ပါတယ်။ မနောမှာပေါ်တဲ့ ခန္ဓာငါးပါးကို ရှုမှတ်ပွားများ လိုက်တာဟာ ပင့်ကူအိမ်ရဲ့ အလယ်မှာ သားကောင်၊ ပိုးကောင်ကို ကိုက်ဖြတ်စားသောက်လိုက်တာပါပဲ။ ဒါဆို မနောမှာပေါ်တဲ့ ခန္ဓာကို ရှုရမယ်ဆိုတာ ရှင်းသွားပါပြီ။ နောက်တစ်မျိုး ဖွတ်ဖမ်းနည်းနဲ့ ဥပမာ ပြပါမယ်။ ဒီဥပမာတွေအားလုံးဟာ မြတ်စွာဘုရား ပေးထားခဲ့တဲ့ဥပမာတွေပါ။

ဒီဖွတ်ဖမ်းနည်းကတော့ ပေါဋ္ဌိလမထေရ်က ရဟန္တာ ရှင်သာမဏေထံ တရားတောင်းလို့ ရဟန္တာ ရှင်သာမဏေက သင်ပေးခဲ့တဲ့ အလုပ်ပေးတရား ဖြစ်ပါတယ်။ ရဟန္တာရှင်သာမဏေက မထေရ်ကြီးကို မေးတယ်။ ''မထေရ်ကြီး တောင်ပို့တစ်ခုမှာ အပေါက် ၆-ပေါက်ရှိတယ်။ အဲဒီတောင်ပို့ထဲကို ဖွတ်တစ်ကောင် ဝင်သွားပါတယ်။အဲဒီဖွတ်ကို မထေရ်ကြီးရအောင် ဖမ်းပါ''လို့ပြောတော့ မထေရ်ကြီးက လိုက်ဖမ်းကြည့်တယ်။ အပေါက်တစ်ပေါက်က ဖမ်းတော့ နောက် တစ်ပေါက်က ထွက်သွားတယ်။ နောက်တစ်ပေါက်က ဖမ်းတော့ အခြား အပေါက် တစ်ပေါက်က ထွက်သွားပြန်တယ်။ ဘယ်လိုမှမမိဘူး၊ ဒါနဲ့ ရဟန္တာသာမဏေလေးက ''တပည့်တော်ဖမ်းပြမယ်၊ ... တောင်ပို့မှာအပေါက် ၆-ပေါက် ရှိတယ်၊ အပေါက် (၅)ပေါက်ကိုပိတ်ပြီး တစ်ပေါက်ကိုဖွင့်၊ အဲဒီဖွင့်တဲ့အပေါက်က ဖမ်းလိုက် မိရောပေါ့''တဲ့။ အဲဒီမှာ မထေရ်ကြီးလဲ သဘောပေါက်သွားပြီး ရှုမှတ်ပွားများ အားထုတ်လိုက်တာ အာသဝေါကုန်ခမ်းလို့ ရဟန္တာ ဖြစ်သွားပါတော့တယ်။



ဖွတ်ဖမ်းနည်း

အဲဒီမှာ တောင်ဘို့ဆိုတာက ခန္ဓာကိုယ်ကြီးပဲ။ အပေါက် ၆-ပေါက်က မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်(ဘဝင်) ဆိုတဲ့ ဒွါရ-၆ ပေါက်ကိုပြောတာ။ ငါးပေါက်ကို ပိတ်ဆိုတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ဒွါရတွေမှာပေါ်တဲ့ ခန္ဓာငါးပါးကို မရှုနဲ့လို့ပြောတာ။

တစ်ပေါက်ကိုဖွင့်ဆိုတာက စိတ်(ဘဝင်) တစ်နည်း မနောမှာပေါ်တဲ့ ခန္ဓာငါးပါးကို ရှုမှတ်ပွားများ ရမယ်လို့ပြောတာ။ မနောမှာပေါ်တဲ့ ခန္ဓာငါးပါးကို ရှုရမယ် ဆိုတာကတော့ သဘောပေါက်ပါပြီ။ အဲဒီမနောမှာပေါ်တဲ့ ခန္ဓာငါးပါးရှိမရှိ၊ ပရမတ္ထအစစ်အမှန်ရှိတဲ့ တရား ဟုတ်မဟုတ် အောက်ပါပုံကလေးနဲ့ နှိုင်းယှဉ်ကြည့်ပါမယ်။

အစစ်အမှန်ရှိတဲ့တရားဆိုတာ ပရမတ္ထတရားလေးပါးကိုပြောတာ၊ ပရမတ္ထတရား လေးပါးက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ဖြစ်ပါတယ်။

မနောတွင်ဖြစ်သော ခန္ဓာငါးပါး(အာရုံသိသဘော)




(ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်သလို ခန္ဓာငါးပါး
တစ်ပြိုင်နက်ဖြစ်၊တစ်ပြိုင်နက်ပျက်သည်)

ပုံတွင်ပြထားသည့်အတိုင်း မနောတွင်ဖြစ်ပေါ်သော ခန္ဓာငါးပါးကို လေ့လာကြည့်ပါ။

| | | |
|---|---|---|
| စိတ် (ဘဝင်) နှင့် ဓမ္မာရုံတို့သည် | ရုပ် (ရူပက္ခန္ဓာ) | ရုပ် |
| ဝေဒနာသည် | ဝေဒနာ (ဝေဒနာက္ခန္ဓာ) | စေတသိက် |
| သညာသည် | သညာ (သညာက္ခန္ဓာ) | စေတသိက် |
| သင်္ခါရသည် | သင်္ခါရ (သင်္ခါရက္ခန္ဓာ) | စေတသိက် |
| ဝိညာဏ်သည် | ဝိညာဏ်(ဝိညာဏက္ခန္ဓာ) | စိတ် |

စိတ်၊ စေတသိက်၊ ရုပ်တို့သည် ပရမတ္ထသစ္စာဖြစ်သဖြင့် တကယ့်အစစ် အမှန်ရှိသော ပရမတ်ခန္ဓာ (အရှုခံခန္ဓာငါးပါး) ဖြစ်လေသည်။

၅-ကိုယ်မှာက အမြဲတန်း ဖြစ်ပေါ်နေတဲ့အတွက် အိမ်သည်လို့ခေါ်ပါတယ်။ အိမ်သည်မှာ ရှုတာ အကောင်းဆုံးပါ။ ရှုရင်တွေ့မှာက (ပထဝီ၊ တေဇောနဲ့ ဝါယော) ဓါတ် ၃-ပါးပဲတွေ့မယ်။

## ၄။ မဂ္ဂင်ရှစ်ပါးနဲ့ ရှုဉာဏ်ငါးပါး

မဂ္ဂင်ဆိုတာ မဂ္ဂသစ္စာကလာတာ။ မဂ္ဂသစ္စာဆိုတာ ဆင်းရဲချုပ်ရာချုပ်ကြောင်း အကျင့်ကောင်း နည်းလမ်းအမှန်လို့ အဓိပ္ပါယ်ရပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရချင်ရင် မဂ္ဂင်အကျင့်မကျင့်ဘဲနဲ့ မရပါဘူး။ မဂ္ဂင်ကရှစ်ပါးရှိပြီး၊ ဝိပဿနာအားထုတ်တဲ့အခါမှာကျတော့ ငါးပါးနဲ့သာရှိပါတယ်။ ဒီငါးပါးကို ရှုဉာဏ်မဂ္ဂင်ငါးပါးလို့လဲခေါ်ပါတယ်။ ပဉ္စင်္ဂိကမဂ်လို့လည်း ခေါ်တယ်။ ရှုမှတ်ပွားများပြီးမဂ် ဖိုလ်ကျသွားပြီးရင်တော့ မဂ္ဂင်ရှစ်ပါး ပြည့်သွားပါပြီ။ မဂ္ဂင်ရှစ်ပါးတစ်နည်း အဋ္ဌင်္ဂိကမဂ်လို့လည်းခေါ်ပါတယ်။

- ပညာမဂ္ဂင် ၂-ပါး:
  - သမ္မာဒိဋ္ဌိ- မှန်ကန်သောအယူ
  - သမ္မာသင်္ကပ္ပ- မှန်ကန်သောအကြံ
- သမာဓိမဂ္ဂင် -၃ပါး:
  - သမ္မာဝါယမ- မှန်ကန်သောအားထုတ်မှု
  - သမ္မာသတိ- မှန်ကန်သောအောက်မေ့မှု
  - သမ္မာသမာဓိ- မှန်ကန်သောတည်ကြည်မှု
- သီလမဂ္ဂင် -၃ပါး:
  - သမ္မာဝါစာ- မှန်ကန်သောပြောဆိုမှု
  - သမ္မာကမ္မန္တ- မှန်ကန်သောပြုလုပ်မှု
  - သမ္မာအာဇီဝ- မှန်ကန်သောသက်မွေးမှု

(ပညာမဂ္ဂင် ၂-ပါး နှင့် သမာဓိမဂ္ဂင် ၃-ပါး) ရှုဉာဏ်ငါးပါး ပဉ္စင်္ဂိကမဂ်

(အားလုံး) အဋ္ဌင်္ဂိကမဂ် မဂ္ဂင် -၈ ပါး:

မဂ္ဂင်ရှစ်ပါးမှာ သီလမဂ္ဂင်က ၃-ပါး၊ သမာဓိမဂ္ဂင်က ၃-ပါးနဲ့ ပညာမဂ္ဂင်က ၂-ပါး စုစုပေါင်း ရှစ်ပါးပါ။

ပညာမဂ္ဂင် ၂-ပါးနဲ့ သမာဓိမဂ္ဂင် ၃-ပါး၊ စုစုပေါင်း ၅-ပါးကို ရှုဉာဏ်ငါးပါးလို့ ခေါ်ပါတယ်။ တရားအားထုတ်တဲ့အခါ ဒီငါးပါးနဲ့ရှုရမှာပါ။

၁။ အရှုခံဖြစ်တဲ့ မနောတွင်ဖြစ်ပေါ်သောခန္ဓာငါးပါးတို့သည် ပရမတ္ထတရားများဖြစ်ကြောင်း အမှန်အတိုင်း သိမြင်ရှုမှတ်နေခြင်းသည် (သမ္မာဒိဋ္ဌိ) ဖြစ်သည်။

၂။ အရှုခံဖြစ်တဲ့ မနောတွင်ဖြစ်ပေါ်သော ခန္ဓာငါးပါးတို့သည် ပရမတ္ထတရားများ ဖြစ်သောကြောင့် မှန်ကန်စွာ တွေးခေါ်ကြံစည်နေခြင်းသည်(သမ္မာသင်္ကပ္ပ) ဖြစ်သည်။

၃။ အရှုခံဖြစ်တဲ့ မနောတွင်ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ပရမတ္ထတရားများကို မှန်ကန်စွာ ရှုမြင်နိုင်ရန် အားထုတ်မှု လုံ့လတို့သည် (သမ္မာဝါယမ) ဖြစ်သည်။

၄။ အရှုခံဖြစ်တဲ့ မနောတွင်ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ပရမတ္ထတရားများကို မှန်ကန်စွာ ရှုမြင်နိုင်ရန် မမေ့မလျော့ဘဲ အောက်မေ့ရှုမှတ်ခြင်းသည် (သမ္မာသတိ) ဖြစ်သည်။

၅။ အရှုခံဖြစ်တဲ့ မနောတွင်ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ပရမတ္ထတရားများကို တည်ကြည်သော သမာဓိ မရှိက မရှုမြင်နိုင်ပေ၊ ထိုတည်ကြည်သောသမာဓိကို (သမ္မာသမာဓိ) ခေါ်သည်။

၆။ အထက်ပါမဂ္ဂင်ငါးပါးတို့သည် ဝိပဿနာရှုမှတ်ပွားများရမည့် ရှုဉာဏ်မဂ္ဂင်(၅)ပါး (သို့) ပဥ္စင်္ဂိကမဂ် ၅-ပါးဟုခေါ်သည်။ ဤရှုဉာဏ်ငါးပါးဖြင့် ကျင့်ကြံပွားများ အားထုတ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီးပါက ကျန်သော သီလမဂ္ဂင် ၃-ပါးပါပြည့်စုံ၍ မဂ္ဂင် ၈-ပါးပြည့်သွားလေသည်။ ထို့ကြောင့် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီးသော ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အပြီးပိုင်ပယ်သတ်ပြီး ၊ အပါယ်လေးပါးကို ကျနိုင်သော ငါးပါးသီလကို အသက်နဲ့လဲပြီး လုံခြုံစွာစောင့်ထိန်းတော့သည်။ သောတာပန်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအပြီးအပိုင်ပြုတ်သည်။

ငါးပါးသီလကို အသက်နဲ့လဲ လုံခြုံစွာစောင့်ထိန်းသည်မှလွဲ၍ ကာမတဏှာ၊ ဘဝတဏှာကို မပယ်သတ်နိုင်သည့်အတွက် ပုထုဇဉ်များကဲ့သို့ ကာမဂုဏ်နှင့်သာနေလေသည်။

လောဘ၊ ဒေါသ၊ မောဟတရားများ မပယ်သတ်နိုင်သေးသည့်အတွက်လည်း ဝမ်းသာ ဝမ်းနည်း၊ စိတ်ဆိုး စိတ်ဆင်းရဲမှုများရှိနေပေသည်။ ဒီဘဝသေပြီး အပါယ်လေးပါး မကျနိုင်တော့ပေ။ နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တို့ကို ဘုံစဉ်စံစားကာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လျှက် နိဗ္ဗာန်သို့ စံဝင်ရပေသည်။ အပါယ်လေးပါးမကျရေး၊ နိဗ္ဗာန်ကိုဘုံစဉ်စံ ခံစား၍ စံဝင်နိုင်ရေးအတွက် မဂ္ဂင်ငါးပါးဖြင့် ဝိပဿနာတရား ကြိုးစားအားထုတ်ကြပါကုန်။

## ၅။ ပဓာနိယင်္ဂတရား -၅ပါး

ပဓာနိယင်္ဂတရားငါးပါးဆိုတာ တရားအားထုတ်သူ၏ အင်္ဂါရပ်ငါးပါးလို့ခေါ်ပါတယ်။ အဲဒီ ၅-ပါး ပြည့်စုံမှ တရားရနိုင်ပါမယ်။ မိမိမှာ ဘယ်အချက်လိုနေသလဲဆိုတာ ချင့်ချိန် ဖြည့်ဆည်းနိုင်အောင်လို့ တင်ပြရခြင်းဖြစ်ပါတယ်။

၁။ ဘုရားအပေါ်ယုံကြည်သော သဒ္ဓါရှိရမည်။
၂။ ကျန်းမာသူလည်းဖြစ်ရမည်။
၃။ စိတ်ထားဖြောင့်မတ်သူလည်းဖြစ်ရမည်။
၄။ ခွဲသန်ကြိုးစားအားထုတ်သူလည်းဖြစ်ရမည်။
၅။ ဉာဏ်စွမ်းဉာဏ်စလည်းရှိရမည်။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော် မကြာမီပင်တရားထူးရနိုင်၏။

**"ဆောင်ပုဒ်"**

ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာနှင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်၊ ဤငါးအင် အမှန်ပင်မဂ်ရကြောင်း ။

## ၆။ ရှေ့စိတ်နှင့်နောက်စိတ်

မိုးကုတ်ဆရာတော်ဘုရားကြီးက "ရှေ့စိတ်ကိုနောက်စိတ်နဲ့ ရှုတာဝိပဿနာ"တဲ့။ နောက်ပြီး "ဒရှေ့စိတ်ကဖြစ်ပျက် နောက်စိတ်ကမဂ်။ ရှေ့စိတ်ဖြစ်ပျက်က ဒုက္ခသစ္စာ၊ နောက်စိတ်မဂ်က ဝိပဿနာမဂ္ဂသစ္စာ"လို့ ဟောထားပါတယ်။ စိတ်က ၁၃-ခုရှိပါတယ်။ တဖက်ပါပုံစံနဲ့ လေ့လာကြည့်ပါ။

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ထိသိစိတ်

— အပြင်ဒွေ့သည် စိတ် (၅)ခု

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

— အတွင်းဒွေ့သည် စိတ် (၆)ခု

၁။ လေကိုသွင်းသောစိတ်
၂။ လေကိုထုတ်သောစိတ်

— အိမ်သည်စိတ် ၂-ခု

## စိတ္တာနုပဿနာရှုပွားနည်း

**အပြင်ဒွေ့သည်စိတ်** -ဆိုတာ အပြင်ဒွါရမှာရှိပြီး အဲဒီမြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ် (ယားနာကောင်းစိတ်) တို့ဟာအမြဲတန်းဖြစ်မနေဘဲ အာရုံဒွါရတိုက်တဲ့အချိန်မှသာ ပေါ်တဲ့တရား၊ ပေါ်ပြီး ချက်ချင်း ပျက်သွားတဲ့ တရားတွေမို့ ဒွေ့သည်နဲ့တူတဲ့အတွက်၊ အပြင် ဒွေ့သည်စိတ် ဟုခေါ်ပေသည်။ အာရုံဒွါရတိုက်ပြီး စစဦးဖြစ်ပေါ်တဲ့စိတ်တွေမို့ **ရှေ့စိတ်** ဟု ခေါ်သည်။

**အတွင်းဒွေ့သည်စိတ်** -ဆိုတာက အပြင်ဒွါရ ၅-နေရာမှာ အာရုံနဲ့ဒွါရတိုက်ပြီး ပေါ်လာတဲ့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ် (ယားနာကောင်းစိတ်)တို့ဟာ ပေါ်တဲ့ နေရာမှာ ချုပ်ပျောက်ပြီး ကာလမခြားဘဲ စိတ်(ဘဝင်)လို့ခေါ်တဲ့ မနောမှာပုံရိပ်ပေါ်ပြီး ကြံတွေးစိတ် ဖြစ်ပေါ်လာပါတယ်။ စိတ်မှာယှဉ်တဲ့ အမှောင်ဓာတ်(အဝိဇ္ဇာ)ရှိသူတွေက -

အပြင်အာရုံတွေကို နှစ်သက်ရင် - - - လောဘစိတ်
အပြင်အာရုံတွေကို မနှစ်သက်ရင် - - - ဒေါသစိတ်နဲ့
အပြင်အာရုံတွေကို နှစ်သက်/မနှစ်သက် ဆိုရင်- မောဟစိတ်တွေ ဖြစ်ပါတယ်။

တစ်ခါ အပြင်အာရုံတွေနဲ့တိုက်ပြီး -

လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်ရင်တော့- - - အလောဘစိတ်
မေတ္တာ၊ ဂရုဏာ စိတ်တွေပေါ်လာရင်တော့ -- -အဒေါသစိတ်တွေ ဖြစ်လာပါတယ်။

အတွင်းဒွါရမှာဖြစ်တဲ့မနောမှာပေါ်ပြီး အမြဲတန်းဖြစ်မနေတဲ့အတွက် ဧည့်သည်နဲ့တူ၍ အတွင်း ဧည့်သည်စိတ်လို့ ခေါ်ခြင်းဖြစ်ပါတယ်။

**အိမ်သည်စိတ်** (၁)လေကိုထုတ်သောစိတ်နဲ့(၂) လေကိုရှူသွင်းသော စိတ်နှစ်ခုကို ခေါ်ပါတယ်။ ဒီစိတ်က အမြဲတမ်းဖြစ်ပါတယ်။ အိပ်ပျော်နေလည်း အသက်ရှူနေပါတယ်။ ဒါကြောင့် အိမ်သည်စိတ်လို့ ခေါ်တာပါ။ လေကိုထုတ်ချင်တဲ့စိတ်၊ လေကိုသွင်းချင်သော စိတ်မရှိပဲနဲ့ အသက်ရှူသွင်း/ထုတ်လို့မရပါဘူး။

အပြင်ဧည့်သည်စိတ် (၅)ခုနဲ့ အိမ်သည်စိတ် (၂)ခုက ရှေ့ကဖြစ်ပေါ်တဲ့စိတ်မို့ ရှေ့စိတ်ဟုခေါ်ပြီး အတွင်းဧည့်သည်စိတ် ၆-ခုကတော့ နောက်မှပေါ်တဲ့အတွက် နောက်စိတ်ဟု ခေါ်ပါတယ်။ ဒါပေမယ့် အဲဒီနောက်စိတ်က အမှောင်ဓါတ်(အဝိဇ္ဇာ)နဲ့ ရှုတဲ့စိတ်ဖြစ်ပါတယ်။ ရှေ့စိတ်၊ နောက်စိတ်ကို ဥပမာပေးပါမယ်။ မေးတဲ့မေးခွန်းကိုဖြေကြည့်ပါ။

မေး။ ။ (၅၀) နဲ့ (၇၀)ပေါင်းရင် ဘယ်လောက်လဲ ?

ဖြေ။ ။ ၁၂၀ -ပါ။

မေး။ ။ ၁၀၀ နဲ့ ၁၀၀ ပေါင်းရင် ဘယ်လောက်လဲ ?

ဖြေ။ ။ ၂၀၀ -ပါ။

(၅၀)နဲ့ (၇၀) ပေါင်းရင်ဘယ်လောက်လဲလို့ မေးလိုက်တဲ့အခါ မေးလိုက်တဲ့အသံနဲ့ နားနဲ့တိုက်ပြီး ကြားစိတ်ပေါ်လာတယ်။ ပြီးရင်ပျက်သွားတယ်။ အဲဒီပေါ်လာတဲ့စိတ်က ရှေ့စိတ်ဖြစ်တယ်။ ကာလမခြားဘဲ မနောမှာ ၅၀ နဲ့ ၇၀ ဆိုတဲ့ ပုံရိပ်တွေပေါ်တယ်။ အဲဒီပုံရိပ်ကို နောက်စိတ်က ပညာအလင်း (လောကီပညာ အလင်းဓာတ်) သွေးသားမှာကိန်းထားတဲ့သူက ၁၂၀ ဆိုတဲ့အဖြေကို သင်္ခါရက္ခန္ဓာက ဆုံးဆုံးဖြတ်ဖြတ် အဖြေထုတ်ပေးလိုက်တယ်။ ဒါကြောင့် ၁၂၀ လို့ပြောနိုင်တာ။ အဲဒီလိုဆုံးဖြတ်ပြီး အဖြေထုတ်ပေးလိုက်တာ (နောက်စိတ်)ပါ။ အဲဒီ အတိုင်းပဲ ဒုတိယမေးခွန်းရဲ့အဖြေ ၂၀၀ ဆိုတာထွက်လာတာဖြစ်ပါတယ်။ အသွေးအသားမှာ လောကီပညာ အလင်းဓာတ် မကိန်းသေးတဲ့သူဆိုရင် အဲဒီမေးခွန်းရဲ့အဖြေမထွက်ပါဘူး။ စာမသင်ဘူးသေးတဲ့ကလေးတစ်ယောက်ကို ပေါင်းခိုင်းရင် အဖြေထွက်ပါ့မလား၊ မထွက်နိုင်

ပါဘူး။ ဒါက လောကီပညာအလင်းနဲ့ နောက်စိတ်ဖြစ်လာပုံကို ရှင်းပြတာပါ။ ဒီတစ်ခါ လောကုတ္တရာပညာအလင်းနဲ့ နောက်စိတ်ဖြင့် ရှုမှတ်ပွားများပုံကိုပြပါ့မယ်။

ဥပမာ- ဈေးထဲရောက်သွားပြီး အင်မတန်လှပတဲ့နာရီတစ်လုံးကိုတွေ့တယ် ဆိုပါတော့ မျက်စိနဲ့ နာရီရဲ့အဆင်းနဲ့တိုက်ပြီး မျက်လုံးမှာမြင်စိတ်ပေါ်တယ်။ ပေါ်ပြီးပျက်သွားတယ်။ ကာလမခြားဘဲ မနောမှာ နာရီရဲ့ပုံသဏ္ဍာန်ပေါ်လာတယ်။ ပေါ်လာတဲ့ပုံရိပ်ကို လောကုတ္တရာ ပညာအလင်း(ဝိဇ္ဇာဓာတ်)မရှိရင် အကောင်အထည် အတုံးအခဲလို့ထင်လိုက်ပါတယ် (ဒိဋ္ဌိ)။ ပြီးရင်ကြည့်နေတာငါလို့ထင်နေတာက (မာန)။ ဒိဋ္ဌိမာနကြောင့် နာရီဆိုတဲ့ အဆင်းအာရုံပေါ်မှာ ကပ်ငြိခြင်းနဲ့ လိုချင်တပ်မက်ခြင်း (တဏှာ)ပေါ်လာပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်ရင် ဥပါဒါန်၊ ကမ္မဘဝဖြစ်ပြီး ဇာတိရမယ်ဆိုတာ ရှင်းပြီးသားမို့ နားလည်မှာပါ။

အဲဒါ အဝိဇ္ဇာအဝိဇ္ဇာဆိုတဲ့ အမှောင်ဓာတ်သတ္တိကိန်းနေသူတစ်ဦးမှာ ပေါ်လာတဲ့ လောဘစိတ်ပါ။ အဲဒီလောဘစိတ်က **နောက်စိတ်**ပါ။ ဝိဇ္ဇာပညာအလင်းနဲ့ရှုမယ်ဆိုရင် -

ပေါ်လာတဲ့နာရီပုံစံပုံရိပ်ကို နေတံ မမ(ငါ့ဟာမဟုတ်)။ နေသောဟမသ္မိ (ငါမဟုတ်)။ နမေသောအတ္တာ (အကောင်အထည်အတုံးအခဲမဟုတ်)။ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ ရှုလိုက်တဲ့စိတ်ဟာ မဂ်စိတ်ပါပဲ။ အဲဒီမဂ်စိတ်ကလည်း ဝိဇ္ဇာပညာအလင်းဓာတ်နဲ့ ရှုလိုက်တဲ့ နောက်စိတ်ပါ။

ရှေ့စိတ်၊ နောက်စိတ် သဘောတရားကို နားလည်လောက်ပါပြီ။

**၇။ အဘိဇ္ဈာဓာတ်ရဲ့သဘောတရား**

အဘိဇ္ဈာဆိုတာ ဒုစရိုက် ၁၀-ပါးထဲမှာတော့ သူတစ်ပါးပစ္စည်းကို မတရားလိုချင်တာလို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ တကယ့်သဘောတရားကတော့ အဘိဇ္ဈာဆိုတာ ရှေ့ရှုကြံစည်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ မလုပ်ခင်က ပြီးချင်နေတာ၊ မသွားခင်က ရောက်ချင်နေတာ စတဲ့သဘောတရားတွေဟာ အဘိဇ္ဈာရဲ့ သဘောတရားတွေပါ။ ဝိပဿနာ အားထုတ်မယ်ဆိုရင် အဲဒီ အဘိဇ္ဈာဓာတ်ရှိနေရင် တရားမရနိုင်ပါဘူး။ ဒါကြောင့် အဘိဇ္ဈာရဲ့ သဘောတရားကို

နားလည်ပြီးအားထုတ်တဲ့အခါမှာ ဖယ်ရှားနိုင်ပါလိမ့်မယ်။ အခုယောဂီတို့ တရားနာနေတယ်၊ တရားသာနာနေပေမဲ့ (တရားပွဲပြီးရင် အိမ်ပြန်ရအုံးမယ်၊ အိမ်ရောက်ရင် သားသမီးတွေကို စာကျက်ခိုင်းရမယ်၊ ရေချိုးရမယ်၊ ထမင်းစားရမယ်)ဆိုတဲ့ သဘောတွေက ယောဂီတို့ဆီမှာ ရှိနေပါတယ်။

ဒါအဘိဇ္ဈာစေတသိက်ရဲ့သဘောတွေပါ။ တရားပွဲပြီးတဲ့အထိ ခိုင်တယ်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိကြီးလဲပါနေပါတယ်။ အနိစ္စ မမြဲတဲ့ခန္ဓာငါးပါးကို နိစ္စလို့ထင်နေတာ ဖြစ်ပါတယ်။ တစ်ချို့ရှိပါတယ်။ တရားအားမထုတ်ခင် အခုငါတစ်နာရီတရားမဖြုတ်ပဲ တရားရအောင် အားထုတ်မယ်။ အဲဒါဥပါဒါန်ဖြစ်သွားပြီ၊ မမြဲတဲ့ခန္ဓာကို မြဲတယ်ခိုင်တယ်လို့ထင်တာ မိစ္ဆာပဿတိစိတ်အမြင်မှားတာပါပဲ။ ယောဂီတို့ထဲမှာ မနက်ဖြန် သေမယ်လို့ထင်တဲ့သူ နောက်တစ်နှစ်မှာ သေမယ်လို့ထင်တဲ့သူ ဘယ်နှစ်ယောက်ပါသလဲ? စဉ်းစားကြည့်ပါ။ မနက်ဖြန် မသေသေးဘူးထင်တော့ သူ့အတွက် မနက်ဖြန်ဆိုတာ အနာဂတ်ရှိနေသလို ရှေ့ရှုကြဲစည်ခြင်းဆိုတဲ့ အဘိဇ္ဈာစေတသိက်လဲရှိနေတယ်။ ထို့အတူပဲ နောက်တစ်နှစ်မှာ မသေဘူးထင်တော့ကာ သူ့အတွက် နောက်တစ်နှစ်ဆိုတာ အနာဂတ်ရှိနေသလို၊ အဘိဇ္ဈာစေတသိက်လည်းရှိနေပါတယ်။

ကာလသုံးပါးလည်းလွတ်ရမယ်။ အဘိဇ္ဈာစေတသိက်လဲမရှိမှဆိုတော့ အားမထုတ်မီ မိမိကိုယ်ကို သံဝေဂ ယူဖို့လိုပါတယ်။ နောက်ပြီးမရဏာနုဿတိကမ္မဋ္ဌာန်းလည်း ပွားစီးဖို့လိုပါတယ်။ ငါအခုနေသေခဲ့သော် အားလုံးကိုစွန့်ခွါသွားရမယ်။ ငါသေရင်ငါ့ကို ဘယ်သူမှလဲ မကယ်နိုင်ဘူး၊ သေချိန်ကိုလဲ အနေကပ်ထားဖို့ လိုပါတယ်။ အသက်တစ်ရှူတစ်ရှိုက်အတွင်းမှာလည်း သေသွားနိုင်တယ်လို့ နှလုံးသွင်းထားရင်၊ သေခါနီး နောက်ဆုံးအချိန်လို့ နှလုံးသွင်းထားရင် သူ့အတွက် အနာဂတ်ဆိုတာမရှိတော့ပါဘူး။ အဘိဇ္ဈာစေတသိက်လဲ ချုပ်သွားပါတယ်။ မနက်ဖြန်ဆိုတာ မရှိတဲ့အတွက် မနက်ဖြန်ကျရင်ဖြစ်ချင်တဲ့ ကာမစ္ဆန္ဒနီဝရဏလည်း မလာတော့ဘူး။ စိုးရိမ်ပူပန်တဲ့ ဗျာပါဒနီဝရဏတွေလည်း မလာတော့ပါဘူး။ မိုးကုတ်ဆရာတော်ဘုရားကြီးက သံဝေဂလင်္ကာဆောင်ပုဒ်လေး ပေးထားပါတယ်။ အဲဒီလင်္ကာဆောင်ပုဒ်က -

* ငါသည်မုချသေရမည် အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ပါတော့မည်။
* လက်ရှိခန္ဓာ မတွယ်တာနှင့် နောင်လာဘဝ မတောင့်တဘဲ၊ ကြောင့်ကြခွဲဖြင့် အမြဲမပြတ်၊ ဝိပဿနာလေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသည့်သူကား အယူမလွဲ ဂတိမြဲ၏။
* မီးစွဲလောင်မှ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်။
* ရွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်။
* ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရအုံး၊ ဘဝအစွန်၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖေါက်မပြန်၊ သောတာပန်စစ်၊ ကေန်ဖြစ်မည်၊ မလစ်ဝိပဿနာအကျိုးပေးတည်း။

## ၈။ အာရုံသိသဘောနှင့်ခန္ဓာ့လမ်းစဉ် (ရှင်းတမ်း)

သတ္တဝါတွေရဲ့သဏ္ဍာန်မှာရှိတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ အပြင်ဒွါရနဲ့ စိတ်(ဘဝင်)လို့ခေါ်တဲ့ အတွင်းဒွါရတွေတိုက်၍ ဖြစ်ပေါ်တဲ့အာရုံသိသဘော(ခန္ဓာငါးပါး) ဖြစ်ပြီးတဲ့နောက် မောဟ(အဝိဇ္ဇာ)နဲ့ အမောဟ(ပညာ/ဝိဇ္ဇာ)တို့က ဆုံးဖြတ်ချက်ချမှုကြောင့် ခန္ဓာငါးပါးအသစ် ထပ်ဖြစ်ရပါတယ်။ ဒါကြောင့်သတ္တဝါတွေကရဲ့ ခန္ဓာသစ်ဖြစ်စေတဲ့ ခန္ဓာ့လမ်းစဉ်လို့ခေါ်ဆိုနိုင်ပါတယ်။

ပုံမှာပါတဲ့အတိုင်း အပြင်ဒွါရဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ (၅)ပေါက်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာဆိုတဲ့ အာရုံ(၅)ပါးနဲ့တိုက်ပြီး မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်ဆိုတဲ့ နာမ်တရားတွေဟာ ဖဿ ပေါင်းဆုံပြီး ဖြစ်လာပါတယ်။ ပေါ်လာတဲ့ နာမ်တရားတွေမှာ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)ဆိုတဲ့ နာမ်ခန္ဓာလေးပါးလည်းပါပြီ၊ တစ်ပေါင်းတည်းဖြစ်၊ တစ်ပေါင်းတည်း ပျက်သွားပါတယ်။ ကျောက်ခဲနှစ်လုံးအားနဲ့ခတ်လိုက်သလို (ဝါ) ကောင်းကင်မှာ လျှပ်စီးလက်သလို ဖဿ(ဘဝင်)နဲ့

ဓမ္မာရုံ(ပုံသဏ္ဌာန်အမူအရာသိ) တိုက်ပြီးကြံတွေးစိတ် ပေါ်လာပါတယ်။ မနောမှာပေါ်တဲ့ ခန္ဓာငါးပါး ဖြစ်ပါတယ်။ အဲဒီခန္ဓာငါးပါးကတော့ -

၁။ စိတ်(ဘဝင်)နဲ့ ဓမ္မာရုံ(ပုံသဏ္ဌာန်အမူအယာ)တွေက ရုပ် (ရူပက္ခန္ဓာ)

၂။ (ဒေါမနဿ၊ သောမနဿ၊ဥပေက္ခာ)ဆိုတဲ့ ခံစားမှုတွေက ဝေဒနာ (ဝေဒနက္ခန္ဓာ)

၃။ မှတ်သားတတ်တဲ့သဘောက သညာ (သညက္ခန္ဓာ)

၄။ ပြုပြင်တတ်တဲ့သဘောက သင်္ခါရ (သင်္ခါရက္ခန္ဓာ)

၅။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘအဒေါသနဲ့ ကြံတွေးစိတ်တွေက ဝိညာဏ် (ဝိညာဏက္ခန္ဓာ)

အာရုံသိသဘောနှင့် ခန္ဓာလမ်းစဉ်



ရုပ်ခန္ဓာက(၁)ပါး၊ နာမ်ခန္ဓာက (၄)ပါး အားလုံးခန္ဓာငါးပါးဖြစ်ပါတယ်။ အဲဒီမနောမှာ ပေါ်တဲ့အာရုံသိသဘောခန္ဓာငါးပါးကို သင်္ခါရက္ခန္ဓာက ဆုံးဖြတ်ချက်ချတဲ့ အခါမှာ-

(၁) (မောဟ/အဝိဇ္ဇာ) အမှောင်ဓာတ်နဲ့ ဆုံးဖြတ်ချက်ချတာရယ်

(၂) (အမောဟ/ဝိဇ္ဇာ) ပညာအလင်းဓာတ်နဲ့ ဆုံးဖြတ် ချက်ချတာရယ်လို့ နှစ်မျိုးရှိပါတယ်။

## (က) (မောဟ/အဝိဇ္ဇာ) အမှောင်ဓာတ်နဲ့ဆုံးဖြတ်ချက်ချခြင်း

(မောဟ/အဝိဇ္ဇာ)ဆိုတာ သတ္တဝါတွေရဲ့စိတ်မှာယှဉ်တဲ့ အမှောင်ဓာတ်လို့ ခေါ်ပါတယ်။ အမှောင်ဓာတ်အားများရင် အမှားများသလို အမှောင်ဓာတ် အားနည်းရင် နည်းသလို အမှားနည်းပါတယ်။ ဆုံးဖြတ်ချက်ချတဲ့အခါမှာလည်း အမှောင်များရင် များများမှား၍ ဆုံးဖြတ်ချက်ချတတ်ပြီး၊ နည်းရင် နည်းနည်းမှားပြီး ဆုံးဖြတ်ချက်ချပါတယ်။ အမှောင်ဓာတ်ရှိတဲ့သူဟာ စိတ် (ဘဝင်)မှာဖြစ်တဲ့ ခန္ဓာငါးပါး (အာရုံသိသဘော)ရဲ့ မနောမှာ ပေါ်တဲ့ဓမ္မာရုံ (ပုံသဏ္ဌာန်အမှုအရာ)ကို တကယ့်အကောင်အထည်၊ အတုံးအခဲလို့ ထင်လိုက်ပါတယ်။




ဥပမာ- 'မိမိနေတဲ့အိမ်' လို့ ပြောလိုက်တယ်ဆိုရင် နားနဲ့ အသံနဲ့တိုက်ပြီး ကြားစိတ်ပေါ်ပါတယ်။ ကာလမခြားဘဲ အဲဒီပေါ်လာတဲ့ပုံ သဏ္ဌာန်ကို ဓမ္မာရုံလို့ ခေါ်ပါတယ်။ ဓမ္မာရုံဆိုတာ သဘောမျှဖြစ်သော အာရုံဖြစ်ပါတယ်။ အဲဒီပုံသဏ္ဌာန် ပေါ်လာရခြင်းဟာ နားနဲ့အသံ

ကြားလို့တိုက်ပြီး စိတ်ကညွတ်လိုက်တဲ့အတွက် အာပေါဖွဲ့စည်းခါတ်ကြောင့် ဖြစ်ပေါ်လာတဲ့ အဌကလရုပ်(၈)ပါးနဲ့ပေါင်းစုပြီး ရုပ်မှုန်ရုပ်ပွားလေးတွေ ဖွဲ့စည်း ပေါ်လာခြင်းသာဖြစ်ပါတယ်။ အကောင်အထည်၊ အတုံးအခဲ၊ အသက်ဝင်လှုပ်ရှားမှုရှိတယ်လို့ ထင်လိုက်ပါတယ်။ မှားယွင်းသော အယူ(ဒိဋ္ဌိ)ဖြစ်သွားပါတယ်၊ စိတ်အမြင်မှားဆိုတဲ့ မိစ္ဆာပဿတိကြောင့် အကောင်အထည် ထင်ရခြင်းဖြစ်ပါတယ်။

အဲဒီလိုအကောင်အထည်၊ အတုံးအခဲ၊ သက်ဝင်လှုပ်ရှားတယ်လို့ထင်တဲ့ (ဒိဋ္ဌိ)ကြောင့် ကြားလိုက်တာ''ငါလို့ထင်လိုက်တဲ့(မာန)ဆိုတာဖြစ်ပေါ်လာပါတယ်၊ ဒိဋ္ဌိနဲ့မာနကြောင့်ပေါ်လာတဲ့ အာရုံပေါ်မှာကပ်ငြိခြင်းဆိုတဲ့ (တဏှာ)ကူးသွားပါတယ်။ တဏှာဖြစ်ရင် ဥပါဒါန်၊ ကမ္မဘဝသည် လှုပ်စစ်ခါတ်လိုက်သလို အင်မတန်လျင်မြန်တဲ့အတွက် ကမ္မဘဝကြောင့် ဇာတိဆိုတာ ထပ်ရတာပါ။ ဇာတိရရင်ခန္ဓာငါးပါးရတဲ့အတွက် ဇရာ(အိုခြင်း)၊ မရဏ(သေခြင်း)တရားတွေက မလွတ်တော့ပါဘူး၊ ကမ္မဘဝကြောင့်ရတဲ့ ဇာတိတွေကို ကြည့်မယ်ဆိုရင်မောဟ အမှောင် ဆုံးဖြတ်ချက်ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပေါ်ပြီး အဝိဇ္ဇာအမှောင်ခါတ်ကြောင့် အောက်ပါ လောင်ကျွမ်းမှု(၂)ခု ဖြစ်နိုင်ပါတယ်။

(၁) အပူခါတ်နဲ့လောင် (အကုသိုလ်စိတ်ဖြစ်ပါတယ်)

(၂) အအေးခါတ်နဲ့လောင် (ကုသိုလ်စိတ်တွေဖြစ်ပါတယ်)

### (၁) အပူခါတ်နဲ့လောင်တယ်ဆိုတာ

(က) ပေါ်လာတဲ့ပုံရိပ်ကိုခံစားပြီးမကျေနပ်လို့ ဒေါသစိတ်ဖြစ်ရင် ငရဲဇာတိ။

(ခ) ပေါ်လာတဲ့ပုံရိပ်ကိုခံစားပြီးအမှန်အတိုင်းမသိလိုက်လို့ မောဟစိတ်ဖြစ်ရင် တိရစ္ဆာန်ဇာတိ။

(ဂ) ပေါ်လာတဲ့ပုံရိပ်ကိုခံစားပြီးသဘောကျလို့ လောဘစိတ်ဖြစ်ရင် ပြိတ္တာဇာတိ။

(ဃ) ရှုနေတာ(ငါ)လို့ထင်တဲ့(မာန) ဖြစ်လာရင် အသူရကာယ်ဆိုတဲ့ အပါယ် လေးဘုံကိုရောက်စေတဲ့ ဇာတိတွေဖြစ်ရပါတယ်။

### (၂) အအေးဓါတ်နဲ့လောင်တယ်ဆိုတာ

(က) အလောဘဆိုတဲ့ ဒါန/သီလ ဆောက်တည်တဲ့စိတ်ကြောင့် လူ/နတ် ဇာတိ။

(ခ) အဒေါသဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာကြောင့် ဗြဟ္မာ ဇာတိဆိုတာတွေရပါတယ်။

ကောင်းတဲ့သုဂတိဘုံတွေဖြစ်ပေမယ့် အိုနာသေ မလွတ်တဲ့အတွက် ဒုက္ခသစ္စာရနေတာပါ။ လူနတ်ဗြဟ္မာတွေ ဖြစ်နေပေမယ့်လည်း ပြုခဲ့တဲ့ကုသိုလ်ကံသတ္တိအရှိန်ကုန်တဲ့အခါကျရင် အပါယ် လေးဘုံကို ပြန်ကျနိုင်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်လည်တဲ့လမ်းသာ ဖြစ်ပါတယ်။

### (ခ) (အမောဟ/ပညာ) အလင်းဓာတ်နဲ့ဆုံးဖြတ်ချက်ချခြင်း

(အမောဟ/ပညာ) အလင်းဓာတ်ဆိုတာ သာသနာပကာလမှာမရှိပါဘူး၊ မြတ်စွာ ဘုရား ပွင့်တော်မူပြီးမှသာသိနိုင်တဲ့ တရားသာဖြစ်ပါတယ်။ ဒါကြောင့်မိုးကုတ်ဆရာတော် ဘုရားကြီးက တစ်သံသရာနဲ့ တစ်နားလို့ဟောခဲ့ပါတယ်။ ဆိုလိုတာကတော့ တစ်သံသရာလုံးမှာ ဒီတစ်ခါသာ ကြားရတဲ့တရားလို့ ဟောခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုအခွင့်ကောင်းနဲ့ ကြုံလို့မှ မနာကြား၊ မယူလိုက် ဘူးဆိုရင် နောက်မဆုံးနိုင်တဲ့ သံသရာမှာဆက်ပြီးတော့ မြုပ်မျောပေါ်မျော မျောရပေဦးမည်။ (အမောဟ/ပညာ) ဆိုတာဟာ သတ္တဝါတွေရဲ့ စိတ်မှာယှဉ်တဲ့ အလင်းဓာတ်ကို ခေါ်ပါတယ်။ အလင်းနဲ့ပတ်သက်လို့ ရှေ့ပိုင်းမှာ အလင်းလေးမျိုးရှင်းထားပြီး ဖြစ်ပါတယ်။ လောကီပညာ အလင်းကတော့ သာသနာပ ဘုရားမပွင့်တဲ့ကာလမှာလည်း ရှိပါတယ်။ ဒါကြောင့် လောကုတ္တရာ အလင်းကို ဘုရားပွင့်တုံးရတာမို့ ရခဲတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။ ဘုရားပေးတဲ့ပညာအလင်း နဲ့ရှုမယ်ဆိုရင် စိတ်(ဘဝင်)နဲ့ ဓမ္မာရုံတိုက်လို့ ခန္ဓာငါးပါး (အာရုံသိသဘော)ဖြစ်လာပါတယ်။ မနောမှာပေါ်တဲ့ဓမ္မာရုံ (ပုံသဏ္ဌာန်)ကို အကောင်အထည်အတုံးအခဲ မဟုတ်ကြောင်း "ငါ" မဟုတ်ကြောင်းနဲ့ ငါ့ဥစ္စာ မဟုတ်ကြောင်း ဉာဏ်ကလေးနဲ့သိပေးနေရုံပါ။ ဘုရားက **နေတံမမ** (ငါ့ဟာလို့မပြောကြောင်း)။ **နေသောဟမသ္မိ** (ငါလို့မပြောကြောင်း) **နမေသောမေအတ္တာ** (ငါ့ကိုယ်မဟုတ်၊ အကောင်အထည်အတုံးအခဲ မဟုတ်ကြောင်း) ပြီးရင်သက်ဝင်လှုပ်ရှားမှုမရှိ တဲ့လျှပ်ကဲ့သို့ အငွေ့လိုပျောက်သွားတယ်လို့သိပေး၊ ဆုံးဖြတ်ပေးနေရုံပါ။ သခ်ါရက္ခန္ဓာက ဘုရားပေးတဲ့ ဉာဏ်တော်အလင်းဓာတ်နဲ့ ဆုံးဖြတ်ချက်ချပေးနေခြင်း ဖြစ်ပါတယ်။

အဲဒီလိုဆုံးဖြတ်ပေးနေတဲ့အခါ အကောင်အထည်မဟုတ်မှန်းသိတော့ ဒိဋ္ဌိပြုတ်ပါတယ်။ ''ငါ'' မဟုတ်ကြောင်းသိနေတော့ 'မာန' ပြုတ်ပြီး၊ ငါ့ဟာမဟုတ်ဆိုတော့ တဏှာ ပြုတ်သွားပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးခုစလုံးပြုတ်သွားပါတယ်။ တဏှာပြုတ်တယ်ဆိုတာ တဏှာမလာတာကိုပြောတာပါ။ တဏှာမလာရင် ဥပါဒါန်မဖြစ်၊ ဥပါဒါန်မဖြစ်ရင် ကမ္မဘဝမဖြောက်၊ ကမ္မဘဝမဖြောက်ရင် ဇာတိမလာဘူး၊ ဇာတိမလာရင်ခန္ဓာမရတော့တဲ့အတွက် ဇရာ(အိုခြင်း)၊ မရဏ(သေခြင်း) မရှိတော့ပါဘူး၊ အိုနာသေလွတ်ရာ နိဗ္ဗာန်ပါ။ တဒင်္ဂတဏှာအစပ်ပြတ်ရင် တဒင်္ဂနိဗ္ဗာန်ဖြစ်ပါတယ်။ ကြိမ်ဖန်များစွာ အလင်းစိတ်နဲ့ ဆုံးဖြတ်ချက်ချပေးနေလို့လိုပါတယ်။ ဆုံးဖြတ်ချက်ချရမှာကတော့ ပေါ်လာသမျှပုံရိပ်တွေကို ''ငါ့ဟာမဟုတ်'' ''ငါမဟုတ်'' ''အတုံးအခဲမဟုတ်'' တံလျှပ်ကဲ့သို့ပျောက်သွားတယ်လို့ ရှုမှတ်ပွားများရမှာဖြစ်ပါတယ်။

အဲဒီလိုရှုမှတ်လိုက်တဲ့အခါမှာ အပူဓာတ်၊ အအေးဓာတ်တွေနဲ့ လောင်ကျွမ်းခြင်း မရှိတော့ပါဘူး။ လောင်ကျွမ်းတယ်ဆိုတာ ရင့်ကျက်တဲ့သဘောပါ။(တစ်နည်း) အိုတဲ့သဘောလို့လဲဆိုလို့ရပါတယ်။ လောင်ကျွမ်းမှုနည်းရင် ရင့်ကျက်မှု(အိုမှု)နည်းပါတယ်။ အလင်းဓာတ်အားကောင်းကောင်းနဲ့ရှုမှတ်ရင် တဏှာအစပ်ပြတ်သွားပါမယ်။ တဏှာအစပ်ပြတ်ရတဲ့သဘောက ဒိဋ္ဌိပြုတ်သွားတဲ့အတွက်ဖြစ်ပါတယ်။ ဒိဋ္ဌိအပြီးအပိုင်ပြုတ်သွားရင် သောတာပတ္တိမဂ်ဉာဏ်/ဖိုလ်ဉာဏ်။ ဒိဋ္ဌိအပြီးအပိုင်ပြုတ်ပြီး တဏှာလျော့သွားပြီဆိုရင် သကဒါဂါမိမဂ်ဉာဏ်/ဖိုလ်ဉာဏ်။ တဏှာအပြီးအပိုင်ပြုတ်သွားရင်တော့ အနာဂါမိမဂ်ဉာဏ်/ဖိုလ်ဉာဏ်။ မာနပါအပြီးအပိုင်ပြုတ်သွားရင်တော့ အရဟတ္တမဂ်ဉာဏ်/ဖိုလ်ဉာဏ်တို့ဖြစ်ပါတယ်။ ရဟန္တာလို့ခေါ်ပါတယ်။ ရဟန္တာသွားရင် ၃၁-ဘုံထဲမှာ မနေရတော့ပါဘူး၊ အဲဒီဘဝဟာ နောက်ဆုံးဘဝပါ။ ဒီဘဝပြီးရင် နိဗ္ဗာန်ကိုစံဝင်ရပါမယ်။ ဒါကြောင့်မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင် ကြိမ်ဖန်များစွာ အားထုတ် နှလုံးသွင်းနေဖို့လိုပါတယ်။

သတ္တဝါတွေရဲ့ခန္ဓာလမ်းစဉ်က အရဟတ္တမဂ်/ဖိုလ်ဉာဏ်ရပြီးမှသာ ခရီးလမ်းဆုံးပါတယ်။ လမ်းဆုံးရင် ရွာတွေ့ပါပြီ။ ''နိဗ္ဗာန်''ဆိုတဲ့ သံသရာခရီးလမ်းဆုံးသွားတဲ့ ရွာကြီးဖြစ်ပါတယ်။ အာရုံသိသဘောနှင့် ခန္ဓာ့လမ်းစဉ်ကို နားလည်လောက်ပါပြီ။

## ၉။ ဘဝသုံးမျိုး

ဘဝမှာသုံးမျိုးရှိပါတယ် (၁) ဘဝရယ်၊ (၂) ဘဝမြုံတာရယ်၊ (၃) ဘဝသေတာရယ်လို့ ဖြစ်ပါတယ်။ ဘဝဆိုတာအာရုံသိသဘောလေးတစ်ချက် ဖြစ်ခဲ့ရတာကိုဘဝလို့ ခေါ်ပါတယ်။ အာရုံသိသဘောဆိုတာက ခန္ဓာငါးပါးတစ်ချက်ဖြစ်ခွင့်ရတာပါ။ ခန္ဓာငါးပါးတစ်ချက်ဖြစ်ပေါ်ဖို့ ဒွါရနှင့်အာရုံ တိုက်ပြီးမှ ပေါ်လာရတာ။ နာမ်ခန္ဓာလေးပါးနဲ့ ရုပ်ခန္ဓာတစ်ပါးပေါင်းပြီး တစ်ပြိုင်နက်ဖြစ်၊ တစ်ပြိုင်နက်ပျက်သွားပါတယ်။

ရုပ်ခန္ဓာကမျက်စိတမှိတ် လျှပ်တစ်ပြက်မှာ ကုဋေငါးထောင်ကျော် ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ခဏငယ် သုံးချက်နဲ့ချုပ်ပျောက်ပျက်စီးနေပြီး နာမ်ခန္ဓာလေးပါးကတော့ မျက်စိ တစ်မှိတ်လျှပ်တစ်ပျက်မှာ ကုဋေတစ်သိန်းကျော်ချုပ်ပျောက်ပျက်စီးနေပါတယ်၊ မျက်စိ တစ်မှိတ်ရဲ့ ကုဋေတစ်သိန်းကျော်ပုံတစ်ပုံဆိုတဲ့ အချိန်ကာလကို မှန်းကြည့်ပါ၊ အင်မတန် သေးငယ်သော အချိန်သာ အာရုံသိသဘောခန္ဓာ ဖြစ်ခွင့်ရတဲ့အချိန်ပါ၊ အဲဒီဖြစ်ပေါ်တဲ့ အချိန်လေးကို ဘဝလို့ ခေါ်ပါတယ်၊ ဖြစ်တာပျက်တာတွေကမြန်လွန်းအားကြီးလို့ တစ်ဆက်တည်း ဖြစ်နေတယ်လို့ ထင်နေတာပါ။ မြတ်စွာဘုရားဉာဏ်တော်ကြီးနဲ့သာ သိနိုင်မြင်နိုင်တဲ့ တရားတွေပါ။ ကျွန်ုပ်တို့ ယောဂီတို့ အခုလိုသိခွင့်ရတာကလည်း နည်းတဲ့ပါရမီတွေ ဘုန်းကံတွေ မဟုတ်ပါဘူး၊ ခန္ဓာ ငါးပါးကို မခိုင်မြဲဘူး(အနိစ္စ)၊ ဆင်းရဲတယ်ဆိုတဲ့ (ဒုက္ခ)နဲ့၊ အနှစ်သာရမရှိ အစိုးမရတဲ့ အနတ္တလို့ မြင်တဲ့ ပုဂ္ဂိုလ်ဟာအင်မတိ အင်မတန်ကိုနည်းပါတယ်။ ကိုယ့်ကိုယ်ကို အားပေးပါ၊ "ငါသိတဲ့ အသိတရားတွေဟာ လူတစ်သိန်းမှာတစ်ယောက်မရှိနိုင်ဘူး၊ ဘုန်းကံကြီးလို့သာ သိခွင့်ရခဲ့တာ" လို့ဆင်ခြင်လိုက်ရင် ကိုယ့်ရဲ့ဘဝကို ပိုပြီးကျေနပ်ဝမ်းသာလာပါလိမ့်မယ်၊ ဆက်လက်ကြိုးစား အားထုတ်ဖို့ အင်အားတွေဖြစ်လာမှာပါ။

ဘဝမြုံတယ်ဆိုတာက အိပ်ပျော်နေတဲ့အချိန်မှာ မိမိခန္ဓာက အပြင်ဒွါရ (၅)ခုနဲ့ မနောနဲ့ အဆက်အသွယ်ပြတ်နေတဲ့အတွက် အာရုံသိသဘော ဘာမှမရှိပါဘူး၊ နှစ်ခြိုက်စွာ အိပ်ပျော်နေတဲ့ သူကို လုပတဲ့အဆင်းပြလဲမသိ၊ သာယာတဲ့သီးချင်းဖွင့်ထားလဲမသိ၊ မွှေးကြိုင်တဲ့အနံ့ပေးလဲမသိ၊ ကိုယ်မှာထိနေတဲ့ မွေ့ယာရဲ့ အိစက်ညက်ညောတဲ့သဘောကိုလည်း မသိတော့ပါဘူး၊ အဲဒီအချိန်ကို

ဘဝမြဲတယ်လို့ခေါ်ပါတယ်။ ဘဝသေတယ်ဆိုတာက လူတစ်ယောက်သေလို့ ခန္ဓာငါးပါး ချုပ်သွားရင် အဲဒီလူမှာခံစားခြင်းသဘော၊ အာရုံသိသဘောတွေ မရှိတော့ပါဘူး၊ အာရုံသိသဘောမရှိတော့တဲ့အတွက် ဘဝသေတယ်လို့ခေါ်တယ်၊ လူသေနဲ့လူရှင် ဘာကွာသလဲဆိုရင်-

လူရှင်မှာက···(အာရုံသိသဘော + ကိုယ်လုံးကိုယ်ထည်)ရှိတယ်။
(ခန္ဓာငါးပါး) (ဥတုဇရုပ်)

လူသေမှာက···(အာရုံသိသဘော မရှိတော့ဘူး၊ ကိုယ်လုံးကိုယ်ထည်ကြီးပဲရှိတယ်)
(ခန္ဓာငါးပါး)

၁၀။ ရှုဉာဏ်နှင့်ဗောဓိပက္ခိယတရား

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များသည် ဓမ္မ ္ခန္ဓာပေါင်း (၈၄၀၀၀) ရှိပါတယ်။ အဲဒီဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ကို ပိဋကတ်အနေနဲ့ပုံမယ်ဆိုရင် ၃ပုံရပါတယ်၊ အဲဒီပိဋကတ် ၃ပုံကိုဗောဓိ ပက္ခိယတရား အနေနဲ့(၃၇)ပါးရပါတယ်။ ဗောဓိပက္ခိယတရား

## အရှုဉာဏ် နှင့် ဗောဓိပက္ခိယ တရား



(၃)ပါးကို မဂ္ဂင်အနေနဲ့ခွဲတော့ မဂ္ဂင်(၈)ပါးရပြီး၊ မဂ္ဂင်(၈)ပါးကို သိက္ခာအနေနဲ့ ပြပါဆိုရင် (သီလ၊ သမာဓိ၊ ပညာ)ဆိုတဲ့ သိက္ခာ(၃)ပါးသာရပါတယ်။ ဘာဝနာအနေနဲ့ ရှုမယ်ဆိုရင်တော့ ဘာဝနာတစ်ချက်ပါ။ ဆိုလိုတာက ဘာဝနာတစ်ချက်ပြီးလိုက်ရင် သိက္ခာ(၃)ပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယ(၃၇)ပါး၊ ပိဋကတ်(၃)ပုံ၊ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) အကုန်ပါသွားပြီလို့မှတ်ပါ။

**ဗောဓိပက္ခိယဓမ္မ = သစ္စာလေးပါးကို သိတတ်သော အရိယမဂ္ဂအသင်းအပင်း တရားများ**

**ဗောဓိပက္ခိယတရား (၃၇)ပါး**

| | | |
|---|---|---|
| ၁။ | သတိပဋ္ဌာန် | ၄ -ပါး |
| ၂။ | သမ္မပ္ပဓာန် | ၄ -ပါး |
| ၃။ | ဣဒ္ဓိပါဒ် | ၄ -ပါး |
| ၄။ | ဣန္ဒြေ | ၅ -ပါး |
| ၅။ | ဗိုလ်(ဗလ) | ၅ -ပါး |
| ၆။ | ဗောဇ္ဈင် | ၇ -ပါး |
| ၇။ | မဂ္ဂင် | ၈ -ပါး |
| | | ၃၇ -ပါး |

**သတိပဋ္ဌာန် (၄)ပါး**

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် = ကိုယ်၏အခြင်းအရာကို ရှုမှတ်ခြင်း၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် = ခံစားမှုဝေဒနာကို ရှုမှတ်ခြင်း၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် = စိတ်ကိုရှုမှတ်ခြင်း၊

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် = ဖြစ်ပျက်သဘော(တရား) ကိုရှုမှတ်ခြင်း

**သမ္မပ္ပဓာန် (၄) ပါး**

၁။ အနုပ္ပန္နပါပက = မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ရအောင် လုံ့လပြုခြင်း။

၂။ ဥပ္ပန္နပါပက = ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်သတ်ရန် လုံ့လပြုခြင်း

၃။ အနုပ္ပန္နကုသလ = မပြုရသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားစေရန် လုံ့လပြုခြင်း

၄။ ဥပ္ပန္နကုလ = ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တိုးပွားစေရန် လုံ့လပြုခြင်း။

ဣန္ဒြိယ(၄)ပါး

၁။ ဆန္ဒိဒ္ဓိပါဒ် = တောင့်တခြင်း(ဆန္ဒ)အမှူးပြု၍ရသော သမာဓိ/ပြည့်စုံခြင်း။
၂။ ဝီရိယိဒ္ဓိပါဒ် = လုံ့လပြုခြင်း (ဝီရိယ) အမှူးပြု၍ရသော သမာဓိ/ပြည့်စုံခြင်း။
၃။ စိတ္တိဒ္ဓိပါဒ် = စိတ်ကိုအမှူးထား၍ရသော သမာဓိ/ပြည့်စုံခြင်း။
၄။ ဝီမံသိဒ္ဓိပါဒ် = ဝီမံသ(ပညာ) အမှူးပြု၍ရသော သမာဓိ/ပြည့်စုံခြင်း။

ဣန္ဒြေ(၅)ပါး

၁။ သဒ္ဓိန္ဒြေ = ယုံကြည်မှု၌ အစိုးတရရှိသောတရား။
၂။ ဝီရိယိန္ဒြေ = အားထုတ်မှု၌ အစိုးတရရှိသောတရား။
၃။ သတိန္ဒြေ = အောက်မေ့မှု၌ အစိုးတရရှိသောတရား။
၄။ သမာဓိန္ဒြေ = တည်ကြည်မှု၌ အစိုးတရရှိသောတရား။
၅။ ပညိန္ဒြေ = ပိုင်းခြားသိမှု၌ အစိုးတရာရှိသောတရား။

ဗိုလ်(၅)ပါး

၁။ သဒ္ဓါဗိုလ် = ယုံကြည်မှု၌ အားကောင်းခြင်း။
၂။ ဝီရိယဗိုလ် = အားထုတ်မှု၌ အားကောင်းခြင်း။
၃။ သတိဗိုလ် = အောက်မေ့မှု၌ အားကောင်းခြင်း။
၄။ သမာဓိဗိုလ် = တည်ကြည်မှု၌ အားကောင်းခြင်း။
၅။ ပညာဗိုလ် = ပိုင်းခြားသိမှု၌ အားကောင်းခြင်း။

ဗောဇ္ဈင်(၇)ပါး

၁။ သတိသမ္ဗောဇ္ဈင် = အာရုံကိုမမေ့လျော့ခြင်း။
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် = တရားတို့ကိုစူးစမ်း ဆင်ခြင်ခြင်း။
၃။ ဝီရိယသမ္ဗောဇ္ဈင် = လုံ့လစိုက်ထုတ်ခြင်း။
၄။ ပီတိသမ္ဗောဇ္ဈင် = နှစ်သက်မှုပီတိဖြစ်ခြင်း။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = ငြိမ်းအေးမှုဖြစ်ခြင်း။

၆။ သမာဓိသမ္ဗောဇ္ဈင် = အာရုံတို့၌ မပျံ့လွင့်ဘဲ တည်ကြည်ခြင်း။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်= အာရုံကိုလျစ်လျူရှုခြင်း။

**မဂ္ဂင်(၈)ပါး**

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်စွာ သိခြင်း။
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်စွာကြံစည်ခြင်း။
၃။ သမ္မာဝါစာ = မှန်ကန်စွာပြောဆိုခြင်း။
၄။ သမ္မာကမ္မန္တ = မှန်ကန်စွာပြုလုပ်ခြင်း။
၅။ သမ္မာအာဇီဝ = မှန်ကန်စွာအသက်မွေးခြင်း။
၆။ သမ္မာဝါယာမ = မှန်ကန်စွာအားထုတ်ခြင်း။
၇။ သမ္မာသတိ = မှန်ကန်စွာအောက်မေ့ခြင်း။
၈။ သမ္မာသမာဓိ = မှန်ကန်စွာတည်ကြည်ခြင်း။

**တိပိဋက (ပိဋက သုံးပုံ)**

၁။ သုတ္တန်ပိဋက - လူပုဂ္ဂိုလ် အားလျော်စွာဟောတော်မူသောတရားတော်၊
၂။ ဝိနည်းပိဋက - ရဟန်းတော်များလိုက်နာရန် ဥပဒေပြတရားတော်၊
၃။ အဘိဓမ္မာပိဋက - ထူးကဲသောသဘောတရားများဟောပြသည့်တရားတော်၊

**သိက္ခာသုံးပါး**

၁။ သီလသိက္ခာ - သီလအကျင့်
(သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တို့သည် သီလအကျင့် ဖြစ်သည်)

၂။ သမာဓိသိက္ခာ - သမာဓိအကျင့်
(သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိ အကျင့် ဖြစ်သည်)

၃။ ပညာသိက္ခာ - ပညာအကျင့်
(သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့သည် ပညာအကျင့်ဖြစ်သည်)

ဗောဓိပက္ခိယတရား ၃၇-ပါးပြီး၏။

## ၁၁။ သက္ကာယဒိဋ္ဌိ (၂၀)




### သက္ကာယဒိဋ္ဌိ (၂၀)




"အမေ အမေ မွေးတဲ့ အချိန်တစ်ဆယ်၊ တစ်ဆယ့်ငါးလေးတဲ့ ခန္ဓာကို ရှုခိုင်းတာမဟုတ်၊ အာရုံနဲ့ဒွါရက မွေးတဲ့ခန္ဓာကို ရှုခိုင်းတာဖြစ်တယ်"
(မိုးကုတ်ဆရာတော်ဘုရားကြီး)

သက္ကာယ = အစစ်အမှန်ရှိတဲ့တရား (ခန္ဓာငါးပါး/ရုပ်နာမ် ၂ပါး)
ဒိဋ္ဌိ = " ငါ" ဟုထင်သောအယူမှား

ထို့ကြောင့်သက္ကာယဒိဋ္ဌိသည် အစစ်အမှန်ရှိသော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ငါဟု ထင်သောအယူအဆ ဖြစ်သည်။ ခန္ဓာငါးပါး၊ရုပ်နာမ်နှစ်ပါး ဖြစ်လာရခြင်း၏ အကြောင်းရင်းသည် ကံ၊ စိတ်၊ ဥတု၊ အဟာရ အကြောင်းတရား ၄ ပါးကြောင့်လည်းကောင်း အာရုံနှင့်ဒွါရ တိုက်၍ သော်လည်းကောင်း ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။ ထိုအကြောင်းတရားတွေကြောင့် ပေါ်လာသော ရုပ်နာမ်ကို ငါ၊ ငါ့ဥစ္စာ၊ ငါပိုင်၊ ငါဆိုင်သည်ဟုယူလိုက်သည်မှာ မှားယွင်းသော ဒိဋ္ဌိဖြစ်လေသည်။ ကိုယ်မပိုင်သည့်အရာကို ပိုင်ဆိုင်သည်ဟု ခိုးယူလိုက်ခြင်းဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီးက သက္ကာယဒိဋ္ဌိကို သူခိုးဟုဟောခဲ့သည်။

လောကဥ္စသူတစ်ပါးပိုင်ပစ္စည်းကို ခိုးယူမိပါက ထောင်ကျသလို ပုထုဇဉ်တို့သည်လည်း သူတစ်ပါးပိုင်ဖြစ်သည့် ရုပ်နာမ်ကို ငါပိုင်ငါဆိုင်သည်ဟုခိုးယူမိသော သက္ကာယဒိဋ္ဌိသူခိုးကြောင့် အပါယ်လေးဘုံတည်းဟူသော ထောင်ကိုကျရောက်ခြင်း ဖြစ်ပေသည်။ တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးက ငါပိုင်၊ ငါဆိုင် မဟုတ်ကြောင်း သက္ကာယဒိဋ္ဌိ ဖြုတ်လင်္ကာကို စပ်ပေးခဲ့လေသည်။

" ဤကိုယ်ကာယ၊ တစ်လံမျှဥ္၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏၊ နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကား လိပ်ပြာ၊ ဤကားငါတည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ ခန္ဓာနာမ်ရုပ်မျှသာတည်း"၊

" ခန္ဓာငါးမည်၊ ရုပ်နာမ်သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျှက်၊ ခဏပျက်၏၊ဖြစ်ပျက် နှစ်တန်၊ နိပ်စက်ဒဏ်ကြောင့်၊ အလျှံမစဲ၊ လွန်ဆင်းရဲ၏၊ နိုင်မြဲကျောမာ၊ အနှစ်မပါဘူး၊ ပညာစက္ခု၊ မျှော် ထောက်ရှုသော၊ သူ့သဘာဝ အနိစ္စနှင့်ဒုက္ခ အနတ္တ မှန်လှပါ၏၊ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့ ဘာတစ်ခုမှ မဟုတ်ကြဘူး၊ ဓမ္မသက်သက်ပါတကား"။

## သက္ကာယဒိဋ္ဌိအပါး(၂၀)ဖြစ်ပုံ

ခန္ဓာငါးပါးရှိသည့်အနက် သက္ကာယဒိဋ္ဌိသည် ရူပက္ခန္ဓာပေါ်၌ (၄)ချက် ဝေဒနာက္ခန္ဓာပေါ်၌(၄)ချက် သညာက္ခန္ဓာပေါ်(၄)ချက်သင်္ခါရက္ခန္ဓာပေါ်၌(၄)ချက်နှင့် ဝိညာဏက္ခန္ဓာပေါ်၌ (၄)ချက် ပေါင်း(၂၀) ဖြစ်လေသည်။

သက္ကာယဒိဋ္ဌိအပါး(၂၀)ဖြစ်ပုံနှင့်ခွါပုံအားအောက်ပါအတိုင်း သိရှိနိုင်လေသည်။

| သက္ကာယဒိဋ္ဌိအပါး(၂၀)ဖြစ်ပုံ | သက္ကာယဒိဋ္ဌိအပါး(၂၀)ခွါပုံ |
|---|---|
| ၁။ ပူမှုအေးမှုရုပ်တရားကိုပင်လျှင်(ရူပက္ခန္ဓာ) | ၁။ ပူမှုရုပ်တရားပေါ်၌ သက္ကာယဒိဋ္ဌိခွါပုံ |
| (က) ပူတာဟာငါပဲ | (က) ပူတာဟာငါမဟုတ် |
| (ခ) ငါ့အပူပဲ | (ခ) ငါ့အပူလဲမဟုတ်-(ပူမှုသဘောသဘာဝသာ |
| (ဂ) အပူထဲမှာငါရှိတယ် | (ဂ) အပူထဲမှာငါမရှိရှိတယ်) |
| (ဃ) ငါ့အထဲမှာအပူရှိတယ် စသဖြင့် သက္ကာယဒိဋ္ဌိ (၄)ပါး ဖြစ်တယ်။ | (ဃ) ငါထဲမှာအပူမရှိ |
| ၂။ ကောင်းမကောင်းခံစားသည့်ဝေဒနာကိုပင်လျှင် (ဝေဒနာက္ခန္ဓာ) | ၂။ ဝေဒနာတရားပေါ်၌ သက္ကာယဒိဋ္ဌိခွါပုံ |
| ( က) ခံစားတာငါပဲ | (က) ခံစားတာငါမဟုတ် |
| ( ခ ) ငါခံစားတာပဲ | (ခ)ငါခံစားတာလဲမဟုတ် - ခံစားမှုသဘော |
| ( ဂ ) ခံစားတာထဲငါရှိတယ် | (ဂ)ခံစားတာထဲမှာငါမရှိ သဘာဝသာရှိတယ် |
| (ဃ ) ငါထဲမှာခံစားတာရှိတယ်ဟု သက္ကာယဒိဋ္ဌိ (၄)ပါးဖြစ်တယ်။ | (ဃ) ငါထဲမှာခံစားတာမရှိ |
| ၃။ မှတ်သားတတ်သော သညာတရားစုကိုပင်လျှင် (သညက္ခန္ဓာ) | ၃။မှတ်သားသောသညာတရားပေါ်၌ သက္ကာယဒိဋ္ဌိခွါပုံ |
| ( က) မှတ်သားတာသည်ငါ | (က) မှတ်သားတာသည်ငါမဟုတ် |
| (ခ) ငါမှတ်သားတာ | (ခ) ငါမှတ်သားတာလဲမဟုတ် (ခံစားမှုသဘော) |

(ဂ) မှတ်သားတာထဲမှာငါရှိတယ် (ဂ) မှတ်သားတာထဲမှာငါမရှိသာရှိ၏)

(ဃ) ငါထဲမှာမှတ်သားတာရှိတယ်ဟုသက္ကာယ(ဃ) ငါထဲမှာလဲမှတ်သားတာမရှိ
ဒိဋ္ဌိ(၄)ပါးဖြစ်တယ်

၄။ လျှချင်၊ တန်းချင်၊ ပေးချင်၊ကမ်းချင်၊ပြောင်းချင် ၄။ စေ့ဆော်တတ်သော စေတနာ
ရွေ့ချင်သည့်စေတနာတရားကိုပင်လျှင်(သင်္ခါရက္ခန္ဓာ) သင်္ခါရ တရားပေါ်၌ သက္ကာယ
ဒိဋ္ဌိခွါပုံ

( က) ပြုပြင်တာငါ ( က) ပြုပြင်တာငါမဟုတ်

( ခ ) ငါပြုပြင်တာ (ခ) ငါပြုပြင်တာလဲမဟုတ် -(ပြုပြင်မှု
သဘောသာ)

( ဂ ) ပြုပြင်တာထဲငါရှိတယ် (ဂ) ပြုပြင်တာထဲမှာငါမရှိ ရှိတယ်)

(ဃ ) ငါ့ထဲမှာပြုပြင်တာရှိတယ် စသည်ဖြင့်သက္ကာယ(ဃ ) ငါထဲမှာပြုပြင်တာမရှိ
ဒိဋ္ဌိ(၄)ပါးဖြစ်တယ်

၅။ သိမှုသဘောဝိဉာဏ်စိတ်ကိုပင်လျှင် ၅။ သိမှုဝိဉာဏ်နာမ်တရားပေါ်၌ သက္ကာယဒိဋ္ဌိခွါပုံ
(ဝိညာဏက္ခန္ဓာ)

( က) သိတာငါ (က) သိတာငါမဟုတ်

( ခ ) ငါသိတာ (ခ) ငါသိတာလဲမဟုတ် -(သိမှုသဘောသာ

( ဂ ) သိတာထဲမှာငါရှိတယ် ( ဂ ) သိတာထဲမှာငါမရှိ ရှိတယ်)

(ဃ ) ငါထဲမှာသိတာရှိတယ် ဟုသက္ကာယဒိဋ္ဌိ (၄)ပါး(ဃ ) ငါထဲမှာသိတာမရှိဖြစ်တယ်။

ထို့ကြောင့်ခန္ဓာ(၁)ပါးပေါ်သက္ကာယဒိဋ္ဌိ (၄)ပါးအထက်ပါအတိုင်း သက္ကာယဒိဋ္ဌိအပါး(၂၀) ကိုဖြစ်သည့်အတွက် ခန္ဓာငါးပါးအတွက် သစ္စာဉာဏ်၊ကိစ္စဉာဏ်ဖြင့် ပယ်ပြီးပွားသွားပါက သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်ရလေသည်။ အပါယ်တံခါးပိတ်ပါသည်။

## ၁၂။ ဝိထိစဉ် (ခရီးလမ်းကြောင်း)

ဝိထိစဉ်ကိုရှင်းမယ်ဆိုရင် နာမ်တရားကိုအရင်ရှင်းရပါမယ်။ နာမ်တရားရဲ့ ဖြစ်ပျက်မှု ဟာ ရုပ်တရားထက်စာရင် (၁၇)ကြိမ်ပိုမြန်တယ်။ နာမ်တရားကို မြန်မာလို အများခေါ်ဝေါ်

အနုတ္တမှ (အ) တစ်လုံး




၁။ အတီတဘဝင် – ဘာမှမသိလိုက်။
၂။ ဘဝင်္ဂစလန – အာရုံကိုအနည်းငယ်ထိခိုက်သွားသည်၊ သို့သော်မထင်ရှားပေ။
၃။ ဘဝင်္ဂုပစ္ဆေဒ – ပို၍လှုပ်ရှားလာ၏။ သို့သော် မထင်ရှားပေး။
၄။ ပဥ္စဒွါရာဝဇ္ဇန်း – ဆင်ခြင်လာတော့သည်။
၅။ သောတဝိညာဏ် – ကြားစိတ် (သောတဝိညာဏ်)ပေါ်လာ၏။
၆။ သမ္ပဋိစ္ဆိုင်း – အသံကိုနားစိုက်၏။
၇။ သန္တီရဏ – အထက်ကဆင်ခြင်ခဲ့သည်ကိုစုံစမ်းတော့၏။
၈။ ဝုဋ္ဌော – ကောင်း မကောင်းတိကျစွာဆုံးဖြတ်၏။
၉။ ဇော
၁၀။ ဇော
၁၁။ ဇော
၁၂။ ဇော
၁၃။ ဇော
၁၄။ ဇော
၁၅။ ဇော

(၉–၁၅) ကောင်းလျှင်ကောင်းသလို၊ မကောင်းလျှင်မကောင်းသလို ကျနစွာ အရသာခံစားသော ဇောကြိမ်ဖြစ်၏။

၁၆။ တဒါရုံ
၁၇။ တဒါရုံ

(၁၆–၁၇) ဇောစိတ်ကျပြီး၊ ၄င်းဇောစိတ်ကို အာရုံပြုသည့် တဒါရုံ ၂–ကြိမ်ကျသည်။

ဤသို့လျှင် စိတ်ပေါင်း (၁၇)လုံးတို့သည် မိမိတို့ကိစ္စကို မိမိတို့တာဝန်ကျေအောင် ဆောင်ရွက်သွားသောအခါ (အ) ဟူသောအသံကိုကြားလိုက်ရ၏။

နေကြသည်မှာ စိတ်ဟူ၍၄င်း၊ အသက်ဟူ၍၄င်း၊ ဝိညာဉ်ဟူ၍၄င်း၊ လိပ်ပြာဟူ၍၄င်း၊ အတ္တကလေးဟူ၍၄င်း စသည်ဖြင့် ခေါ်ဆိုနေကြကုန်၏။

၄င်းအသက်၊ ဝိညာဉ်၊ စိတ်၊ လိပ်ပြာ အတ္တကလေးသည် လူတို့၏ကိုယ်ခန္ဓာထဲတွင် ကိန်းအောင်းတည်ရှိနေရာ မွေးသည်ကစ၍ သေသည့်တိုင်အောင် အစဉ်မပျက်တည်ရှိနေသည်ဟု အချို့ပုဂ္ဂိုလ်တို့ ယူဆနေကြကုန်၏။ အမှန်မှာ ထိုစိတ်သည် မွေးသည့်အခါကစ၍ သေသည့် အချိန်တိုင်အောင် တည်မြဲနိုင်သော စိတ်မဟုတ်ချေ။ ၄င်းစိတ်သည် လက်ဖျစ်တစ်တွက်တွင် ကုဋေတစ်သိန်းကျော်ချုပ်၏။ ၄င်းစိတ် အဖြစ်အပျက်မှာ အလွန်လျင်မြန်ရကား ရုပ်ရှင်ပြသော ဓါတ်ကားငယ်ကလေးများမှာ အကူးအပြောင်း မြန်လှသဖြင့် အစမှ အဆုံးအထိ တစ်ဆက်တည်း တစ်ကားတည်း ထင်ရဘိသကဲ့သို့ပင်ဖြစ်၏။

စိတ်၏အဖြစ်အပျက်မှာ ရုပ်ထက်လျင်မြန်သည်။ ရုပ်တစ်ကြိမ်ဖြစ်ပျက်လျှင် (စိတ်) နာမ်တရားသည် (၁၇)ကြိမ်ဖြစ်ပျက်၏။ နာမ်တရားသည် အလွန်ဆန်းကြယ်၏။ ရုပ်တွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟု ၄-မျိုးရှိသကဲ့သို့ နာမ်ခန္ဓာတွင်လည်း-

ဝေဒနာက္ခန္ဓာ၊

သညာက္ခန္ဓာ၊

သင်္ခါရက္ခန္ဓာ၊

ဝိညာဏက္ခန္ဓာ၊

-ဟူ၍ခန္ဓာလေးပါးရှိ၏။ ၄င်းလေးပါးသည် တစ်စုတည်းတစ်ပေါင်းတည်းဖြစ်၍ တစ်ခုကို တစ်ခုမှခွဲ၍ မရစကောင်းချေ။ ထို့ကြောင့် စိတ်တစ်ခုတစ်ခုတွင် နာမ်ခန္ဓာလေးပါး ရှိသည်ကိုသတိပြုထားအပ်၏။ ထို့ကြောင့် စိတ်တစ်ခုဖြစ်တိုင်းဖြစ်တိုင်း၊ ပျက်တိုင်းပျက်တိုင်း နာမ်ခန္ဓာလေးပါးစလုံး အတူတကွဖြစ်ပျက်ချုပ်ငြိမ်းသွားရတော့၏။ ၄င်းနာမ်ခန္ဓာလေးပါး အပေါင်းအစုကိုပင် ''စိတ်'' ဟူ၍ခေါ်ရ၏။

၄င်းစိတ်တစ်ခုတစ်ခုတွင် ပါရှိသော နာမ်ခန္ဓာလေးပါး၏ သတ္တိထူးများမှာ တစ်ခုနှင့် တစ်ခု မတူကြချေ။ ၄င်းလေးပါး၏ သတ္တိထူးများကို သတိပြုအပ်လေသည်။ ဝေဒနက္ခန္ဓာ၏

သင်္ခါရက္ခန္ဓာမှာ- စေ့ဆော်ခြင်း၊ ဝိညာဏက္ခန္ဓာမှာ- သိခြင်း။ ဤသို့လျှင် နာမ်ခန္ဓာ လေးပါးတို့သည် တစ်ခုနှင့်တစ်ခု ကိစ္စဆောင်ရွက်ပုံမှာ မတူကြကြောင်းခွဲခြား သိမှတ်ထားအပ်လေသည်။

သတ္တဝါ့ခံစားရည်မှာ အာရုံ၏အရသာကို ခံစားခြင်း၊ သညာက္ခန္ဓာမှာ-မှတ်သားခြင်း၊

ရူပက္ခန္ဓာတွင်ပါသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောသည် အထည်ဒြပ်ပုံသဏ္ဌာန်မရှိ၊ ဓာတ်သဘာဝသက်သက်မျှသာဖြစ်ဘိသကဲ့သို့ လက်ဖျစ်တစ်တွက်တွင် ကုဋေတစ်သိန်းကျော် ဖြစ်ပျက်သွားသောစိတ် တစ်ခု တစ်ခုသည် ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ နာမ်ခန္ဓာ လေးပါးစီရှိသည်ဆိုသော်လည်း အမှန်မှာ ခါတ်ကြီးလေးပါးကဲ့သို့ပင် အထည်ကိုယ်သဏ္ဌာန်ဒြပ်မရှိ၊ ပကတိသက်သက် သဘာဝခါတ်သဘောမျှသာ ရှိလေသည်။

အထက်တွင်နိယာမတရား(၅)ပါးကိုဖော်ပြခဲ့သည့်အတိုင်း စိတ္တနိယာမသည် အလွန်ဆန်းကြယ်စွာ မိမိတို့တာဝန်ကို မိမိတို့ကိုယ်စီကိုယ်စီ အပိုအလိုမရှိ၊ တိကျစွာ ဆောင်ရွက်နေကြလေသည်။

လူတစ်ယောက်၏နားအနီးမှ လူတစ်ယောက်က ''အနတ္တ'' ဟုရွတ်ဆိုလိုက်သောအခါ စိတ်တွင် တစ်ခါတည်း ''အနတ္တ'' ကိုတစ်ချိန်တည်း ကြားသိလိုက်သည်ဟုထင်ရ၏။ သို့သော် စိတ်သည် အဖြစ်အပျက် လျှင်မြန်ရကား စိတ်တစ်လုံးဖြစ်၍ ပျက်သွားခြင်းသည် ''အနတ္တ''ကို စေ့ငှပြီးစီးအောင် မတည်နေနိုင်ရုံမျှပင်က ''အနတ္တ'' ဆိုသော စကား၏အစဖြစ်သော (အ)ဆိုသောစကားတစ်လုံးဆုံးအောင် မတည်ရှိနိုင်ဘဲ ပျက်စီးခြင်းသို့ ရောက်သွားရလေသည်။

ထို့ကြောင့် ''အနတ္တ'' ဆိုသောစကားတွင် ပထမ (အ) ဆိုသောစကားတစ်လုံးကိုပင် သိရှိနားလည်နိုင်ရန် အကြမ်းအားဖြင့် သဘောပေါက်ရုံလောက်သာ ပြောဆိုရလျှင် စိတ်ပေါင်း (၁၇)လုံးဖြစ်ပျက်သွားမှသာလျှင် (အ)ဆိုသောစကားတစ်လုံးကို ကြားသိလိုက်ရခြင်းဖြစ်၏။ ထို့အတူ (နတ်)ဆိုသောစကားမှလည်း အကြမ်းအားဖြင့် စိတ်အလုံးပေါင်း (၁၇)ကြိမ် ဖြစ်ပျက်သွားပြီးမှသာလျှင် (နတ်)ဆိုသောစကားလုံးကို ကြားသိရခြင်းဖြစ်၏။ ထို့အတူ (တ)ဆိုသော

စကားလုံးမှာလည်း စိတ်(၁၇)ကြိမ် ဖြစ်ပျက်သွားပြီးမှသာလျှင် (တ) ဆိုသော စကားလုံးကို ကြားသိရခြင်း ဖြစ်လေသည်။ ဤတွင်မရှုပ်ထွေးစေရန် တဒနုဝတ္တက မနောဒွါရ ဝီထိ၊ ဝါ- အနုဗန္ဓကမနောဒွါရဝီထိတို့ကို ချန်လှပ်ထားခဲ့၏။

ဤသို့စိတ် ၁၇ လုံးဖြစ်ပျက်ပြီးမှ စကားတစ်လုံးကို သိရှိနိုင်သည်ဆိုရာ၌ စိတ်သည် မွေးကတည်းကစ၍ သေသည့်တိုင်အောင် စိတ်တစ်ခုတည်းမဟုတ်၊ စိတ်ပေါင်းများစွာ မရေမတွက်နိုင်အောင် လက်ဖျစ်တစ်တွက်တွင် ကုဋေတစ်သိန်းကျော် ဖြစ်-ချုပ်-ခြင်းကိုသာ ပဓါနထားကာ ပြောလိုရင်းဖြစ်၍ ဝီထိဖြစ်စဉ်ကို အသေးစိတ်ဤတွင် မပြတော့ပြီ။ အမှန်အားဖြင့် ဝိပဿနာယောဂီပုဂ္ဂိုလ်သည် စိတ်ဝီထိတို့ဖြစ်စဉ် သဘောသဘာဝကို သိအပ်၏။ ထို့ကြောင့်လည်း အထက်တွင် ဝိပဿနာယောဂီသည် သင်္ဂြိုဟ် ၉-ပိုင်းတွင် ပါရှိသော စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ဝီထိပိုင်း၊ ရုပ်ပိုင်းတို့ကိုလေ့လာအပ်၏ဟု ဆိုခဲ့ခြင်းဖြစ်၏။ ယင်းသို့သင်ကြားရမည်ဆိုသော်လည်း အသက်အရွယ်ကြီးရင့်သူတို့အတွက်မှာ စာပုလွေခင်း၍ စာတတ်နေရန်မဆိုလို။ ဆရာကထိုစိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ဝီထိပိုင်း၊ ရုပ်ပိုင်းတို့ကို ကျနစွာ သဘောပေါက်အောင် တစ်ပိုင်းတစ်ပိုင်းကို သုံးလေးရက်စီမျှ ရှင်းလင်းဖော်ပြပေးပါက ပြီးနိုင်ပေ၏။

ယင်းသို့ စိတ် ၁၇-လုံး ဖြစ်ပျက်ပြီးမှ (အ)ဟူသောစကားတစ်လုံးကို သိသည်ဆိုရာ၌ ပထမစိတ်နှင့် ဒုတိယ စိတ်၊ ဒုတိယစိတ်နှင့် တတိယစိတ်၊ တတိယစိတ်နှင့် စတုတ္ထစိတ် စသည်ဖြင့် စိတ်တစ်လုံးနှင့် တစ်လုံးအလုပ်လုပ်ကိုင်ဆောင်ရွက်သွားကြသော တာဝန်များမှာ တစ်စိတ်နှင့်တစ်စိတ် မတူကြချေ။ ထို့ကြောင့် နိယာမတရား ၅-ပါးတို့သည် ပြောမယုံလောက်အောင်ဆန်းကြယ်စွာ မိမိတို့၏ တာဝန်လုပ်ငန်းများကိုတိကျစွာ လုပ်ကိုင်နေကြသည်ဟု ဆိုရခြင်းဖြစ်၏။

(အ) ဆိုသောစကားတစ်လုံးကို စိတ် ၁၇-လုံး ဖြစ်ပျက်ပြီးမှ ကြားသိရသဖြင့် (အ) ဟုဆိုလိုက်သော အချိန် အနည်းငယ်ကလေးကို ၁၇-ပုံ ပုံရပေမည်။ ထို ၁၇-ပုံတွင် ပထမစိတ်မှ နောက်ဆုံးစိတ်အထိ စိတ်တစ်ခုတစ်ခုသည် အချိန်တစ်ကြိမ်ကျ ပိုင်ဆိုင်ရာ ထိုမိမိတို့ ပိုင်ဆိုင်သော အချိန်ကလေးကို စိတ် (၁၇)လုံးသည် ကိုယ်စီကိုယ်ငှ တာဝန်ကျေပွန်အောင်

ဆောင်ရွက်သွားကြခြင်းကြောင့် နောက်ဆုံးစိတ် (၁၇)လုံးစေ့သောအခါ (အ) ဟူသော စကားကို ကြားသိရခြင်းဖြစ်သည်။

(အ)ဟုဆိုလိုက်သောစကားတွင် ပထမကြားလိုက်ရသောစိတ်ကို (၁) အတီတဘဝင်ဟု ခေါ်၏။ ၄င်းစိတ်မှာ အဖြစ်အပျက်မြန်လွန်း၍ (အ)ဆိုသော စကားကို ဘာမျှမသိလိုက်ဘဲ ဖြစ်-ပျက်-ချုပ်-ဆုံး-ကျော်လွန်သွားခြင်းကြောင့် ထိုပထမစိတ်ကို အတီတဘဝင်ဟု ခေါ်ဆိုရ၏။

(၂) ဘဝင်္ဂစလနမှာ အာရုံကို အနည်းငယ်ထိခိုက်သွားသည်မည်၏။ သို့သော် မထင်ရှားသေးချေ။

(၃) ဘဝင်္ဂုပစ္ဆေဒမှာ ပို၍လှုပ်ရှားလာတော့၏။ သို့သော်ထင်ရှားတိကျခြင်း မရှိသေး။

(၄) ပဥ္စဒွါရာဝဇ္ဇန်းသည် (အ)ဆိုသော အသံကို ပထမဖြစ်ပျက်သွားသော စိတ် ၃-လုံးကဲ့သို့ မဟုတ်ဘဲ ဆင်ခြင်လာတော့၏။

(၅) သောတဝိညာဏ်စိတ်သည် သောတပသာဒရုပ်ကို မှီ၍ဖြစ်ခြင်းကြောင့် သောတဝိညာဉ်စိတ်ဖြစ်၏။

(၆) သမ္ပဋိစ္ဆိုင်းသည် (အ) ဆိုသော အသံကို နားစိုက်နေဘိသကဲ့သို့ ခံလင့်လျက်ရှိ၏။

(၇) သန္တီရဏစိတ်သည် အထက်က ဆင်ခြင်ခံလင့်ခဲ့သည်တို့ကို စုံစမ်းတော့၏။

(၈) ဝုဋ္ဌောစိတ်မှာ အထက်ကဖြစ်ပျက်သွားသော စိတ်များဆင်ခြင်ခံလင့် စုံစမ်းသွားသည်တို့ကိုကောင်း၊ မကောင်း တိကျစွာဆုံးဖြတ်တော့၏။

၉ မှ ၁၅ အထိမှာ ဇောစိတ်များဖြစ်ကြ၏။ ဇောစိတ်မှာ အထက်ကဝုဋ္ဌောစိတ်က ဆုံးဖြတ်သွားသည်ကို ကောင်းလျှင်လည်း ကောင်းသည့်အလျောက် မကောင်းလျှင်လည်း မကောင်းသည့်အလျောက် ကျနစွာ အရသာကို ခံစားတော့၏။ ဇောမှာ ၇-ကြိမ်ဖြစ်၏။

(၁၆-၁၇) တဒါရုံမှာ ဇောစိတ်ကျပြီးနောက် ၄င်းဇောစိတ်အရှိန်ကို အာရုံပြု၍ တဒါရုံ ၂-ကြိမ်ကျ၏။ ဤသို့လျှင်စိတ်ပေါင်း ၁၇-လုံးတို့သည် မိမိတို့ကိစ္စကို မိမိတို့တာဝန်ကျေအောင် ဆောင်ရွက်သွားကြသောအခါ၏အဆုံးတွင် (အ) ဟူသောအသံကိုကြားသိလိုက်တော့၏။

ဤသို့လျှင် (နတ်) ဟူသောစကားလုံးတွင်လည်း စိတ် ၁၇-လုံးဖြစ်ပျက် ဆောင်ရွက်သွားကြရ၏။

ထို့အတူ (တ)ဟူသော စကားလုံးကိုလည်း သိရှိနိုင်ရန် စိတ် ၁၇-လုံးဖြစ်ပျက်ဆောင်ရွက်သွားကြရ၏။

ထို့အတူ ကျန်စက္ခုဝိညာဏ်စိတ်စသည်တို့ကိုလည်း ဤကဲ့သို့ပင် စိတ် ၁၇-လုံးစီဖြစ်ပျက်ဆောင်ရွက်သွားပါမှ သိအပ်သည်သာတည်း။

စိတ်၏ဖြစ်ပျက်ဆောင်ရွက်ပုံတို့ကို အထက်ပါအတိုင်း သိရှိပြီး၍ စိတ် ၁၇-ကြိမ်ဖြစ်ပျက်ပါမှ သိအပ်သည်သာတည်း။

စိတ်၏ဖြစ်ပျက်ဆောင်ရွက်ပုံတို့ကို အထက်ပါအတိုင်း သိရှိပြီး၍ စိတ် ၁၇-ကြိမ်ဖြစ်ပျက်ပါမှ ရုပ်တစ်ကြိမ်ဖြစ်ပျက်သည်တို့ကို ရှင်းလင်းစွာ သိရှိနိုင်ရန် တစ်ဖက်တွင် ရုပ်နှင့်နာမ်တွဲလျက် ယှဉ်ပြလိုက်ပေသည်။

## နာမ်နှင့် ရုပ်

နာမ်၁၇-ကြိမ်ပျက်မှ ရုပ်တစ်ကြိမ်ပျက်၏။

| | နာမ်သက် | ရုပ်သက် |
|---|---|---|
| ၁။ | ဝ-အတီတဘဝင် | ဥပါဒ် |
| ၂။ | ဝ-ဘဝင်္ဂစလန | ။ |
| ၃။ | ဝ-ဘဝင်္ဂုပစ္ဆေဒ | ။ |
| ၄။ | ဝ-ပဉ္စဒွါရာဝဇ္ဇန်း | ။ |
| ၅။ | ဝ-သောတဝိညာဉ် | ။ |
| ၆။ | ဝ-သမ္ပဋိစ္ဆိုင်း | ။ |
| ၇။ | ဝ-သန္တီရဏ | ။ |
| ၈။ | ဝ-ဝုဋ္ဌော | ။ |
| ၉။ | ဝ-ဇော | ဌီ |
| ၁၀။ | ဝ-ဇော | ။ |
| ၁၁။ | ဝ-ဇော | ။ |

၁၂။ ဝ-ဇော ဥပါဒ်
၁၃။ ဝ-ဇော ။
၁၄။ ဝ-ဇော ။
၁၅။ ဝ-ဇော ။
၁၆။ ဝ-တဒါရုံ ။
၁၇။ ဝ-တဒါရုံ ဘင်

တစ်ဖက်တွင် နာမ်နှင့်ရုပ်ဖြစ်ပျက်ပုံတို့ကို တွဲပြထားရာ အမြင်အားဖြင့် ကြာသည်ဟု ထင်ရ၏။ အမှန်မှာ စာနှင့်ပြထားခြင်းကြောင့်သာ ရှည်ကြာနေ၏။ ရုပ်ဖြစ်ပုံနှင့် နာမ်ဖြစ်ပျက်ပုံတို့ကား အလွန်လျင်မြန်လှပေ၏။ စာနှင့်ပြခြင်းမှာ ရုပ်ရှင်ပြပွဲတွင် အနေးပြ(စလိုးမိုးရှင်း) နှင့် သဘောချင်းတူလျက်ရှိနေ၏။ အမှန်မှာ အမြန်ဆုံးပန်ကာလည်သည်ထက် ဆပေါင်းများစွာပို၍ လျင်မြန်၏။

ရုပ်နာမ်တို့၏ဖြစ်ပျက်ခြင်းမှာ အဘယ်မျှလျင်မြန်ပါသနည်းဆိုသော် ပွဲကြည့်ရာတွင် ကသည်ကိုလည်း မြင်ရ၏။ ဆိုင်းသံကိုလည်းကြားရ၏။ ဘူးသီးကြော်ဆိုင်မှ အညှော်နံ့လည်းနံ၏။ စားနေသော ချောကလက်ကလည်း စား၍ကောင်းလှ၏။ ဝဲယား၍ကုတ်ရတာကလည်း အရသာရှိ၏၊ ထိုမြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ ခံတွင်းတွေ့ခြင်း၊ ယားခြင်းတို့ကို တစ်ချိန်တည်း စုပေါင်း၍သိသည်ဟု ထင်လိုက်ရ၏။ စင်စစ်ကားစိတ်သည် တစ်ချိန်တည်းတွင် ၂-လုံး၊ ၃-လုံး ပြိုင်၍မဖြစ်၊ အဖြစ်မြန်လှခြင်းကြောင့် တစ်ခုပြီးမှတစ်ခု သိသော်လည်း တစ်ချိန်တည်းတွင် အားလုံးသိလိုက်သည်ဟုထင်ရခြင်း ဖြစ်လေသည်။ ထိုမျှ ရုပ်နာမ်တို့သည် အဖြစ်အပျက်မြန်လှပေ၏။ ဤတွင်ရုပ်နှင့်နာမ်တို့အမြဲမရှိ တစ်ဖြစ်တည်းဖြစ်၍ တပျက်တည်း ပျက်နေသည်မှာ ထင်ရှားရကား ရုပ်နှင့်နာမ်မှာ နိစ္စမဟုတ်၊ အနိစ္စဖြစ်ကြောင်း ယုံမှားဖွယ် မရှိတော့ပြီ။

၁၃။ ဇော (၇) ကြိမ်

ဝိပဿနာအားထုတ်သူယောဂီအတွက် ဝိပဿနာဇောဆိုတာကိုလည်း သိဖို့လိုပါတယ်။

အဘိဓမ္မာအလိုအားဖြင့် ခန္ဓာဖြစ်ပျက်ကို ဇော(၇)ဇောဖြင့်မြင်ပါတယ်။ ဖြစ်ပျက်မြင်တဲ့ ဇော(၇)ဇောတို့သည် ဝိပဿနာဇောတွေကလည်းဖြစ်ပြန်၊ ကုသိုလ်တကာ့ကုသိုလ်တို့တွင်လည်း ဒါန၊သီလ၊ သမထ ကုသိုလ်ဇောတွေထက် အထက်ဆုံးခေါင်ချုပ်ကုသိုလ်ဇော ဖြစ်ပါတယ်၊ ယင်းဝိပဿနာဇော(၇)ဇောတို့အနက် --

၁။ ဝိပဿနာပထမဇော ဖြစ်ပျက်ဒုက္ခသစ္စာကိုမြင်တဲ့နေ့ရက် အချိန်ကစပြီး (၇)ရက်အတွင်း၊ (၇)လအတွင်း၊ (၇)နှစ်အတွင်း မျက်မှောက်ဘဝ၌ ကောင်းကျိုးချမ်းသာဟူသမျှကို အကျိုး ပေးပါလိမ့်မည်။ကပ်ကြီးသုံးပါးနှင့်တကွ ဘေးရန်အန္တရာယ်ခပ်သိမ်းတို့ကို ကာကွယ်ပေးပါသည်။ ဝိပဿနာပထမဇော (တစ်နည်း)**ဒိဋ္ဌဓမ္မ ဝေဒနီယကံ** ဖြစ်ပါတယ်၊ ဒီဇောက မရရှိသေးသောစည်းစိမ်ဥစ္စာဟူသမျှတို့ကို တရားသဖြင့်ရှာဖွေရရှိပြီး အကျိတ်အခဲအမြဲ တည်ပါလိမ့်မယ်။

၂။ ဝိပဿနာသတ္တမဇော(တစ်နည်း) **ဥပပဇ္ဇဝေဒနီယကံ**သည် အခြားမဲ့ဒုတိယဘဝ၌ ကောင်းကျိုးချမ်းသာ ဟူသမျှကို အကျိုးပေးပါလိမ့်မည်။

၃။ အလယ်ဇောငါးချက်မှာ ( ဒုတိယဇော၊ တတိယဇော၊ စတုတ္ထဇော၊ ပဉ္စမဇော၊ ဆဋ္ဌမဇော) တို့ဖြစ်ပြီး **အပရာပရိယဝေဒနီယကံ**လို့လည်း ခေါ်ဆိုနိုင်ပါတယ်၊ ဒီဇောတွေက တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ ကောင်းကျိုးချမ်းသာ ဟူသမျှတို့ကို အကျိုးပေးပါလိမ့်မည်။ ဝိပဿနာ ဇော(၇)ဇော အားလုံးသည်ကား အဟောသိကံဖြစ်တာ တစ်ဇောတစ်လေမှမပါဘဲ သူ့အချိန် သူ့ကာလအလိုက် ပစ္စုပ္ပန်အကျိုးစီးပွားနှင့် နိဗ္ဗာန်တိုင်အောင်အကျိုးပေးမှာ ဖြစ်တဲ့အတွက်၊ တရားအားမထုတ်ရင် မဖြစ်တဲ့ ပဓာနအလုပ်ရယ်လို့ ကြိုးစားအားထုတ်ကြပါလို့ မေတ္တာရှေ့ထားပြီး တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

ဝီထိအပိုင်းမှာ ရှင်းပြထားတဲ့အတိုင်း၊ စိတ်တစ်ခုဖြစ်ပေါ်လာရင် ဇောဆိုတာ (၇)ကြိမ် ဖြစ်ပေါ်လေ့ ရှိပါတယ်။ ဒုစရိုက်(၁၀)ပါးကိုပဲလုပ်လုပ်၊ သုစရိုက်(၁၀)ပါးကိုပဲ လုပ်လုပ် (တစ်နည်း) အကုသိုလ်ပဲလုပ်လုပ်၊ ကုသိုလ်ပဲလုပ်လုပ်၊ အကုသိုလ်လုပ်တော့ အကုသိုလ်ဇော၊ ကုသိုလ်လုပ်တော့ကုသိုလ်ဇောတွေ ဖြစ်ပေါ်နေပါတယ်။ အဲဒီဇောတွေကြောင့် အကျိုးပေးနေတာ ဖြစ်ပါတယ်။

ဇော (၇)ကြိမ်ဆိုတာ-

| | | | |
|---|---|---|---|
| ၁။ ပထမဇော | - | ၁-ဇော | **(ဒိဋ္ဌဓမ္မဝေဒနီယကံ)** |
| ၂။ ဒုတိယဇော | - | | |
| ၃။ တတိယဇော | - | | |
| ၄။ စတုတ္ထဇော | - | အလယ်ဇော ၅-ဇော | **(အပရာပရိယ ဝေဒနီယကံ)** |
| ၅။ ပဉ္စမဇော | - | | |
| ၆။ ဆဋ္ဌဇော | - | | |
| ၇။ သတ္တမဇော | - | ၁-ဇော | **(ဥပပဇ္ဇဝေဒနီယကံ)** |

**ပထမဇော ။ ။** ကိုယ်ပြုလုပ်တဲ့ကံအတိုင်း ပထမဇောက ယခုဘဝမှာ (၇)ရက်၊ (၇)လ၊(၇)နှစ်အတွင်းမှာ အကျိုးပေးမှာဖြစ်ပြီး၊ ဒီအတောအတွင်း အကျိုးမပေးနိုင်ရင်တော့ အဟောသိကံ ဖြစ်သွားပါတယ်။ ဆိုလိုတာက ကုသိုလ်ဖြစ်တဲ့ ဒါနမှုကို ပြုပြီးသော်လည်း ကိုယ်ဆက်လက်ပြုလုပ်နေတဲ့ အကုသိုလ်ကံတွေ၊ ဒါမှမဟုတ် အတိတ်က ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံတွေက ကြီးမားများပြားနေရင်၊ ပထမဇောကဝင်ပြီး အကျိုးပေးလို့ မရတော့ပါဘူး။ (၇)ရက်၊ (၇)လ၊ (၇)နှစ်အတွင်းမှာအကျိုးမပေးနိုင်ရင် ပထမဇောက ပျက်ပြယ်သွားပါတယ်။ အလားတူပဲ အကုသိုလ်ဖြစ်တဲ့ သူတစ်ပါးကိုသတ်မိပြီး၊ ကုသိုလ် ကောင်းမှုတွေ အဆက်မပြတ်ပြုလုပ်နေခြင်းကြောင့်၄င်း၊ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံတွေက အားကြီးနေ၍သော်လည်းကောင်း၊ ကုသိုလ်ကံတွေများနေတဲ့အခါ မိမိသတ်ခဲ့တဲ့ အကုသိုလ်ရဲ့ ဇောကဝင်ပြီးအကျိုးမပေးခဲ့ရင်လည်း ဒီပထမဇောက ပျက်ပြယ်သွားပါမယ်။ ဒီဇောကို **ဒိဋ္ဌဓမ္မဝေဒနီယကံ** လို့လဲခေါ်ပါတယ်။

**သတ္တမဇော ။ ။** ဒီသတ္တမဇောကတော့ ဒုတိယဘဝမှာ အကျိုးပေးမှာဖြစ်ပါတယ်။ ပထမဇောအတိုင်းပါပဲ။ ဒုတိယဘဝမှာ အကြောင်းကြောင်းကြောင့် အကျိုးမပေးနိုင်ခဲ့ရင် ဒီသတ္တမဇောဟာလဲ ပျက်ပြယ်သွားပါတယ်။ ဒီသတ္တမဇောကိုတော့ **ဥပပဇ္ဇဝေဒနီယကံ** လို့လဲခေါ်ပါတယ်။

**အလယ်ဇော ၅-ချက်** ။ ။ ဒီအလယ်ဇော ၅-ချက်ကတော့ တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မချင်းလိုက်ပြီး အကျိုးပေးနေပါတယ်။ အဟောသိကံဖြစ်သည်ဟူ၍မရှိပေ။ ၄င်းကံကို **အပရာပရိယဝေဒနီယကံ** ဟုလဲခေါ်သည်။

" ဇော "ဆိုတာနာမ်တရားဖြစ်ပါတယ်။ နာမ်ဆိုတာ စိတ်ပေါ့။ ကျွန်ုပ်တို့ရဲ့ စိတ်မှာနေ့စဉ်ကြုံစည်၊ စိတ်ကူး၊ တွေးတော၊ သိနေတဲ့ အချိန်တွေတိုင်း (တစ်နည်း) မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးတောစိတ် တွေပေါ်နေတိုင်း "ဇော"တွေ ၇-ကြိမ်ဖြစ်ပေါ်နေပါတယ်။ အဲဒီ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးတောစိတ်တွေကလည်း မိုးလင်းကမိုးချုပ် တရစပ်ဖြစ်ပေါ်နေတော့ မျက်စိတစ်မှိတ်၊ လျှပ်တပြက်အတွင်းမှာတောင် နာမ်တရားဟာ ဖြစ်၊ တည်၊ ပျက် (ဥပါဒ်၊ ဌီ၊ ဘင်) အကြိမ်ပေါင်း ကုဋေတစ်သိန်းကျော်ချုပ်ပျောက် ပျက်စီးတယ်ဆိုရင်၊ တစ်နေ့ကို ဘယ်လောက်ဖြစ်မယ်ဆိုတာ မှန်းဆကြည့်ပါက(ဥပါဒ်၊ ဌီ၊ ဘင်) (ဝါ) ခဏငယ် ၃-ချက်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ပြီးပျက်နေပါတယ်။

ခဏငယ် ၃-ချက်လို့ခေါ်တဲ့ (ဥပါဒ်၊ ဌီ၊ ဘင်) တစ်ခုဖြစ်တိုင်းလဲ "ဇော"က ၇-ကြိမ် ဖြစ်တယ်ဆိုတော့ ကျွန်ုပ်တို့တစ်နေ့တာဖြစ်နေတဲ့ "ဇော"တွေဟာ ဘယ်လောက်များမလဲဆိုတာ ဉာဏ်နဲ့စဉ်းစားသိနိုင်ပါတယ်။ နေ့စဉ်ဒုစရိုက်(၁၀)ပါး၊ ဒုစရိုက်အပါး(၄၀)ကိုလုပ်နေရင်၊ အဲဒီဒုစရိုက် ၁၀-ပါး၊ ဒုစရိုက်အပါး(၄၀)ကို အကျိုးပေးမဲ့ "ဇော"တွေ ဖြစ်ပေါ်နေပြီး၊ အဲဒီ"ဇော"တွေရဲ့လားရာဂတိကတော့ အပါယ်လေးဘုံပါပဲ။ "ကြမ်းကြမ်း **တမ်းတမ်းနဲ့ အပါယ်လေးဘုံကိုသွားတဲ့နည်း**" ပါပဲ။

ဒုစရိုက်(၁၀)ပါးမပြုလုပ်ပေမဲ့လည်း မိမိရဲ့စိတ်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စတဲ့ကိလေသာစိတ်တွေကြောင့်လည်း အကျိုးပေးမဲ့ ဇောတွေဖြစ်နေပြီး၊ အဲဒီ **ဇောတွေရဲ့** လားရာဂတိကလည်း အပါယ်လေးဘုံပါပဲ၊ ဒါကတော့ **"သိမ်သိမ်မွေ့မွေ့နဲ့ အပါယ်လေးဘုံ သွားတဲ့နည်း**" ပါပဲ။

ဒီလိုနဲ့ပဲ ပုထုဇဉ်တွေအားလုံးဟာ အကြမ်းနည်းနဲ့ရော အနုနည်းနဲ့ပါ အပါယ်လေးဘုံ

ကို သွားနေကြပါတယ်။ နေ့စဉ်ဒါနပြု၊ သီလဆောက်တည်၊ ဂုဏ်တော်တွေပွားများ၊ ပဌာန်းတွေရွတ်နေကြသော်လည်း၊ အချိန်ပြည့် ၂၄-နာရီပတ်လုံး၊ တစ်ရက်လုံး၊ တစ်လလုံး၊ တစ်နှစ်လုံး၊ တစ်သက်လုံးပြုလုပ်တဲ့သူ တစ်ယောက်မှမရှိပါဘူး။

ဒါနဆိုတဲ့ ဘုရားဆွမ်းတော်တင်၊ ရေချမ်းကပ်၊ ဆီမီးအမွှေးတိုင်ပူဇော်၊ သံဃာတော်တွေဆွမ်းလောင်း စတဲ့ ပူဇော်လှူဒါန်းမှုတွေပြုလုပ်နေသော်လည်း ၄င်းပြုလုပ်နေတဲ့ အချိန်က ဘယ်နှစ်နာရီရှိသလဲ၊ ပြုလုပ်နေတဲ့ အချိန်ထဲမှာကော ကိလေသာတရားတွေမဝင်နိုင်ဘူးလား၊ ဒါနမှုမပြုတဲ့ကျန်တဲ့အချိန်နဲ့ နှိုင်းစာရင် ကုသိုလ်ဒါနပြုတဲ့အချိန်က အင်မတန်နည်းပါးပါတယ်။ ကုသိုလ်စိတ်ဖြစ်ပေါ်နေတဲ့အချိန်နဲ့ အကုသိုလ်စိတ် ဖြစ်ပေါ်တဲ့အချိန် ဘယ်အချိန်က များနေသလဲ စဉ်းစားကြည့်ပါ။

သီလတရားကိုဆောက်တည်တဲ့ပုဂ္ဂိုလ်ကတော့ ရဟန်းသံဃာ၊ ကိုရင်၊ သီလရှင်တွေကလွဲရင် တစ်လလုံး၊ တစ်နှစ်လုံး၊ တစ်သက်လုံးဆောက်တည်တဲ့ ပုဂ္ဂိုလ်အင်မတန်ရှားပါတယ်။ သီလဆိုတာ ကာယကံနဲ့ ဝစီကံကိုသာ ထိန်းသိမ်းစောင့်ရှောက်တာပါ။ မနောကံမှာဖြစ်နေတဲ့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေကတော့ ပေါ်နေမှာပါပဲ။

သမထတရားဖြစ်တဲ့ ဂုဏ်တော်ပွား၊ ပုတီးစိပ်၊ ပဌာန်းရွတ်၊ ဘုရားရှိခိုးစတဲ့ သမထကုသိုလ်တွေလုပ်နေသော်လည်း သမာဓိကောင်းတဲ့ အချိန်မှာသာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ မဝင်နိုင်ပေမဲ့ သမာဓိ လွတ်တဲ့အချိန်၊ အားထုတ်မှုမရှိတဲ့ အချိန်တွေမှာတော့ ဒီလောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စိတ်တွေဟာ တစ်ခုမဟုတ် တစ်ခုဖြစ်ပေါ်နေပါတယ်။ သမထတရားက ကိလေသာကို သေအောင်မသတ်နိုင်ပါဘူး၊ ခေတ္တငုတ်လျှိုးနေအောင်သာ တတ်နိုင်ပါတယ်။

ဝိပဿနာတရားအားထုတ်မှသာ ကိလေသာတရားတွေသေနိုင်ပါတယ်။ ကိလေသာစိတ်တွေ ပေါ်လာမှာပဲ ပေါ်လာတဲ့ကိလေသာစိတ်တွေကို ဒါတွေဟာဖြစ်ပြီးပျက်တဲ့ တရားတွေပါလားဟု ဉာဏ်ကလေးနဲ့ လိုက်လိုက်သိပြီး ဖြစ်ပျက်ရှုပေးလိုက် ဒါဆိုတဏှာ၊ ဥပါဒါန်၊ ကံဟွေ မဖြောက်တော့ဘူး၊ ကမ္မဘဝတွေမဖြောက်ရင် နောင်ခန္ဓာဖြစ်မဲ့ ဇာတိပဋိသန္ဓေ မလာ

တော့ဘူး၊ ဇာတိပဋိသန္ဓေမရှိရင် ဇရာမရဏဆိုတဲ့ အိုခြင်း၊ သေခြင်းမရှိတော့ပါဘူး။ အိုနာသေ မရှိရာက အသခ်ံတဓါတ် မြတ်နိဗ္ဗာန်ပါပဲ။

နိဗ္ဗာန်ဆိုတာလဲ ပဌမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန်၊ စတုတ္ထနိဗ္ဗာန်ရယ်လို့ လေးမျိုးရှိတော့ ပဌမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန်၊ ရပြီးပေမဲ့ ခန္ဓာအပြတ်မချုပ်ငြိမ်း သေးတဲ့အတွက် ဘဝတွေ ရနေအုံးမှာပါပဲ။ ဒါပေမယ့် ဒုဂ္ဂတိဘုံမှာ ဒုဂ္ဂတိဘဝတော့မဖြစ် တော့ဘူး။ လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာဘုံတွေမှာ သူ့အဆင့်နဲ့သူ နေရပါအုံးမယ်။ လေးမဂ်လေးဖိုလ်ရပြီး ရဟန္တာဖြစ်မှသာ ခန္ဓာဓာတ်သိမ်း ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်ကိုရောက်ပါမယ်။ အနည်းဆုံး ပဌမနိဗ္ဗာန်ရထားရင်တော့ အပါယ်လေးဘုံမကျနိုင်တဲ့အပြင် သုဂတိဘုံတွေမှာ အလွန်ဆုံး (၇)ဘဝသာနေရပြီး နိဗ္ဗာန်ကိုစံဝင်ရမှာဖြစ်တဲ့အတွက် အင်မတန် စိတ်ချလက်ချ နေလို့ရပါပြီ။

ဒါပေမဲ့ မြတ်စွာဘုရားနဲ့ မိုးကုတ်ဆရာတော်ကြီးကတော့ ဒီလိုဘဝတွေထပ်ရတာကို မလိုလားဘူး၊ တစ်ဘဝထဲနဲ့အပြတ်လုပ်စေချင်တယ်။ ဒါကိုလည်း မြတ်စွာဘုရားက ကျင်ကြီး လေးစက်နဲ့ ဥပမာပေးပြီး ဟောထားတယ်။ ''ချစ်သားရဟန်းတို့ မိမိရဲ့သက်န်းမှာ ကျင်ကြီး လေးစက်ပေနေသည်ဆိုပါက သုံးစက်သာလျှော်ပြီး တစ်စက်ကိုနမြော၍ ချန်ထားမည်ဆိုလျှင် ၄င်းတစ်စက်ကြောင့်အနံ့က ပျောက်မည်မဟုတ်ပေ။ အားလုံးကို လျှော်ရပေမည်''ဟု ဟောကြား ထားသဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်လောက်နဲ့ မတင်းတိမ်ဘဲ ရဟန္တာဖြစ်တဲ့အထိ ကြိုးစားအားထုတ်ပါလို့ တိုက်တွန်းတော်မူခဲ့ပေသည်။

ကျွန်ုပ်တို့ရဲ့ စိတ်မှာ အကုသိုလ်စိတ်တွေ အမြဲတမ်းဖြစ်ပေါ်နေတော့ အပါယ်က လွတ်ကော လွတ်နိုင်ပါဦးမလားလို့မေးစရာရှိပါတယ်။ အပါယ်ကျရခြင်းအကြောင်းရင်းဟာ ဒုစရိုက်(၁၀)ပါးကျူးလွန်လို့၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တွေဖြစ်နေလို့ ကျရတာ ဆိုပေမယ့် အဓိကအချက်က အဲဒါတွေမဟုတ်ပါဘူး။ အဲဒီအကုသိုလ်တရားတွေဖြစ်အောင် ဦးစီးဦးဆောင်လုပ်နေတဲ့ ''မိစ္ဆာဒိဋ္ဌိ''ဆိုတဲ့ အယူမှားမှုကြောင့် ဖြစ်ရတာပါ။ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိလုပ်နိုင်ရင် အပါယ်ကျစရာအကြောင်း မရှိတော့ပါဘူး။ မိစ္ဆာဒိဋ္ဌိ (သို့) ဒိဋ္ဌိ ၆၂- ပါးရှိပါတယ်၊ ဒါပေမယ့်ခေါင်းဆောင်(၃)ယောက်ကတော့ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိနဲ့

ဥစ္ဆေဒဒိဋ္ဌိတို့ပါပဲ။ အဲဒီခေါင်းဆောင် ဒိဋ္ဌိ(၃)မျိုးထဲမှာ သက္ကာယဒိဋ္ဌိကိုဖြုတ်နိုင်ရင် ကျန်တဲ့ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိတွေ အလိုလိုပြုတ်သွားပါတယ်။ ဒါကြောင့် ဒိဋ္ဌိအားလုံးတို့ရဲ့ အဓိက ခေါင်းဆောင်ဖြစ်တဲ့ သက္ကာယဒိဋ္ဌိကို နည်း(၃)နည်းနဲ့ဖြုတ်ရပါမယ်။

## ၁၄။ မဂ်တု (၁၀)ပါး

နံက်အရုဏ်ဦး ရောင်နီလာပြီဆိုရင် နေထွက်တော့မယ်ဆိုတာ အားလုံးသိပါတယ်။ အဲဒီလိုပဲ မဂ်အစစ်ကြီး လာတော့မယ်ဆိုရင် မဂ်တုတွေ အရင်လာတတ်ပါတယ်၊ မဂ်တု မလာရင် မဟုတ်ပါဘူး၊ ဒါကြောင့်မဂ်တု (၁၀)ပါးကို မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောကြားထားတဲ့အတိုင်း ဖေါ်ပြပါရစေ။

## မဂ်တု(၁၀)ပါးဝင်လာတတ်

မဂ်အတုတွေဝင်လာရင် မဂ်အစစ်တွေဟာကွယ်ရတော့တာပဲ၊ ထိုမဂ်တုများက (၁၀)ပါးရှိ၏။

| | | |
|---|---|---|
| ၁။ ဩဘာသ | - | အလင်းရောင်ကြီးများ |
| ၂။ ဉာဏ | - | ဉာဏ်တွေထက်မြက်ခြင်း |
| ၃။ ပီတိ | - | ဝမ်းသာမှုလွန်ကဲနေခြင်း |
| ၄။ ပဿဒ္ဓိ | - | ကိုယ်စိတ်ငြိမ်းအေးနေမှု |
| ၅။ သုခ | - | တစ်ကိုယ်လုံးချမ်းသာမှုစိမ့်နေ |
| ၆။ အဓိမောက္ခ | - | လွန်ကဲသောယုံကြည်မှုသဒ္ဓါ |
| ၇။ ပဂ္ဂဟ | - | လုံ့လဝီရိယဖွဲထက်သန်နေ |
| ၈။ ဥပဋ္ဌာန | - | စွဲမြဲသောသတိတွေကောင်းနေ |
| ၉။ ဥပေက္ခာ | - | ဝိပဿနာဥပေက္ခာနှင့်အာဝဇ္ဇနုပေက္ခာတို့ဖြစ်ခြင်း |
| ၁၀။ နိကန္တိ | - | ရှေ့ပိုင်းကိုးမျိုးကိုနှစ်သက်တွယ်တာနေခြင်း |

## မဂ်တု(၁၀)ပါးရှင်းလင်းချက်

၁။ ဩဘာသ - တရားအားထုတ်၍ ဉာဏ်ကောင်းလာတဲ့အခါ သွေးတွေသန့်ရှင်းကြည်လင်လာ၏၊ ဖြစ်ပျက်တွေကိုလည်းမြင်၏၊ ထိုအခါစိတ်ကြောင့်ဖြစ်တဲ့အလင်းရောင်ကြီးပေါ်လာတတ်၏၊ မကျွမ်းကျင်သော ယောဂီက ''ငါ့မှာမဂ်ရပြီ''ဆိုပြီး ထိုအလင်းရောင်ကိုပင် သာယာနေမိ၏၊ အလင်းရောင်ကအပြစ်မဟုတ်၊ သာယာနေမိခြင်းကအပြစ်၊ အလင်းရောင့်ကို မဂ်ဟုထင်နေ၏၊ မဂ်ဟုထင်ရ သည့်အတု၊ မဂ်တု၊တရားတုဖြစ်သည်၊ အတုကိုအစစ်ထင်၍တော်ပြီဟု ကျေနပ်နေ၏၊ ရှေ့ဆက်တရားသားမတက်တော့၊

၂။ ဉာဏ - ဝိပဿနာဉာဏ်တွေအားကောင်းလာပြီးတော့ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို သုံးသပ်တဲ့အခါ ကြည်ကြည်လင်လင် ထင်မြင်နေ၏၊ ဉာဏ်တွေသိပ်ထက်မြက်နေ၏၊ ဖြစ်ပျက်တွေရှင်းရှင်းလင်းလင်းမြင်နေသည် ယခင်လို မဂ်ရပြီဆိုပြီးသာယာနေမိ၏ ရှေ့မတက်တော့။

၃။ ပီတိ - တရားအားထုတ်ခိုက်မှာဝိပဿနာပီတိတွေဖြစ်နေ၏ ပီတိ(၅)မျိုး ဖြစ်တတ်သည်(သို့)အချို့တဝက်ဖြစ်တတ်သည်၊ မဂ်ရပြီဆိုပြီး သာယာနေမိ၏။

၄။ ပဿဒ္ဓိ - ခန္ဓာကိုယ်ငြိမ်းအေးနေတတ်သည်၊ ထိုအခိုက်မှာဆိုလျှင် ကိုယ်ရော စိတ်ရော ပူလောင်မှုမရှိ လေးပင်မှုမရှိ ကြမ်းတမ်းမှုလည်းမရှိ မကျန်းမာမှုလည်းမရှိ ကောက်ကျစ်မှုလည်းမရှိ မဂ်ရပြီဆိုပြီး သာယာနေမိ၏။

၅။ သုခ - ဝိပဿနာသုခဖြစ်နေသည်၊ ထိုအချိန်မှာတစ်ကိုယ်လုံးသုခချမ်းသာတွေစိမ့်ပြီးစီးသွားနေသလိုဖြစ်၏ အလွန်မွန်မြတ်တဲ့ ချမ်းသာတွေဖြစ်နေသည်၊ ''မဂ်ရပြီ''ဟု ဆွဲပြီး သာယာနေမိ၏။ ရှေ့ကိုတရားမတက်တော့။

၆။အဓိမောက္ခ- စိတ်၊စေတသိက်တွေ အလွန့်အလွန်ကြည်လင်ပြီး အင်အားကောင်းတဲ့ သဒ္ဓါဖြစ်လာသည်၊ ဒါကိုမဂ်ဟုထင်ပြီးသာယာနေမိတော့၏။

၇။ ပဂ္ဂဟ - ဝိပဿနာနှင့်ယှဉ်တဲ့လုံ့လဝီရိယကဆိုခြင်းဖြစ်၏၊ ထိုအခိုက်မှာ လျော့လည်းမလျော့လွန်း တင်းလည်းမတင်းလွန်းဘဲ၊ ကောင်းစွာ မြှောက်ကြွနေသော

ဝီရိယမျိုးဖြစ်နေ၏၊ မကျွမ်းကျင်တော့ ဒါ''မဂ်''ဟု ထင်လိုက်ပြီး သာယာနေမိတော့၏။

၈။ ဥပဋ္ဌာန - ဝိပဿနာနှင့်ယှဉ်သောသတိဖြစ်သည်၊ တရားအားထုတ်ခိုက်မှာ ကောင်းစွာဖြစ်ပေါ်သော သတိကိုဆိုလိုခြင်းဖြစ်သည်။ သိပ်ပြီးသတိကောင်း နေသည်ကိုပင် ''မဂ်''ဟုထင်နေမိ၏၊ သာယာနေ၏။

၉။ ဥပေက္ခာ - ဝိပဿနာဥပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ ဟူ၍နှစ်မျိုးရှိ၏

၁၀။ နိကန္တိ - ဝိပဿနာနိကန္တိကို ဆိုလိုသည်၊ လောဘတဏှာဖြစ်သည်၊ ဖေါ်ပြခဲ့ပြီး အလင်းရောင်၊ ဉာဏ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ စသည်တို့ဖြစ်ပေါ်လာတိုင်း သူကနှစ်သက်တွယ်တာနေမိသည်၊ အလွန်သိမ်မွေ့စွာ နှစ်သက်နေခြင်းဖြစ်၏။

ဤသို့(၁၀)မျိုးရှိရာတွင် ရှေ့(၉)မျိုးကားအကုသိုလ်မဟုတ် နောက်ဆုံးတစ်မျိုးသာလျှင် အကုသိုလ် ဖြစ်နေသည် ရှေ့ဆက်အားမထုတ်သောကြောင့် တရားမတက်ခြင်း ဖြစ်ရလေသည်။ ထို့ကြောင့်လာသမျှ မဂ်တုတွေကိုဖြစ်ပျက်ရှုပြီးဖယ်ရှားပစ်ပါ၊ သို့မဟုတ် သူ့ကိုဂရုမစိုက်နဲ့ ကိုယ်ရှုမြဲ ဖြစ်ပျက်နဲ့နေပါတဲ့- မဂ်တုတွေလာခြင်းဟာ လမ်းဆုံးမဟုတ်သော်လည်း ကောင်းသော လက္ခဏာ ဖြစ်ပေသည်၊ သူတို့မလာသေးရင်လည်း မမှန်သေးဘူး လာကိုလာရမယ် လာတဲ့အခါ မဖယ်ရှားတတ်ရင်လည်းမမှန်သေးဘူး၊ ဖယ်ရှားကျော်လွှားတတ်ရမယ်။

## ၁၅။ ဝိပဿနာရှုရမဲ့ခန္ဓာဆိုတာ

ဒီခန္ဓာကြီးမဟုတ်ဘူး၊အခုမြင်နေရတဲ့ခန္ဓာကြီးမဟုတ်ဘူး၊ တလှုပ်လှုပ်သွားနေတဲ့ ခန္ဓာကြီးမဟုတ်ဘူး၊ ငုတ်တုတ်ထိုင်နေတဲ့ခန္ဓာကြီးမဟုတ်ဘူး၊ ပစ္စုပ္ပန်ခန္ဓာ၊ ချိန်သားကိုက် ခန္ဓာ၊ တစ်စက္ကန့်အတွင်းမှာ ရှုဉာဏ်နဲ့တွေ့ရတဲ့ ပစ္စုပ္ပန်ခန္ဓာသာဖြစ်ပါသည်။ ထိုပစ္စုပ္ပန် ခန္ဓာကိုသာ ဉာဏ်နဲ့တွေ့အောင်ရှာပြီးရှုရမည်။

## ခွေးဟောင်တဲ့ခန္ဓာကြီးမဟုတ်ဘူး

အခုမြင်ရတဲ့ခန္ဓာကြီးကအရပ်ရှည်တယ်၊ပုတယ်၊ဝတယ်၊ပြောလို့ရတယ်၊
(ဟိုပစ္စုပ္ပန်ခန္ဓာက ပုတယ်၊ဝတယ်၊ ပိန်တယ်ပြောလို့မရဘူး၊)

အခုမြင်ရတဲ့ခန္ဓာကြီးကအသားဖြူတယ်၊ အသားမဲတယ်၊ လှတယ်မလှဘူး ပြောလို့ရတယ်၊

(ဟိုပစ္စုပ္ပန်ခန္ဓာကပြောလို့မရဘူး)

အခုမြင်နေရတဲ့ခန္ဓာကြီးကသေရင်သုသာန်ကိုထမ်းပို့ရတယ်၊

(ဟိုပစ္စုပ္ပန်ခန္ဓာကအဲဒီလိုထမ်းပို့နေရတာမဟုတ်ဘူး)

အခုမြင်နေရတဲ့ခန္ဓာကြီးကသေရင် မီးရှို့ရတယ်၊မြေမြှုပ်ရတယ်၊ရေမျှောရတယ်၊

(ဟိုပစ္စုပ္ပန်ခန္ဓာကအဲဒီလိုလုပ်ဖို့မလိုဘူး)

အခုမြင်နေရတဲ့ခန္ဓာကြီးကလုံးရပ်သဏ္ဌာန်ပုံဟန်နိမိတ်ရှိတယ်၊

(ဟိုပစ္စုပ္ပန်ခန္ဓာကအဲဒီလိုမရှိဘူး)

တိုတိုပြောရရင် အခုမြင်နေရတဲ့ခန္ဓာကြီးက လမ်းထွက်သွားရင်ခွေးဟောင်တယ်၊ ခွေးအဟောင်ခံရတယ် အဆင်မသင့်ရင်အကိုက်ခံရဦးမယ်၊

(ဟိုပစ္စုပ္ပန်ခန္ဓာကအဲဒီလိုမဟုတ်ဘူး) ရှင်းရှင်းပြောရင်"ခွေးမဟောင်တဲ့ခန္ဓာ"ကွ- ဟုဆရာတော်ကြီးက ဆုံးမခဲ့ပါသည်။

**၁၆။ ကံလေးမျိုး (အမဲအဖြူ မရောတဲ့ကံ အားကိုး)**

၁။ အမည်းကံ - ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ပေါင်း(၁၀)ပါး အဲဒါတွေပျက်ပြားနေပြီ၊(ဒုစရိုက်ကံ-၁၀ပါး)

၂။ အဖြူကံ - သုစရိုက်(၁၀)ပါး

၃။ ၊ခဖြူအမဲရောတဲ့ကံ- (ဒုစရိုက်၊သုစရိုက်ရောတဲ့ကံ)

၄။အဖြူအမဲမရောတဲ့ကံ-မဂ်(၄)ပါးနဲ့ယှဉ်တဲ့ စေတနာကံကိုပြောတာ အကျိုးပေးရင် အဖြူအမဲမရောတာကိုအကျိုးပေးမှာပဲ၊ အဖြူအမဲမရောဆိုတာ "နိဗ္ဗာန်" ကိုအကျိုးပေးမှာ၊ ဒါကြောင့်နံပါတ်(၄)ကံ ဖြစ်အောင်လုပ်ကြ။

## ၁၇။ အဓိပတိသုံးပါး

တရားအားထုတ်ရာမှာ အဓိပတိ(၃)ပါးလက်ကိုင်ထားပြီး အားထုတ်ရပါမယ်။ အတ္တာဓိပတိ၊ လောကာဓိပတိ၊ ဓမ္မာဓိပတိဆိုတဲ့ အဓိပတိ ၃-ပါးကို အဓိကထားပြီး အားထုတ်ရပါမယ်။

### (က)အတ္တာဓိပတိ (မိမိကိုယ်ကို အဓိပတိထား၍အားထုတ်ခြင်း)

ငါသည်စားစရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး၊ နေစရာမရှိလို့တရားအားထုတ်တာမဟုတ်ဘူး၊ ဟိုဘဝဒီဘဝ စည်းစိမ်ချမ်းသာတွေကို လိုချင်လို့ တရားအားထုတ်တာ မဟုတ်ဘူး၊ ယ္ခုဘဝဒုက္ခသစ္စာကြီးကို ကြောက်ရွံ့၍ နောင်ခန္ဓာဒုက္ခသစ္စာကြီးကို မလိုချင်တဲ့အတွက် အားထုတ်တာ ဖြစ်တယ်လို့ နှလုံးသွင်းတာဟာ မိမိကိုယ်ကို အဓိပတိထား၍ အားထုတ်မှုပါပဲ။

### (ခ) လောကာဓိပတိ (သူတစ်ပါးကို အဓိပတိထား၍အားထုတ်ခြင်း)

ငါကတရားလာအားထုတ်နေတာ၊ အားထုတ်နေတဲ့အချိန် ဟိုအကြောင်း ဒီအကြောင်းတွေ တွေးပြီးကိလေသာတွေကြားခိုနေရင် ငါရဲ့ကိုယ်စောင့်နတ်က ငါ့ကို သိနေတယ်၊ ငါ့ကိုယ်စောင့်နတ်သိရင် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်တွေနဲ့တကွ ကမ္ဘာစောင့်နတ်၊ သာသနာတော်စောင့်နတ်တွေလဲ အားလုံးသိကြမယ်၊ အဲဒီလိုသိနေရင် ငါ့အတွက် အင်မတန် ရှက်စရာကောင်းတယ်၊ ဒါကြောင့်တရားကို သေသေချာချာအားထုတ်မှပဲလို့ သူတပါးကို အဓိပတိထားပြီး အားထုတ်တာကို "လောကာဓိပတိ" လို့ခေါ်တယ်။

### (ဂ) ဓမ္မာဓိပတိ (တရားတော်ကို အဓိပတိထားပြီးအားထုတ်ခြင်း)

မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်တွေဟာ တစ်လုံးတစ်ပါဒမျှ မှားတယ်ဆိုတာ မရှိဘူး။ ရှေးရှေး ပွင့်ခဲ့ပြီးသော ဘုရားရှင်များ၊ ပစ္စေကဗုဒ္ဓါများ၊ အဂ္ဂသာဝက၊ မဟာသာဝကများ ရဟန္တာ ရှင်မြတ်များအားလုံးဟာလည်း ဒီတရားတော်ကို ကျင့်ကြံအားထုတ်ခဲ့လို့ တရားထူး တရားမြတ်တွေရပြီး နိဗ္ဗာန်စံဝင်ကြတယ်။ အကာလိကောဆိုတဲ့ အချိန်အခါမလင့် အကျိုးပေးတဲ့

တရားတွေ၊ ဒီတရားတွေကို ငါအားထုတ်လို့မရဘူးဆိုရင် တရားတော်တွေ အပေါ်မှာကော၊ မြတ်စွာဘုရားကိုပါထိခိုက်နိုင်တယ်၊ ဒါကြောင့် မရ ရအောင်အားထုတ်မယ်လို့ တရားတော်ကို အဓိပတိထားပြီး အားထုတ်ရပါမယ်။

**၁၈။ နီဝရဏတရား (၅)ပါး**

**ဝိပဿနာအားမထုတ်မီ နီဝရဏတရားကိုလည်းသိဖို့လိုအပ်ပေသည်။**

နီဝရဏတရားဆိုသည်မှာ ။ ။ မဂ်ဉာဏ်ကို ဖုံးလွှမ်းတဲ့တရား၊ နိဗ္ဗာန်ကို ကန့်ကွက်တဲ့တရား(ဝါ) မဂ်ဖိုလ်ကို ပိတ်ပင်တဲ့တရား၊ (ဝါ) ပဋိစ္စသမုပ္ပါဒ်ဆက်အောင်လုပ်တဲ့တရား ဖြစ်လေ၏။ **၎င်းတရား (၅)ပါးရှိသည်။**

၁။ လောဘကာမစ္ဆန္ဒနီဝရဏ လိုချင်တပ်မက်ခြင်း
၂။ ဒေါသဗျာပါဒနီဝရဏ အမျက်ထွက်ခြင်း(ခန္ဓာကိုယ်ဟာဒယဝတ္ထု၊ နှလုံးသွေးပွက်ပွက်ဆူနေခြင်း)
၃။ ထိနမိဒ္ဓနီဝရဏ ငိုက်မျဉ်းခြင်း (ကိုယ့်စိတ်၊ ကိုယ့်စေတသိက်ကိုမနိုင်ဘဲ ငိုက်သွားခြင်း)
၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ စိတ်ပျံ့လွင့်ခြင်း၊ စိတ်မငြိမ်ခြင်း
၅။ ဝိစိကိစ္ဆာနီဝရဏ သံသယရှိခြင်း၊ ယုံမှားခြင်း တို့ဖြစ်ပေသည်။

**၁၉။ ဣရိယာပထ (၄)ပါး နှင့်ဝိပဿနာပညာ**

တရားအားထုတ်ရာမှာ ဘုရားစင်ရှေ့မှာထိုင်ပြီးအားထုတ်မှ အားထုတ်တာမဟုတ် ပါဘူး၊ အချိန်အခါမရွေး၊ နေရာမရွေး၊ အားထုတ်နိုင်ပါတယ်။ တရားအားထုတ်နိုင်တဲ့ ဣရိယပုထ်(၄)ပါးရှိပါတယ်။

(၁) လျောင်းလျက်အားထုတ်ခြင်း
(၂) ထိုင်လျက်အားထုတ်ခြင်း
(၃) ရပ်လျက်အားထုတ်ခြင်း
(၄) သွားလျက်အားထုတ်ခြင်း တို့ဖြစ်ပါတယ်။

ဝိပဿနာအားထုတ်တယ်ဆိုတာဟာ ရုပ်နာမ်(၂)ခုကို ဉာဏ်တစ်ခုနဲ့ ကြည့်တဲ့ အလုပ်ပါ။ ရုပ်ငြိမ်မှ စိတ်ငြိမ်ပါတယ်၊ ဖန်ခွက်နဲ့ရေလိုပါပဲ၊ ဖန်ခွက်ထဲရေထည့်ပြီး လှုပ်ရှားနေရင် ဖန်ခွက်ထဲမှရေဟာလှုပ်နေပါမယ်၊ ရေကိုငြိမ်သက်စေချင်ရင်တော့ ဖန်ခွက်ကို တည်ငြိမ်အောင် စားပွဲပေါ်တင်ထားလိုက်တဲ့အခါ ရေဟာလဲ တဖြည်းဖြည်းနဲ့ငြိမ်သွားပါတယ်။ အဲဒီအလားတူပါပဲ ရုပ်ဆိုတာဖန်ခွက်နဲ့တူပြီး၊ စိတ်ဆိုတာဖန်ခွက်ထဲကရေနဲ့ တူပါတယ်၊ ရုပ်ကြီးကလှုပ်ရှားနေမယ်ဆိုရင် စိတ်ကလည်းမငြိမ်နိုင်ပါဘူး။ စိတ်မငြိမ်ရင်ရှုမှတ်ဖို့ သမာဓိရခဲပါတယ်၊ ဒါကြောင့် တရားအားထုတ်တဲ့အခါ ထိုင်လျှက်၊ ရပ်လျှက်၊ လျောင်းလျှက် အားထုတ်ကြပါတယ်။ သွားလျှက်အားထုတ်တဲ့အခါမှာလည်း ဖြည်းညင်းစွာ စင်္ကြံသွားလျှောက်ဖို့လိုပါတယ်။ မြန်မြန်ဆန်ဆန်သွားရင် ရှုမှတ်လို့မရနိုင်ပါဘူး၊ ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာ ထိုးခန်းကြိတ်ခန်းကျရင် အနှေးပြစလိုးမိုးရှင်းနဲ့ပြသလိုပါပဲ၊ အဲဒီလိုအနှေးပြနည်းနဲ့ပြလိုက်တော့ လှုပ်ရှားမှု အသေးစိတ်မြင်ရပါတယ်။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ၊ ကြိုက်နှစ်သက်ရာ ဣရိယာပုဒ်နဲ့ အားထုတ်နိုင်ပါတယ်။

ထိုင်တယ်ဆိုရာမှာလည်း တပလ္လင်ခွေထိုင်ထိုင်၊ မိန်းမထိုင်ထိုင်၊ ဒါမှမဟုတ် ကုလားထိုင်ပေါ်မှာပဲထိုင် ထိုင် ရှုမှတ်ပွားများနိုင်ပါတယ်၊ အိပ်ယာပေါ်အိပ်ပြီးလဲ ရှုမှတ်နိုင်ပါတယ်၊ ထိုင်ပုံထိုင်နည်းတို့ဆိုတာ ကြာကြာထိုင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားတဲ့ သဘောဖြစ်ပါတယ်။ အဓိကတော့ နှလုံးသွင်းမှန်ဘို့အဓိကပါ။ ဒါပေမဲ့ ရိပ်သာတို့ တရားစခန်းတို့မှာတော့ တစ်ယောက်တစ်မျိုးထိုင်နေလို့က မသင့်တော်ပါဘူး။ အများနည်းတူ ထိုင်နိုင်အောင် ကြိုးစားရပါမယ်။

တရားအားထုတ်ဘို့အတွက် ထိုင်လျှက်အားထုတ်နည်းကို အဓိကထားပြီးတင်ပြလိုပါတယ်။ ဒီနည်း အတိုင်းနှလုံးသွင်းတတ်ရင်ကြိုက်ရာ ဣရိယာပုထ်နဲ့ မိမိအဆင်ပြေသလို အားထုတ်ပါ။ နှလုံးသွင်းမှန်ဘို့ အဓိကပါ။

နိဗ္ဗာန်ကိုရချင်လို့ ဝိပဿနာ အားထုတ်တယ်ဆိုတာ ''တဏှာအဆက်ဖြတ်''တဲ့ အလုပ်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ တဏှာအဆက်ပြတ်နေရင် ဘယ်ပုံဘယ်နည်းနဲ့ပဲ အားထုတ် ထုတ်ရပါတယ်။ တဏှာအဆက်မပြတ်ရင်တော့ ဘုရားစင်ရှေ့မှာ (၃)၊ (၄) နာရီကြာအောင်

အားထုတ်နေလည်း အလားကားပါပဲ။ ကုသိုလ်သာရပြီး မဂ်ညာဏ်ဖိုလ်ညာဏ်မရနိုင်ပါဘူး။ ဝိပဿနာအားထုတ်ရာမှာ နည်းနှစ်နည်းရှိတယ်။

## ၁။ ဒုဗ္ဗလဝိပဿနာ( အားနည်းသော ဝိပဿနာ )အားထုတ်နည်း

ဒိဋ္ဌိတန်းလန်းနဲ့ ဝိပဿနာအားထုတ်တဲ့နည်းကို ဒုဗ္ဗလဝိပဿနာ အားထုတ်တဲ့နည်းလို့ ခေါ်ပါတယ်။ ကုသိုလ်သာရ၍ နိဗ္ဗာန်မရနိုင်ပေ။

## ၂။ ဗလဝ ဝိပဿနာ ( အားကြီးသော ဝိပဿနာ ) အားထုတ်နည်း

ဒိဋ္ဌိကိုပယ်၍ ဝိပဿနာတရားအားထုတ်တဲ့နည်းကို ဗလဝဝိပဿနာ အားထုတ်နည်းလို့ခေါ်ပါတယ်။ ဒီနည်းကကုသိုလ်လည်းရနိုင်၊ နိဗ္ဗာန်လည်းရနိုင်ပါတယ်။ နိဗ္ဗာန်ကိုလိုချင်ရင်တော့ နံပါတ်(၂) နည်းကိုသုံးရပါတယ်။ ဒိဋ္ဌိတွေကို ခန္ဓာ၊ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ် နည်းစတဲ့နည်းတွေနဲ့ ညာတပရိညာအရ ဖြုတ်ခဲ့ပြီးဖြစ်ပါတယ်။ ရှုမှတ်တဲ့အခါ ဘာကြောင့်ရှုမှတ်တယ်ဆိုတာတော့ ရှေ့ပိုင်းမှာ ရှင်းပြပြီးသားဖြစ်နေပါပြီ။ ရှုမှတ်နည်းကိုသာ အဓိကထားပြီးပေးသွားမှာ ဖြစ်ပါတယ်။ မရှုမှတ်မီ(ပုံ)ကို ကြည့်ပြီးအရင်ရှင်းပါစို့။

ပုံတွင်ပြထားသည့်အတိုင်း ကြည့်မယ်ဆိုရင် (၅)ထိသိခန္ဓာလို့ရေးထားတာက အပြင်ဒွါရတွေဖြစ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် နေရာတွေမှာဖြစ်ပေါ်တဲ့ ခန္ဓာငါးပါးထဲက ကိုယ်ကာယအကြည်မှာ တွေ့ထိစရာနဲ့တိုက်ပြီးပေါ်လာတဲ့ ထိသိခန္ဓာငါးပါး ဖြစ်ပါတယ်။ ကျန်ခန္ဓာတွေကိုတော့ ဧည့်သည်လို့ခေါ်ပြီး (၅)ထိသိခန္ဓာကိုတော့အိမ်သည်လို့ခေါ်ပါတယ်။ ၎င်း ထိသိခန္ဓာ အမြဲတမ်းဖြစ်ပေါ်နေတဲ့အတွက် အိမ်သည်လို့ခေါ်တာဖြစ်ပြီး။ အချိန်မရွေး ပေါ်နေတဲ့အတွက် ရှုမှတ်တာအကောင်းဆုံးပါပဲ။

လူတစ်ယောက်သေခါနီးပြီဆိုရင် ဒွါရ (၆)ပါးဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် (ဘဝင်) ဆိုတဲ့ အကြည်ရုပ်တွေဟာ အစဉ်လိုက်ချုပ်ပါတယ်။

မျက်စိအကြည်က အရင်ချုပ်တယ်၊

ပြီးရင်နားအကြည်ရုပ်၊

ပြီးရင်နှာခေါင်းအကြည်ရုပ်၊

ပြီးရင် လျှာအကြည်ရုပ်၊

ပြီးရင်ကိုယ် အကြည်ရုပ် ချုပ်ပြီး မနောအကြည်ရုပ်ပါချုပ်ပျောက်ပြီးမှ သေတာဖြစ်ပါတယ်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတွေကအစဉ်အတိုင်းအရင်ချုပ်တဲ့အတွက် အဲဒီနေရာတွေပေါ်မှာပေါ်တဲ့ ခန္ဓာတွေကို ရှုလို့မရပါဘူး၊ ကိုယ်အကြည်ကတော့ သေခါနီးနောက်ဆုံးအချိန်ထိ ရှိနေတဲ့အတွက် ရှုရတာ အဆင်ပြေပါတယ်၊ ဒါကြောင့် ထိသိခန္ဓာခေါ် အိမ်သည်ရှုတာအကောင်းဆုံးပါ။ တရားထိုင်တဲ့အချိန်မှာလည်း အတူတူပါပဲ။ မျက်စိမှိတ်ထားတဲ့အတွက်ရှုလို့မရဘူး၊ နားမှာလဲအသံကြားမှရှုလို့ရတယ် အသံကအချိန်ပြည့် မကြားနိုင်ဘူး၊ နှာခေါင်းလဲအတူတူပဲ အနံ့လာမှရှုလို့ရမှာဖြစ်ပါတယ်၊ လျှာမှာလဲပါးစပ် ပိတ်ထားတာဆိုတော့ ရှုဖို့မလိုပါဘူး၊ ကိုယ်မှာကတော့ပေါ်နေတယ် ဒါကြောင့်ကိုယ်မှာ ရှုတာအကောင်းဆုံးပါ။

တရားထိုင်ရင်းအသက်ရှူလိုက်တာနဲ့ မိမိတို့ရဲ့ ရင်ဘတ်တွေမောက်လာတာ၊ နှာသီးဖျားမှာလည်းလေ တိုးထိသွားတာကို သိနေမယ်။ တစ်ပြိုင်နက်မှာပဲ မိမိတို့ရဲ့မနောမှာ မိမိရဲ့မျက်နှာပုံသဏ္ဍာန်၊ ရင်ဘတ်၊ ပုခုံး၊ ကျောပြင်၊ ဝမ်းဗိုက်၊ ခါး၊ တင်ပါး၊ ခြေထောက်၊ ကိုယ်လုံးကိုယ်ထည်တွေပေါ်လာပါတယ်။ မနောမှာ ပေါ်တဲ့ပုံရိပ်တွေက ခပ်ပါးပါးလေးတွေပေါ်လာတာပါ။ ဒါကိုဝိပဿနာပညာနဲ့မရှုဖြစ်ရင် အကောင်အထည်ထင်တဲ့ (ဒိဋ္ဌိ)။ ရှုနေတာငါလို့ထင်တဲ့ (မာန)၊ ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက်၊ ငါ့ရင်ဘတ်၊ ငါ့ပခုံး၊ ငါ့ကျောပြင်၊ ငါ့ကိုယ်လုံးလို့ ထင်လိုက်တာက (တဏှာ)။ တဏှာ၊ မာန၊ ဒိဋ္ဌိ ၃မျိုးစလုံးကူးသွားပါတယ်။

တဏှာဖြစ်ရင်ဥပါဒါန်၊ ကမ္မဘဝတွေဟာ လျှပ်စစ်ခါက်လိုက်သလိုအင်မတန် လျင်မြန်စွာကူးသွားပါတယ်။ ကမ္မဘဝရောက်တာနဲ့ဇာတိဆိုတာရနေပါပြီး၊ ဇာတိရရင်ခန္ဓာငါးပါးထပ်ဖြစ်ပါမယ်၊ ခန္ဓာငါးပါးထပ် ဖြစ်ရင် အို၊ နာ၊ သေ မလွတ်တော့ပါဘူး၊ ဒါကြောင့်အဲဒီလို အို၊ နာ၊ သေလွတ်အောင် ဇာတိမဖြစ်ဖို့-

ဇာတိ မဖြစ်အောင် ကမ္မဘဝ မပြောက်ဘို့
ကမ္မဘဝ မပြောက်အောင် ဥပါဒါန် မလာဘို့
ဥပါဒါန် မလာအောင် တဏှာ၊မာန၊ဒိဋ္ဌိ ကူးဖို့လိုပါတယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိ မကူးအောင်အကောင်အထည်ထင်တဲ့(ဒိဋ္ဌိ)ကို အကောင်အထည် မဟုတ်မှန်းသိပေး၊ ငါလို့ထင်နေတဲ့ (မာန)ကို ငါမဟုတ်ဘူးဆိုတာသိပေး၊ ငါ့ခေါင်း၊ ငါ့ခြေ၊ ငါ့လက်၊ ငါ့ကိုယ်လို့အာရုံကပ်ငြိနေတဲ့ (တဏှာ)ကို ငါ့ဟာမဟုတ်ကြောင်းသိပေးပြီး၊ ပေါ်လာတဲ့ ပုံရိပ်တွေဟာ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ သိပေးနေရုံပါ။




၁ – နေတံမမ (ငါ့ဟာမဟုတ်)
၂ – နေသောဟမသ္မိ (ငါမဟုတ်)
၃ – နမေသောအတ္တာ (အကောင်အထည် အတုံးအခဲမဟုတ်)

အဲဒီလိုပေါ်လာတိုင်း သိပေးလိုက်တဲ့အခါ အကောင်အထည်ထင်တဲ့(ဒိဋ္ဌိ) မလာတော့ပါဘူး၊ (ဒိဋ္ဌိ)မလာ ရင်''ငါ''ဆိုတဲ့မာနမလာ ဘူး၊ ''ငါ''ဆိုတဲ့မာနမလာရင် ''ငါ့ဥစ္စာ၊ ငါ့ဟာ ''လို့ထင်တဲ့ (တဏှာ)လည်းမကူးတော့ပါဘူး၊ တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့တဲ့အတွက် တဏှာအဆက်ပြတ်သွားပါတယ်၊ တဏှာအဆက်ပြတ်သွားရင် အဲဒီလိုရှုမှတ်နေတဲ့အချိန်မှာ တဏှာမရှိ၊ တဏှာကင်းနေပါတယ်၊ တဏှာမရှိရာနိဗ္ဗာန်ပါပဲ။ နိဝါနဆို တာတဏှာမရှိရာတဲ့၊ နိဗ္ဗာန်ကို နိဝါနလို့ခေါ်တယ်။

တဏှာအစပ်ပြတ်နေရင် နိဗ္ဗာန်ဆိုတာသဘောပေါက်လောက်ပါပြီ၊ တဒင်္ဂအစပ်ပြတ်ရင်တဒင်္ဂ နိဗ္ဗာန်ပေါ့၊ ကြိမ်ဖန်များစွာ အစပ်ပြတ်အောင် ကြိမ်ဖန်များစွာအားထုတ် နေဖို့လိုပါတယ်။ ဘယ်လောက် အတိုင်းအတာ၊ ဘယ်လောက်ကြာကြာထိအောင် အားထုတ်ရမလဲလို့မေးရင်တော့ မိုးကုတ်ဆရာတော်ဘုရားကြီးပေးထားသော ဥပမာနဲ့ ပေးပါမယ်-

ခြောက်သွေ့တဲ့ဝါးနှစ်လုံးကို တစ်လုံးနဲ့တစ်လုံးပွတ်တိုက်ပေးပါ၊ ကြာရင်ပူလာပြီး မီးထွက်လာပါလိမ့်မယ်တဲ့။ ခဏတစ်ဖြုတ်ပွတ်တိုက်လိုက်၊ ချထားလိုက်လုပ်နေရင်တော့ ဘယ်တော့မှ မီးထွက်လာမှာမဟုတ်ပါဘူး၊ ပူလာပြီး မီးတောက်ထွက်လာတဲ့အထိအောင် ပွတ်တိုက်ပေးရမယ်လို့ ဟောခဲ့ပါတယ်။

သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ ပညာဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ် ဆိုတဲ့ဗိုလ် ၅ဗိုလ်ထိုက်ပြီး ကျင့်ကြံအားထုတ်မယ် ဆိုရင်ရပါမယ်။ နောက်ပြီးပကတိသာဝကမှာ ပါရမီအပိုင်းအခြားမရှိပါဘူး။ ၇ ရက်၊ ၇ လ၊ ၇ နှစ် အတွင်းလဲရနိုင်တယ်လို့ ဘုရားဟောထားပါတယ်၊ နောက်တစ်ခါ မိုးကုတ်ဆရာတော်ဘုရားကြီးက '' ဖြစ်ပျက်သာမြင်ပါစေ ကိလေသာကြားမခိုဘဲ အားထုတ်မယ်ဆိုရင် ညအားထုတ်မနက်ရတယ် မနက်အားထုတ်ညရတယ်''လို့ ဟောခဲ့ပါသေးတယ်၊ အင်မတန်အားရှိစရာကောင်းပါတယ်။

အဲဒီလို အားထုတ်နိုင်ဖို့အတွက် အလင်းဓါတ်အားကောင်းဖို့လိုပါတယ်၊ ယောဆရာတော်ဘုရားကြီးကတော့ ဉာဏ်ဓါတ်မီးလို့သုံးထားတယ်၊ ဉာဏ်ဓါတ်မီးဆိုတာ စိတ်မှာယှဉ်တဲ့အလင်းဓါတ်(တစ်နည်း)ဝိဇ္ဇာ/ ပညာကိုပြောတာ၊ ဉာဏ်ဓါတ်မီးအလင်းဓါတ်အားကောင်းရင်

ကောင်းသလောက် လျင်မြန်စွာတရားရပါမယ်။ အလင်းဓါတ်အားကောင်းဖို့အတွက် အားတွေဖြည့်ထားရပါမယ်၊ လက်နှိပ်ဓါတ်မီးလိုပဲ ဓါတ်ခဲအားနည်းရင် မြင်ကွင်းကို ကောင်းကောင်းရှင်းရှင်းလင်းလင်း မမြင်နိုင်ပါဘူး။ တစ်နည်းအားဖြင့် အမြင်မရှင်းဘူးဆိုတဲ့သဘောပါ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ ဉာဏ်တွေ တစ်ဆင့်ထက်တစ်ဆင့် အမြင်ရှင်းသွားတာကို ခေါ်တာလို့ ပိုင်းလော့ဆရာတော်ရေးတဲ့ စာအုပ်ထဲမှာ ဆရာတော်ကြီးတစ်ပါး ဟောထားကြောင်း ဖတ်ရပါတယ်။

ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ဉာဏ်တွေအမြင်ရှင်းဖို့အတွက် အလင်းဓါတ်အားကောင်းဖို့လိုပါတယ်၊ ဒါန၊ သီလ၊ သမထ တရားတွေနဲ့လည်းအားဖြည့်ပေးရပါမယ်၊ တရားစာပေတွေလည်း ဖတ်ရှုလေ့လာသင်ယူမှတ်သားရပါမယ်။ တချို့က ပြောကြတယ် ''စာတတ်ဘို့မလိုတဲ့'' အင်မတန်လွဲမှားတဲ့ အယူပါ၊ စာမတတ်လို့ အသိတရားတွေသာ မရှိခဲ့ဘူးဆိုရင် လမ်းကောင်းလမ်းမှန်တောင်မရောက်နိုင်ပါဘူး။ လမ်းမှားရောက်သွားရင် နိဗ္ဗာန်ရဖို့နေနေသာသာ အပါယ်လေးဘုံက တက်စရာကိုလမ်းမမြင်တော့ပါဘူး။ ပိုင်းလော့ဆရာတော်ဘုရားကတော့ လမ်း(၃)လမ်းပြထားပါတယ်။

လမ်း(၃)လမ်း

၁။ **အစုန်လမ်း** - လောကီအာရုံကာမဂုဏ်တွေနဲ့ပျော်ပါးပြီး သားရေး၊ သမီးရေး၊ စီးပွားရေး၊ နေရေးထိုင်ရေးတွေသာ ကြိုးစားအားထုတ်လုပ်ကိုင်နေတဲ့သူတွေ သွားတဲ့လမ်းကိုတော့ အစုန်လမ်းလို့ခေါ်ပါတယ်။ အပါယ်လေးဘုံကို သွားမယ့်လမ်းတွေပါ။

၂။ **အဆန်လမ်း** - ဒါန၊ သီလ၊ သမထ တရားတွေကျင့်ကြံအားထုတ်နေရင်တော့ အဆန်လမ်းဖြစ်ပါတယ်၊ အဆန်လမ်းလို့ခေါ်ရတဲ့အကြောင်းက အစုန်လမ်းကပုထုဇဉ် သွားနိုင်တဲ့လမ်းပါ၊ ထူးထူးခြားခြားဆန့်ကျင် အားထုတ်ပြီး ကျိုးစားလုပ်ကိုင်စရာမလိုပါဘူး၊ အဆန်လမ်းကတော့ ရေဆန်ကိုလှော်တက်သလို အင်အားနဲ့ ရုန်းတက်ပြီး၊ ဆန်တက်ပြီးမှ လုပ်ကိုင်ရတာပါ။ တရားပွဲတစ်ခုသွားဖို့အတွက် သားရေး၊ သမီးရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ကာမဂုဏ်ခံစားမှုအရေးတွေကို ဆန့်ကျင်ပြီးဆန်တက်ပြီးမှ တရားပွဲရောက်နိုင်တာမို့ အဆန်လမ်းလို့ခေါ်တာပါ။ လူ၊ နတ်၊ ဗြဟ္မာထိဖြစ်နိုင်ပါတယ်။

၃။ **နိဗ္ဗာန်လမ်း** - နိဗ္ဗာန်လမ်းကတော့ အကောင်းဆုံးလမ်းပါ၊ လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာတွေမက နိဗ္ဗာန် ချမ်းသာကိုလည်းရနိုင်ပါတယ်၊ သစ္စာတရားတွေ နာကြားကျင့်ကြံ အားထုတ်ဖို့အတွက် တော်ရုံတန်ရုံပါရမီနဲ့ မရနိုင်ပါဘူး၊ ပါရမီဘုန်းကံတွေအင်မတန် ကြီးမားတဲ့သူသာ ရောက်နိုင်ပါတယ်။

## ၂၀။ ဝိပဿနာတရားအားထုတ်ပုံ

ဝိပဿနာတရားအားမထုတ်မီ ပုဗ္ဗကိစ္စများဆောင်ရွက်စရာရှိတာတွေ ကြိုတင်ဆောင်ရွက်ရပါမယ်။ ပြီးမှအားထုတ်ရပါမယ်။

ဝိပဿနာအားမထုတ်မီပြုရန်ကိစ္စများ -

(၁) ဘုရားရှိခိုးရပါမည်၊
(၂) ငါးပါးသီလ(သို့) ရှစ်ပါးသီလ(သို့) အာဇီဝဋ္ဌမကသီလ ဆောက်တည်ရမည်။
(၃) ခင်ပွန်းကြီး(၁၀)ပါးကန်တော့ရန်
(၄) ဆုတောင်းရန် ပြီးလျှင်
(၅) ဉာဏ်နဲ့သက္ကာယဒိဋ္ဌိခွာပါ။
(၆) ရတနာသုံးပါးအားပူဇော်ခြင်း

### တရားထိုင်ရန်ကိုယ်အနေအထားပြုပြင်ခြင်း

(၁) အမျိုးသားများက တင်ပလ္လင်ခွေပြီး၊ အမျိုးသမီးများက မိန်းမထိုင်ထိုင်ပါ။ (ဣရိယာပုတ်ကိုအဆင်ပြေသလိုထိုင်နိုင်ပါသည်)
(၂) တင်ပလ္လင်ခွေထိုင်သည့်အခါ ခြေထိုင်နှစ်ချောင်းကိုထပ်ပြီးမထိုင်ရပါဘူး ။
(၃) လက်နှစ်ဖက်ကိုခြေသလုံးပေါ်၌ ဘယ်ဘက်လက်ပေါ်တွင်ညာဘက်လက်ကို ပက်လက်အနေအထားဖြင့်ထပ်ထားပြီး လက်မနှစ်ခုကိုထိထားရပါမယ်။ အမျိုးသမီးများအနေနှင့် လက်နှစ်ဖက်ကို ဒူးခေါင်းပေါ်၌ ပက်လက် (သို့) မှောက်ခုံထားနိုင်ပါတယ်။
(၄) ထိုင်နေစဉ်ခါးကို ဖြောင့်မတ်စွာထားရပါမယ်။
(၅) ဦးခေါင်းကိုလည်းခါးနှင့် တဖြောင့်မတ်မတ်ထားရှိရပေမည်။
(၆) မျက်စိကိုအလင်းရောင် မမြင်ရရုံ ပိတ်ထားရပါပေမည်။
(၇) ပါးစပ်ကိုလည်း ဟမထားဘဲ ပိတ်ထားရမယ်။

## နမောတဿဘုရားရှိခိုး

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

၃-ခေါက်ရွတ်ဆိုရန်

**အရဟတော**-တစ်ထောင့်ငါးရာကိလေသာတို့မှ ကင်းဝေးသန့်ရှင်းတော်မူ၍ မကောင်းမှုတရားတို့ကို ဆိတ်ကွယ်ရာ၌ပင် ပြုတော်မမူ ပြောတော်မမူ စိတ်တော်မှပင် ကြံစည်တော်မမူသဖြင့် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေထသော၊ **သမ္မာသမ္ဗုဒ္ဓဿ** သစ္စာလေးပါး မြတ်တရားနှင့် အလုံးစုံသောတရားတော်မြတ်တို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် တတ်အပ်ထင်ထင် သိမြင်တော်မူနိုင်ပါပေထသော၊ **တဿဘဂဝတော** ထိုဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ၊

**နမော** ရိုသေမြတ်နိုး မာန်ညွှန့် ချိုး၍ ရှိခိုးခြင်းသည်၊

**အတ္တူဘာဝန္တ** စင်စစ်မသွေဖြစ်ကြပါစေ ကုန်သတည်း . . .။

သာဓု . . . သာဓု . . . သာဓု ။

## အာဇီဝဋ္ဌမကသီလဆောက်တည်ပုံ

မယ်ံဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ တိသရဏေနသဟ အဠင်္ဂသမန္နာဂတံ အာဇီဝဋ္ဌမကသီလံ သမာဒိယာမ . . .။

ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု။

(အာမဘန္တေပါဘုရား )

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။( ၃-ခေါက်ရွတ်ဆိုရန်)

ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ။

ဒုတိယမ္ပိဗုဒ္ဓံသရဏံ ဂစ္ဆာမိ ဒုတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ ဒုတိယမ္ပိသံဃံ သရဏံဂစ္ဆာမိ။

တတိယမ္ပိဗုဒ္ဓံသရဏံဂစ္ဆာမိ တတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

(အာမဘန္တေပါဘုရား)

## အာဇီဝဋ္ဌမကသီလ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏)

၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏)

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါးအိမ်ယာကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ပါ၏)

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
(သူတစ်ပါးအားလိမ်လည်ပြောဆိုခြင်းမှရှောင်ကြဉ်ပါ၏။)

၅။ ပိသုဏာဝါစါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(တစ်ဦးနှင့်တစ်ဦးမတည့်အောင် ဂုံးတိုက်ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၆။ ဖရုသဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(ရိုင်းစိုင်းစွာဆဲရေးပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၇။ သမ္ဖပ္ပလာပဝါစာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏)

၈။ မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(မကောင်းမှုဖြင့် သက်မွေးဝမ်းကြောင်း ရှာဖွေစားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏)

## ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း

တပည့်တော်တို့သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့၏ အပေါ်၌၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတို့၏အပေါ်၌ အဂ္ဂသာဝက၊ မဟာသာဝက၊ ရဟန္တာအရှင်မြတ်ကြီးတို့ အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှား ကျူးလွန်မိသည် ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား ။ ဦး ၃-ကြိမ်ချ ( နဖူးနှင့် ဘုရားခြေဖမိုးတော်ကို ထိတွေ့သကဲ့သို့ အာရုံပြုပြီး ကန်တော့ကြ)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ဂုဏ်ကျေးဇူးကြီးမား ကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့အပေါ်၌၊ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့၏ အပေါ်၌ ဖခင်တို့၏အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှား မိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား . . .။ ဦး ၃-ကြိမ်ချ ( နဖူးနှင့် ရဟန္တာ၊ မိခင်၊ ဖခင်တို့၏ ခြေဖမိုးတော်ကိုထိတွေ့သကဲ့သို့ အာရုံပြုပြီးကန်တော့ကြ)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ကျိုးကြောင်းပြ၍ ဆုံးမပေးတတ်သော ဆရာသမား တို့၏အပေါ်၌ သီလဂုဏ် သမာဓိဂုဏ်ပညာဂုဏ်တို့ကို ဖြည့်ကျင့်လျှက်ရှိကြကုန်သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့၏အပေါ်၌ ဂုဏ်ကျေးဇူး ကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြောပြသ ဆုံးမပေးတတ်သော ဆရာသမားတို့၏ အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည် ရှိခဲ့ပါသော် ထိုအပြစ် တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။ (ဦး ၃-ကြိမ်ချ)

ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် ထမင်းတစ်လုပ်၊ ရေတစ်မှုတ် စသည်ဖြင့် ပေးကမ်းချီးမြင့် ထောက်ပံ့ ဘူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့၏အပေါ်၌ ကာယကံ ဝစီကံ မနောကံ သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိသည်ရှိခဲ့ပါသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏မြတ်စွာဘုရား။ ဦး၃-ကြိမ်ချ။

**ငါးမာန်အောင်မြင်ဘုရားရှိခိုး**

| | | |
|---|---|---|
| ၁။ ငါးမာန်အောင်မြင် | ဘုရားရှင်ကို | ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။(နှစ်ခေါက်စီ) |
| ၂။ ကိလေသာကင်းစင် | ဘုရားရှင်ကို | ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။(နှစ်ခေါက်စီ) |
| ၃။ သစ္စာသိမြင် | ဘုရားရှင်ကို | ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။(နှစ်ခေါက်စီ) |
| ၄။ အနန္တဂုဏ်အင် | ဘုရားရှင်ကို | ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။(နှစ်ခေါက်စီ) |
| ၅။ ငြိမ်းအေးသခင် | ဘုရားရှင်ကို | ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (နှစ်ခေါက်စီ) |

၆။ သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (နှစ်ခေါက်စီ)
၇။ နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (နှစ်ခေါက်စီ)
၈။ ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။ (နှစ်ခေါက်စီ)

သာဓု . . . သာဓု . . . သာဓုပါဘုရား ။

## ဆုတောင်း

ဤကဲ့သို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကံစေတနာတို့ကြောင့် တပည့်တော်တို့သည် အလုံးစုံသော ဘေးရောဂါအန္တရာယ် အသွယ်သွယ်တို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သစ္စာလေးပါးမြတ်တရားကို ကောင်းစွာသိမြင်နိုင်၍ နိဗ္ဗာန်သို့စံဝင်နိုင်သောကိုယ် ဖြစ်ရပါစေသား မြတ်စွာဘုရား။ လောကီမင်္ဂလာ အဖြာဖြာတို့သည်လည်း စိတ်ကြံတိုင်း တောင့်တတိုင်း လွယ်ကူလျှင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်း အေးချမ်းရပါစေသား မြတ်စွာဘုရား ။ ၃-ကြိမ်ကန်တော့ရန်။

## ဉာဏပရိညာဖြင့် နှလုံးသွင်း ဒိဋ္ဌိဖြုတ်ခြင်း

ဤကိုယ်ကာယ တစ်လံမျှဌ် နှစ်ဝနာမ်ရုပ် ဖြစ်၍ချုပ်၏ နာမ်ရုပ်နှစ်ပါးအလွတ်ထား၍ ဤကား လိပ်ပြာ ဤကားငါတည်း ဤမှာဇီဝ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည် ခန္ဓာ နာမ်ရုပ်မျှသာတည်း ။

ခန္ဓာငါးမည် ရုပ်နာမ်သည်ကား မြင့်ရှည်ကာလ မတည်ထဘဲ ခဏဖြစ်လျှက် ခဏပျက်၏ ဖြစ်ပျက်နှစ်တန် နိပ်စက်ဒါဏ်ကြောင့် အလိုမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကြောမာ အနှစ်မပါဘူး၊ ပညာစက္ခု၊ မျှော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စနှင့်ဒုက္ခ အနတ္တ မှန်လှ ပါ၏၊ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတစ်ခုမှ မဟုတ်ကြဘူး ဓမ္မသက်သက်ပါတကား ။

ဤကဲ့သို့ကိုယ်ဟန်အနေအထားကျနပြီဆိုပါက တရားအားထုတ်နိုင်ပါပြီ။

ထိုင်ပြီးအသက်ရှူခြင်းကို ဂရုပြုကြည့်ပါ။ အသက်ရှူလိုက်တာနဲ့ မိမိရဲ့မျက်နှာ အမူအယာ၊ မိမိရဲ့ လည်ပင်း၊ လည်ဂုတ်၊ ရင်ဘတ်၊ ကျောပြင်၊ ဝမ်းဗိုက်၊ မိမိရဲ့ခါး၊ တင်ပါး၊ ခြေထောက်ပိုင်းစတဲ့ ကိုယ်လုံး ကိုယ်ထည်တွေ မနောမှာခပ်ရေးရေး၊ ခပ်ပါးပါးလေး ပေါ်ပါတယ်။ ပေါ်လာတဲ့ပုံရိပ်တွေကို ''ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်၊ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့'' သိပေးနေပါ။ အားလုံးတစ်ပြိုင်နက်ပေါ်မှာ မဟုတ်ပါဘူး။ မျက်နှာအမူအယာတွေပေါ်လိုက် အသက်ရှူလို့ နှာခေါင်းပုံသဏ္ဍာန်တွေ၊ ပါးစပ်ပုံ သဏ္ဍာန်တွေ ပေါ်ချင်ပေါ်မယ် ဝမ်းဗိုက်၊ခါး၊တင်ပါး၊ခြေထောက်ပိုင်းစတဲ့ ပုံသဏ္ဍာန်တွေ ပေါ်ချင်လည်းပေါ် ပါမယ်။ တစ်ကိုယ်လုံးပေါ်ချင်လည်းပေါ်ပါမယ်။ ပေါ်ချင်ရာပေါ် ... ပေါ်လာတဲ့ပုံရိပ်ကိုသာ ''ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ အတုံးအခဲမဟုတ်၊ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့ ရှုမှတ် ပွားများပေးနေပါ။ ပေါ်လာတဲ့ပုံရိပ်တို့ဟာ အကောင်အထည် မဟုတ်ပါဘူး၊ တံလျှပ်လိုပဲ အငွေ့ဖြစ်ပြီးပျောက်နေတယ်။

အဲဒီလိုရှုမှတ်ပြီဆိုရင် လမ်းကြောင်းတည့်သွားပြီ၊ အာရုံကိုဆက်စရာမရှိတော့ဘူး၊ အသက်မှ မဝင်တော့တာပျောက်သွားပါတယ်။ အောက်ပိုင်းတင်ပါး၊ ခြေထောက်တို့က တင်းတာ၊ လျော့တာ၊ ကျင်တာ၊ တောင့်တာပေါ်လာရင်ဖြစ်ဖြစ် နောက်ကျောကအောင့်တာ ပေါ်လာရင်ပဲ ဖြစ်ဖြစ်၊ ပေါ်ချင်ရာပေါ်တဲ့ နေရာရဲ့ ပုံရိပ်ကမနောမှာပေါ်လာတယ်။ ဥပမာ၊- ခြေထောက်က ကျင်တယ်ဆိုရင်၊ မနောမှာခြေထောက်ပုံ၊တင်ပါးက တင်းတယ်ဆိုရင် တင်ပါးပုံ၊ ကျောပြင်က အောင့်တယ်ဆိုရင် ကျောပြင်ပုံ၊ ဝမ်းဗိုက်ကလှုပ်တယ်ဆိုရင် ဝမ်းဗိုက်ပုံ၊ ဇက်ကြောက တင်းတယ်ဆိုရင်လည်း မိမိရဲ့လည်ဂုတ်ပုံတွေပေါ်ပေါ်လာတယ်။ ပေါ်တဲ့နေရာကို အမှန်အတိုင်း အဝိဇ္ဇာနေရာမှာ 'အ'ပြုတ်ပြီး ဝိဇ္ဇာဆိုတဲ့ အလင်းဓာတ်ဝင်သွားပြီဆိုရင် အကောင်အထည်မဟုတ် မှန်းသိတာနဲ့ တပြိုင်နက်ပျောက်သွားပါတယ်။ ဒါဆိုတဏှာ မလာတော့ပါဘူး။

ဒီတော့ အမှန်သိချိန်လေးမှာ တဏှာအစပ်ပြုတ်ထွက်သွားပြီ။ အဲဒါကိုနိဗ္ဗာန် - နိဗ္ဗာန်ဆိုတာ၊ တဏှာမရှိတော့ ဥပါဒါန်လာသေးလား၊ မလာဘူး၊ မလာရင်ကမ္မဘဝလည်း မလာဘူး၊ ဒါဆိုဇာတိလည်း မလာဘူး၊ ဇာတိမလာမှတော့ အိုနာသေလာစရာ အကြောင်းမရှိဘူး၊ အိုနာသေဆင်းရဲကို လွတ်ချင်လို့ ဒီတရားအားထုတ်ကြတာလေ။ ဒါဆိုလမ်းမှန် ဖြစ်ပြီပေါ့။ ဘုရားပေးထားတဲ့နည်းကမရှုပ်ပါဘူး၊ အလွန်ရှင်းပါတယ်။

ပေါ်ချင်တာပေါ်ရှုမှတ်တဲ့အခါကျရင် ဘုရားက '' နေတံမမ - နေသောဟမသို့ - နမေသောအတ္တာ'' လို့ရှုမှတ်ရမယ်တဲ့။ အဓိပ္ပါယ်ကိုမြန်မာလို့ပြောရင် နေတံမမဆိုတာ တခြားမဟုတ်ဘူး၊ ပေါ်တဲ့အမူအယာ အရိပ်ဖြစ်တဲ့ ကိုယ်လုံးအမူအယာ၊ မျက်နှာ၊ လက်၊ ခြေ အမူအယာအားလုံးဟာ''ကျွန်တော်သည်ခင်ဗျားပိုင်တဲ့ လက်၊ ခြေ၊ ဦးခေါင်းပါ။ ခင်ဗျားပိုင်တဲ့အိုး၊ အိမ်တွေလို့မပြောကြောင်း…တကယ်လဲပြောမှမပြောဘဲ။ အဲဒါကိုသိပေးနေတော့ ပညတ်မလာဘူးခေါ်တယ်။

နေသောဟမသို့…အသစ်··အသစ်ပေါ်တဲ့အခါ မျက်နှာအမူအယာပေါ်လာမယ်၊ ပတ်ဝန်းကျင့်ပေါ် လာမယ်၊ ဒါကို ငါ့မျက်နှာမဟုတ်ပါလား ငါ့ပတ်ဝန်းကျင်မဟုတ်ပါလား၊ တစ်နည်းအားဖြင့် ငါလိုမဟုတ်ကြောင်း သိပေးနေရမယ်တဲ့။ ဘယ်မှာပြောလို့လဲ… စကားလုံး မပါဘူး၊ တကယ်တန်းပေါ်တဲ့အရိပ်တွေသည် စကားလုံး လုံးဝမပါပါဘူး၊ စကားမပြောဘူး။ ပြီးရင်အကောင်အထည်အတုံးအခဲ အသက်ဝင်တာ မဟုတ်ပါဘူး၊ အငွေ့လိုဖြစ်နေတာတဲ့။ ပျက်နေတယ်။ နမေသောအတ္တာပြောတာ။ ဒါဆိုတဏှာပါ ပြတ်ထွက်သွားပြီ။ အဲဒီအတိုင်း ရှုနေမယ်ဆို ''တည့်ပြီ''တဲ့။ မရှုပ်ပါဘူး။ ဘုရားဟောထားခဲ့တာ ရှင်းရှင်းလေးပါ။ ရှုပ်ကို မရှုပ်ပါဘူး။ ဒါဟာဘုရားပေးတဲ့ အလုပ်ပေးတရားပဲ။

အနတ္တလက္ခဏာသုတ္တန်ကြီးရှိနေတယ်နော်၊ အဲဒါကို ဆရာတော်ပြန်သင်ပေးတာ။ သဘောပေါက်ပြီလား။ အဲဒီအတိုင်းရှုမှတ်တတ်တယ်ဆို တဏှာအစပ်ပြတ်ထွက်သွားလိမ့်မယ်။ ပြတ်တယ်ဆို ဥပါဒါန် ကံ မလာဘူး။ ဇာတိမလာဘူး …။ ကျိန်းသေသွားပြီ။

အဲဒီလိုနေရင်းနဲ့ မိမိတို့ရဲ့စိတ်က အိမ်အကြောင်း၊ သားသမီးအကြောင်း လုပ်ငန်း အကြောင်း မိတ်ဆွေ သူငယ်ချင်းအကြောင်းတွေ ပေါ်လာတတ်ပါတယ်။ စိတ်ဆိုတာ အင်မတန် ထိန်းရခက်ပါတယ်။ သူ့သဘောကိုက အနတ္တသဘောမို့ အတင်းထိန်းချုပ်လို့ မရပါဘူး။ အတ္တသဘော လုပ်ချင်လို့မရပါဘူး။ အဲဒီလိုအတင်းထိန်းချုပ်ရင် ဒေါသ ကိလေသာတွေ ဝင်တတ်ပါတယ်။ အဲဒီကိလေသာတွေဝင်ရင် တရားမရနိုင်ပါဘူး။ ဒါကြောင့် ဘာအကြောင်းပဲ တွေးတွေး မနော၀မှာတော့ ပုံရိပ်တွေပေါ်နေပါတယ်။ သားသမီးပုံ၊ အိမ်ပုံ၊ သူငယ်ချင်းပုံတွေ

ပေါ်လာပါတယ်။ ပေါ်လာတဲ့ပုံရိပ်တွေကို နေတံမမ၊ နေသောဟမသို့၊ နမေသောအတ္တာ၊ တံလျှပ်ကဲ့သို့ ပျောက်သွားတယ်လို့သာ လိုက်သိပေးနေပါ။ တဏှာအစပ်ပြတ်ဖို့ အဓိကပါ။ တဏှာအစပ်ပြတ်ဖို့အတွက် ဖြစ်ပျက်ရှုရတာလွယ်လွယ်မဟုတ်ပါဘူး။ ကာလကိုနားလည်မှ ရှုနိုင်မှာပါ။

ဒါဆိုဝိပဿနာရှုတတ်ပါပြီ။ ကြိမ်ဖန်များစွာ တဏှာအစပ်ပြတ်အောင် ကြိုးစားအားထုတ်ဖို့ လိုအပ်ပါတယ်။ ဝါးနှစ်လုံးပွတ်လိုက်တာ မီးတောက်ထွက်တဲ့အထိ ပွတ်တိုက်ရမှာ။ ကြိုးစားပွားများအားထုတ်ပါ။

## ရတနာသုံးပါးအားပူဇော်ခြင်း

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ဓမ္မံ-တရားတော်မြတ်ကို၊ သံဃံ-သံဃာတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏အရှင်ဘုရား . . . ။

## မေတ္တာပို့အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမျှအေးကြည် ဘေးမဲ့မည်သည် ရွှေပြည်ထုတ်ချောက်၊ လမ်းမကောက်ဘဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင်လည်ရလည်း အနိဋ္ဌ ဘေးဒဏ် ရန်မာန်အပေါင်း၊မကောင်း ဟူသမျှမတွေ့ရဘဲ၊ သဗ္ဗညုတ္တ မင်္ဂလာကို ရွယ်ကာ တတိုင်းရစေသော် . . .။ ယနေ့ယခုပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ၊ မျိုးသဟာနှင့် ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြပါစေ ပေးမျှဝေသည် များတွေသာဓုခေါ်စေသော် ဝသုန္ဒရေ ဤမြေပံသု သိလာထုလည်း သက်သေအမှု၌ တည်စေသော် . . . ။

ကုသိုလ် . . . အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်လော့ . . . ။

(သာဓု . . . သာဓု . . . သာဓု) (သုံးကြိမ်)။

## ၂၁။ သတိပဋ္ဌာန်အားထုတ်နည်း

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားတာက သတိပဋ္ဌာန်ရယ်၊ သတိပဋ္ဌာန ဘာဝနာရယ်၊ သတိပဋ္ဌာန်လမ်းဆုံးရယ်လို့ ရှိပါတယ်။

၁။ သတိပဋ္ဌာန် ခန္ဓာမှာဖြစ်ပေါ်တဲ့ ရုပ်သဘော၊ နာမ်သဘောလေးတွေကို ဖြစ်တိုင်း ဖြစ်တိုင်း လိုက်သိပေးနေတာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

၂။ သတိပဋ္ဌာနဘာဝနာ ၄င်းပေါ်လာတဲ့ရုပ်သဘော နာမ်သဘောလေး ဖြစ်ပြီးတိုင်း ပျက်ပျက်သွားတာကို သိတာက သတိပဋ္ဌာနဘာဝနာ။

၃။ သတိပဋ္ဌာန်လမ်းဆုံး ရုပ်သဘောနာမ်သဘောတွေရဲ့ ဖြစ်ပြီးပျက်ပျက်တတ်တဲ့ သဘောတွေကို မြင်ပါများလာတော့ မုန်းလာတယ်၊ ပြီးတော့ဆုံးသွားတယ်။ ဖြစ်ပျက်တွေဆုံးသွားတာ မဖြစ်မပျက်တဲ့နိဗ္ဗာန်ပါ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုမိတာ နိဗ္ဗာန်။ ဒါကို သတိပဋ္ဌာန်လမ်းဆုံးလို့ ခေါ်ပါတယ်။

### သတိပဋ္ဌာန်အားထုတ်နည်း(၄)နည်းရှိပါတယ်

**၁။ ကာယာနုပဿနာသတိပဋ္ဌာန်**

ရူပက္ခန္ဓာဖြစ်တဲ့ ရုပ်တရားတွေ ပေါ်တိုင်းပေါ်တိုင်း၊ ဖြစ်တိုင်းဖြစ်တိုင်း သတိကလေး ဉာဏ်ကလေးနဲ့ လိုက်လိုက်သိပေးနေတာကို ကာယာနုပဿနာသတိပဋ္ဌာန်လို့ခေါ်ပါတယ်။

**၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်**

ဝေဒနက္ခန္ဓာတွေဖြစ်တဲ့ ဝေဒနာတွေပေါ်တိုင်းပေါ်တိုင်း ဖြစ်တိုင်းဖြစ်တိုင်းဉာဏ် ကလေးနဲ့ လိုက်လိုက် သိပေးနေတာကို ဝေဒနာနုပဿနာသတိပဋ္ဌာန်လို့ခေါ်ပါတယ်။

**၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်**

ဝိဉာဏက္ခန္ဓာခေါ်တဲ့ စိတ်ကလေးတွေ ဖြစ်တိုင်းဖြစ်တိုင်း၊ ပေါ်တိုင်းပေါ်တိုင်း၊ သတိကလေး ဉာဏ်ကလေးနဲ့ လိုက်လိုက်သိနေတာကိုတော့ စိတ္တာနုပဿနာသတိပဋ္ဌာန် လို့ခေါ်ပါတယ်။

### ၄။ မဂ္ဂါနုပဿနာသတိပဋ္ဌာန်

ရုပ်ခန္ဓာတွေပဲဖြစ်ဖြစ် နာမ်ခန္ဓာတွေပဲဖြစ်ဖြစ် အားလုံးဟာ ဓမ္မတရားတွေပါ။ ဖြစ်သမျှပေါ်သမျှ ရုပ်နာမ် ဓမ္မတရားတွေကို ပေါ်တိုင်းဖြစ်တိုင်း သတိကလေးဉာဏ်ကလေးနဲ့ လိုက်လိုက်သိပေးနေတာကိုတော့ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်လေသည်။

သတိပဋ္ဌာန်ဆိုတာ ရုပ်ကို ရုပ်မှန်းသိ၊ နာမ်ကို နာမ်မှန်းသိတဲ့အသိ၊ ရုပ်ဖြစ်ပေါ်မှု နာမ်ဖြစ်ပေါ်မှုကို သိတဲ့အသိသာဖြစ်တဲ့အတွက်သမထ အဆင့်သာရှိပါသေးတယ်။ ဝိပဿနာ ဘာဝနာမဖြစ်သေးပါဘူး၊ မိမိစရိုက်နဲ့ကိုက်ညီတဲ့သတိပဋ္ဌာန် ဒါမှမဟုတ် ပေါ်ရာကိုရှုတဲ့ သတိပဋ္ဌာန်ကို အားထုတ်ရင်းပေါ်လာတဲ့သတိပဋ္ဌာန်ကို အားထုတ်ရင်း ပေါ်လာတဲ့ရုပ်သဘော နာမ်သဘောတိုက်ပြီးပျက်သွားတဲ့သဘောကို မြင်အောင်ရှုရပါမယ်။ အဲဒီလိုအဖြစ်နဲ့ အပျက်ကို မြင်အောင်ရှုနိုင်ပါမှ ဝိပဿနာဘာဝနာ ဖြစ်ပါမယ်။ ဒါကိုပဲသတိပဋ္ဌာန ဘာဝနာလို့ခေါ်တာပါ။ ဥပမာ -

မြင်စိတ်ပေါ်လာရင် ငါမြင်တာမဟုတ် မြင်စိတ်က အနိစ္စတရားပါလားလို့ရှု
ကြားစိတ်ပေါ်လာရင် ငါကြားတာမဟုတ် ကြားစိတ်က အနိစ္စတရားပါလားလို့ရှု။
နံစိတ်ပေါ်လာရင် ငါနံတာမဟုတ် နံစိတ်က အနိစ္စတရားပါလားလို့ရှု ။
စားစိတ်ပေါ်လာရင် ငါစားတာမဟုတ် စားစိတ်က အနိစ္စတရားပါလားလို့ရှု ။
ထိသိစိတ်ပေါ်လာရင် ငါထိသိတာမဟုတ် ထိသိစိတ်က အနိစ္စတရားပါလားလို့ရှု။
တွေးတောကြံစည်စိတ်ကျတော့ ကုသိုလ်စိတ်တွေ အကုသိုလ်စိတ်တွေပေါ်ပါမယ်။
ကုသိုလ်စိတ်ပေါ်လာရင်လဲ ငါတွေးတာမဟုတ် တွေးသိစိတ် အနိစ္စတရားပါလားလို့ရှု။
အကုသိုလ်စိတ်ပေါ်လာရင်လဲ ငါတွေးတာမဟုတ် တွေးသိစိတ် အနိစ္စတရားပါလားလို့ရှု။

"သဗ္ဗေသင်္ခါရာ အနိစ္စာတိ ယဒါပညာယ ပဿတိ" တဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ သူတစ်ပါး ပြုပြင်၍ ပေါ်လာသောတရားဟူသမျှ အနိစ္စ မမြဲသောသဘောသာ ရှိပေသည်။

ပေါ်လာသမျှရုပ်နာမ်တို့သည် သူ့အလိုလိုဖြစ်လာခြင်းမဟုတ်ပေ။ ရုပ်တရားက ကံ စိတ် ဥတု အဟာရပြုပြင်၍ ဖြစ်ပေါ်လာပြီး နာမ်တရားက အာရုံနှင့် ဒွါရတိုက်၍ ပေါ်လာ

ခြင်းဖြစ်သည်။ ထို့ကြောင့် ရုပ်တရား နာမ်တရားတို့သည် သင်္ခါရတရားများသာဖြစ်သည်။ သင်္ခါရတရားမှန်သမျှ မြဲသည်ဟုမရှိပေ ဖြစ်ပြီးပျက်တတ်သည့် အနိစ္စသဘောသာရှိပေသည်။

ပေါ်လာသမျှ ရုပ်နာမ်တို့၏ ဖြစ်ပြီးပျက်တတ်သော သဘောကြောင့် မမြဲခြင်း အနိစ္စမည်ပေသည်။

ပေါ်လာသမျှ ရုပ်နာမ်တို့၏ ဖြစ်ပြီးပျက်တတ်သော သဘောသည် ဆင်းရဲသဖြင့် ဒုက္ခမည်ပေသည်။

ပေါ်လာသမျှ ရုပ်နာမ်တို့၏ ဖြစ်ပြီးပျက်တတ်သော သဘောသည် မဖြစ်မပျက်ပါနဲ့ဟု တားဆီးမရသောကြောင့်အနတ္တမည်ပေသည်။

ထို့ကြောင့်ဖြစ်ပျက်မြင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်ပြီးရှုစရာမလိုတော့ပေ၊ ဒါကြောင့် ဖြစ်ပျက်ကို အပြဲတမ်းမြင်နိုင်သမျှ မြင်စေရန် ဣရိယာပုထ် ၄-မျိုးနဲ့ အားထုတ်နေဖို့ပဲလိုပါတယ်။

၄င်းသတိပဋ္ဌာန်လေးမျိုးထဲမှ မိမိနှစ်သက်ရာ မိမိစရိုက်နှင့်ကိုက်ညီရာ (သို့) မိမိခန္ဓာမှာ ပေါ်ရာကို ဣရိယာပထ ၄-ပါးဖြင့်ရှုပွားအားထုတ်ရပေမည်။

## ၂၂။ အချိန်တိုင်းအားထုတ်နည်း

ဤအားထုတ်နည်းက အချိန်ပိုင်းအားထုတ်ခြင်း မဟုတ်ဘဲ အချိန်တိုင်း၊အချိန်ပြည့် အားထုတ်နိုင်တဲ့နည်း ဖြစ်နေပါတယ်၊ ယောဂီတို့ ကျွန်ုပ်တို့ ယခု ဘယ်သူနဲ့အတူ နေထိုင်နေတာလဲဆိုရင် လင်နဲ့၊မယားနဲ့၊ အဖေနဲ့အမေနဲ့ ညီအကိုမောင်နှမနဲ့ အတူနေတယ်လို ပြောကြမှာပါ၊ ဒါပေမဲ့ တကယ်တမ်းအချိန်ပြည့် အချိန်တိုင်းအတူမခွဲအမြဲနေ နေတာက ရုပ်နာမ်နှစ်ပါး၊ အကျယ်ပြောရင် ခန္ဓာငါးပါးပါပဲ။ သား၊ မယား၊ ညီအစ်ကိုမောင်နှမနဲ့နေတာက အချိန်ပိုင်းလောက်သာဖြစ်ပြီး၊ ရုပ်နာမ်နှစ်ပါးနဲ့နေတာကတော့ အချိန်တိုင်းပါပဲ။ ဒါကြောင့် ဒီတရားအားထုတ်နည်းကို အချိန်တိုင်းအားထုတ်နည်းလို့ ပြောရခြင်းဖြစ်ပါတယ်။ ကျွန်ုပ်ကိုယ်တိုင်လည်း ဤနည်းအတိုင်း ကျင့်ကြံအားထုတ်နေဆဲဖြစ်ပါတယ်၊ ယောဂီတို့ ကြိုက်နှစ်သက်ရင် အားထုတ်နိုင်အောင်လို့ ရေးသားတင်ပြရခြင်းဖြစ်ပါတယ်။

မိုးကုတ်ဆရာတော်ဘုရားကြီးက " နှစ်ယောက်ကို တစ်ယောက်နဲ့ရှုတာဝိပဿနာ" လို့ဆိုပါတယ် နှစ်ယောက်ဆိုတာက ရုပ်နဲ့နာမ်၊ တစ်ယောက်ဆိုတာက ဝိပဿနာဉာဏ်၊ ဒါကြောင့် နှစ်ယောက်ဆိုတဲ့ ရုပ်နဲ့နာမ်ကို တစ်ယောက်ဆိုတဲ့ ဝိပဿနာဉာဏ်ကလေးနဲ့ ရှုတာကို ဝိပဿနာအားထုတ်ခြင်းလို့ ပြောတာပါ။ ဒီရုပ်နာမ် နှစ်ပါးကြီးက ကျွန်ုပ်တို့နဲ့ အမြဲအတူ ရှိနေတယ်။ အိပ်တော့လည်းအတူတူ၊ အိပ်ယာထတော့လည်း အတူတူ၊ ရေချိုးခန်းဝင်တော့လဲ အတူတူ၊ အလုပ်သွား၊ အလုပ်ပြန်၊ ထမင်းစား၊ တီဗီကြည့်၊ ဘုရားရှိခိုး၊ စကားပြော၊ သီချင်းဆို စတဲ့အချိန်တွေနဲ့အတူတူရှိနေတော့၊ ကျွန်ုပ်တို့က သူ့ကို အချိန်မရွေး၊ နေရာမရွေးရှုနိုင်တဲ့ အခွင့်အရေး ရပါတယ်။ သူတစ်ပါး ခန္ဓာကိုသွားရှုရတာမဟုတ်ပါဘူး၊ မိမိနဲ့အတူတူနေတဲ့ ခန္ဓာကို ရှုရတာဖြစ်တဲ့အတွက် ဘာမှအားနာစရာလဲမလိုပါဘူး၊ တစ်ခုပဲ အရေးကြီးတာက ရှုဖြစ်အောင် သတိထားဖို့ပါ။ သတိဆိုတဲ့တရားဟာ အင်မတန် အရေးကြီးပါတယ်။

အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ ။

(မမေ့မလျော့ခြင်းသည် မသေခြင်း (ဝါ) နိဗ္ဗာန်ရောက်ကြောင်းပေတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းပေတည်း ။)ဟုမြတ်စွာဘုရားဟောကြားထားသည့်အတိုင်း မသေအောင်၊ နိဗ္ဗာန်ရောက်အောင် မမေ့မလျော့အောင် သတိဖြင့်အားထုတ်ရမှာဖြစ်ပါတယ်၊ သတိမေ့လို့ ခန္ဓာဖြစ်ပျက်ကို မရှုဖြစ်ရင် ဘယ်နည်းနဲ့မှ တရားမရနိုင်ပါဘူး။ ပုထုဇဉ်မှန်သမျှ အဲဒီလို မေ့လျော့မှုကြောင့် အပါယ်လေးဘုံ ဆင်းနေရတာပါ။ ဒီတော့ မမေ့မလျော့အောင် ဘယ်လိုလုပ်နိုင်မလဲဆိုရင် မိမိနေတဲ့အိမ်တွင်းမှာ မျက်စိနဲ့ တိုက်ရိုက်မြင်နိုင်တဲ့နေရာတွေမှာ "သတိကပ်၊ ဖြစ်ပျက်ရှု" ဆိုတဲ့စာလုံး မြင်နိုင်လောက်တဲ့အရွယ်ရေးပြီး နံရံတွေပေါ်မှာ စာရေးစားပွဲခုံရှေ့မှာ၊ မှန်တင်ခုံ၊ ဘီနပ်ချွတ်စင်ရဲ့ အပေါ်နံရံမှာ စသဖြင့် သင့်တော်တဲ့ နေရာတွေမှာ ရေးကပ်ထားပါ။ ဒါဆို မိမိအိမ်ဝင်တဲ့အခါ "သတိကပ်၊ ဖြစ်ပျက်ရှု" ဆိုတဲ့ စာလုံးမြင်လိုက်တာနဲ့ မေ့နေတဲ့ သတိကို နှိုးဆွလိုက်သလို သတိရလာပါတယ်။ "အော် . . . ငါတရားရှုဖို့မေ့နေပါလား၊ အခုမှသတိရတော့တယ်" ဆိုပြီး မိမိခန္ဓာကို သတိလေးကပ်ပြီး ဖြစ်ပျက်ရှုဖြစ်မှာဖြစ်ပါတယ်။ အိမ်ထဲဝင်လာပြန်တော့လဲ အိမ်ရဲ့နံရံမှာ ရေးထားတဲ့စာတန်း၊ စာရေးစာဖတ်လုပ်တော့လည်း၊ စာရေးစားပွဲရှေ့မှာ ကပ်ထားတဲ့စာတန်း၊ မှန်တင်ခုံရှေ့ မှန်ကြည့်တော့လည်း

မှန်တင်ခုံမှာ ကပ်ထားတဲ့စာတန်း၊ အိမ်သာရေချိုးခန်းဝင်တော့လည်း ကပ်ထားတဲ့ စာတန်းတွေ မြင်ပြီး၊ မိမိမေ့လျော့နေတဲ့အခါ သတိတရနဲ့ ပြန်ပြီးရှုဖြစ်ပါတယ်။

ထို့အတူပဲ မိမိလုပ်ကိုင်တဲ့ရုံးစားပွဲပေါ်မှာလဲ အဲဒီစာတန်းလေးရေးကပ်ထားပြီး သုံးမြောင့်သစ်သားတုံးကလေးနဲ့ တင်ထားပေးပါ၊ အလုပ်လုပ်ရင်း ရှေ့ကစာတန်းကို ဖတ်ရှုပြီး သတိရလာတဲ့အခါ သတိကပ်ပြီး ဖြစ်ပျက်ရှုမိပါတယ်။ အဲဒီလို စာတန်းတွေ ကပ်ထားပြီး အလေ့အကျင့်လုပ်ပေးရင် နောက်တော့ကျင့်သားရပြီး အမြဲရှုဖြစ်ပါတော့တယ်။ တစ်ခါတစ်ခါ သတိမကပ်ဖြစ်ဘဲ မေ့လျော့နေတဲ့အခါ အလိုလိုသတိကပ်ပေးလာပါတယ်။ စတင်အားထုတ်ခါစမှာတော့ အားထုတ်ရတာ ပင်ပန်းသလိုခံစားရတယ်၊ မိမိခန္ဓာကိုရှုလိုက်ရင် အချိန်ပြည့် ဝေဒနာတွေ တစ်ခုပြီးတစ်ခုပေါ်နေတာကိုတွေ့ရပါတယ်။ နေရထိုင်ရ တာလဲ ငြီးစီစီကြီး၊ နေရထိုင်ရတာလဲ မကောင်းသလိုပဲ၊ မအီမလယ်နဲ့ ဖြစ်နေတာပဲ၊ သတိမပါဘဲ လွတ်လွတ်လပ်လပ်နေရတာနဲ့ မတူဘူး၊ လွတ်လွတ်လပ်လပ်နေရတော့ ပေါ့ပါးသွက်လက်ပြီး နေရတာပျော်ရွှင်သလို၊ နေထိုင်ကောင်းသလို ခံစားရတယ်။ တီဗီကြည့်လဲပျော်၊ သီချင်းနားထောင်လဲပျော်၊ အစားအသောက်စားလဲပျော်၊ သူများနဲ့စကားပြောလဲ ပျော်တယ်၊ ကိုယ်ခန္ဓာကို သတိကပ်ပြီးနေတဲ့အခါကျတော့ ခန္ဓာကကောင်းတာတစ်ခုမှ မပြပါဘူး၊ ခေါင်းထဲကမူးသလိုလို၊ ရင်ဘတ်ကအောင့်သလိုလို၊ ကျောကတောင့်သလိုလို၊ တင်ပါးက နာသလိုလို၊ ဝမ်းဗိုက်ကပူသလိုလို၊ တစ်ခုပြီးတစ်ခု ပြနေတာတွေပဲ တွေ့ရတယ်၊ ထမင်းဆာတော့ ဆာလောင်တဲ့ဝေဒနာ၊ စားပြီးလို့ဗိုက်တင်းတော့ မအီမလယ်ဖြစ်ပေါ်နေတာ၊ အပေါ့အပါးသွားချင်တော့ ဆီးကအောင့်လာတာ၊ မျိုးစုံတွေ့ရတော့တယ်၊ အဲဒီပေါ်လာတဲ့ ရုပ်ကပြတဲ့ တရားတွေကိုလည်း ဖြစ်ပြီးပျက်တဲ့ ဖြစ်ပျက်တရားတွေပဲလို့ရှု၊ အဲဒီလို ရှုနေခြင်းဟာ သတိကပ်ပြီး ဖြစ်ပျက်ရှုနေတာပါပဲ။ တစ်နေရာပေါ်လိုက်ပျောက်သွားလိုက်၊ နောက်တစ်နေရာထပ်ပေါ်လိုက်၊ ပေါ်ပျောက် ပေါ်ပျောက်ဆိုတာတွေဟာ ဖြစ်ပျက်တရားတွေပါပဲ၊ မိုးကုတ်ယောဂီတွေအနေနဲ့ ဖြစ်ပျက်ကိုတော့ ကောင်းကောင်းနားလည်ပြီးသား ဖြစ်ကြမှာပါ။ ဒါကြောင့် ထွေထွေထူးထူး မရှင်းပြတော့ပါဘူး ။

အဲဒီလိုအိမ်မှာ အလုပ်မှာ ရုံးမှာ "သတိကပ်၊ ဖြစ်ပျက်ရှု" ဆိုတဲ့ စာတန်းကပ်ထားတဲ့အတွက်၊ တစ်ချို့က ရှက်ချင်ရှက်ကြပါလိမ့်မယ်၊ အဲဒါရှက်စရာမဟုတ်ပါဘူး၊ အရှက်တရား

ဆိုတာ အကုသိုလ်တရားပါ၊ ကိလေသာ ၁၀-ပါးထဲမှာပါတယ်၊ တရားရဖို့ အားထုတ်တာ ဘာကိုမှရှက်စရာမလိုပါဘူး၊ ကျွန်ုပ်အိမ်ခန်းနဲ့ ရုံးခန်းမှာလဲ အဲဒီလို စာတန်းတွေကပ်ထားပါတယ်။ အချိန်များများ သတိရအောင်လို့ပါ။ ရုံးခန်းလာတဲ့ ဧည့်သည်တစ်ချို့က အဲဒီစာတန်းတွေ့တော့ ပြောကြတယ်၊ "ငါတို့ရိပ်သာရောက်နေသလိုပဲတဲ့" သူပြောတာကတော့ နှိမ်ပြီးပြောလိုက်တာပါ၊ ဒါပေမဲ့ ကျွန်တော်ရုံးခန်းကို ရိပ်သာနဲ့တူတယ်ပြောလို့ ဝမ်းသာတယ်၊ ရိပ်သာဆိုတာ လူဆိုးလူမိုက် သူခိုး ဂျပိုးတွေနေတဲ့နေရာ မဟုတ်ပါဘူး၊ အရိယာနွယ်ဝင်သူတော်စင်တွေ နေတဲ့နေရာ၊ အင်မတန် မြင့်မြတ်တဲ့နေရာ၊ အဲဒီလိုကြီးကျယ် မြင့်မြတ်တဲ့နေရာနဲ့ တူတယ်လို့ အပြောခံရတာ ဘာနာစရာ ရှိသလဲ ပိုလို့တောင် ဂုဏ်ယူဝမ်းမြောက်မိပါသေးတယ်။

ကိုယ်တရားရဖို့ အဓိကပါ၊ သူတစ်ပါး နောက်တာပြောင်တာတွေကို ဂရုမစိုက်ပါနဲ့၊ သူများကို ဂရုစိုက်လို့ အပါယ်ကျသွားရင် ကိုယ်ပဲခံရမှာ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ အထက် ဖော်ပြပါနည်းအတိုင်း အားထုတ်နိုင်အောင် ကြိုးစားပါ၊ အချိန်ပြည့် တရစပ်ကြီး သတိကပ် ဖြစ်ဖို့ကတော့မလွယ်ပါဘူး၊ မေ့သွားလိုက်၊ စာတန်းလေးမြင်လို့ သတိရပြီးအားထုတ်လိုက်၊ နောက်တစ်ခါမေ့သွားလိုက် ပြန်အားထုတ်နဲ့တော့ ဖြစ်နေမှာပါ၊ ဒါပေမဲ့ အရှုံးမရှိပါဘူး၊ အဲဒီစာတန်းလေးမကပ်ထားလို့ရှိရင် တော်တော်နဲ့သတိရဖို့ မလွယ်ပါဘူး၊ စာတန်းကပ်ထားတော့ ခဏခဏ သတိကပ်ပြီး တရားရှုဖြစ်တယ်၊ ဒါကြောင့် လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းရပ်တစ်ခုလို့ တင်ပြပါရစေ။

အသေးစိတ်ရှုနည်းပြောရမယ်ဆိုရင်တော့ နံက်အိပ်ယာထတဲ့အချိန်က စပြောရမယ်၊ ကျွန်ုပ်အနေဖြင့် ညဘက်မှာ တရားနာ တရားထိုင်ပြီးရင်တရားစာအုပ်ရေးဆိုတာ ညတိုင်း ၁၂-နာရီ တစ်နာရီလောက်မှ အိပ်ဖြစ်တာများတယ်၊ ဒါကြောင့် နံက်စောစောထဖြစ်တဲ့ အလေ့အကျင့်သိပ်မရှိဘူး၊ မနက် ၇:၀၀ နာရီလောက်မှ ထဖြစ်တယ်။ အိပ်ယာမှ နိုးတဲ့အချိန်မှာ ချက်ချင်းတော့သတိကပ် ဖြစ်ပါတယ်၊ မိမိကျောပြင်နဲ့ မွေ့ယာထိတွေ့တဲ့ သဘောလေးတွေ၊ ခန္ဓာကိုယ်ထဲက တောင့်တင်းတဲ့သဘောတွေ၊ ဝမ်းဗိုက်ကပိန်လိုက် ဖေါင်းလိုက်ဖြစ်နေတာ လေးတွေ၊ ရင်ဘတ်က မို့လိုက်မောက်လိုက် ဖြစ်နေတာတွေ စတဲ့ ထိတွေ့မှု သဘောတရားတွေကို ဖြစ်ပျက်ရှုမိပါတယ်၊ တခါတရံ အပြင်က ငှက်အော်သံလေး ကြားရင်လဲဖြစ်ပျက်ရှု၊ ချောင်းက

ရေစီးသံလေးတွေကိုလည်း သတိကပ်ပြီးဖြစ်ပျက်ရှုမိတယ်၊ အဲဒီလိုရှုပြီးတဲ့အခကျမှ အိပ်ယာက တဖြည်းဖြည်းချင်းထတယ်၊ လှုမမာတစ်ယောက်လိုပါပဲ၊ ထလိုက်တဲ့အချိန်မှာ ဖြစ်နေတဲ့ ခန္ဓာ့ကိုယ်ထဲက တောင့်တင်းတဲ့သဘောတွေ၊ လှုပ်ရှားမှု သဘောတွေ၊ နာကျင်တဲ့သဘောတွေ၊ တစ်ခါ တစ်ခါ တစ်ဖျစ်ဖျစ်နဲ့ မြည်ထွက်လာတဲ့ ခန္ဓာကိုယ်ထဲကအသံတွေကို သတိကပ် ဖြစ်ပျက်ရှုမိပါတယ်။ မတ်တပ်ထတဲ့အခါလဲ တဖြည်းဖြည်းချင်းရပ်ပြီး ရပ်တဲ့အချိန်မှာ ဖြစ်ပေါ် နေတဲ့ တောင့်တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ လျော့သွားတဲ့သဘောတွေကို သိပြီးအားထုတ် ပါတယ်၊ ရပ်ပြီးတော့ ရေအိမ်ဝင်ဖို့အတွက် ခြေလှမ်းလှမ်းတဲ့အခါ ခြေဖဝါးမှာထိနေတဲ့ တင်းတဲ့ သဘောကလေးကိုသိနေတယ်၊ ခြေလှမ်းဖို့ကြွလိုက်တဲ့ ညာဘက်ခြေထောက်သတိထား ဝီရိယ စိုက်ပြီးပညာလေးနဲ့ကြည့်လိုက်တော့ မူလ မတ်တပ်ရပ်နေတုံးက ခြေဖဝါးအောက်နှစ်ဖက်မှာ ထိတွေ့ပြီး တင်းနေတဲ့သဘောလေးဟာ ကြွလိုက်တဲ့အချိန်မှာ မရှိတော့တာတွေ့ရတယ်၊ ထိတဲ့ တင်းတဲ့ သဘောလေး ပျက်သွားတာပါပဲ၊ ထိတဲ့တင်းနေတဲ့သဘောက ရုပ် ၊ ထိနေတင်းနေတာကို သိနေတာက နာမ် ၊ ကြွလိုက်ပြီးမရှိတော့တာက အပျက် ထိနေ ၊ တင်းနေတာက အဖြစ် ၊ ဒါဆို ဝိပဿနာလုပ်ငန်းအရ အားလုံးပြည့်စုံပြီ ။

ဝိပဿနာဆိုတာ မိမိခန္ဓာမှာရှိတဲ့ ရုပ်နာမ် နှစ်ပါးက အရှုခံဖြစ်ရမည်။ ရှုတဲ့ဉာဏ် လဲပါရမယ်၊ အဲဒီရှုဉာဏ်က ဖြစ်တာလဲသိရမယ်၊ ပျက်တာလဲသိရမယ်ဆိုတော့ ခြေဖဝါးမှာ တင်းနေတဲ့သဘောက ရုပ် ၊ တင်းနေတာကို သိနေတာက နာမ် ၊ တင်းနေတာလေးကို ရှုတဲ့ စိတ်က ဉာဏ် ၊ တင်းတဲ့သဘောကအဖြစ်၊ နောက်မရှိတော့တာက အပျက်၊ အားလုံးကိုက်ညီ တယ်၊ ပရမတ်သဘောကိုမြင်ခြင်း၊ အဖြစ်နှင့်အပျက်ကို မြင်ခြင်းကြောင့်လည်း ဝိပဿနာ လုပ်ငန်းပြည့်စုံတာဖြစ်ပါတယ်၊ ညာဘက်ခြေထောက်ကြွပြီး၊ ဘယ်ဘက်ကြွတဲ့ အချိန်မှာလဲ မရှိတာကိုသိ၊ နောက်တစ်လှမ်း ညာဘက်လှမ်းတော့လဲ မရှိတာကိုသိရှိပြီးမှ မရှိတာကို သိရမှာဖြစ်ပါတယ်။ အဲဒီလိုရှုရင်း လျှောက်ရင်းနဲ့ ရေချိုးခန်းထဲဝင်သွားပြီး မျက်နှာသစ်ဖို့ ရေခေါင်းကိုဖွင့်ဖို့ လက်နဲ့ထိတဲ့အခါ အေးတဲ့သဘောလေး ပေါ်လာတာတွေ့တယ်၊ ပြီးတော့လက်နဲ့ လှည့်လိုက်တဲ့အချိန်မှာ လက်ရဲ့လှုပ်ရှားမှုလေးတွေကို သိနေတယ်၊ ရေခေါင်းကကျလာတဲ့ ရေကိုခံပြီး မျက်နှာကို သစ်လိုက်တော့ မျက်နှာမှာအေးတဲ့ သဘောလေးပေါ်ပြီး ပျက်သွားတာ

ကို သိနေလိုက်တယ်၊ နောက်တစ်ခါ ထပ်သစ်လိုက်တိုင်း အေးတဲ့သဘောတွေပေါ်ပြီးပျက်၊ ပေါ်ပြီးပျက်နေတာတွေ သိလိုက်တယ်၊ မျက်နှာကို ဆပ်ပြာနဲ့ပွတ်တိုက်တဲ့အချိန်မှာလဲ၊ မျက်နှာမှာဖြစ်ပေါ်နေတဲ့ ထိမှုသဘောလေးတွေ ပေါ်ပြီး ပျက်နေတာကို ရှုလိုက်ပါတယ်၊ နောက်တစ်ခါ ဒူးခေါင်းအောက်ကို ရေအေးလောင်းတဲ့ အခါကျတော့ အေးတာပေါ်ပြီး ပျက်သွားတာလေးတွေကို သိနေပါတယ်၊ အပေါ့အလေး စွန့်တဲ့အခါမှာလည်း တင်းနေတဲ့ သဘောတွေ၊ လှုပ်ရှားတဲ့သဘောတွေ၊ ပွတ်တိုက်မှု သဘောလေးတွေ၊ တင်းပြီးလျော့သွားတဲ့ သဘော၊ ပွတ်တိုက်ပြီး လျော့သွားတဲ့သဘောတွေ၊ အပေါ့ အလေးစွန့်ပြီး ခန္ဓာကိုယ်ထဲမှာ ပေါ့သွားတဲ့ သဘောလေးတွေကို လိုက်သိနေပါတယ်၊ ရှိပြီးမှ မရှိတော့တဲ့ သဘောတွေကို သိနေတာပါ။

ရေချိုးတဲ့အခါမှာလည်း ရေခွက်နဲ့ခပ်ချိုးချိုး၊ ရေပန်းနဲ့ချိုးချိုး၊ ရေကခန္ဓာကိုယ်ကို ထိနေတဲ့အချိန်မှာ အေးတဲ့သဘောလေးပေါ်ပေါ်လာပြီး ပျက်သွားတာ၊ မရှိတော့တာကို တွေ့ရပါတယ်၊ ထပ်ချိုး ထပ်အေး ထပ်ပြီးပျက်သွားပါတယ်၊ အဲဒါတွေကို ဉာဏ်နဲ့လိုက်သိနေဖို့ လိုပါတယ်။

ရေချိုးပြီးကိုယ်သုတ်ပုဝါနဲ့ ခန္ဓာကိုယ်အနှံ့ကို သုတ်နေတဲ့အချိန်မှာလည်း၊ ပွတ်တိုက်မှု သဘောတွေကို ပေါ်ပြီးပျက်သွားတာကိုသိနေပါတယ်။ ခေါင်းဖြီးတဲ့အခါမှာ လည်း ဦးခေါင်းကို ဘီးအသွားလေးတွေနဲ့ ပွတ်ပြီးဆွဲသွားလို့ပေါ်လာတဲ့သဘောလေးတွေ၊ ပြီးတော့မရှိတော့တဲ့ သဘောတွေကို သိပြီးတော့ဖြီးတယ်။ အဝတ်အစားလဲတော့လည်း အင်္ကျီတို့ လုံချည်တို့ကို ကိုင်တွယ်လို့ထိတဲ့သဘော၊ ကိုယ်လုံးကို ပွတ်တိုက်ထိသွားတဲ့သဘော၊ ပြီးတော့မရှိတော့တဲ့ သဘောလေးတွေကို သိနေရပါတယ်၊ ရုံးသွားတော့ လမ်းလျှောက်တဲ့အခါ ခြေဖဝါးနှစ်ဖက်မှာ ကြမ်းခင်းနဲ့ထိတွေ့ပြီး တင်းနေတဲ့သဘော၊ ခြေလှမ်းလိုက်တဲ့ မရှိတဲ့သဘောလေးတွေ ကိုသိပြီး လျှောက်ရပါတယ်။ ခြေလှမ်းကမြန်နေတော့ ထိတာကိုမသိတော့ဘဲ၊ ထိပြီးမရှိတဲ့ သဘောလေး တွေကို သိပြီးလျှောက်ရပါတယ်။ ရုံးထဲကိုဝင်လိုက်တော့ နံရံမှာကပ်ထားတဲ့ ``သတိကပ်၊ ဖြစ်ပျက်ရှု'' စာတန်းကိုမြင်ပြီး မိမိကိုယ်ကို သတိကပ်ကာ ရုံးစားပွဲမှာထိုင်လိုက်တော့၊ တင်ပါးနဲ့ထိုင်ခုံထိလို့ တင်းနေတဲ့သဘောကို တွေ့လိုက်ရတယ်၊ ရုံးစာရေးတဲ့အချိန်မှာလည်း

စာရွက်ကိုင်တဲ့အထိအတွေ့တွေ ပျက်သွားတဲ့သဘောကို တွေ့လိုက်ရပါတယ်၊ ရုံးစာရေးတဲ့အချိန်မျာလည်း စာရွက်ကိုင်တဲ့ အထိအတွေ့တွေ ပျက်သွားတဲ့သဘော၊ ဘောပင်ကိုင်လို့ထိတာကိုသိပြီး စာရေးတဲ့အခါ ပထမစာလုံးတွေရေးနေတဲ့အချိန်မှာ ဖြစ်ပေါ်နေတဲ့ လက်ရဲ့လှုပ်ရှားမှုလေးတွေ ပျက်သွားတဲ့သဘောကို လိုက်သိပြီးရေးရပါတယ်။

နံက်စာ၊ နေ့လည်စာစားသောက်နေတဲ့အခါမှာလည်း ထမင်းဝါးနေတဲ့အချိန်မှာ ပါးစပ်ရဲ့လှုပ်ရှားမှုလေးတွေ ဝါးရင်ပျက်ပျက်သွားတာ၊ လျှာပေါ်မှာ ပေါ်တဲ့အရသာရပ်တွေ ပျက်ပျက်သွားတာတွေကို ရှုပြီးစားရပါမယ်၊ ဟင်းချိုသောက်တဲ့အခါလဲ ထို့အတူပါပဲ၊ ဇွန်းကိုကိုင်လို့ပေါ်လာတဲ့ ထိတွေမှုသဘော၊ ဟင်းရည်ကိုခပ်နေလို့ ပေါ်လာတဲ့လက်ရဲ့ လှုပ်ရှားမှုသဘော၊ ဟင်းရည်ခပ်ပြီး ပါးစပ်နားကိုသယ်လာတဲ့အခါ လက်ထဲမှာလေးပင်နေတဲ့သဘော၊ ပါးစပ်ထဲထည့်ပြီး လျှာပေါ်မှာ အရသာပေါ်လာပြီးနောက် ပျက်သွားတဲ့သဘောလေးတွေကို သိနေရပါတယ်။ စကားပြောတဲ့အခါမှာလည်း ကိုယ်ကပြောတဲ့အခါ ပါးစပ်တို့ လျှာတို့ရဲ့ လှုပ်ရှားမှုသဘော၊ မိမိပြောတဲ့ စကားသံတွေပေါ်ပြီး ပျက်ပျက်သွားတဲ့ သဘောတွေကို သိနေရပါတယ်။ သူတစ်ပါးကပြောရင်လည်း သူတစ်ပါးပြောတဲ့ စကားလုံး အသံတွေဟာကြားပြီးပျက်၊ ကြားပြီးပျက်တဲ့သဘောတွေကို သိနေရပါတယ်။

အဲဒီလိုနံက်အိပ်ယာထချိန်ကစပြီး၊ ညအိပ်တဲ့အချိန်ထိ သတိတွေကပ် ဖြစ်ပျက်သဘောတွေကို ရှုဖြစ်ဖို့လိုပါတယ်။ ရှုရမဲ့လုပ်ငန်းစဉ်ကိုသာ တင်ပြခြင်းဖြစ်ပါတယ်၊ ကျွန်ုပ်အနေနှင့်လည်း ဤနည်းအတိုင်းကျင့်ကြံ အားထုတ်လျှက်ရှိပါတယ်။ အချိန်ပြည့် သတိကပ်မိသည်ဟုမရှိသေးပါ။ ''သတိကပ်၊ဖြစ်ပျက်ရှု'' ဆိုသည့်စာတန်းများ ကပ်ထားသော်လည်း ၄င်းစာတန်းကြည့်ဖို့မေ့တဲ့အခါလည်း ရှိပါသည်။ သတိအမြဲကပ်ဖို့ အင်မတန်ခက်ခဲကြောင်း မိမိကိုယ်ကိုသတိထားမိပါသည်။ ဘယ်လိုပင်ဖြစ်စေ၊ ယခင်ကထက်စာလျှင် ''သတိကပ်၊ ဖြစ်ပျက်ရှု'' မှုကတော့ ပိုမိုရှုမိခဲ့သဖြင့် အကျိုးထူးတော့ ရှိခဲ့ပါသည်။ လောဘ၊ ဒေါသ၊ မောဟတွေတဖြည်းဖြည်း နည်းပါးလာသည်ကိုတော့ သိခဲ့ရပါသည်။ စာရှုသူယောဂီ အနေနှင့် ဤနည်းအတိုင်း ရှုပွားကြည့်ပါက ယခင်ထက်စာလျှင် အထူးတိုးတက်လာပါလိမ့်မည်။

ကျွန်ုပ်ကိုယ်တိုင်ယခင်က သီချင်းဆို အင်မတန်ဝါသနာပါခဲ့ပါသည်။ မိုးကုတ်ဆရာတော်ကြီး၏ တရားများကိုနာယူ၍ အဖွဲ့ခွဲမှ နာယကတာဝန်ထမ်းဆောင်၊ ကိုယ်တိုင်ကျင့်ကြံအားထုတ်ပြီးနောက် သီချင်းဆိုချင်သည့်စိတ် သိပ်မရှိတော့ပါ။ ရုပ်ရှင်၊ ဇာတ်လမ်းများလည်း သိပ်မကြည့်ဖြစ်တော့ပါ၊ ကျွန်ုပ်၌ ရှိသောသီချင်းခွေဓါတ်ပြား(CD)များလည်း မရှိတော့ပါ။ သီချင်းခွေများနေရာ၌ မိုးကုတ်တရားခွေများသာ နေရာယူထားပေတော့သည်။ အစားအသောက်လည်း မက်မောမှုနည်းပါးသွားသည်၊ အဝတ်အစား အသုံးအဆောင်ပစ္စည်းများလည်း မက်မောမှုသိပ်မရှိတော့၊ မိမိ၌ရှိသည့် အဝတ်အစားကိုပင်ကုန်အောင်မဝတ်နိုင်သဖြင့် နောက်ထပ်ဝယ်ဖို့ စိတ်မကူးတော့ ကုန်ကျစရိတ်လည်း သိသိသာသာ သက်သာလျော့နည်းလာခဲ့ပေသည်။ ကာမဂုဏ်အာရုံအတွက် ကုန်ကျမည့်ငွေများကို ဘာသာရေး၊ သာသနာရေးဘက်တွင် ပိုမိုသုံးစွဲခဲ့ပါသည်။ ဝိပဿနာလုပ်ငန်းနှင့် ပါတ်သက်သော စာအုပ်စာတမ်းများ ဝယ်ယူစုဆောင်း ဖတ်ရှုလေ့လာခြင်း၊ တရားခွေများဝယ်ယူနာကြားခြင်း၊ တရားဓမ္မစာအုပ်များ လှူဒါန်းခြင်း၊ သီလဆောက်တည်ခြင်း၊ ညစဉ်ဝိပဿနာတရားခွေများ (အဓိကအားဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏အခွေများ) နာကြားခြင်း၊ ဘာသာရေးစာပေများရေးသားပြုစုခြင်း၊ တရားဘာဝနာအားထုတ်ခြင်း၊ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း၊ စားသောက်ရင်း တတ်နိုင်သမျှ သတိကပ်ဖြစ်ပျက်ရှုခြင်းတို့သာ ရှိခဲ့ပါသည်။

မိမိကိုယ်တိုင်တရား အတော်အသင့် သိရှိအားထုတ်လာသောအခါ မိမိနှင့်နီးစပ်ရာမိတ်ဆွေသင်္ဂဟာ၊ အပေါင်းအသင်း၊ လုပ်ဖေါ်ကိုင်ဖက်၊ တပည့်သားသမီးများအား မိမိကဲ့သို့သိစေချင်သည့်စေတနာ တဖွားဖွားဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ကြောင့်လည်း ဝိပဿနာတရားစာပေ ဗဟုသုတများကို ပိုမိုလေ့လာ၍ မိတ်ဆွေ၊ ဆွေမျိုးဉာတိ၊ လုပ်ဖေါ်ကိုင်ဖက် အားလုံးနိဗ္ဗာန်ကိုမရရင်တောင် အနည်းဆုံး စူဠသောတာပန်ဖြစ်ကာ အပါယ်တံခါးပိတ်စေလိုသည့်စေတနာကတော့ အမှန်တကယ်ရှိသည့်အတွက် စာပေစုဆောင်း ရေးသားတင်ပြရခြင်းသာဖြစ်ပါသည်။

စူဠသောတာပန်ဖြစ်ဖို့က ဆရာကောင်းသမားကောင်းနဲ့တွေ့ရင် အင်မတန်လွယ်ကူကြောင်း နားလည်သဘောပေါက်အောင်သာလေ့လာဖို့လိုကြောင်း သိရှိလာသည့်အတွက်

ဤ ''ရှုဥသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏အလုပ်ပေးတရား (အပါယ်ကင်းလွတ်ရေးတရား)'' စာအုပ်ကိုစုစည်း ရေးသားထုတ်ဝေရခြင်းဖြစ်ပါသည်။ ရရှိသော အလှူငွေများကို ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ၊ မတတ်နိုင်သော ယောဂီ ဓမ္မမိတ်ဆွေများ၊ လှူဒါန်းပူဇော်သင့်သော ပုဂ္ဂိုလ်များကို ထပ်မံရိုက်နှိပ်၍ လှူဒါန်းပေးခြင်းသာ ဖြစ်ပေသည်။ သံသရာရှည်လျားသဖြင့် အမိအဘ၊ ဆွေမျိုး ညီအစ်ကိုမောင်နှမ မတော်ဖူးသူ မရှိလေသောကြောင့် အားလုံးသော ဆွေတော်မျိုးတော်အပေါင်းတို့အား ဓမ္မဖြင့် ကျေးဇူးဆပ်ခြင်းသာ ဖြစ်ပါသည်။ နောက်နောင်လည်း ယခုထက် ပိုမိုကြိုးစား၍ သူတော်ကောင်း ရတနာ(၇)ပါး တစ်နေ့တစ်ခြား တိုးတက်ပြည့်ဝလာစေရန် ဆက်လက် ကြိုးစားအားထုတ်မည်ဖြစ်ပါသည်။

နိဗ္ဗာန်ကိုအမှန်တကယ်လိုချင်၍ ကြိုးစားအားထုတ်ကြကုန်သော ဆွေတော်မျိုးတော် ယောဂီအပေါင်း တို့သည်လည်းပဲ ''သစ္စာဉာဏ်၊ ကိစ္စဉာဏ်'' ဖြင့်ရှုမှတ်ပွားများအားထုတ်၍ နိဗ္ဗာန်တည်းဟူသော ကတဉာဏ်ထိဆိုက်ရောက်အောင် အလုပ်စဉ်အတိုင်း ကျင့်ကြံအားထုတ် နိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုရင်း ... ။

ဓေယျာမင်း(ကေတု)

## အာဇီဝဋ္ဌမကသီလဆောက်တည်သင့်ပုံ

မိုးညှင်းသင်္ဂီကျောင်းတိုက်၊ ပိုင်းလော့ဆရာတော် အရှင်ဇေယျပဏ္ဍိတ၏ တရားစခန်းတိုင်းတွင် ဤအာဇီဝဋ္ဌမကသီလကိုသာပေးခဲ့ပါသည်။

မွန်းလွဲချိန်နောက်ပိုင်း ညစာထမင်းမစားရဘူးလို့ ဤအာဇီဝဋ္ဌမကသီလတွင်မပါပါ၊ စားရင်လည်း ဖြစ်ပါသည်။ ဆရာတော်ကလည်း ခွင့်ပြုထားပါသည်။ သို့ရာတွင် ဤအာဇီဝဋ္ဌမကသီလ၏ ပို၍လေးနက်သော အကြောင်းအရာများကို တင်ပြချင်ပါသည်။

ငါးပါးသီလနှင့် ဤအာဇီဝဋ္ဌမကသီလကို ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ၊ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လွန်ကျူးလျှင် အပြစ်ရှိ၏။ သူတော်ကောင်းတို့ အမြဲစောင့်ထိန်းရမည့် ကိုယ်ကျင့် နိစ္စသီလများဖြစ်ပါသည်။

ဤအာဇီဝဋ္ဌမကသီလလုံခြုံမှ မဂ်ဖိုလ်ကိုရနိုင်သဖြင့် ဤသီလကို မဂ်တည်းဟူသော မြတ်သော အကျင့်၏အစအခြေခံသီလဖြစ်၍ ''အာဒိဗြဟ္မစရိယသီလ'' ဟုကျမ်းဂန်တို့၌ ခေါ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးက ဆရာတော်ကြီး၏ သီလဝိနိစ္ဆယပေါင်းချုပ်ကျမ်း (၁၄၄)၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

ဤအာဇီဝဋ္ဌမကသီလသည် မြတ်စွာဘုရား၏ သာသနာတော်၌ အခြေခံအမာခံ တည်ရာတရားဖြစ်၍ ''အာဒိဗြဟ္မစရိယသီလ'' မည်၏။ နေထွက်လိုသည်ရှိသော် ရှေးဦးစွာ ဖြစ်ပေါ်၍လာသော နေအရုဏ်နှင့်တူသည်ဟု မြတ်စွာဘုရားဟောတော်မူ၏လို့ ဖော်ပြထားပါသည်။ ထို့အပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၂)ဋီကာတို့၌လည်းကောင်း၊ ဥပရိပဏ္ဏာသပါဠိ(၃၃၇)၌လည်းကောင်း အာဇီဝဋ္ဌမက သီလကို ''ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါသုပရိသုဒ္ဓေါ ဟောတိ'' ဟူသော ပါဠိတော်အရ အကျယ်ထုတ်ပြလျက်ရှိ၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလကို အမြဲလုံခြုံအောင် စောင့်ထိန်းသင့်လှပေသည်ဟု ဖော်ပြထားပါသည်။

**(သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော ဗုဒ္ဓဘာသာလက်စွဲကျမ်းမှ)**

## အာဇီဝဋ္ဌမကသီလ

စင်ကြယ်စွာ အသက်မွေးမှုပြုပါမည်ဟု ဝန်ခံကတိပြုဆောက်တည်သောသီလသည် အာဇီဝဋ္ဌမကသီလဖြစ်သည်။ တစ်နည်းအားဖြင့် ရှစ်ခုမြောက်သော သီလနေရာတွင် အာဇီဝကို ထည့်သွင်းရေတွက်ရသဖြင့် အရေအတွက် ရှစ်ပါးရှိသောသီလဖြစ်၏။ မှားယွင်းစွာ အသက်မွေးမှု (မိစ္ဆာဇီဝ)မှ ရှောင်ကြဉ်သော သိက္ခာပုဒ် ဖြစ်၏။

**မိစ္ဆာဇီဝ= မိစ္ဆာ+အာဇီဝ = မှားယွင်းသော အသက်မွေးမှု ။**

ပစ္စည်းလာဘ်လာဘအတွက် ဝါကြွားခြင်း၊ လာဘ်ကိုမျှော်ကိုး၍ ပြောဆိုခြင်း၊ အရိပ်နိမိတ်ပြုခြင်း၊ မိမိ၏အနည်းငယ်သောပစ္စည်းဖြင့် သူတစ်ပါး၏ များစွာသောပစ္စည်းကို ရယူလိုခြင်း၊ အစားအစာ အဟာရအတွက် ကာယဒုစရိုက်၊ ဝစီဒုစရိုက် အသုံးပြုရှာမှီးခြင်း စသည်တို့သည် မိစ္ဆာဇီဝများဖြစ်၏။ အာဇီဝဋ္ဌမကသီလ ဆောက်တည်သူသည် ယင်းမိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ အပ်စပ်သော ပစ္စည်းရှာမှီးမှုဖြင့် အသက်မွေးရပါသည်။

## အာဇီဝဋ္ဌမကသီလနှင့် မဂ္ဂင်ရှစ်ပါး

အာဇီဝဋ္ဌမကသီလတွင် တိုက်ရိုက်အားဖြင့် မဂ္ဂင်သုံးပါး ပါဝင်လျက်ရှိ၏။ ယင်းတို့မှာ ''ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ'' ဖြင့် သမ္မာကမ္မန္တမဂ္ဂင်၊ ''မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသ၊ သမ္ဖပ္ပလာပဝါစာ'' ဖြင့် သမ္မာဝါစာမဂ္ဂင်၊ ''မိစ္ဆာဇီဝါ ဝေရမဏီ''ဖြင့် သမ္မာအာဇီဝမဂ္ဂင်တို့ ဖြစ်၏။

ဥပမာအနေဖြင့် - ကျန်မဂ္ဂင်ငါးပါးတို့ကိုလည်း ရနိုင်၏။ ဒုစရိုက်မှုများကို ကြဉ်၍ ကောင်းစွာ အသက်မွေးမှုပြုမှုသာ လောကုတ္တရာတရားရနိုင်သည်ဟု သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိမဂ္ဂင်၊ ကြံစည်ခြင်းသည် သမ္မာသင်္ကပ္ပမဂ္ဂင်၊ ကျင့်ကြံအားထုတ်ခြင်းသည် သမ္မာဝါယာမမဂ္ဂင်၊ သတိပြုခြင်းသည် သမ္မာသတိမဂ္ဂင်၊ ဒုစရိုက်မှုများကိုကြဉ်၍ ကောင်းစွာ အသက်မွေးမှုကြောင့် စိတ်တည်ကြည်ခြင်းမှာ သမ္မာသမာဓိမဂ္ဂင်ဖြစ်လေ၏။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလ ဆောက်တည်လျှင် မဂ္ဂင်ရှစ်ပါးအကျင့်တရားကိုလည်း ပွားများဖြည့်ဆည်းရာ ရောက်ပါသည်။

## ကာယကံသုံးပါး (ကာယဒုစရိုက်သုံးပါး)

၁။ ပါဏာတိပါတာ ဝေရမဏိ - သူ့အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ပါ၏။

သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရမည်။ ရှောင်ကြဉ်ရုံမဟုတ်ဘဲ သူ့အသက်ရှည်အောင် သူကျန်းမာချမ်းသာအောင် ကူညီစောင့်ရှောက်ဖို့လည်း လိုအပ်ပါသည်။

၂။ အဒိန္နာဒါနာ ဝေရမဏိ - သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

မခိုးရုံတင်မဟုတ်ဘဲ သူတစ်ပါးချမ်းသာတာကို ကျေနပ်နှစ်သိမ့်နေနိုင်ရပါမည်၊ မုဒိတာတရား ထားနိုင်ရပါမည်။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရာမဏိ - ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်သုံးခြင်းမှ ရှောင်ကြဉ်ပါ၏။

မကောင်းမှုမှ ရှောင်ကြဉ်ခြင်းကို "ဝိရတီ" ဟုခေါ်သည်၊ အထက်ပါ ကာယကံသုံးပါးကို ထိထိရောက်ရောက် ရှောင်ကြဉ်နိုင်လျှင် သမ္မာကမ္မန္တမဂ္ဂင် ထိုက်ပါသည်။

## ဝစီကံလေးပါး (ဝစီဒုစရိုက်လေးပါး)

၁။ မုသာဝါဒါ ဝေရမဏိ - မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ ပိသုဏာဝါစါ ဝေရမဏိ - သူနှစ်ဦး ကွဲပြားအောင် ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ ဖရုသဝါစာ ဝေရမဏိ - ကြမ်းတမ်းယုတ်မာ ကျိန်ဆဲစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ သမ္ဖပ္ပလာပ ဝေရမဏိ - အကျိုးမရှိသောစကား၊ သိမ်ဖျင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

အထက်ပါဝစီကံလေးပါးကို ထိထိရောက်ရောက် ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမဂ္ဂင်ထိုက်ပါသည်။

အသက်မွေးမှုစင်ကြယ်ခြင်း

၁။ မိစ္ဆာဇီဝါ ဝေရမဏိ - မတရားစီးပွားရှာခြင်းမှ ရှောင်ကြဉ်ပါ၏။

အကြမ်းအားဖြင့် " အဆိပ်၊ လက်နက်၊ လူ အရက်၊ သက်သတ် ခိုးမှု ကာမေသု" ဆိုတဲ့ အသက်မွေးမှုတွေမလုပ်ဖို့ အရေးကြီးပါသည်။ အတော်လေးကျယ်ကျယ်ပြန့်ပြန့် တင်ပြစရာရှိပါသည်။ သို့သော် ဤမျှပဲတင်ပြပါမည်။

## မဂ္ဂင်ရှစ်ပါးနှင့် အာဇီဝဋ္ဌမကသီလ

၁။ သမ္မာဒိဋ္ဌိ - မှန်ကန်သော အမြင်၊ မှန်ကန်စွာသိမြင်သော ဉာဏ်အမြင်၊ ဖြောင့်မှန်သော အယူ။

နိဗ္ဗာန်စံဝင်တော်မမူမချင်း နောင်ဘဝ အမှန်တကယ်ရှိသည်ဟု သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။ မိမိပြုလုပ်သည့်ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ကောင်းကျိုးဆိုးပြစ်ကို နောင်ဘဝ အဆက်ဆက်တွင် ခံစားစံစားရမည်ဟု သိမြင်ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် အပါယ်ဘုံများရှိရမည်ဟု ယုံကြည်လက်ခံခြင်းသည် သမ္မာဒိဋ္ဌိ မည်၏။"ဖြောင့်မှန်သောအယူ"ဟူသည် ကောင်းမှုကုသိုလ်နှင့် မကောင်းမှု အကုသိုလ် ဟူ၍ရှိ၏။ နောက်ဘဝရှိသည်၊ အပါယ်ဘုံနှင့် နတ်ဘုံ၊ ဗြဟ္မာဘုံ၊ လူ့ဘုံများရှိသည်။ သတ္တဝါသည် မိမိပြုလုပ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် ဤလူ့ဘုံနှင့် ငရဲဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံများတွင် ကောင်းကျိုး၊ ဆိုးပြစ်ကို ခံစား စံစားရသည်။

ထို့ကြောင့်သတ္တဝါသည် "ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာရှိသည်" ဟုသိမြင်ခြင်း - ကမ္မဿကတဉာဏ်ကို ရှင်းလင်းပြတ်သားစွာ ဝေဖန်ပိုင်းခြား သိမြင်နားလည်ထားရမည်။

ကမ္မဿကတာ - ၏ အဓိပ္ပါယ်
ကမ္မ = ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ ။
သကတာ = ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်။

ဘဝနောက်နှောင်း ကောင်းသထက်ကောင်းအောင် ကုသိုလ် များလုပ်ပြီးကြိုးစား ထားကြရမည်။ ဆရာတော် ညွှန်ပြတာလည်း နှလုံးသွင်းတည့်နေရပါမည်။

အရင်က ကောင်းလို့ ခုကောင်းတယ်၊
ခုကောင်းရင် နောင်ကောင်းမယ်၊
အရင်ကဆိုးလို့ ခုဆိုးတယ်၊
ခုဆိုးရင် နောင်ဆိုးလိမ့်မယ်၊
ယခုကောင်းရင် နောင်ကောင်းပါလိမ့်မယ်၊
အဓိကတော့ ကောင်းတာမှန်သမျှ လုပ်နေဖို့ပါပဲ ။

ထို့ကြောင့် အကျဉ်းအားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံကိုလည်းကောင်း၊ ယင်းကံတို့၏ ကောင်းကျိုးဆိုးကျိုးကိုလည်းကောင်း သိမြင်မှု ကမ္မဿကတာဉာဏ်နှင့် ပြည့်စုံ၍ လိုက်နာကျင့်ကြံဆောင်ရွက်နိုင်ပြီဖြစ်လျှင် သမ္မာဒိဋ္ဌိဖြစ်ပြီဟု သတ်မှတ်နိုင်ပါသည်။

ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်များရရှိရန်အတွက် သမ္မာဒိဋ္ဌိဖြစ်ဖို့လည်းလိုအပ်ပါသည်။ သူတော်ကောင်းတရားနာကြားရဖို့ အရေးကြီးပါသည်။(သူတော်ဆည်းကပ် မြတ်တရားနာ)၊ ရုပ်နှင့်နာမ်တို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင် နားလည်သိမြင်လာရန် အထူးဂရုစိုက်ကြရပါမည်။

ဤမျှလောက်ဆိုလျှင် သမ္မာဒိဋ္ဌိအတွက် လုံလောက်ပြီဟု ယူဆပါသည်။

## ၂။ သမ္မာသင်္ကပ္ပ = မှန်ကန်သောအကြံအစည်

မှန်ကန်သောအကြံအစည်ဖြစ်ဖို့ရန် အောက်ပါဝိတက် သုံးမျိုးကို ရှောင်ကြဉ်ရပါမည်။

(၁) ကာမဝိတက် - ကာမအာရုံငါးမျိုး ရရှိရန် ကြံစည်မှုမှ ရှောင်ကြဉ်ရန်၊

(၂) ဗျာပါဒဝိတက် - အလိုဆိုးတို့ဖြင့် လွှမ်းမိုး၍ သူတစ်ပါးတို့၏အကျိုးပျက်စီးရန်၊ မိမိနှင့်ပြိုင်ဘက်ဖြစ်သူပျက်စီးပါစေ၊ သေပါစေ စသည်ဖြင့် ရှေ့ရှုကြံစည်မှုမှ ရှောင်ကြဉ်ရန်၊

(၃) ဝိဟိံသဝိတက် - သတ္တဝါအပေါင်းတို့အား ညှဉ်းပန်းသတ်ဖြတ်ရန် ကြံစည်မှုမှ ရှောင်ကြဉ်ရန်၊

သူတစ်ပါးကို မကောင်းစေချင်တာ၊ မနာလိုတာ ဣဿာနဲ့ မစ္ဆေရတရားတွေကိုလည်း မကြံမိပါစေနဲ့၊ ကိုယ်လည်းစိတ်မဆင်းရဲနဲ့ သူတစ်ပါးလည်း စိတ်မဆင်းရဲပါစေနှင့်၊ သမ္မာသင်္ကပ္ပမဂ္ဂင်အတွက် ဤမျှပဲ တင်ပြပါမည်။

၃။ သမ္မာဝါစာ = မှန်ကန်သောစကားကို (နှုတ်မှုကို) ပြောဆိုမှု

(၁) မုသာဝါဒ - မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်။

(၂) ပိသုဏာဝါစာ - ချောပစ်ကုန်းတိုက်သော ရင်းနှီးချစ်ခင်မှုကို ပျက်စီးစေတတ်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) ဖရုသဝါစာ - ရန့်ရင်းကြမ်းတမ်း လူနားမချမ်းသာ ဗရမ်းဗတာ ဗလာစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်။

(ယဉ်ကျေးနူးညံ့သော၊ ညင်သာချိုမြိန်သော လူတိုင်းနှစ်သက်သာယာ ပြေပြစ်သော စကား၊ ချစ်ခင်စိတ်နှလုံးကို ပွားစေတတ်သော သူ့ကျိုး ကိုယ်ကျိုးရှိသော စကားကို ပြောဆိုရာ၏။)

(၄) သမ္ဖပ္ပလာပ - သိမ်ဖျင်းသော အကျိုးမရှိသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်။

အထက်ဖော်ပြပါ နှုတ်ထွက်စကား နှုတ်မှုလေးပါးကို ရှောင်ကြဉ်နိုင်ပါက သမ္မာဝါစာ မဂ္ဂင် ပြည့်စုံပါပြီ။

၄။ သမ္မာကမ္မန္တ - ကောင်းသော၊ မှန်ကန်သော ကိုယ်မှုပြုလုပ်ခြင်း၊

(၁) ပါဏာတိပါတ - သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရန်။

(၂) အဒိန္နာဒါန - ပိုင်ရှင်မပေးသော ပစ္စည်းကိုခိုးယူခြင်းမှရှောင်ကြဉ်ရန်။ (ပိုင်ရှင်မပေးဘဲ၊ မသိဘဲ ယူပါက ခိုးရာမြောက်၏)

(၃) ကာမေသုမိစ္ဆာစာရ - သူတစ်ပါးအိမ်ယာ မပြစ်မှားခြင်း။

အဆင်းဆိုတဲ့ ရူပါရုံ၊ အသံဆိုတဲ့ သဒ္ဒါရုံ၊ အနံ့ဆိုတဲ့ ဂန္ဓာရုံ၊ အရသာဆိုတဲ့ ရသာရုံ၊ အတွေ့ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ်အာရုံတို့၌ ဖောက်လွဲဖောက်ပြန် မမှန်သော ကျင့်ကြံမှုမှ ရှောင်ကြဉ်ရန်။

အထက်ဖော်ပြပါ ကိုယ်မှုဆိုင်ရာ သုံးမျိုးဖယ်၍ လိုက်နာကျင့်ကြံခဲ့သော် သမ္မာကမ္မန္တ မဂ္ဂင်နှင့် ပြည့်စုံပြီဟု ဆိုနိုင်ပါသည်။ အာဇီဝဋ္ဌမကသီလတွင် ဤမဂ္ဂင်များ ပါဝင်ပါသည်။

၅။ သမ္မာအာဇီဝ - မှန်ကန်သော အသက်မွေးမှု။

မွန်မြတ်သန့်ရှင်း အပြစ်ကင်းသော အလုပ်ဖြင့်သာ အသက်မွေးပြုလျှင် သမ္မာအာဇီဝ မဂ္ဂင် ပြည့်စုံနိုင်ပါသည်။ အဆိပ် လက်နက် လူ အရက် ရောင်းဝယ်ခြင်းကင်းရပါမည်။ ကာယဒုစရိုက်သုံးပါး၊ မနောဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်တာကို သမ္မာအာဇီဝလို့ ခေါ်ပါတယ်။

၆။ သမ္မာဝါယာမ - မှန်ကန်သောအားထုတ်မှု။

သမ္မပ္ပဓာန်တရားလေးပါးကို ကျင့်သုံးလိုက်နာရာ၏။ ယင်းတရားလေးပါးမှာ -

(၁) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အားထုတ်ခြင်း၊
(၂) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ဖျက်ခြင်းငှာ အားထုတ်ခြင်း၊
(၃) မဖြစ်သေးကုန်သော ကောင်းမြတ်သောကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊
(၄) ဖြစ်ပြီးသော ကောင်းမြတ်သော ကုသိုလ်တရားတို့ကို တိုးတက်ကြီးပွား စည်ပင်စိမ့်သောငှာအားထုတ်ခြင်း။

ဤသမ္မပ္ပဓာန်တရားလေးပါးကို ထိန်းသိမ်းနိုင်လျှင် သမ္မာဝါယာမမဂ္ဂင်သည် ပြီးပြည့်စုံနိုင်ပါသည်။ မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင် အားထုတ်မှုဆိုတာ မဂ်ကုသိုလ် ဖြစ်တယ်၊ မဂ်ကုသိုလ်ရဖို့ဆိုတာ သစ္စာလေးပါးကိုသိမှဖြစ်တယ်၊ သစ္စာလေးပါးကိုသိအောင် အားထုတ်တာသည် မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင်လုပ်တာ မဟုတ်ဘူးလား၊ ဖြစ်ပြီးသော ကုသိုလ်တရားတွေကို တိုးပွားအောင်အားထုတ်မှုဆိုတာလည်း သစ္စာလေးပါးကိုသိပြီးမှ ရတနာသုံးပါး၌ မတုန်မလှုပ်သော သဒ္ဓါတရားကြောင့် တိုးပွားတာ၊ ဒီတော့ သစ္စာလေးပါးကိုသိအောင် အားထုတ်လာတာသည်ပင် ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားအောင် အားထုတ်သည် မည်ပါတယ်။

၇။ သမ္မာသတိ = မှန်ကန်သော အောက်မေ့မှု၊ မှန်ကန်သောသတိရှိမှု။

သတိကိုလက်ကိုင်ထားခြင်းသည် နေ့စေ့ကကုန်သည်မှတစ်ပါး တခြားသောနည်းဖြင့် မသေနိုင်ဟု ပြောကြ၏၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက နေ့စဉ်ဆွမ်းခံရာမှ

အပြန် ခြေဆေးအင်းပျဉ်မှ ရပ်တော်မူလျက် ''ရဟန်းတို့ သတိနှင့်ပြည့်စုံကြကုန်လော့''ဟု မိန့်တော်မူမြဲဖြစ်၏။ သတိတရားနှင့် ပြည့်စုံသူများသည် သတိကင်းမဲ့သူများကဲ့သို့ မသေနိုင်ဟု ဓမ္မပဒ၌ မြတ်စွာဘုရား ဟောတော်မူခဲ့၏။ ထို့ကြောင့် အာနာပါန- ဝင်လေ ထွက်လေ၊ ထမှု၊ ထိုင်မှု၊ အိပ်မှု၊ သွားမှု၊ စားမှု၊ သောက်မှု၊ ရှုမှုတို့တွင် သတိနဲ့ကပ်ယှဉ်ထားကြပါစေ၊ သတိမြဲရင် ဖြစ်ပျက်ကိုမြင်ပါသည်။

''သမ္မာသတိမဂ္ဂင်'' ဆိုတာ သတိပဋ္ဌာန်လေးပါးကိုခေါ်သည်။

(၁) ကာယာနုပဿနာ သတိပဋ္ဌာန် - သုံးဆယ့်နှစ်ပါး ကောဋ္ဌာသနှင့် အာနာပါနတို့ကို လက္ခဏာသုံးပါးတင်၍ရှုမှတ်မှုပါပဲ။

(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန် - ဝေဒနာသုံးပါးကို ဖြစ်စေ၊ ငါးပါးကိုဖြစ်စေ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာယှဉ်သုံးပါးတင်၍ ရှုမှု ။

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန် - အာရုံ(ဒွါရထိခိုက်မှုကြောင့်) ဖြစ်ပေါ်လာတဲ့၊ မြင်စိတ်၊ ကြားစိတ်၊ နံသိစိတ်၊စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံစိတ်တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာယှဉ်သုံးပါးတင်၍ ဖြစ်ပျက် ရှုလိုက်ဖို့ပါပဲ။
သတိသည် ပိုသည်ဟုမရှိပါ၊ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှုပါလို့ ပညာရှိများက လမ်းညွှန်ထားပါသည်။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် - ရုပ် ဝေဒနာ စိတ်မှ တစ်ပါးသော သင်္ခါရတရားများကို လက္ခဏာယှဉ်သုံးပါး တင်၍ရှုမှတ်ရမှာ ဖြစ်ပါသည်။

**၈။ သမ္မာသမာဓိ = မှန်ကန်သော တည်ငြိမ်မှု ။**

အာဇီဝဋ္ဌမကသီလကို ဆောက်တည်ရာတွင် တကယ်ဆောက်တည်ထားနိုင်လျှင် မဂ္ဂင်ရှစ်ပါးသည် အလိုအလျောက် ပါဝင်ပြီးဖြစ်ရကား အလိုလို မဇ္ဈိမပဋိပဒါအကျင့်ကို ကျင့်သုံးပြီး ဖြစ်နေပါသည်။ ထို့ကြောင့် ဆရာတော် ပေးလှေ့ရှိသော ဆရာတော် တည်ဆောက်နိုင်းလှေ့ ရှိသော အာဇီဝဋ္ဌမကသီလကို သဒ္ဓါထက်သန်စွာဖြင့် စောင့်ထိန်းကြပါရန် ထပ်လောင်း၍ တိုက်တွန်းလိုက်ပါသည်။ အစဉ်ထာဝရ အာဇီဝဋ္ဌမကသီလကို ဆောက်တည်နိုင်ကြပါစေ။

အာနာပါနကမ္မဋ္ဌာန်းသည် သမာဓိတရားကို အကောင်းဆုံးထူထောင်နိုင်ပါသည်။

ဝင်လေသိ ထွက်လေသိ ဒီစိတ်နှစ်ခုကို မြဲမြဲသော သတိနဲ့ စောင့်ကြည့်နေနိုင်ပါက သမာဓိသည် မလွဲမသွေ ရရှိပါမည်။

ဝင်လေသိတဲ့စိတ်၊ ထွက်လေသိတဲ့စိတ်ဟာ ပဓာနကျပါတယ်၊ ဝင်လေ ထွက်လေကို သတိကလေးနဲ့ ကပ်ထားပြီး ချည်တိုင်သဖွယ် ဘယ်မှမရွေ့လျားဘဲ သိ သိပြီးနေရင် သမာဓိဟာ မလွဲမသွေ ရလာမှာပါပဲ။

သမာဓိတည်လာရင် ကောင်းလာရင် စိတ်ကိုနိုင်ပါတယ်။ စိတ်ကို ဒီတစ်ခုတည်းသော သမထ ဝိပဿနာ အာရုံမှာ ထိန်းချုပ်ထားနိုင်တဲ့ စိတ်ရဲ့တန်ခိုးတွေ ထွက်လာပါတယ်၊ အလင်း အရောင်စတဲ့ ပုဗ္ဗနိမိတ်တွေလည်း ထွက်လာပါတယ်၊ စိတ်ကညွတ်ရင် ဘယ်အရာမဆို ရနိုင်၊ အောင်မြင်နိုင်ပါတယ်၊ သမာဓိဆိုတဲ့ သဘောကတော့ စိတ်အာရုံတွေကို ပြန့်မသွားအောင် စုပြီးတည်ကြည်အောင်ပြုလုပ်တာပါ၊ တရားအာရုံထင်ပေါ်လာဖို့အတွက် အခြေခံပဓနဟာ သမာဓိပါပဲ၊ သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ဦးစီးတဲ့ အလုပ်အတွက် သမ္မာသမာဓိဆိုတာ မလွဲမသွေ ရရှိလာတော့မှာပါပဲ။

အာရုံနဲ့ဒွါရတိုက်၍ ပေါ်လာသော ခန္ဓာငါးပါး (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)ကိုသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင်ငါးပါးနှင့် ဝိပဿနာ ရှုကြည့်ရမှာပါ၊ သတိနှင့် စောင့်ကြည့်ရပါမည်။ ခန္ဓာငါးပါးသည် ဖြစ်ပြီးပျက်သွားသည်၊ ဘယ်လူရဲ့အလိုဆန္ဒနှင့်မှ မသက်ဆိုင်ပါ၊ ဆရာတော်၏ တရားအဆုံးအမ လမ်းညွှန်ချက်များအတိုင်း ကြိုးစားရှုမှတ်ပွားများသွားရပါမည်။

ဒီမဂ္ဂင်တရားအကျင့်မြတ်သည်သာလျှင် မဇ္ဈိမပဋိပဒါအကျင့်၊ ဉာဏ်မျက်စိကို ဖြစ်စေတတ်သောအကျင့် အသိဉာဏ်ကို ဖြစ်စေတတ်သောအကျင့်၊ ကိလေသာကို ငြိမ်းအေးစေသောအကျင့်၊ ထူးသောဉာဏ်ကို ဖြစ်စေသောအကျင့်၊ နိဗ္ဗာန်သို့ရောက်စေနိုင်သောအကျင့် ဖြစ်၏။

ယောဂီအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆရာတော်၏အဆုံးအမ လမ်းညွှန်မှုများဖြင့် တရားဓမ္မတို့ကို သိမြင်ကြပါစေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်သွားနိုင်ကြပါစေ . . .။

===

# အာရုံသိသဘော(ခန္ဓာငါးပါး)ဖြစ်ခွင့်ရသော နေရာများနှင့် ဖြစ်ပေါ်သော စိတ်၊ ဝေဒနာများ



## “အပါယ်မျိုးစေ့ သက္ကာယဒိဋ္ဌိ”

၃၁-ဘုံမှာ သတ္တဝါတွေကျင်လည်နေတဲ့ သဘောလမ်းကြောင်းကိုပြသတဲ့ပုံ ဖြစ်ပါတယ်။ အပေါ်ဆုံးက (၅/၁၅) ဆိုတာက ဗြဟ္မာဘုံ ၂၀ ကို ပြသခြင်း ဖြစ်ပါတယ်။ ၅ဘုံ က အနာဂါမ်၊ ရဟန္တာ ဗြဟ္မာကြီးတွေနေတဲ့ ဘုံဖြစ်ပြီး အဲဒီရဟန္တာ ဗြဟ္မာတွေက အောက်ကို ပြန်မဆင်းတော့ဘူး။ ဒီဘဝပြီးရင် နိဗ္ဗာန်ကိုစံဝင်ရပါမယ်။ ၁၅-ဘုံကတော့ ရိုးရိုးဗြဟ္မာတွေ နေတဲ့ဘုံ ဖြစ်ပါတယ်။ ဗြဟ္မာ့ဘုံအောက်က ဆိုတာကတော့ နတ်ပြည် ၆-ထပ်ကိုပြောတာပါ။




နတ်ပြည်ခြောက်ထပ်ရဲ့အောက်က (၁) ဆိုတာက လူ့ဘုံ တစ်ဘုံ။ အဲဒီအောက်က(၄)ဆိုတာက အပါယ်လေးဘုံတို့ ဖြစ်ပါတယ်။ ဘေးမှာပြထားတဲ့ မြားလမ်းကြောင်းတွေကတော့-

ဗြဟ္မာဘုံ(ရိုးရိုးဗြဟ္မာ) ကနေ သက်တမ်းကုန်ရင်၊ နတ်ပြည်၊ လူ့ပြည်ကို ပြန်ရောက်နိုင်ပါတယ်။ နတ်ပြည် ၆-ထပ်ကနေ လူ့ဘုံနဲ့အပါယ် လေးဘုံထိ ကျနိုင်ပါတယ်။ လူ့ဘုံကနေ အပါယ်လေးဘုံကို ပြန်ကျနိုင်ပါတယ်။

ဆိုလိုတာက သက္ကာယဒိဋ္ဌိမကွာသမျှ စကြာမင်းပဲဖြစ်ဖြစ်၊ နတ်တွေထဲက သိကြားမင်းပဲဖြစ်ဖြစ်၊ ဗြဟ္မာကြီးပဲဖြစ်ဖြစ် သက်တမ်းကုန်၊ ခန္ဓာပြိုကွဲ ကုသိုလ်စဲလျှင် အပါယ်လေးဘုံသာ ကျရောက်လေ့ရှိပါတယ်။ ဒါကြောင့် အပါယ်မျိုးစေ့ဖြစ်တဲ့ သက္ကာယဒိဋ္ဌိကို အပြီးအပိုင် ပြုတ်အောင် ပြုလုပ်ဖို့လိုပါတယ်။

## သက္ကာယဒိဋ္ဌိနှင့် သတ္တဝါတို့ဖြစ်စဉ်

သက္ကာယဒိဋ္ဌိဆိုတာ အစစ်အမှန်ရှိတဲ့ ခန္ဓာငါးပါးကို ''ငါ''လို့ ယူလိုက်တာဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။ အဲဒီဒိဋ္ဌိကြောင့် ''ငါ''အသက်၊ လိပ်ပြာ၊ ပုဂ္ဂိုလ် သတ္တဝါ၊ ''ငါ'' ဆိုတာ ဖြစ်လာရတယ်။

ဒီတော့ ငါ့အတွက်ချမ်းသာဖို့အတွက် မိမိကိုချမ်းသာပေးနိုင်မယ် ထင်သောသက်ရှိသက်မဲ့တွေကို တွယ်တာလာပါတယ်။




ချမ်းသာပေးမယ်ထင်တဲ့ သက်ရှိသက်မဲ့တွေဟာ မခိုင်မြဲ၊ မတည်တံ့ပဲ၊ ဖောက်ပြန်ပျက်စီးတတ်တဲ့အတွက်၊ ဖောက်ပြန်ပျက်စီးသွားတဲ့အခါ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရပါတယ်။ အဲဒီ ဆင်းရဲကို ကိလေသာဖြင့် ပူလောင်မှုကြောင့် သေတဲ့အခါ အပါယ်လေးဘုံကို ကျရခြင်း ဖြစ်ပါတယ်။

## နိဗ္ဗာန်မြင်ရန်အကြောင်းရင်း (နှာ-၃၄၁ မှ ပုံကိုကြည့်ပါ)

နိဗ္ဗာန်ကိုရချင်ရင် ဝိပဿနာတရားအား ထုတ်မှရပါတယ်။ ဝိပဿနာအားထုတ်ဖို့အတွက် သမ္မာဒိဋ္ဌိလို့ခေါ်တဲ့အမြင်မှန်ရဖို့လိုပါတယ်။ အဲဒီလို အမြင်မှန်ရဖို့ကလည်း ခန္ဓာဖြစ်ကြောင်း ခန္ဓာဖြစ်ကျိုးဆိုတဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ရပါမယ်။ ခန္ဓာနှစ်မျိုး ရှိပါတယ်။

(၁) မျက်မြင်အထည်ခန္ဓာ (၃၂)ကောဋ္ဌာသနဲ့

(၂) ဉာဏ်မြင်သဘောခန္ဓာ (ခန္ဓာငါးပါးအစု) တို့ဖြစ်ပြီး ဉာဏ်မြင်သဘောခန္ဓာကို သိရှိနားလည်၍ ကျင့်ကြံအားထုတ်မှသာ သစ္စာလေးပါးကိုသိရှိပြီး နိဗ္ဗာန်ကိုရပါမယ်။ ဉာဏ်မြင်သဘော ခန္ဓာကို အာရုံဒြုပ်ရကမွေးတဲ့ ခန္ဓာလို့လည်း ခေါ်ပါတယ်။




(ခန္ဓာ=အစု)

## ဝဋ်သုံးပါး (နာ-၃၄၂ မှ ပုံကိုကြည့်ပါ)

ဝဋ်ဆိုတာ လုံးလည်လိုက်တဲ့ သဘောပါ။

၁။ ကိလေသဝဋ် ၃ပါး (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)

၂။ ကမ္မဝဋ် ၂ ပါး (သင်္ခါရ၊ ကမ္မဘဝ)

၃။ ဝိပါကဝဋ် ၈ ပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏ ဥပပတ္တိဘဝ) တို့ဖြစ်လေသည်။

အကြောင်းနဲ့အကျိုးပြမယ်ဆိုရင်- ကိလေသဝဋ်က အကြောင်း …ကမ္မဝဋ်က အကျိုး… ကမ္မဝဋ်က အကြောင်း … ဝိပါကဝဋ်ကအကျိုး ဖြစ်ပါတယ်။




၁ – စိတ်
\+ ၅၂ – စေတသိက်
၅၃
\+ ၁၈ –နိပ္ဖန္နရုပ်
၇၁
\+ ၄ – လက္ခဏာရုပ်
၇၅
× ၂ – အဇ္ဈတ္တဗဟိဒ္ဓ
၁၅၀
× ၁၀ – ကိလေသာ
၁၅၀၀

အာရုံ သ် သဘော




ခန္ဓာငါးပါးကို အမှန်အတိုင်းရှုမြင်ပါက
ကိလေသာ ၁၅၀၀–မလာ

နောက်တစ်မျိုးပြောမယ်ဆိုရင် -

ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကအကြောင်း .... ဝိပါကဝဋ်ကအကျိုး ဖြစ်သည်။

အကျိုးဝဋ်ဖြစ်တဲ့ ဝိပါကဝဋ်ကနေ ကိလေသဝဋ်မဖြစ်အောင် လုပ်နိုင်ရင် ဝဋ် ၃-ပါးကနေလွတ်ပြီ။ ဒါကြောင့်ဝိပါကဝဋ်ဖြစ်တဲ့ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာငါးပါး၊ တစ်နည်းအားဖြင့် (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)တွေကို ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ပွားများပြီး တဏှာမကူးအောင် ရှုမှတ်ပွားများရမှာ ဖြစ်တဲ့အတွက် ဝဋ်ကနေထွက်ချင်ရင်ဝိပါကဝဋ်နဲ့ ကိလေသဝဋ်ကြားက ထွက်ရမှာ ဖြစ်ပါတယ်။

ဝိပါကဝဋ်ကနေ ကိလေသဝဋ်ကိုမကူးရင်လွတ်မြောက်ပါပြီ။

## သစ္စာလေးချက်တပြိုင်နက်

ယံကိဉ္စိ သမုဒယ ဓမ္မံ နိရောဓ ဓမ္မန္တိ




"အခေါ်အရှိလိုက်စားဘိ ရောက်၏ပါယ်လေးရွာ
တကယ်အရှိလိုက်စားဘိ ရောက်၏သေလွတ်ရွာ"

(သမုတိသစ္စာလည်း အစုံးမနာပါစေနဲ့
ပရမတ္ထသစ္စာလည်း နယ်မကျော်ပါစေနဲ့)

ပုံမှာပြထားတဲ့အတိုင်း ပြဟ္မာ (၅/၁၅) =၂၀ဘုံ ။နတ်ပြည် ⑥ဘုံလူ့ပြည် ① ဘုံနဲ့ အပါယ် (၄) ဘုံ။ စုစုပေါင်း ၃၁-ဘုံဖြစ်ပါတယ်။ အဲဒီ ၃၁-ဘုံလုံးမှ ဒွါရ ၆-ပါး ထက်ပိုပြီးမရှိပါဘူး။ ဉာဏ်မြင်သဘောခန္ဓာတွေဟာ ဒွါရခြောက်ပါးမှာသာဖြစ်ပြီး အသေးဆုံးအချိန်နဲ့ ကြည့်မယ်ဆိုရင် ခန္ဓာငါးပါးတစ်ခုသာ ဖြစ်ပါတယ်။ ဖြစ်ပေါ်တဲ့ ခန္ဓာငါးပါးကလည်း ဖြစ်ပြီးပျက်သွားတဲ့ သဘောရှိပါတယ်။ ဒီဖြစ်ပျက်သဘောတရားကြောင့် ဒုက္ခသစ္စာမည်၏။

ခဲတံချွန်လိုပြထားတဲ့ပုံစံမှာ ကြည့်မယ်ဆိုရင် မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ကို ပိဋကတ်အနေနဲ့ သုံးပုံသာရတယ်။ ပိဋကတ်သုံးပုံထဲမှာ ဗောဓိပက္ခိယတရား ၃၇-ပါးရှိပြီး။ မဂ္ဂင်အနေနဲ့က ၈ပါးပဲ ရပါတယ်။ အဲဒီမဂ္ဂင်ရှစ်ပါးကို သိက္ခာနဲ့ ခွဲမယ်ဆိုရင် သီလ၊ သမာဓိ၊ ပညာရယ်လို့ သိက္ခာ ၃-ပါးရပါတယ်။ သိက္ခာသုံးပါးကို ဝိပဿနာဉာဏ်နဲ့ရှုမယ်ဆိုရင် ဧကောဓမ္မော (ဘာဝနာတစ်ချက်) နဲ့ရှုရင် အကုန်ပါသွား ပါပြီ။ ခန္ဓာငါးပါးနဲ့ ဖြစ်ပြီးပျက်တတ်တဲ့သဘော ဒုက္ခသစ္စာကို ရှုလိုက်တဲ့ဘာဝနာ တစ်ချက် က လောကီဝိပဿနာ မဂ္ဂသစ္စာဖြစ်ပြီး၊ အဲဒီလိုရှုလိုက်တဲ့အချိန်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ မလာတော့ပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတာ သမုဒယသစ္စာပါ။ ဒါကြောင့် သမုဒယသေသွားပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ သမုဒယသစ္စာ သေသွားတဲ့အတွက် နောင်ခန္ဓာမလာတော့တာက နိရောဓသစ္စာဖြစ်ပါတယ်။ ဘာဝနာတစ်ချက်ရှုလိုက်လို့ သစ္စာလေးချက်တစ်ပြိုင်နက် ပြီးသွားပါ **တော့တယ်။**

## ကိလေသာသံယောဇဉ်ဆယ်ပါး (နာ-၃၄၄ မှ ပုံကိုကြည့်ပါ)

ပုံတွင်ပြထားသည့်အတိုင်း သောတာပန်ဟာ အပါယ်လေးပါးကို ကျရောက်နိုင်တဲ့ အောက်ပါတရားသုံးခုကိုပယ်ပြီးဖြစ်ပါတယ်။

၁။ သီလဗ္ဗတပရာမာသ

ယုတ်ညံ့သော ခွေးအကျင့် နွားအကျင့်ကို ကျင့်ရင်နိဗ္ဗာန်ရတယ် ဆိုတဲ့ လွဲမှားသော သီလ။

၂။ ဝိစိကိစ္ဆာ




၃။ ဒိဋ္ဌိ

မှားယွင်းသောအယူ (သက္ကာယဒိဋ္ဌိ၊ ဦးဆောင်တဲ့ ၆၂-ပါး သောဒိဋ္ဌိ) အနာဂါမ်ကတော့ ဗျာပါဒဆိုတဲ့ စိုးရိမ်ကြောင့်ကြဗျာပါဒတရား၊ ကာမစ္ဆန္ဒဆိုတဲ့ ကာမဂုဏ်တောင့်တမှုတရားတွေကို ပယ်သတ်ပြီး သကဒါဂါမ်ကတော့ အပြီး အပြတ်မပယ်နိုင်သေးပေမယ့် လျော့နည်း(ပါး)သွားပါတယ်။

ရဟန္တာကတော့ အထက်တရားတွေအပြင်-

အဝိဇ္ဇာ ဆိုတဲ့ မသိမှု မောဟတရား

မာန ဆိုတဲ့ ထောင်လွှားမှု၊ ငါထင်နေမှုစတဲ့တရား

ဥဒ္ဓစ္စ ဆိုတဲ့ စိတ်မတည်ငြိမ်၊ ပျံ့လွင့်မှုတရား

အရူပ ဆိုတဲ့ ရုပ်တရားကိုမရှိစေတဲ့တရား

ရူပ ဆိုတဲ့ ရုပ်နာမ်တရားတွေ မရှိတော့တဲ့ တရား အားလုံးကို ပယ်သတ်ပြီးဖြစ်တဲ့အတွက် ၃၁-ဘုံမှာ ထပ်မံကျင်လည်စရာမရှိတော့ပါဘူး။ နိဗ္ဗာန်ကိုသာ စံဝင်ရမှာ ဖြစ်ပါတော့တယ်။

# နိဂုံး

ကျွန်ုပ်အပါအဝင်ပုထုဇဉ်လူသားအားလုံး သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရာအမှန် မြတ်နိဗ္ဗာန်ကို ရရှိဖို့အတွက် ဝိပဿနာတရားဆိုတာ မလုပ်မဖြစ် လုပ်ရမယ့်လုပ်ငန်း တစ်ခု ဖြစ်ပါတယ်။ဒါကြောင့်အပါယ်လေးပါးကင်းလွတ်ရေး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန် ရရှိရေးအတွက် သိသင့်သိထိုက်သောအချက်များ၊ ဝိပဿနာလုပ်ငန်းဆိုင်ရာလုပ်ငန်းရပ်များ၊ ဝိပဿနာ အားထုတ်နည်းများကို တတ်နိုင်သမျှစုဆောင်းတင်ပြထားခြင်း ဖြစ်ပါတယ်။ ပြီးပြည့်စုံသော စာအုပ်တစ်အုပ် မဟုတ်သော်လည်း ဤစာအုပ်ပါ အချက်အလက်များကို သေသေချာချာ လေ့လာမှတ်သားကျင့်ကြံအားထုတ်ပါက အနည်းဆုံးအပါယ်တံခါးပိတ်သည့် စူဠသောတာပန် ဉာဏ်မျှပင်ရရှိနိုင်ကာ မိမိ၏ကြိုးစားအားထုတ်မှုနှင့် အသိဉာဏ်ပေါ်မူတည်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုပင်ရရှိနိုင်ပေသည်။

များသောအားဖြင့်ပုထုဇဉ်လူသားအားလုံးတို့သည် အဝိဇ္ဇာ၏ အမှန်တရားကို မမြင်နိုင်အောင် ဖုံးကွယ်မှု၊ တဏှာ၏ချော့မြူထားမှုတို့ကြောင့် သစ္စာတရားများကို မသိနိုင်၊ မသိလိုဘဲ ငါးဖြာအာရုံကာမဂုဏ်အပေါ်၌လည်းကောင်း၊ ဘဝတဏှာတည်းဟူသော မိမိဘဝ၊ မိသားစုဘဝ၊ လူ့ဘဝ၊ နတ်ဘဝစသည်တို့၌ ခင်တွယ်စွဲလန်းကာနေထိုင်ရင်း ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟတရားတို့ကြောင့်သေတဲ့အခါမှာ အပါယ်လေးဘုံသာဆင်းရပါ တယ်။ လူတိုင်းသေရမည်ကိုသိသော်လည်း ဒီမနက်သေမည်၊ နောက်လတွင် သေမည်၊ နောက်တစ်နှစ် တွင် သေမည်စသည်ဖြင့်ဘယ်အချိန် ကာလတွင်သေရမည်ကိုသိလဲမသိ၊ သေမည်ဟုလည်း မထင်ခဲ့ကြပေ။ သေမည်မထင်သောကြောင့်သာ သေရေးထက်နေရေးကို ဦးစားပေးကာ စည်းစိမ် တွေ တိုးတက်အောင်ရှာဖွေစားသောက်စုဆောင်းရင်း အချိန်ကုန်ခဲ့ကြပေသည်။

သေရမည်၊ သေပြီး အပါယ်လေးဘုံကျမည့်အရေးတို့သည် ပုထုဇဉ်လူသား အားလုံး အတွက် အရေးကြီးသောအဓိကအချက်ဖြစ်သည်ကို မည်သူတစ်ဦးတစ်ယောက်မျှ အလေးအနက် ထား၍ မစဉ်းစားမိကြပါချေ။ သေပြီးအပါယ်ပြန်ကျမည့် အရေးသည် အင်မတန် ရင်လေးစရာ ကောင်းပေသည်။ကျွန်ုပ်အနေနှင့် ဤအချက်ကို အလေးအနက်တွေးမိသဖြင့် လောကီအိမ်ယာ

ထူထောင် လူတို့ဘောင်တွင် နေထိုင်ပြီး အပါယ်လွတ်နိုင်တဲ့ နည်းလမ်းကို ရှာဖွေလေ့လာခဲ့ခြင်း ဖြစ်ပေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အပါယ်မကျချင်သလို အများတကာကိုလည်း မကျစေလိုပါ၊ ထို့ကြောင့် အပါယ်မကျနိုင်ရေးနည်းလမ်းကို သေချာလေ့လာအားထုတ်ပြီး အများတကာ သိရှိနိုင်စေရန်အတွက် မေတ္တာစေတနာဖြင့် ဓမ္မဒါနဖြန့်ဝေနိုင်ရန် ဘာသာရေးစာပေများဖတ်ရှု လေ့လာမှတ်သား၍ စုဆောင်းတင်ပြခြင်းသာ ဖြစ်ပေသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာ၍ စူဠသောတာပန်ဉာဏ်ရပြီး အပါယ်တံခါးပိတ်ပြီဆိုပါက ကျွန်ုပ်အနေနှင့် ပင်ပန်းရကျိုးနပ်ပေတော့သည်။ အလွန်တိုတောင်းလှတဲ့ လူ့ဘဝ ခဏတာလေးမှာ သားကျွေးမှု၊ မယားကျွေးမှု၊ ကာမဂုဏ်အာရုံတွေနဲ့ ပျော်မွေ့နေပြီး သေတဲ့အခါ အပါယ်လေးဘုံကို ဆင်းရမယ်ဆိုရင် မထိုက်တန်ပါဘူး၊ ဘုရားသာသနာနှင့် ကြုံကြိုက်ပြီး အင်မတန်ရခဲတဲ့ အခွင့်အရေးကို လက်လွှတ်ဆုံးရှုံး မခံသင့်ပေ။ ဒီဘုရားသာသနာတွင်းမှာ သစ္စာတရားများ၊ တရားထူးတရားမြတ်များ ရနိုင်သည့် အချိန်ကာလမှာပင် အခွင့်အရေး လက်လွှတ်ဆုံးရှုံးခဲ့ပါလျှင် နောင်ရှည်လျားလှသော သံသရာတွင်မြုပ်မျော၊ ပေါ်မျော မျောရပေအုံးမည်။ ဤကဲ့သို့ မြုပ်မျော၊ ပေါ်မျော မမျောချင်ရင်ဖြင့် ဝိပဿနာတရားကို ကျင့်ကြံပွါးများ အားထုတ်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ဤစာအုပ်ဖြစ်မြောက်နိုင်ရန်ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ပညာသင်ကြားပေးခဲ့ကြသော ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တငါးပါးနှင့်တကွ သင်ဆရာ မြင်ဆရာ ကြားဆရာအပေါင်းတို့အား ရိုသေစွာဖြင့် ရှိခိုးပူဇော်ကန်တော့ လိုက်ရပါတော့သည်။

" ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု "

ဖေယျာမင်း(ကေတု)

==========================================

## ကျမ်းကိုးစာရင်း

| | |
|---|---|
| ၁ တစ်ဘဝသာသနာ (မိုးကုတ်ဆရာတော်ဘုရားကြီး) | ဆရာတော်ဦးဃောသိတ |
| ၂ ပရက္ကူဝိပဿနာသင်တန်း (သင်္ခန်းစာမှတ်စုများ) | ဝိပဿနာနည်းပြဆရာကြီးဦးကြင်ရွှေ |
| ၃ ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက်ပန်းတိုင် | အရှင်ဗုဒ္ဓစာရ |
| ၄ သီလအစွမ်း | မေတ္တာရှင်(ရွှေပြည်သာ) |
| ၅ ရာပြည့်အထိမ်းအမှတ် (သုဝဏ္ဏသိင်္ဂီ၊မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ) | ဘဒ္ဒန္တကစ္စာယန |
| ၆ ပဋိစ္စသမုပ္ပါဒ်သင်တန်း | တင့်ဝေ (သာသနဓဇဓမ္မာစရိယ) |
| ၇ ဉာတပရိညာစခန်း "အခြေခံပဋိစ္စသမုပ္ပါဒ်သင်တန်း" | ဆရာတော်ဦးသုမန(စစ်ကိုင်းတောင်ရိုး) |
| ၈ ဝိပဿနာအခြေခံနှင့်အမြေမှန် | ဝိပဿနာဆရာကြီးဦးပဂိုဒ် |
| ၉ ရှုဋ္ဌသောတာပန်ဖြစ်ခဏ်း(ဓာတ်ကမ္မဋ္ဌာန်း) | ဦးကိတ္တိ (သပိတ်အိုင်တောရဆရာတော်) |
| ၁၀ ဗုဒ္ဓဘာသာဝါးမျိုးနှင့် သစ္စာလေးပါးတရားတော် | ဘဒ္ဒန္တသုနန္ဒ(ဓမ္မရံသီဆရာတော်) |
| ၁၁ သတိပဋ္ဌာန်တရားနှင့် ဝိပဿနာတရား အားထုတ်နည်း | ဦးကံညွန့် |
| ၁၂ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ | သာသနာရေးဝန်ကြီးဌာန |
| ၁၃ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့် အနိုင်းမဲ့သစ္စာ | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၄ ဇာတိမလာရေးနှင့်နိဗ္ဗာန်အမြင် | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၅ တုနိုင်းမဲ့ကြည်ညိုဖွယ်မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရား | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၆ သက္ကာယဒိဋ္ဌိ(၂၀)နှင့် သံသရာမှထွက်လမ်းမြင်သောဉာဏ် | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၇ ယောဂီများအတွက်အခြေခံသိမှတ်စရာ | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၈ သံဝေဂရဖွယ် ယောနိသောမနသိကာရ- ပြုဖွယ်အဆုံးအမဩဝါဒများ | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၁၉ "တရားမှန်" ပုံပြသင်တန်းမှတ်စု | ပိုင်းလော့ဆရာတော်၊အရှင်ဇေယျပဏ္ဍိတ |
| ၂၀ အပါယ်ပိတ်တရား (VCD) | ဦးမြင့်လွင်(သန့်၊ တည်၊ ပွား) |
| ၂၁ တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ် | ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိက) |

အထက်ပါကျမ်းဂန်များရေးသားခဲ့ကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်ဆရာများနှင့်တကွ ကျွန်ုပ်အားသင်ကြားပြသခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးတို့အား ဤတရားစာအုပ်ဖြင့် ပူဇော်လိုက်ရပါသည်။

ဇေယျာမင်း(ကေတု)

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလုံးစုံသော အလှူဒါနတို့တွင် တရားဓမ္မကို ပူဇော်လှူဒါန်းရခြင်းသည် အမြတ်ဆုံး ဖြစ်ပေသည်။ ဤ "**စူဠသောတာပန်ဉာဏ်နှင့် မြတ်ဗုဒ္ဓ၏ အလုပ်ပေးတရားတော်(အပါယ်ကင်းလွတ်ရေးတရား)**"စာအုပ်အား ဝိပဿနာတရား ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် ဖတ်ရှုလေ့လာကျင့်ကြံအားထုတ်နိုင်ရန်အတွက် ပူဇော်လှူဒါန်းကြသော ကုသိုလ်ရှင်အပေါင်းတို့သည်လည်း ဓမ္မကို ပူဇော်လှူဒါန်းခြင်းဖြစ်သဖြင့် အမြတ်ဆုံးသောဒါန ဖြစ်ပေသည်။ လှူဒါန်းရသော ကုသိုလ်စေတနာကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရခြင်း၏ အကြောင်းအထောက်အပံ့ ဖြစ်ပါစေသတည်း။

## ဓမ္မဒါနအလှူရှင်များ

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ (ကျပ်) |
|---|---|---|---|
| ၁။ | ဆရာတော်အရှင်နန္ဒိမာဝံသ | ဝေဠုဝန်ကျောင်းတိုက်(ပါလှ) | ၃၀၀၀၀ |
| ၂။ | ဆရာတော်ဦးပညာသာမိ | ဝေဠုဝန်ကျောင်းတိုက်(ပါလှ) | ၁၀၀၀၀ |
| ၃။ | ဗိုလ်မှူးကြီး မြင့်ဟန်+ဒေါ်သင်းသင်းရည် မိသားစု | စစ်ဗျူဟာမှူး၊ တာချီလိတ် | ၁၀၀၀၀၀ |
| ၄။ | ဒု-မှူးကြီးခင်မောင်ကျော်(ငြိမ်း)+ဒေါ်သန်းသန်း | ရန်ကုန် | ၅၀၀၀၀ |
| ၅။ | ဒေါက်တာထွန်းမင်းလတ်+ဒေါက်တာဝင်းမင်းစိုးမိသားစု | ကြယ်နီလာကုမ္ပဏီ၊ ရန်ကုန် | ၁၀၀၀၀၀ |
| ၆။ | ဦးထွန်းဝင်း+မမီးမီး မိသားစု | တာလော့၊ တာချီလိတ် | ၁၀၀၀၀၀ |
| ၇။ | မအိကုမ္မ် သမီးလေးကစ်ဒါး မိသားစု | နန်းရွှေစင်ရတနာရွှေဆိုင်၊တာလော့ | ၁၀၀၀၀၀ |
| ၈။ | ဦးမြင့်လွင်+ဒေါ်မူမူလ မိသားစု | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀၀ |
| ၉။ | ကိုဟိန်းထူး မိသားစု | မကာဟိုခမ်း၊ တာချီလိတ် | ၁၀၀၀၀၀ |
| ၁၀။ | ကြည်နီလာကုမ္ပဏီလီမိတက် | ရန်ကုန်ရုံးချုပ် | ၁၀၀၀၀၀ |
| ၁၁။ | ဦးဝင်းမောင်+ဒေါ်တိုးစုစုလှိုင် မိသားစု | (လောကနတ်)၊ ဝမ်ကောင်း | ၅၀၀၀၀ |
| ၁၂။ | ကိုဇော်မျိုးထိုက် မိသားစု | မကာဟိုခမ်း၊ တာချီလိတ် | ၅၀၀၀၀ |
| ၁၃။ | ကိုဇော်လင်းနိုင်+မကြူးမေရှင်း မိသားစု | တာလော့၊ တာချီလိတ် | ၅၀၀၀၀ |
| ၁၄။ | ဆရာကြီးဦးတင်စိုး(ပညာရေးမှူး-ငြိမ်း)မိသားစု | ဝန်ထမ်းအိမ်ယာ၊ တာချီလိတ် | ၅၀၀၀၀ |
| ၁၅။ | ဦးစိုင်းဆိုင်ကျောက်+ဒေါ်နန်းစိန်ဥ မိသားစု | ဓနခေမာရဥ္စရွှေဆိုင်၊ တာချီလိတ် | ၅၀၀၀၀ |

| | | | |
|---|---|---|---|
| ၁၆။ | ဦးညီညီအောင်+ဒေါ်မိမိခမ်း မိသားစု | တာလော့၊ တာချီလိတ် | ၅၀၀၀၀ |
| ၁၇။ | ဦးမြတ်ခိုင်+ဒေါ်နန်းရှိန်နွန်း မိသားစု | ဟောင်လိပ်၊ တာချီလိတ် | ၃၀၀၀၀ |
| ၁၈။ | ဒေါ်မိုးမိုး(မိုးမိုးစတိုး) | ဆန်ဆိုင်း၊ တာချီလိတ် | ၃၀၀၀၀ |
| ၁၉။ | ဦးကျော်နိုင် | အလူရာဟိုတယ်၊ တာချီလိတ် | ၃၀၀၀၀ |
| ၂၀။ | ဦးစိုးလင်းရီ+မနန့်းစံနွန်း မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၃၀၀၀၀ |
| ၂၁။ | ဦးအောင်မျိုးဝင်း+မစိုးဥမ္မာ မိသားစု | ဆန်ဆိုင်း၊ တာချီလိတ် | ၂၀၀၀၀ |
| ၂၂။ | ဦးသာဂဒိုး+ဒေါ်ခင်ငွေ မိသားစု | ခမရ(၃၃၁)အုတ်လုပ်ငန်း | ၂၀၀၀၀ |
| ၂၃။ | ဦးမိုးသက်ဦး+မကေသီဦး မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၂၀၀၀၀ |
| ၂၄။ | ကိုပြုး+မနန်းလ မိသားစု | ကျိုင်းတုံ | ၂၀၀၀၀ |
| ၂၅။ | ဦးသိုက်ဝင်း+ဒေါ်နန်းမို့မို့ မိသားစု | ကျိုင်းတုံ | ၂၀၀၀၀ |
| ၂၆။ | မနန်းစံတစ် (အထည်ဆိုင်) | မကာဟိုခမ်း၊ တာချီလိတ် | ၂၀၀၀၀ |
| ၂၇။ | မနန်းရှိန်နွန်း | မကာဟိုခမ်း၊ တာချီလိတ် | ၂၀၀၀၀ |
| ၂၈။ | ဦးစိုင်းကြာ+ဒေါ်နန်းရှိန်မွန်း မိသားစု | ပုထွန်း၊ တာချီလိတ် | ၂၀၀၀၀ |
| ၂၉။ | ဦးဘခင်+ဒေါ်နန်းခိုင်မိသားစု | ရန်ကုန် | ၂၀၀၀၀ |
| ၃၀။ | မနန်းမြသက်ခိုင်(ခ)မီးမီး | ပုန်းထွန်၊ တာချီလိတ် | ၂၀၀၀၀ |
| ၃၁။ | စိုင်းမင်းစိုင်းဝန်း | ပုန်းထွန်၊ တာချီလိတ် | ၂၀၀၀၀ |
| ၃၂။ | ဦးစိုင်းရှိန်+မနန်းရွက်မိသားစု | ပုန်းထွန်၊ တာချီလိတ် | ၂၀၀၀၀ |
| ၃၃။ | မနန်းချောလွှင် | ပုန်းထွန်း တာချီလိတ် | ၂၀၀၀၀ |
| ၃၄။ | ဦးအရှောင် မိသားစု | ပွင့်မိဘ္ဘူ၊ ကျိုင်းတုံမြို့ | ၂၀၀၀၀ |
| ၃၅။ | ဦးအောင်မိုး မိသားစု | ကျိုင်းတုံ(ကညန) | ၂၀၀၀၀ |
| ၃၆။ | ဦးဇော်လွှင်အောင်+မနန်းကျင်ခမ်း မိသားစု | တာလော့၊ တာချီလိတ် | ၂၀၀၀၀ |
| ၃၇။ | ဦးနေဝင်း | အင်ဂျင်နီယာ၊ တာချီလိတ် | ၂၀၀၀၀ |
| ၃၈။ | ဦးသောင်းအေး+ဒေါ်ဝေထွေး မိသားစု | ရန်ကုန် | ၂၀၀၀၀ |
| ၃၉။ | ဦးစိုင်းလွှင်+ဒေါ်နန်းသော်တာဝင်း မိသားစု | ဟဲဟိုး/ခရီး၊ တာချီလိတ် | ၁၅၀၀၀ |
| ၄၀။ | ရဲမှူးရွှေမန်း+ဒေါ်ခင်မာဝေ မိသားစု | ရန်ကုန် | ၁၅၀၀၀ |
| ၄၁။ | ဦးတင်ရီ+ဒေါ်ညွန့်ညွန့်မြင့် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၅၀၀၀ |
| ၄၂။ | ဦးစိုင်းဆမ်ဆု+ဒေါ်နန်းစံဟွမ် မိသားစု | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၃။ | ဦးအက်ရှလီပီကျော် | အလူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |

| | | |
|---|---|---|
| ၄၄။ ဦးတင်ဝင်း+ဒေါ်လှသန်းယဉ် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၅။ ဦးကျော်မိုးညွန့်+မကြူကြူမွေး မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၆။ ဦးသိန်းဝင်း(၁)+ဒေါ်ခင်ဆွေသက် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၇။ ဦးဘိုဘိုလတ်+ဒေါ်ဖောင်းယန်း မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၈။ ဦးအောင်ကိုကိုမြင့်+မကေသီခင် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၄၉။ ဦးဖြူဝင်း + မထွေးနိုင် မိသားစု | အလှူရှာဟိုတယ်၊ ကာချီလိတ် | ၁၀၀၀၀ |
| ၅၀။ ဦးဇော်နိုင်ဦး+မအေးမိုးမိုးသွယ် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၁။ ဦးစိုင်းဆမ်တစ်+ဒေါ်အိအိလှိုင် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၂။ ဦးစိုင်းရွှေမြင့်+မနန်းကေသွယ်လှိုင် မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၃။ ဦးနေလင်း | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၄။ ဦးလှမြင့်+ဒေါ်အေးအေးစန်း မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၅။ ဦးကိုထွေး+ဒေါ်တင်တင်ညို မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၆။ ဦးတင်စန်း+ဒေါ်မိရှဲ မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၇။ ဦးထွန်းကြည်+ဒေါ်ဝင်း မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၈။ ဦးအောင်ကျော်မြင့်+ဒေါ်နန်းခမ်းစံ မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၅၉။ ဦးအောင်သူစိုး+မအေးအေးပြုံး မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၀။ ဦးသိန်းနိုင်+ဒေါ်စန္ဒာဝင်း မိသားစု | ပုန်းထွန်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၁။ ဦးဝင်းဌေး+မနုနုထွေး မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၂။ ဦးထွန်းဇော်ဝင်း+မစန်းစန်းဝင်း မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၃။ ဦးတုတ်+(ဒေါ်နန်းခမ်းယန်)မိသားစု | တာလော့၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၄။ ဦးအားပင်း+ဒေါ်နန်းငွေ မိသားစု | ပုန်းထွန်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၅။ ဦးဇော်ဝင်း+ဒေါ်နီနီဝင်း မိသားစု | ပုန်းထွန်၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၆။ ဦးစိုင်းပင့်+ဒေါ်အားနော် မိသားစု | တာလော့၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၇။ မနန်းဟွမ်နွန်း | မကာဟိုခမ်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၈။ မနန်းရှန်ကျဲ | မကာဟိုခမ်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၆၉။ ဦးသိန်းအေး+မနန်းကြူကြူမွေး မိသားစု | အလှူရှာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၀။ ဦးမြင့်ဌေး+မလှလှ မိသားစု | ကြယ်နီလာလုပ်ငန်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၁။ ဦးမြင့်လှိုင်+ဒေါ်နန်းယုံ မိသားစု | ကျိုင်းတုံ | ၁၀၀၀၀ |

| | | | |
|---|---|---|---|
| ၇၂။ | ကိုဇော်ဝင်းလှိုင်+မဆင့် မိသားစု | ကြယ်နီလာသစ်လုပ်ငန်း | ၁၀၀၀၀ |
| ၇၃။ | ဦးစိုင်းထွေးလင်း မိသားစု | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၄။ | မယမင်းသော် | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၅။ | မအေးသန္တာတိုး၊ မငွေသန္တာမြင့် | ပုန်းထွန်၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၆။ | ဦးဝင်းကျော် မိသားစု | ကြယ်နီလာသစ်လုပ်ငန်း | ၁၀၀၀၀ |
| ၇၇။ | ဦးခင်ဇော်+ဒေါ်နန်းစံ မိသားစု | ဆန်ဆိုင်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၈။ | ဦးကျော်ဆွေ+ဒေါ်မြင့်တင် မိသားစု | ဝမ်ကောင်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၇၉။ | ဒေါ်စန္ဒာ မိသားစု | ဝိန်းကျောက်၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၀။ | ဦးစည်သူ+မဇာနီအောင် မိသားစု | ပါရာဒိုက်ဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၁။ | ဒေါ်မီမီလှိုင်နှင့် မိခင်ကြီး | မြန်မာ့ဆက်သွယ်ရေး၊တာချီလိတ် | ၁၀၀၀၀ |
| ၈၂။ | ဒေါ်နန်းအွေ မိသားစု | တော်ကော့၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၃။ | မယမင်းလှိုင်+ညီမလေး ယမင်းကိုကို | တော်ကော့၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၄။ | ဦးအောင်ဇေယျ+မခင်မိုးသွင် မိသားစု | အီပီစီ ဝင်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၅။ | ဦးမျိုးဦး+မမော် မိသားစု | ဆန်ဆိုင်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၆။ | ဦးစိုင်းဆမ်တစ်+ဒေါ်နန်းဖူး မိသားစု | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၇။ | ဦးငွေမြင့်+မခင်မာသန်း မိသားစု | အင်ဂျင်နီယာအဖွဲ့၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၈။ | ဦးဇော်ဝင်းနိုင် | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၈၉။ | မနန်းဟွမ် | အင်ဂျင်နီယာအဖွဲ့၊ တာချီလိတ် | ၆၀၀၀ |
| ၉၀။ | ဦးအေးကျော် | မကာဟိုခမ်း၊ တာချီလိတ် | ၅၀၀၀ |
| ၉၁။ | ဦးသိန်းဝင်း(၂)+ဒေါ်ဘူးရယ် မိသားစု | အလှူရာဟိုတယ်၊ တာချီလိတ် | ၅၀၀၀ |
| ၉၂။ | ဦးမောင်လင်း+ဒေါ်ခင်ထား | ရွှေသဲ၊ တာချီလိတ် | ၃၀၀၀ |
| ၉၃။ | ဦးစိုင်းထွန်းလှ | အလှူရာဟိုတယ်၊ တာချီလိတ် | ၁၀၀၀၀ |
| ၉၄။ | ဦးအောင်မင်း မိသားစု | ပုန်းထွန်၊ တာချီလိတ် | ၃၀၀၀၀ |
| ၉၅။ | ဦးသူရ | ဆန်ဆိုင်း(ဈေးသစ်)၊ တာချီလိတ် | ၅၀၀၀ |
| ၉၆။ | ဦးကိုထွေး | ရွှေတြိဂံစူပါမတ်ကက်၊ဝမ်ကောင်း | ၇၀၀၀ |
| ၉၇။ | ဦးဇော်ဝင်း | အင်ဂျင်နီယာအဖွဲ့၊ တာချီလိတ် | ၁၀၀၀၀ |
| ၉၈။ | ဦးသန်းနိုင်ဆွေ+မသူဇာကျော် သမီး-ရွှင်းလဲ့ရတီ မိသားစု | လွယ်တော်ခမ်း၊ တာချီလိတ် | ၁၀၀၀၀ |
| ၉၉။ | ဦးလှမြင့်(ရန်ကုန်အဲယားကွန်း)မိသားစု | တာချီလိတ် | ၁၀၀၀၀ |

ဤစာအုပ်မှာ. . .

တန်ဘိုး မဖြတ်နိုင်တဲ့

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့

အဆုံးအမများကို သိပ္ပံအမြင် နှင့် ယှဉ်ပြီး

လက်လှမ်းမှီသမျှ ထဲထဲဝင်ဝင် စုဆောင်းတင်ပြ

မှတ်တမ်းတင်ထားတာမို့

ယောဂီ သူတော်စင်တို့အတွက်

အားထားထိုက်တဲ့

စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါတယ် လို့

ရှုမြင်ခံစားမိပါတယ်။